၁၇၁၀

ခ၉၂၊ ကန်၊ ၂၃

# နိဒါန်း

စိရံတိဋ္ဌတုသဒ္ဓမ္မော။ ။သဒ္ဓမ္မော၊ သူတော် ကောင်းတရားသည်။ စိရံ၊ ကြာမြင့်စွာ။ တိဋ္ဌတု၊ တည်ပါစေသတည်း။

## နိပါတ်တော်

ငါးရာ့ငါးဆယ် နိပါတ်တော်မှာ မြတ်စွာဘုရား ဟော ကြားတော်မူအပ်သော နိကာယ်ငါးရပ် ပိဋကတ်သုံးဖြာတွင် ခုဒ္ဒကနိကာယ် သုတ္တန်ပိဋကတ်အဝင်အပါ ပါဠိဇာတ် ပါဠိတော်ပင် ဖြစ်ပါသည်၊ ထိုပါဠိဇာတ် ပါဠိတော်ကို ဧကကနိပါတ်အစ. အသီတိနိပါတ်အဆုံး အခဏ်းပေါင်း နှစ်ဆယ့်တခဏ်း၊ ဇာတ်ပေါင်း ငါးရာ့သုံးဆယ်ခုနစ်ဇာတ် တို့ဖြင့် ဘန်ဆာဆင်ကာ ဟောကြား ထားပါသည်၊ မဟာ နိပါတ် ဇာတ်ပေါင်း တဆယ် ဇာတ်ကြီး ဆယ်ဖွဲ့ တို့နှင့် ပေါင်းလျှင် ငါးရာ့လေးဆယ်ခုနစ်ဇာတ်တို့ ဖြစ်ပါသည်၊ အခေါ်အဝေါ်လွယ်ကူစေရန် ဇာတ်သုံးဇာတ် လျော့နေ သော်လည်း ငါးရာ့ငါးဆယ် နိပါတ်တော်ဟု ခေါ်ဝေါ် စမှတ်ပြုကြပါသည်။

## အဋ္ဌကထာ

ပါဠိဇာတ် အဋ္ဌကထာကို သီဟိုဠ်ကျွန်း အနုရာဓမြို့ မဟာဝိဟာရကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူစဉ်-အရှင်မဟာ ဗုဒ္ဓဃောသမထေရ် ပြုစီရင်တော်မူသည်၊ သာသနာသက္ကရာဇ် (၉၃၀) လောက်တွင် မြန်မာပြည် အောက်ပိုင်း သထုံမြို့သို့ ရောက်လာသည်၊ သာသနာ

ယိုးဒယားစသည်တို့ကို ဖန်တီးကြသော ကဗျာ့ပါရဂူကြီးတို့မှာ၊ ထိုငါးရာ့ငါးဆယ်နိပါတ်ဇာတ်ဝတ္ထုတခုခုကိုပင်မူတည်ကြရသည်၊ ဝတ္ထု, ပုံပြင်, ပြဇာတ်စသည်တို့ကို ရေးသားကြသော ပညာရှိတို့လည်း ထိုငါးရာ့ငါးဆယ်နိပါတ်ဇာတ်ဝတ္ထုတို့ကို အမှီပြု၍ ရေးသားကြရသည်၊ ကပြသောပွဲလမ်းသဘင်တို့၌လည်း နှစ်ပါးသွားခန်း၊ လွမ်းခန်း၊ ဆွေးခန်း၊ အကြမ်း,အနု,ဇာတ်လမ်း, ဇာတ်ကွက်ဖေါ်၍ သရုပ်တင်ကာ လူအများရှုစားချင်လောက်အောင်လည်း ထိုငါးရာ့ငါးဆယ်နိပါတ် ဝတ္ထုတို့ကိုပင် ကပြအသုံးခံကြရပါသည်။

## အခက်အခဲများ

ယခုခေတ်အခါ၌ကား ရှေးခေတ်အခါ ပညာရှိတို့လို ပါဠိဘာသာကို ကောင်းစွာ မကျွမ်းကျင်ကြသဖြင့် ရှေးဟောင်းဖြစ်သော ဇာတ်ပါဠိတော်, အဋ္ဌကထာ, ဋီကာ, နိသျ, ဂဏ္ဌိ, ဝတ္ထုစကားပြေတို့ကို မကြည့်ရှုနိုင်ကြသောကြောင့် ပညာဗဟုသုတလိုလားရှာမှီးသူများ အတွက် အခက်အခဲနှင့် ရင်ဆိုင်တွေ့နေကြရသည်၊ ရှေးဟောင်းဖြစ်သော နိပါတ်ဇာတ်နိသျ, ဝတ္ထုစကားပြေတို့လည်း ဇာတ်ပါဠိတော်,ဇာတ်အဋ္ဌကထာပါဠိတို့၏ဘာသာပြန်များသာဖြစ်သဖြင့် စကားဝါကျအထပ်ထပ်ပါနေခြင်း, မပြေမပြစ်ရှိခြင်း, ကျယ်ဝန်းခြင်း, ပါဠိနှင့်အနက်ရောထွေးနေခြင်း, စကားအသုံးအနှုံး ရှေးကျနေခြင်းတို့ကြောင့် ယခုခေတ်လူများ လွယ်ကူစွာမသိနိုင်၊ မသုံးစွဲနိုင်၊ သို့အတွက် အကျွန်ုပ်တို့သည် လွန်ခဲ့သောနှစ်ပေါင်း (၂၅) နှစ်လောက်

ကပင် ခေတ်လူများနှင့် လျော်အောင် ပေါ်လွင်ထင်ရှား သော နိပါတ်တော်စကားပြေကို ရေးသားမည်ဟု ကြံစည် ခဲ့ပါသည်၊ သို့သော်လည်း အလုပ်ချိန်မရ အကြောင်းမညီ ညွတ်သဖြင့် အထမမြောက်ခဲ့ပါ။

## သူဌေး ဦးညွန့်

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးအေးငြိမ်း၍လာသောအခါ ရှေးအခါက ကြံစည်ခဲ့ဘူးသော နိပါတ်တော်စကားပြေကို ရေးသားရန် တဖန်သတိရပြန်၏၊ ထိုအခါ ရန်ကုန်မြို့ ဟံသာဝတီတိုက်ရှင် သူဌေးဦးညွန့်အား ငါးရာ့ငါးဆယ် နိပါတ်တော်စကားပြေ ရေးသားရန် ပြောကြားပါ၏၊ သူဌေးဦးညွန့်လည်း ရတနာသုံးပါးကို လေးစားယုံကြည် လျက် အစလသဒ္ဓါနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူး ဖြစ်သည့် အလျောက်အမြန်ရေးသားပါရန်တိုက်တွန်းပါ၏၊အကျွန်ုပ် လည်း နှစ်ပေါင်းများစွာ ကြံစည်လာခဲ့သော အကြံအစည် ကြီး ပြီးမြောက်ပေပြီ၊ မိမိ၏ပညာဉာဏ်ကို အရင်းခံကာ အတိုင်းမသိ အကျိုးများသော ဓမ္မဒါနကုသိုလ်ကြီးကို ပြုရ ပေတော့မည်ဟု ဝမ်းမြောက်ဝမ်းသာ မနေမနား ရေး သားလာခဲ့ရာ၊ ထိုနိပါတ်တော်စကားပြေသည် ဘေးရန် ကင်းလျက် တဆယ့်ရှစ်လပြည့်သောအခါပြီးစီးအောင်မြင် ခြင်းသို့ရောက်ခဲ့ပါသည်။

## ဥယျောဇဉ်

အို–ပညာရှိ သူတော်ကောင်း အပေါင်းတို့… အနှစ် သာရနှင့်ပြည့်ဝစုံလင်သော ဤနိပါတ်တော် စကားပြေကို ကြည့်ရှုလေ့ကျက် မှတ်သားကြပါကုန်၊ လောကီ, လော

# နိဒါန်း

ကုတ္တရာ ပညာဗဟုသုတနှင့် ပြည့်စုံကြလျက် လူအများတို့ အားထားမှီခိုရာဖြစ်ကြပါကုန်၊ ပစ္စုပ္ပန်သံသရာ,အတ္တ,ပရ နှစ်ဝသော အကျိုးတို့ကို သည်ပိုးရွက်ဆောင် ကြပါကုန်ဟု ကောင်းမြတ်သော စိတ်ဖြင့် နှိုးဆော် တိုက်တွန်း အပ်ပါသတည်း။

ဦးကြီးဖေ-ပဌမကျော်

# မာတိကာ

ဦးရေ | အကြောင်းအရာ | စာမျက်နှာ

## ၁။ ဒဠှဝဂ်


၁၅၁။ ရာဇောဝါဒဇာတ် .... ၁

အကျင့်သီလ ဂုဏ်ကျေးဇူးချင်း မတူမျှသဖြင့် အရှုံးပေးရသော ဘလ္လိကမင်းအား ဗြဟ္မဒတ်မင်းက အဆုံးအမဩဝါဒပေးခြင်း အကြောင်း။

၁၅၂။ သိင်္ဂါလဇာတ် .... ၇

မိမိနှင့် မထိုက်တန်သူကို စွဲလမ်းမိ၍ ပျက်စီးရသောမြေခွေး အကြောင်း။

၁၅၃။ သူကရဇာတ် ... ၁၃

ဥပါယ်တမျဉ်ကောင်း၍ ခြင်္သေ့မင်းကိုပင် အနိုင်ရသောဝက် အကြောင်း။

၁၅၄။ ဥရဂဇာတ် .... ၁၉

ရသေ့ကိုမှီ၍ သေဘေးမှ ချမ်းသာရသော နဂါး အကြောင်း။

၁၅၅။ ဘဂ္ဂဇာတ် ... ၂၄

ချေဆတ်သောအခါ အသက်ရှည်စေသော်ဟု သားကဆို၍ ဘခင်ကတဖန် ပြန်-ဆိုသဖြင့် ဘီလူးဘေးမှ လွတ်မြောက်ရသော ပုဏ္ဏား သားအဘ အကြောင်း။

၁၅၆။ အလီနစိတ္တဇာတ် ... ၃၀

ကျေးဇူးသိတတ်၍ လုံ့လဝီရိယရှိသော ဆင်ဖြူတော်ကြောင့် ဇမ္ဗူဒိပ်မင်းအဖြစ်သို့ ရောက်သော အလီနစိတ္တမင်းသား အကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၁၅၇။ ဂုဏာပူဇာဇာတ် .... ၃၉
မြေခွေး၏ကျေးဇူးကို သိတတ်သော ခြင်္သေ့မင်း အကြောင်း။

၁၅၈။ သုဟနုဇာတ် .... ၄၉
စဉ်းလဲ ကြမ်းကြုတ်ပုံချင်းတူသော သုဟနုမြင်း နှင့် မဟာသောဏမြင်းတို့ အချင်းချင်း ချစ်ကြည် နိုင်ခြင်း အကြောင်း။

၁၅၉။ မောရဇာတ် ... ၅၄
နေ့စဉ် ပရိတ်အရံအတား ပြုပါလျက် ဒေါင်းမ အတွက် ပရိတ်ပျက်ကာ ကျော့ကွင်းမိ ခံရသော ရွှေဥဒေါင်းမင်း အကြောင်း။

၁၆၀။ ဝိနီလကဇာတ် .... ၆၂
ဝေဒေဟမင်းကြီးကို တုပမိ၍ မစင်ပုံနားသို့အပို့ ခံရသော ကျီးဟင်္သာအကြောင်း။

၂။ သန္ထဝဝဂ်

၁၆၁။ ဣန္ဒသမာနဂေါတ္တဇာတ် ... ၆၇
ပညာရှိတို့စကားကိုနားမထောင်၍ အသက်သေ ဆုံးရသော ရသေ့အကြောင်း။

၁၆၂။ သန္ထဝဇာတ် .... ၇၀
မီးလုပ်ကျွေးခြင်း မှားယွင်းသောမိစ္ဆာအကျင့်ကို အပြစ်မြင်၍ တောသို့ ဝင်သော ပုဏ္ဏားလုလင် အကြောင်း။

၁၆၃။ သုသီမဇာတ် ... ၇၄
ဗေဒင်သုံးပုံနှင့် ဆင်လက္ခဏာကျမ်းတို့ကို တနေ့ တည်း တတ်မြောက်အောင်သင်ကြား၍ ဆင်မင်္ဂလာ ပြု ပုရောဟိတ်ပုဏ္ဏားအရာကို ရသောပုဏ္ဏားလုလင် အကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၁၆၄။ ဂိဇ္ဈဇာတ် ... ၈၁
ကျေးဇူးသိတတ်၍ ကျော့ကွင်းမှ လွှတ်သော မိဘလုပ်ကျွေးသည့် လင်းတ အကြောင်း။

၁၆၅။ နကုလဇာတ် .... ၈၆
ရန်ဘက်ဖြစ်သောမြွေနှင့် မြွေပါကို အချင်းချင်း သင့်တင့်အောင် ဆောင်ရွက်ပေးသော ရသေ့ အကြောင်း။

၁၆၆။ ဥပသာဠကဇာတ် .... ၈၉
မည်သူမျှ မသင်္ဂြိုဟ်ဘူးသောသင်းချိုင်းကို ရှာမှီးသော ပုဏ္ဏားသားအဘအကြောင်း။

၁၆၇။ သမိဒ္ဓိဇာတ် .... ၉၃
ကိလေသာဖြင့် နတ်သမီးဖြားယောင်း၍မရသော ရသေ့အကြောင်း။

၁၆၈။ သကုဏဂ္ဃိဇာတ် ... ၉၇
မိမိနေရာ၌သာ ကျက်စား၍ ရန်သူသိမ်းငှက်ကို ပင် အောင်နိုင်သော ဗီလုံးငှက်ငယ်အကြောင်း။

၁၆၉။ အရကဇာတ် .... ၁၀၁
ဗြဟ္မဝိဟာရ တရားလေးပါးကို ပွားများကြရန် တပည့်တို့အား ဆုံးမလေ့ရှိသော အရကရသေ့ အကြောင်း။

၁၇၀။ [ကကဏ္ဋကဇာတ်သည် မဟာနိပါတ် မဟာဥမင် ဇာတ်ခေါ် မဟောသဓဇာတ်နှင့်တူ၏။]

၃။ ကလျာဏဝဂ်

၁၇၁။ ကလျာဏဓမ္မဇာတ် ၁၀၅
နားကြားလွဲသော ယောက္ခမ၏ စကားကြောင့် ရသေ့ရဟန်းပြု၍ အဘိညာဉ်သမာပတ်ကို ရရှိသော သူဌေးကြီးအကြောင်း။

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇၂။ | ဒဒ္ဒရဇာတ်<br>မိမိအသံဖြင့်မိမိဇာတ်ကို သိစေသောခြင်္သေ့မာန်တက်နေသည့် မြေခွေး အကြောင်း။ | ၁၁၀ |
| ၁၇၃။ | မက္ကဋဇာတ်<br>မီးလှုံလို၍ ရသေ့ယောင်ဆောင်သော မျောက် အကြောင်း။ | ၁၁၃ |
| ၁၇၄။ | ဒုဗ္ဘိမက္ကဋဇာတ်<br>မိမိအားသောက်ရေပေးသောကျေးဇူးရှင်ပုဏ္ဏား၏ ဦးခေါင်းပေါ်သို့ မစင်စွန့်ချသော မျောက်ပျက် အကြောင်း။ | ၁၁၆ |
| ၁၇၅။ | အာဒိစ္စုပဋ္ဌာနဇာတ် <br>ခဲဘွယ်ဘောဇဉ်ကို စားလို၍ လူတို့အံ့ဩဘွယ်ဖြစ်အောင် နေကို ရှိခိုးလျက် နေသော မျောက်ပျက် အကြောင်း။ | ၁၁၉ |
| ၁၇၆။ | ကဠာယမုဋ္ဌိဇာတ်<br>ခံတွင်းနှင့် လက်ဘွင်ရှိသော ပြောင်းစေ့တို့ကို စွန့်ပစ်ကာ မြေသို့ကျသော ပြောင်းစေ့ကိုဆင်း၍ ရှာဖွေသောမျောက်ကို ပမာထား၍ မင်းကြီး အား စစ်မထွက်ရန် တားမြစ်သောပညာရှိ အမတ်ကြီး အကြောင်း။ | ၁၂၂ |
| ၁၇၇။ | တိန္ဒုကဇာတ်<br>ရွာကိုမီးရှို့၍ တည်ပင်ပေါ်မှမျောက်အပေါင်းကို သေဘေးမှ လွတ်မြောက်အောင် ကြံဆောင်သော သေနကမျောက် အကြောင်း။ | ၁၂၆ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

၁၇၈။ ကဏ္ဍပဇာတ် ၁၃၀
မိမိမွေးဖွားရာ အရပ်ကို မစွန့်နိုင်သဖြင့် ဆင်းရဲပြုပြင်စွာသေပွဲဝင်ရသော လိပ် အကြောင်း။
၁၇၉။ သတဓမ္မဇာတ် ၁၃၅
မိမိအမျိုးဇာတ်၏ဂုဏ်သိက္ခာကို မထိန်းသိမ်းနိုင်သဖြင့် သွေးနှင့်တကွ ထမင်းကိုအန်ထုတ်၍ သေရသော သတဓမ္မလုလင် အကြောင်း။
၁၈၀။ ဒုဒ္ဒဒဇာတ် ၁၄၀
အလှူ၏အကျိုးကိုသိ၍ အလှူ၏အကျိုးကို များစွာရအောင် ပေးလှူနိုင်ခဲခြင်းအကြောင်း။

၄။ အသဒိသဝဂ်

၁၈၁။ အသဒိသဇာတ် ၁၄၃
လေးအတတ်တွင်သူမတူအောင်တတ်ကျွမ်းလိမ်မာသော အသဒိသမင်းသား အကြောင်း။
၁၈၂။ သင်္ဂါမာဝစရဇာတ် ၁၅၀
ကြောက်ရွံ့၍ နောက်ဆုတ်ပြေးစဉ် တကြိမ်တည်းဆုံးမအပ်သောစကားဖြင့် မြို့တံခါးကို ဖေါက်ဝင်ကာ မြို့အလုံးကို သိမ်းကျုံးယူနိုင်သော မင်္ဂလာဆင်တော်အကြောင်း။
၁၈၃။ ဝါလောဒကဇာတ် ၁၅၆
မုဒရက်အဖျော်ကို သောက်ကြရာ၌ အမျိုးဇာတ်မြတ်သော မြင်းတို့ငြိမ်သက်စွာသောက်ကြသော်လည်း အမျိုးဇာတ်ယုတ်သောမြည်းတို့ ခုန်ပေါက်ပြေးလွှားကြခြင်း အကြောင်း။
၁၈၄။ ဂိရိဒတ္တဇာတ် ၁၆၀
ခြေခွင်သောမြင်းထိန်းကိုအတုခိုးမိ၍ ခြေခွင်လျက်သွားသော မင်္ဂလာမြင်းတော် အကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၁၀၅။ အနဘိရတိဇာတ် ၁၆၄
ရေနောက် ရေကြည်ပမာ စိတ်နောက်ကျုခြင်း အပြစ်နှင့် စိတ်ကြည်လင်ခြင်းအကျိုးကို ခွဲခြား၍ ဆုံးမသောဒိသာပါမောက္ခဆရာကြီးအကြောင်း။

၁၀၆။ ဒဓိဝါဟနဇာတ် ၁၆၇
ဗာရာဏသီမင်းနှင့်စစ်ထိုးရန်သိကြားမင်းပေးသော စည်ကိုတီး၍ စစ်သည်ခြိရံစေခြင်း, နို့ဓမ်းအိုးကိုခွဲ၍ မြစ်ဖြစ်စေခြင်း, ပုဆိန်ကိုလွှတ်၍မင်း၏ ဦးခေါင်းကို ဖြတ်ယူစေခြင်းတို့ဖြင့် မင်းအဖြစ်သို့ ရောက်သော ဒဓိဝါဟနမင်းအကြောင်း။

၁၀၇။ စတုမဋ္ဌဇာတ် ၁၇၇
ကိုယ်ခန္ဓာ, အမျိုးဇာတ်, အသံ, ဂုဏ်ကျေးဇူး ဟူသောအင်္ဂါလေးပါးတို့ဖြင့်ယုတ်မာသောမြေခွေးနှင့် စကားပြောရန် စက်ဆုပ်ရွံရှာ၍ စိတ္တကူဋ်တောင်သို့ ပျံသွားသောဟင်္သာငယ်နှစ်ကောင် အကြောင်း။

၁၀၈။ သီဟကောဋ္ဌဇာတ် ၁၈၀
မိမိ၏ ဟောက်သံဖြင့် မြေခွေးမ၏သားအဖြစ်ကို သိစေသော ခွေးခြင်္သေ့ အကြောင်း။

၁၀၉။ သီဟစမ္မဇာတ် ၁၈၃
အသံမြည်မိ၍ အသက်ဆုံးရှုံးရသော ခြင်္သေ့အရေခြုံ မြည်း အကြောင်း။

၁၉၀။ သီလာနိသံသဇာတ် ၁၈၅
သီလရှိသော သောတာပန်နှင့် ပေါင်းဖော်ခြင်း ကြောင့် နတ်စောင်မခြင်းဟူသော သီလအကျိုးကို ခံစားရသော ဆေတ္တာသည်အကြောင်း။

ဦးရေ  အကြောင်းအရာ  စာမျက်နှာ

## ၅။ ရုဟကဝဂ်


၁၉၁။ ရုဟကဇာတ် ၁၉၀

မယားစကားကိုယုံ၍ မြင်းကို အတုခိုးမိသဖြင့် ပျက်ရယ်ပြုခြင်းခံရသောပုရောဟိတ်ပုဏ္ဏားအကြောင်း။

၁၉၂။ [သိရိကာဠကဏ္ဏိဇာတ်သည် မဟာနိပါတ်မဟာဥမင်ဇာတ်ခေါ် မဟောသဓဇာတ်နှင့် တူ၏။]

၁၉၃။ စူဠပဒုမဇာတ် ... ၁၉၅

မိဖုရားသတ်ပြားသော်လည်း ဖွတ်မင်းကယ်ဆယ်၍ မင်းအဖြစ်ကိုရရှိသော ပဒုမမင်းသား အကြောင်း။

၁၉၄။ မဏိစောရဇာတ် .... ၂၀၄

သူ့မယားကိုလိုချင်သော မင်းက ဥသျှောင်ကျင်ဖြင့်ပစ်ဖမ်း၍ သတ်စေသော်လည်း သိကြားမင်းကယ်မ၍မင်းအဖြစ်ကို ရရှိသောသူကြွယ်အကြောင်း။

၁၉၅။ ပဗ္ဗတူပတ္ထရဇာတ် ... ၂၁၁

နန်းတွင်းသူနှင့် အမတ်တယောက် မှားယွင်းနေမှန်းသိပါလျက် ပညာရှိအမတ်ကြီး၏ ဆုံးမညွှန်ကြားချက်ဖြင့် သည်းခံကာ လျစ်လျူရှုနိုင်သော ဗြဟ္မဒတ်မင်းအကြောင်း။

၁၉၆။ ဝလာဟကဇာတ် .... ၂၁၄

ပညာရှိစကားကို လိုက်နာသော ကုန်သည်တို့အား ဘီလူးမတို့ဘေးမှ လွတ်မြောက်အောင် ကြိုဆောင်ပေးသော ဝလာဟက နတ်မြင်းပျံ အကြောင်း။

၁၉၇။ မိတ္တာမိတ္တဇာတ် .... ၂၂၀

မိတ်ဆွေနှင့်ရန်သူကိုခွဲခြားနိုင်ရန် တပည့်တို့အား ညွှန်ကြားဆုံးမသော ရသေ့အကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၁၉၈။ ရာဓဇာတ် … ၂၂၂
ဟုတ်မှန်စေကာမူ နားဦကြား၍မချမ်းသာသော စကားကို မပြောဆိုဘဲ စောင့်စည်းနိုင်သောကြောင့် အသက်ဘေးမှ ချမ်းသာရသော ရာဓကျေးငှက် အကြောင်း။

၁၉၉။ ဂဟပတိဇာတ် …. ၂၂၆
ရွာသူကြီးနှင့် ပြစ်မှားသော မယားကို သူကြီးရော မယားပါ အကျင့်ကောင်းလာအောင် ကြိမ်းမောင်းရိုက်ပုတ်၍ ဆုံးမသောသူကြွယ် အကြောင်း။

၂၀၀။ သာဓုသီလဇာတ် … ၂၃၀
သီလရှိသူကို ဦးစားပေး၍ သမက် ရွေးချယ်သော ပုဏ္ဏားအကြောင်း။

၆။ ဒဠှဝဂ်

၂၀၁။ ဗန္ဓနာဂါရဇာတ် …. ၂၃၃
တဏှာ အချုပ်ထောင်မှ လွတ်မြောက်အောင် ထွက်ပြေးနိုင်သော သူဆင်းရဲအကြောင်း။

၂၀၂။ ကေဠိသီလဇာတ် … ၃၃၇
လူအို,လှည်းအို, နွားအိုစသည်တို့ကို ကစားကျီစယ်၍ ဂါရဝတရားပျက်ပြားသော မင်းယုတ်အား သိကြားမင်းက လူအိုယောင် ဆောင်ကာ ဝရဇိန် လက်နက်ဖြင့် ခြိမ်းချောက်၍ ဆုံးမခြင်းအကြောင်း။

၂၀၃။ ခန္ဓဇာတ် … ၂၄၃
မြွေဘေးဖြင့် သေကြေပျက်စီးကြသော ရသေ့တို့ အားမြွေမျိုးလေးပါးတို့ကို မေတ္တာပွားကြရန် ညွှန် ပြသော ဆရာရသေ့ကြီးအကြောင်း။

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

၂၀၄။ ဝိရကဇာတ် .... ၂၄၈
တင်ကျီးကျွေးမွေးသည်ကို မကျေနပ်ဘဲ တင်ကျီးကိုတုရ၍ ရေထဲဆင်းငုပ်သဖြင့် အသက် သေရသော ကျီးမိုက်အကြောင်း။

၂၀၅။ ဂင်္ဂေယျဇာတ် .... ၂၅၂
ဂင်္ဂါငါးနှင့်ယမုနာငါးနှစ်ကောင်တို့ အလှပြိုင်ကြရာတွင် ခုံသမာဓိ လိပ်ကြီးလိပ်က မိမိသာ သင်တို့ထက်သာလွန်၍လှသည်ဟု အဆုံးအဖြတ်ပေးခြင်း အကြောင်း။

၂၀၆။ ကုရုင်္ဂမိဂဇာတ် ... ၂၅၅
သမင်, ခေါက်ရှာငှက်,လိပ် တိရစ္ဆာန် သုံးဦးတို့ မိတ်ဆွေဖွဲ့ခြင်းအကြောင်း။

၂၀၇။ အဿကဇာတ် ... ၂၅၉
ဥပရိမိဖုရားကြီးသေလွန်၍ သောကမီး တောက်သော အဿကမင်းအား ဒိဗ္ဗစက္ခု ရှင်ရသေ့က နွားချေးပိုးဖြစ်နေသော ဥပရိမိဖုရားနှင့် ပိုးဖိုကိုခေါ်ပြမှ သက်သာရာ ရခြင်းအကြောင်း။

၂၀၈။ သုံသုမာရဇာတ် ... ၂၆၅
မျောက်မင်း၏ နှလုံး သားကို စားလို သော မိကျောင်းမအတွက် မျောက်မင်းကိုသတ်ရန် ကြံစည်အားထုတ်သော မိကျောင်းဖိုအကြောင်း။

၂၀၉။ ကုက္ကုဋဇာတ် ... ၂၆၉
ကျော့ကွင်း၌ လိမ်မာ၍ မိမိကိုယ်ကို ကျော့ကွင်းမမိအောင် စောင့်ရှောက်နိုင်သော ကြက်အကြောင်း။

ဦးရေ　　အကြောင်းအရာ　　စာမျက်နှာ

၂၁၀။ ကလန္ဒုကဇာတ် .... ၂၇၂

ရှားပင် သစ်တောက်ငှက်ကိုတု၍ ရှားတုံးကို နှုတ်သီးဖြင့်ပေါက်သဖြင့် နှုတ်သီးကျိုး၍ ဦးခေါင်းကွဲကာ သေရသောလက်ပံပင်သစ်တောက်ငှက်အကြောင်း။

၂၁၁။ သောမဒတ္တဇာတ် .... ၂၇၅

တနှစ်ပတ်လုံး နွားတောင်းနည်းကို သင်ပြထားပါလျက် မင်းကြီးထံ ရောက်၍ အလွဲဆိုသောဘခင်အား နွားရအောင် ကူညီပေးသော သောမဒတ်လုလင်အကြောင်း။

၂၁၂။ ဥစ္ဆိဋ္ဌဘတ္တဇာတ် .... ၂၈၀

လျှပ်ပေါ် သော်လည်းသောပုဏ္ဏေးမကြောင့် လင်ငယ်၏ စားကြွင်းထမင်းကို လင်ကြီး စားရခြင်းအကြောင်း။

၂၁၃။ ဘရုဇာတ် .... ၂၈၃

တံစိုး စား၍ သီလရှိသော ရသေ့တို့အား ငြင်းခုံခြင်းကိုဖြစ်စေသော ဘရုမင်းကိုမှီ၍ တိုင်းပြည်အလုံးပျက်စီးဆုံးရှုံးရခြင်းအကြောင်း။

၂၁၄။ ပုဏ္ဏနဒီဇာတ် ... ၂၉၀

မင်းချက်ထွက်၍ ရှောင်တိမ်းကာ အမျက်ပြေသဖြင့် စကားထာဝှက်၍ ပုရောဟိတ်ပုဏ္ဏားကိုပြန်ခေါ်သောမင်းအကြောင်း။

၂၁၅။ ကစ္ဆပဇာတ် .... ၂၉၃

ကောင်းကင်ခရီးဖြင့် ဟသ်ာများ ဆောင်ယူသွားရာတွင် နှုတ်မစောင့်၍ အခွံကွဲကာ သေဆုံးရသောလိပ်အကြောင်း၊

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

၂၁၆။ မစ္ဆဇာတ် .... ၂၉၈

တံငါသည်များ မီးထည့်၍ တံစို့ချွန်သည်ကို မြင်လျှင် မီးကျီးနှင့် တံစို့များသည် ငါ့ကို မပူစေပါ၊ ငါ့မယား အောက်မေ့ခြင်း သည်သာ ငါ့ကိုပူစေပါသည်ဟု ညည်းတွားသော ငါးအကြောင်း။

၂၁၇။ သေဂ္ဂုဇာတ် ... ၃၀၀

သမီးအကျင့်သီလကို စုံစမ်းလို၍ လက်ကိုဆွဲကိုင်သော ဘခင်အား ဘခင်….ဤကဲ့သို့ လွန်ကျူးရန် ကြံရွယ်ခဲ့သော် ဘယ်သူ့ကို အားကိုးရမည်နည်းဟု ပြောဆိုသော သေဂ္ဂု သတို့သမီးအကြောင်း။

၂၁၈။ ကူဋဝါဏိဇဇာတ် ... ၃၀၃

သံကိုကြွက်စားသည်ဟု ပြောသောသူကို သားကို စွန်ချီသည်ဟု အချင်းချင်းချေပ ပြောဆိုကြသောကုန်သည် စဥ်းလဲအကြောင်း။

၂၁၉။ ဂရဟိတဇာတ် ... ၃၀၉

မင်းအိမ်၌ နေဘူးသော မျောက်မင်းက မျောက်အပေါင်းအား လူတို့အမူအရာနှင့်သဘောကိုပြောပြရာ မျောက်အပေါင်းက နားနှစ်ဘက်ကို ပိတ်၍ အံ့ဩကဲ့ရဲ့ကြခြင်းအကြောင်း။

၂၂၀။ ဓမ္မဓဇဇာတ် .... ၃၁၂

တံစိုး လက်ဆောင် စား၍ တရားဆုံးဖြတ်သော ကာလကစစ်သူကြီးကိုပယ်ရှားပြီးတရားမျှတစွာ ဆုံးဖြတ်စီရင်ပေးသဖြင့် မင်းနှင့်တကွ တိုင်းသူ ပြည်သားတို့ ချီးကျူးခြင်းကို ခံရသော ဓမ္မဓဇ ပညာရှိအမတ်အကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၂၂၁။ ကာသာဝဇာတ် .... ၃၂၆
သက်န်းဝတ်ဆင်၍ ပစ္စေကဗုဒ္ဓါအသွင် ဆောင်သော ဆင်သတ်မုဆိုးအား တရားပြ၍ ဆိုဆုံးမသော ဆင်မင်းအကြောင်း။

၂၂၂။ စူဠနန္ဒိယဇာတ် ... ၃၂၉
အမိမျောက်အိုမကို လုပ်ကျွေးသော မျောက်ညီနောင်နှင့် မျောက်အိုမ ကိုပါ သတ်သဖြင့် မိုးကြိုးကျကာ တအိမ်လုံး သေဆုံးပျက်စီး ရသော မုဆိုး အကြောင်း။

၂၂၃။ ပုဋဘတ္တဇာတ် .... ၃၃၆
ခရီးအကြား ထမင်းရစဉ်က မိဖုရားနှင့် ဝေမျှ၍ မစားနိုင်သော မင်းသားအား တရားပြ၍ မိဖုရားနှင့် သင့်လျော်သော စည်းစိမ် ရအောင် ဆောင်ရွက်ပေးသော ပညာရှိအမတ်အကြောင်း။

၂၂၄။ ကုမ္ဘီလဇာတ် .... ၃၄၂
သစ္စာ,ဓမ္မ,ဝီရိယ,ဇာဂ တရားလေးပါးနှင့် ပြည့်စုံသော မျောက်မင်းအား ချီးကျူး ပြောဆိုသော မိကျောင်းအကြောင်း။

၂၂၅။ ခန္တိဝဏ္ဏဇာတ် .... ၃၄၃
မယား လင်မြှောင်ထား၍ တိုင်ကြား လာသော အမတ်အား နန်းတွင်းသူ တယောက်နှင့် မှားယွင်းသောအမတ်၏အကြောင်း ထုတ်ပြ၍ သည်းခံရန်ညွှန်ကြား ဆုံးမသော မင်းအကြောင်း။

၂၂၆။ ကောသိယဇာတ် ... ၃၄၆
အခါမဟုတ်သည်၌ စစ်ထွက်သော ဗာရာဏသီမင်းအား ခင်ပုပ်ငှက်ကို ပမာထား၍ လျှောက်ထားကာ မြို့သို့ပြန်ဝင်စေသောပညာရှိအမတ်အကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၂၂၇။ ဂူထပါဏဇာတ် ... ၃၄၀
သေရည်မူး၍ စိတ်ကြီးဝင်ကာ ကြိုးဝါး နေသဖြင့် ဆင်ပြောင်ကြီး မစင်စွန့်ချ၍ မဆင်တုံးနှင့် ဖိသတ် ခြင်းခံရသော မစင်ပိုးအကြောင်း။

၂၂၈။ ကာမနီတဇာတ် .... ၃၅၂
ကာမတဏှာနှိပ်စက်၍ ဝမ်းသွေးသွန်သောမင်း ကြီးအား သိကြားမင်းက အပါယ်ဘေးနှင့်ချောက်၍ ရောဂါပျောက်အောင် ဆေးကုသခြင်းအကြောင်း။

၂၂၉။ ပလာယိတဇာတ် .... ၃၅၀
စစ်အင်္ဂါလေးပါးဖြင့်တက္ကသိုလ်ပြည်ကို တိုက်ခိုက် ရန်လာစဉ် ကြီးကျယ်ခန်းနားသောတံခါးမုခ်ကိုမြင် ရာ ကြောက်ရွံ့၍ ထွက်ပြေးသော ဗြဟ္မဒတ်မင်း အကြောင်း။

၂၃၀။ ဒုတိယပလာယိတဇာတ် ... ၃၆၁
စစ်အင်္ဂါလေးပါးဖြင့် ဗာရာဏသီပြည်ကို တိုက် ခိုက်ရန် လာစဉ် ဗာရာဏသီမင်း၏ ရွှေပြားနှင့်တူ သော နဖူးကိုမြင်လျှင် ကြောက်ရွံ့ ထိတ်လန့်ကာ ထွက်ပြေးသော ဂန္ဓာရမင်းအကြောင်း။

၂၃၁။ ဥပါဟနဇာတ် ... ၃၆၄
မိမိနှင့်ဂုဏ်ပြိုင်သော တပည့်ရှုံး၍ မင်းကြီးအား ဘိနပ်ဥပမာဖြင့် အကြောင်းပြ လျှောက်ထားသော ဆင်ဆရာအကြောင်း။

၂၃၂။ ဝီဏာဂုဏဇာတ် ... ၃၆၉
ယောက်ျားမြတ် ဥသဘထင်၍ ကုန်းနှင့် အတူ ထွက်ပြေးရာ ခရီးပန်း၍ ကုန်းကွေးအိပ်နေမှ နောင် တရ၍ ငိုကြွေးသောသူဌေးသမီးအကြောင်း။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာ |
|---|---|---|
| ၂၃၃။ | ဝိကဏ္ဏကဇာတ် ... <br>စည်သံဖြင့်စုဝေးလာရောက်သော ငါးတို့ကိုစား သောက်ခုံမင်၍ မြားစူးဝင်ခံရသော မိကျောင်း အကြောင်း။ | ၃၇၂ |
| ၂၃၄။ | အသိတာဘူဇာတ် .... <br>မိမိကိုပစ်၍ ကိန္နရီမနောက်ကိုလိုက်သော မင်းသားအား အချစ်ကိုဖြတ်၍ မိမိအကျိုးစီးပွါးကိုရှာမှီးသော အသိတာဘူမင်းသမီးအကြောင်း။ | ၃၇၆ |
| ၂၃၅။ | ဝစ္ဆနခဇာတ် .... <br>ဗာရာဏသီသူဌေးက စည်းစိမ်တဝက်ပေး၍ ကာမဂုဏ်ဖြင့်ဘိတ်ကြားသည်ကို လက်မခံဘဲ ကာမဂုဏ်အပြစ်ပြ၍ဆုံးမသော ဝစ္ဆနခရသေ့အကြောင်း။ | ၃၈၀ |
| ၂၃၆။ | ဗကဇာတ် ... <br>အိုင်ကြီး၏ကမ်းစပ်၌ ဦးခေါင်းကိုငုံ့ကာ အလွန်နူးညံ့သိမ်မွေ့သည့် အဟန်ကို ဆောင်လျက် ငါးတို့ကိုစားရန် ချောင်းမြောင်း ကြည့်ရှုနေသော ဗျိုင်းစဉ်းလဲအကြောင်း။ | ၃၈၄ |
| ၂၃၇။ | သာကေတဇာတ် ... <br>ဘဝပေါင်း တထောင့်ငါးရာစီ ဆွေမျိုးတော်စပ်ခဲ့ဘူး၍ မြင်လျှင်မြင်ခြင်း ဘုရားကိုချစ်ခင်ကြည်ညိုသော သာကေတပုဏ္ဏားလင်မယားအကြောင်း။ | ၃၈၆ |
| ၂၃၈။ | ဧကပဒဇာတ် .... <br>အကျိုးစီးပွါး များကြောင်းနှင့်စပ်သော စကားတလုံးကားအဘယ်နည်းဟု သားကမေး၍ ဝီရိယပင်တည်း ဟုဘခင်ကဖြေဆိုခြင်းအကြောင်း။ | ၃၈၈ |

ဦးရေ အကြောင်းအရာ စာမျက်နှာ

၂၃၉။ ဟရိတမဏ္ဍူကဇာတ် ... ၃၉၀
ငါးများ ဝိုင်းအုံကိုက်ခဲခြင်းခံရသော ရေမြွေက ဘားညှိထံ အဆုံးအဖြတ်တောင်းရာ အားရှိသူသည် အားမဲ့သူအား နှိပ်စက်မြဲမှတာသာ ဖြစ်သည်ဟု အဆုံးအဖြတ်ပေးသော ဘားညှိအကြောင်း။

၂၄၀။ မဟာပိင်္ဂလဇာတ် ... ၃၉၄
သေရွာမှပြန်လာမည်ကိုကြောက်၍ တံခါးစောင့် ငိုကြွေးရလောက်အောင် အလွန်နှိပ်စက်သော မဟာပိင်္ဂလမင်းအကြောင်း။

၂၄၁။ သဗ္ဗဒါဌိဇာတ် ... ၃၉၇
ပထဝီဇယ မန္တာန်ကြောင့် ဗာရာဏသီမင်းကို ဘက်ပြိုင်မိ၍ ပျက်စီးရသော သဗ္ဗဒါဌိ မြေခွေးမင်း အကြောင်း။

၂၄၂။ သုနခဇာတ် ... ၄၀၅
မိမိအား ချည်နှောင်ထားသောကြိုးကို ကိုက်ဖြတ်၍ လွတ်မြောက်အောင် ကြံဆောင်ထွက်ပြေးတတ်သော ခွေးလိမ္မာအကြောင်း။

၂၄၃။ ဂုတ္တိလဇာတ် ... ၄၀၇
မိမိအား ဂုဏ်ပြိုင်သောတပည့်အတွက် စိတ်ပျက်နေစဉ် သိကြားမင်းကယ်မ၍ အနိုင်ရကာ နတ်လူတို့ ချီးကျူးခြင်းကို ခံရသော ဂုတ္တိလ စောင်းဆရာကြီး အကြောင်း။

၂၄၄။ ဝိဂတိစ္ဆဇာတ် ... ၄၁၉
ပြိုင်ဘက်ရှာဖွေသော ပရိဗိုဇ်တယောက်အား ပြဿနာမေး၍ ထွက်ပြေးစေပြီးနောက် တဏှာကင်းသော ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့ကို ရှိခိုးပူဇော်သော ရသေ့အကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၂၄၅။ မူလပရိယာယဇာတ် .... ၄၂၂
ပိဋကတ်ကျွမ်းကျင်၍ စိတ်ကြီးဝင်သော ရဟန်းတို့၏မာန်စွယ်ကို မူလပရိယာယသုတ်ဖြင့် ပယ်နှုတ်တော်မူခြင်းအကြောင်း။

၂၄၆။ ဗာလောဝါဒဇာတ် .... ၄၂၇
သတ္တဝါတို့ကို သတ်ဖြတ်၍ ပေးလှူသောဆွမ်းကို စားသောရဟန်းသည် မကောင်းမှုဖြင့်လိမ်းကျံ၏ဟု စွပ်စွဲသောသူကြွယ်မိုက်အား တရားပြ၍ဆိုဆုံးမသော ရသေ့အကြောင်း။

၂၄၇။ ပါဒဉ္ဇလိဇာတ် .... ၄၂၉
အကြောင်းရှိလျှင် နှုတ်ခမ်းကိုက်ခြင်းမှ တပါး အကြောင်းအကျိုးကို မသိတတ်သောကြောင့်မင်းအဖြစ်မှ ဆုံးရှုံးရသော ပါဒဉ္ဇလိမင်းသားအကြောင်း။

၂၄၈။ ကိံသုကောပမဇာတ် .... ၄၃၃
ကမ္မဋ္ဌာန်းချင်းကွဲပြားလျက် အရဟတ္တဖိုလ်ရခြင်း တူမျှ၍ သံသယရှိသောရဟန်းတို့အား ပေါက်ပင်ကို မြင်ဘူးသော မင်းသားညီနောင် လေးယောက်တို့နှင့် နှိုင်းယှဉ်၍ မိန့်တော်မူခြင်းအကြောင်း။

၂၄၉။ သလာကဇာတ် .... ၄၃၇
မြွေကိုကစားတတ်သော မျောက်လိမ်မာ၏ကျောကို ဝါးခြမ်းစိတ်ဖြင့်ရိုက်မိ၍ မျောက်ထွက်ပြေးသောကြောင့် နှလုံးမသာဖြစ်ရသော အလမ္ပာယ်သမားအကြောင်း။

၂၅၀။ ကပိဇာတ် .... ၄၄၀
မီးလှုံရအောင် ရသေ့ယောင်ဆောင်သဖြင့် မီးစနှင့်အချောက်ခံရသော မျောက်အကြောင်း။

# ငါးရာငါးဆယ်

# နိပါတ်တော်စကားပြေ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

ပဏာမနှင့် ပဋိညာဉ်

(၁) မုနိန္ဒမုခသရဇေ၊
နိပါတ ပဒုမေ သုဘေ။
ဖုလ္လိံသု ဇာတကသုမာ၊
နာနာ ဇနာလိစုမ္ဗိတာ။ ။

(၂) ဝိဘူသိယ ဇေတေ သုမေ၊
သုဂန္ဓေ မမ မတ္တကေ။
အတ္တာယ သုဘကာမာနံ၊
ဝက္ခံ နိပါတစုဏ္ဏိယံ။ ။

(၃) ကေဝိသတိ ခဏ္ဍေဟိ၊
မဏ္ဍိတံ အတ္တသံဟိတံ။
သတ္တတိံသပဉ္စသတ၊
ဇာတကေဟိ သုလက္ခိတံ။ ။

(၄) သုဏန္တု တံ သာရဏိယံ၊
သာဓုနံ ကဏ္ဏ ဘူသနံ။
ဗဟုဿုတေဟိ သမ္ဘုတ္တံ၊
ပညဝန္တေဟိ မာနိတံ။ ။

(၅) ဝမ္မန္တိ တံ သုဏာန္တာနံ၊
လောကုတ္တရာ စ လောကိယာ။
အတ္ထာ ဟိတာ သုခါ သဗ္ဗေ၊
နဒီသောတာ ဒိနေဒိနေ။ ။

(၁) မုနိန္ဒမုခသရဇေ၊ မုနိင်ါး၀၊ အစိုးရသည့်၊ဘုရား့ခံတွင်း၊ အိုင်တို့မင်း၀ယ်၊ ထင်လင်းလျှံ့ွာ၊ ပေါက်ပွားချွလာထသော။ သုဘော၊ ကောင်းမြတ်စံပယ်၊ တင့်တယ်စွာသော။ နိပါတပဒုမေ၊ ကေ, ဒုက၊စသည်တည်ရှိ၊ အသီတိအဆုံး၊ ပေါင်းရုံးဟောဘော်၊ နိပါတ်တော်အစုံ၊ ပဒုမာကြာရုံ၌။ နာနာဇနာလိစုမ္ဗိတာ၊ အထူးထူး အထွေထွေရှိသေညွတ်ရုံး၊ လူသုံးပါးဘည်းဟူသော ပျားပိတုန်းတို့၊ စားသုံးစုပ်နမ်းအပ်ကုန်သော။ ဇာတကသုမာ၊ အပဏ္ဏကာ၊ စသည်မည်ဆန်း၊ ပဒုမာကြာပန်းတို့သည်။ ဖုလ္လိံသု၊ ကားကားစွင့်စွင့်၊ မားမားဘင့်သျှက်၊ ပွင့်ကြလေကုန်ပြီ။

(၂-၃) သုဂန္ဓေ၊ ခေတ်တွင်းအာဏာ၊ ကောင်းစွာလှိုင်လှိုင်၊ တကြိုင်ကြိုင်သင်းပျံ့၊ ကောင်းသော ရနံ့ရှိကုန်သော။ တေသုမေ၊အပဏ္ဏကာ၊စသည်မည်ဆန်း၊သို့ပဒုမာကြာပန်းတို့ကို။ မမ၊ ကြီးဖေပဌမကျော်၊ မည်ခေါ်သမုဘ်၊ အကျွန်ုပ်၏။ မတ္တကော၊ အမြတ်အင်္ဂါ၊ စဉ်လာမပျက်၊ ဦးခေါင်းထက်၌။ ဝိဘူသိယ၊ ဝေဝေဆာဆာ၊ ရှိစေဌါဟု၊ ကောင်းစွာရှင်လန်း၊ ပန်ဆင်မြန်း၍။ သုဘကာမာနံ၊ ဤား မြင်လိုလား၊အမျိုးသားတို့၏။အတ္ထာယ၊လောကုတ်, လောကီ၊ နှစ်လီအကျိုး၊ပွားဘိုးစေခြင်းဌါ။ ကေဝိသတိခန္ဓောဟိ၊ ကေနိပါတ်အစ၊အသီတိနိပါတ်အဆုံး၊ပေါင်းရုံးတင့်ဆန်း၊

နှစ်ဆယ့်တခဏ်းတို့ဖြင့်။ မဏ္ဍိဘာ၊ စုံစုံလင်လင်၊ တန်ဆာဆင် အပ်သော။ အတ္တသံဟိတာ၊ အကျိုးစီးပွါး၊ ထွန်းကား အစဉ် စပ်ယှဉ်သော။ သတ္တတိံသ ပဉ္စသတဇာတကေဟိ၊ ငါးရာသုံးဆယ်၊ စွန်းကယ်ခုနစ်ဖြာ၊ ဇာတ်များစွာတို့ဖြင့်။ လက္ခိတာ၊ သေချာပိုင်းခြား၊ မှတ်သားအပ်သော။ နိပါတ စုဏ္ဏိယံ၊ ငါးရာငါးဆယ် နိပါတ်တော်စကားပြေကို။ အဟံ၊ ငါသည်။ ဝက္ခံ၊ ရေးသားပြဲဆိုပေအံ့။

(၄) သာရတ္ထိယံ၊ အသက်ထက်ဆုံး၊ ရှင်ပြီးအောက် မေ့အပ်သော။ သာဓုနံ၊ ဘုရား, ပစ္စေကဗုဒ္ဓါ၊ အရိယာ အပေါင်း၊ သူတော်ကောင်းတို့၏။ ကဏ္ဌာဘူသနံ၊ နားဋ္ဌဆင် ရာ၊ တန်ဆာသဘွယ်ဖြစ်သော။ ဗဟုသုတေဟိ၊ များများ ဖြင်ဖြင်၊ ကြားအမြင်တို့နှင့်။ သမ္ဗုဏ္ဏံ၊ စုံလင်ကုံလုံ၊ ကောင်း စွာပြည့်စုံသော။ ပညဝန္တေဟိ၊ ဂုဏ်ဇိန်ဘာနဲ၊ ဖေါက်ခွဲသိမြင်၊ ပညာရှင်တို့သည်။ မာနိတာ၊ မြတ်နိုး စုံမက်အပ်သော၊ တံနိပါတစုဏ္ဏိယံ၊ ထိုငါးရာငါးဆယ် နိပါတ်တော်စကား ပြေကို၊ သာဓဝေါ၊ လောကုတ်,လောကီ၊ နှစ်သီအစီး အပွါး၊ လိုလားကြသော သူတော်ကောင်း တို့သည်။ သုဏာန္တု၊ ရိုသေလေးစား၊ သဒ္ဓါပွားလျက်၊ နာကြားကြ ပါစေကုန်သတည်း။

(၅) တံ၊ ထိုငါးရာငါးဆယ်၊ နိပါတ်တော် စကားပြေ ကို။ သုဏန္တာနံ၊ ရိုသေလေးစား၊ သဒ္ဓါပွါးလျက် နာကြား ကုန်သောသူတို့အား။ ဒိနေဒိနေ၊ နေ့တိုင်းနေ့တိုင်း။ နဒီ သောတာဘာဝ၊ အဟုန်ဒီးဒီး၊ စီးဆင်းအစဉ်၊ မြစ်ရေအလျဉ် ကဲ့သို့။ သဗ္ဗေ၊ အလုံးစုံကုန်သော။ လောကုတ္တရာ၊ သော

ကုဏ္ဍရလည်း ဖြစ်ကုန်သော၊ လောကိယာစ၊ လောကီလည်းဖြစ်ကုန်သော။ အဏ္ဍာစ၊ ကြီးကျယ်ဖွံ့ဖြိုး၊ ကောင်းသော အကျိုးတို့သည်ငှင်း။ ဟိတာစ၊ ကြီးကြီးထွားထွား၊ ကောင်းသော အစီးအပွါးတို့သည်ငှင်း၊ သုခါစ၊ ကြီးကျယ်လှစွာ၊ ကောင်းသောချမ်းသာတို့သည်ငှင်း။ ဝဍ္ဎန္တု၊ ကိုးစားလောက်အောင်၊ တန်ခိုးထွားလျက်၊ တိုးပွားပါစေကုန်သတည်း၊

## ငါးရာငါးဆယ်

# နိပါတ်တော်စကားပြေ

နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## တတိယတွဲ

## ၁၅၁—ရာဇောဝါဒဇာတ်

ပဉ္စုပ္ပန်ဝတ္ထု

**ကောသလမင်း ချီးမွမ်းခြင်း**

နတ်လူတို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် တနေ့သ၌ ကောသလမင်းကြီးသည် နေကြီးမြင့်မှ မြတ်စွာဘုရားထံ အခစား ရောက်လာလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် ကောသလမင်းကြီးအား မြတ်သောမင်းကြီး အဘယ့်ကြောင့် နေမြင့်သနည်း’’ဟု မေး၏၊ ‘‘အရှင်ဘုရား···· ယနေ့တရားရုံးတော်ဝယ် အဂတိလိုက်စား၍ တရားဆုံးဖြတ်ထားသဖြင့် အလွန်အဆုံးအဖြတ်ခက်သော တရားတထုံး

ကို တရားနှင့် ညီညွတ်အောင် စီရင်ဆုံးဖြတ် နေရသဖြင့် နေမြင့်နေပါသည်''ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် ''မြတ်သောမင်းကြီး....တရားနှင့် ညီညွတ်စွာ ဆုံးဖြတ်ခြင်းမည်သည်ကားကောင်း၏၊ ကုသိုလ် ဖြစ်၏၊ နတ်ရွာသွားရန် ခရီးလမ်းကြောင်းလည်း ဖြစ်၏၊ တရားအလုံးစုံကိုသိသော ငါဘုရားအဆုံးအမကို ခံယူကာ သင်မင်းကြီးသည် တရားနှင့်ညီညွတ်စွာ ဆုံးဖြတ်ခြင်းကား စင်စစ်သဖြင့် အံ့ဘွယ်မရှိသေး၊ ရှေးမင်းတို့သည် တရား အလုံးစုံကို မသိသော ပညာရှိတို့၏အဆုံးအမကို ခံယူလျက် တရားနှင့်ညီညွတ်စွာ ဆုံးဖြတ်ခြင်းသာ စင်စစ်အံ့ဘွယ်ရှိ သည်''ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ကို ဆောင် တော်မူသတည်း။

**အတိတ်ဝတ္ထု**

**မှန်ကန်သုံးနှုံး တရားရုံး**

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် ထို ဗြဟ္မဒတ်မင်း၏ မိဖုရားကြီးဝမ်းဝယ် ပဋိသန္ဓေနေ၍ ဖွား မြင်သောအခါ ဗြဟ္မဒတ်သတို့သားဟူ၍ပင် အမည်တွင် လေ၏၊ ထိုဗြဟ္မဒတ်သတို့သားသည် အရွယ်ရောက်၍ ပညာ တတ်မြောက်လျှင် အဘမင်းကြီးလွန်သဖြင့် မင်းအဖြစ်သို့ ရောက်လေ၏။

ထိုဗြဟ္မဒတ်မင်းသည် တရားနှင့်အညီ မင်းပြု၏၊အဂတိ လေးပါးသို့ မလိုက်စားဘဲ တရားကိုဆုံးဖြတ်၏၊ အမတ် တို့လည်း တရားစောင့်ကုန်၏၊ အဂတိမလိုက်စားဘဲ ဟုတ်

ခုန်စွာ တရားကို ဆုံးဖြတ်ကြကုန်၏၊ မင်းနှင့်အမတ်တို့ ဟုတ်
ခုန်စွာ တရားဆုံးဖြတ်ကြသဖြင့် ကောက်ကျစ်စဉ်းလဲ၍
ဘရားတွေ့သော သူတို့သည် မရှိကုန်၊ တဖြည်းဖြည်းတရား
ခတွေ့သူနည်းပါးသဖြင့် တရားရုံးတော်သည် ဆိတ်ကုန်၏၊
အမတ်တို့လည်း တရားမဆုံးဖြတ်ရကုန်။

**ကဲ့ရဲ့မှုကင်း ပြည့်ရှင်မင်း**

ထိုအခါ မင်းကြီးသည် ငါသည် တရားသဖြင့် မင်းပြုသည့်အတွက် တရားရုံးတော်တို့သည် ဆိတ်ကုန်၏၊ သို့သော်လည်း ငါ့ဂုဏ်ကျေးဇူးမဲ့ ပြောသူများရှိသလော၊ စုံစမ်းမည်၊ အကယ်၍ ပြောသူများရှိခဲ့လျှင် ဂုဏ်ကျေးဇူးမဲ့ကို ပယ်စွန့်၍ ဂုဏ်ကျေးဇူး၌သာ တည်စေမည် ဟု ကြံစည်လျက် နန်းတွင်း၌စုံစမ်း၏၊ ဂုဏ်ကျေးဇူးမဲ့ပြောသူကို မတွေ့ဘဲ ဂုဏ်ကျေးဇူးပြောသူကိုသာ တွေ့ရ၏။

မင်းကြီးသည် နန်းတွင်းသူတို့ကား ငါ့ကိုကြောက်ရွံ့၍ မပြောဝံ့ဘဲရှိရာသည်၊ နန်းတော်အပြင်၌ စုံစမ်းပြန်၏၊ ထို့အတူဂုဏ်ကျေးဇူးမဲ့ပြောဆိုသူကို မတွေ့ရပေ၊တဖန် ကျေးရွာငယ်တို့၌ စုံစမ်းပြန်၏၊ မတွေ့ရပေ၊ ထိုအခါ ဇနပုဒ်၌ စုံစမ်းမည်ဟု တိုင်းပြည်ကို အမတ်တို့ကိုအပ်နှင်းကာ မထင်ရှားသောအသွင်ဖြင့် ရထားစီးလျက် တိုင်းစွန်ပြည်နား၌ စုံစမ်းသော်လည်း မတွေ့ရသဖြင့် မြို့သို့ပြန်ခဲ့၏။

**မင်းနှစ်ပါးရင်ဆိုင် ချင်းချင်းဖြိုင်**

ထိုအခါ ကောသလတိုင်း ဘလ္လိကမင်းသည်လည်း တရားသဖြင့် မင်းပြု၏၊ အဂတိလေးပါး လိုက်စားခြင်းမရှိ၊ ထိုမင်းသည် ဗြဟ္မဒတ်မင်းအတူ နန်းတွင်းမှစ၍ တဖြည်းဖြည်း

စုံစမ်းရာ ဂုဏ်ကျေးဇူးမဲ့ပြောသူကိုမတွေ့ဘဲ၊ ဂုဏ်ကျေးဇူး ပြောသူကိုသာတွေ့ရသဖြင့် တိုင်းစွန်ပြည်နားသို့ရထားဖြင့် စုံစမ်းပြန်ရာ၌လည်း မတွေ့တော့သဖြင့် မြို့တော်သို့ပြန်ခဲ့ရာ ရှောင်လွှဲစရာလမ်းမရှိ၊ ချိုင့်ဝှမ်းသောလမ်းတွင် ဗြဟ္မဒတ် မင်းရထားနှင့် ရင်ဆိုင်တွေ့လေ၏။

ရှေးဦးစွာ ဘလ္လိကမင်း၏ရထားထိန်းသည် ဗြဟ္မဒတ် မင်း၏ ရထားထိန်းကို"အဆွေ....သင့်ရထားကို ရှောင်လွှဲ ပါ၊ အကျွန်ုပ်ရထားကား ဘလ္လိကမင်းစီးသော ရထားဖြစ် ပါသည်"ဟုပြောလေ၏၊ တဖန်ဗြဟ္မဒတ်မင်း ရထားထိန်း ကလည်း ဘလ္လိကမင်း ရထားထိန်းကို "အဆွေ....သင့် ရထားကိုရှောင်လွှဲပါ၊ အကျွန်ုပ်ရထားကား ဗြဟ္မဒတ်မင်း စီးသောရထားဖြစ်ပါသည်"ဟု ပြောပြန်လေ၏၊ဤသို့ အ ချင်းချင်း လမ်းအရှောင်ခိုင်းကြရာ-အရှင်မင်းချည်း ဖြစ်ကြ သည်၊တဦးနှင့်တဦးမဆိုသာအရွယ်ဝုဍ္ဍိစသည်ဖြင့်ဆုံးဖြတ်၍ ရှောင်လွှဲစေမည်ဟု ကြံစည်ကာ အရွယ်ဝုဍ္ဍိချင်း ဘယ်မင်း ကကြီးသည်ကို စိစစ်ကြရာ မင်းနှစ်ပါးလုံးတူမျှနေလေ၏။

တဖန် တိုင်းပြည် ပမာဏချင်းငင်း, စစ်သည်ဗိုလ်ပါ ပမာဏချင်းငင်း, စည်းစိမ်ဥစ္စာပမာဏချင်းငင်း, အခြွေ အရံပမာဏချင်းငင်း, ဇာတ်အမျိုးအနွယ် ပမာဏချင်း ငင်း စိစစ်ကြပြန်ရာ တူမျှနေပြန်လေ၏။

**သီလချင်းပြိုင်မှ အနိုင်ရ**

ထိုအခါ ဗြဟ္မဒတ်မင်းရထားထိန်းက အကျင့်သီလချင်း စိစစ်မည်ဟု ကြံစည် ကာ ဘလ္လိကမင်း ရထားထိန်းကို "အဆွေ....အဆွေတို့မင်း၏ အကျင့်သီလကား အဘယ်သို့

သဘောရှိသနည်း”ဟုမေးလေ၏၊ဘလ္လိကမင်း ရထားထိန်းက မိမိတို့မင်း၏ ကျေးဇူးမဲ့ကိုပင် ဂုဏ်ကျေးဇူးထင်မှတ်လျက်—

"အဆွေ…. အကျွန်ုပ်တို့ ဘလ္လိကမင်းကား—
ကြမ်းကြုတ်သူကို ကြမ်းကြုတ်မှုဖြင့်၊ နူးညံ့သူကို နူးညံ့မှုဖြင့်၊ မသူတော်သူကို မသူတော်မှုဖြင့်၊ သူတော်ကို သူတော်မှုဖြင့် အောင်နိုင်၏"—

ဟု အကျင့်သီလကို ပြောဆိုကာ ရထားကို အရှောင်ခိုင်းလေ၏၊ ထိုအခါ ဗြဟ္မဒတ်မင်း ရထားထိန်းက "အဆွေ….ယခုပြောဆိုသော အကျင့်တို့မှာ သင်တို့မင်း၏ ဂုဏ်ကျေးဇူးလော”ဟု မေးလေ၏၊ "အဆွေ….မှန်ပါသည်”ဟုပြော၏၊ "အဆွေ….ထိုအကျင့်တို့ကို ဂုဏ်ကျေးဇူးဆိုလျှင် ကျေးဇူးမဲ့ကား အဘယ်သို့သဘောရှိသနည်း”ဟု မေးလေ၏၊ "အဆွေ….ကျေးဇူးမဲ့ဘဲ ထားပါဦးတော့၊ သင်တို့မင်း၏ အကျင့်သီလကား အဘယ်သို့ သဘောရှိသနည်း”ဟုမေးပြန်ရာ၊ ဗြဟ္မဒတ်မင်း၏ရထားထိန်းက—

"အဆွေ….အကျွန်ုပ်တို့ ဗြဟ္မဒတ် မင်းကား
အမျက်ထွက်သူကို အမျက်မထွက်မှုဖြင့်၊ မသူတော်သူကို သူတော်မှုဖြင့်၊စဉ်းလဲသူကို ပေးကမ်းစွန့်ကြဲမှုဖြင့်၊ မဟုတ်မမှန် ပြောဆိုသူကို အဟုတ်အမှန်ပြောဆိုမှုဖြင့်အောင်နိုင်၏”—

ဟု မိမိတို့မင်း၏ အကျင့်သီလဂုဏ်ကျေးဇူးကို ပြောဆိုကာရထားကိုအရှောင်ခိုင်းလေ၏။

ထိုအခါ အကျင့်သီလ ဂုဏ်ကျေးဇူးချင်း မညီမျှသဖြင့် အရှုံးပေး၍ ဘလ္လိကမင်းနှင့် ရထားထိန်းတို့သည် ရထား

ပေါ်မှဆင်းကာ မြင်းကိုချွတ်၍ ရထားကို ဖယ်ပြီးလျှင် ဗြဟ္မဒတ်မင်းအား လမ်းခရီးကိုပေးရလေ၏။

**ကောင်းမှုကျင့်ကြံ နတ်ရွာစံ** ဗြဟ္မဒတ် မင်းသည် ဘလ္လိက မင်းအား "အဆွေ..မင်းမည်သည်ကား ဤမည်၊ ဤမည်သောအမှုကို ပြုခြင်းငှါ သင့်၏" ဟု အဆုံးအမပေးပြီးလျှင် ဗာရာဏသီပြည်သို့ ပြန်၍ ကုသိုလ်ကောင်းမှုတို့ကို ပြုစုအားထုတ်ကာ အသက်၏ အဆုံး၌ နတ်ပြည်သို့လားလေ၏။

ဘလ္လိကမင်းလည်း ဗြဟ္မဒတ်မင်းအဆုံးအမ၌တည်လျက် ဇနပုဒ်၌စုံစမ်း၍ မိမိ၏ကျေးဇူးမဲ့ပြောဆိုသူကို မတွေ့လျှင် မြို့တော်သို့ပြန်၍ ကုသိုလ်ကောင်းမှုတို့ကို ပြုစုအားထုတ်ကာ အသက်၏အဆုံး၌ နတ်ပြည်သို့လားလေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ဘလ္လိကမင်းရထားထိန်းသည်- ယခုအခါ မောဂ္ဂလာန်။

※ ဘလ္လိကမင်းသည်-အာနန္ဒာ။

※ ဗြဟ္မဒတ်မင်းရထားထိန်းသည်-သာရိပုတ္တရာ။

※ ဗြဟ္မဒတ်မင်းသည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကြမ်းသူကြမ်းမှု၊နူးသူနူး၊ကောင်းမှုကောင်းသူမှာ။
(၂) မကောင်းသူလည်း၊ မကောင်းချည်း၊ အောင်နည်း ဘယ်လိုကာ။
(၃) မသူတော်မှု၊သူတော်ပြု၊မျက်ပြုမျက်မပေါ်။
(၄) မမှန်ပြောသူ၊အမှန်ယူ၊ပေးလှူစဉ်းလဲမှာ။
(၅) မြဟ္မဒတ်မင်း၊အောင်နိုင်ခြင်း၊မယွင်းနည်းယူပါ။

ရာဇောဝါဒဇာတ်ပြီး၏။

---

# ၁၅၂-သိင်္ဂါလဇာတ်

## ပဉ္စုပ္ပန်ဝတ္ထု

**မလျောက်ပတ်ရာ စွဲလမ်းကာ**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ကူဋာဂါရ ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဝေသာလီ ပြည်၌နေသော ဆတ္တာသည်၏သား လုလင်တယောက် ရှိလေ၏။

ထိုလုလင်အဘဆတ္တာသည်ကား မင်း,မင်းမောင်းမ, မင်းသား, မင်းသမီးတို့၏ မုတ်ဆိတ် ကျင်စွယ်ဆံပင်တို့ကို ပြုပြင်ရ၏၊ သဒ္ဓါတရားနှင့်ပြည့်စုံ၏၊ ရတနာသုံးပါးအား ကြည်ညိုဆည်းကပ်၏၊ ပဉ္စသီကိုဆောက်တည်၏၊ *ကြိုး ကြား ကြိုးကြားတရားတော်ကိုနာ၏။

တနေ့သ၌ ထိုဆတ္တာသည်သည် သားလုလင်ကို ခေါ်၍ မုတ်ဆိတ်ကျင်စွယ် ဆံပင်ပြုပြင်ရန်နန်းတော်သို့သွား၏၊

---

* ကြိုးကြားကြိုးကြား-ရံခါရံခါ။

ထိုသားလုလင်သည် နန်းတော်၌ တန်ဆာဆင်အပ်သည် ဖြစ်၍ နတ်သမီးနှင့်တူသော လိစ္ဆဝီမင်းသမီးကို မြင်လျှင် ကိလေသာဖြင့် အလွန်စွန်းငြိသော စိတ်ရှိလျက် အဘနှင့် နန်းတော်မှထွက်ခဲ့၍ အိမ်သို့ရောက်သောအခါ လိစ္ဆဝီမင်းသမီးကိုမရလျှင် ဤနေရာမှာပင်သေစေတော့ဟု အစာအာဟာရကိုဖြတ်လျက်ညောင်စောင်းတခုတွင်အိပ်လေ၏။

**အလိုမပြည့်သေဘေးတွေ့**

ထိုအခါ အဘသည် သားထံသို့ချဉ်းကပ်က "ချစ်သား.... အရာမဟုတ်သည်၌ တပ်စွန်းခြင်းကိုမပြုလင့်၊ သင်ကားဆေတ္တာသည်သားဖြစ်၍ အမျိုးယုတ်သည်၊ သတို့သမီးကားလိစ္ဆဝီမင်းသမီးဖြစ်၍ အမျိုးမြတ်သည်၊ သင်နှင့်မင်းသမီးမသင့်လျော်ချေ၊ အမျိုးတူသတို့သမီးတယောက်နှင့် လက်ထပ်မည်"ဟု ဖျောင်းဖျချော့မော့၍ပြောဆိုလေ၏၊လုလင်ကား အဘစကားကို မနာယူလေ၊ အမိနှင့် ဆွေမျိုးဉာတိအဆွေခင်ပွန်းတို့ အဖန်ဖန် ပြောကြသော်လည်း မနာယူချေ၊ နောက်အခါ အစာအာဟာရဖြတ်သဖြင့် ခြောက်ကပ်၍သေလေ၏။

အဘဆေတ္တာသည်လည်း သားသေကို သင်္ဂြိုဟ်ပြီးလျှင် မြတ်စွာဘုရားထံသို့ ဆည်းကပ်လျက် သားလုလင်အကြောင်းကို လျှောက်ထားလေ၏၊ မြတ်စွာဘုရားလည်း "ဒါယကာ.... သင်၏သားလုလင်ကား ယခုအခါ၌သာ အရာမဟုတ်သည်၌ တပ်စွန်း၍ပျက်စီးသည်မဟုတ်၊ ရှေးအခါ၌လည်း ပျက်စီးဘူးပြီ"ဟု အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**ဇာတ်မတူကို ချစ်ရေးဆို**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ခြင်္သေ့မင်းဖြစ်၍ ဟိမဝန္တာအရပ်ဝယ် ရွှေဂူ၌နေ၏၊ ထိုခြင်္သေ့မင်းအား ညီငယ် ခြင်္သေ့ခြောက်ကောင်နှင့် နှမငယ်ခြင်္သေ့တကောင်တို့ရှိကုန်၏၊ ယိုရွှေဂူ၏အနီးဖြစ်သောငွေတောင်၌ ဖလိဂုဝယ် မြေခွေးတကောင်နေလေ၏၊ ခြင်္သေ့တို့သည် နှမငယ်ကို ရွှေဂူ၌ထားကာ အစာရှာထွက်၍နှမငယ်ဘို့ဆောင်ခဲ့ကြကုန်၏။

တနေ့သ၌ မြေခွေးသည် ခြင်္သေ့မငယ်ကိုမြင်လျှင် ကြိုက်နှစ်သက်သောစိတ်ရှိသည်ဖြစ်၍ အစ်ကိုခြင်္သေ့တို့ အစာရှာထွက်သောအခါ ရွှေဂူတံခါးသို့ သွားပြီးလျှင် ခြင်္သေ့မငယ်အား "အရှင်မ....အရှင်မသည် ခြေလေးချောင်းရှိသောသားမ ဖြစ်သည်၊ အကျွန်ုပ်လည်း ခြေလေးချောင်းရှိသောသားပင်ဖြစ်သည်၊ သို့အတွက်ရှင်မသည် အကျွန်ုပ်ကို ကြိုက်နှစ်သက်ပါ၊ အကြင်လင်မယားဖြစ်၍ အတူတကွနေလိုပါသည်"ဟုပြောလေ၏။

**မြေခွေးလက်မခံ ငြင်းပယ်ပြန်**

ခြင်္သေ့မငယ်သည် မြေခွေး၏ စကားကိုကြားလျှင် "ဤမြေခွေးကား ခြေလေးချောင်းရှိသောသားတို့တွင် အယုတ်ဆုံးဖြစ်သည်၊ စက်ဆုပ်ဘွယ်ရှိသည်၊ ဒွန်းစဏ္ဍားမျိုးနှင့်တူသည်၊ ငါတို့ကား မြတ်သောမင်းမျိုးဟု သမုတ်ကြသောသားများဖြစ်သည်၊ ဤမြေခွေးသည် ငါနှင့်မလျောက်ပတ်သောစကားကိုဆိုလာသည်၊ ငါကား ဤမြေခွေးစကားကို

ကြားရဘိလျက် အသက်ရှင်၍နေခြင်းသည် အကျိုးမရှိ၊ ထွက်သက် ဝင်သက်လေကို ပိတ်၍သေတော့မည်ဟုကြံစည်၏၊ နောက်တဖန် ငါ၍လိုသေခြင်းသည် မသင့်လျော်သေး၊ အစ်ကိုများလာသောအခါ ပြောဆိုပြီးမှ သေတော့မည်ဟု ကြံစည်ကာ အစ်ကိုများအလာကိုစောင့်၍နေ၏၊ မြွေခွေးလည်း ခြသေ့်မငယ်ထံမှ တစုံတရာစကားပြန်မရ၊ အမျက်ထွက်နေသည်ကိုသိ၍ နှလုံးမသာဖြစ်လျက် ဖလ်ဂူသို့ပြန်၍အိပ်လေ၏။

**ဒေါသကြီးလေ့ ဘေးနှင့်တွေ့**

အစ်ကိုငယ်တကောင်သည် နှမငယ်ဘို့အစာယူကာ တောမှပြန်လာ၍ နှမငယ်အားပေး၏၊ ထိုအခါ နှမငယ်က "အစ်ကို···· အကျွန်ုပ်အစာကိုမစားလို၊ သေတော့မည်" ဟုပြောလေ၏၊ အစ်ကိုငယ်က "နှမငယ်····အဘယ့်ကြောင့်သေရအံ့နည်း"ဟုမေးလေလျှင် နှမငယ်သည် မြွေခွေးပြောလာသောအကြောင်းစုံကိုပြောကြားလေ၏၊ အစ်ကိုခြသေ့်ငယ်သည် ပြင်းစွာအမျက်ထွက်လျက် ဒေါသစိတ်မွန်ကာ မစုံစမ်းနိုင်တော့ဘဲ ဖလ်ဂူတွင်အိပ်နေသော မြွေခွေးကိုဟင်းလင်းပြင်၌နေသည်မှတ်ထင်၍ ကိုက်သတ်မည်ဟု တဟုန်တည်းပြေးသွားရာ ဖလ်ဂူနှင့် တိုက်မိသဖြင့် ရင်ကွဲ၍တောင်ခြေရင်း၌ ကျသေလေ၏။

နောက် အစ်ကိုငယ် ငါးကောင်တို့ တကောင်ပြီး တကောင် ပြန်လာကြသောအခါ၌လည်း နှမငယ်စကားကိုကြားလျှင် အမျက်ထွက်ကာ မြွေခွေးကို ကိုက်သတ်မည်ဟုပြေးကြရာ ဖလ်ဂူနှင့်တိုက်မိသဖြင့် ရင်ကွဲ၍ တကောင်ပြီးတကောင်သေကြကုန်၏။

**စင်းစားဆင်ခြင်ကြံအောင်မြင်**

နောက်ဆုံး၌ အစ်ကိုကြီးခြင်္သေ့မင်းပြန်လာသောအခါလည်း နှမငယ်သည် မြေခွေးပြောလာသောအကြောင်းကိုပြောကြားပြန်၏၊ ခြင်္သေ့မင်းက ''နှမငယ်.... မြေခွေးဘယ်မှာနည်း''ဟုမေး၏၊ ''အစ်ကိုကြီး.. ငွေတောင်ထိပ်ဝယ် ဟင်းလင်းပြင်၌အိပ်နေသည်ကို မမြင်သလော''ဟု ပြောလေ၏၊ ထိုအခါခြင်္သေ့မင်းသည် မြေခွေးကား ဟင်းလင်းပြင်၌ အိပ်မည်မဟုတ်၊ ဖလ်ဂူ၌ အိပ်သည်ဖြစ်လတ့်ဟု ကြံစည်ပြီးလျှင် တောင်ခြေရင်းသို့ ဆင်းသက်၍ သေနေကြသော ညီခြင်္သေ့ ခြောက်ကောင်တို့ကိုတွေ့လျှင် ဤညီခြင်္သေ့ ခြောက်ကောင်တို့ကား စုံစမ်းဆင်ခြင်တတ်သော ပညာဉာဏ်မရှိ မိုက်မဲသောကြောင့်ဖလ်ဂူကိုမသိဘဲ ရင်ဖြင့်တိုက်မိ၍ သေကြကုန်လတ့်ဟု ဆင်ခြင်ကာ—

> ခံတွင်းသို့သွင်းအပ်သော ပူသော အစာအာဟာရကား ခံတွင်းကိုပူလောင်စေသကဲ့သို့၊ထို့အတူ ပညာဉာဏ်ဖြင့် မစုံစမ်း မဆင်ခြင်ဘဲ ပြုလုပ်အပ်သော အမှုကိစ္စသည်လည်း ပြုလုပ်သူ အမှုကိစ္စရှင်ကို ပူလောင်စေတတ်၏၊

ဟု ပြောဆိုကာ ငါ့ညီတို့ကား အကြောင်း၌ မလိမ်မာကြကုန်သဖြင့် သေကြရကုန်၏၊ငါမူကား ညီတို့နည်းတူ မပြုလုပ်ဘဲ မြေခွေးဖလ်ဂူ၌အိပ်လျက်ပင် နှလုံးကွဲ၍သေစေအံ့ဟု မြေခွေး၏တက်ရာဆင်းရာ လမ်းခရီးကိုမှတ်၍ ထိုလမ်းခရီးသို့ရှေးရှုလျက် သုံးကြိမ်ခြင်္သေ့သံကိုဟောက်လေ၏၊ မြေကြီးနှင့်မိုးသည် တစပ်တည်းပဲ့တင်ထပ်၏၊ မြေခွေးသည် ဖလ်ဂူ၌အိပ်လျက်ပင် နှလုံးကွဲ၍သေလေ၏။

၃၂၂၉

မြတ်စွာဘုရားသည် သဗ္ဗညု ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ

"ဒါယကာ··ခြင်္သေ့မင်းသည်မိုးကြိုးသံနှင့်တူသော ခြင်္သေ့သံဖြင့်ငွေတောင်ကိုပဲ့တင်ထပ်အောင်ဟောက်သောအသံကိုကြား၍ ဖလ်ဂူ၌အိပ်နေသောမြေခွေးသည် အလွန်ကြောက်ရွံ့ ထိတ်လန့်ခြင်းကြောင့် နှလုံးကွဲကာသေလေ၏"၊

ဟု သီတင်းသည်ဒါယကာအား ဟောကြားတော်မူ၏။

ခြင်္သေ့မင်းလည်း မြေခွေးသေလျှင် ညီ ခြင်္သေ့ခြောက်ကောင်တို့ကိုရုံးစုကာ တခုသောအရပ်တွင်ဖုံးလွှမ်းခဲ့၍ ရွှေဂူသို့ပြန်လာပြီးလျှင် နှမယေ်အား ညီခြောက်ကောင်တို့သေသည်အဖြစ်ကိုပြောကြား၍ သက်သာရာရစေပြီးလျှင် အသက်ထက်ဆုံးရွှေဂူ၌ပင် နေလေ၏။

ဤဒေသနာတော်၏အဆုံး၌ ဆေတ္တာသည်သည် သောတာပတ္တိဖိုလ်၌တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော,ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ မြေခွေးသည်- ယခုအခါ ဆေတ္တာသည်သား။

※ ခြင်္သေ့မယေ်သည်- လိစ္ဆဝီမင်းသမီး။

※ ညီငယ် ခြင်္သေ့ခြောက်ကောင်တို့သည်- မထင်ရှားသော မထေရ်ခြောက်ပါး။

※ အစ်ကိုကြီးခြင်္သေ့မင်းသည်- ငါဘုရားဖြစ်လာပြီ-ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) မထိုက်တန်သူ၊ တပ်စွန်းမူ၊ ထိုသူပျက်စီးမည်။
(၂) မဆင်မခြင်၊ မှုပြုလျှင်၊ မှုရှင်ပူလောင်မည်။
(၃) အစာယူသွင်း၊ နှုတ်ခံတွင်း၊ လက်ငင်းပူလောင်မည်။
(၄) ခြင်္သေ့ခြောက်မူ၊ ဉာဏ်မကူ၊ ဖလ်ဂူဘိုက်သေသည်။

သိင်္ဂါလဇာတ်ပြီး၏။

---

# ၁၅၃-သုကရဇာတ်

**ပဉ္စုပ္ပန်ဝတ္ထု**

**ဈေျာက်ထားလေပြား အကုန်ဖြေကြား** နတ် လူတို့ ဆရာ ဖြစ်တော်မူသော မြတ်စွာ ဘုရား သည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော် မူစဉ် လာဘ်လာဘပေါများလိုသော မထေရ်အိုတပါး ရှိလေ၏။

တနေ့သ၌ ညဉ့်အခါ တရားပွဲဖြစ်လတ်သော် မြတ်စွာဘုရားသည် တရားဟောပြီး၍ ဂန္ဓကုဋိသို့ဝင်တော်မူ၏၊ ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်တို့လည်း မြတ်စွာဘုရားကို ရှိခိုး၍မိမိတို့ပရိဝုဏ်သို့ ပြန်ကြကုန်၏။

ရှင်မောဂ္ဂလာန်သည် မိမိပရိဝုဏ်ဝယ် တခဏမျှ အပန်းဖြေပြီးလျှင် ရှင်သာရိပုတ္တရာထံသွားကာ ပြဿနာတို့ကို

မေးလေ၏၊ တရားစစ်သူကြီးဖြစ်သော ရှင်သာရိပုတ္တရာလည်း မေးတိုင်းမေးတိုင်းသောပြဿနာတို့ကို ပေါ်လွင်ထင်ရှားစွာ ဖြေဆိုတော်မူ၏၊ ထိုအမေးအဖြေ တရားတော်ကို နာကြားသောပရိသတ်လည်း များပြားလှ၏။

**လာဘ်ကိုခင်မင် မေးလျှောက်တင်**

ထိုအခါ ပရိသတ်ထဲတွင် နေသော မထေရ်အိုတပါးသည် ငါသည်ပရိသတ်အလယ်မှာ ရှင်သာရိပုတ္တရာကိုနှောက်နှယ်လျက် ပြဿနာကိုမေးရလျှင် ဤရဟန်းအိုကား အကြားအမြင်များသည်ဟု လူသိများလျက် ရှိသေမြတ်နိုးခြင်း,ပေးလှူခြင်းကို ပြုကြပေမည်ဟုကြံစည်၍ ပရိသတ်အလယ်မှထပြီးလျှင် အရှင်သာရိပုတ္တရာအား "အရှင်ဘုရားခွင့်ပြုတော်မူလျှင် ပြဿနာတခုကိုမေးလိုပါသည်၊ ဖြေဆိုဆုံးဖြတ်တော်မူပါ"ဟု လျှောက်လေ၏။

ရှင်သာရိပုတ္တရာလည်း မထေရ်အိုကို ကြည့်ပြီးလျှင် ဤရဟန်းအိုကား လောဘနိုင်ငံသို့လိုက်၍ အချည်းနှီးပြုစွတကားဟု နှလုံးသွင်းကာ တစုံတရာစကားတို့ မပြန်ဘဲရှက်စနိုး၍ နေရာမှထပြီးလျှင် ပရိဝုဏ်သို့ ပြန်လေ၏၊ ရှင်မောဂ္ဂလာန်လည်း မိမိပရိဝုဏ်သို့ပြန်လေ၏။

**ရဟန်းအိုကဲ့ရဲ့ ထပြန်ခဲ့**

လူတို့သည်ထကြကုန်လျက် ဤရဟန်းအိုကား ငါတို့ တရားမနာရအောင် အချည်းနှီးပြုသည်၊ ဖမ်းကြကုန်ဟုဆိုကာလိုက်ကြကုန်၏၊ ရဟန်းအိုလည်း အတင်းပြေးသည်ရှိသော် ကျောင်းစွန်ရှိ ကျိုးပျက်နေသော ကျင်ကြီးတွင်းထဲသို့ ကျလျက် မစင်အလိမ်းအလိမ်းကပ်၍ နေလေ၏။

ထိုအခါလူတို့သည် မစင်အလိမ်းအလိမ်း ကပ်နေသော ရဟန်းအိုကိုမြင်လျှင် စက်ဆုပ်ရွံရှာ နှလုံးမသာသဖြင့် မြတ်စွာဘုရားထံကပ်လျက် အကြောင်းစုံလျှောက်ထားရာ မြတ်စွာဘုရားသည် "ဒါယကာတို့....ထိုရဟန်းသည် ယခုအခါ၌သာ မိမိအစွမ်းမရှိဘဲ မတုပြိုင်သင့်သည်ကိုတုပြိုင်မိ၍ မစင်အလိမ်းအလိမ်း ကပ်နေသည်မဟုတ် ရှေးအခါ၌လည်း မစင်အလိမ်းအလိမ်းကပ်ခဲ့ဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**ခြင်္သေ့ဥာဏ်ဆင်ဝက်မှားထင်**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ခြင်္သေ့မင်းဖြစ်၍ ဟိမဝန္တာဝယ် ဂူတခု၌နေလေ၏၊ ထိုဂူ၏အနီးဝယ် အိုင်တခုကိုအမှီပြုကာဝက်များစွာတို့လည်းနေကြကုန်၏၊ ထိုအိုင်ကိုပင်အမှီပြု၍ ရသေ့များစွာတို့လည်း သစ်ရွက်မိုးကျောင်းဆောက်ကာ နေကြကုန်၏။

တနေ့သ၌ ခြင်္သေ့မင်းသည် အစာရှာသွားရာ ဆင်,ကျွဲစသည်တို့ကို သတ်၍စားပြီးလျှင် အိုင်သို့ဆင်းသက်ကာ ရေသောက်၍အိုင်မှတက်လေ၏၊ ထိုခဏဝယ် လျှပ်ပေါ်သော ဝက်တကောင်သည် အိုင်ကိုမှီ၍ အစာစားနေခိုက် ခြင်္သေ့မင်းမြင်လျှင် ယနေ့ကားဝပြီ နောက်တနေ့မှ ဤဝက်ကိုစားမည် စင်စစ်ကား ငါ့ကိုမြင်လျှင် နောက်ကိုလာဝံ့တော့မည်မဟုတ်ဟု ကြံစည်ကာ ဝက်မလာမည်ကို စိုးရိမ်သောကြောင့် နံပါးတဘက်ဖြင့်သွားရန် အားထုတ်လေ၏။

ဝက်သည် ခြင်္သေ့မင်းကိုမြင်လျှင် ဤခြင်္သေ့ကား ငါ့ကိုမြင်၍ကြောက်သောကြောင့် အနီး၌မသွားဝံ့ဘဲပြေးရာလေ၏၊ ယခုငါသည် ခြင်္သေ့နှင့်စစ်ထိုးသင့်သည်ဟု ခေါင်းကိုမော်၍ စစ်ထိုးရန်–

> ''အချင်းခြင်္သေ့…. ငါလည်း အခြေလေးချောင်းရှိသောသားဖြစ်၏၊ သင်လည်းအခြေလေးချောင်းရှိသော သားဖြစ်၏၊ သို့ပါလျက် သင်သည် အဘယ့်ကြောင့် ကြောက်၍ပြေးသနည်း၊ ပြန်ခဲ့ပါဦးလော့၊ သင်နှင့်ငါစစ်ထိုးမည်''–

ဟု ပြောဆိုကာခေါ်လေ၏။

**စစ်တိုက်ဘို့ရာ ချိန်းချက်ကာ**

ခြင်္သေ့မင်းသည် ဝက်၏စကားကို ကြားလျှင် ''အချင်းဝက်··ယနေ့ငါသည်သင်နှင့်စစ်မထိုးနိုင်သေး၊ နောက်ခုနစ်ရက်မြောက်သောနေ့ဝယ် ဤအရပ်၌ပင်သင်နှင့်ငါစစ်ထိုးမည်'' ဟု ချိန်းဆို၍သွားလေ၏၊ ဝက်လည်း ခြင်္သေ့နှင့်စစ်ထိုးရမည်ဟု ရွှင်ရွှင်လန်းလန်း ဆွေမျိုးဝက်တို့အား ပြောကြားလေ၏။

ဆွေမျိုးဝက်တို့လည်း ထိုဝက်၏စကားကို ကြားလျှင် အလွန်ကြောက်လန့်ကုန်ကြ၏၊ ဤဝက်ကိုအမှီပြု၍ ငါတို့တမျိုးလုံး ပျက်စီးတော့မည်၊ မိမိအစွမ်းသတ္တိကို မသိဘဲ ခြင်္သေ့မင်းနှင့်စစ်ထိုးလိုဘိ၏၊ ခြင်္သေ့လာ၍ ငါတို့တမျိုးလုံးကို သတ်လတ္တံ့၊ ရုန့်ရင်းကြမ်းထမ်းသောအမှုကို မပြုလင့်ဟု ဆိုကြကုန်၏။

**သက်ဘေးချမ်းသာ ကြံပေးရာ**

စစ်ထိုးမည့်ဝက်လည်း အလွန်ကြောက်သည်ဖြစ်၍ ယခုအခါ အဘယ်သို့ပြုအံ့နည်း''ဟု မေးလေ၏၊ ဝက်တို့သည် ''အချင်း….သင်သည် ရသေ့တို့ ကျင်ကြီးစွန့်ရာ အရပ်သို့ သွား၍ ကျင်ကြီးဖြင့် အဖန်ဖန်လိမ်းကျန်၍ ခြောက်သွေ့စေပြီးလျှင် ခုနစ်ရက်မြောက်သောနေ့ဝယ် ကိုယ်ကိုနှင်းရေပေါက်တို့ဖြင့် ဆွတ်ဖျန်းလျက် ခြင်္သေ့မလာမီ စစ်ထိုးမည့်နေရာသို့သွားနှင့်၍ လေညာအရပ်က နေနှင့်လော့၊ ခြင်္သေ့တို့ကား စင်ကြယ်သန့်ရှင်းသော သဘောရှိကုန်၏၊ ဟောင်ပုပ်သော မစင်နံ့ကိုနံခြင်းကြောင့် စစ်မထိုးတော့ဘဲ သင့်ကိုအနိုင်ပေး၍ ပြန်လိမ့်မည်''ဟု နည်းပေးကြကုန်၏။

**ဝက်ဥပါယ်သုံး ခြင်္သေ့ရှုံး**

စစ်ထိုးမည့်ဝက်လည်းဝက်တို့နည်းပေးသောအတိုင်း ပြုလုပ်ကာ ခုနစ်ရက်မြောက်သောနေ့၌ ခြင်္သေ့ မလာမီကပင်သွားနှင့်၍ စစ်ထိုးမည့်နေရာ လေညာအရပ်က နေနှင့်၏၊ခြင်္သေ့မင်းလည်း စစ်ထိုးမည့် နေရာသို့ လာသောအခါ ဟောင်ပုပ်သောအနံ့နံလျှင် ဝက်၏ကိုယ်၌ မစင်လူးထားသောအဖြစ်ကိုသိ၍ ဝက်အား''အချင်းဝက်…. သင်ကားအကြံကောင်းကိုကြံမိ၏၊အကယ်၍ မစင်ပုပ်ဖြင့် မလူးငြားအံ့၊ ဤအရပ်မှာပင် သေရလတံ့၊ ယခုမှာကား သင်၏ကိုယ်ကို နှုတ်သီးဖြင့်လည်း မကိုက်လို၊ ခြေဖြင့်လည်း မကြောက်လို''ဟုပြောဆိုပြီးလျှင် တဖန်----

''အချင်းဝက်‥သင်ကား-မစင်လူးထားသဖြင့်
ပုပ်ဟောင်သောအမွေးရှိ၏၊ မကောင်းသောအနံ့

လည်းရှိ၏၊ သို့အတွက် စစ်မထိုးလိုတော့ပါ၊ သင့်ကိုပင်အနိုင်ပေးတော့မည်”—

ဟု ပြောဆို၍ ထိုအရပ်မှဖဲကာ မိမိနေရာသို့ ပြန်လေ၏။

စစ်ထိုးသည့်ဝက်လည်း ဆွေမျိုးအား ငါခြသေ့်မင်းကို အောင်နိုင်ပြီဟု ပြောဆိုလေ၏၊ ဝက်တို့လည်း ခြသေ့်မင်းသည် တနေ့နေ့တွင်လာ၍ ဝက်တို့ကို သတ်ကုန်လတံ့ဟု ကြောက်ရွံ့ထိတ်လန့်ကာ အရပ်တပါးသို့ သွားကြကုန်၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ မစင်လူးသောဝက်သည်- ယခုအခါ မစင်လူးသောရဟန်းအို။

※ ခြသေ့်မင်းသည်- ငါဘုရားဖြစ်လာပြီဟု—

ဇာတ်ကို ပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) အစွမ်းမတူ၊ ထိုသသူ၊ တုမှုမပြိုင်ရာ။
(၂) စွမ်းမရှိဘဲ၊ ဆိုင်ပြိုင်လဲ၊ ရှက်ကွဲကျိုးယုတ်မှာ။
(၃) ခြသေ့်ပြိုင်ဘူး၊ ဝက်မိုက်ရူး၊ ချေးလူးကိုယ်လုံးမှာ။

သူကာရဇာတ်ပြီး၏။

# ၁၅၄—ဥရဂဇာတ်

## ပဉ္စုပ္ပန်ဝတ္ထု

**မေတ္တာကျိုးပြ မင်္ဂဇိုလ်ရ**

နတ်လူ တို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကောသလ မင်းကြီး၏ စစ်သူကြီးနှစ်ယောက်တို့သည် အချင်းချင်းတွေ့မြင်ရာအရပ်၌ ငြင်းခုန်ခိုက်ရန် ပြုကြကုန်သတတ်၊ ထိုစစ်သူကြီးတို့ ငြင်းခုန်ခိုက်ရန်ဖြစ်ခြင်းကား တမြို့လုံး ပျံ့နှံ့ထင်ရှား၏၊ မင်းကြီးသည်၎င်း, ဆွေမျိုးဉာတိ အဆွေခင်ပွန်းတို့သည်၎င်း အချင်းချင်းသင့်တင့်ညီညွတ်အောင် မပြုလုပ်နိုင်ကြကုန်။

တနေ့သ၌ မြတ်စွာဘုရားသည် မိုးသောက်ထအခါ ကျွတ်ထိုက်သော သတ္တဝါတို့ကို ကြည့်တော်မူလျှင် ထိုစစ်သူကြီးနှစ်ယောက်ကို မြင်တော်မူ၍ ဆွမ်းခံချိန် အခါဝယ် ကိုယ်တော်တပါးတည်းသာ ဆွမ်းခံကြွတော်မူရာ စစ်သူကြီး တယောက်၏ အိမ်တံခါးတွင် ရပ်တော်မူ၏၊ စစ်သူကြီးလည်း မြတ်စွာဘုရားကို အိမ်ပေါ်သို့ပင့်လေ၏၊ မြတ်စွာဘုရားလည်း စစ်သူကြီးအား မေတ္တာအကျိုးကိုဟောတော်မူ၍ သစ္စာကိုပြတော်မူသောအဆုံးတွင် သောတာပတ္တိဖိုလ်၌တည်လေ၏။

**မေတ္တာရေလောင်း ရန်ပြေကြောင်း**

မြတ်စွာဘုရားလည်း သောတာပန်ဖြစ်ပြီးသည်ကို သိတော်မူလျှင် စစ်သူကြီးကို သပိတ်ထမ်းခေါ်ယူလျက် အခြားစစ်သူကြီးအိမ်တံခါးတွင် ရပ်ပြန်၏၊ ထိုစစ်သူကြီးလည်း

မြတ်စွာဘုရားကို အိမ်ပေါ်သို့ပင့်လေ၏၊ ဆန့်ကျင်ဘက်စစ်သူကြီးလည်း လိုက်လေ၏၊ မြတ်စွာဘုရားသည် ထိုစစ်သူကြီးအားလည်း မေတ္တာအကျိုးကို ဟောတော်မူ၍ သစ္စာကိုပြတော်မူသည့်အဆုံးတွင် ဆန့်ကျင်ဘက် စစ်သူကြီးလည်း သောတာပတ္တိဖိုလ်၌တည်လေ၏။

ထိုအခါ နှစ်ယောက်သောစစ်သူကြီးတို့သည် သောတာပန်ဖြစ်ကုန်ပြီးသော် အချင်းချင်းအပြစ်ကိုပြကာ ကန်တော့ကြပြီးလျှင် ညီညွတ်ကြကုန်၏၊ ဝမ်းမြောက်ကြကုန်၏၊ အလိုဆန္ဒတူမျှကြကုန်၏၊ မြတ်စွာဘုရားရှေ့တော်မှာပင် အတူတကွ စားသောက်ကြကုန်၏၊ မြတ်စွာဘုရားလည်း ဆွမ်းဘုဉ်းပေးပြီးလျှင် ကျောင်းတော်သို့ကြွတော်မူ၏၊စစ်သူကြီးတို့လည်း အတူတကွနောက်တော်မှ လိုက်ကြကုန်၏။

ရဟန်းတို့သည် တရားသဘင်ဝယ်“ငါ့ရှင်တို့....မြတ်စွာဘုရားသည် မယဉ်ကျေးသေးသောသူတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူနိုင်ပေသည်၊ကောသလမင်းကြီးမှစ၍မည်သူမျှသင့်တင့်ညီညွတ်၍မရသော စစ်သူကြီးနှစ်ယောက်ကို သင့်တင့်ညီညွတ်အောင် ပြုလုပ်တော်မူနိုင်ပေသည်”ဟု စကားစပ်မိ၍ ပြောဆိုနေကြရာ- မြတ်စွာဘုရား ကြွလာတော်မူ၍“ရဟန်းတို့..ဤစစ်သူကြီးနှစ်ယောက်တို့ကို ယခုအခါ၌သာ သင့်တင့်ညီညွတ်အောင် ပြုလုပ်သည်မဟုတ်၊ ရှေးအခါ၌လည်း ပြုလုပ်ခဲ့ဘူးပြီ”ဟု မိန့်တော် မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

**ပွဲတော်အတွက် ပျော်မွေ့လျက်**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဗာရာဏသီမြို့တော်ဝယ် ကြီးကျယ်သော ပွဲလမ်းသဘင်သည် ဖြစ်သတတ်၊ ထိုအခါ များစွာသောလူတို့သည်၎င်း, နတ်,နဂါး, ဂဠုန်အစရှိသည်တို့သည်၎င်း ပွဲသဘင်ကြည့်ရှုရန် စည်းဝေးရောက်လာကြကုန်၏။

ထိုပွဲသဘင်၏ နေရာတခုဝယ် လူယောင် ဖန်ဆင်းလာသော နဂါးတကောင်နှင့် ဂဠုန်တကောင်တို့သည် အချင်းချင်းမသိကြဘဲ အမှတ်မဲ့ဖြစ်၍ ဂဠုန်၏ပခုံးတွင် နဂါးက လက်တင်လျက် အတူတကွ ကြည့်ရှုနေကြကုန်၏။

**သဘေးလွတ်ရေး ရသေ့ထံပြေး**

ထိုအခါ ဂဠုန်သည် ငါ့ပခုံးမှာ ဘယ်သူ လက်တင် သနည်းဟု ကြည့်လတ်သော်နဂါးမှန်းသိလေ၏၊ နဂါးကလည်း ပြန်၍ကြည့်လတ်သော် ဂဠုန်မှန်းသိပြန်၏၊ ထိုအခါ သဘေးမှကြောက်ရကား မြို့မှထွက်၍ မြစ်ဆိပ်သို့ပြေးလေ၏၊ ဂဠုန်လည်း ဖမ်းယူရန် နောက်မှ အတင်းလိုက်လေ၏။

ဘုရားအလောင်းသည် ရသေ့ဖြစ်၍ ထိုမြစ်ကမ်းနားဝယ် သစ်ရွက်မိုးသောကျောင်းတွင်နေလျက် အိုက်သဖြင့် ရေသနုပ်ကိုဝတ်၍ လျှော်တေသင်္ကန်းကိုမြစ်ကမ်းမှာ ထားပြီးလျှင် မြစ်သို့ဆင်းသက်ကာ ရေချိုးလေ၏၊ နဂါးလည်း

ဤရသေ့ကိုမှီ၍ အသက်ချမ်းသာရာ ရမည်ဟု ပကတိ အသွင်ကို စွန့်ပြီးလျှင် ပတ္တမြားလုံးအသွင် ဖန်ဆင်းကာ လျှော်တေသက်န်းကြားသို့ ဝင်လေ၏။

**မေတ္တာဟောပြ ကျေးအေးကြ**

ဂဠုန်လည်း နဂါးလျှော်တေ သက်န်းကြားသို့ဝင်သည်ကိုမြင်လျှင် အရဟဒ္ဓဇဖြစ်သော လျှော်တေသက်န်းကို ရိုသေလေးမြတ်သဖြင့် မဖမ်းယူသေးဘဲ၊ ရသေ့ကိုခေါ်ပြီးလျှင်—

"အို ရှင်ရသေ့.... နဂါးတို့အထွတ်အမြတ်ဖြစ်သော နဂါးမင်းသည် အကျွန်ုပ်မှ လွတ်လိုသဖြင့် ပတ္တမြားလုံးဟန်ဆောင်ကာ အရှင်ဘုရား၏လျှော်တေကြားတွင် ဝင်နေပါ၏၊ အကျွန်ုပ်သည် အရှင်ဘုရားတို့၏ မြတ်သောအဖြစ်နှင့် အဆင်းတော်ကို ရိုသေသဖြင့် အစာဖြစ်သော နဂါးမင်းကို ဆာလောင်လျက်မစားဝံ့ပါ၊ သို့အတွက်အရှင်ဘုရား၏ လျှော်တေသက်န်းတော်ကို ယူပါလော့၊ ဤနဂါးကိုစားပါအံ့"—

ဟု လျှောက်ထားသည်ရှိသော် ရသေ့သည် ရေ၌တည်လျက်ပင်ဂဠုန်မင်းအား—

"အိုဂဠုန်မင်း....သင်သည် မြတ်သော ရသေ့ရဟန်း၏အသွင်ကို ပူဇော်ခြင်းကြောင့် အစာဖြစ်သော နဂါးမင်းကို စားလိုပါလျက် မစားသေးသောသင်သည် ဗြဟ္မာမင်းစောင့်ရှောက်အပ်သည် ဖြစ်၍ အခါလေးမြင့် အသက်ရှည်ပါစေသတည်း၊

သင်အား နတ်၌ဖြစ်သော အစာအာဟာရတို့သည်
ထင်ရှားဖြစ်ပါစေကုန်သတည်း''။

ဟု ဂဠုန်မင်းကို ချီးမွမ်းကာ အနုမောဒနာပြုလျက် ရေမှတက်၍ လျှော်တေသက်နံကို ဝတ်ပြီးလျှင် ထိုနဂါးဂဠုန်နှစ်ဦးတို့ကိုခေါ်၍ ကျောင်းသို့သွားကာမေတ္တာဘာဝနာ၏ အကျိုးကိုဟောတော်မူ၍ သင့်တင့်ညီညွတ်အောင် ပြုတော်မူ၏။

ထိုနဂါး,ဂဠုန်နှစ်ဦးတို့လည်း ထိုအခါမှစ၍ အချင်းချင်း ညီညွတ်ကာ ဝမ်းမြောက်ဝမ်းသာဖြစ်၍ ချမ်းသာစွာနေကြကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ နဂါးနှင့်ဂဠုန်တို့သည်- ယခုအခါ စစ်သူကြီးနှစ်ယောက်။

※ ရသေ့သည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ငြင်းခုန်ခိုက်ရန်၊ မသင့်ပြန်၊ ကောန်အကျိုးနဲ။
(၂) မေတ္တာရေစင်၊ ဆွတ်ဖျန်းလျှင်၊ ချစ်ခင်ညီညွတ်မြဲ။
(၃) နဂါး,ဂဠုန်၊ မေတ္တာခြုံ၊ ပေါင်းဆုံချစ်သည့်နဲ။

ဥရဂဇာတ်ပြီး၏။

## ၁၅၅—ဘဂ္ဂဇာတ်

ပဋ္ဌ၊ ပဥ္စ၊ ဝဏ္ဏ၊ 

ဖျင်းဖျင်းဆိုကြ ပညတ်ရ

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းအနီး ဖြစ်သော ကောသလ မင်းကြီးသည် ဆောက်လုပ်အပ်သည့် ရာဇကာရုံကျောင်း၌ သီတင်းသုံးတော်မူစဉ် ပရိသတ် လေးပါးတို့အလယ်၌ တရားဟောတော်မူခိုက် ချေဆတ်တော်မူ၏။

ထိုအခါ ရဟန်းတို့သည် (မြတ်စွာဘုရားသည်အသက်ရှည်စေသော်)ဟု ဆိုကြသဖြင့် အုတ်အုတ်ကျက်ကျက်သော အသံဖြစ်လေ၏၊ထိုအသံကြောင့် တရားဟောခြင်း၌ အန္တ-ရာယ်ဖြစ်လေ၏။

ထိုအခါမြတ်စွာဘုရားသည် ရဟန်းတို့အား "ရဟန်းတို့····ချေဆတ်သောအခါ အသက်ရှည်စေသော်-ဆိုသဖြင့် အသက်ရှည်ရာသလော၊သို့မဟုတ်သေရာသလော"ဟုမေး၏၊"အရှင်ဘုရား··အသက်ရှည်စေသော ဆိုသဖြင့်အသက်ရှည်ရခြင်း,သေရခြင်းသည် မဖြစ်သင့်ပါ" လျှောက်ကြကုန်၏၊ သို့ဖြစ်လျှင် ချေဆတ်သောအခါ အသက်ရှည်စေသော်-ဆိုသောရဟန်းအား ဒုက္ကဋ် အာပတ်သင့်စေဟု ပညတ်တော်မူ၏။

---

* ဒုက္ကဋ်အာပတ်····ရဟန်းတော်တို့အာပတ်ခုနစ်ပါးတို့တွင် ခြောက်ခုမြောက်အာပတ်။

**ဘုရားရှင်လျှောက်ထား
ဟောမိန့်ကြား**

တနေ့သ၌ လူတို့သည် ရဟန်းတို့ချေဆတ်သောအခါ အသက်ရှည်စေသော်-ဆိုသည်ရှိသော် ရဟန်းတို့သည် သိက္ခာပုဒ် ပညတ်ထားသဖြင့် တဖန်တုံ့ပြန်၍ အသက်ရှည်သော်ဟု မဆိုကြကုန်၊ လူတို့သည်ကဲ့ရဲ့ကြကုန်၏၊ ရဟန်းတို့သည် မြတ်စွာဘုရားအား ကဲ့ရဲ့သောအကြောင်းကိုလျှောက်ထားကြကုန်၏၊ မြတ်စွာဘုရားသည် "ရဟန်းတို့....လူတို့သည် နှတ်မင်္ဂလာစကားကိုချီးမွမ်းကြကုန်၏၊ သို့အတွက်လူတို့အား အသက်ရှည်စေသော်"ဟု တုံ့ပြန်၍ဆိုခြင်းငှါခွင့်ပြုတော်မူရပြန်၏။

ရဟန်းတို့သည် မြတ်စွာဘုရားအား "အရှင်ဘုရား.... ချေဆတ်သောအခါ အခြားသူက အသက်ရှည်စေသော်၊ တဖန် ချေဆတ်သူကလည်း တုံ့ပြန်၍ အသက်ရှည်စေသော်ဟု အပြန်အလှန်ဆိုရသော ဥပဒေသည် အဘယ်အခါမှစ၍ ဖြစ်ပါသနည်း"ဟု လျှောက်ထားကြရာ "ရဟန်းတို့.... ရှေးအခါကပင် ဖြစ်ခဲ့သည်"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု၊

**တည်းခိုနေရေး
တံခါးစောင့် မေး**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ကာသိတိုင်းဝယ် ပုဏ္ဏားမျိုးဖြစ်လေ၏၊ အဘပုဏ္ဏားသည် ကုန်သွယ်ခြင်းအမှုကိုပြုကာအသက်မွေးလေ၏။

သားဖြစ်သော ပုဏ္ဏားလုလင်သည် တဆယ့်ခြောက်နှစ် အရွယ်သို့ ရောက်လတ်သော် အဘ ပုဏ္ဏားကြီးနှင့်တကွ ကုန်သွယ်သွားရာ ဗာရာဏသီမြို့တော်သို့ရောက်လျှင် တံခါး စောင့်အိမ်တွင် ထမင်းချက်ပြုတ်စားသောက်ပြီးလျှင် တည်း ခိုရန် နေရာမရသဖြင့် တံခါးစောင့်အား "အချင်းတံခါး စောင့်....အခါမဲ့၌ လာသော ဧည့်သည်တို့သည် အဘယ် အရပ်မှာ တည်းခိုနေထိုင်ရသနည်း"ဟု မေး၏၊ "အချင်း ကုန်သည်....မြို့ပြင်မှာ ဘီလူးစောင့်သော စရပ်တဆောင် ရှိသည်၊ တည်းခိုလိုလျှင် ထိုစရပ်မှာတည်းခိုပါ" ဟုပြော လေ၏။

**ဘီလူးနေရာ အိမ်သောခါ**

ပုဏ္ဏား လုလင်သည် အဘ အား "ဘခင်..သွားကြကုန်အံ့၊ ဘီလူးဘေးမှ မကြောက် ပါလင့်၊ အကျွန်ုပ်သည် ဘီလူးကိုဆုံးမကာ ဘခင်ခြေရင်း၌ဝပ်စေအံ့"ဟု ပြောဆို ပြီးလျှင် အဘကိုခေါ်၍ ထိုစရပ်သို့သွားကြ၏၊ အဘပုဏ္ဏား သည် အင်းပျဉ်၌ လျောင်းလေ၏၊ သားလုလင်သည် ဘခင် ခြေတို့ကိုဆုပ်နယ်ကာနေ၏။

ထိုစရပ်၌ စောင့်သောဘီလူးကား* ဝေဿဝဏ် နတ် မင်းကြီးထံ ဆယ့်နှစ်နှစ်ပတ်လုံး ခစားလုပ်ကျွေးမှ ထိုစ ရပ်ကို အပိုင်စားရ၏၊ ထိုသို့စားရသော်လည်း ထိုစရပ်သို့ ဝင်သောသူတို့တွင် ချေဆတ်သောအခါ အသက်ရှည် စေ

---

* ဝေဿဝဏ်နတ်မင်းကြီး—၌နတ်မင်းကြီးကိုကုဝေရနတ်မင်း ကြီးလည်းခေါ်သည်၊ ၎င်းမှာ စာတုမဟာရာဇ်နတ်မင်းကြီး လေးယောက် အဝင်အပါ မြင့်မိုရ်တောင် ပဌမအာလိန်၌ ဘီလူးတို့ကိုအစိုးရသည်။

သော်-ဆိုသူနှင့် တဖန်တုံ့ပြန်ကာ အသက်ရှည် စေသော်-ဆိုသူတို့ကို ချန်ထား၍ ကြွင်းသောသူတို့ကိုသာ စားရန် အမိန့်ရလေ၏၊ ထိုဘီလူးသည် စရပ်ခေါင်မျှော်တွင် နေ၏။

**ဆုတောင်းပြန်က မစားရ**

ထိုအခါ ဘီလူးသည် လျှောင်းနေသော အဘပုဏ္ဏားကို မိမိ၏အာနုဘော် ဖြင့် ချေဆတ်မည်ဟု သိမ်မွေ့သော အမှုန့်ကိုလွှတ်၏၊ နှာခေါင်းသို့ဝင်သည်ရှိသော် အဘပုဏ္ဏားသည် ချေဆတ်လေ၏၊ သားလုလင်သည် အသက် ရှည်စေသော်ဟု ဆိုလေ၏၊ ဘီလူးသည် အဘပုဏ္ဏားကိုစားရန် ခေါင်မျှော်မှဆင်း၏၊ သားလုလင်သည် ဘီလူးဆင်းလာသည်ကိုမြင်လျှင် ဤဘီလူးသည် ငါ့အဘကို ချေဆတ်အောင် ပြုလုပ်သည်ဖြစ်လတ့်၊ ချေဆတ်သောအခါ အသက်ရှည်စေသော်- မဆိုသူကိုစားဘို့အမိန့်ရသော ဘီလူးဖြစ်လတ့်ဟု နှလုံးသွင်းကာ-အဘပုဏ္ဏားကိုရည်မှတ်လျက်--

"ဘခင်ဘဂ္ဂ····သင်သည် နှစ်ပေါင်း တရာ့နှစ်ဆယ် အသက်ရှည်စေသော် အကျွန်ုပ် ကိုလည်း ဘီလူးတို့မစားနိုင်စေသော်--

ဟုဆိုလေ၏၊ ထိုအခါ ဘီလူးသည် သားလုလင်စကားကိုကြားလတ်သော် ရှေးဦးစွာ အဘသည် အသက်ရှည်စေသော်-ဆိုသောကြောင့် ဤလုလင်ကိုမစားနိုင်၊ အဘပုဏ္ဏားကိုစားမည်ဟု ပုဏ္ဏားထံသွားလေ၏။

အဘ ပုဏ္ဏားလည်း ဘီလူးလာသည်ကိုမြင်လျှင် ဤဘီလူးသည် ချေဆတ်သောအခါ သူတပါးက အသက်ရှည်

စေသော်-ဆိုပါလျက် တဖန်တုံ့ပြန်ကာ အသက်ရှည်စေသော်-မဆိုသူကိုလည်း စားဘို့အမိန့်ရသည် ဖြစ်လတံ့ဟု နှလုံးသွင်း၍ သားလုလင်ကိုရည်မှတ်လျက်—

"ချစ်သား....သင်သည်လည်းနှစ်ပေါင်းတရာ့နှစ်ဆယ် အသက် ရှည်စေသော် ဘီလူးတို့သည် လတ်တလော သေစေတတ်သော အဆိပ်ကို စားရစေသော်"—

ဟုတုံ့ပြန်ဆိုလေ၏၊ ဘီလူးသည် အဘစကားကို ကြားလျှင် တဖန်တုံ့ပြန်၍ ဆိုသူဖြစ်သောကြောင့် ဤပုဏ္ဏားကိုလည်းမစားနိုင်၊ ဤသို့သား,အဘ နှစ်ယောက်လုံး မစားနိုင်တော့သည့်အတွက် မိမိနေရာသို့ပြန်လေ၏။

ဘီလူးဆုံးမ မာန်စွယ်ကျ

ထိုအခါသားလုလင်သည်—

"အိုဘီလူး...သင်သည် ဤအရပ်သို့ ဝင်သူတို့ကို အဘယ့်ကြောင့် စားရသနည်း"ဟု မေး၏၊ "လုလင်.... ဆယ့်နှစ်နှစ်ပတ်လုံး ခစားလုပ်ကျွေးသဖြင့် ဝေဿဝဏ်နတ်မင်းကြီးက အပိုင်စားပေးထားသည့်အတွက် စားရပါသည်" ဟု ပြော၏၊ "ဘီလူး....အလုံးစုံသောသူကို စားရသလော"ဟု မေး၏၊ "မဟုတ်ပါ ချေဆတ်သောအခါ အသက်ရှည်စေသော်-မဆိုသူနှင့် တဖန်တုံ့ပြန်ကာ အသက်ရှည်စေသော်—မဆိုသူတို့ကိုသာစားရပါသည်"ဟု ပြောကြား၏၊ "ဘီလူး.... သင်ကား ရှေးအခါအကုသိုလ်ကို ပြုခဲ့ခြင်းကြောင့်ရုန့်ရင်းကြမ်းထမ်း၍ သူတပါးကို သတ်ဖြတ်စားရသော ဘီလူးဖြစ်ရသည်၊ ယခုအခါ တဖန် အကုသိုလ်ပြုပြန်လျှင် သင်

သည် အမိုက်ဘဝမှ အမိုက်ဘဝသို့ပင် ရောက်လတံ့ဟု ငရဲဘေးဖြင့် ခြိမ်းချောက်၍ ငါးပါးသီလ၌တည်စေ၏၊ ဘီလူးလည်း ပုဏ္ဏားထံဝယ် ကျွန်အမှုလုပ်ပမာလုပ်ကျွေးလေ၏။

**မင်းကြီးချီးမြှောက် သား,ဘနှစ်ယောက်** မိုးသောက် လင်းသောအခါ လှည့်လည်လာသော သူတို့သည် ဘီလူးကို မြင်လျှင် ပုဏ္ဏားလုလင်သည် ဘီလူးကို ဆုံးမထားသောအဖြစ်ကို သိကြ၍ မင်းကြီးအား ထိုအကြောင်းကို လျှောက်ထားကြကုန်၏၊ မင်းကြီးလည်း ပုဏ္ဏားလုလင်ကို ခေါ်၍ သေနာပတိ စစ်သူကြီးအရာ၌ထားလေ၏၊ ပုဏ္ဏားလုလင်သည် အဘ ပုဏ္ဏားကြီးအား များစွာသော စည်းစိမ်ကို ပေးလေ၏၊ မင်းကြီးလည်း ဘီလူးကို ဗလိနတ်စာခံယူသော နတ်အရာ၌ထား၍ပုဏ္ဏားလုလင်၏ အဆုံးအမ၌တည်ကာ ဒါနသီလစသောကုသိုလ်ကောင်းမှုတို့ကို ပြုစုအားထုတ်လျက်နတ်ပြည်သို့ပြန်စေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ဘီလူးသည်-ယခုအခါ အင်္ဂုလိမာလ။

※ မင်းကြီးသည်-အာနန္ဒာ။

※ အဘပုဏ္ဏားသည်-ကဿပ။

※ သားပုဏ္ဏားလုလင်သည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ခြေဆတ်သူထက်၊ ဆိုစမြွက်၊အသက်ရှည်စေဟု။
(၂) ရှေးဆိုသူထက်၊ဘုံ့ပြန်လျက်၊အသက်ရှည်စေဟု။
(၃) အသက်ရှည်စေ၊ဆိုသောထွေ၊ရှည့်,သေမဖြစ်ဟု။
(၄) နှာဘ်မင်္ဂလာ၊ဆိုကြရာ၊ရှေးခါကပင်ဟု။

ဘဂ္ဂဇာတ် ပြီး၏။

---

## ၁၅၆–အလီနစိတ္တဇာတ်

ပဥ္စုပ္ပန်ဝတ္ထု၊

**လို့လကြောင်းပြုဆုံးမမှု**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် လို့လဝီရိယယုတ်လျော့သော ရဟန်းတပါးရှိလေ၏။

ရဟန်းတို့သည် ထိုရဟန်းကို မြတ်စွာဘုရားထံဆောင်ယူကာ လို့လဝီရိယ ယုတ်လျော့သော အကြောင်းကို လျှောက်ကြလျှင် မြတ်စွာဘုရားသည် ထိုရဟန်းအား– ‘‘ချစ်သားရဟန်း····သင်သည် ငါဘုရားသာသနာတော်၌ ရဟန်းပြုပါလျက် အဘယ့်ကြောင့်လို့လဝီရိယယုတ်လျော့ဘိသနည်း၊ ရှေးအခါက သင်သည် လို့လဝီရိယကို မယုတ်လျော့မူ၍ မွေးဖွားခါစ သူငယ်အား တဆယ့်နှစ်ယူဇနာရှိသော ဗာရာဏသီပြည်ကြီး၌ မင်းအဖြစ်ကို ယူ၍ ပေးဘူးသည်မဟုတ်တုံလော’’ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု၊

**သစ်လုပ်စားကာ လက်သမားရွာ**

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဗာရာဏသီမြို့တော်မှ မနီးမဝေးသော အရပ်ဝယ် လက်သမားတို့ရွာရှိလေ၏၊ ထိုရွာ၌ လက်သမားငါးရာတို့သည် နေကြကုန်၏။

ထိုလက်သမားတို့သည် လှေဖြင့် မြစ်ညာသို့ ဆန်တက်ကာ တောသို့ဝင်၍ ဘုံတဆင့်နှစ်ဆင့် စသည်ဖြင့် အဆင်သင့်စီမံထားကာ များစွာသော တိုင်,ယက်မ,ထုပ်,လျောက်, ဒိုင်း,မျှား စသော အိမ်အဆောက်အဦ တို့ကို ပြုလုပ်၍ လှေဖြင့် မြို့သို့ တင်ဆောင်လျက် ရောင်းချပြီးလျှင် တဖန် တောသို့ပြန်ကာ ပြုလုပ်မြဲ ပြုလုပ်ကြပြန်၏။

**ရွာသားများကြောင့် ခြေနာပျောက်**

ထိုလက်သမားတို့နေရာမနီးမဝေး အရပ်တွင် ဆင်ကြီး တကောင်သည် ခြေထောက်ကို ရှားငုတ်စူးသဖြင့် ဖူးဖူးယောင်ကာ ပြည်မှည့်လျက် နာကျင်ကိုက်ခဲ၍ ဝေဒနာ သည်းထန်စွာ ခံစားနေရ၏၊ ထိုဆင်ကြီးသည် လက်သမားတို့ သစ်ခုတ်သံ, သစ်ရွေသံ ကြားလတ်သော် ငါ့အား ဤလက်သမားတို့ကိုမှီ၍ အသက်ချမ်းသာလိမ့်မည်ဟု ကြံစည်လျက် ခြေထောက်သုံးချောင်းဖြင့်ထောက်ကာ လက်သမားတို့ထံ လာလေ၏။

လက်သမားတို့လည်း ဖူးဖူးယောင်နေသော ဆင်ကြီး၏ ခြေထောက်ကိုမြင်လျှင် သနားကျင်နာလှသဖြင့် အနားသို့ချဉ်းကပ်လျက် ရှားငုတ်စူးဝင်နေသည်ကို မြင်ပြန်လျှင်

ရှားငုတ်ကို အပေါ်ကပဲခွပ်ဖြင့်ရစ်ကာ ကြိုးနှင့်ချည်ပြီးလျှင် ရှားငုတ်ကိုနုတ်၍ ပြည်ကိုထွက်စေလျက် ရေနွေးဖြင့်သုတ်သင်ဆေးကြောကာ သင့်လျော်သောဆေးဝါးထည့်ကြလေလျှင် မကြာမီ အနာရောဂါ ပျောက်ကင်းလေ၏။

**ကျေးဇူးဆပ်ရေး ဆင်ငယ်ပေး**

ဆင်ကြီးသည် အနာကင်းလျှင် ငါ့မှာ ဤလက်သမားတို့ကြောင့် အသက်ချမ်းသာသည်၊ ယခုအခါ၌ လက်သမားတို့အား ကျေးဇူးဆပ်အံ့ဟုကြံစည်ကာ ထိုနေ့မှစ၍ လက်သမားတို့နှင့် သစ်ကိုဆွဲ၏၊ ရွေသောအခါလည်း ပဲခွပ်ကိုယူ၍ ပေး၏၊ မျဉ်းကြိုးကိုလက်မောင်းဖြင့်ကိုင်၏၊ ရွေသောအခါ သစ်ကိုလှန်၍ပေး၏၊ ထိုအခါလက်သမားတို့သည် ထမင်းစားသောအခါ ဆင်အား တဆုပ်စီပြု၍ ထမင်းဆုပ်ငါးရာတို့ကို ပေးကြ၏၊ ထိုဆင်ကြီးအား ကိုယ်လုံးဖြူဆွတ်သော အာဇာနည်ဆင်သားငယ်တကောင်လည်း ရှိလေ၏။

ဆင်ကြီးသည် လက်သမားတို့နှင့် အတူတကွ လုပ်ကိုင်စားသောက်ကာ ကာလကြာရှည်လတ်သော် ယခုအခါ ငါအိုမင်းခဲ့ပြီ၊ လက်သမားတို့ အလုပ်ကို လုပ်ကိုင်ရန် သားငယ်ပေး၍ သွားရန်သင့်သည်ဟု ကြံစည်လျက် လက်သမားတို့ကို မပြောကြားဘဲ တောသို့သွား၍ သားငယ်ကို ခေါ်လာပြီးလျှင် "ဤဆင်ငယ်ကား-ငါ၏သားတည်း သင်တို့သည် ငါ့အား အသက်ကို ပေးပေသည်၊ ဤဆင်ငယ်ကို ဆေးဘိုးအတွက် ယူကြလော့၊ ဤဆင်ငယ်သည် ဤနေ့မှစ၍ သင်တို့အမှုကို ပြုလုပ်လတ့်"ဟု အပ်နှင်းကာ ဆင်ငယ်ကို ဆုံးမခဲ့၍ တောသို့ဝင်လေ၏။

**ပျော်မွေ့နေရှာ လူတို့ရွာ**

ဆင်ငယ်လည်းအဘဆိုးမသော အတိုင်း လိုက်နာလျက် နေ့စဉ် လက်သမားတို့ အမှုကိစ္စကို ဆောင်ရွက်၏၊လက်သမား တို့သည် ဆင်ငယ်အားလည်း ထမင်းဆုပ် ငါးရာတို့ဖြင့် ကျွေးမွေးကြကုန်၏၊ လက်သမားသားငယ်တို့သည် ကြည်း ကုန်း၌ဂုဏ်း,ရေ၌ဂုဏ်း ပွေ့ဘက် စီးနင်းကာ ဆင်ငယ်နှင့် ကစားကြကုန်၏။

စင်စစ်သဖြင့် အာဇာနည် ဖြစ်သော ဆင်, မြင်း, ယောကျာ်းတို့သည် ရေ၌ ကျင်ကြီး,ကျင်ငယ်ကို စွန့်လေ့ မရှိကြကုန်၊ ထို့ကြောင့် ဆင်ငယ်သည် ဘယ်အခါမျှ ရေ၌ ကျင်ကြီး,ကျင်ငယ် မစွန့်လေ၊ ကြည်းကုန်း၌သာ စွန့်လေ့ ရှိ၏။

**ဆင်ဆရာကြိမ့် ရေချိုးရ**

တနေ့သ၌ မိုးရွာသည်ရှိသော် ဆင်ချေး ခြောက်တို့သည် မိုးရေကြောင့် မြစ်သို့ ကျဆင်းလျက် အောက်သို့ မျောကာ ဗာရာဏသီမြို့တော်ရှိ မြစ်ဆိပ်ခြုံတခုတွင် တင်နေကုန်၏၊ ဆင်ထိန်းတို့သည် ဗာရာဏသီမင်း၏ ဆင်ငါးရာတို့ကို ရေ ချိုးရန် မြစ်ဆိပ်သို့ ဆောင်ကြကုန်၏၊ ဆင်တို့သည် အာ ဇာနည် ဆင်ချေးနံ့ကိုရသဖြင့် တကောင်မျှ မြစ်သို့ မသက် ဆင်းဝံ့ကြကုန်။

ထိုအခါ ဆင်ထိန်းတို့သည် ဆင်ဆရာတို့ကို ပြောကြား ကြကုန်၏၊ ဆင်ဆရာတို့သည် ရေ၌ဘေးရန်ရှိသည်ဖြစ်လိမ့် မည် ဟု စုံစမ်းရှာဖွေကြရာ ခြုံတွင် တင်နေသော အာဇာ နည် ဆင်ချေးတို့ကိုမြင်လျှင် ဤဆင်ချေးတို့ကား ဆင်တို့

ရေကိုမဆင်းဝံ့သောအကြောင်းတည်းဟုသိ၍ ထိုချေးတို့ကို အိုးတွင်ထည့်ကာ ရေအပြည့်ဖျော်၍ ဆင်တို့ ကိုယ်မှာ လောင်းကြကုန်၏၊ ကိုယ်တို့သည် မွှေးကြိုင်ကုန်၏၊ ထိုအခါ မှ ဆင်တို့သည် ရေသို့သက်၍ ရေချိုးဝံ့ကြကုန်၏။

**ဆင်အာဇာနည်ရှာ မင်းကြွလာ**

ဆင်ဆရာတို့လည်းမင်းကြီးထံသွားကြ၍ ''မြတ်သောမင်းကြီး မြစ်ညာ၌ ဆင်အာဇာနည်ရှိလိမ့်မည်၊ ရှာဖွေစုံစမ်း၍ ယူသင့်သည်''ဟု လျှောက်ထားကြကုန်၏၊ မင်းကြီးလည်း စစ်သည်ဗိုလ်ပါနှင့် ခြံရံကာ လှေဖောင်တို့ဖြင့် မြစ်ညာသို့ ဆန်တက်လတ်သော် လက်သမားတို့နေရာသို့ရောက်လေ၏၊ လက်သမားတို့လည်း မင်းကြီးကို ခရီးဦး ကြိုဆိုကြ၍ ''မြတ်သောမင်းကြီး....ဤအရပ်သို့ အဘယ်အတွက် ကြွလာပါသနည်း၊ သစ်တို့ကိုအလိုရှိလျှင် ယူတော်မူပါ ဆက်သပါမည်''ဟု လျှောက်ထားလေ၏၊ ''အချင်းတို့.... ငါသည် သစ်တို့ကိုလို၍ လာသည်မဟုတ်၊ သင်တို့ထံရှိသော ဆင်အာဇာနည်ကို အလိုရှိ၍လာသည်''ဟု ပြောလေ၏၊ ''မြတ်သောမင်းကြီး...ယူတော်မူပါ''ဟု လျှောက်ထားကြကုန်၏။

**ကျေးဇူးဆပ်ကာ မင်းနောက်ပါ**

ထိုအခါ ဆင်ငယ်သည် မင်းကြီးထံ မလိုက်လို၊ မင်းကြီးသည် ''အချင်းတို့....ဆင်ငယ်သည် အဘယ်သို့ပြုစေလိုသနည်း''ဟု မေး၏၊ ''မြတ်သောမင်းကြီး....လက်သမားတို့ကို ကျေးဇူးဆပ်စေလိုပါသည်''ဟု လျှောက်ထားကြပြန်၏၊ မင်းကြီးသည် ဆင်ငယ်၏ အခြေလေးချောင်း, နှာမောင်း,အမြီး, ဤခြောက်ဌာနတွင် အသပြာတသိန်းစီ

အားဖြင့် ခြောက်သိန်းတို့ကို စုပုံစေ၍၊ ဆင်ငယ်သည် ဤမျှ ဥစ္စာဖြင့်လည်း မလိုက်လို၊ တဖန်လက်သမား တို့အား ပုဆိုးအစုံတို့ကိုငင်း, အဝတ် ဝတ်စရာတို့ကိုငင်းပေးပြန်၍၊ ဤမျှဥစ္စာဖြင့်လည်း မလိုက်လို၊ တဖန်သူငယ်တို့အား လည်း ပေးကမ်းပြန်၍၊ထိုအခါမှ မင်းကြီးထံ လိုက်လေ၏။

**ဆင်ချီးမြှောက်ရေး တိုင်းပြည်ပေး** မင်းကြီးလည်း ဆင်ဖြူတော်ကို ယူ၍ မြို့သို့ရောက်လျှင် တမြို့လုံး တန်ဆာဆင်စေလျက်အဘိသိက်သွန်းလျက် မင်္ဂလာဆင်တော်ပြု၍ အဆွေခင်ပွန်းအရာ၌ ထားပြီးလျှင် တိုင်းပြည်တဝက်ခွဲပေးကာ ပူဇော်သက္ကာရကို အညီအမျှခံယူစေ၍၊ ဆင်ဖြူတော်ရောက်သော ကာလမှစ၍ ဇမ္ဗူဒိပ်တကျွန်းလုံးမင်းအဖြစ်သည် ဗာရာဏသီ မင်းကြီးလက်သို့ ရောက်ကာ ကေရာဇ်မင်းဖြစ်လေ၏။

**စစ်ထိုးဘို့ပြောကြား ဆိုင်းငံ့ထား** ကာလ ရှည်ကြာလတ်သော် ဘုရားအလောင်းသည် ဗာရာဏသီ မင်း၏ မိဖုရားကြီးဝမ်းဝယ် ပဋိသန္ဓေနေလေ၏၊ ထိုအခါ မင်းကြီးသည် နတ်ရွာစံလေ၏၊ ထိုအကြောင်းကို နှလုံးကွဲ၍ သေမည်ကို စိုးရိမ်သည့်အတွက် မင်္ဂလာ ဆင်တော်အား မပြောဝံ့ကြကုန်၊ လုပ်ကျွေးမြဲသာ လုပ်ကျွေးကြကုန်၏၊ မင်းကြီးနတ်ရွာစံသည်ကိုကြားလေလျှင် အနီးရှိ ကောသလမင်းသည် များစွာသော စစ်သည်ဗိုလ်ပါနှင့်လာ၍ ဗာရာဏသီမြို့တော်ကို ဝန်းရံပိတ်ကာ ဆို့ထားလေ၏။

ထိုအခါ စစ်သူကြီးတို့သည် မြို့ကိုလုံခြုံစွာ ပိတ်ဆို့၍ ကောသလ မင်းကြီးအား-''အရှင်မင်းကြီး....အကျွန်ုပ်တို့ မိဖုရားကား ကိုယ်ဝန်ရင့်မာခဲ့ပြီ၊ ခုနစ်ရက်ရှိလျှင် မွေးဖွားပါလိမ့်မည်၊ လက္ခဏာဘတ် ပုဏ္ဏားတို့လည်း သားယောက်ျား ဖွားမြင်မည်ဟု ဟောကြပါသည် သို့အတွက် မိဖုရားကြီးမွေးပြီးရုံ ခုနစ်ရက်ဆိုင်းငံ့တော်မူပါ၊ ခုနစ်ရက်လည်လျှင် စစ်ထိုးပါမည်''ဟု သတင်းစကား ပို့လိုက်၏၊ ကောသလမင်းကြီးလည်း ခုနစ်ရက်ဆိုင်းငံ့လေ၏။

**မင်းသားဖွားမြင်**
**စစ်ရေးဆင်**

ခုနစ်ရက် မြောက်သောနေ့၌ မိဖုရားကြီးသည် သားယောက်ျားကို ဖွါးမြင်လေ၏၊ ထိုမင်းသားအား လူတို့တွန့်တိုဆုတ်နစ်ခြင်း ကင်းသောစိတ်ကို ဖြစ်စေသောကြောင့် ''အလီနစိတ္တမင်းသား''ဟု မှည့်ခေါ်ကြကုန်၏၊ စစ်သူကြီးတို့သည် မင်းသားမွေးဖွားသောနေ့မှစ၍ ကောသလမင်းနှင့် စစ်ထိုးကြကုန်၏၊ စစ်သည်တို့သည် အကြီးအချုပ်မပါသဖြင့် များပြားပါလျက် နောက်သို့တစတစ ဆုတ်နစ်လေ၏။

အမတ်တို့သည် မိဖုရားကြီးအား ''အရှင်မိဖုရား....စစ်သည်တို့ ဆုတ်နစ်ကြသည်၊ သည်လိုသာဖြစ်လျှင် ရှုံးလိမ့်မည်၊ သို့အတွက် မင်းကြီး နတ်ရွာစံသောအဖြစ်၊ သားတော်ဖွားမြင်သောအဖြစ်၊ ကောသလမင်းလာ၍ စစ်ထိုးသောအဖြစ်ကို မင်္ဂလာဆင်တော်အား ပြောကြားမည်ဟု လျှောက်ထားကြကုန်၏၊ မိဖုရားကြီးလည်း ကောင်းပြီဟု ဝန်ခံကာ သားတော်ကို တန်ဆာဆင်၍ ဒုကူလ်ပုဆိုး၌ အိပ်

စေလျက် နန်းတော်မှ သက်ဆင်းပြီးလျှင် အမတ်အပေါင်း ခြံရံကာ ဆင်တင်းကုပ်သို့ သွားလေ၏။

**ဆင်မင်းတိုင်ပင်ရန်အောင်မြင်**

ရောက်လျှင် သားတော်ကို ဆင်တော်၏ ခြေရင်း၌ အိပ်စေ၍ ဆင်တော်အား-"အရှင်.... အရှင်၏ အဆွေတော် မင်းကြီးနတ်ရွာစံပါပြီ၊ နှလုံးကွဲမည်စိုးရိမ်၍ အရှင်အား မပြောကြားကြပါ၊ ဤသူငယ်ကား-အရှင် အဆွေမင်းကြီး၏ သားတော်ဖြစ်ပါသည်၊ ကောသလမင်းလည်း မြို့ကိုဝန်း ရံကာ အရှင့်သားတော်နှင့်စစ်ထိုးနေပါသည်၊ စစ်သည်တို့ လည်း ဆုတ်နစ်ကြပါသည်၊ အရှင့်သားတော်ကို စောင့် ရှောက်ပါ၊ မင်းအဖြစ်ကိုယူ၍ ပေးပါဟု"အကြောင်းစုံ ပြောကြားကြကုန်၏။

ထိုအခါ၌ဆင်ဖြူတော်သည် မင်းသားငယ်ကို နှာမောင်း ဖြင့် သုံးသပ်ပြီးလျှင် ဦးကင်းပေါ်သို့တင်ကာ ငိုကြွေးလျက် မိဖုရားလက်သို့ပေး၍ ကောသလမင်းကို ဖမ်းမည်ဟု ဆင် တင်းကုပ်မှ ထွက်လေ၏၊ အမတ်တို့လည်း ချပ်မိန်ညိုတို့ကို ဝတ်ဆင်ပြီးလျှင် ဆင်ဖြူတော်ကိုလည်း တန်ဆာဆင်၍ ခြံရံ ကာ မြို့မှထွက်ကြကုန်၏၊ ဆင်ဖြူတော်သည် မြို့ပြင်သို့ရောက် လျှင် ကြိုးကြာသံကဲ့သို့ မြည်ဟီးကာ လူအများကိုထိတ်လန့် စေလျက် ပြေးစေပြီးလျှင် ကောသလမင်းကို ဥဿျှောင်၌ ဆွဲငင်ကာ ယူဆောင်ခဲ့၍ မင်းသားငယ်၏ခြေရင်းမှာ ဝပ် စေ၏၊ သတ်မည်လာသူတို့ကို တားမြစ်လေ၏၊ ကောသလ မင်းအား ဤနေ့မှစ၍ သတိထားလော့၊ မင်းသားသည် ငယ်သေးသည်ဟု မမှတ်လင့်ဟု ဆုံးမ၍လွှတ်လိုက်၏။

ဆင်မင်းကြောင်းပြ ထင်ရှားမှု

ဇမ္ဗူဒိပ်ကျွန်း၌ ဖြစ်သော မင်းအဖြစ်သည် မင်းသားငယ်၏ လက်သို့သာ ရောက်လေ၏၊ ဆန့်ကျင်ဘက် ရန်သူမည်သည်မရှိ၊ ခုနစ်နှစ်အရွယ်သို့ရောက်သောအခါ အဘိသိက်သွန်း၍ မင်းပြုတော်မူသဖြင့် အလိနစိတ္တမင်းဟု တွင်လေ၏၊ တရားသဖြင့် မင်းပြုကာ နတ်ပြည်ကိုပြည့်စေ၏။

သမ္ဗုဒ္ဓ မြတ်စွာဘုရားသည်အဘိတ်ကိုဆောင်တော်မူ၍ ဘုရားဖြစ်တော်မူသောအခါ လိုလစီရိယ ယုတ်လျော့သော ရဟန်းကား—

"ချစ်သားရဟန်း.... ဗာရာဏသီ စစ်သည်တို့သည် အလိနစိတ္တ မင်းသားကိုမှီ၍ ငါတို့အလွယ် အဆက်မင်းကို ရစေပြီဟု ရွှင်လန်းစွာ- စစ်သည် ဗိုလ်ပါများသော ကောသလမင်းကို ဆင်ဖြူတော် အား ဖမ်းစေသကဲ့သို့၊ ထို့အတူ ယောဂကင်းရာ နိဗ္ဗာန်သို့ရောက်ရန် ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးကို ပွားများစေသော အဆွေ ခင်ပွန်းကောင်းကိုမှီ၍ လုံ့လဝီရိယနှင့် ပြည့်စုံသောသီလ ရှိသော ပုဂ္ဂိုလ်သည်-ဝိပဿနာအစဉ်ဖြင့် သံယောဇဉ်တို့ ကုန်ဆုံးရာ အရဟတ္တဖိုလ်သို့ရောက်ရာ၏"— ဟု မဟာနိဗ္ဗာန်ကို အထွတ်တပ်ကာ ဟောတော်မူ၏။

၎င်းဒေသနာတော်အဆုံး၌ လုံ့လဝီရိယ ယုတ်လျော့သော ရဟန်းသည်အရဟတ္တဖိုလ်၌တည်၍ ရဟန္တာအဖြစ်သို့ရောက်လေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ မယ်တော်သည်-ယခုအခါ မဟာမာယာ။

※ ခမည်းတော်မင်းကြီးသည်-သုဒ္ဓေါဒနမင်းကြီး။

※ ဆင်ဖြူတော်သည်-လုံ့လဝီရိယ ယုတ်လျော့သော ရဟန်း။

※ ဆင်ဖြူတော်၏အဘဆင်သည်-သာရိပုတ္တရာ။

※ ကောသလမင်းသည်-မောဂ္ဂလာန်။

※ အလီနစိတ္တမင်းသားသည်- ငါဘုရား ဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) ကြိုးအားထုတ်ဘိ၊ လုံ့လရှိ၊ ပြီး၏ကျိုးအများ။

(၂) သုံးဆယ့်ခုနစ်ချက်၊ မောဓိပက်၊ ပွားလျက်နိဗ္ဗာန်သွား။

(၃) အလီနမှိကာ၊ အောင်မြင်ပါ၊ မာရာစစ်သည်လား။

အလီနစိတ္တဇာတ်ပြီး၏။

---

# ၁၅၇-ဂုဏပူဇာဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**ပုဆိုးငါးရာရှု အာနန္ဒာယူ** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ရှင်အာနန္ဒာ

မထေရ်သည် ကောသလမင်းကြီး၏ နန်းတွင်းသူ တို့အား တရားတော်ကိုသင်ကြားစေ၏။

ထိုအခါ ကောသလမင်းကြီးအား တထည်လျှင် အဘိုး တထောင်ထိုက်တန်သော ပုဆိုးတထောင်တို့ကို ဆက်သကြကုန်၏၊ ကောသလမင်းကြီးသည် ပုဆိုးငါးရာတို့ကို မိဖုရားငါးရာတို့အား တထည်စီပေးလေ၏၊ မိဖုရားတို့လည်း မိမိတို့ရသော ပုဆိုးငါးရာတို့ကို မဝတ်ကြဘဲ ရှင်အာနန္ဒာအား အသီးအသီးလှူဒါန်းကြကုန်၏။

**မင်းကြီးအမျက်ထွက် လျှောက်ထားချက်**

မိဖုရားတို့သည် မင်းကြီးထံ အခစား သွားကြသောအခါ ပုဆိုးဟောင်းတို့ကို ဝတ်ဆင်ကာ ခစားကြကုန်၏၊ ကောသလမင်းကြီးသည် "မိဖုရားတို့.... ငါသင်တို့အား တထည်လျှင် အဘိုးတထောင်ထိုက်သောပုဆိုးငါးရာတို့ကို တထည်စီ ဆုချအပ်သည် မဟုတ်လော၊ သင်တို့ အဘယ့်ကြောင့် မဝတ်ဘဲလာကြသနည်း"ဟုမေး၏၊ "မြတ်သောမင်းကြီး.. အကျွန်ုပ်တို့သည် ရှင်အာနန္ဒာအား လှူဒါန်းကြပါသည်" ဟု လျှောက်ထားလေ၏၊ "မိဖုရားတို့.... ပုဆိုးငါးရာလုံး ခံယူသလော"ဟုမေးပြန်၏၊ "မြတ်သောမင်းကြီး.. ပုဆိုးငါးရာလုံးပင် ခံယူပါသည်"ဟုလျှောက်ထားကြကုန်၏။

ကောသလမင်းကြီးသည် မြတ်စွာဘုရားသည် သင်္ကန်း သုံးထည်သာ ခွင့်ပြုထားပါလျက် ပုဆိုးငါးရာလုံး အလှူခံသည်မှာ ပုဆိုးကုန်သွယ်ခြင်း ပြုမည်ထင်သည်ဟု အပြစ်တင်ကာ ရှင်အာနန္ဒာအား အမျက်ထွက်လျက် ရှင်အာနန္ဒာထံသို့လိုက်လေ၏။

## ရှင်အာနန္ဒာ သက်နိုးအသုံးပြုပုံ

ရောက်လျှင် မင်းကြီးသည် ရှင်အာနန္ဒာအား “အရှင်ဘုရား....မိဖုရားတို့လှူအပ်သော ပုဆိုးငါးရာကို အလှူခံသည်မှာ မှန်ပါသလော”ဟု လျှောက်၏၊ “မြတ်သောမင်းကြီး.... မှန်ပါသည်”ဟု ဖြေ၏၊ “အရှင်ဘုရား.... မြတ်စွာဘုရားက သုံးထည်သာခွင့်ပြုသည်မဟုတ်ပါလော” ဟုလျှောက်ပြန်၏၊ ဟုတ်ပါသည်၊ သို့သော်လည်း အလှူခံခြင်းကို တားမြစ်တော်မမူပါ၊ အလှူခံခြင်း မှာလည်း သက်နိုးနွမ်းရှိသော ရဟန်းတို့အား လှူဒါန်းရန် ဖြစ်ပါသည်”ဟုပြော၏၊ “အရှင်ဘုရား.... အသစ်ရသောရဟန်းတို့သည် အဟောင်းတို့ကို ဘယ်လိုအသုံးပြုပါသနည်း” ဟုလျှောက်၏၊ “မြတ်သောမင်းကြီး.... ဒုကုဋ်ဟောင်းတို့ကို ကိုယ်ဝတ်ပြုလုပ်ပါသည်”ဟု ဖြေ၏၊“ကိုယ်ဝတ်ဟောင်းကို အဘယ်သို့ အသုံးပြုပါသနည်း”ဟု လျှောက်၏၊“သင်းပိုင်ပြုလုပ်ပါသည်”ဟု ဖြေ၏၊“သင်းပိုင်ဟောင်းကိုအဘယ်သို့ ပြုလုပ်ပါသနည်း”ဟု လျှောက်၏၊ “အိပ်ရာလွှမ်း ပြုလုပ်ပါသည်”ဟု ဖြေ၏၊ “အိပ်ရာလွှမ်းဟောင်းကို အဘယ်သို့ ပြုလုပ်ပါသနည်း”ဟု လျှောက်၏၊ “မြေအခင်း ပြုလုပ်ပါသည်”ဟုဖြေ၏၊ “မြေအခင်းဟောင်းကို အဘယ်သို့ပြုလုပ်ပါသနည်း”ဟု လျှောက်၏၊ “ခြေသုတ် ပြုလုပ်ပါသည်” ဟု ဖြေ၏၊ “ခြေသုတ်ဟောင်းကို အသို့ပြုလုပ်ပါသနည်း” ဟု လျှောက်၏၊ “မြတ်သောမင်းကြီး.... သဒ္ဓါ၍လှူဒါန်းသော ပစ္စည်းကိုမပျက်စီးစေကောင်း၊ထို့ကြောင့်ခြေသုတ်ဟောင်းကို ပဲခွပ်ဖြင့်နုတ်နုတ်စင်း၍ မြေဖြင့် နယ်ပြီးလျှင် ကျောင်းတို့မှာ မြေချင်လိမ်းကျံပါသည်”ဟု မိန့်တော်မူ၏။

နောက်ထပ်ပေးရှု ခွဲဝေယူ

ထိုအခါ ကောသလမင်းကြီးသည် ရှင်အာနန္ဒာအသုံးပြုပုံကိုသိရလျှင် ရဟန်းတို့အား လှူအပ်သောသင်္ကန်းကို ခြေသုတ်ဖြစ်သည်တိုင်အောင်လည်း မပျက်စီးစေရဟု အလွန်နှစ်သက်ဝမ်းမြောက်လျက် ကျန်သောပုဆိုးငါးရာကိုလည်း ယူစေပြီးလျှင် ရှင်အာနန္ဒာအား လှူဒါန်းပြန်၏၊ ရှင်အာနန္ဒာအားပုဆိုးတထောင်ရလေ၏။

ရှင်အာနန္ဒာသည် ထိုပုဆိုး တထောင်တို့တွင် ရှေးဦးစွာရသော ငါးရာကိုသင်္ကန်းနွမ်းရှိသော ရဟန်းတို့အား ဝေခြမ်းလှူဒါန်းတော်မူ၏၊ နောက်ထပ်ရသော ပုဆိုးငါးရာကိုကား မိမိအား ဝတ်ကြီးဝတ်ငယ် ပြုလျက် ကျေးဇူးများသော တပည့်ငယ် တပါးအား ပေးတော်မူ၏၊ ထိုတပည့်ငယ်ရဟန်းလည်း ပုဆိုးငါးရာလုံးကိုပင် မိမိနှင့် ဥပဇ္ဈာယ်တူဖြစ်ကုန်သော ရဟန်းငါးရာတို့အားဝေခြမ်း၍ လှူဒါန်းလေ၏။

ကျေးဇူးများလှ ချီးမြှောက်ရ

ရဟန်းတို့သည် မြတ်စွာဘုရားထံဆည်းကပ်၍ "အရှင်ဘုရား.... သောတာပန်ဖြစ်သော ဘုရားတပည့်အား မျက်နှာလိုက်၍ ပေးခြင်းရှိပါသေးသလော" ဟု လျှောက်ထား၏၊ "ရဟန်းတို့.... ငါဘုရားတပည့်တို့အား မျက်နှာ လိုက်၍ ပေးခြင်းမည်သည် မရှိကြပေ" ဟု ဖြေကြား၏၊ "အရှင်ဘုရား....တပည့်တော်တို့ ဥပဇ္ဈာယ်ဆရာ အရှင်အာနန္ဒာသည် ပုဆိုးငါးရာတို့ကို ရဟန်းတပါးအားသာပေးပါသည်၊

တပည့်တော်တို့မှာ ထိုရဟန်းငယ်ပေး၍ ရပါသည်” ဟု လျှောက်ထားကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် “ရဟန်းတို့….အာနန္ဒာကား ထိုရဟန်းငယ်အား မျက်နှာလိုက်၍ပေးသည်မဟုတ်၊ ထိုရဟန်းသည် အာနန္ဒာအား ကျေးဇူးများ၏၊ထို့ကြောင့် မိမိအား ကျေးဇူးပြုဘူးသူကို ကျေးဇူးတုံ့ကို ဆပ်သောအနေဖြင့် ပေးခြင်းသာဖြစ်သည်၊ ရှေးပညာရှိတို့လည်း မိမိအား ကျေးဇူးပြုသောသူတို့အား ကျေးဇူးတုံ့ကိုပြန်၍ ဆပ်ဘူးကြသည်ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**သေးငယ်သတ္တဝါ ကျက်စားရာ**

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် ခြင်္သေ့ အမျိုး၌ဖြစ်၍တောင်ဂူတခုတွင်နေလေ၏။

တနေ့သ၌ ထိုခြင်္သေ့မင်းသည် ဂူမှထွက်၍ တောင်ထိပ်၌ ရပ်လျက် တောင်ခြေရင်းသို့ ကြည့်လေ၏၊ တောင်ခြေရင်းတွင် ရစ်ပတ်လျက်တည်သော အိုင်ကြီးတခုလည်း ရှိ၏၊ ထိုအိုင်ကြီး၏ တခုသောမြင့်ရာ အထက်အရပ်၌ မာသော ညွန်အပြင်ဝယ် စိမ်းလန်းနုနယ်သော မြက်ပင် တို့သည် ပေါက်ကြကုန်၏၊ မြေခွေး,ကြောင်,ယုန်စသော သေးငယ် ပေါ့ပါးသော သတ္တဝါတို့သည် ထိုညွန်အပြင်ဝယ် လှည့်လည်ကျက်စားကြကုန်၏၊ ထိုနေ့၌ သမင်တကောင်သည် စိမ်းလန်းသောမျက်တို့ကိုစားလျက်သွားလေ၏။

**ခြင်္သေ့ညွန့်နစ်တောင်းပန်လင့်**

ထိုအခါ ခြင်္သေ့မင်းသည် သမင်ကိုဖမ်းမည်ဟု တောင်ထိပ်မှဆင်းကာ လျင်သောအဟုန်ဖြင့် လိုက်လေ၏၊ သမင်လည်း သေဘေးမှကြောက်သဖြင့် မြည်လျက် ပြေးလေ၏၊ ခြင်္သေ့မင်းသည်အဟုန်ကိုမရပ်တန့်နိုင်တော့ဘဲ ညွန်အပြင်၌ကျ၍ ကျွန်နစ်ကာ မတက်နိုင်တော့သဖြင့် ခုနစ်ရက်ပတ်လုံး အစာမစားရဘဲနေလေ၏။

မြေခွေးတကောင်သည် ခြင်္သေ့မင်းကိုမြင်၍ ကြောက်သဖြင့်ပြေး၏၊ ခြင်္သေ့မင်းသည် "အိုမြေခွေး.... မပြေးပါလင့် ငါ့မှာညွန်အပြင်၌နစ်နေသည်၊ အသက်ကိုကယ်ဆယ်ပါ"ဟု ပြော၏၊ "အရှင်....ညွန်မှထုတ်လိုပါ၏၊ ထွက်လာလျှင်အကျွန်ုပ်ကိုစားမည်မှကြောက်ပါသည်"ဟုပြောသောအခါ "မြေခွေး..မကြောက်ပါလင့် သင့်ကို ငါမစားပါ၊ သင့်အား ငါကျေးဇူးဆပ်ပါမည် တနည်းနည်းနှင့် ညွန်မှထုတ်ယူပါ"ဟုဝန်ခံပြောဆိုလေ၏။

**ကျေးဇူးတုံ့ပြန်လုပ်ကျွေးရန်**

မြေခွေးသည် ခြင်္သေ့မင်း ဝန်ခံသဖြင့် ယုံကြည်စိတ်ချကာ ခြင်္သေ့မင်း ခြေလေးချောင်းတို့အပေါ်တွင် ညွန်တို့ကိုယက်ထုတ်၍ ရေမြောင်းလေးခုသွယ်ကာ ရေသွင်းလျက်ညွန်တို့ကိုပျော့လာအောင်စီမံလေ၏၊ညွန်တို့ပျော့လာသဖြင့်ခြေလေးချောင်းတို့သည် ချောင်၍လာကုန်၏၊ ထိုအခါ မြေခွေးသည် ခြင်္သေ့မင်းဝမ်းဗိုက်အောက်ကိုဝင်၍ "အရှင်.... ကြိုးစားအားထုတ်ပါ" ဟု ကျယ်လောင်စွာ ညာသံပေးလျက် ဦးခေါင်းဖြင့်ရွက်ခါ ချီမလေ၏၊ ခြင်္သေ့မင်းသည်

လျင်သောအဟုန်ဖြင့် ညွှန်မှခုန်တက်ပြီးလျှင် ကြည်းကုန်း၌ တည်လေ၏၊ အတန်ငယ်အပန်းဖြေလျက် အိုင်သို့ဆင်းသက် ကာရေချိုး၍ ပူပန်ခြင်းကို ငြိမ်းစေပြီးလျှင် ကျွဲတကောင်ကို ကိုက်သတ်၍ အသားကိုထွင်ကာ "အို- ကောင်းသော မြေခွေး...စားပါ"ဟု ပေးလေ၏၊ မြေခွေးစားပြီးမှ မိမိ စားလေ၏။

**ပေါင်းသင်းညီညာ လုပ်ကျွေးရှာ**

တဖန်မြေခွေးသည် အသားတစ် တခု ကို ကိုက် ချီ လေ၏၊ ခြင်္သေ့မင်း သည် "ကောင်းသောမြေခွေး.... ဘယ်သူ့အ တွက်ချီသနည်း"ဟု မေးလေ၏၊ "အရှင်....အရှင့်ကျွန်မ အတွက်ချီပါသည်"ဟု ပြော၏၊ "ကောင်းသောမြေခွေး ကိုက်ချီပါ"ဟုဆို၍ မိမိလည်း ခြင်္သေ့မအတွက် သားတစ် တခုကို ကိုက်ချီပြီးလျှင် မြေခွေးကိုခေါ်၍ မိမိနေရာဂူသို့ပြန် ကာ ခြင်္သေ့မအားပေးလေ၏။ တဖန်မြေခွေးနှင့်အတူမြေ ခွေးမထံသွား၍ ကိုက်ချီလာသောသားတစ်ကို မြေခွေးမ အားစားစေပြီးလျှင် မြေခွေးဖို မြေခွေးမနှစ်ဦးလုံးကို ခေါ် ယူကာ ဤနေ့မှစ၍ သင်တို့ကိုငါလုပ်ကျွေးမည်ဟု ဝန်ခံ လျက် မိမိနေရာဂူ၏အနီးတွင်ရှိသော ဂူတခုမှာနေစေ၏။

ထိုနေ့မှစ၍ ခြင်္သေ့နှင့်မြေခွေးတို့သည် အစာရှာသွား သောအခါ အတူသွား၍ မိမိတို့ဝအောင်စားပြီးလျှင် အ သီးအသီး အသားတစ်တခုစီချီကာ ခြင်္သေ့မနှင့်မြေခွေးမတို့ အား ယူခဲ့ကြကုန်၏။ နောက် ကာလရှည်ကြာလတ်သော် ခြင်္သေ့မ၌ သားနှစ်ကောင် မြေခွေးမ၌လည်း သားနှစ် ကောင် မွေးဖွားကြကုန်၏၊ အလုံးစုံသော ခြင်္သေ့မြေခွေး တို့သည် ချစ်ခင်ရင်းနှီးစွာ အညီအညွတ်နေကြကုန်၏။

**ပေါင်းသင်းကြလျှင် အပြစ်မြင်**

တနေ့သ၌ ခြင်္သေ့မသည် ဤခြင်္သေ့မင်းကားမြေခွေးဖို မြေခွေးမမြေခွေးငယ်တို့အား အလွန်ချစ်ခင် မြတ်နိုးသည်၊ မြေခွေးမနှင့် စပ်ရှက်ခြင်းရှိလိမ့်မည်၊ မြေခွေးမကိုခြိမ်းချောက်ကာ ဤအရပ်မှပြေးစေရမှ ကောင်းလိမ့်မည်ဟု ကြံစည်လျက် ခြင်္သေ့မင်းနှင့် မြေခွေးဖိုတို့ အစာရှာသွားသောအခါ "မြေခွေးမအား.... အဘယ့်ကြောင့်သည်မှာလာနေသနည်း၊ အဘယ့်ကြောင့် သည်အရပ်မှ မပြေးကြသေးသနည်း"ဟု ခြိမ်းချောက်မောင်းမဲကာ နှိပ်စက်ညှဉ်းဆဲလေ၏၊ ခြင်္သေ့ငယ်တို့ကလည်း မြေခွေးငယ်တို့အား နှိပ်စက်ညှဉ်းဆဲကြကုန်၏။

ထိုအခါ မြေခွေးမသည်မြေခွေးဖိုအား ထိုအကြောင်းကိုပြောကြားလေလျှင် မြေခွေးဖိုသည် "ရှင်မ.... ခြင်္သေ့မင်းဆိုင်း၍ ခြင်္သေ့မက ဤလိုပြုလုပ်သလားမသိပါ၊ ဘယ်လိုဘဲဖြစ်စေ ငါတို့နေသည်မှာ ကြာမြင့်ကြပြီ၊ ကြာမြင့်လျှင်လည်း မုန်းတီးခြဖြစ်သည်၊ သို့အတွက် ငါတို့ သည်နေရာမှ သွားကုန်အံ့ဟု တိုင်ပင်ကုန်၏။

**ခြင်္သေ့တောင်းပန် ထွက်သွားရန်**

မြေခွေးဖိုသည် ခြင်္သေ့မင်းထံသို့ကပ်၍ "အရှင်....အရှင့်ထံမှာအကျွန်ုပ်တို့နေသည်မှာ ကြာမြင့်ပြီ၊ ကြာမြင့် စွာနေသောသူတို့အား မုန်းတီးခြဖြစ်သည်၊အကျွန်ုပ်တို့အစာရှာသွားသောအခါ ခြင်္သေ့မသည် မြေခွေးမကို နှိပ်စက်ညှဉ်းဆဲသည်၊ ခြင်္သေ့ငယ်တို့သည် မြေခွေးငယ်တို့ကို ညှဉ်းဆဲကြသည်ဟု ပြောဆိုပြီးလျှင် တဖန်ခြင်္သေ့မင်းအား—

"အို–ခြင်္သေ့မင်း….အစိုးရသူတို့သည် မိမိထံ၌ စားဆည်းကပ်နေသူကို သွားစေလိုသောအခါ နှင် ထုတ်နိုင်ခြင်းကို အရှင်သိသည်မဟုတ်ပါလော၊ နှိပ် စက်ညှဉ်းဆဲခြင်းကား အကျိုးမရှိပါ၊ အကျွန်ုပ်တို့ အား ကိုးကွယ်ရာမှ ဘေးဖြစ်လာသောကြောင့် မိမိ တို့နေရာသို့ ပြန်သွားကြပါမည်"ဟု ပြောဆိုလေ၏၊ ခြင်္သေ့မင်းသည် မြေခွေးဖိုစကားကိုကြားလျှင်–

ကျေးဇူးပြောပြ ဆိုဆုံးမ

ခြင်္သေ့မအား"အို-ကောင်းသောခြင်္သေ့ မ…. ဟိုစဉ်အခါ အစာရှာသွား၍ ခု နစ်ရက်တိုင် ကြာအောင်နေပြီးမှ မြေ ခွေးဖို မြေခွေးမတို့နှင့် အတူပြန်လာသည်ကို သင် အမှတ် ရပါသလော"ဟု မေး၏၊ "အရှင်…အမှတ်ရပါသည်" ဟု ပြော၏။ "ခြင်္သေ့မ…. ခုနစ်ရက်တိုင်ကြာအောင် မလာ ဘဲနေခြင်းအကြောင်းကို သိပါသလော"ဟု မေးပြန်၏၊ "အရှင်…. မသိပါ"ဟု ပြောလေ၏။ "ခြင်္သေ့မ…. ငါ သားတကောင်ကိုဖမ်းရာ ညွန်အပြင်မှာနစ်၍ မတက်နိုင် သဖြင့် ခုနစ်ရက် အစာမစားရဘဲနေခိုက် ဤမြေခွေးဖို ကယ်ဆယ်၍ ငါ့မှာအသက်ချမ်းသာသည် ဤမြေခွေးဖိုကား ငါ့အသက်ကိုပေးသော အသက်သခင် ကျေးဇူးရှင် အဆွေ ခင်ပွန်းဖြစ်သည်ဟု ဆိုပြီးလျှင် တဖန်ခြင်္သေ့မအား–

အို–ခြင်္သေ့မ…. အဆွေခင်ပွန်း မည်သည်မှာ အားနည်းသော်လည်း အဆွေခင်ပွန်းတို့ကျင့်ဝတ်၌ တည်ရှိပါမူ အမျိုးလည်းဖြစ်သည်၊ အဆွေခင်ပွန်း လည်းဖြစ်သည်၊မိတ်ဆွေလည်းဖြစ်သည်၊ အပေါင်း

အပေါ်လည်းဖြစ်သည်၊ အသက်ကိုပေးသော အဆွေခင်ပွန်းဖြစ်သော ဤမြေခွေးဖိုကိုငင်း၊ ဤမြေခွေးမကိုငင်း၊ မြေခွေးငယ်တို့ကိုငင်း မယိမ့်မြင်မပြုပါလေနှင့်—

ဟု အကြောင်းပြကာ ဆိုးမတားမြစ်လေ၏။

**သည်းခံနေရ ပျော်ရွှင်ကြ**

ခြင်္သေ့မလည်း ခြင်္သေ့မင်း၏ စကားကိုကြားလျှင် မြေခွေးမကိုသည်းခံစေလျက် ထိုနေ့မှစ၍ ခြင်္သေ့မ သားအမိတို့သည် မြေခွေးမ သားအမိတို့နှင့် အညီအညွတ်နေကြကုန်၏၊ ခြင်္သေ့ငယ်တို့သည်လည်း မြေခွေးငယ်တို့နှင့် ဝမ်းမြောက်ဝမ်းသာ အတူတကွ ကစားကြကုန်၏၊ မိဘတို့သေလွန်သောအခါ၌လည်း အချစ်မပျက်ကြသေးဘဲ အဆွေခင်ပွန်း အဖြစ်၌တည်ကြကုန်၏၊ ထိုခြင်္သေ့မြေခွေးတို့ကား ဆွေခုနစ်ဆက်တိုင်အောင် အချစ်မပျက်ဘဲ အဆွေခင်ပွန်းအဖြစ်၌တည်ကြကုန်၏။

ဤဒေသနာတော်၏အဆုံး၌ အချို့သော ရဟန်းတို့သည် သောတာပန်, အချို့သကဒါဂါမ်, အချို့အနာဂါမ်, အချို့ရဟန္တာအဖြစ်သို့ ရောက်ကြကုန်၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါမြေခွေးသည်- ယခုအခါ အာနန္ဒာ။

※ ခြင်္သေ့မင်းသည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မျိုး,ဆွေ,မိတ်,ဘော်၊ ဤလေးဘော်၊ လျော်အောင်ပေါင်းကြရာ။
(၂) အားနည်းသော်လျက်၊ ဝတ်မပျက်၊ နှစ်သက်ပေါင်းကြရာ။
(၃) ခုနစ်ဆွေဝေး၊ မိတ်ဆက်သေး၊ မြေခွေးခြင်္သေ့မှာ။

သိင်္ဂါလဇာတ်ပြီး၏။

---

## ၁၅၈–သုဟနုဇာတ်

ပဉ္စုပ္ပန်ဝတ္ထု၊

ကြမ်းကြုတ်သူချင်း ရှိသေခြင်း

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ ဇေတဝန်ကျောင်း၌ သီတင်း သုံးတော် မူစဉ် ထို ဇေတဝန်ကျောင်း၌ ရုန့်ရင်း ကြမ်းကြုတ်၍ နိုင်ထက်ကလူပြုမူတတ်သော ရဟန်းတပါး ရှိ၏။

တနေ့သ၌ ဇနပုဒ်နေ ရဟန်းသည် တစုံတခုပြုဘွယ်ကိစ္စဖြင့် ဇေတဝန် ကျောင်းတော်သို့ လာလတ်သော် ရဟန်းသာမဏေတို့သည် ရုန့်ရင်းကြမ်းကြုတ်သည်ကိုသိ၍ ရဟန်းနှစ်ပါးတို့ခိုက်ရန်ဖြစ်ကြသည်ကို မြင်ကြရကုန်လတ့ံဟု အုတ်အုတ်ကျက်ကျက်ဖြစ်ကာ ဇနပုဒ်နေ ရဟန်းကို တည်းခိုရန် ဇေတဝန်ကျောင်းနေ ရဟန်း၏ ပရိဝုဏ်သို့ ပို့ကြကုန်၏။

ထိုရဟန်းနှစ်ပါးတို့သည် သူတပါးအပေါ်၌သာ ရုန့်ရင်းကြမ်းကြုတ်ခြင်း, နိုင်ထက်ကလူပြုမူခြင်း ရှိကုန်သော်လည်း အချင်းချင်းတွေ့မြင်ကြသောအခါ ရုန့်ရင်း ကြမ်း

ကြွတ်ခြင်း, နိုင်ထက်ကလူပြုမှုခြင်းမရှိကြဘဲ၊ ချစ်ခင်ကြကုန်၏၊ ဝမ်းမြောက်ဝမ်းသာရှိကြကုန်၏၊ ခြေဆုပ် လက်နယ် ဝတ်ကြီးဝတ်ငယ်ကို ပြုကြကုန်၏။

ရဟန်းတို့သည် တရားသဘင်ဝယ် ထို ရဟန်းနှစ်ပါးတို့အကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ ''ရဟန်းတို့.... ဤရဟန်းနှစ်ပါးသည် ယခုအခါ၌သာလျှင်သူတပါးတို့အပေါ်၌သာရန့်ရင်းကြမ်းကြွတ်ခြင်း, နိုင်ထက်ကလူပြုမှုခြင်း ရှိကြသော်လည်း အချင်းချင်းညီညွတ်ကာ ချစ်ခင်ဝမ်းမြောက်ကြသည်မဟုတ်ရှေးအခါ၌လည်း အချင်းချင်း ညီညွတ်ကာ ချစ်ခင် ဝမ်းမြောက်ကြဘူးပြီ''ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**မင်းကြီးသုံးစွဲ မြင်းစဉ်းလဲ**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် ထိုဗြဟ္မဒတ်မင်းကြီး၏ အမှုကိစ္စအလုံးစုံကို ပြီးစေ၍ အကျိုးအကြောင်းကို ဆုံးမတတ်သော ပညာရှိအမတ် ဖြစ်လေ၏။ ဗြဟ္မဒတ် မင်းကြီးကား အနည်းငယ်မျှ ဥစ္စာကို မက်မောတတ်သောသဘောရှိ၏၊ ထိုဗြဟ္မဒတ်မင်းကြီးအား မဟာသောဏမည်သော စဉ်းလဲသော မြင်းတကောင်လည်း ရှိလေ၏။

**မြင်းများအနာပြု အဘိုးဖြတ်မှု**

ထိုအခါ ဥတ္တရပထ၌နေသော မြင်းကုန်သည် တို့သည် မြင်းငါးရာ တို့ကို ဗာရာဏသီပြည်သို့ ယူဆောင်ခဲ့ပြီးလျှင်

မင်းကြီးအား လျှောက်ထားကြကုန်၏၊ ထိုမြင်းကုန်သည် တို့မလာမီ ရှေးအခါ၌ကား ပညာရှိအမတ်ကြီးသည် မြင်း တို့ကိုအဘိုးဖြတ်၍ အရင်းဥစ္စာကိုမလျော့စေဘဲပေးစေ၏။

မင်းကြီးသည် အဘိုးအရင်းကို မလျော့စေသည်ရှိသော် အမတ်ကိုခေါ်စေ၍ "အချင်းအမတ်....သင်သည် မြင်းတို့ ကို အဘိုးဖြတ်လော၊ အဘိုးမဖြတ်မီ မဟာသောဏ မည် သော မြင်းစဉ်းလဲကို ဥတ္တရာပထ မြင်းတို့ထဲသို့လွှတ်ကာ မြင်းတို့ကို ကိုက်စေပြီးလျှင် အနာတို့ကို ဖြစ်စေလျက် အား နည်းသောအခါသို့ရောက်မှ အဘိုးအရင်းကိုလျော့၍ ဖြတ် လော"ဟု အမိန့်ပေး၏၊ ထိုအမတ်လည်း မင်းကြီးအမိန့် ပေးတိုင်း ပြုလေ၏။

**မြင်းကုန်သည်မှာ မြင်းကြမ်းပေါ်**

မြင်းကုန်သည်တို့သည် ဗြဟ္မဒတ် မင်း ကြီးပြုသော အမှုအရာကို မနှစ်သက် သည်ဖြစ်၍ ပညာရှိ အမတ်ကြီးအား ပြောကြားကြကုန်၏၊ ပညာရှိအမတ်ကြီးသည် မြင်းကုန် သည်တို့အား "အမောင်တို့....သင်တို့မြို့၌ စဉ်းလဲသော မြင်းမရှိသလော၊ နောက်တခါလာလျှင် စဉ်းလဲသောမြင်း ကို ယူခဲ့ကြ"ဟု နည်းပေးလိုက်၏။

မြင်းကုန်သည်တို့သည် ပညာရှိ အမတ်ကြီးပေးသော နည်းအတိုင်း သုဟနုမည်သော မြင်းစဉ်းလဲကို ယူ ဆောင်ကာ နောက်တခါ လာကြပြန်၏၊ မင်းကြီးလည်း မြင်းကုန်သည်တို့ လာသည်ကြားလျှင် လေသာ ပြူတင်းကို ဖွင့်၍ကြည့်ရှုကာ မဟာသောဏမည်သော မြင်းစဉ်းလဲကို

လွှတ်စေ၏၊ မြင်းကုန်သည်တို့လည်း မဟာသောဏ မြင်းစဉ်းလဲလာသည်ကိုမြင်လျှင် သုဟနုမည်သော မြင်းစဉ်းလဲကို လွှတ်ကြကုန်၏။

**ချင်းချင်းတွေ့မှ ချစ်ခင်ကြ**

မဟာသောဏမြင်းစဉ်းလဲနှင့် သုဟနုမြင်းစဉ်းလဲတို့သည် အချင်းချင်းတွေ့ကြလျှင် တကောင်နှင့်တကောင် ကိုယ်တို့ကို လျှာနှင့်လျက်ကြကုန်လျက် ရပ်ကုန်၏၊ ထိုအခါ ဗြဟ္မဒတ်မင်းကြီးသည် ပညာရှိ အမတ်ကြီးအား "ပညာရှိအမတ်....နှစ်စီးကုန်သော ဤမြင်းစဉ်းလဲတို့ကို သင်မြင်၏လော၊ ဤမြင်းစဉ်းလဲနှစ်စီးတို့သည် တပါးသော မြင်းတို့အပေါ်၌ ရုန့်ရင်းကြမ်းကြုတ်ကုန်၏၊ နိုင်ထက်ကလူ ပြုမူကုန်၏၊ ကိုက်၍အနာဖြစ်စေကုန်၏၊ ယခုအခါ အချင်းချင်း ကိုယ်ကိုလျက်ကုန်၍ ချစ်ခင်ဝမ်းမြောက်စွာ ရပ်ကြကုန်၏၊ ညီညွတ်သင့်တင့်ကြကုန်၏၊ ထိုသို့ဖြစ်ရခြင်းမှာ အဘယ်အကြောင်းကြောင့်နည်း"ဟု မေးတော်မူ၏။

ထိုအခါ ပညာရှိအမတ်ကြီးသည် မင်းကြီးအား—

"မြတ်သောမင်းကြီး....သုဟနုမြင်းနှင့် မဟာသောဏမြင်းတို့ ချစ်ခင်ကြခြင်းမှာ စဉ်းလဲသော အလေ့အကျင့်အားဖြင့်တူမျှကြသောကြောင့်ဖြစ်၏၊ ၎င်းမြင်းနှစ်စီးတို့သည် မြင်းတို့ကိုကိုက်လျက် ကျက်စားခြင်းအားဖြင့်၎င်း, မြင်းအုပ်ထဲသို့ ပြေးဝင်ခြင်းအားဖြင့်၎င်း,ရုန့်ရင်းကြမ်းကြုတ်ခြင်းအားဖြင့်၎င်း, ချည်ထားသော ကြိုးတို့ကိုကိုက်ဖြတ်ခြင်း အားဖြင့်

ငင်း,တူမျှကြ၏၊ယုတ်မာခြင်းအားဖြင့်လည်း တူမျှ
ကြ၏၊မသူတော်မှု အားဖြင့်လည်း တူမျှကြ၏”—
ဟု လျှောက်ထားလေ၏၊ နောက်တဘန် မင်းကြီးအား ‘‘မြတ်သောမင်းကြီး.... မင်းမည်သည်ကား အလွန်တပ်မက်မောခြင်းမဖြစ်ရာ၊ သူတပါးဉစ္စာကို ဖျက်ဆီးခြင်းကိုလည်း မပြုရာ’’ဟု ဆုံးမပြီးလျှင် မြင်းတို့ကိုအဘိုးဖြတ်ကာ မှန်ကန်သောအဘိုးကိုပေးစေ၏၊ မြင်းကုန်သည်တို့သည် ဟုတ်မှန်သောသဘောအတိုင်း အဘိုးကို ရကြသည်ဖြစ်၍ ရွှင်လန်းနှစ်သက်လျက် သွားကြကုန်၏၊ မင်းကြီးလည်း ပညာရှိအမတ်ကြီး၏ အဆုံးအမ၌ တည်၍ သေလွန်သောအခါ ကံအားလျော်စွာ လားရ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည်အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါမြင်းကြမ်းနှစ်စီးသည်-ယခုအခါ ရဟန်း ကြမ်း နှစ်ပါး။

※ မင်းကြီးသည်-အာနန္ဒာ။

※ ပညာရှိအမတ်ကြီးသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) ရုန့်ရင်းလည်းဘက်၊ ကြမ်းကြုတ်လျက်၊ နိုင်ထက်မမူရာ။
(၂) ကောင်း,ဆိုး မဟူ၊ လေ့ကျင့်တူ၊ ကြည်ဖြူချစ်မြဲသာ။
(၃) မြင်းစဉ်းလဲနှစ်၊ တွေ့ဆုံလစ်၊ ချစ်ကြထုံးပမာ။

သုဟနုဇာတ်ပြီး၏။

# ၁၅၉—မောရဇာတ်

**ပစ္စုပ္ပန်ဝတ္ထု**

မိန်းမပြစ်ပြ ဆိုဆုံးမ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းတပါးသည် တန်ဆာဆင်အပ်သော မိန်းမတယောက်ကို မြင်သဖြင့် တပ်စွန်းသောစိတ်ရှိသည်ဖြစ်၍ သာသနာ၌ ငြီးငွေ့လေ၏။

အဆွေခင်ပွန်းဖြစ်သော ရဟန်းတို့သည် ထိုရဟန်းကို မြတ်စွာဘုရားထံ ခေါ်ဆောင် အပ်သည်ရှိသော် မြတ်စွာဘုရားသည်''ချစ်သားရဟန်း....မိန်းမည်သည် သင်ကဲ့သို့သောသူ၏စိတ်ကို အဘယ်ကြောင့် မလှုပ်ချောက်စေနိုင်ဘဲရှိအံ့နည်း၊ ရှေးပညာရှိတို့အား အနှစ်ခုနစ်ရာပတ်လုံးမဖြစ်သော ကိလေသာတို့သည် မိန်းမအသံကိုကြားရ၍ အခွင့်ရကာ တခဏချင်းဖြစ်လာကုန်သေး၏၊ စင်ကြယ်သောသူတို့စဉ်လျက်လည်း ညစ်နွမ်းရကုန်သေး၏၊ မြတ်သောဆန္ဒရှိသောသူတို့စဉ်လျက်လည်း အကျော် အစောမဲ့ခြင်းသို့ ရောက်ရကုန်သေး၏၊ မစင်ကြယ်သော သူတို့သည်ကား အဘယ်ဆိုဘွယ်ရာရှိအံ့နည်း''ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု**

နေမင်းတိုင်ကြား အရံအတား

လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ဥဒေါင်း

မင်းဖြစ်၍ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်းရှိ၏၊ အတောင်ကြားတို့၌ ယုန်သွေး ဟင်္သပြဒါးသွေး ဆွတ်ဖျန်းထားသကဲ့သို့နီတွေးသော အရေတို့ဖြင့်ထူးခြားတင့်တယ်၏။

ထိုရွှေဥဒေါင်းမင်းသည် အသက်ကို စောင့်ရှောက်လိုသဖြင့် တောင်သုံးလုံးကိုလွန်၍ လေးလုံးမြောက် ဒဏ္ဍကရွှေတောင်၌နေ၏၊ မိုးသောက်ထအခါ ဒဏ္ဍကရွှေတောင်ထိပ်မှာနေလျက် အရှေ့လောကဓာတ်မှ ထွက်လာသောနေမင်းကိုကြည့်ရှုပြီးလျှင် မိမိကျက်စားရာအရပ်၌ တနေ့လုံးအစောင့်အရှောက်အရံအတားဖြစ်စိမ့်သောငှါ—

"အရှင်နေမင်းသည် သတ္တဝါတို့ မျက်စိအမြင်ကိုပေးပေ၏၊ မြတ်သောမင်းလည်းဖြစ်ပေ၏၊ ရွှေအဆင်းနှင့်တူသော အဆင်းလည်းရှိပေ၏၊ မြေ၌ထွန်းလင်းသော အရောင်လည်း ရှိပေ၏၊ အရှင်နေမင်းကို အကျွန်ုပ်ရှိခိုးပါ၏၊ အရှင်နေမင်းသည် စောင့်ရှောက်၍ ထားသဖြင့် အကျွန်ုပ် တို့သည် တနေ့လုံး ချမ်းသာစွာနေရပါစေသတည်း"—

ဟု မွန်မြတ်သော ပဌမ မန္တရားဂါထာကို ဖွဲ့ဆို၍ နေမင်းကို ရှိခိုးလေ၏။

**လွန်ပြီးဘုရား ရှိခိုးပြော** ထိုနောက် လွန်လေပြီးသောအခါပရိနိဗ္ဗာန်ပြုတော်မူကြပြီးသော ဘုရားရှင်တို့နှင့် ဘုရားရှင်တို့၏ဂုဏ်တော်တို့ကို ရှိခိုးလိုသဖြင့်—

"မကောင်းမှုကင်းကုန်လျက် တရားအလုံးစုံကို သိတော်မူသော ဘုရားရှင်တို့ကို အကျွန်ုပ်ရှိခိုးပါ၏၊

ထိုဘုရားရှင်တို့သည် အကျွန်ုပ်ကို စောင့်ရှောက်ပါ
စေသတည်း။

ကိလေသာမှ လွတ်ကုန်သော ဘုရားရှင်တို့အား
ငှါ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်အားငှါ
အရဟတ္တဖိုလ်ဉာဏ်အားငှါ အကျွန်ုပ် ရှိခိုးခြင်း
ဖြစ်ပါစေသတည်း”—

ဟု မွန်မြတ်သော ဒုတိယမန္တရား ဂါထာကို ဖွဲ့ဆို၍ ရှိခိုးပြန်၏။

**နေမင်းတဖန် တိုင်ကြားပြန်** ဤသို့အရံအတား အစောင့်အရှောက်ကို ပြုလုပ်စီမံပြီးလျှင် တနေ့လုံးအစာရှာထွက်လေ၏။

ရွှေဥဒေါင်းမင်းသည် အစာ စားပြီးလျှင် ညအခါ၌လည်း ဒဏ္ဍကရွှေတောင်ထိပ်မှာ နေလျက်ပင် အနောက်လောကဓာတ်သို့ ဝင်သွားသော နေမင်းကို ကြည့်ပြီးလျှင် မိမိနေရာအရပ်၌ တညဉ့်လုံး အစောင့်အရှောက် အရံအတား ဖြစ်စိမ့်သောငှါ—

“အရှင်နေမင်းသည် သတ္တဝါတို့မျက်စိအမြင်
ကိုပေးပေ၏၊ မြတ်သောမင်းလည်းဖြစ်ပေ၏၊ ရွှေ
အဆင်းနှင့်တူသော အဆင်းလည်းရှိပေ၏၊ မြေ၌
ထွန်းလင်းသော အရောင်လည်း ရှိပေ၏၊ အရှင်
နေမင်းကို အကျွန်ုပ်ရှိခိုးပါ၏၊ အရှင် နေမင်းသည်
စောင့်ရှောက်၍ထားသဖြင့် ကျွန်ုပ်တို့သည် တညဉ့်
လုံး ချမ်းသာစွာနေရပါစေသတည်း”—

ဟု မွန်မြတ်သော ပဉ္စမ မန္တရားဂါထာကို ဖွဲ့ဆို၍ နေမင်းကို ရှိခိုးပြန်လေ၏။

**ညဥ့်ချိန်တဖန် ရှိခိုးပြန်**

ထိုနောက် လွန်လေပြီးသောအခါပရိနိဗ္ဗာန်ပြုတော်မူကြပြီးသော ဘုရားရှင်တို့နှင့်ထိုဘုရားရှင်တို့၏ဂုဏ်တော်တို့ကို ရှိခိုးလိုသဖြင့်—

“မကောင်းမှု ကင်းကုန်လျက် တရားအလုံးစုံကိုသိတော်မူသော ဘုရားရှင်တို့ကို ကျွန်ုပ်ရှိခိုးပါ၏၊ ထိုဘုရားရှင်တို့သည် အကျွန်ုပ်ကို စောင့်ရှောက်ပါစေသတည်း။

ကိလေသာမှ လွတ်ကုန်ပြီးသော ဘုရားရှင်တို့အားဋ္ဌင်း,အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်အားဋ္ဌင်း, အရဟတ္တဖိုလ်ဉာဏ်အားဋ္ဌင်း အကျွန်ုပ်ရှိခိုးခြင်း ဖြစ်ပါစေသတည်း”—

ဟု မွန်မြတ်သော ဒုတိယ မန္တရားဂါထာကို ဖွဲ့ဆို၍ ရှိခိုးပါ၏၊ ဤသို့အစောင့်အရှောက်အရံအတားကို ပြုလုပ်စီမံပြီးလျှင် တည်ဥ့်လုံးနေလေ၏။

**မိဖုရားလျှော်ထား ဒေါင်းမင်းတရား**

ရွှေဥဒေါင်းမင်းသည် နေ့တခါ ညတခါ ပြုလုပ်စီမံထားသော ပရိတ်အရံအတား၏တန်ခိုး အာနုဘော်ကြောင့် ဘေးရန်မဖြစ်၊ ကြက်သီးမွေးညှင်းထရုံမျှပင် မဖြစ်ခဲ့လေ။

ထိုအခါ ဗာရာဏသီမြို့တော်၏အနီး မုဆိုးရွာ၌နေသော မုဆိုးတယောက်သည် ဟိမဝန္တာအရပ်၌ လှည့်လည်သည်ရှိသော်ဒဏ္ဍကရွှေတောင်ထိပ်၌နေသောရွှေဥဒေါင်းမင်းကိုမြင်လျှင် မိမိသားအားပြောကြားလေ၏။

တနေ့သ၌ ဗာရာဏသီမင်းကြီး၏ ခေမာမည်သော မိဖုရားကြီးသည် အိပ်မက်ထဲတွင် ရွှေဥဒေါင်းမင်းတရား ဟောသည်ကို မြင်မက်၍ နိုးသောအခါ မင်းကြီးအား လျှောက်ထားလေ၏။

**မုဆိုးခေါ်လျက် စေခိုင်းချက်**

မင်းကြီးလည်း အမတ်တို့ကိုမေး၍ မသိကြလျှင် ပုဏ္ဏားတို့ကိုမေးပြန်၏၊ ပုဏ္ဏားတို့သည် "မြတ်သောမင်းကြီး.... ရွှေအဆင်းရှိသောဥဒေါင်းမင်းရှိပါသည်"ဟုလျှောက်ထား၏၊ "ပုဏ္ဏားတို့....ဘယ်အရပ်မှာရှိသနည်း"ဟုမေး၏၊ "မြတ်သောမင်းကြီး....မုဆိုးတို့ သိကြပါလိမ့်မည်"ဟု လျှောက်ထား၏။

မင်းကြီးလည်း မုဆိုးတို့ကို စည်းဝေးစေ၍ မေးလေလျှင် မုဆိုးသားတယောက်သည် "မြတ်သောမင်းကြီး.... ဒဏ္ဍက ရွှေတောင်ထိပ်၌ ရွှေဥဒေါင်းမင်းနေပါသည်" ဟု လျှောက်၏၊ "အို-မုဆိုး....သင်သိလျှင် ထိုရွှေဥဒေါင်းမင်းကိုမသတ်ဘဲ အရှင်ဖမ်းယူခဲ့လော"ဟု စေခိုင်းလေ၏။

**မင်းမျက်ထွက်မုန်း ပရိယာယ်သုံး**

မုဆိုးသည် ရွှေဥဒေါင်းမင်းရှိရာအရပ်သို့သွား၍ ကျက်စားရာအရပ်၌ ကျော့ကွင်းထောင်၍ ဖမ်းလေ၏၊ ပရိတ်အရံအတားကောင်းလှသဖြင့် မမိနိုင်ချေ၊ မုဆိုးလည်း ခုနစ်နှစ်ပတ်လုံး ဖမ်းသော်လည်း မမိနိုင်ဘဲ ထိုအရပ်တွင်ပင် သေရလေ၏၊ ခေမာ မိဖုရားကြီးလည်း တောင့်တအပ်သော ရွှေဥဒေါင်းမင်းကိုမရသဖြင့်သေရလေ၏။

မင်းကြီးလည်း ရွှေဥဒေါင်းကိုမှီ၍ ငါ့မိဖုရားကြီး သေလွန်ရသည်ဟု အမျက်ထွက်ကာ "ဟိမဝန္တာ အရပ်၌ ဒဏ္ဍကရွှေတောင်ရှိလေ၏၊ ထိုရွှေတောင်ဝယ်ရွှေဥဒေါင်းမင်းနေလေ၏၊ ထိုရွှေဥဒေါင်း၏အသားကို စားရသော သူတို့သည် မအိုမသေဘဲနေကြရကုန်၏" ဟု အက္ခရာတို့ကိုရွှေပြားတွင် ရေသားစေပြီးလျှင် ရွှေတံတင်း[၁]သေတ္တာ၌ ထားစေ၏။

နောက်မင်း နန်းတက်သောအခါ၌လည်း ရွှေတံတင်းကိုဖွင့်စေ၍ ရွှေပြားတွင် ရေးသားထားသော အက္ခရာတို့ကိုဘတ်စေလျက် အကြောင်းကိုသိလျှင် မအိုမသေရဘဲနေလိုသဖြင့် မုဆိုးတယောက်ကို အဖမ်းခိုင်းပြန်ရာ မမိနိုင်ဘဲသေရပြန်၏၊ ဤနည်းဖြင့်မင်းခြောက်ဆက်လဲလေ၏။

**တဏှာမှိုင်းထိ ကျော့ကွင်းမိ**

ခုနစ်ဆက် မြောက်သော မင်းလက်ထက်၌လည်း မုဆိုးတယောက်ကို အဖမ်းခိုင်းပြန်၏၊ မုဆိုးသည်ရွှေဥဒေါင်းမင်းရှိရာအရပ်သို့သွားပြီးလျှင် ရွှေဥဒေါင်းမင်း ကျက်စားရာအရပ် အနေအထိုင် အသွားအလာကို ကြည့်ရှုဆင်ခြင်လတ်သော် ပရိတ်အရံအတားပြုလုပ်၍ နေသဖြင့် ရိုးရိုးဖမ်း၍မရနိုင်ကြောင်းကိုသိလေလျှင် ဥဒေါင်းမတကောင်ကိုဖမ်း၍ အက, အတွန်ကို သင်စေပြီးလျှင် ဥဒေါင်းမကိုယူဆောင်ကာ ရွှေဥဒေါင်းမင်း ပရိတ်အရံအတား မပြုလုပ်မီ စောစောကပင် ကျက်စားရာ အရပ်တွင် ကျော့ကွင်းထောင်လျက် ဥဒေါင်းမကိုအကအတွန်ခိုင်းလေ၏။


---

၁။ တံတင်း....သေတ္တာကိုခေါ်သည်။

ထိုအခါ ရွှေဥဒေါင်းမင်းသည် ဥဒေါင်းမအသံကိုကြားလျှင် အနှစ်ခုနှစ်ရာတို့တိုင်အောင်မဖြစ်သေး၁ ကိလေသာတို့သည် ထကြွသောင်းကြမ်းကာ ပရိတ်အရံအတား ပြုရန်ကို ပင်သတိမရတော့ဘဲ ကျက်စားရာအရပ်သို့ သွားလေလျှင် ကျော့ကွင်း၌မိလေ၏။

**နန်းတော်ဆောင်သွင်း မေးဖြေခြင်း**

ထိုအခါ မုဆိုးသည် ရွှေဥဒေါင်းမင်းကို ယူဆောင်ကာ မင်းကြီးအား ဆက်သလေ၏၊ မင်းကြီးလည်း ရွှေဥဒေါင်းမင်းကိုမြင်လျှင် ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ နေရာကိုပေးစေ၏၊ ရွှေဥဒေါင်း မင်းလည်း ပေးသောနေရာ၌နေလျက် "အရှင်မင်းကြီး···· အကျွန်ုပ်ကို အဘယ်ကြောင့် ဖမ်းစေသနည်း" ဟု မေးလေ၏၊ "ဥဒေါင်းမင်း···· သင့်အသားကို စားရသောသူတို့သည် မအိုမသေနေကြရကုန်၏ဟု ရွှေပြားတွင် အက္ခရာအရေးအသားကို တွေ့ရ၍ ဖမ်းစေပါသည်"ဟု ပြော၏၊ "မြတ်သောမင်းကြီး···· အကျွန်ုပ်အသားကို စားရသောသူတို့သည် မအိုမသေနေရကုန်ဦးတော့ ကျွန်ုပ်မူကား မုချသေရလတ့ံ၊ ကျွန်ုပ်သည် သေတတ်သော သဘောရှိပါလျက် ကျွန်ုပ်အသားစားရသောသူတို့မှာတော့ အဘယ်ကြောင့် မသေဘဲ နေကြရကုန် လတ့ံနည်း" ဟု ပြောလေ၏၊ "ဥဒေါင်းမင်း···· သင်သည် ရွှေအဆင်း ရှိသောကြောင့် သင့်အသား စားရသူတို့မှာ မအိုမသေဘဲနေကြရသည်ဖြစ်လတ့ံ"ဟု ပြောသောအခါ "မြတ်သော မင်းကြီး···· အကျွန်ုပ်မှာ အကြောင်းမဲ့ ရွှေအဆင်းရှိလာသည်မဟုတ်၊



P. 60 ဥဒေါင်းမအသံကိုကြား၍ ပရိတ်ကိုသတိမထားမိသဖြင့် ရွှေဥဒေါင်းမင်း ကျော့ကွင်း၌မိနေပုံ

၍မြို့မှာပင် စကြာဝတေးမင်းဖြစ်စဉ် ကိုယ်တိုင်လည်း ပဉ္စသီကိုစောင့်ခဲ့ဘူး၏၊ သူတပါးတို့ကိုလည်း စောင့်စေခဲ့ဘူး၏၊ သို့အတွက် သေလွန်သောအခါ တာဝတိံသာ နတ်ပြည်၌ ဖြစ်ခဲ့ဘူး၏၊ ၎င်းမှတဖန် အကုသိုလ်အကျိုးဆက်ကြောင့် ဥဒေါင်းမျိုး၌ဖြစ်ရသော်လည်း ရှေးအခါစောင့်ခဲ့ဘူးသော သီလအာနုဘော်ကြောင့် ရွှေအဆင်းရှိပါ၏၊ "ဥဒေါင်းမင်း….စကြာဝတေးမင်းဖြစ်သောအခါ စောင့်ခဲ့ဘူးသောသီလအာနုဘော်ကြောင့် ရွှေအဆင်းရှိ၏ဆိုသော စကားကို အဘယ်သို့ ယုံကြည်နိုင်အံ့နည်း၊ သက်သေတစုံတရာရှိပါသလော" ဟု မေး၏၊ "မြတ်သောမင်းကြီး…. စကြာဝတေးမင်းဖြစ်စဉ် စီးသောရတနာရထားကို မင်္ဂလာရေကန်တွင် မြှုတ်ထားခဲ့၏၊ တူးဖေါ်စေလော"ဟု ပြောကြားလေ၏၊ မင်းကြီးလည်း မင်္ဂလာရေကန်၌ ရေကိုပက်ထုတ်စေ၍တူးဖေါ်စေရာ ရတနာရထားကိုရ၍ ယုံကြည်လေ၏။

**ဥဒေါင်းမင်း ဟောပြတရားရ**

ထိုအခါ ရွှေဥဒေါင်းမင်းသည် "မြတ်သောမင်းကြီး…. နိဗ္ဗာန်ကို ထား၍ အလုံးစုံသော သင်္ခတတရားသည် ဖြစ်လျှင် ကုန်ဆုံးပျက်စီးတတ်သောသဘောရှိ၏" ဟု တရားဟော၍ ငါးပါးသီလ၌တည်စေ၏၊ မင်းကြီးလည်း အလွန်ကြည်ညိုသဖြင့် ရွှေဥဒေါင်းမင်းအား မင်းစည်းစိမ်ဖြင့် ပူဇော်လေ၏၊ ရွှေဥဒေါင်းမင်းလည်း မင်းစည်းစိမ်ကို မင်းကြီးအား အပ်နှင်း၍နှစ်ရက်သုံးရက်နေပြီးလျှင်ဒဏ္ဍကတောင်သို့ပြန်လေ၏။

မင်းကြီးလည်း ရွှေဥဒေါင်းမင်း၏အဆုံးအမ၌ တည်ကာ ကုသိုလ်ကောင်းမှုတို့ကို အားထုတ်၍ သေလွန်သောအခါ ကံအားလျော်စွာလားလေ၏။

ဤဒေသနာတော်၏အဆုံး၌သစ္စာကို ပြတော်မူပြီးလျှင် သာသနာတော်၌ ငြီးငွေ့သောရဟန်းသည် အရဟတ္တဖိုလ်၌တည်၍ ရဟန္တာအဖြစ်သို့ရောက်လေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်- ရဟန်းတို့....

※ ထိုအခါမင်းကြီးသည်-ယခုအခါအာနန္ဒာ။

※ ရွှေဥဒေါင်းမင်းသည်-ငါဘုရားဖြစ်လာပြီ- ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ပရိတ်တော်ကား၊ဘေးရန်များ၊ဆီးတားနိုင်လေသည်။
(၂) ပရိတ်ရွတ်လျှင်း၊ဥဒေါင်းမင်း၊ကျောခွင်းလွတ်လေသည်။
(၃) မနှင့်သိမ်းသွင်း၊ဥဒေါင်းမင်း၊ကျောခွင်းမိပြန်သည်။

မောရဇာတ်ပြီး၏။

---

# ၁၆၀-ဝိနီလကဇာတ်

**ပစ္စုပ္ပန်ဝတ္ထု**

**ဘုရားအတုပြု ပျက်စီးမှု**

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဒေဝဒတ်

သည် ဂယာသီသတွင်နေလေ၏၊ ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်တို့ လာသောအခါဘုရားအတုပြု၍အိပ်လတ်သော် ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်တို့သည် တရားဟော၍ မိမိတို့တပည့်ရဟန်းတို့ကို ခေါ်ဆောင်ကာ ဝေဠုဝန်ကျောင်းတော်သို့ ပြန်ကြကုန်၏။

မြတ်စွာဘုရားသည်ရှင်သာရိပုတ္တရာရှင်မောဂ္ဂလာန်တို့ကို "ချစ်သားသာရိပုတ္တရာ မောဂ္ဂလာန်တို့.... ဒေဝဒတ်သည် သင်တို့ကိုမြင်လျှင် အဘယ်သို့ပြုသနည်း"ဟု မေးတော်မူလျှင် "အရှင်ဘုရား....မြတ်စွာဘုရားအတုကိုပြု၍ ကြီးစွာပျက်စီးခြင်းသို့ရောက်ကြောင်းကို လျှောက်ထားကြကုန်၏" မြတ်စွာဘုရားသည် "ချစ်သား သာရိပုတ္တရာ.... ဒေဝဒတ်သည် ယခုအခါ၌သာ ငါဘုရား၏အတုပြု၍ ပျက်စီးခြင်းသို့ရောက်သည်မဟုတ်၊ရှေးအခါ၌လည်း ပျက်စီးခြင်းသို့ရောက်ဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**ဟသ်ာနှင့်ကျီးညား သားတယောက်ဖွား**

လွန်လေပြီးသောအခါ ဝေဒေဟတိုင်း မိဓိလာပြည်ဝယ် ဝေဒေဟမင်း မင်းပြုသည်ရှိသော်ဘုရားအလောင်းသည် ဝေဒေဟမင်း မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေနေ၍ ဖွားမြင်ပြီးလျှင် အရွယ်ရောက်သောအခါ တက္ကသိုလ်ပြည်၌ အတတ်ပညာအလုံးစုံတို့ကို သင်ကြားတတ်မြောက်၍ အဘမင်းကြီးသေလွန်သဖြင့် မင်းအဖြစ်သို့ရောက်လေ၏။

ထိုအခါ ရွှေဟင်္သာတကောင်သည် ကျက်စားရာအရပ်၌ ကျီးမနှင့်ပေါင်းဘော်ရာ သားတကောင် မွေးဘွားလေ၏၊ ထိုသားငယ်ကို အမိနှင့်လည်း လုံးလုံးမတူ အဘနှင့်လည်း လုံးလုံးမတူ မညီမရွှေသောအဆင်းရှိသည့်အတွက် ဝိနီလကဟု အမည်မှည့်လေ၏၊ရွှေဟင်္သာမင်းသည် သားငယ်ဝိနီလကကို မပြတ်လာ၍ ကြည့်လေ့ရှိ၏။

**ဟင်္သာညီနောင် ညီငယ်ဆောင်**

ထိုရွှေဟင်္သာမင်းအား ဝိနီလကမှတပါး သားဖြစ်သော ဟင်္သာနှစ်ကောင်တို့လည်းရှိကုန်၏၊ ထိုရွှေဟင်္သာငယ်တို့သည် အဘရွှေဟင်္သာမင်း လူတို့နေရာသို့ မပြတ်သွားသည်ကိုမြင်ကြလျှင် ဘခင်အား ''ဘခင်....အဘယ်ကြောင့် လူတို့နေရာသို့ မပြတ်သွားသနည်း''ဟု မေးလေ၏၊ ''ချစ်သားတို့.... ဘခင်မှာ ကျီးမတကောင်နှင့် ပေါင်းဘော်၍ရသော ဝိနီလကမည်သော သားတကောင်ရှိသည်၊ ၎င်းသားကိုကြည့်ရှုရန်သွားသည်''ဟု ပြောလေ၏၊ ''ဘခင်.... ဝိနီလကကား ဘယ်အရပ်မှာ နေသနည်း''ဟု မေး၏၊ ''ချစ်သားတို့..ဝေဒေဟတိုင်း မိထိလာပြည်နှင့် မနီးမဝေးဖြစ်သော ထန်းပင်ဖျားတခုမှာနေသည်''ဟု ပြော၏၊''ဘခင်.... လူတို့နေရာ၌ ရန်ရှာဘွယ်ရှိသည်၊ ဘေးဘျမ်းနှင့်တကွဖြစ်သည် ဘခင်မသွားပါလင့်၊ ကျွန်ုပ်တို့သွား၍ယူလာပါမည်''ဟု ပြောဆိုကာ ဘခင်ပြောလိုက်သော အမှတ်သညာဖြင့် ဝိနီလကထံသွားကြကုန်၏။

**မင်းဟုထင်ကာ ပြောဆိုရာ**

ရွှေဟင်္သာ ညီနောင်တို့သည် ဝိနီလကကိုတွေ့လျှင် တုတ်တံတခုတွင် ဝိနီလကကိုစီးစေ၍ တုတ်တံဖျားအစွန်းနှစ်ဘက်

တွင် တဘက်တကောင်စီ နှုတ်သီးဖြင့်ကိုက်ချီကာ မိဓိလာမြို့ပေါ် ကောင်းကင်ခရီးဖြင့် ယူဆောင်သွားကြလေ၏၊ ထိုအခါ ဝေဒေဟမင်းကြီးသည် အလုံးစုံဖြူသော သိန္ဓောမြင်းလေးစီးကသော ရထားကိုစီးနင်းကာ မြို့ကို လက်ျာရစ်လှည့်လည်တော်မူ၏။

ဝိနီလကသည် ဝေဒေဟမင်းကြီးကိုမြင်လျှင် ငါကား ဤဝေဒေဟမင်းကြီးနှင့် အဘယ်မှာထူးသနည်းဟု ကြံစည်လျက်-

မိဓိလာပြည်ကြီးကို သိမ်းပိုက်ကာ ဝေဒေဟတိုင်းကိုအုပ်စိုးသော ဝေဒေဟမင်းကြီးကို အာဇာနည် သိန္ဓောမြင်းလေးစီးတို့ ယူဆောင်ကြသကဲ့သို့ ငါ့ကိုလည်း ဤရွှေဟံသာညီနောင်တို့ ယူဆောင်ကြရ၏-

ဟုဝေဒေဟမင်းကြီးကို အတုပြုကာပြောဆိုလေ၏၊ ရွှေဟံသာညီနောင်တို့သည် ဝိနီလက၏စကားကို ကြားကြလျှင် အမျက်ထွက်၍ ဝိနီလကကို ဤအရပ်၌ပစ်ချကာ သွားကြတော့မည်ဟု ကြံစည်ပြီးမှ ဤသို့ပြုသည်ရှိသော် ငါတို့အား ဘခင်သည် အဘယ်သို့ဆိုလတံ့နည်းဟု ကွဲရဲမည်မှကြောက်သောကြောင့် အဘထံသို့ရောက်အောင် ယူဆောင်ပြီးလျှင် ဝိနီလကပြုသောအမူအရာကို ဘခင်အား ပြောကြားကြကုန်၏။

**ဖခင်အမျက်ထ**
**မစင်တွင်းချ**

ရွှေဟံသာမင်းသည် ဝိနီလကကို ပြင်းစွာအမျက်ထွက်၍"ဟယ်-ဝိနီလက…. သင်သည် ငါ့သားတို့ထက်မြတ်သလော

သင်ကား ငါ့သားတို့ကိုနှိပ်စက်ကာ ရထားတွင်ကသော သိန္ဓောမြင်းတို့ပမာ ပြုမူဘိ၏၊ မိမိ၏ပမာဏကိုမသိလေဟု' ပြောဆိုပြီးလျှင် တဖန် ဝိနိလကအား-

''ဟယ်ဝိနိလက···· သင်ကား ဤရွှေဟင်္သာညီနောင်တို့အစွမ်းဖြင့်ရောက်ရန်ခဲယဉ်းသောတောင်ချောက်ကြားသို့ ရောက်လာဘိ၏၊ ဤအရပ်သည်ကား သင်၏ကျက်စားရာအရပ်မဟုတ်၊ သင်ကား မစင်စွန့်ရာ, အကောင်ပုပ်စွန့်ရာ, သင့်အမိ ကျီးမကျက်စားရာရွာနားသို့ သွားလေလော့''-

ဟုခြိမ်းချောက်ပြီးလျှင် ရွှေဟင်္သာငယ်တို့ကို''ချစ်သားတို့····သွားကြကုန်၊ဤဝိနိလကကိုမစင်စွန့်ရာမိဓိလာမြို့နားတွင်ချ၍ ပြန်လာကြကုန်''ဟု စေလွှတ်လိုက်၏၊ ရွှေဟင်္သာညီနောင်တို့လည်း အဘစေခိုင်းသောအတိုင်း ပြုလုပ်ကြကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ ဝိနိလကသည်- ယခုအခါ ဒေဝဒတ်။
※ ရွှေဟင်္သာညီနောင်သည်-အဂ္ဂသာဝကနှစ်ပါး။
※ ရွှေဟင်္သာမင်းသည်-အာနန္ဒာ။
※ ဝေဒေဟမင်းသည်- ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ဘုန်းဂုဏ်မတူ၊ ထိုသသူ၊ တုယှူမပြုရာ။
(၂) ဘုရားတုလတ်၊ ဒေဝဒတ်၊ မြေဟပ်ဝိစိမှာ။
(၃) ဝေဒေတုပ၊ နီလက၊ ပြန်ရဘောင်စွန့်ရာ။

ဝိနီလကဇာတ်ပြီး၏။

---

## ၁၆၁—ဇူနှသမာနဂေါတ္တဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**မြတ်စွာထံမှောက် ရဟန်းရောက်**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် အဆုံးမ ခက်သော ရဟန်းတပါးရှိလေ၏။

ထိုရဟန်းသည် မြတ်စွာဘုရားထံတော်သို့ ရောက်လာရာ မြတ်စွာဘုရားသည် "ရဟန်းတို့.... ဤရဟန်းကား ယခုအခါ၌သာ အဆုံးမ ခက်သည်မဟုတ်၊ ရှေးအခါ၌လည်း အဆုံးမခက်၍ ပညာရှိတို့စကားကို နားမထောင်သောကြောင့် အမုန်ယစ်သော ဆင်နင်း၍ သေခဲ့ဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

**အဆုံးမခက် ရသေ့ပျက်**

လွန်လေပြီးသောအခါ ဗာရာဏသီပြည် ဝယ်ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်ရောက်လတ်သော် အိမ်ရာထောင်ခြင်း၌ အပြစ်

မြင်ကာ ရသေ့ရဟန်းပြု၍ ရသေ့ငါးရာတို့၏ အကြီးအမှူး ဂိုဏ်းဆရာကြီးဖြစ်လျက် ဟိမဝန္တာအရပ်၌ နေလေ၏။

ထိုရသေ့ငါးရာတွင် ဇာနန္ဒသမာနဂေါတ္တမည်သော ရသေ့ တပါးသည် အဆုံးမခက်၏၊ ဆုံးမသောစကားကို မနာယူ၊ ဆင်ငယ်တစီးကို မွေးစား၍ထား၏၊ ဆရာရသေ့ကြီးသည် ထိုအကြောင်းကို ကြားလျှင် ဇာနန္ဒသမာနဂေါတ္တရသေ့ကို ခေါ်စေ၍"ငါ့ရှင်ရသေ့.. သင်သည် ဆင်ငယ်တစီးမွေးစား ထား၏ဟူသည်မှန်သလော"ဟုမေး၏၊"ဆရာကြီး....မှန် ပါသည်၊ အမိသေဆုံးသွားသောဆင်ငယ်တစီးကို မွေးစား ထားပါသည်"ဟုပြောလေ၏၊ "ငါ့ရှင်ရသေ့.... ဆင်တို့ မည်သည်မှာ ကြီးပြင်းလာသောအခါ မွေးစားသော သခင်ကို သတ်တတ်ကုန်၏၊ မမွေးလေနှင့်"ဟု ပြောလေ၏၊ "ဆရာကြီး....ထိုဆင်ငယ်ကို မခွဲနိုင်ပါ"ဟု ပြန်ပြော၏၊ "ငါ့ရှင်ရသေ့....သည်လိုဖြစ်လျှင် နောင် သိရလိမ့်မည်" ဟု ဆိုလေ၏၊ ဆင်ငယ်လည်း နောက်အတို့ဝယ်ကြီးပြင်း သောအရွယ်သို့ရောက်ခဲ့လေ၏။

**ရသေ့သတ်ရန် ဆင်အကြံ**

အခါတပါး၌ ရသေ့တို့သည် တောခ၌ ဖြစ်သောသစ်သီးကြီးငယ်ကို ရှာဖွေရန် ဝေးသောအရပ်သို့သွားကြရာနှစ်ရက်, သုံးရက်ကြာကုန်၏၊ ဆင်သည် ရှေးဦးစွာတောင်လေလာ လတ်သော် မုန်ယို၍ ဇာနန္ဒသမာနဂေါတ္တ ရသေ့ကျောင်းသို့ ဝင်ပြီးလျှင် ရေအိုးကိုခွဲလျက် ကျောက်ပျဉ်ကိုပစ်၍ တံကဲမှီ ပျဉ်ကိုနုတ်ကာ ရသေ့ကိုသတ်ပြီးမှသွားမည်ဟု တောအုပ် တခုသို့ဝင်လျက် ရသေ့ လာလတ့်သော လမ်းကိုကြည့် မျှော်ကာ နေလေ၏။

**ရသေ့သတ်ခါ တောဝင်ရှာ**

ဇူန္ဒသမာနဂေါတ္တ ရသေ့လည်း ဆင်စားရန် သစ်သီးကြီးငယ်ကိုယူ၍ ရသေ့အလုံးစုံတို့ရှေ့မှ လာလတ်သည်ရှိသော် ဆင်ကိုမြင်လျှင် ပကတိသောအမှတ်ဖြင့် ဆင်ထံသို့သွားလေ၏၊ ဆင်သည်တောအုပ်မှထွက်၍ ဇူန္ဒသမာနဂေါတ္တရသေ့ကို နှာမောင်းဖြင့် မြဲမြဲစွာကိုင်ပြီးလျှင် မြေကြီးမှာ ရိုက်ပုတ်၍ ဦးခေါင်းကိုခြေဖြင့်နင်းကာ အသက်ကုန်စေလျက် ကြိုးကြာသံကဲ့သို့ မြည်၍တောထဲသို့ ဝင်လေ၏။

**အကျင့်တူမှ ပေါင်းသင်းကြ**

ရသေ့တို့သည် ထိုအကြောင်းကို ဆရာရသေ့ကြီးအား ပြောကြားကြ ကုန်၏၊ ဆရာရသေ့ကြီးလည်း- တပည့် ရသေ့တို့အား—

"အိုရသေ့တို့···· အကျိုးစီးပွါးကိုသိသောသူတော်ကောင်းသည် စက်ဆုပ်ရွံရှာဘွယ်ရှိသောသူယုတ်မာနှင့် မပေါင်းဘော်ရာ၊ဇူန္ဒသမာနဂေါတ္တရသေ့ မွေးမြူထားသော ဆင်သည် ဇူန္ဒသမာနဂေါတ္တရသေ့ကိုပင် သတ်သကဲ့သို့၊ သူယုတ်မာသည်ကြာမြင့်စွာ ပေါင်းဘော်ခဲ့သော်လည်း ယုတ်မာသောအမှုကို ပြုတတ်သောကြောင့်တည်း၊ မိမိနှင့်အကျင့်သီလ,ပညာ,အကြား,အမြင်တူသောသူနှင့်သာ မိတ်ဆွေဖွဲ့ကာ ပေါင်းဘော်ရာ၏၊ အကျင့်သီလ,ပညာ,အကြား, အမြင်ရှိသောသူတော်ကောင်းကား ချမ်းသာမှုကိုပြုတတ်သောကြောင့်တည်း"—

ဟုအဆုံးအမ ပေးတော်မူ၏၊ ထိုနောက်ရသေ့တို့အား

ပညာရှိတို့အဆုံးအမအတိုင်း ကျင့်ရမည်ဟုပြောဆိုပြီးလျှင် ဇာနုသမာနဂေါတ္တရသေ့အလောင်းကို ကောင်းစွာသင်္ဂြိုဟ်၍ ပြဟ္မဝိဟာရ တရားတို့ကို ပွါးများ အားထုတ်ကာ အသက်၏အဆုံး၌ ပြဟ္မာ့ပြည်သို့လားလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….

※ ထိုအခါ ဇာနုသမာနဂေါတ္တ ရသေ့သည်-ယခုအခါ အဆုံးမခက်သောရဟန်း။

※ ဆရာရသေ့သည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) စက်ဆုပ်အပ်စွာ၊ သူယုတ်မာ၊ ရှည်ကြာမပေါင်းသင့်။
(၂) ရှည်ကြာမရှု၊ ယုတ်မာမှု၊ ပြုတတ်လေသဖြင့်။
(၃) သီလ,ပညာ၊ကြား,မြင်ပါ၊တူရာပေါင်းဘက်သင့်။
(၄) သူတော်ကောင်းသာ၊ ချမ်းသာရာ၊ ကောင်းစွာပြုသဖြင့်။

ဇာနုမသာနဂေါတ္တဇာတ်ပြီး၏။

---

## ၁၆၂—သန္ထဝဇာတ်

ပစ္စုပ္ပန်ဝတ္ထု

မိတ်ဆွေကျင့်မှား ကျိုးမများ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရသေ့တို့သည် မီးကို

ပူဇော်ကြကုန်၏၊ အထူးထူးအပြားပြားရှိသောမိစ္ဆာအကျင့်ကို ကျင့်ကြကုန်၏။

ထိုအခါ ရဟန်းတို့သည် မြတ်စွာဘုရားထံ သွား၍ ''အရှင်ဘုရား.... မိစ္ဆာအကျင့်၌ အကျိုးစီးပွါး ရှိပါသလော''ဟု လျှောက်ထားကုန်၏၊ မြတ်စွာဘုရားသည် ''ချစ်သားရဟန်းတို့....မိစ္ဆာအကျင့်၌ တစုံတခုသော အကျိုးစီးပွါးမည်သည်မရှိ၊ ရှေးပညာရှိတို့သည် မီးပူဇော်ခြင်း၌ အကျိုးစီးပွါးရှိသည်ဟူသောအမှတ်ဖြင့် ကြာမြင့်စွာ မီးကို ပူဇော်ခဲ့သော်လည်း နောက်အခါ အကျိုးစီးပွားမဲ့ကို မြင်လတ်သော် ထိုမီးကို ငြိမ်းသတ်ကာ ပြန်၍ပင် မကြည့်ကုန်''ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**မီးလုပ်ကျွေးကာ လောင်းတော်မှာ**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ အမိ,အဘတို့သည် မွေးဖွားသောနေ့၌ မီးကိုယူထားကြပြီးလျှင် ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်သောအခါ ''ချစ်သား.... သင်ဖွားသောနေ့၌ မီးကိုယူထားခဲ့ကြသည်၊ တော၌ မီးကိုလုပ်ကျွေးကာ ဗြဟ္မာ့ပြည်သို့ သွားမည်လော,သို့တည်းမဟုတ်၊ ဗေဒင်သုံးပုံကိုသင်ကြားကာ ဥစ္စာကို ဖြစ်စေလျက် လူ့ဘောင်၌ နေမည်လော''ဟု မေးကြကုန်၏။

ပုဏ္ဏား လုလင်သည် ''မိခင်,ဘခင်တို့ .... အကျွန်ုပ်သည် လူ့ဘောင်၌မနေလို၊ မီးကိုယူ၍ တော၌မီးကိုလုပ်ကျွေးကာ ဗြဟ္မာ့ပြည်သို့ သွားမည်'' ဟု ပြောဆို၍ ဖွားသောနေ့၌ မီးကိုယူကာ မိဘတို့ကိုရှိခိုးပြီးလျှင် တောသို့ဝင်၍ သစ်ရွက်မိုးကျောင်း၌နေလျက် မီးကို လုပ်ကျွေးလေ၏။

**ကျောင်းတော် ဝိဟာ မီးလောင်ရှာ**

တနေ့သ၌ ဆွမ်းဘိတ်ရာအရပ်သို့ သွား၍ ထောပတ်နှင့် ရောနှောသော ဃနာကို ရခဲ့လျှင် ဗြဟ္မာကြီးကို လှူဒါန်းမည်ဟု မီးကိုညွှတ်၍ ''အရှင်မီးမင်း..အရှင်အား ထောပတ်နှင့် ရောနှောသောဃနာကို သောက်စေအံ့'' ဟုဆိုပြီးလျှင် ဃနာကို မီး၌ထည့်လေ၏၊ ထောပတ်စေးများသော ဃနာကို မီးလောင်ကာမျှ၌ မီးအလွန်တောက်၍ အထက်သို့ တက်လေ၏၊ ထိုကြောင့် သစ်ရွက်မိုးသော ကျောင်းသည် မီးလောင်လေ၏၊ ပုဏ္ဏားလုလင်သည် အလွန်ထိတ်လန့်ရကား ပြေး၍ ပြင်ပ၌ရပ်ပြီးလျှင်-

> ''စက်ဆုပ်ဘွယ်ရှိသောသူနှင့် ပေါင်းဘော်ခြင်းသည် အလွန်ယုတ်မာလှ၏၊ ထိုလောက် ယုတ်မာခြင်း မည်သည် မရှိ၊ ထောပတ်နှင့် ရောနှောသော ဃနာဖြင့် ရောင့်ရဲ စေအပ်ပါလျက် ဤမီးသည် ငါဆင်းဆင်းရဲရဲ ဆောက်လုပ်ထားသော သစ်ရွက်မိုးကျောင်းကို လောင်ခဲ့လေပြီ''-

ဟု ပြောဆိုကာ အဆွေခင်ပွန်းကောင်းကိုပြစ်မှားတတ်သော သင်မီးကို ငါအလိုမရှိတော့ပြီဟု ငြိမ်းစေ၍ သစ်ခက်တို့ဖြင့် ပုတ်ခတ်ပြီးလျှင် ဟိမဝန္တာအတွင်းသို့ ဝင်ပြီးသော် ရွှေအဆင်း ရှိသည့်အတွက် သာမာမည်သော သမင်တ

ကောင်၏မျက်နှာကို ခြင်္သေ့,သစ်,ကျားတို့ ဗိုင်းအုံကာလျက် နေသည်ကိုမြင်လျှင်-

မီးကိုစွန့်ကာ ဖြဲ့ကြွားရှာ

သူတော်ကောင်းနှင့် ပေါင်းဘော်ခြင်းသည် အလွန်မွန်မြတ်လှ၏၊ ထိုထက်မွန်မြတ်ခြင်းသည် မရှိ၊ သာမာ မည်သော သမင်သည် ချစ်ခြင်းကြောင့် ခြင်္သေ့, သစ်, ကျားတို့ မျက်နှာကိုလျက်၏—

ဟု ပြောဆိုကာ ရသေ့ရဟန်းပြုပြီးလျှင် အဘိညာဉ်တို့ကိုဥင်း, သမာပတ်တို့ကိုဥင်း ဖြစ်စေ၍ အသက်၏ အဆုံး၌ ဗြဟ္မာ့ပြည်သို့ လားလေ၏။ ။[ဤဇာတ်ကိုကား ပြဆိုခဲ့ပြီးသော ကေနိပါတ် နင်္ဂုဋ္ဌဇာတ်နှင့် တူသဖြင့် အကျဉ်းမျှ ပြလိုက်သည်။]

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်-

ရဟန်းတို့....

※ ထိုအခါ ရသေ့သည်-ယခုအခါ ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မိတ္တာကျင့်များ၊ ကျိုးမပွါး၊ ကိုးစားမကျင့်ရာ။
(၂) မီးပူဇော်ကြောင်း၊ဆနှာလောင်း၊ကျောင်းကိုမီးလောင်ရှာ။
(၃) စပ်ဆုပ်အပ်သူ၊ ပေါင်းဘက်မူ၊ လူတွင်လွန်ယုတ်မာ။
(၄) သူတော်ကောင်းမှန်၊ ပေါင်းဘက်ပြန်၊ အလွန်မြတ်လှစွာ။

သန္တဝဇာတ် ပြီး၏။

## ၁၆၃—သုသီမဇာတ်

ပဌ္ဌပြုန်ဝထ္ထု၊

စည်းလုံးညီညာ လှူဒါန်းရာ

နတ်လူတို့ဆရာဖြစ်တော်မူသောမြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်း သုံးတော်မူစဉ် သာဝတ္ထိမြို့တော်ဝယ် တမြို့လုံး အလိုဆန္ဒညီညွတ်ကြလျက် လှူဒါန်းသောအလှူကြီးသည် ဖြစ်သတတ်၊ ထိုအခါ မြို့သူမြို့သားတို့သည် အလုံးစုံသော ပရိက္ခရာလှူဘွယ်ဝတ္ထုတို့ကို စီရင်ကြကုန်၏။

အချို့သူတို့သည် ဘုရားအမှူးရှိသော သံဃာတော်တို့အား လှူဒါန်းလိုကြကုန်၏၊ အချို့သူတို့သည်ကား သာသနာတော်မှတပါး အယူရှိကုန်သော အရှင်တို့အား လှူဒါန်းလိုကြကုန်၏၊ ထိုသူတို့သည် ပရိသတ်အစည်းအဝေးတွင် မိမိတို့လှူဒါန်းလိုရာကိုသာ တဘက်သတ် ပြောဆိုနေကြသဖြင့် အချင်းချင်းညီညွတ်ခြင်းမရှိကြကုန်။

ထိုအခါ ဘယ်သူ့ဘက်မှ မျက်နှာမလိုက်ဘဲ တရားသဘောအတိုင်း များရာသို့လှူဒါန်းရန် ဆုံးဖြတ်မည်ဟုတိုင်ပင်ကာ မိမိတို့အလိုဆန္ဒရှိရာကို အသီးအသီးပြောဆိုစေရာ ဘုရားအမှူးရှိသော သံဃာတော်တို့အား လှူဒါန်းလိုသူတို့ကများနေသဖြင့် ဘုရားအမှူးရှိသော သံဃာတော်တို့အား လှူဒါန်းရန် အများသဘောတူဆုံးဖြတ်ကြကုန်၏။

ဘုရားကိုရှု အနိုင်ယူ

မြို့သူ မြို့သား တို့သည် ဆုံးဖြတ် ချက်အတိုင်း ဘုရားအမှူးရှိသော သံဃာတော်တို့ကို ပင့်ဘိတ်ကာ ခုနစ်ရက်ပတ်

လုံးအလှူကြီးပေးကြကုန်၏၊ ခုနစ်ရက်မြောက်သော နေ့၌ မြတ်စွာဘုရားသည် အနုမောဒနာပြုကာ လူအများကို မဂ်,ဖိုလ်တရားဖြင့် မောဟဟူသော အိပ်ပျော်ခြင်းမှ နိုး တော်မူပြီးလျှင် ကျောင်းတော်သို့ကြွတော်မူ၏။

ရဟန်းတို့သည် တရားသဘင်ဝယ် ငါ့ရှင်တို့..မြတ်စွာ ဘုရားအစွမ်းတော်သည် အံ့ဘွယ်ရှိပေစွ၊ သာသနာတော်မှ တပ'ါးအယူရှိကုန်သောအရှင်တို့၏ တပည့်တို့သည် မြတ်စွာ ဘုရားတို့အား လှူဒါန်းအပ်သော အလှူကို အန္တရာယ်ပြု ရန်ကြိုးစားကြသော်လည်း မတတ်နိုင်ကုန်၊ အလုံးစုံသော ပရိက္ခရာလှူဘွယ်ဝတ္ထုတို့သည် မြတ်စွာဘုရားခြေတော်ရင်း သို့သာ ရောက်လာရကုန်၏ဟု စကားစပ်မိ၍ ပြောဆိုနေ ကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ ''ရဟန်းတို့....ဤသူ တို့သည် ယခုအခါ၌သာ ငါဘုရားတို့အား လှူဒါန်းအပ် သောအလှူကို အန္တရာယ်ပြုရန် ကြိုးစားကြသည် မဟုတ် ကုန်၊ ရှေးအခါ၌လည်း ကြိုးစားကြဘူးပြီ၊ အလုံးစုံသော ပစ္စည်းပရိက္ခရာသည် ငါ၏ခြေရင်းသို့သာရောက်လာရဘူး ပြီ''ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင် တော်မူသတည်း။

### အတိတ်ဝတ္ထု

မဂ်လာပြုရ ၉၈၁ လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် သုသီမမင်း မင်းပြုသည်ရှိ သော် ဘုရားအလောင်းသည် ထိုမင်း၏ ပုရောဟိတ်ပုဏ္ဏားကြီးသား ဖြစ်လေ၏၊ ထိုပုဏ္ဏားလုလင် သည် တဆယ့်ခြောက်နှစ် အရွယ်သို့ ရောက်သောအခါ ဘခင်ပုရောဟိတ်ပုဏ္ဏားကြီးသည် သေဆုံးလေ၏။

ထိုပုရောဟိတ် ပုဏ္ဏားကြီးသည် ထင်ရှား ရှိစဉ်အခါ မင်းကြီး၏ဆင်တို့ကို မင်္ဂလာပြုရ၏၊ မင်္ဂလာပြုရာအရပ်၌ ရောက်လာသော အဆောက်အဦ ဘဏ္ဍာတို့ကိုငင်း, ဆင်တို့ကိုမင်္ဂလာပြုခြင်းတို့ကိုငင်း, အလုံးစုံကို ထိုပုဏ္ဏားကြီး သာရ၏၊ သို့အတွက် ပုရောဟိတ်ပုဏ္ဏားကြီးအား တခုတခု မင်္ဂလာပွဲ၌ တကုဋေမျှသော ဥစ္စာသည် ဖြစ်ခဲ့၏။

ထိုအခါ မင်္ဂလာပွဲအချိန်သို့ရောက်လတ်၏၊ ပုဏ္ဏားတို့သည် မင်းကြီးထံကပ်ကုန်၍ ''အရှင်မင်းကြီး....မင်္ဂလာပွဲ အချိန်သို့ရောက်လတ်ပြီ၊ ဆင်တို့ကို မင်္ဂလာပြုခြင်းငှါ သင့်၏၊ မင်္ဂလာပြုနေကျပုဏ္ဏားကြီးလည်း သေလွန်ခဲ့ပြီ၊ ထို ပုဏ္ဏားကြီး၏သားလည်း ငယ်သေး၏၊ ဗေဒင်သုံးပုံတို့ကို ငင်း, ဆင်၏လက္ခဏာ ကျမ်းတို့ကိုငင်း, မတတ်မြောက် သေးချေ၊ မင်္ဂလာအမှုကိုအကျွန်ုပ်တို့ပြုပါမည်''ဟုလျှောက် ထားကြကုန်၏၊ မင်းကြီးလည်း ကောင်းပြီ၊ ပြုကြကုန်ဟု ခွင့်ပေးလေ၏။

**ပုဏ္ဏေးမခမြာ ငိုကျွေးရှာ**

ပုဏ္ဏားတို့သည် ပုရောဟိတ် ပုဏ္ဏားကြီး ၏ သားသည်ဆင်ကိုမင်္ဂလာပြုရတော့ မည်မဟုတ်၊ ငါတို့သာပြုကြရ၍ ဥစ္စာ များစွာ ရကုန်လတ္တံ့ဟု ဝမ်းမြောက်ဝမ်းသာ သွား ကြကုန်၏။

ပုဏ္ဏေးမကြီးသည် ထိုပုဏ္ဏားတို့စကားကို ကြားလတ်သော် ဆင်ကို မင်္ဂလာပြုရသော လုပ်ငန်းကား အမျိုး ခုနစ်ဆက်တိုင်အောင် ငါတို့ပြုလုပ်လာသော လုပ်ငန်းဖြစ် သည်၊ ငါတို့အနွယ်အဆက်၏ လုပ်ငန်းသည်ပျက်စီးလတ္တံ့၊

ငါတို့မှာ ဥစ္စာမှ ဆုတ်ယုတ်လတံ့ဟု ပုဏ္ဏားမ စိုးရိမ်သည် ဖြစ်၍ ငိုကြွေးလေ၏။

**မိခင်အတွက် သက်သာစေလျက်**

ပုဏ္ဏားလုလင်သည် မိခင်....အဘယ့် ကြောင့်ငိုကြွေးသနည်း၊ အခြားပုဏ္ဏား တို့ မင်္ဂလာပြုကြလတံ့၊ ငါတို့ အနွယ် အဆက်၏ လုပ်ငန်းပျက်စီးခဲ့ပြီ မဟုတ်လော၊ "မိခင်.... အကျွန်ုပ်ပင် မင်္ဂလာပြုရမည်မဟုတ်ပါလော"ဟုပြော၏၊ "ချစ်သား....သင်သည် ဗေဒင် သုံးပုံကိုလည်း မတတ်၊ ဆင်လက္ခဏာ ကျမ်းကိုလည်းမတတ်၊ အဘယ်သို့ သင်ပြု တတ်မည်နည်း"ဟု မေး၏၊ "မိခင်.... ဆင်မင်္ဂလာပွဲ ဘယ်အခါဖြစ်လတံ့နည်း"ဟုမေး၏၊ "ချစ်သား....ဤနေ့မှ လေးရက်မြောက်နေ့၌ ဖြစ်လတံ့"ဟု ပြော၏၊ "မိခင်.... ဗေဒင်သုံးပုံနှင့် ဆင်လက္ခဏာကျမ်းကို တတ်သော ဒိသာ ပါမောက္ခဆရာ ဘယ်မှာ နေသနည်း" ဟုမေးပြန်၏၊ "ချစ်သား.... ဤမြို့မှ ယူဇနာ တရာနှစ်ဆယ် ဝေးသော ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်မှာ နေသည်" ဟုပြော၏၊ "မိခင်....အကျွန်ုပ်တို့ အနွယ်အဆက်ကို မပျက်စေအံ့၊ နက်ဖြန် နေ့ချင်း အရောက်သွား၍ တညဉ့်ချင်း ပြီးအောင် သင်ကြားပြီးလျှင် နောက်တနေ့အရောက် ပြန်လာကာ- လေးရက်မြောက်နေ့၌ ဆင်ကို မင်္ဂလာပြုမည်၊ မငိုကြွေးပါ လင့်"ဟု ပြောဆိုလျက် မိခင်ကိုသက်သာရာရစေ၏။

**လုလင်ဘုန်းကံ နတ်တို့ဖန်**

ပုဏ္ဏားလုလင်သည် နက်ဖြန် နံနက် စောစောထမင်းစားလျက်သွားလေရာ နတ်တို့တန်ခိုးကြောင့် တက္ကသိုလ်ပြည် သို့တနေ့ချင်းရောက်၍ ဆရာကြီးထံသို့ကပ်ကာ လျောက်

ပတ်စွာနေ၏၊ ဆရာကြီးသည် လုလင်ကိုမေးလျှင် ဗေဒင်သုံးပုံနှင့် ဆင်လက္ခဏာကျမ်းသင်လိုကြောင်း၊ အကျွန်ုပ်၏ ကိစ္စမှာ သုံးရက်မြောက်သောနေ့၌ ဆင်တို့ကို မင်္ဂလာပြုရမည်ဖြစ်၍ နီးကပ်လှသဖြင့်တကြိမ်တည်းဖြင့် တတ်မြောက်အောင် သင်လိုကြောင်း အစုံအလင်ပြောဆိုရာ ဆရာကြီးလည်းသင်ခွင့်ပြုလေ၏။

**အလောင်းတော်မြတ် ဗေဒင်တတ်** လုလင်သည် ညနေဆရာကြီးထမင်းစားခိုက်မှစ၍ သင်ကြားရာ တညဉ့်ချင်းဖြင့် ဗေဒင်သုံးပုံနှင့် ဆင်လက္ခဏာ ကျမ်းတို့ကိုတတ်မြောက်၍ ကျမ်းတို့မှားယွင်းချွတ်ချော်သောအရာတို့ကိုပြင်ဆင်ရန် ဆရာကြီးအားပြောကြား မှာထားပြီးလျှင် နံနက်စောစောထ၍ ပြန်လာခဲ့ရာ တနေ့ချင်းဖြင့်လျှင် နတ်တို့တန်ခိုးကြောင့် ဗာရာဏသီမြို့တော် မိခင်ထံသို့ ရောက်လေ၏။

နက်ဖြန်နေ့၌ ဆင်အစီးတရာကို မင်္ဂလာပြုရန် မင်္ဂလာပွဲကို စီရင်ကြကုန်၏၊ နှာမောင်း တန်ဆာတို့ကိုဇင်း, ရွှေတန်ခွန်တိုင်တို့ကိုဇင်း, ရွှေကွန်ရက်တို့ကိုဇင်း ဖုံးလွှမ်းကာထားကြကုန်၏၊ မင်းရင်ပြင်ကိုလည်း တန်ဆာဆင်ကြကုန်၏၊ ပုဏ္ဏားတို့လည်း ဆင်တို့ကို မင်္ဂလာပြုမည်ဟု တန်ဆာဆင်ကာ နေနှင့်ကြကုန်၏၊ သုသီမမင်းကြီးလည်း မင်္ဂလာပြုရန် အဆောက်အဦ ဘဏ္ဍာတို့ကို ယူစေ၍ မင်္ဂလာပြုရာအရပ်သို့ သွားလေ၏။

**မင်းကြီးထံဝင် မြတ်လုလင်** ပုဏ္ဏားလုလင်ငယ်လည်း တန်ဆာဆင်လျက် လုလင်ငယ်ပရိသတ်ဖြင့် ခြံရံကာ မင်းကြီးထံသို့ သွားပြီးလျှင်····

“မြတ်သောမင်းကြီး·· မင်းကြီးထံမှာ ရှိသည့် ရွှေကွန်ရက်ဖြင့် ဖုံးလွှမ်းအပ်သော သားမျိုးစွယ်စုံ ဆင်နက် အစီးတရာတို့ကို မင်္ဂလာပြုရန် အရှင်မင်းကြီးသည် အဘ,အဘိုးမှ ဆင်းသက်လာသော အနွယ်အဆက်ကို သိပြီးဖြစ်ပါလျက် အကျွန်ုပ်တို့၏ ဝင်း, အရှင်မင်း၏ဝင်း အနွယ်အဆက်ကို ဖျက်ဆီးကာ အကျွန်ုပ်မှတပါး အခြားပုဏ္ဏားတို့ကိုပေးသည်ဆိုရာ မှန်ပါသလော”–

ဟု-မေးလျှောက်လေ၏။

သုသီမမင်းကြီးလည်း ပုဏ္ဏားလုလင်ငယ် မေးလျှောက်သော စကားကိုကြားလျှင်–

“အို-လုလင်ငယ်··ငါ့အထံမှာရှိသည့် ရွှေကွန်ရက်ဖြင့် ဖုံးလွှမ်းအပ်သော သားမျိုးစွယ်စုံ ဆင်နက် အစီးတရာတို့ကို မင်္ဂလာပြုရန် ငါသည် အဘ, အဘိုးမှ ဆင်းသက်လာသော အနွယ် အဆက်ကို သိပြီးဖြစ်သော်လည်း သင်လုလင်ငယ်မှတပါး အခြားပုဏ္ဏားတို့ကို ပေးသည်ဆိုရာ မှန်ပေ၏”–

ဟု မိန့်တော်မူ၏။

ထိုအခါလုလင်ငယ်သည် “မြတ်သောမင်းကြီး····ဆင်တို့ကို မင်္ဂလာပြုရာ၌ အကျွန်ုပ်တို့အနွယ်အဆက်ကား ပြုနေကျဖြစ်ပါသည်၊ သို့ပါလျက် အဘယ့်ကြောင့် အခြားပုဏ္ဏားတို့ကိုပေးပါသနည်း”ဟု မေးလျှောက်၏၊ “လုလင်ငယ်··သင်တို့အနွယ်အဆက်မှာ ပြုလုပ်နေကျမှန်ပါသည်၊ သို့သော်လည်းသင့်မှာငယ်သေး၍ဗေဒင်သုံးပုံတို့ကိုဝင်း,ဆင်

လက္ခဏာကျမ်းတို့ကိုငင်း မတတ်မြောက်သေးဟု လျှောက်ထားကြသည်၊ ထို့ကြောင့် သင့်ကိုမပေးဘဲ အခြားပုဏ္ဏားတို့ကို ပေးရသည်''ဟုမိန့်တော်မူ၏။

မင်္ဂလာပွဲ အနိုင်နှဲ့

လုလင်ငယ်သည်''မြတ်သောမင်းကြီး... ထိုသို့လျှောက်ထားကြလျှင် ယခုရောက်လာသောပုဏ္ဏားတို့တွင် ဗေဒင်သုံးပုံတို့၌ငင်း, ဆင်လက္ခဏာကျမ်းတို့၌ငင်း တစိတ်တဒေသမျှကိုလည်း အကျွန်ုပ်နှင့်ပြောဆိုဝံ့သူပုဏ္ဏား တစုံတယောက်ရှိခဲ့လျှင် ထ၍ပြောပါစေ၊ ဆင်ကိုမင်္ဂလာပြုခြင်းကိုငင်း,ဗေဒင်သုံးပုံကိုငင်း, ဆင်လက္ခဏာကျမ်းတို့ကိုငင်း အကျွန်ုပ်ကိုထား၍ ဇမ္ဗူဒိပ်တကျွန်းလုံး တတ်မြောက်ကျွမ်းကျင်သူ မရှိဟု ခြင်္သေ့မင်း ဟောက်သကဲ့သို့ ကြောက်ရွံ့ခြင်းမရှိ၊ ရဲရင့်သောစကားကို ဆိုလေ၏၊ တစုံတယောက်သော ပုဏ္ဏားသည်လည်း လုလင်ငယ်ကိုဆန့်ကျင်ဘက်ရန်သူပြုကာ ထ၍ပြောဝံ့သူမရှိလေ၊ ထိုအခါ လုလင်ငယ်သည် မိမိ၏ အမျိုးအနွယ်ကိုတည်စေပြီးလျှင် ဆင်တို့ကိုမင်္ဂလာပြုကာ များစွာသော ဥစ္စာတို့ကိုယူလျက် မိမိအိမ်သို့ပြန်လေ၏။

ဤဒေသနာတော် အဆုံး၌ အချို့သော ရဟန်းတို့သည် သောတာပန်, အချို့သကဒါဂါမိ, အချို့အနာဂါမိ, အချို့ရဟန္တာအဖြစ်သို့ရောက်ကုန်၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်-

ရဟာန်းတို့....

※ ထိုအခါ အမိပုဏ္ဏေးမသည် ယခုအခါ မယ်တော် မဟာမာယာ။

※ အဘပုဏ္ဏားသည်-ခမည်းတော်သုဒ္ဓေါဒန။

※ သုသီမမင်းသည်-အာနန္ဒာ။

※ ဒိသာပါမောက္ခဆရာကြီးသည်-သာရိပုတ္တရာ။

※ ပုဏ္ဏားလုလင်သည်-ငါဘုရားဖြစ်လာပြီ။

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

၁။ ဘုရားလျှာဘွယ်၊ အန္တရာယ်၊ အကာယ်မပြုနိုင်။

၂။ ဆင်မင်္ဂလာ၊ လုကြရာ၊ ရှုံးကာလက်ချမှိုင်။

သုသီမဇာတ် ပြီး၏။

---

## ၁၆၄—ဂိဇ္ဈဇာတ်

### ပဥ္စမပဏ္ဏာသ၊

**မိဘာလုပ်ကျွေး ကောင်းချီးပေး** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အမိအဘကို လုပ်ကျွေးသော ရဟာန်းတပါးရှိသတတ်။

ရဟာန်းတို့သည် ထိုရဟာန်းကို မြတ်စွာဘုရားထံသို့ ယူဆောင်သွားကြရာ မြတ်စွာဘုရားသည် "ချစ်သားရဟာန်း.... သင်သည် လူတို့ကိုလုပ်ကျွေး၏ဟု ငါကြားတော်မူသည် မှန်သလော" ဟု မေးတော်မူ၏၊ "အရှင်ဘုရား....မှန်ပါ

သည်''ဟု လျှောက်၏၊ အဘယ်သူတို့ကိုလုပ်ကျွေးသနည်း'' ဟု မေးတော်မူလျှင် ''မိဘတို့ကို လုပ်ကျွေးပါသည်''ဟု လျှောက်ထား လေလျှင် ''ချစ်သားရဟန်း····ကောင်းစွ, ကောင်းစွ''ဟု ထိုရဟန်းအား ကောင်းချီးပေးတော်မူ၍ ''ချစ်သားရဟန်းတို့··ဤရဟန်းကို မကဲ့ရဲ့ကြကုန်လင့်၊ ရှေး ပညာရှိတို့သည် ကျေးဇူးတုံ့ကို သိသောအားဖြင့် အဆွေ မတော်သူတို့အားလည်း ကျေးဇူးဆပ်ကြကုန်၏၊ မိဘတို့ကို လုပ်ကျွေးခြင်းကား ဤရဟန်း၏ တာဝန်ဖြစ်ပေသည်''ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော် မူသတည်း။

အတိတ်ဝတ္ထု၊

**လင်းတကိုကျွေး မြတ်သူဌေး**

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် ဂိဇ္ဈကုဋ် တောင်ဝယ် လင်းတမျိုး၌ဖြစ်၍ မိဘတို့ကို လုပ်ကျွေးလျက် နေ၏။

အခါတပါး၌ သည်းထန်စွာ လေနှင့်တကွ မိုးရွာလတ် သော် လင်းတတို့သည် သည်းမခံနိုင်ကုန်သည်ဖြစ်၍ ဗာရာ ဏသီမြို့သို့သွားကာ မြို့တံတိုင်းအနီး,ကျုံးအနီးတို့၌ ချမ်း အေးခြင်းကြောင့် ခိုက်ခိုက်တုန်လျက် နေကြကုန်၏။

ထိုအခါ ဗာရာဏသီသူဌေးသည် မြို့မှထွက်၍ မြစ်သို့ ရေချိုးရန် သွားသည်ရှိသော် ဆင်းရဲပင်ပန်း နေသော လင်းတတို့ကိုမြင်လျှင် တနေရာတွင်စုဝေးစေ၍ မီးမွှေးပေး ကာ လှုံစေပြီးလျှင် အမဲသားတို့ကိုအယူခိုင်းကာ ကျွေးမွေး လေ၏။

လင်းတတို့သည် မိုးစဲလတ်သော် ခံ့ကျန်းသောကိုယ်ရှိသည်ဖြစ်၍ ဂိဇ္ဈကုဋ်တောင်သို့ သွားကြကုန်၏၊ရောက်လျှင် စည်းဝေးလျက်''အချင်းတို့····ဗာရာဏသီသူဌေးသည် ငါတို့အား ကျေးဇူးပြုဘူး၏၊ ကျေးဇူးတုံ့ကို ပြန်၍ ဆပ်ခြင်းငှါသင့်၏၊ သို့အတွက် လင်းတတို့တွင် အဝတ်တန်ဆာကို ရသော လင်းတသည် ကောင်းကင်မှနေ၍ ဗာရာဏသီသူဌေးအိမ်ပေါ်သို့ပစ်ချရမည်''ဟုတိုင်ပင်ကာကတိကဝတ်ထားကြကုန်၏။

**ကျေးဇူးတုံ့လည် ဆပ်ကြသည်**

ထိုအခါမှစ၍လင်းတတို့သည် နေလှမ်းထားသော အဝတ်တန်ဆာတို့ကို လူတို့ မေ့လျော့နေခိုက် ချီသုတ်ကာ ဗာရာဏသီသူဌေးအိမ်ပေါ်၌ ချကြကုန်၏၊သူဌေးလည်း လင်းတတို့ ဆောင်ယူလာသည်ကိုသိလျှင် အလုံးစုံသော အဝတ်တန်ဆာတို့ကို အသီးအသီး မှတ်သား၍ ထားလေ၏။

ပြည်သူတို့သည် မင်းကြီးထံ သွား၍ မြတ်သောမင်းကြီး မြို့ကိုလင်းတတို့ဖျက်ဆီးကြသည်ဟု လျှောက်ကြသောအခါ ''အမောင်တို့····လင်းတ တကောင်ကို မိအောင်ဖမ်းကြလော့၊အလုံးစုံသောအဝတ်တန်ဆာတို့ကို ပြန်ရစေမည်'' ဟု အမိန့်ပေးလေ၏၊လူတို့သည် ထိုထိုအရပ်၌ ကျော့ကွင်းထောင်ကာ ဖမ်းကြလျှင် မိဘကိုလုပ်ကျွေးသောလင်းတကို မိလေ၏၊ လူတို့သည်မင်းကြီးထံ ဆောင်ယူကြကုန်၏။

ဗာရာဏသီသူဌေးလည်း မင်းထံခစားသွားရာ လူတို့ လင်းတတကောင်ကို ဖမ်းယူလာသည်ကို မြင်လျှင် ''အမောင်တို့····မသတ်ကြပါလင့်''ဟု တားမြစ်ကာမင်းကြီးထံ

အတူတကွသွားလေ၏၊ မင်းကြီးထံရောက်လျှင် လူတို့သည် လင်းတကို မင်းကြီးအားပြကြ၏။

ထိုအခါ မင်းကြီးသည် လင်းတကို "အိုလင်းတ.... သင်တို့သည် လူတို့အဝတ်တန်ဆာတို့ကို ယူကုန်သလော"ဟု မေး၏၊ "မင်းကြီး....ယူပေကုန်၏"ဟု လျှောက်၏၊ "အို-လင်းတ....အဘယ်သူအား ပေးကုန်သနည်း"ဟု မေးပြန်၏၊ "မင်းကြီး....ဗာရာဏသီသူဌေးအားပေးကြပါသည်" ဟု လျှောက်လေ၏၊ "အိုလင်းတ....အဘယ့်ကြောင့်ပေးကြသနည်း"ဟု မေးသောအခါ၊ "မင်းကြီး.... ဗာရာဏသီသူဌေးကားအကျွန်ုပ်တို့အားအသက်ကိုပေးသောကျေးဇူးရှင်ဖြစ်ပါသည်၊ ကျေးဇူးတုံ့ကို ပြန်၍ဆပ်လိုသောကြောင့် ပေးကြပါသည်"ဟု ဆိုလေ၏။

**ကျော့ကွင်းမမြင်ကြမ္မာငင်** မင်းကြီးသည် တဖန် လင်းတကို—

> "အိုလင်းတ....လင်းတတို့မည်သည်မှာ ယူဇနာတရာ ဝေးကွာသောအရပ်၌ တည်ရှိသော အကောင်ပုပ်ကိုမြင်နိုင်ကြသတတ်၊သို့ပါလျက်မိမိတို့ကို မိစေရန် ထောင်ထားသော ကွန်နှင့်ကျော့ကွင်းကို အဘယ့်ကြောင့် မမြင်နိုင်ပါသနည်း"—

ဟု မေးလေ၏၊ လင်းတလည်းမင်းကြီး၏ စကားကို ကြားလျှင်—

> "မြတ်သောမင်းကြီး....သတ္တဝါတို့မှာ ပျက်စီးခြင်းသို့ ရောက်လိုသောအခါ, အသက်သေဆုံးလိုသောအခါတို့၌ မိမိတို့မိစေရန် ထောင်ထားသော

ကွန်နှင့် ကျော့ကွင်းတို့ကို အနီးသို့ရောက်နေလျက် လည်းမမြင်နိုင်ပါ''—

ဟု-မင်းကြီးအား ပြောကြားလေ၏။

**ပြန်ပေးမည်ဟု မှတ်သားပြု**

မင်းကြီးလည်း လင်းတ စကားကို ကြားလျှင် ''သူဌေးကြီး….လင်းတတို့သည် သင့်အား အဝတ်တန်ဆာ တို့ကို ပေးကြသည်ဆိုရာမှန်သလော''ဟုမေးလေ၏၊''မင်းကြီး.. မှန်ပါသည်''ဟု လျှောက်၏၊ ''သူဌေးကြီး…. သင်သည် အဝတ်တန်ဆာတို့ကို ဘယ်လိုထားသနည်း'' ဟု မေး၏၊ ''မင်းကြီး….အဝတ်တန်ဆာတို့ကို ဥစ္စာရှင်တို့အားပြန်ပေး ရန်နှလုံးသွင်းကာ အသီးအသီးမှတ်သား၍ ထားပါသည်'' ဟုလျှောက်လေ၏၊ မင်းကြီးလည်းလင်းတတို့ကိုလွှတ်စေ၍ သူဌေးကိုလည်း အလုံးစုံသော အဝတ်တန်ဆာ တို့ကို ဥစ္စာရှင်တို့အား ပြန်ပေးစေ၏။

ဤဒေသနာတော်အဆုံး၌ မိဘကိုလုပ်ကျွေးသော ရဟန်း သည် သောတာပတ္တိဖိုလ်၌တည်လေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….

※ ထိုအခါ ဗာရာဏသီ မင်းသည်- ယခုအခါ အာနန္ဒာ။

※ ဗာရာဏသီသူဌေးသည်-သာရိပုတ္တရာ။

※ မိဘကိုလုပ်ကျွေးသောလင်းတသည်-ငါဘုရားဖြစ်
လာပြီ—
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကျေးဇူးကြီးလှ၊မိနှင့်ဘ၊ခယလုပ်ကျွေးပါ။
(၂) ပျက်စီးချိန်တန်၊သေချိန်တန်၊ဘေးရန်မမြင်ပါ။
(၃) ယူဇနာရာမြင်၊လင်းတပင်၊မမြင်ကျော့ကွင်းမှာ။
ဂိဇ္ဈဇာတ်ပြီး၏။

---

## ၁၆၅-နကုလဇာတ်

ပဉ္စုပ္ပန်ဝတ္ထု

**မသင့်သူချင်း သင့်စေခြင်း**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာ ဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် အမတ်စစ်သူကြီး နှစ်ယောက်တို့သည် သင့်တင့်ညီညွတ်ခြင်း မရှိကုန်၊ အမြဲခိုက်ရန်ဖြစ်၍ နေကြကုန်၏။

ရဟန်းတို့သည် တရားသဘင်ဝယ် ထိုအမတ်စစ်သူကြီး နှစ်ယောက်အကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍"ရဟန်းတို့····ငါဘုရားသည် ယခုအခါသာလျှင် ဤအမတ်စစ်သူကြီး နှစ်ယောက်တို့ကို သင့်တင့်ညီညွတ်အောင် ပြုအပ်သည်မဟုတ်၊ ရှေးအခါ၌လည်း သင့်တင့်ညီညွတ်အောင် ပြုခဲ့ဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

**မြွေပါနှင့်မြွေ မသင့်လေ**

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိ သော် ဘုရားအလောင်းသည် ရွာငယ် တခုဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ရောက်သည်ရှိသော် တက္ကသိုလ်ပြည်၌ အတတ်ပညာ သင်ကြားတတ်မြောက်ပြီး လျှင် အိမ်ရာတည်ထောင်လူ့ဘောင်ကို စွန့်ပယ်ကာ ရသေ့ ရဟန်းပြုပြီးသော် အဘိညာဉ်သမာပတ်ကိုဖြစ်စေ၍ ဟိမ ဝန္တာအရပ်တွင်နေလေ၏။

ထိုရသေ့၏စင်္ကြံဝယ် တောင်ပို့တခု၌ မြွေပါသည်နေ၍၊ ၎င်းတောင်ပို့အနီးဝယ် သစ်ခေါင်းတခု၌ မြွေသည် နေ၏၊ ထိုမြွေ, မြွေပါ နှစ်ကောင်တို့သည် အခါခပ်သိမ်း ခိုက် ရန်ဖြစ်ကုန်၏၊ ရသေ့သည် ထိုမြွေ,မြွေပါတို့အား ခိုက်ရန် ဖြစ်ခြင်း၌ အပြစ်ကိုငြင်း, မေတ္တာကိုပွါးစေခြင်း၌ အကျိုး ကိုငြင်း ဟောပြောဆုံးမသဖြင့် အချင်းချင်းသင့်တင့်ညီညွတ် စွာနေကြကုန်၏။

ထိုအခါ မြွေသည်အပြင်သို့ ထွက်သည်ရှိသော် မြွေပါ သည် မိမိတွင်းပေါက်ဝတွင်ဦးခေါင်းကို ထုတ်၍ ခံတွင်းကို ဖွင့်ကာ ထွက်သက်,ဝင်သက်ကိုဖြစ်စေလျက် အိပ်ပျော်ခြင်း သို့ရောက်လေ၏၊ရသေ့သည် မြွေပါအိပ်နေသည်ကိုမြင်၍—

"အိုမြွေပါ.... သင်သည် ရန်သူဖြစ်သောမြွေ နှင့် ချစ်ခင်နေသည်ဖြစ်လျက် အစွယ်ကိုဖေါ်၍ အိပ် ဘိ၏၊ သင်အား ဘယ်အရပ်မှ ဘေးရန်လာဦးမည် နည်း"-

ဟုမေးလေ၏။

မြွေပါသည် ရသေ့အား—

"အရှင်ရသေ့…. ရန်သူ၌ဥင်း,အဆွေခင်ပွန်း၌ဥင်း ရှိရှားအပ်သည်သာတည်း၊ အကျွမ်းတဝင် မပြုရာ၊ အဆွေခင်ပွန်းမှဖြစ်သော ဘေးသည်လည်း အမြစ်အရင်းကိုဖြတ်တတ်၏"။

ဟု-ပြောဆိုလေ၏၊ ထိုအခါရသေ့သည် မြွေပါကို "မြွေပါ….သင်သည် မြွေကိုမကြောက်လင့်၊သင့်ကိုရန်မပြုအောင်ငါပြုလုပ်မည်ယနေ့မှစ၍ မြွေအပေါ်တွင် ရှိရှားခြင်းမဖြစ်လင့်-ဟု ဆုံးမပြီးလျှင် ဗြဟ္မဝိဟာရတရားကို ပွါးစေ၍ ဗြဟ္မာ့ပြည်သို့လားလေ၏၊ မြွေ,မြွေပါတို့လည်း ကံအားလျော်စွာလားကုန်၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….

※ ထိုအခါ မြွေ,မြွေပါတို့သည်-ယခုအခါ ခိုက်ရန်ဖြစ်သော အမတ်စစ်သူကြီးနှစ်ယောက်။

※ ရသေ့သည်— ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) ငြင်းခုံခိုက်ရန်၊ မသင့်ပြန်၊ ကောန်ကျိုးယုတ်စွ။

(၂) အဆွေ,ရန်သူ၊ ရှံ့ရှားဟူ၊ ကျွမ်းမှုမပြုရ။

(၃) အဆွေမှဖြစ်၊ ဘေးရန်စစ်၊ ရင်းမြစ်ဖြတ်သည်ပ။

နကုလဇာတ်ပြီး၏။

## ၁၆၆—ဥပသာလကဇာတ်

### ပဋုပ္ပန်ဝတ္ထု

သုသာန်ကိုရွေး သင်္ဂြိုဟ်ရေး

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေဠုဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဥပသာလက မည်သောပုဏ္ဏားကြီးသည် ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာ၏၊ မိစ္ဆာဒိဋ္ဌိအယူရှိ၏၊ ထိုပုဏ္ဏားကြီး၏သား လုလင်ကား ဉာဏ်ပညာနှင့်ပြည့်စုံ၏။

ထို ဥပသာလကပုဏ္ဏားကြီးသည် အိုမင်းသောအခါ မိမိသားဖြစ်သောလုလင်ကို "ချစ်သား…. ငါသေသောအခါ သူယုတ်မာတို့ သင်္ဂြိုဟ်ရာသင်းချိုင်း၌ မသင်္ဂြိုဟ်ရစ်ပါလင့်၊ အထူးအားဖြင့် ဘယ်သူ့ကိုမျှ မသင်္ဂြိုဟ်ဘူးသောအရပ်၌သာ သင်္ဂြိုဟ်ရစ်ပါ"ဟု ပြောကြားလေ၏၊ "ဘခင်…. ဘခင်တို့အား သင်္ဂြိုဟ်ဘို့တော်သောအရပ်ကိုမသိ၊ကိုယ်တိုင် ပြောကြားခဲ့ပါ"ဟု တောင်းပန်လေ၏၊ ပုဏ္ဏားကြီးသည် "ချစ်သား…. ကောင်းပြီ လိုက်ခဲ့"ဟု ခေါ်ကာ ဂိဇ္ဈကုဋ်တောင်ထိပ်သို့ တက်၍ ဤတောင်သုံးလုံးတို့ အကြားသို့ ရောက်သောအခါ "ချစ်သား….ဤအရပ်ကား ဘယ်သူ့ကိုမျှမသင်္ဂြိုဟ်ဘူးသော အရပ်ဖြစ်သည်၊သို့အတွက် ဤအရပ်၌ သာသင်္ဂြိုဟ်ရစ်လော့"ဟုညွှန်ပြကာ သားအဘနှစ်ယောက်လုံး တောင်ပေါ်မှဆင်းသက်ကြလေ၏။

မြတ်စွာဘုရားသည် ထိုနေ့မိုးသောက်ထ အခါကပင် ဥပသာလကပုဏ္ဏားကြီး သားအဘတို့ သောတာပန်ဖြစ်မည့်ဥပနိဿယကို မြင်ပြီးဖြစ်၍ ဂိဇ္ဈကုဋ် တောင်ခြေရင်းသို့

ကြွကာသိုသားအဘနှစ်ယောက်တို့အလာကို မျှော်လင့်ကာ နေလေ၏။

တောင်ပေါ်မှ ဆင်းသက်လာကြသော သားအဘနှစ်ယောက်တို့သည် မြတ်စွာဘုရားနှင့် ပက်ပင်းတွေ့ဆုံကြရာ မြတ်စွာဘုရားက စကားစတင်၍ "ပုဏ္ဏားတို့.... သင်တို့ အဘယ်မှလာကြသနည်း" ဟု မေးတော်မူလျှင် သားဖြစ်သောပုဏ္ဏားလုလင်သည်မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ထားလေ၏။

ထိုအခါမြတ်စွာဘုရားသည် "ပုဏ္ဏားလုလင်.... သည်လိုဖြစ်လျှင် သင့်အဘပြောကြားသောအရပ်ကို သွားမည်၊ လာကြဟု သားအဘ နှစ်ယောက်လုံးကိုခေါ်ကာ တောင်ထိပ်သို့တက်၍ ထိုနေရာသို့ရောက်လျှင်"ပုဏ္ဏားလုလင်.... သင့်အဘကား ယခုအခါ၌သာ ဘယ်သူမျှ မသင်္ဂြိုဟ်ဘူးသော သင်းချိုင်းရာကိုရှာသည်မဟုတ်၊ ရှေးအခါ၌လည်း ရှာဘူးပြီ၊ယခုအခါ၌သာ ငါ့ကို ဤရပ်၌သင်္ဂြိုဟ်ရစ်လော့" ဟု ပြောကြားသည်မဟုတ်၊ ရှေးအခါ၌လည်း ပြောကြားဘူးပြီဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**သင်္ဂြိုဟ်ဘိုရာ ညွှန်ပြရာ**

လွန်လေပြီးသောအခါ ရာဇဂြိုဟ်ပြည်ဝယ် သင်ပုဏ္ဏားကြီးသည်ပင်လျှင် ဥပသာလက*ဟူသော အမည်ဖြင့်ပုဏ္ဏားဖြစ်၍ သင်၏သားပုဏ္ဏားလုလင်သည်ပင်လျှင် သားပုဏ္ဏား

---

* ဥပသာလက--ဥပသင္ဂရှိသည်။

လုလင် ဖြစ်ဘူးသတတ်၊ ထိုအခါ ဘုရားအလောင်းသည် ဤ မဂဓတိုင်း၀ယ် ပုဏ္ဏားအမျိုး၌ဖြစ်၍ အရွယ်ရောက်၍ အတတ်ပညာ ပြည့်စုံသောအခါ ရသေ့ရဟန်း ပြုပြီးလျှင် အဘိညာဉ်သမာပတ်တို့ကို ဖြစ်စေလျက် ဟိမဝန္တာအရပ်၌ ကြာမြင့်စွာနေလေ၏၊ တနေ့သ၌ ချဉ်ဆားမှီဝဲရန်အလို့ငှါ လူတို့နေရာသို့လာ၍ ဂိဇ္ဈကုဋ်တောင်တွင် သစ်ရွက်မိုးသော ကျောင်း၌နေပြန်၏။

ထိုအခါ ဥပသာလက ပုဏ္ဏားကြီးသည် သားလုလင် အား မိမိသေလွန်သောအခါ သူယုတ်မာတို့ သင်္ဂြိုဟ်ရာ သင်းချိုင်း၌ မသင်္ဂြိုဟ်ရစ်ပါလင့်၊ ဘယ်သူကိုမျှ မသင်္ဂြိုဟ် ဘူးသေးသော အရပ်၌သာ သင်္ဂြိုဟ်ရစ်ပါ ဟု မှာထား ကာ သင်္ဂြိုဟ်ရစ်ရန် အရပ်ညွှန်ပြလိုသဖြင့် သားကိုခေါ်၍ ဂိဇ္ဈကုဋ်တောင်ထိပ်သို့ တက်ပြီးလျှင် တောင်သုံးလုံးတို့ အကြားဖြစ်သော ဤအရပ်ကိုသာ ညွှန်ပြခဲ့၍ တောင်ထိပ် မှ ဆင်းသက်ကြလျက် ရသေ့ထံ ဆည်းကပ်ကြလေ၏။

**သုသာန်လွတ်ရာ စုံစမ်းရှာ**

ရသေ့လည်း ပုဏ္ဏားလုလင်ကို မေး လတ်သော် ပုဏ္ဏား လုလင် သည် အကြောင်းစုံ လျှောက်ထား လေ၏၊ ထိုအခါရသေ့သည် ပုဏ္ဏားလုလင်၏ စကားကိုကြားလျှင် ''လုလင်··လာလှည့်၊ သင့်အဘပုဏ္ဏားကြီး ညွှန်ပြသော အရပ်မှာသူသေသင်္ဂြိုဟ်ဘူးသည် မသင်္ဂြိုဟ်ဘူးသည်အဖြစ် ကို စုံစမ်းမည်''ဟု သားအဘ နှစ်ယောက်ကို ခေါ်ကာ တောင်ထိပ်သို့တက်ကြလေ၏။

လုလင်သည် တောင်ထိပ်သို့ ရောက်လျှင်- ''ရှင် ရသေ့···· ဤတောင်သုံးလုံးတို့ အကြားဖြစ်သော အရပ်

ကား ဘယ်သူကိုမျှမသင်္ဂြိုဟ်ဘူးသေးသောအရပ်ဖြစ်သည်” ဟု ပြောကြားလေ၏၊ ရသေ့သည်—

“ပုဏ္ဏားလုလင်····ဤအရပ်၌ သင်္ဂြိုဟ်သော သူတို့မှာ မရေတွက်နိုင်ကုန်၊ သင့်အဘ ပုဏ္ဏား ကြီးသည်ပင်လျှင် ဤရာဇဂြိုဟ်ပြည်ဝယ် ပုဏ္ဏားမျိုး ဖြစ်၍ ဥပသာကလ အမည်ဖြင့်ပင် ဘဝပေါင်း တသောင်းလေးထောင် သင်္ဂြိုဟ်ခဲ့ဘူး၏၊ လောက မှာ မသေဘူးသောအရပ် မသင်္ဂြိုဟ်ဘူးသောအရပ် မည်သည်မရှိပေ”။

“ပုဏ္ဏားလုလင်···· သစ္စာဉာဏ်,လောကုတ္တရာ တရား,သူတပါးကိုမညှဉ်းဆဲခြင်း, ဝိရမိတဖွဲ့ဝတ္တုမှ ရှောင်ကြဉ်ခြင်း, ဣန္ဒြေကို စောင့်ရှောက်ခြင်းဟူ သော ဂုဏ်အပေါင်းရှိသူကို အရိယာတို့ဆည်းကပ် ကြသည်၊ ထိုဂုဏ်အပေါင်းကား လောက၌မသေ ရာ အရပ်ဖြစ်၏”—

ဟု ပုဏ္ဏားသားအဘတို့အား တရားဟော ပြီးလျှင် ဗြဟ္မဝိဟာရတရားလေးပါးကို ပွါးများကာ ဗြဟ္မာ့ပြည်သို့ လားလေ၏။

ဤဒေသနာတော်၏ အဆုံး၌ ပုဏ္ဏား သားအဘ နှစ်ယောက်တို့သည် သောတာပတ္တိဖိုလ်၌တည်ကုန်၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....
※ ထိုအခါ သားအဘနှစ်ယောက်တို့သည်- ယခု
အခါ သားအဘနှစ်ယောက်။
※ ရသေ့သည်-ငါဘုရားဖြစ်လာပြီ
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) မသကြိုဟ်ဘူး၊ မသေဘူး၊ ရပ်ထူးမရှိလေ။
(၂) သစ္စာ,ဓမ္မ၊ အဟိံသ၊ ဒမ-သံယမေ။
(၃) ဤဂုဏ်ပေါင်းရိုး၊ အရပ်မျိုး၊ သေရိုးမရှိပေ။

ဥပသာလကဇာတ်ပြီး၏။

---

# ၁၆၇-သမိဒ္ဓိဇာတ်

## ပစ္စုပ္ပန်ဝတ္ထု

**နတ်သမီးနှစ်သက် ဖြားယောင်းလျက်** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်ကို အမှီပြု၍ တပေါဒါရုံကျောင်း၌ သီတင်းသုံးတော်မူစဉ် သမိဒ္ဓိမထေရ်သည် တညဉ့်ပတ်လုံး တရားအားထုတ်၍ အရုဏ်တက်သောအခါ ရေချိုးပြီးလျှင် ရွှေဆင်းတုနှင့်တူသောကိုယ်ကို ရေခြောက်စေ၍ သင်းပိုင်ကိုဝတ်ပြီးလျှင် ကိုယ်ရုံသင်္ကန်းကိုလက်ဖြင့်ကိုင်ကာ ရပ်လျက်နေ၏။

ထိုအခါ သမိဒ္ဓိမထေရ်ကို တပ်စွန်းသော နတ်သမီးတယောက်သည် "အရှင်ရဟန်း.... သင်ကား အသက်အရွယ်ငယ်သေး၏၊ အရွယ်နှင့်ပြည့်စုံ၏၊ မည်းနက်သော

ခံပင်ရှိ၏၊ အလွန်အဆင်းလှ၏၊ ရှုချင်စဖွယ်,ကြည်ညိုဖွယ်ရှိ၏၊ သို့ဖြစ်သျက် ကာမဂုဏ်ချမ်းသာကို မခံစားဘဲရဟန်းပြုသဖြင့် ဘယ်အကျိုးရှိအံ့နည်း၊ ငယ်ရွယ်စဉ်အခါ ကာမဂုဏ်ချမ်းသာကိုခံစား၍ကြီးရင့်သောအခါမှရဟန်းပြုပြီးခါတရားကိုအားထုတ်ပါ" ဟုကိလေသာဖြင့်ဖြားယောင်းကာပြောဆိုလေ၏။

ရဟန်းပြင်းဆန် ဘုရားလျှောက်ပြန်

သမိဒ္ဓိမထေရ်သည် နတ်သမီးကို "အိုနတ်သမီး.... ငါသည် ဤမည်သောအရွယ်၌သေရမည်,ဤမည်သောအချိန်ကာလ၌သေရမည်ဟု သေရမည့်အရွယ်နှင့် အချိန်ကာလကိုမသိသောကြောင့် ငယ်ရွယ်စဉ်အခါကပင် ရဟန်းပြုကာတရားကိုအားထုတ်၍ ဒုက္ခကုန်ဆုံးအောင် ပြုမည်" ဟု ပြန်ကြားပြောဆိုလေ၏၊ နတ်သမီးလည်း မထေရ်ကိုဖြားယောင်း၍မရလျှင် ထိုအရပ်မှာပင် ကွယ်လေ၏၊ သမိဒ္ဓိမထေရ်လည်း မြတ်စွာဘုရားထံ ချဉ်းကပ်၍ ထိုအကြောင်းကို လျှောက်ထားလတ်သော် မြတ်စွာဘုရားသည်"ချစ်သားသမိဒ္ဓိ....ယခုအခါ၌သင့်ကိုသာလျှင်နတ်သမီးဖြားယောင်းသည်မဟုတ်၊ ရှေးအခါ၌လည်း ရဟန်းတို့ကို နတ်သမီးဖြားယောင်းဘူးပြီ" ဟုမိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု။

ရသေ့သင်္ကာ နေသောခါ

လွန်လေပြီးသော အခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရား အလောင်းသည် ကာသိကရွာ



P 95. ရေကံတွင်ရေချိုးပြီး ရပ်နေသောရသေ့အား ရှုချင်ဘွယ်ရုပ်အဆင်းကိုပြလျက် နတ်သမီးဖြားယောင်းနေပုံ။

ငယ်တခုဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ရောက်သည်ရှိသော် အတတ်ပညာအလုံးစုံကို သင်ကြားတတ်မြောက်ပြီးလျှင် ရသေ့ရဟန်းပြု၍ အဘိညာဉ် သမာပတ်တို့ကိုဖြစ်စေလျက် ဟိမဝန္တာအရပ်၌ အလိုလိုဖြစ်သော အိုင်တခုကို အမှီပြု၍နေလေ၏။

တနေ့သ၌ ရသေ့သည် တညဥ့်လုံး တရားအားထုတ်၍ အရုဏ်တက်သောအခါ ရေချိုးပြီးလျှင် လျှော်တေသက်န်းတထည်ကိုဝတ်၍ လျှော်တေသက်န်းတထည်ကို လက်တွင်ကိုင်လျက် ကိုယ်ကိုရေခြောက်စေရန် တခဏရပ်လျက်နေလေ၏။

**တဏှာပရိယာယ်**
**ရသေ့ငြင်းပယ်**

ထိုအခါ နတ်သမီး တယောက်သည် ရသေ့၏ ကိုယ်အင်္ဂါလက္ခဏာ အဆင်းသဏ္ဌာန်တင့်တယ်ခြင်းကို မြင်လျှင် တပ်စွန်းသောစိတ်ရှိသည်ဖြစ်၍—

"အရှင်ရသေ့···· သင်သည် ငယ်ရွယ်စဉ်အခါ ကာမဂုဏ်ချမ်းသာကို မခံစားဘဲ ရဟန်းပြုဘိ၏၊ ကာမဂုဏ်ချမ်းသာကို ခံစား၍နေရမည်မဟုတ်ပါလော၊ ငယ်ရွယ်စဉ်အခါ ကာမဂုဏ်ချမ်းသာကို ခံစား၍ ကြီးရင့်သောအခါမှ ရဟန်းပြုပါ၊ သင့်မှာ ကာမဂုဏ်ချမ်းသာကို ခံစားရာဖြစ်သော ငယ်ရွယ်သောအခါကို မကုန်လွန်ပါစေလင့်"—

ဟုကိလေသာဖြင့်ဖြားယောင်းကာပြောဆိုလေ၏၊ရသေ့လည်းနတ်သမီး၏ပြောသောစကားကိုကြားလျှင်—

"အို-နတ်သမီး…. ငါသည် သေရမည့်အချိန်
အခါကိုမသိ၊ ငါ့အား သေရမည့်အချိန်အခါသည်
ဖုံးလွှမ်း၍နေသဖြင့် မထင်ရှား၊ ထို့ကြောင့် ကာမ
ဂုဏ်ချမ်းသာကိုမခံစားဘဲ ရဟန်းတရားကို အား
ထုတ်ကျင့်ကြံရာ အချိန်အခါသည် မကုန်လွန်ပါစေ
လင့်"-

ဟု ငယ်ရွယ်စဉ်အခါ၌ပင်လျှင် ရဟန်းပြုပါသည်၊
မိမိ၏အလိုဆန္ဒကိုပြန်ကြားပြောဆိုလေ၏၊နတ်သမီးလည်း
ရသေ့၏စကားကိုကြားလျှင် ထိုအရပ်မှာပင်ကွယ်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန်
နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်-

ရဟန်းတို့….
※ ထိုအခါ ရသေ့အား ဖြားယောင်းသောနတ်သမီး
သည်-ယခုအခါ သမိဒ္ဓိအား ဖြားယောင်းသော
နတ်သမီး။
※ ရသေ့သည်-ငါဘုရားဖြစ်လာပြီ—
ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) သေမည့်ချိန်ခါ၊မသိရာ၊ငယ်ခါရဟန်းပြု။
(၂) တရားကျင့်မြဲ၊ငယ်စဉ်လဲ၊ဆင်းရဲငြိမ်းအောင်ပြု။

သမိဒ္ဓိဇာတ်ပြီး၏။

# ၁၆၇—သကုဏဂ္ဃိဇာတ်

## ပစ္စုပ္ပန်ဝတ္ထု

**အနေလွဲမှား ဘေးရန်များ**

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် တနေ့သ၌ ရဟန်းတို့ကိုခေါ်တော်မူ၍ "ချစ်သားရဟန်းတို့.... ဘခင်ဥစ္စာဖြစ်သော အာရုံ၌သာလျှင် ကျက်စားကြကုန်လော့၊ သင်တို့ကို ထားဘိဦး ရှေးအခါ တိရစ္ဆာန်တို့သည်လည်း ဘခင်ဥစ္စာဖြစ်သော မိမိကျက်စားနေကျနေရာကိုစွန့်၍ မကျက်စားသင့်သောနေရာ၌ ကျက်စားသဖြင့် ရန်သူလက်ရောက်ပြီးမှ မိမိဉာဏ်ပညာစွမ်းဖြင့် ရန်သူလက်မှ လွတ်ဘူးကုန်ပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**မျိုးရိုးစွန့်ဖျောက် ဘေးရန်ရောက်**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ဗီလုံးငှက်မျိုး၌ဖြစ်၍ ထွန်ချေးတုံး မြေစိုင်ခဲ ပေါများရာအရပ်၌ နေလေ၏။

တနေ့သောအခါ ဗီလုံးငှက်သည် မိမိတို့ ကျက်စားနေကျ နေရာကိုစွန့်၍ သူတပါးတို့ ကျက်စားရာအရပ်၌ ကျက်စားမည်ဟု တောအုပ်အဆုံးသို့ သွားလေ၏၊ ထိုအခါ တောအုပ်အဆုံး၌ ကျက်စားနေသော ဗီလုံးငှက်ကို သိမ်း

ငှက်မြင်လျှင် အဆောတလျင်ပြေးလာကာ ထိုးသုတ်ယူလေ၏။

ဗိုလုံးငှက်သည် သိမ်းငှက်ယူသွားစဉ် ငါတို့သာကြက်သရေမရှိကုန်၊ ငါတို့သာ ဘုန်းကံမရှိကုန်၊ ငါတို့သည် သူတပါးတို့ ကျက်စားရာအရပ်၌ကျက်စားမိကုန်၏၊ ဘခင်ဥစ္စာဖြစ်သော မိမိတို့ကျက်စားနေကြနေရာ၌ ကျက်စားပါမူ ထိုကဲ့သို့ သိမ်းငှက်မယူနိုင်ရာ''ဟု မြည်တမ်း ငိုကြွေးလေ၏။

**ဗိုလုံးသတ္တိစမ်းလိုဘိ**

သိမ်းငှက်ကြားလတ်သော်''ဟယ်-ဗိုလုံးငှက်.... သင့်ဘခင်ဥစ္စာဖြစ်သော ကျက်စားနေကျ နေရာဟူသည် ဘယ်မှာနည်း''ဟု မေးလေ၏၊''အို-သိမ်းငှက်.... ထွန်ချေးတုံးမြေစိုင်ခဲပေါများသောအရပ်ကား ငါတို့ဘခင်ဥစ္စာဖြစ်သော ကျက်စားနေကျ နေရာဖြစ်သည်''ဟု ပြောဆိုလေ၏၊ ထိုအခါ သိမ်းငှက်သည် မိမိအစွမ်းသတ္တိကို ယုံကြည်ပြီးဖြစ်၍ ''ဟယ်-ဗိုလုံးငှက်....သင်သွားလေလော့၊ သင့်ဘခင်ဥစ္စာဖြစ်သော ကျက်စားနေကျနေရာ၌ နေသော်လည်း ငါ့လက်မှလွတ်နိုင်မည်လော''ဟု ဆိုကာ လွှတ်လိုက်လေ၏။

**စားကျက်ကျွမ်းကြင် ရန်အောင်မြင်**

ဗိုလုံးငှက်သည် မိမိကျက်စားနေကျ နေရာသို့ သွားလေ၍ မြေစိုင်ခဲကြီးပေါ်သို့ တက်ပြီးလျှင် ''အို-သိမ်းငှက်.... လာလော့၊ ထိုးသုတ်လော့''ဟုဆိုကာ ရပ်နေလေ၏၊ သိမ်းငှက်သည် ထိုးသုတ်ရန်အတောင်နှစ်ဘက်ကိုဖြန့်ကာ လျင်သောအဟုန်ဖြင့် ဗိုလုံးငှက်ထံပြေးလာလေ၏၊ထိုအခါဗိုလုံးငှက်သည် မြေစိုင်ခဲအကြားသို့ ဝင်လေ၏၊ သိမ်းငှက်လည်း လျင်သော အဟုန်ကို မရပ်တန့်နိုင်တော့ဘဲ မြေစိုင်ခဲတွင်

ရင်ဘတ်ဖြင့် တိုက်မိကာ ရင်ကွဲပြီး မျက်လုံးထွက်၍ သေလေ၏။

**မာရ်မင်းအခွင့်မပေးနှင့်**

သိမ်းငှက်သေခြင်းသို့ရောက်လတ်သော် ဗိုလုံးငှက်သည် မြေစိုင်ခဲကြားမှထွက်၍ ငါသည် စင်စစ်လျှင် ရန်သူပျက်စီးခြင်းကို မြင်ရပေပြီဟု ဝမ်းမြောက်ဝမ်းသာ ဘေးလွတ်ကြောင်းဖြစ်သော ဉာဏ်နှင့်ပြည့်စုံသောငါသည် ဘခင်ဉစ္စာဖြစ်သော ကျက်စားရာအရပ်၌ မွေ့လျော်ကျက်စားသည်ဖြစ်၍ရန်သူလက်မှလွတ်မြောက်ကာ အကျိုးစီးပွါးကို မြင်ရခြင်းကြောင့် ဝမ်းမြောက်ရပေ၏—ဟု ဥဒါန်းကျူးလေ၏၊မြတ်စွာဘုရားသည် အတိတ်ဇာတ်ကို ဆောင်တော်မူပြီးလျှင်—

"ရဟန်းတို့.. တိရစ္ဆာန်တို့သည်လည်း မကျက်စားသင့်သောအရာ၌ ကျက်စားသည်ရှိသော် ရန်သူလက်သို့ ရောက်ရ၏၊ ဘခင်ဉစ္စာဖြစ်သော မိမိတို့ကျက်စားနေကျ နေရာ၌ ကျက်စားသည်ရှိသော် ရန်သူကို နှိမ်နင်းနိုင်၏၊ ထို့ကြောင့် သင်တို့သည် သူတပါးတို့အရာဖြစ်သော မကျက်စားသင့်သော အရာ၌ မကျက်စားကြကုန်လင့်၊ အကယ်၍ကျက်စားသည်ရှိသော် မာရ်မင်းသည် အခွင့် ရလေ၏၊ မာရ်မင်းသည် စွဲလမ်းရာကိုရလေ၏။"

"ရဟန်းတို့.... သူတပါးတို့ အရာ ဖြစ်သော ရဟန်းတို့ မကျက်စားသင့်သော အရာဟူသည်- ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ,ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ အာရုံငါးပါး ကာမဂုဏ်တရားပင်ဖြစ်၏"—

"ရဟန်းတို့….အစာရှာရန် တောအုပ်အစွန်၌တည်သော ဗီလုံးဌက်ရှိရာသို့ အားအစွမ်းဖြင့် ထိုးသုတ်ရန်ကျသော သိမ်းငှက်သည် လျင်မြန်စွာ ရောက်လေတော့၏၊ ထိုကြောင့် သိမ်းငှက်သည် သေခြင်းသို့ ရောက်ရလေတော့၏"-

ဟု သိမ်းငှက်နှင့် ဗီလုံးငှက်ကို ဥပမာပြုကာ မိမိတို့ကျက်စားရာမဟုတ်သော အာရုံငါးပါး ကာမဂုဏ် တရားတို့၌ မကျက်စားကြရန် ဆုံးမတော်မူ၏။

ဤဒေသနာတော်အဆုံး၌ များစွာသောရဟန်းတို့သည် သောတာပတ္တိဖိုလ် စသည်တို့၌ တည်ကုန်၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်-

ရဟန်းတို့….

※ ထိုအခါ သိမ်းငှက်သည်-ယခုအခါ ဒေဝဒတ်။

※ ဗီလုံးငှက်သည်-ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) ကာမဂုဏ်ငါး၊ ရဟန်းများ၊ ကျက်စားမပြုရာ။
(၂) တပါးစားကျက်၊ ဗီလုံးငှက်၊ သိမ်းလက်ရောက်ရရှာ။
(၃) ဘခင်နယ်တွင်း၊ ကျက်စားလျှင်း၊ နှိမ်နင်းသိမ်းရန်ကွာ။

သကုဏဂ္ဃိဇာတ် ပြီး၏။

## ၁၆၉—အရကဇာတ်

ပဉ္စုပ္ပန်ဝတ္ထု၊

မေတ္တာ၌ရှေ့ရှု
ပွါးများမှု

နတ်လူ တို့ဆရာ ဖြစ်တော် မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် မေတ္တာသုတ်ဒေသနာတော်ကို အကြောင်းပြု၍ ဟောတော်မူ၏။

အခါတပါး၌ မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍ "ချစ်သားရဟန်းတို့....အဖန်တလဲလဲ ပွါးများအားထုတ်အပ်သော မေတ္တာဘာဝနာကြောင့် ပွါးများအားထုတ်သူတို့မှာ—

မေတ္တာအကျိုးဆယ့်တပါး

(၁) ချမ်းသာစွာအိပ်ရခြင်း,
(၂) အိပ်ရာမှချမ်းသာစွာနိုးရခြင်း,
(၃) မကောင်းသောအိပ်မက်ကိုမမြင်မက်ခြင်း,
(၄) လူတို့ချစ်မြတ်နိုးခြင်း,
(၅) နတ်တို့ချစ်မြတ်နိုးခြင်း,
(၆) နတ်တို့စောင့်ရှောက်ခြင်း,
(၇) မီးမလောင်နိုင်ခြင်း,
(၈) အဆိပ်မသင့်နိုင်ခြင်း,
(၉) လက်နက်မစူးရှနိုင်ခြင်း,
(၁၀) ပျို့လွင့်နေသောစိတ်လျင်မြန်စွာ တည်ကြည်ခြင်း
(၁၁) မဂ်,ဖိုလ်ကို ထိုးထွင်း၍မသိသော်လည်း ဗြဟ္မာ့ပြည်သို့လားရခြင်း,

ဤအကျိုး ဆယ့်တပါးတို့ကို မချွတ်ရကုန်၏ဟု မေတ္တာဘာဝနာကို ချီးမွမ်း၍ဟောတော်မူ၏။

ဖြဟ္မစိုရ်ပွါး ဖြဟ္မာ့ရွာလား

ထိုမေတ္တာဘာဝနာကို ပွါးများ အားထုတ်ရာ၀ယ် သတ္တဝါတို့ကို သတ်မှတ်ရည်ညွှန်းခြင်း ဩဓိသက မေတ္တာအားဖြင့်၎င်း,သတ္တဝါတို့ကို မသတ်မှတ်မရည်ညွှန်းခြင်း အနောဓိသက မေတ္တာအားဖြင့်၎င်း,ပွါးများအားထုတ်ရာ၏။

မိမိအကျိုးစီးပွါးမလိုလားသူကို၎င်း, မိမိအကျိုးစီးပွါးလိုလားသူကို၎င်း, မိမိအကျိုးစီးပွါး လိုလားသည်လည်းမဟုတ် လျစ်လျူဖြစ်သောသူကို၎င်း,မိမိကမူ အကျိုးစီးပွါးကိုလိုလားသောစိတ်ဖြင့်သာလျှင် ပွါးများ အားထုတ်ရာ၏၊ ထို့အတူကရုဏာကို၎င်း,မုဒိတာကို၎င်း,ဥပေက္ခာကို၎င်း, ဤသို့လေးပါးသော ဗြဟ္မဝိဟာရတရားတို့ကို ပွါးများအားထုတ်ရာ၏။

"ရဟန်းတို့..လေးပါးသော ဗြဟ္မဝိဟာရတရားကိုပွါးများအားထုတ်သော ရဟန်းသည် မဂ်,ဖိုလ်ကို မရသော်လည်း သေလွန်သောအခါ ဗြဟ္မာ့ပြည်သို့လားရ၏၊ ရှေးပညာရှိတို့သည်လည်း ခုနစ်နှစ်ပတ်လုံး မေတ္တာကိုပွါးများအားထုတ်စေ၍ ခုနစ်ပါးသော သံဝဋ္ဋဝိဝဋ္ဋ ကပ်ပတ်လုံး ဗြဟ္မာပြည်၌သာလျှင် နေဘူးကုန်ပြီ" ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

ဆရာဟောကြား မေတ္တာတရား

လွန်လေပြီးသောအခါ တခုသော ကပ်၌ ဘုရားအလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် ကာမဂုဏ်တို့ကိုစွန့်ပယ်ပြီးလျှင် ရသေ့ရဟန်းပြု၍ဗြဟ္မဝိဟာရတရားလေးပါးကို ပွါးများအားထုတ်လျက် အရကမည်

သော ဆရာရသေ့ဖြစ်၍ ဟိမဝန္တာအရပ်၌နေ၏၊ များစွာသောအခြံအရံရှိ၏။

ထိုအရကမည်သော ဆရာရသေ့သည် တပည့်ရသေ့အပေါင်းကိုဆုံးမသည်ရှိသော် "အို-ရသေ့အပေါင်းတို့.... ရသေ့ရဟန်းမည်သည်ကား မေတ္တာကိုပွါးများအားထုတ်ရမည်၊ ကရုဏာကိုပွါးများအားထုတ်ရမည်၊ မုဒိတာကိုပွါးများအားထုတ်ရမည်၊ ဥပေက္ခာကို ပွါးများအားထုတ်ရမည်၊ ၎င်းဗြဟ္မဝိဟာရတရား လေးပါးတို့ကား အပ္ပနာသို့ရောက်သည်ရှိသော် ဗြဟ္မာ့ပြည်သို့လားရ၏"ဟု ဆုံးမတော်မူ၏။

မေတ္တာပွါးများပုံ

"အို-ရသေ့အပေါင်းတို့.... အရပ်သုံးပါး၌ ရှိသော သတ္တဝါတို့ကို ပိုင်းခြားကာ အောက်ပါ အတိုင်း ပွါးများအားထုတ်ကြရမည်။

အထက်အရပ်၌နေကုန်သော သတ္တဝါတို့သည် ဘေးရန် ကင်းပါစေကုန်သတည်း၊ ကြောင့်ကြ ကင်းပါစေကုန်သတည်း၊ ဆင်းရဲ ကင်းပါစေကုန် သတည်း၊ ချမ်းချမ်း သာသာ ကိုယ်ခန္ဓာကို ရွက်ဆောင်နိုင်ပါစေကုန်သတည်း"—

ဟု ဤသို့စသည်ဖြင့် ပွါးများအားထုတ်ကြရမည်။

အောက်အရပ် [နည်းတူ]

ဘေးပတ်လည်ဖီလာအရပ် [နည်းတူ]

[မှတ်ချက်....ဤ၌ အရပ်သုံးမျက်နှာထား၍ ပြသော်လည်း အရပ်လေးမျက်နှာ,ခြောက်မျက်နှာ,ရှစ်မျက်နှာ ဆယ်မျက်နှာထား၍လည်းပွါးများနိုင်သည်။]

ဤသို့မေတ္တာပွါးများသူတို့မှာ [ပစ္စုပ္ပန်ဝတ္ထုတွင်ပြဆို အပ်ပြီးသောအကျိုးဆယ့်တပါးကို]မုချရနိုင်သည်၊မဆုတ်ယုတ်သော ဈာန်ရှိသောသူတို့မှာ ဗြဟ္မာ့ပြည်၌ ဖြစ်ကြ၍ သံဝဋ္ဋဝိဝဋ္ဋခုနစ်ကပ်ပတ်လုံး အသက်ကြာရှည် နေရသည်ကိုဟောတော်မူ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ရသေ့အပေါင်းသည်- ယခုအခါ ဘုရားပရိသတ်။

※ အရကရသေ့သည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) အိပ်ရချမ်းသာ၊နိုးချမ်းသာ၊ယုတ်မာအိပ်မက်ကင်း။
(၂) လူချစ်,နတ်ချစ်၊နတ်စောင့်လစ်၊မီးစစ်မလောင်ခြင်း။
(၃) လက်နက်မစူး၊ဆိပ်သင့်ဘူး၊အထူးစိတ်တည်ခြင်း။
(၄) ဗြဟ္မာ့ပြည်လား၊မေတ္တာပွါး၊ကျိုးကားဆယ့်တသင်း။

အရကဇာတ်ပြီး၏။

---

[မှတ်ချက်....[၁၇၀] ကကဏ္ဍကဇာတ်သည် မဟာနိပါတ်-မဟာဥမင်ဇာတ်ခေါ် မဟောသဓဇာတ်နှင့်တူ၏၊ အလိုရှိသောပုဂ္ဂိုလ်တို့သည် မဟောသဓဇာတ်၌ကြည့်ရှုကြပါကုန်။]

---

# ၁၇၁-ကလျာဏဓမ္မဇာတ်

## ပစ္စုပ္ပန်ဝတ္ထု

**ဘုရားဆည်းကပ်လွန်လေးမြတ်**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် သာဝတ္ထိမြို့တော်ဝယ် သူကြွယ်တယောက်သည် သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ ရတနာသုံးပါး၌ကြည်ညို၏၊ ရတနာသုံးပါးကို ဆည်းကပ်၏၊ ထိုသူကြွယ်အား အနည်းငယ် နားပင်းသော ယောက္ခမ မိန်းမသူတယောက်လည်းရှိ၏။

ထိုသူကြွယ်သည် တနေ့သ၌ ထောပတ်စသော ဆေးတို့ကိုငှင်း, ပန်း,နံ့ သာ, အဝတ်စသော လှူဘွယ် ဝတ္ထုတို့ကို ငှင်း ယူဆောင်၍ မြတ်စွာဘုရားထံ တရားနာသွားလေ၏၊ သူကြွယ် မြတ်စွာဘုရားထံသွားခိုက် ထိုသူကြွယ်၏ ယောက္ခမ မိန်းမသူသည် သမီးကိုတွေ့မြင်လိုသဖြင့် ခဲဘွယ် ဘောဇဉ်တို့ကိုယူ၍ သမီးအိမ်သို့သွားလေ၏။

**အမိကြားမှားသမီးစကား**

ထို မိန်းမသည် သမီးနှင့်အတူ ထမင်းစား ပြီး လျှင် ထ မင်း ဆီ ယစ် ခြင်း ကို ဖျောက်၍ သမီးကို “ချစ်သမီး.... သင့်လင်ယောကျ်ားသည် သင်နှင့် ချစ်ခင်ဝမ်းမြောက်လျက် သင့်တင့်ညီညွတ်စွာနေပါ၏လော” ဟု မေး၏၊ “မိခင်.... ဘယ်လိုပြောသနည်း၊ မိခင်၏သမက်သည် အကျင့်သီလနှင့်ပြည့်စုံသဖြင့် ရဟန်းကဲ့သို့သဘောရှိသည်၊ ဤသမက်မျိုးကိုအလွန်ရခဲသည်”ဟုပြောလေ၏။

ထိုအခါ မိခင်သည် နားပင်းသဖြင့် သမီးပြောသော စကားကိုအပြည့်အစုံနားမလည်ဘဲရဟန်းဆိုသောစကား လောက်ကိုသာယူပြီးလျှင် "ချစ်သမီး..သင့်လင်ယောကျ်ား သည် အဘယ့်ကြောင့် ရဟန်းပြုလေသနည်း" ဟု ကျယ် လောင်သောအသံဖြင့် မေးပြန်၏၊ ထိုအသံကိုကြားသော အိမ်သားတို့သည် ငါတို့သူကြွယ်ရဟန်းပြုသတတ်ဟုငိုကြွေး မြည်တမ်းကြကုန်၏၊ ထိုအသံကြောင့် အိမ်နီးချင်းတို့လည်း ရဟန်းပြုသည်ဟုမှတ်ထင်ကြကုန်၏။

**သတင်းကောင်းပြေး ကျင့်ကြံရေး**

သူကြွယ်လည်း မြတ်စွာဘုရားထံမှ ပြန်လာရာ မြို့တွင်းသို့ဝင်လျှင် မိတ်ဆွေတယောက်မြင်၍ "အို-အဆွေ....အဆွေ ရဟန်းပြုသွားသည်ဟု အိမ်သားတွေ ငိုကြွေးနေကြသည်" ဟုဆိုလေ၏၊ ထိုအခါ သူကြွယ်သည် ငါသည်ရဟန်းမပြု သေးဘဲလျက် ငါ့ကိုရဟန်းပြုသည်ဟု သတင်းဖြစ်နေသည်၊ ဤသတင်းကောင်းကို ကွယ်ပျောက်မသွားစေအပ်၊ ယနေ့ ပင်လျှင် ငါရဟန်းပြုတော့မည်ဟု ကြံစည်ကာ အိမ်သို့ မသွားတော့ဘဲ ထိုအရပ်မှပြန်၍ မြတ်စွာဘုရားထံသွား လေ၏။

မြတ်စွာဘုရားသည် ချက်ချင်းပြန်လာသောသူကြွယ်ကို မြင်တော်မူလျှင် "ဒါယကာသူကြွယ်.... အဘယ့်ကြောင့် ချက်ချင်း ပြန်လာသနည်း" ဟု မေးလေ၏၊ "အရှင်ဘုရား.. တပည့်တော် ရဟန်းမပြုသေးဘဲလျက် ရဟန်းပြုသည်ဟု မြို့ထဲတွင် သတင်းကောင်းဖြစ်၍ နေပါသည်၊ ဤသတင်း ကောင်းကိုကွယ်ပျောက်မသွားစေအပ်၊ ယနေ့ပင် ရဟန်း

ပြုမည်ဟု ကြံစည်ကာ ချက်ချင်းပြန်လာခဲ့ပါသည်” ဟု လျှောက်ထားလေ၏။

သူကြွယ်သည် မြတ်စွာဘုရားသာသနာတော်ဝယ် ရှင်အဖြစ်, ရဟန်းအဖြစ်ကိုရ၍ ဝိပဿနာကို ပွါးများကာ မကြာမြင့်မီပင် ရဟန္တာအဖြစ်သို့ရောက်လေ၏။

ရဟန်းတို့သည်တရားသဘင်ဝယ်ထိုသူကြွယ်အကြောင်း စကားစပ်မိ၍ ပြောဆိုနေကြရာမြတ်စွာဘုရားကြွလာတော်မူ၍ “ရဟန်းတို့….ရှေးပညာရှိတို့သည်လည်း ဖြစ်နေသောသတင်းကောင်းကို ပျောက်ကွယ်မသွားစိမ့်သောငှါ ရဟန်းပြုကြဘူးပြီ”ဟုမိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**အမိအိုစကား သူများကြား**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည်သူဌေးမျိုး၌ဖြစ်၍ အဘသူဌေးကြီး ကွယ်လွန်လျှင် သူဌေးအရာကိုရလေ၏၊ထိုသူဌေးအား အနည်းငယ်နားပင်းသောယောက္ခမမိန်းမသူသည်ရှိသတတ်။ [အလုံးစုံသော အတိတ်ဝတ္ထုသည် ပစ္စုပ္ပန်ဝတ္ထုနှင့်တူ၏။]

သူဌေးသည် တနေ့သ၌ မင်းကြီးထံ အခစားသွားလေ၏၊ ထိုသူဌေးသွားခိုက် သူဌေး၏ယောက္ခမ မိန်းမသူသည် သမီးကိုတွေ့မြင်ရန် သမီးအိမ်သို့သွားလေ၏၊သမီးနှင့်အတူထမင်းစားပြီးလျှင် သမီးကိုလင်ယောကျ်ားနှင့် ချစ်ခင်ဝမ်းမြောက်လျက်သင့်တင့်ညီညွတ်စွာ ရှိ,မရှိကိုမေးရာ သမီးက

မိမိလင်ယောကျ်ားမှာ အကျင့်သီလရှိ၍ ရဟန်းကဲ့သို့ သဘောကောင်းသဖြင့် ရခဲသော လင်ဖြစ်ကြောင်း ပြောလေလျှင် နားအနည်းငယ်ပင်းသဖြင့် ပြောသမျှစကားကို ပြည့်စုံအောင် မမှတ်နိုင်ဘဲရဟန်းပြုသတတ်ဟု နားကြားလွဲကာ အဘယ့်ကြောင့် ရဟန်းပြုသနည်းဟု ကျယ်လောင်စွာ မေးလေ၏။

ထိုစကားကို အစွဲပြု၍ တအိမ်လုံး ရဟန်းပြုသည်ဟု မှတ်ထင်ကြလျက်ငိုကြွေးမြည်တမ်းကြသည့်အတွက် အိမ်နီးချင်းတို့လည်း သိကြကုန်၏။

**ရှော့ပြေးထင်မှု ရဟန်းပြု**

သူဌေးသည် မင်းကြီးထံမှ ပြန်လာရာ မိတ်ဆွေတယောက်နှင့် တွေ့၍ ထိုအကြောင်းကို ပြောကြားလျှင် ဖြစ်လာသော သတင်းကောင်းကို ပျောက်ကွယ် မသွားစေအပ်၊ ယနေ့ပင် ရသေ့,ရဟန်း ပြုတော့မည်ဟု ကြံစည်ကာ မင်းကြီးထံပြန်သွားလေ၏၊မင်းကြီးလည်း ချက်ချင်းပင်ပြန်လာသော သူဌေးကိုမြင်လျှင် "သူဌေးကြီး....အဘယ့်ကြောင့် ချက်ချင်းပင် ပြန်လာသနည်း"ဟု မေးသည်ရှိသော် သူဌေးကြီးသည် မင်းကြီးကို—

"မြတ်သော မင်းကြီး.... လောက၌ သူတော်ကောင်းဖြစ်သောသူကား တနေ့နေ့ဝယ် ရဟန်း ဟူသော အမည်ပညတ်သို့ ရောက်လာတတ်၏၊ ထိုရောက်လာသောအမည်ပညတ်ကို မကွယ်ပျောက်စေရာ၊ သူတော်ကောင်းဖြစ်သော သူမည်သည်မှာလည်း ဟိရိဩတ္တပ္ပဖြင့် ရဟန်းတို့တာဝန်ကို ယူကြမြဲဖြစ်၏"။

"မြတ်သောမင်းကြီး..ယနေ့အကျွန်ုပ်မှာ ရဟန်း
ဟူသောအမည်ပညတ်သို့ ရောက်လာခဲ့၏၊ သူတော်
ကောင်းဖြစ်သော အကျွန်ုပ်ကား ကောင်းသော
ဂုဏ်ဖြင့် ရအပ်သော အမည်ပညတ်ကို ရှုဆင်ခြင်
လျက် ယခုပင် ရဟန်းပြုပါမည်၊ အကျွန်ုပ်အား
ကာမဂုဏ်ကို ခံစားခြင်းဖြင့် အလိုမရှိတော့ပါ"—

ဟု လျှောက်ထားကာ မင်းကြီးအား ရဟန်းအဖြစ်ကို ခွင့်ပြုစေပြီးလျှင် ဟိမဝန္တာတောသို့ဝင်၍ ရသေ့ရဟန်း ပြုကာ အဘိညာဉ် သမာပတ်ကိုဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လားလေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့....
※ ထိုအခါ ဗာရာဏသီမင်းသည်— ယခုအခါ အာနန္ဒာ။
※ ဗာရာဏသီသူဌေးသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) သူတော်ခပင်း၊ ကောင်းသတင်း၊ မယွင်းထွက်ပေါ်ရာ။
(၂) ထွက်ပေါ်သတင်း၊ မှန်စေခြင်း၊ လက်ငင်းကျင့်ကြရာ။

ကလျာဏဓမ္မဇာတ်ပြီး၏။

## ၁၇၂—ဒဒ္ဒရဇာတ်

ပဌမ ပဏ္ဏာသ

**တရားဟောချင်လှ ကောကာလိက**

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အကြားအမြင်များသော ရဟန်းတို့သည် သံဃာ့ပရိသတ်အလယ်၌ ကြည်ညိုဘွယ်သောအသံဖြင့် တရားဟောလေ့ရှိကုန်၏။

ထိုအခါ ကောကာလိကသည် မိမိညံ့ဖျင်းသော အဖြစ်ကို မသိဘဲ တရားဟောလိုလှသဖြင့် ရဟန်းတို့အလယ်တွင် ငါတို့လည်း ကြည်ညိုဘွယ်သော အသံဖြင့် တရားဟောလိုပါသည်၊ ငါတို့အားလည်း တရားဟောရန် အလှည့်ပေးကြပါ၊ ကြွေးကြော်ကာ နေလေ၏၊ သံဃာ့ဘောင်တွင် ကောကာလိက တရားဟောလိုခြင်းသည် ထင်ရှားလေ၏။

**ဆန်းကြယ်ဝတ်ဆင် တရားပွဲဝင်**

ရဟန်းတို့သည် တနေ့သ၌ ကောကာလိက၏ အစွမ်းသတ္တိကို သိလိုကြသဖြင့် ကောကာလိကအား ''ငါ့ရှင်ကောကာလိက····ယနေ့ သံဃာ့အစည်းအဝေးတွင် တရားဟောရန် သင့်ကို အလှည့်ပေးမည် တရားဟောမည်လော''ဟု မေးလေလျှင် ကောကာလိက-က''ကောင်းပြီ ဟောပါမည်'' ဟုဝန်ခံလေ၏။

နေဝင်၍ တရားနာရန်အချိန်ကို ကြွေးကြော်လတ်သော် ရဟန်းတို့သည် စည်းဝေးကြကုန်၏၊ ထိုအခါ ကောကာလိကသည် လိပ်သရွေပန်းအဆင်းနှင့်တူသော သင်းပိုင်ကို ဝတ်၍ မဟာလှေကားပန်းအဆင်းနှင့်တူသော ကိုယ်ဝတ်ကို

ဝတ်ရုံကာ တရားဟောမဏ္ဍပ်တွင် ခင်းထားအပ်သော ဓမ္မကထိကနေရာ၌ ဆန်းကျယ်သော ယပ်တောင်ကို ကိုင်လျက် နေလေ၏။

**ပရိသတ် ကြောက်လွဲ အရှက်ကွဲ**

ထိုခဏ၀ယ် ကောကာလိက ကိုယ်မှ ချွေးတို့သည် ယိုထွက်ကုန်၏၊ကြည်ညို ဘွယ်သော အသံဖြင့် တရားဟော မည်ဟု ဟန်ပြင်ကာ ရှေးဦးအစ ပဌမပုဒ်ကို ရွတ်ဆိုပြီး သောအခါ ရွတ်ဆိုစရာပုဒ်ရှာမရတော့ဘဲ အရှက်ကွဲကာ တုန်လှုပ်လျက် နေရာမှထပြီးလျှင် မိမိပရိဝုဏ်သို့ပြန်ရလေ၏၊ ထိုအခါ အကြားအမြင်များသော အခြားဓမ္မကထိက တပါးတက်၍ ဟောရ၏။

ရဟန်းတို့သည် တရားသဘင်ဝယ် ကောကာလိက အကြောင်းစကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍''ရဟန်းတို့····ကောကာလိကသည် ယခု အခါ၌သာ မိမိပြောဆိုသောစကားဖြင့် မိမိညံ့ဖျင်းသော အဖြစ်ကို ထင်ရှားစေသည်မဟုတ်၊ရှေးအခါ၌လည်း ထင်ရှားစေဘူးပြီ''ဟု မိန့်တော်မူကာ အောက်ပါအတိတ် ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**ခြင်္သေ့တုယူ မြေခွေးအူ**

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည်ခြင်္သေ့မျိုး၌ ဖြစ်၍ ခြင်္သေ့များစွာ၏မင်းဖြစ်ကာ ဟိမဝန္တာအရပ်တွင် ငွေဂူ၌နေလေ၏၊ထိုဂူ၏အနီးဖြစ်သော ဂူတခုတွင် မြေခွေး တကောင်သည်နေလေ၏။

တနေ့သ၌ မိုးရွာသည်ရှိသော် အလုံးစုံသောခြင်္သေ့တို့သည် ခြင်္သေ့မင်း ဂူတံခါး၌ စည်းဝေးကြကုန်လျက်ခြင်္သေ့သံကိုဟောက်၍ ပျော်မြူး ကစားကြကုန်၏၊ ခြင်္သေ့တို့ဟောက်သံကိုကြားလျှင် မြေခွေးသည် ခြင်္သေ့တို့ကိုအကြောမခံဟောင်လေ၏။

**ချည်းနှီးညံ့လှ ကဲ့ရဲ့ကြ**

မြေခွေး ဟောင်သံကိုကြားလျှင် ခြင်္သေ့တို့သည် မြေခွေးကား ငါတို့ကို ပြိုင်၍ဟောင်ဘိသည်ဟု ရှက်စနိုးဖြစ်၍ ဆိတ်ဆိတ်သာနေကြကုန်၏၊ ထိုအခါ ခြင်္သေ့မင်း၏သားဖြစ်သောခြင်္သေ့ငယ်သည် ဘခင်ခြင်္သေ့မင်းအား—

"ဘခင်ခြင်္သေ့မင်း····ကျယ်လောင်စွာသော အသံဖြင့် ငွေတောင်ကိုပွဲတင်ထပ်စေလျက် ဟောင်ကာမိမိအသံဖြင့် မိမိကိုယ်ကို သိစေသောသတ္တဝါကားအဘယ်မည်သော သတ္တဝါဖြစ်သနည်း၊ထိုအသံကိုအတုပြု၍ခြင်္သေ့တို့သည်မဟောက်ဝံ့ကုန်သလော"-

ဟု မေးလေ၏၊ အဘခြင်္သေ့မင်းလည်း သားဖြစ်သောခြင်္သေ့ငယ်အား—

"ချစ်သား···· ထိုဟောင်သော သတ္တဝါကား-သားမျိုးတို့တွင် ဂုဏ်မရှိသော မြေခွေးဖြစ်၏၊ ထိုမြေခွေး၏အမျိုးဇာတ်ကို စက်ဆုပ်ကုန်သည်ဖြစ်၍ခြင်္သေ့တို့သည် မဟောက်ဘဲ ဆိတ်ဆိတ် နေကြကုန်၏"—

ဟု ပြောကြားလေ၏၊ထိုမြေခွေးကား မိမိဟိန်းဟောင်သောအသံဖြင့်လျှင် အချည်းနှီးညံ့ဖျင်းသော အဖြစ်ကို သိစေသည်။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်-

ရဟန်းတို့....
※ထိုအခါ မြေခွေးသည်– ယခုအခါ ကောကာလိက။
※ခြင်္သေ့မင်း၏သားငယ်သည်-ရာဟုလာ။
※ခြင်္သေ့မင်းသည်–ငါဘုရားဖြစ်လာပြီ–
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ချည်းနှီးညံ့ဖျင်း၊ကိုယ့်ရည်ချင်း၊ကြွားခြင်းဖြင့်ပင်သိ။
(၂) ခြင်္သေ့အယောင်၊မြေခွေးဆောင်၊ဟောင်သံဖြင့်ပင်သိ။

ဒဒ္ဒရဇာတ်ပြီး၏။

---

## ၁၇၃-မဏ္ဍဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**အံ့ဘွယ်ထင်မှတ် ယောင်ဆောင်လတ်** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်း တပါးသည် အံ့ဘွယ်သရဲကို ပြုတတ်၏။

ထိုအခါ မြတ်စွာဘုရားသည် "ရဟန်းတို့....ဤရဟန်းသည် ယခုအခါ၌သာ အံ့ဘွယ်သရဲကို ပြုတတ်သည်မဟုတ်၊ ရှေးအခါ၌လည်း မျောက်ဖြစ်၍ မီးလှုံလိုသဖြင့် အံ့ဘွယ်သရဲကို ပြုဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါ အတိတ်

ဇာတ်ကို ဆောင်တော်မူသတည်း။ [ပကိဏ္ဏကနိပါတ် ဥဒ္ဒါလကဇာတ်၌ ထင်ရှားလတ့်။]

**အတိတ်ဝတ္ထု**

**သားနှင့်အဘ တောထွက်ကြ**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော်ဘုရားအလောင်းသည်ကာသိကရွာငယ်တခုဝယ် ပုဏ္ဏားမျိုးဖြစ်၍ အရွယ်သို့ ရောက်လတ်သော် အတတ်ပညာ သင်ကြားတတ်မြောက်ပြီးလျှင် အိမ်ထောင်ပြုလေ၏။

မယားပုဏ္ဏေးမတွင် သားတယောက်ဘွားမြင်၍ သားငယ် ပြေးသွားနိုင်သောအခါ ပုဏ္ဏေးမသည် သေလွန်လေ၏၊ ပုဏ္ဏားသည် ပုဏ္ဏေးမအလောင်းကို သင်္ဂြိုဟ်ပြီးလျှင် ငါ့မှာ အိမ်ရာထောင်ခြင်းဖြင့် အကျိုးမရှိပြီဟု လူဘောင်ကို ငြီးငွေ့လျက် သားငယ်ကိုယူကာ မျက်ရည်စက်လက်နှင့် ကျန်ရစ်သော ဆွေမျိုးအပေါင်းကို စွန့်လွှတ်ပြီးလျှင် ဟိမဝန္တာအရပ်သို့ သွား၍ ရသေ့ရဟန်းပြုကာ နေလေ၏။

**ရသေ့ယောင်ဆောင် မျောက်တကောင်**

ရသေ့သည် မိုးအခါဝယ် တနေ့သ၌ မိုးရွာသည်ရှိသော် ချမ်းအေးသဖြင့် မီးမွေးလှုံပြီးလျှင် သစ်ပျဉ်ပြားပေါ်တွင် အိပ်၏၊ သားဖြစ်သောရသေ့ငယ်သည် အဘရသေ့၏ ခြေတို့ကို ဆုပ်နယ်လျက်နေ၏။

ထိုအခါ မျောက်တကောင်သည် အလွန်ချမ်းအေးသဖြင့်ကျောင်းတွင်း၌ရှိသောမီးကိုမြင်လျှင်ငါသည်ယခုအနေဖြင့် ကျောင်းတွင်းသို့ အကယ်၍ဝင်ငြားအံ့၊ ငါ့ကို မျောက်

မျောက်ဟုဆိုကာ ရိုက်ပုတ်၍နှင်ထုတ်သဖြင့် မိုးမလုံရဖြစ် လတုံ၊ အကြောင်းတခုရှိသည်၊ ငါသည် ရသေ့တို့အသွင် ကိုယူကာ ကျောင်းတွင်းသို့ဝင်၍ မိုးလုံမည်ဟု ကြံစည်ကာ ရသေ့တို့သက်န်းကို ဝတ်ရုံပြီးလျှင် ခြင်းတောင်းနှင့်တံချူကို ကိုင်၍ ကျောင်းတံခါးရှိ ထန်းပင်ကိုမှီကာ ဆောင့်ကြောင့် ထိုင်လျက် နေလေ၏။

**အသွင်ဆောင်လင့် မောင်နှင့်ဖြစ်**

ရသေ့သည် ထိုမြောက်ကို မြင်လျှင် မျောက်မှန်း မသိဘဲ ရသေ့အိုတပါး ချမ်းသဖြင့် မိုးလုံလာသည် မှတ်ထင် လျက် ကျောင်းတွင်းသို့ဝင်စေပြီးလျှင် မိုးလုံစေမည်ဟု ကြံ စည်လျက် ဘခင်ရသေ့အား—

"ဘခင်··ရသေ့အိုတပါး ထန်းပင်ရင်းမှာမှီနေ ပါ၏၊ ကျွန်ုပ်တို့မှာလည်း မိုးတင်းကုပ်ရှိပါ၏၊ချမ်း လာသော ထိုရသေ့အိုအား မိုးတင်းကုပ်တွင် မိုး လုံပါစေ"—

ဟုပြောဆိုလေ၏၊ရသေ့ကြီးလည်း သားရသေ့၏စကား ကိုကြားလျှင် ထ၍ သစ်ရွက်မိုးကျောင်းတံခါးတွင် ရပ်၍ ကြည့်လတ်သော် မျောက်အဖြစ်ကိုသိ၍ သားရသေ့ငယ် အား—

"ချစ်သား··သီလရှိသောရသေ့၏မျက်နှာကား ဤကဲ့သို့မဟုတ်၊ ဤသတ္တဝါကား မျောက်ဖြစ်၏၊ ဤမျောက်ကျောင်းတွင်းသို့ဝင်သည်ရှိသော်ကျောင်း ကို ဖျက်ဆီးလိမ့်မည်၊သင်မခေါ်လေနှင့်"-

ဟုပြောဆိုတားမြစ်ပြီးလျှင် ဤအရပ်တွင် မနေလင့်ဟု မီးစတခုဖြင့်ပစ်၍ ပြေးစေ၏၊ မျောက်သည် သက်န်းကို

စွန့်၍ သစ်ပင်သို့တက်ကာ တောသို့ဝင်လေ၏၊ ရသေ့ကြီးလည်း ဖြဟ္မဝိဟာရတရားလေးပါးကို ပွားများ၍ ဗြဟ္မာပြည်သို့လားရ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်, နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်-

ရဟန်းတို့....

※ ထိုအခါ မျောက်သည်-ယခုအခါ အံ့ဘွယ်သရဲပြုလုပ်သောရဟန်း။

※ ရသေ့ငယ်သည်-ရာဟုလာ။

※ ရသေ့ကြီးသည်-ငါဘုရားဖြစ်လာပြီ-

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မငြိမ်လှုပ်ချောက်၊ သဘောကောက်၊ တောမျောက်တိရစ္ဆာန်။

(၂) မြင်ရာဘုလုပ်၊လူ့ဟန်လုပ်၊လူရုပ်သွင်သဏ္ဍာန်။

မက္ကဋဇာတ်ပြီး၏။

---

# ၁၇၄-ဒုဗ္ဘိမက္ကဋဇာတ်

ပဉ္စုပ္ပန်ဝတ္ထု

**ကျေးဇူးမသိလတ် ဒေဝဒတ်** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေဠုဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် တနေ့သ၌တရားသဘင်ဝယ် ရဟန်းတို့သည် ဒေဝဒတ် ကျေးဇူးမသိသည့်

အဖြစ် အဆွေခင်ပွန်းပြစ်မှားတတ်သည့် အဖြစ်ကိုပြော ဆိုနေကြစဉ် မြတ်စွာဘုရား ကြွလာတော်မူ၍ မေးမြန်း တော်မူသဖြင့် ထိုအကြောင်းကို လျှောက်ထားကြရာ မြတ်စွာဘုရားသည် "ရဟန်းတို့....ဒေဝဒတ်သည် ယခုအခါ၌သာ ကျေးဇူးကိုမသိတတ်သည်, အဆွေခင်ပွန်းကို ပြစ်မှားတတ်သည်မဟုတ်၊ ရှေးအခါ၌လည်း ဤသို့သော သဘောသည် ဖြစ်ဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**ခရီးသွားများစွာ ရေရှာကာ**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ကာသိကရွာငယ်တခုဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်ရောက်လတ်သော် အိမ်ထောင်ပြုကာနေလေ၏။

ထိုအခါ ကာသိကတိုင်း လမ်းမကြီးတခု အနီးဝယ် နက်သဖြင့် တိရစ္ဆာန်တို့ဆင်း၍ ရေမသောက်နိုင်သောရေတွင်းတခုရှိသတတ်၊ ခရီးသွားရင်း ကုသိုလ်ပြုကုန်သောသူတို့သည် ရေပုံးဖြင့်ရေကို ဆွဲငင်ကာကျင်းတခုတွင် ထည့်၍ တိရစ္ဆာန်တို့အား သောက်စေကုန်၏၊ ထိုရေတွင်းပတ်လည်၌လည်း ကြီးစွာသော တောရှိလေ၏၊ ထိုတော၌ မျောက်များစွာတို့သည်နေကုန်၏။

**မျောပန်းမြေကာ လျှောင်းစက်ရာ**

ထိုလမ်းမကြီး၌ လူတို့နှစ်ရက်, သုံးရက် အသွားအလာ ပြတ်သဖြင့် တိရစ္ဆာန်တို့သည် ရေမသောက်ရကုန်၊ မျောက်

တကောင်သည် ရေအလွန်ငတ်သဖြင့် ရေကိုရှာဖွေကာရေ တွင်းအနီးသို့သွားလေ၏၊ ပုဏ္ဏားလည်း တစုံတခုပြုဘွယ် ကိစ္စဖြင့် လမ်းမကြီးသို့ရောက်လေ၏၊ ရေတွင်း၌ ရေကိုဆွဲ ငင်၍သောက်ပြီးလျှင် လက်ခြေတို့ကိုဆေး၍နေသောအခါ ထိုရေငတ်နေသော မျောက်ကိုမြင်၍ သနားသဖြင့် ရေကို ဆွဲငင်၍ ကျင်း၌ထည့်ပြီးလျှင် အပန်းဖြေရန် သစ်ပင်ရင်း တခုတွင်ခေတ္တလျောင်းစက်ကာနေလေ၏။

**ကျေးဇူးရှင်အား မျောက်ပြစ်မှား**

မျောက်သည် ရေကို သောက်ပြီးလျှင် မနီးမဝေးသော အရပ်တွင်နေ၍ နှုတ် သီးဖြင့် ဖောက်ပြန်သော အမူအရာကို ပြုလျက် ပုဏ္ဏားကိုချောက်လှန့်လေ၏၊ ပုဏ္ဏားသည် ထို မျောက်၏အမူအရာကိုမြင်လျှင်—

"ဟယ်-မျောက်ပျက်….နေပူသဖြင့်ရေငတ်နေ သောသင့်အား ငါသည်များစွာသောရေကိုပေးဘိ ၏၊ သင်သည်ရေကိုသောက်ပြီး၍ ယခုအခါငါ့အား နှုတ်သီးဖြင့် ဖောက်ပြန်သောအမူအရာကိုပြုလျက် ကရိကရီမြည်ကာ ချောက်လှန့်ပြန်၏၊ သူယုတ်မာ နှင့်ပေါင်းဖေါ်ရခြင်းသည် မပွန်မြတ်စွတကား"- ဟုပြောဆိုလေ၏၊ ထိုအခါ ကျေးဇူးကိုမသိ အဆွေခင် ပွန်းကိုပြစ်မှားသောမျောက်ပျက်သည် ပုဏ္ဏား၏စကားကို ကြားလျှင်—

"အို-ပုဏ္ဏား….သင်သည်သီလရှိသောမျောက် ကို ကြားဘူး,မြင်ဘူးပါသလော၊ ယခုအခါ သင့် ဦးခေါင်းပေါ်မှာ ကျင်ကြီး စွန့်ချဦးမည်၊ ဤသို့

ကျင်ကြီးစွန့်ချခြင်းမှာ ငါတို့မျောက်မျိုး၏ ဓမ္မတာ
သဘောဖြစ်၏”

ဟုပြန်ပြောလေ၏၊ပုဏ္ဏားလည်း မျောက်ပျက်၏စကား
ကိုကြားလျှင် လျှောင်းနေရာမှထမည်ဟုပြင်လေ၏၊မျောက်
သည် ခဏချင်းဖြင့် သစ်ပင်သို့ခုန်တက်၍ သစ်ခက်ကိုကိုင်
လျက် တွဲလျားဆွဲကာ ပုဏ္ဏားဦးခေါင်းပေါ်၌ ကျင်ကြီး
စွန့်ပြီးလျှင် မြည်လျက်တောအုပ်ထဲသို့ ဝင်လေ၏၊ ပုဏ္ဏား
လည်းရေချိုး၍သွားရလေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည်- အတိတ်, ပစ္စုပ္ပန်
နှစ်တန်သောဝတ္ထုတို့ကိုအနုသန္ဓေဆက်စပ်တော်မူလျက်—
ရဟန်းတို့....

※ ထိုအခါ မျောက်ပျက်သည်-ယခုအခါ ဒေဝဒတ်။

※ ပုဏ္ဏားသည်-ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ကျေးဇူးမဲ့ငြား၊ဆွေပြစ်မှား၊ရမ်းကားသူယုတ်မာ။

(၂) ရေပေးသူထက်၊ကျင်စွန့်ချက်၊မျောက်ပျက်ကျင့်ယုတ်မာ၊

ဒုတိယမက္ကဋဇာတ်ပြီး၏။

---

## ၁၇၅—အာဒိစ္စုပဋ္ဌာနဇာတ်

**ပစ္စုပ္ပန်ဝတ္ထု**

**အံ့ဘွယ်ထင်အောင် အယောင်ဆောင်** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်
စွာဘုရားသည် ဇေတဝန် ကျောင်း၌
သီတင်းသုံးတော်မူစဉ် အံ့ဘွယ်သရဲကို

ပြုလုပ် တတ်သော ရဟန်း တပါးကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**တောမှကြွလေ ရှာစွန့်နေ**

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည်ကာသိက တိုင်းဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် ဘက္ကသိုလ်ပြည်၌ အတတ်ပညာသင်ကြားတတ်မြောက်ပြီးလျှင် ရသေ့ရဟန်းပြုကာ အဘိညာဉ်သမာပတ်တို့ကို ဖြစ်စေလျက် ရသေ့အပေါင်းခြံရံကာ ဟိမဝန္တာ အရပ်တွင် နေလေ၏။

ရသေ့ကြီးသည် ဟိမဝန္တာအရပ်၌ ကြာမြင့်စွာနေပြီးလျှင် ချဉ်ဆားမှီဝဲရန် လူတို့နေရာသို့လာ၍ အရပ်စွန်တခုဝယ် သစ်ရွက်မိုးကျောင်းဆောက်လုပ်ကာ နေ၏။

**မျောက်ယုတ်မာများ ပျက်ဆီးငြား**

ထိုအခါ လျှပ်ပေါ်သော မျောက်တကောင်သည် ရသေ့တို့ ဆွမ်းခံသွားသည်ရှိသော် ကျောင်းသို့လာ၍ကစားမြူးခုန်ကာ သောက်ရေအိုးရှိ ရေကိုမှောက်သွန် လေ၏၊ ကရားတို့ကို ခွဲလေ၏၊ မီးတင်းကုပ်၌လည်း ကျင်ကြီးစွန့်လေ၏။

ရသေ့တို့သည် မိုးလပတ်လုံးနေ၍ - ယခုအခါ ဟိမဝန္တာ အရပ်သို့ပြန်ကြတော့မည်ဟု အရပ်စွန်၌နေသောဒါယကာတို့ကို ပန်ကြားကုန်၏၊ ဒါယကာတို့သည် အရှင်တို့မပြန်မီ နက်ဖြန် ဆွမ်းပို့ကြပါမည်၊ ဆွမ်းဘုဉ်းပေးပြီးမှ ပြန်ကြပါ ဟုလျှောက်ထားကြကုန်၏။

**ယောင်ဆောင်နေက မောင်းထုတ်ကြ**

နှစ်ရက်မြောက်သောနေ့၌ ဒါယကာတို့သည် ခဲဘွယ်ဘောဇဉ် များစွာတို့ကို ယူဆောင်ကာ ကျောင်းသို့လာကြကုန်၏၊ မျောက်သည် ခဲဘွယ်ဘောဇဉ်တို့ကို မြင်လျှင် အံ့ဘွယ်သရဲကိုပြုလုပ်လျက် လူတို့ကိုပေးစေအံ့ဟု ကြံစည်ကာ ရသေ့တို့အကျင့်ကို ကျင့်သကဲ့သို့ ရသေ့တို့နှင့် မနီးမဝေးသောအရပ်တွင် နေကိုရှိခိုးလျက်နေ၏၊ လူတို့သည် မျောက်ရှိခိုးနေသည်ကိုမြင်လျှင်–

"အလုံးစုံသော သတ္တဝါတို့၌ သီလသမာဓိနှင့်ပြည့်စုံသော သတ္တဝါတို့လည်း ရှိကြကုန်၏၊ နေကိုရှိခိုးနေသောမျောက်ကိုကြည့်ရှုကြကုန်လော့"–

ဟု မျောက်၏ ဂုဏ်ကျေးဇူးကို ပြောဆိုကြကုန်၏၊ ရသေ့ကြီးသည် မျောက်၏ဂုဏ်ကျေးဇူးကို ပြောဆိုသောသူတို့အား-

"အို-ဒါယကာတို့....သင်တို့သည်မျောက်ယုတ်မာ၏သီလမရှိသော အဖြစ်ကို မသိကြသဖြင့် ချီးမွမ်းကြကုန်၏၊ ဤမျောက်ယုတ်မာကား- မီးတင်းကုပ်၌လည်း ကျင်ကြီးစွန့်ပြီ၊ ကရားနှစ်လုံးကိုလည်း ခွဲပြီ"–

ဟု မျောက်တို့၏ ကျေးဇူးမဲ့ကို ပြောဆိုလေ၏၊ လူတို့သည် မျောက်၏ အံ့ဘွယ်သရဲပြုလုပ်သည့်အဖြစ်ကို သိလတ်သော် ခဲ,တုတ်, လှံကန်တို့ဖြင့် ပစ်ခတ်ရိုက်ပုတ်ကာ ပြေးစေပြီးလျှင် ရသေ့တို့အား ဆွမ်းလှူကြကုန်၏၊ ရသေ့တို့လည်း ဟိမဝန္တာအရပ်သို့ပြန်ကာ မယုတ်သောဈာန်ရှိကြသည်ဖြစ်၍ ဗြဟ္မာ့ပြည်သို့လားကြကုန်၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သော၀တ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်-

ရဟန်းတို့....

※ ထိုအခါ မျောက်ပျက်သည်- ယခုအခါ အံ့ဘွယ် ပြုသောရဟန်း။

※ ရသေ့အပေါင်းသည်-ဘုရားပရိသတ်။

※ ဆရာရသေ့သည်-ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) အံ့ဘွယ်သရဲ၊ ပြုသည့်နဲ၊ စဉ်းလဲယုတ်မာလို။
(၂) စားဘွယ်ကိုမျှော်၊ မျောက် ပျက်ချော်၊ ကော်ရော် နေမင်းကို။

အာဒိစ္စုပဋ္ဌာနဇာတ်ပြီး၏။

---

## ၁၇၆—ကဠာယမုဋ္ဌိဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**ခိုးသားနှိမ်ရန် လျှောက်ထားပြန်** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် မိုးကာလတခု တွင် ကောသလတိုင်း ပစ္စန္တရာဇ်အရပ်သည် သူခိုးတို့ဘေး ကြောင့် ပျက်စီးလေ၏၊ ပစ္စန္တရာဇ်သားတို့သည် နှစ်ကြိမ်၊ သုံးကြိမ်စစ်ထိုးကြရာ မနိုင်သဖြင့် ကောသလမင်းကြီးအား ကြားလျှောက်ကုန်၏။

ကောသလမင်းကြီးလည်း စစ်သည်ဗိုလ်ပါဖြင့် ထွက်ကာ ဇေတဝန်ကျောင်းတော်အနီးတွင် ခေတ္တစခန်းချ၍ ငါသည် အခါမဟုတ်သော မိုးကာလဝယ် စစ်ထိုးရန်ထွက်ခဲ့၏၊ မြစ်, ချောင်း, မြောင်း, ထုံးအိုင်တို့လည်း ရေပြည့်နေသဖြင့် အသွားအလာခက်၏၊ မြတ်စွာဘုရားထံ ဆည်းကပ်၍ မေးတော်မူသောအခါအကြောင်းကို လျှောက်ထားမည်၊ မြတ်စွာဘုရားတို့မည်သည်မှာ တမလွန်ကျိုးဖြင့်သာ ချီးမြှောက်တော် မူသည်မဟုတ်၊ ပစ္စုပ္ပန် ကျိုးဖြင့်လည်း ချီးမြှောက်တော်မူသည်၊ အကျိုးစီးပွါး မရှိလျှင် အခါမဟုတ်သေးဟု မိန့်တော်မူလတ္တံ့၊ ရှိလျှင်လည်း ဆိတ်ဆိတ်နေတော်မူလတ္တံ့ဟု ကြံစည်ကာ မြတ်စွာဘုရားထံ ဆည်းကပ်လေ၏။

ထိုအခါမြတ်စွာဘုရားသည် "မြတ်သောမင်းကြီး‥ဘယ်အရပ်သို့ သွားမည်နည်း"ဟုမေး၏၊ "အရှင်ဘုရား‥ပစ္စန္တရာဇ်၌သူခိုးရန်ကို ငြိမ်းစေရန် သွားပါမည်၊ မသွားမီမြတ်စွာဘုရားထံ ရှိခိုးမည်ဟု လာပါသည်"ဟု လျှောက်လေ၏၊ မြတ်စွာဘုရားသည် "မြတ်သောမင်းကြီး‥‥ ရှေးအခါ၌လည်း မင်းတို့သည် စစ်ထိုးထွက်သည်ရှိသော် ပညာရှိတို့စကားကိုနားထောင်၍ စစ်မထိုးသင့်သောအခါ၌ မသွားကုန်"ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**ခိုးသားရန်ဖျက်**
**မင်းကြီးထွက်**

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ထိုဗြဟ္မ

ဒတ်မင်း၏အမှုကိစ္စအလုံးစုံကို ဆောင်ရွက်ကာ အကျိုးအကြောင်းကို ဆုံးမတတ်သော ပညာရှိအမတ်ကြီး ဖြစ်လေ၏။

မိုးအခါတခုဝယ် ပစ္စန္တရာဇ်အရပ်သည် သူခိုးဘေးကြောင့် ပျက်စီးလေ၏၊ ပစ္စန္တရာဇ်သားတို့လည်း သူခိုးရန်ကို မခုခံနိုင်ကြသဖြင့် မင်းကြီးထံ လျှောက်ထားကြကုန်၏၊ မင်းကြီးလည်း စစ်ထိုးရန်မသင့်လျော်သော မိုးအခါ၌ပင် စစ်သည်ဗိုလ်ပါနှင့်ထွက်ကာ ဉယျာဉ်တော်တွင် သစ်တပ်ဖွဲ့ကာနေ၏၊ပညာရှိအမတ်ကြီးလည်း မင်းကြီးထံတွင် တည်ရှိလေ၏။

**မျောက်၏လောဘ မြင်တွေ့ရ**

ထိုခဏ၌ မြင်းတို့စားရန် ပြောင်းတို့ကို ပြုတ်ကာ မြင်းစာခွက်တွင်ထည့်ကြကုန်၏၊ ဉယျာဉ်တော်၌နေသော မျောက်တို့တွင် မျောက်တကောင်သည် သစ်ပင်မှ ဆင်းသက်ကာ မြင်းစာခွက်တွင်ထည့်ထားသောပြောင်းတို့ကိုယူ၍ ခံတွင်း၌ပြည့်စေပြီးလျှင် လက်ဖြင့်ယူလျက် ခုန်လွှားကာ သစ်ပင်ထက်တွင် ထိုင်၍စားရန် ပြင်ဆင်လေ၏၊ ထိုအခိုက်တွင် မျောက်လက်မှ ပြောင်းတစေ့သည် မြေသို့ကျလေ၏၊ မျောက်သည် ခံတွင်း၌ရှိသော ပြောင်းစေ့နှင့် လက်တွင်ရှိသော ပြောင်းစေ့တို့ကို အလုံးစုံစွန့်ပစ်ပြီးလျှင် သစ်ပင်မှ ဆင်းသက်ကာ အောက်သို့ကျသော ပြောင်းရှာဖွေလတ်သော် မတွေ့တော့သဖြင့် ကြံရာမရဘဲ သစ်ပင်သို့ ပြန်တက်ကာ မှိုင်၍နေလေ၏။

ဥပမာပြ ဆိုဆုံးမ

မင်းကြီးသည် ထိုမျောက်၏ အမူအရာကိုမြင်လျှင် ပညာရှိအမတ်ကြီးကိုခေါ်၍ "အိုအမတ်ကြီး.. မျောက်ပြုအပ်သော အမူအရာကိုမြင်ပါ၏လော၊ အဘယ်အမှုကိုပြုသနည်း"ဟု မေးလေ၏၊ ပညာရှိအမတ်ကြီးသည်—

"မြတ်သော မင်းကြီး.... လောဘကြီးသော ဤမျောက်မိုက်သည် အနည်းငယ်မျှသော ပြောင်းတစေ့ကို ရှာဖွေသဖြင့် များစွာသော ပြောင်းစေ့တို့ကို ပျက်စီးဆုံးရှုံးစေသကဲ့သို့ ထိုအတူ အလွန်လောဘကြီးသောသူတို့သည် အနည်းငယ်မျှသော အကျိုးစီးပွါးကိုရှာဖွေသဖြင့် များစွာသောအကျိုးစီးပွါးပျက်စီးဆုံးရှုံးတတ်၏"—

ဟု မျောက်မိုက်ကို ပမာပြု၍ မင်းကြီးကို သိစေတော်မူ၏၊မင်းကြီးလည်း ပညာရှိအမတ်ကြီးစကားကိုကြားလျှင် စစ်ထိုးမထွက်တော့ဘဲ ဥယျာဉ်တော်မှ မြို့သို့ဝင်တော်မူ၏။

သူခိုးတို့လည်း မင်းကြီးစစ်သည်ဗိုလ်ပါနှင့် စစ်တိုက်ရန်လာသည်ဟုကြားလျှင် ပစ္စန္တရာဇ်မှ ပြေးကြကုန်၏။

ကောသလမင်းကြီးလည်း မြတ်စွာဘုရား၏ ဒေသနာတော်ကိုကြားနာပြီးလျှင် စစ်ထိုးမသွားတော့ဘဲ မြို့တော်သို့ဝင်လေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ဗာရာဏသီ မင်းသည်- ယခုအခါ အာနန္ဒာ။

※ ပညာရှိအမတ်ကြီးသည်-ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) လောဘကြီးလျက်၊ နည်းငယ်မက်၊ ပျက်လိမ့်ကျိုးများစွာ။

(၂) ပြောင်းများစွန့်၍၊ ပြောင်းတစေ့၊ ရှာလေ့မျောက်ပမာ။

ကဋ္ဌဝါယ မုဋ္ဌိဇာတ်ပြီး၏။

---

## ၁၇၇–တိန္ဒုကဇာတ်

### ပဥ္စမဝဂ်

**ဘုရားကျေးဇူး ရဟန်းကျူး**

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် တရားသဘင်ဝယ် ရဟန်းတို့သည် မြတ်စွာဘုရား ပညာတော်၏ ဂုဏ်ကျေးဇူးကို ချီးကျူး ပြောဆိုနေကြစဉ် မြတ်စွာဘုရားကြွလာတော်မူ၍ ထိုအကြောင်းကိုသိတော်မူလျှင် ''ရဟန်းတို့.... ယခုအခါ၌သာလျှင် ငါဘုရားသည် ပညာရှိသည်မဟုတ် ရှေးအခါ၌လည်း ပညာရှိခဲ့ဘူးပြီ အကြောင်း၌ လိမ္မာခဲ့ဘူးပြီ''ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု၊

**တည်သီးမှီစား ရွာသူများ**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် မျောက်မင်းဖြစ်၍ မျောက်ရှစ်သောင်းခြံရံကာ ဟိမဝန္တာအရပ်၌ နေလေ၏။

ထိုမျောက်တို့နေရာအနီးဝယ် တခုသော ပစ္စန္တရာဇ်ရွာသည် ရံခါလူနေ၍ရံခါပျက်စီး၏၊ ထိုရွာ၏အလယ်၌ကား တည်ပင်ကြီးတပင်ရှိလေ၏၊ ပင်စည်ကိုင်းခက်နှင့် ပြည့်စုံ၏၊ ချိုမြိန်ကောင်းမြတ်သောအသီးနှင့် ပြည့်စုံ၏၊ မျောက်တို့သည် ရွာပျက်သောအခါလာ၍ တည်သီးကိုစားလေ့ ရှိကြကုန်၏။

တည်သီးသီးသောအချိန်တခုဝယ် ထိုရွာတွင်လူတို့သည် လာ၍နေကြပြန်၏၊မြဲမြံလုံခြုံစွာ စည်း,စောင်ရန်းကာလျက် တံခါးတပ်ထားကြကုန်၏၊ တည်ပင်ကြီးလည်း အလွန်သီးသဖြင့် အကိုင်အခက်တို့သည် လေးလံကိုင်းညွတ်ကုန်၏။

**လူတို့နေရွာ စုံစမ်းရာ**

ထိုအခါ မျောက်တို့သည် ငါတို့ကား ရှေးအခါ၌ ဤမည်သော ရွာလယ်ရှိ တည်ပင်ကြီးမှ ချိုမြိန် ကောင်းမြတ်သောအသီးတို့ကိုစားကြရကုန်၏၊ယခုအခါ ထိုတည်ပင်ကြီးသည် အသီးသီးလေသလော, မသီးလေသလော၊ ထိုရွာ၌လည်း လူများနေလေသလော, မနေလေသလောဟု အကြောင်းကို စုံစမ်းရန် မျောက်တကောင်ကို လွှတ်လိုက်၏၊ ထိုမျောက်လည်း သွား၍စုံစမ်းရာ တည်ပင်ကြီး အသီးသီး

သည်ကိုဧ၎င်း,ရွာ၌လူများနေသည်ကိုဧ၎င်းသိရလျှင် ပြန်ခဲ့၍ မျောက်တို့ကို ပြောကြားလေ၏။

**ညချမ်းချိန်ခါ မျောက်တွေလာ**

မျောက်တို့သည် တည်ပင်အသီးသီးသည်ကိုသိလျှင် စားလိုကြသဖြင့် မျောက်မင်းထံ ပြောကြားကြကုန်၏၊ မျောက်မင်းသည် မျောက်သို့အား "အမောင်တို့.... ရွာ၌လူနေသလော"ဟု မေး၏၊ "အရှင်....နေပါသည်"ဟု ပြော၏၊ "အမောင်တို့....လူနေလျှင်မသွားကြလင့်၊ လူတို့ကား ပရိယာယ်မာယာများကုန်၏"ဟု ပြောလေ၏၊ "အရှင်....လူတို့အိပ်ချိန် သန်းခေါင်ယာမ်တွင်သွားမည်"ဟု ပြောကြားကာ မျောက်များစွာတို့သည် မျောက်မင်းကို သွားရန်ဝန်ခံစေလျက် ဟိမဝန္တာမှသက်ဆင်းကာ ရွာအနီးရှိကျောက်ဖျာကြီးတခုဝယ် လူတို့အိပ်ချိန်ကို ငံ့ဆိုင်းလျက် အိပ်ကြကုန်၏။

လူတို့အိပ်ချိန် ရွာတွင်းသို့ဝင်ကာ တည်ပင်ကြီးသို့တက်၍ တည်သီးတို့ကိုစားကြကုန်၏၊ လူတို့သည် မျောက်တို့လာမှန်းသိလျှင် လေး,မြား,တောင့် စသည်တို့ကိုကိုင်စွဲလျက် မိုးလင်းသောအခါ မျောက်တို့ကိုဖမ်းရန် တည်ပင်ကြီးကို ဝန်းရံကာ အသင့်စောင့်နေကြကုန်၏။

**လူတို့ဝိုင်းထား မျောက်အများ**

မျောက်တို့သည် လူတို့ကိုမြင်လျှင် သေဘေးမှ ကြောက်ကုန်ရကား မျောက်မင်းမှတပါးကိုးကွယ်ရာမမြင်၍မျောက်မင်းထံသွားကာ—



P129. တည်သီးစားနေကြသည့်မျောက်တို့လွတ်မြောက်ရန်သေနကမျောက်သည် ရွာကိုမီးရှို့လိုက်သဖြင့်ရွာဘက်သို့လူများပြေးနေပုံ

"အရှင်မျောက်မင်း···· လူတို့သည် လေး,မြှား
တောင့်, သန်လျက်စသည်တို့ကို ကိုင်စွဲကုန်လျက် အ
ရပ်လေးမျက်နှာမှ ကျွန်ုပ်တို့ကို ဝန်းရံထားကြကုန်
ပါပြီ၊ဘယ်အကြောင်းဖြင့်လွတ်မြောက်ပါအံ့နည်း"

ဟု ပြောကြားကြကုန်၏၊ မျောက်မင်းလည်း မျောက်တို့စကားကိုကြားလျှင် -

"အမောင်တို့··မကြောက်ကြကုန်လင့် လူတို့မှာ
ကိစ္စများကုန်၏၊ ယခုလည်း မဇ္ဈိမယာမ်သာရှိသေး
၏၊ငါတို့ကိုဝန်းရံနေသောလူတို့အား အခြားတစုံတ
ရာကိစ္စဖြစ်လာမည်လည်း မသိ၊တည်သီးတွေအလွန်
များလှ၏ အလိုရှိသလောက်သာ စားကြကုန်"-

ဟု မျောက်တို့အား အားပေးစကား ပြောကြားကာ သက်သာရာရစေ၏။

**ဘေးရန်စောင့်ရှောက်**
**သေနကမျောက်**

ထိုနောက် မျောက်အလုံးစုံကိုစုရုံးစေသည်ရှိသော် မျောက်မင်း၏တူဖြစ်သော သေနကမျောက် မပါလာသည်ကို သိလေလျှင် "အမောင်တို့···· မကြောက်ကြလင့် ယခုအခါ သေနကမျောက်သည် သင်တို့အသက်ချမ်းသာအောင် ပြုလုပ်လိမ့်မည်"ဟု ပြောဆိုဆုံးမလေ၏။

သေနကမျောက်လည်း မျောက်တို့ သွားသည်ရှိသော် အိပ်ပျော်ကျန်ရစ်၍ နိုးသောအခါ တကောင်မျှမမြင်သဖြင့် မျောက်တို့သွားရာသို့ လိုက်လေသော် လူတို့ကို မြင်လျှင် မျောက်အပေါင်းမှာ မုချဘေးဖြစ်တော့မည်ဟု သိသဖြင့် ရွာစွန်ရှိ မီးဖို၍ဗိုင်းငင့်နေသော မိန်းမအိုထံသွားပြီးလျှင် မီးတစကိုယူကာ လေထက်မှရပ်လျက် ရွာကိုမီးရှို့လေ၏။

လူတို့သည် မီးလောင်သည်ကိုမြင်လျှင် မျောက်တို့ကို စွန့်လွှတ်ကာ မီးသတ်ရန်ပြေးသွားကြကုန်၏၊ မျောက်တို့သည် လူတို့ပြေးကြသောအခါ သေနကမျောက် စားရန် တည်သီးတလုံးစီယူလျက် ပြေးကြကုန်၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည်အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်-

ရဟန်းတို့....

※ ထိုအခါ သေနကမျောက်သည်- ယခုအခါ သာကီဝင်မျိုး မဟာနာမ်။

※ မျောက်အပေါင်းသည်- ဘုရားပရိသတ်။

※ မျောက်မင်းသည်- ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) အသိအလိမ်မာ၊ ဉာဏ်ပညာ၊ ရတနာအမြတ်ပေ။

(၂) ရွာမီးရှို့လတ်၊မျောက်အတတ်၊ဘေးလွတ်မျောက်မျိုးတွေ။

တိန္ဒုကဇာတ်ပြီး၏။

---

## ၁၇၈-ကစ္ဆပဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

မိဘပြေ၁မှု လိုက်နာပြ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံး တော်မူစဉ် သာဝတ္ထိပြည် အမျိုးတဦး၌ ယဉ်းအနာဖြစ်လေ၏၊ ထိုအခါ မိဘတို့

သည် သားကို''ချစ်သား....ဤအိမ်တွင်မနေလင့်၊ နံရံကို ဖောက်ကာ အရပ်တပါးသို့သွား၍ အသက်ကို စောင့် ရှောက်လော့၊ ရောဂါငြိမ်းသောအခါမှပြန်လာ၍ ဤမည် သောအရပ်၌ မြှုပ်နှံထားသော ဥစ္စာကို တူးဖေါ်၍ယူကာ အသက်မွေးရစ်လော့'' ဟုပြောကြားလေ၏။

သားသည် မိဘတို့စကားကိုနားထောင်ကာ အိမ်နံရံ ကိုဖောက်၍ အရပ်တပါးသို့ ပြေးသွားပြီးလျှင် အနာ ငြိမ်းသောအခါပြန်လာ၍ မြှုပ်နှံထားသောဥစ္စာကို တူး ဖေါ်ကာအိမ်ရာထောင်လျက် အသက်မွေးလေ၏။

**ရောဂါကင်းကွာ ချမ်းသာရာ**

တနေ့သ၌ အမျိုးသားသည်ထောပတ်, ဆီ, အစရှိသော လှူဘွယ်ဝတ္ထုတို့ကို ယူ ဆောင်ကာ မြတ်စွာဘုရားထံ ဆည်း ကပ်လေ၏၊ မြတ်စွာဘုရားသည် အမျိုးသားအား ''ဒါယ ကာ....သင်တို့အိမ်၌ ယဉ်းအနာဖြစ်သည်ဟုကြားဘူးသည်၊ သင်အဘယ်သို့ လွတ်မြောက်သနည်း''ဟု မေးတော်မူ လျှင် အမျိုးသားလည်း မိမိလွတ်မြောက်ခဲ့သောအကြောင်း ကိုမြတ်စွာဘုရားအားလျှောက်ထားလေ၏။

မြတ်စွာဘုရားသည် ''ဒါယကာ....ရှေးအခါ၌လည်း ဘေးဖြစ်သည်ရှိသော် မိမိတို့နေရာအရပ်၌ တပ်စွန်းလျက် အရပ်တပါးသို့ မသွားဘဲနေသောသတ္တဝါတို့သည် သေ ကြဘူးပြီ၊ မိမိတို့နေရာ၌ မတပ်စွန်းဘဲ အရပ်တပါးသို့သွား

* ယင်းအနာ—ကူးစက်တတ်သော အနာတမျိုး၊ ပါဠိဘာသာ ဝယ် (အဟိဝါတရောဂ)မြွေဆိပ်ကဲ့သို့လျင်မြန်စွာသေတတ် သောအနာကိုဆိုလိုဟန်တူသည်။

သောသတ္တဝါတို့သည် အသက်ချမ်းသာရဘူးကုန်ပြီ” ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

မွေးဖွားရာအရပ် တပ်မွန်းလတ်

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည်ကာသိကရွာငယ်တခုဝယ် အိုးထိန်းသည်အမျိုး၌ဖြစ်၍ အိုးလုပ်ကာ သားမယားကိုကျွေးမွေးလေ၏။

ဗာရာဏသီ ပြည်၌လည်း မြစ်ကျိုးနှင့် တစပ်တည်း ဆက်လျက်တည်ရှိသော အိုင်ကြီးတအိုင်ရှိလေ၏၊ ထိုအိုင်ကြီးသည် ရေများသောအခါ မြစ်ရေနှင့်စပ်လျက် တည်ရှိ၏၊ ရေနည်းသောအခါ အသီးအခြားတည်ရှိ၏၊ ငါး,လိပ်တို့သည် ဤနှစ်၌မိုးကောင်းလတံ့၊ ဤနှစ်၌မိုးခေါင်လတံ့ဟု သိကြသဖြင့် အိုင်ရေနှင့်မြစ်ရေ တစပ်ထည်းတည်ရှိသောအခါအိုင်မှထွက်ကာမြစ်သို့သွားကြကုန်၏။

လိပ်တကောင်ကား ဤအရပ်သည် ငါမွေးဘွားရာ အရပ်, ကြီးပြင်းရာအရပ်ဖြစ်သည်၊ မိဘတို့နေရာအရပ်လည်းဖြစ်သည်၊ သို့အတွက်ဤအရပ်ကို မစွန့်နိုင်ဟုမြစ်သို့မသွားဘဲနေရစ်၏၊ နွေအခါဝယ် အိုင်ကြီးသည် ရေပြတ်လေ၏၊ ထိုလိပ်သည် ရေပြတ်လတ်သော် အိုးထိန်းသည်၏ မြေစိုင်ယူရာအရပ်တွင်မြေကိုကျစ်၍အတွင်းသို့ဝင်ကာနေ၏။

ဆင်းရဲငြိုငြင် သေပွဲဝင်

အိုးထိန်းသည်သည် မြေကိုယူအံ့သောငှါထိုအရပ်သို့လာ၍မြေကိုပေါက်တူးဖြင့် ပေါက်သည်ရှိသော် လိပ်၏ကျော

ကုန်းကိုပေါက်မိ၍ မြေစိုင်ကဲ့သို့ ပေါက်တူးဖြင့်ယူကာကုန်း ပေါ်သို့ချလေ၏၊ ထိုလိပ်သည် ပြင်းထန်စွာဆင်းရဲဝေဒနာ သို့ရောက်၍-

"အို-ဘဂ္ဂဝ…. ဤအရပ်သည် ငါမွေးဖွားရာ အရပ်,ကြီးပျင်းရာအရပ်,မိဘတို့နေရာ အရပ်ဖြစ် ၏ဟု မစွန့်နိုင်၍ ညွှန့်၍နေမိ၏၊ အားကြီးသော သူသည် အားနည်းသောသူကို နှိပ်စက်သကဲ့သို့ ညွှန်သည်နှိပ်စက်ဘိ၏"—

"အို-ဘဂ္ဂဝ….ကျွန်ုပ်စကားကိုနားထောင်ပါ၊ ရွာဖြစ်စေ, တောဖြစ်စေ ကိုယ်စိတ်နှစ်ပါး ချမ်း သာရာဖြစ်သော အရပ်သို့သွားရမည်၊ အကျိုးရှိ သည် မရှိသည်ကိုသိသောပညာရှိသည် မွေးဘွားရာ အရပ်,ကြီးပျင်းရာအရပ်,မိဘတို့နေရာအရပ်ကိုပင် စွန့်လွှတ်ကာ အသက်ရှည်မည်ဖြစ်သော အရပ်သို့ သွားရမည်၊ ဤသို့သွားသည်ရှိသော် နေရာအတွက် သေဆုံးပျက်စီးခြင်းမဖြစ်နိုင်"—

ဟုအိုးထိန်းသည်အား ပြောဆိုပြီးလျှင်သေလေ၏။

**အိုးထိန်းသည်ဆုံးမ တရားရ**

အိုးထိန်းသည်လည်း ထိုလိပ်ကို ယူ၍ အလုံးစုံသော ရွာနေလူတို့ကိုစည်းဝေး စေပြီးလျှင် "အချင်းတို့….ဤလိပ်ကား တပါးသောငါးလိပ်တို့ မြစ်သို့သွားသည်ရှိသော် မိမိနေရာ အရပ်၌ တပ်စွန်းကာမြေစိုင်ယူရာအရပ်တွင်ဝင်၍နေခဲ့သည့် အတွက် ငါမြေစိုင်ယူသောအခါ ပေါက်တူးဖြင့် ပေါက်မိ သဖြင့် မိမိပြုအပ်သောအမှုကို အောက်မေ့၍ ငိုကြွေးမြည်

တမ်းကာသေရရှာ၏၊ ဤလိပ်သည် မိမိနေရာ၌ တပ်စွန်းသည့်အတွက် သေခြင်းသို့ရောက်ရ၏၊ သင်တို့သည်လည်း ဤလိပ်ကဲ့သို့မဖြစ်စေသင့်၊ ဤနေ့မှစ၍ ငါ၏ရူပါရုံ, ငါ၏သဒ္ဒါရုံ, ငါ၏ဂန္ဓာရုံ, ငါ၏ရသာရုံ, ငါ၏ ဖောဋ္ဌဗ္ဗာရုံ, ငါ့မယား, ငါ့သား, ငါ့သမီး, ငါ့ကျွန်, ငါ့ဥစ္စာဟူ၍ ဤတဏှာအစွန်းဖြင့် မမှတ်ယူမစွဲလမ်းကြကုန်လင့်၊ သတ္တဝါဟူသမျှ တယောက်ထည်းသာလျှင် ဘုံသုံးပါးတွင် ကျင်လည်နေကြရ၏၊ တပြောင်းပြန်ပြန်ဖြစ်ရ၏၊ စသည်ဖြင့် သဗ္ဗညုမြတ်စွာဘုရား၏ တင့်တယ်ခြင်းဖြင့်လူအများအား အဆုံးအမဩဝါဒပေးလေ၏၊ ထိုအဆုံးအမဩဝါဒသည်ဇမ္ဗူဒိပ်တကျွန်းလုံး ပျံ့နှံ့၍အနှစ်ခြောက်သောင်းတို့ပတ်လုံး တည်လေ၏။

လူတို့သည် အိုးထိန်းသည်၏ အဆုံးအမဩဝါဒ၌တည်လျက် ကုသိုလ်ကောင်းမှုကို ပြုစုအားထုတ်၍ သေလွန်သောအခါနတ်ပြည်သို့လားကြရကုန်၏။

ဤဒေသနာတော်၏အဆုံး၌ အမျိုးကောင်း သားသည် သောတာပတ္တိဖိုလ်၌တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်-

ရဟန်းတို့....
※ ထိုအခါလိပ်သည်-အာနန္ဒာ။
※ အိုးထိန်းသည်သည်-ငါဘုရားဖြစ်လာပြီ-
ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မွေးရာ,ကြီးရာ၊တပ်စွန်းကာ၊နေရာမစွဲသင့်။
(၂) ဘေးရန်လွတ်ရာ၊ချမ်းသာရာ၊ မြန်စွာပြောင်းရွှေ့သင့်။
(၃) နေရာကိုစွဲ လိပ်မိုက်မဲ၊ကျောက္ခဲသေပုံချင့်။

ကစ္ဆပဇာတ် ပြီး၏။

---

## ၁၇၉—သတဓမ္မဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**အနေသနမှု ဆုံးမပြု**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်း သုံးတော်မူစဉ် ရဟန်းတို့သည် ဆေးကုခြင်း,သလုံးမြင်းခေါင်းဖြင့်ဒါယကာတို့အစေအပါး ခံခြင်းစသော※အနေသန နှစ်ဆယ့်တပါးတို့ဖြင့် အသက် မွေးကြကုန်၏။

မြတ်စွာဘုရားသိတော်မူလျှင် အနေသနဖြင့် အသက် မွေးသော ရဟန်းတို့ကား- ဘီလူးအဖြစ် ပြိတ္တာအဖြစ်မှ မလွတ်ကုန်လတ့်၊ လှည်းရှိန်းရသော နွားဖြစ်ကုန်လတ့်၊ ငရဲသို့ကျကုန်လတ့်၊ ငါဘုရားသည် ထိုရဟန်းတို့ စီးပွား ချမ်းသာခြင်းငှါ တရားဟောရန်သင့်၏ဟု ကြံစည်တော်မူ လျက် ရဟန်းတို့ကို စည်းဝေးစေ၏။

---

* အနေသန—ရဟန်းတို့အား မအပ်သော လုံ့လပယောဂဖြင့် ပစ္စည်းလေးပါးကို ရှာမှီးခြင်း။ [ထိုအနေသနနှစ်ဆယ့်တပါး ကား-သာကေတဇာတ်တွင် ထင်ရှားလတ့်။]

စည်းဝေးစေပြီးလျှင် ''ရဟန်းတို့... နှစ်ဆယ့်တပါးသော အနေသနဖြင့် ပစ္စည်းလေးပါးကို မဖြစ်စေအပ်ကုန်၊ အနေသနကြောင့်ဖြစ်သောဆွမ်းသည် ရဲရဲတောက်သော သံတွေခဲနှင့်တူ၏၊ လတ်တလော သေစေတတ်သော အဆိပ်နှင့်တူ၏၊ ※ဒွန်းစဏ္ဍားစားကြွင်းဘောဇဉ်နှင့်တူ၏၊ အနေသနကြောင့်ဖြစ်သောဆွမ်းကို စားခြင်းသည် သတမဗ္ဗလုလင်၏ ဒွန်းစဏ္ဍားစားကြွင်းထမင်းကို သုံးဆောင်ခြင်းကဲ့သို့ဖြစ်၏'' ဟုမိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**ဒွန်းစဏ္ဍားပုဏ္ဏား အတူသွား**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် ဒွန်း-စဏ္ဍားအမျိုး၌ဖြစ်၍ အရွယ်ရောက်သည်ရှိသော် တစုံတရာ ပြုဘွယ်ကိစ္စဖြင့် ထမင်းရိက္ခာတို့ကိုယူကာ ခရီးသွားလေ၏။

ဗာရာဏသီမြို့တော်ဝယ် ဥဒိစ္စပုဏ္ဏားမျိုး၌ဖြစ်၍ သတမဗ္ဗမည်သောလုလင်တယောက်လည်းရှိ၏၊ ထိုလုလင်သည်လည်း တစုံတရာပြုဘွယ်ကိစ္စဖြင့် ထမင်းရိက္ခာတို့ကိုမယူခဲ့ဘဲ ခရီးသွားလေ၏၊ ခရီးလမ်းမသို့ရောက်လျှင် ဒွန်းစဏ္ဍားနှင့် ဆုံမိကြ၏။

ထိုအခါ သတမဗ္ဗလုလင်သည် ဒွန်းစဏ္ဍားကို ''အချင်း.. သင်အဘယ်အမျိုးနည်း'' ဟု မေး၏၊ ''အချင်း....အကျွန်ုပ်

---

* ဒွန်းစဏ္ဍား-ယုတ်သောအမျိုး။

ဒွန်းစဏ္ဍားမျိုးဖြစ်သည်" ဟုပြော၏၊ တဘက်ဒွန်းစဏ္ဍားသည် သတဓမ္မလုလင်ကို "အချင်း‥သင်ဘယ်အမျိုးနည်း" ဟုမေးပြန်၏၊"အချင်း‥အကျွန်ုပ်ဥဒိစ္စပုဏ္ဏားမျိုးဖြစ်သည်" ဟုပြောလေ၏၊ ထိုသူနှစ်ယောက်တို့သည် ခရီးလမ်းဝယ် အတူတကွသွားကြကုန်၏။

**ဒွန်းစဏ္ဍားစားဘွယ် ငြင်းဆန်ဖယ်**

ဒွန်းစဏ္ဍားသည် အရိပ်ရေနှင့်ပြည့်စုံသောအရပ်သို့ရောက်လျှင် ခေတ္တနားနေကာ နံနက်စာစားရန် ထမင်းထုပ်ကို ဖြေ၍စားသောအခါ သတဓမ္မလုလင်အား"အချင်း… ထမင်းစားလာပါ" ဟုခေါ်၏၊ သတဓမ္မ လုလင်သည် "ဟယ်- ဒွန်းစဏ္ဍား…. ငါသင့်ထမင်းကို အလိုမရှိ"ဟု ဆိုလိုက်၏၊ ဒွန်းစဏ္ဍားလည်း ကောင်းပြီဆို၍ ထမင်းကို ဝလောက်ရုံယူကာစားပြီးလျှင် ကြွင်းသောထမင်းရိက္ခာကို ယူလျက်"အချင်း‥သွားမည်"ဟုခေါ်ကာ အတူသွားကြပြန်၏။

ထိုသူနှစ်ယောက်တို့သည် တနေ့လုံးသွားကြ၍ညဉ့်အခါ အရိပ်ရေနှင့် ပြည့်စုံသောနေရာတခုသို့ ရောက်ပြန်လျှင် ရေချိုးပြီး၍ အပန်းဖြေကာနေကြ၏၊ဒွန်းစဏ္ဍားသည် ထမင်းထုပ်ကိုဖြေ၍ သတဓမ္မလုလင်ကိုမခေါ်ဘဲ စားပြန်၏၊ သတဓမ္မလုလင်သည် နံနက်စာထမင်းလည်းမစားရ၊ တနေ့လုံး ခရီးသွားခြင်းကြောင့် ပင်ပန်းရကား အလွန်ဆာမွတ်လှသဖြင့် ငါ့ကိုအကယ်၍ထမင်းပေးလျှင် စားမည်ဟု ကြံစည်ကာ အနီးတွင်နေ၏၊ ဒွန်းစဏ္ဍားလည်း တစုံတရာ စကားမပြောဘဲ စားလေ၏။

စားကြွင်းစားရ
လွန်ရှက်လှ

ထိုအခါ သတ္တမမွလုလင်သည် ဤဒွန်းစဏ္ဍားကား ငါ့ကိုမခေါ်ဘဲ ထမင်းအလုံးစုံစားဘိ၏၊ ဤဒွန်းစဏ္ဍား စားနေတုန်း အတင်းနှိပ်စက်လုယူပြီး ကျန်သောထမင်းကို စားမည်ဟု နှလုံးသွင်းကာ အတင်းလုယက်နှိပ်စက်၍ စားလေ၏၊ စားပြီးနောက် ငါကား မိမိ၏ဇာတ်အနွယ်အမျိုးအရပ်တို့အား မလျောက်ပတ်သော ဒွန်းစဏ္ဍားစားကြွင်းထမင်းကို စဉ်းလျက်စားရ၏ဟု အလွန်နှလုံးမသာယာခြင်း ဖြစ်လေ၏၊ ထိုခဏ၌လျှင် သတ္တမမွလုလင်အား သွေးနှင့်တကွသော ထမင်းသည် ခံတွင်းမှ အန်ထွက်လေ၏။

ထိုအခါ သတ္တမမွလုလင်သည်—

"စင်စစ်သဖြင့် ငါစားအပ်သော ထမင်းမှာ အနည်းငယ်မျှသာဖြစ်၏၊ စားကြွင်းလည်း ဖြစ်၏၊ ထိုထမင်းကိုလည်း ဒွန်းစဏ္ဍားသည် မိမိအလိုဖြင့် မပေး၊ ငါနှိပ်စက်၍ ငြိုငြိုငြင်ငြင်ပေးရ၏၊စင်ကြယ်၍ပုဏ္ဏားမျိုးဖြစ်သောငါသည် မလျောက်ပတ်သောအမှုကို ပြုမိသဖြင့် ထိုထမင်းလည်း သွေးနှင့်တကွ ခံတွင်းမှ အန်ထွက်ရ၏"-

ဟု ငိုကြွေးမြည်တမ်း၍ ယခုအခါ ငါ့အား ဤသို့မလျောက်ပတ်သောအမှုကိုပြုပြီး၍ အသက်ရှင်နေသဖြင့် အကျိုးမရှိတော့ပြီဟု နှလုံးသွင်းကာ တောသို့ ဝင်ပြေးပြီးလျှင် တစုံတယောက်သော သူကိုမျှ မမြင်စေဘဲ ကိုးကွယ်ရာမဲ့သေခြင်းသို့ ရောက်လေ၏။

သဗ္ဗညုမြတ်စွာဘုရားသည် အတိတ်ဇာတ်ကို ဆောင်တော်မူပြီးလျှင်-

"ရဟန်းတို့.... သတဓမ္မလုလင်သည် နှိပ်စက်လုယက်၍ရအပ်သော ဒွန်းစဏ္ဍားစားကြွင်းထမင်းကို စားရခြင်းဖြင့် ဝမ်းမမြောက်နိုင် မနှစ်သက်နိုင်သကဲ့သို့၊ ထို့အတူ သာသနာတော်၌ ရဟန်းသည် အာဇီဝ ပါရိသုဒ္ဓိသီလကို ဖဲကြဉ်ကာ အနေသန နှစ်ဆယ့်တပါးဖြင့် အသက်မွေးရသဖြင့် ဝမ်းမမြောက်နိုင်၊ မနှစ်သက်နိုင်"-

ဟု ဟောတော်မူပြီးလျှင် သစ္စာကိုပြတော်မူ၏။

ဤဒေသနာတော်၏ အဆုံး၌ ရဟန်းများစွာတို့သည် သောတာပတ္တိဖိုလ်စသည်တို့၌ တည်ကြကုန်၏။

### ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်-

ရဟန်းတို့....
※ ထိုအခါသတဓမ္မလုလင်သည်-ယခုအခါအာနန္ဒာ။
※ ဒွန်းစဏ္ဍားသည်-ငါဘုရားဖြစ်လာပြီ-
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) အနေသန၊ ရှာ၍ရ၊ လေးဝပစ္စည်းဟူ။
(၂) အဆိပ်သီးဟန်၊ သံတွေဟန်၊ ဒွန်းစဏ်စားကြွင်းတူ။
(၃) စားပြီးခဏ၊ သွေးအန်ရ၊ သတဓမ္မတူ။

သတဓမ္မဇာတ်ပြီး၏။

## ၁၇၀—ဒုဒ္ဒဒဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ညီညာ ရွှင်ပြ ကျော်ကြားမှု

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိမြို့တော်ဝယ် တိုင်ပင်ညီညွတ်ကာ ဘုရားအမှူးရှိသော သံဃာတော်ကို ပင့်ဘိတ်ကြလျက် ခုနစ်ရက်ပတ်လုံး အလှူကြီးကိုပေးလှူကြကုန်၏။

ခုနစ်ရက်မြောက်သောနေ့ဝယ် ဒါယကာ အပေါင်းတို့တွင် အကြီးဆုံးဖြစ်သော ဒါယကာသည် မြတ်စွာဘုရားကို "အရှင်ဘုရား.... ယခု အလှူကြီး ပေးလှူရာဝယ် များစွာပေးလှူသူတို့လည်းရှိကြသည်၊ အနည်းငယ်ပေးလှူသူတို့လည်းရှိကြသည်၊ အကျိုးမှာကား- ထိုသူအားလုံးတို့ပင် အကျိုးများစွာရကြစေဟု အမျှပြု၍ ပေးပါသည်" ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် "ဒါယကာ....သင်တို့သည် အလှူ၏အကျိုးကို များစွာရအောင် အမျှပြု၍ပေးခြင်းကား မွန်မြတ်သောအမှုကို ပြုလုပ်ခြင်းဖြစ်သည်၊ ရှေးပညာရှိတို့သည် ဤအတူသာလျှင် အလှူအကျိုးကို အမျှပြု၍ပေးဘူးကုန်ပြီ" ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

မြို့ရွာကြွလာ ဆွမ်းခံရှာ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ကာသိ

ကတိုင်းဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍အရွယ်ရောက်သည် ရှိသော် တက္ကသိုလ်ပြည်၌ အတတ်ပညာ အလုံးစုံကို သင်ကြား တတ်မြောက်ပြီးလျှင် အိမ်ရာထောင်ခြင်းကို စွန့်ပယ်ကာ ရသေ့ရဟန်းပြု၍ ဟိမဝန္တာအရပ်တွင် ကြာမြင့်စွာနေ လေ၏။

တနေ့သ၌ ချဉ်ဆားမှီဝဲလို၍ လူတို့နေရာ ဇနပုဒ်သို့ လှည့်လည်လတ်သော် ဗာရာဏသီပြည်သို့ ရောက်၍ မင်း ကြီး ဥယျာဉ်၌နေကာ နက်ဖြန်နေ့ဝယ် အခြံအရံ ရသေ့တို့ နှင့်တကွ မြို့တံခါးအနီးဖြစ်သော ရွာသို့ ဆွမ်းခံကြွလေ၏၊ လူတို့သည် ဆွမ်းကိုလှူဒါန်းကြကုန်၏။

သံဘက်ခါနေ့ဝယ် ဗာရာဏသီမြို့တော်တွင်းသို့ ဆွမ်းခံ ကြွတော်မူ၏၊ လူတို့သည် အလွန်ကြည်ညိုကြသဖြင့် ဆွမ်း ကိုလှူဒါန်းပြီးလျှင် အသင်းအပင်း ဖွဲ့စည်းကြလျက် တိုင်ပင် ညီညွတ်ကာ လှူဘွယ်ဝတ္ထုတို့ကို စီရင်ပြီးလျှင် ရသေ့တို့အား အလှူကြီးပေးလှူကြကုန်၏။

**အမှူအကျိုးများ မေးလျှောက်ထား**

ထိုဒါယကာတို့တွင်အကြီးဆုံးဖြစ်သော ဒါယကာသည် ဆရာ ရသေ့ ကြီးကို "အရှင်ဘုရား…… ယခုအလှူကြီးပေးလှူ ရာဝယ် များစွာ ပေးလှူသူတို့လည်းရှိကြသည်၊ အနည်းငယ် ပေးလှူသူတို့လည်းရှိကြသည်၊ထိုသို့ရှိကြရာများသည်ဖြစ်စေ, နည်းသည်ဖြစ်စေ အကျိုးမှာကား လူအားလုံးတို့ပင် များ စွာရကြပါစေဟု အညီအမျှပြု၍ပေးပါသည်"ဟု လျှောက် လေ၏။

ဆရာ ရသေ့ကြီးလည်း-

"ဒါယကာတို့···· ပညာမဲ့ သူယုတ်မာတို့သည် လျှဒါန်းခြင်းအမှုကို မပြုလုပ်နိုင်ကြကုန်၊ ပညာရှိသူတော်ကောင်းတို့သာ လျှဒါန်းခြင်းအမှုကို ပြုလုပ်နိုင်ကြကုန်၏၊ ပညာမဲ့သူယုတ်မာတို့သည် လျှဒါန်းခြင်းအကျိုးကို မသိနိုင်ကြကုန်၊ ပညာရှိသူတော်ကောင်းတို့သာ လျှဒါန်းခြင်းအကျိုးကို သိနိုင်ကြကုန်၏၊ ထို့ကြောင့် ဤဘဝမှသေလွန်သည်ရှိသော် ပညာရှိသူတော်ကောင်းတို့နှင့် ပညာမဲ့သူယုတ်မာတို့မှာသွားလာရာဂတိခြင်း မတူကြပေ၊ ပညာမဲ့သူယုတ်မာတို့မှာ ငရဲသို့လားကြရ၍ ပညာရှိ သူတော်ကောင်းတို့မှာကား နတ်ပြည်သို့လားကြရကုန်၏"-

ဟု အနုမောဒနာပြုပြီးလျှင် မိုးလေးလပတ်လုံးနေ၍ မိုးကျွတ်သည်ရှိသော် ဟိမဝန္တာအရပ်သို့ကြွကာ ဈာန်ကိုဖြစ်စေလျက် မယုတ်သောဈာန်ရှိသည်ဖြစ်၍ ဗြဟ္မာပြည်သို့လားကြရ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင်မြတ်စွာဘုရားသည်အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်-

ရဟန်းတို့····

※ ထိုအခါရသေ့အပေါင်းသည်- ယခုအခါငါဘုရားပရိသတ်။

※ ဆရာရသေ့သည်- ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ပညာမဲ့စု၊ သူယုတ်စု၊ လူမှုခဲယဉ်း၏။
(၂) ပညာရှိများ၊ သူတော်များ၊ လူကားပြုလွယ်၏။
(၃) ပညာမဲ့ကား၊ ငရဲလား၊ နတ်လားပညာရှိ။

ဒုဋ္ဌဒဇာတ်ပြီး၏။

---

## ၁၈၁—အသဒိသဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**နိက္ခမကြောင်းပြု ချီးမွမ်းမှု**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ရဟန်းတို့သည် တရားသဘင်ဝယ် မြတ်စွာဘုရား တောထွက်တော်မူခြင်း အကြောင်းကို ချီးကျူးကာနေကြရာ မြတ်စွာဘုရား ကြွလာတော်မူပြီးလျှင်“ရဟန်းတို့····ငါဘုရားသည် ယခုအခါ၌သာ မြတ်သော တောထွက်ခြင်းဖြင့် တောထွက်တော်မူသည်မဟုတ်၊ ရှေးအခါ၌လည်း ထီးနန်းကိုစွန့်၍ တောထွက်တော်မူဘူးပြီ”ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

**လေးအတတ်တွင် တဘက်ကမ်းမြင်**

လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ထိုဗြဟ္မဒတ်မင်းကြီး မိဖုရားကြီးတို့ဝယ် သားတော်နှစ်ယောက်ဖွားမြင်ရာ၊ သားအကြီးကို အသဒိသအဃေကို ဗြဟ္မဒတ္တဟု အမည်မှည့်ကြကုန်၏။

ထိုသားတော်နှစ်ယောက်တို့တွင် အသဒိသ သတို့သား သည် ဆယ့်ခြောက်နှစ် အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်သို့သွား၍ ဒိသာပါမောက္ခဆရာကြီးထံတွင် ဗေဒင် သုံးပုံတို့ကိုငှင်း, အတတ် တဆယ့်ရှစ်ပါးတို့ကိုငှင်း သင်ကြား တတ်မြောက်ခဲ့ရာ လေးအတတ်တွင် အတုမရှိ တဘက်ကမ်းခတ် တတ်မြောက်ခဲ့လေ၏။

**ထီးနန်းအရေး ညီငယ်ပေး**

အတတ်ပညာ တတ်မြောက် ပြီးသော် ဗာရာဏသီပြည်သို့ ပြန်လာရာ အဘ မင်းကြီး နတ်ရွာစံသောအခါ အမတ်တို့သည် အသဒိသ မင်းသားအား မင်းအဖြစ်, ဗြဟ္မဒတ္တ မင်းသားအား အိမ်ရှေ့မင်းအဖြစ်ကိုပေးကြလျှင် အသဒိသ မင်းသားသည် ငါ့အားမင်းအဖြစ်ကို အလိုမရှိဟု စွန့်ပယ်သဖြင့် ဗြဟ္မဒတ္တ မင်းသားကို အဘိသိက်သွန်းကာ မင်း မြှောက်ကြကုန်၏၊အသဒိသ မင်းသားသည် မင်းအဖြစ်ကို အလိုမရှိသော်လည်း ညီတော်မင်းပြုသည်ရှိသော် ပကတိ အတိုင်း မင်းအမှုအရာဖြင့်သာ နေ၏။

**ညီတော်ထင်မှား ထွက်ခွာသွား**

ထိုအခါ ဗြဟ္မဒတ်မင်း၏ ထံတော်ဝယ် ခစား မြဲစွဲ ကုန်သော သူတို့သည် အသဒိသ မင်းသားသည် မင်းအဖြစ်ကို တောင့်တနေသည်ဟု ဗြဟ္မဒတ် မင်းထံ ကုန်းတိုက်ကြကုန်၏။ ဗြဟ္မဒတ်မင်းသည် ဟုတ်မှန်သည် မဟုတ်မှန်သည်ကို မဆင်ခြင်ဘဲ ယုံကြည်ကာ နောင်တော်၌ အချစ်ပျက်လျက် နောင်တော်ကိုဖမ်းဆီးကြကုန်ဟု မင်းချင်းတို့ကို စေခိုင်းလေ၏၊ အသဒိသမင်းသား အကျိုးစီးပွါးကို

ဆောင်ရွက်နေသော ယောက်ျား တယောက်သည် ထို အကြောင်းကို အသဒိသမင်းသားအား လျှောက်ထား လေ၏။

**တပါးမင်းထံ ခစားပြန်**

အသဒိသမင်းသားသည် ညီတော်အား အမျက်ထွက်၍ တိုင်းပြည်မှ ထွက်ပြီးလျှင် တပါးသောတိုင်းပြည်သို့သွားကာ မင်းကြီးထံဝင်လေ၏၊ မင်းကြီးသည် အသဒိသမင်းသား အား"အမောင်…ဘယ်အတတ်ပညာကို တတ်သနည်း" ဟု မေး၏၊ "အရှင်မင်းကြီး…. လေးအတတ် ပညာကို ကောင်းစွာ တတ်ပါသည်"ဟု လျှောက်၏၊ "အမောင်.. တနှစ်ကို ဘယ်လောက်ရိက္ခာရလျှင် ခစားမည်နည်း"ဟု မေး၏၊ "အရှင်မင်းကြီး….တသိန်းရလျှင် ခစားပါမည်" ဟုလျှောက်ထား၏၊ "ကောင်းပြီ ခစားလော့" ဟု လေး သမား ရာထူးကိုပေးသဖြင့် ထိုနေ့မှစ၍ ခစားရလေ၏၊ လေးသမားဟောင်းတို့သည် ရိက္ခာများသည်ဟု ကဲ့ရဲ့ကြ ကုန်၏။

**ပညာအရေး မင်းစစ်ဆေး**

တနေ့သ၌ မင်းကြီးသည် အခြံအရံများစွာ ဖြင့် ဥယျာဉ်ကစားသွားလတ်သော်မင်္ဂလာ ကျောက်ဖျာတွင် လျောင်းစက်ရာ သရက် ပင်တွင် သရက်သီးခိုင်တခုကိုမြင်၍ လေးသမားတို့ကိုခေါ် စေပြီးလျှင် "အမောင်တို့…သရက်သီးခိုင်ကို မြှားဖြင့်ပစ် ချနိုင်ပါမည် လော"ဟု မေးတော်မူလျှင် လေးသမား ဟောင်းတို့သည်"အရှင်မင်းကြီး….ပစ်ချဘို့ဝန်မလေးပါ၊ အကျွန်ုပ်တို့ပညာစွမ်းကို မြင်ရသည်မှာ အကြိမ်များပါပြီ၊

လေးသမားသစ်ကားအကျွန်ုပ်တို့ထက်ရိက္ခာပို၍ရပါသည်၊ ၎င်းကိုစေခိုင်းတော်မူပါ''ဟုလျှောက်ထားကြကုန်၏။

**လေးတတ်ပညာပြပေရာ**

ထိုအခါ မင်းကြီးသည် အသဒိသမင်းသားကိုခေါ်စေ၍ ''အမောင်.... ဤသရက်သီးခိုင်ကို မြှားဖြင့် ပစ်ချနိုင်ပါမည်လော''ဟုမေးလေ၏၊ ''အရှင်မင်းကြီး.... အရှင်မင်းကြီးနေသော နေရာကိုရလျှင် ပစ်ချနိုင်ပါသည်'' ဟု လျှောက်ထား၍ မင်းကြီးနေရာဖယ်ပေးလျှင် လေးသမားတို့အဝတ်တန်ဆာကို ဝတ်ဆင်လျက် ဆိတ်ချိုလေးကိုကိုင်၍ မြှားပစ်ရာအရပ်သို့ သွားပြီးလျှင် ''အရှင်မင်းကြီး.... သရက်သီးခိုင်ကိုအထက်သို့တက်သောမြှားဖြင့် ပစ်ချရမည်လော၊ သို့တည်းမဟုတ် အောက်သို့ကျသော မြှားဖြင့်ပစ်ချရမည်လော''ဟု လျှောက်ထားလေ၏၊ ''အမောင်.... အထက်သို့တက်သောမြှားဖြင့် ပစ်ချသည်ကိုမြင်ရသည်မှာ အကြိမ်များလှပြီ၊ အောက်သို့ကျသောမြှားဖြင့် ပစ်ချသည်ကို ကြည့်ရှုလိုသည်''ဟု မိန့်တော်မူလေ၏။

**လေးတတ်စွမ်းပြချီးမွမ်းကြ**

အသဒိသ မင်းသားသည် ''အရှင်မင်းကြီး.... ရှုတော်မူလော့၊ ပစ်လိုက်သောမြှားသည် သရက်သီးခိုင် အညှာတဝက်တိုင်ဖြတ်ကာ ကျလာသောအခါ ကျန်တဝက်ကိုဖြတ်၍ သရက်သီးခိုင်နှင့်တကွ ကျလာပါလိမ့်မည်'' ဟု လျှောက်ထားပြီးလျှင် စဉ်းသွားကိုမြှား၌တပ်၍ ပစ်လေ၏၊ မြှားသည်အပေါ်သို့တက်သောအခါ သရက်သီးခိုင်အညှာကိုတဝက်တိုင်ဖြတ်၍ စာတုမဟာရာဇ် နတ်ပြည်သို့ တက်

လေ၏၊ထိုနောက်မြှားတစင်းကိုပစ်ပြန်၏၊နောက်ပစ်သော မြှားသည် လက်ဦးပစ်လိုက်သောမြှားကို စာတုမဟာရာဇ် နတ်ပြည်တွင်မှီ၍ မြှားလွှားဖြင့်ခတ်ကာ နောက်သို့ပြန်လည် စေ၍ တာဝတိံသာ နတ်ပြည်သို့ ရောက်သဖြင့် နတ်များ ကောက်ယူထားကြ၏၊ ပြန်လည်လာသော မြှား၏ အသံ သည် မိုးချုန်းသံကဲ့သို့ အလွန်ပြင်းထန်လှသဖြင့် လူအများ ကြောက်ရွံ့ကြ၏၊ မြှားလည်းရောက်လာလျှင် သရက်သီး ခိုင်၏ ကျန်ရှိသောအညှာတဝက်ကို မတိမ်းမစောင်းတည့် တည့်ဖြတ်ကာ သရက်သီးခိုင်နှင့်တကွ ကျလာ၏၊အသဒိသ မင်းသားလည်း မြေသို့မကျစေဘဲ မြှားကိုလက်တဘက်ဖြင့်, သရက်သီးခိုင်ကို လက်တဘက်ဖြင့်ကိုင်ကာ မင်းကြီးအား ဆက်သလေ၏။

လူအများသည် မဖြစ်ဘူးမြဲ အံ့ဘွယ်သရဲကို မြင်ကြလျှင် အံ့ဩချီးမွမ်းကြကုန်၏၊ ကောင်းချီးပေး၍ ပွဲတင်ထပ်စေကြ ကုန်၏၊ လက်ပန်းပေါက် ခတ်ကြကုန်၏၊ လက်ဖျားခါကြ ကုန်၏၊ ပုဆိုးတို့ကို ပစ်မြှောက်ကြကုန်၏၊ ထိုခဏ၌ လူ အများ ပေးကြသောဥစ္စာသည် တကုဋေမျှ ဖြစ်လေ၏၊ မင်းကြီးလည်းအားရနှစ်သက်တော်မူသဖြင့် များစွာသော စည်းစိမ်ဥစ္စာ အခြံအရံတို့ကို ပေးသနားကာ ပညာကို ချီးမြှောက်တော်မူ၏။

**နောင်တော်ပင့်ရန် စေတမန်**

အခါတပါး၌ အသဒိသ မင်းသား မရှိဟု ကြား လတ်သော် ခန့်ညား ကြောက်ရွံ့ခြင်း မရှိဘဲ ခုနစ်ပြည် ထောင်မင်းတို့သည် စစ်သည်ဗိုလ်ပါများစွာဖြင့် လာလတ်

၍ ဗာရာဏသီပြည်ကို ပိတ်ဆို့ဝန်းဝိုင်းကာ တိုင်းပြည်ကို ပေးမည်လော၊ သို့မဟုတ် စစ်ထိုးမည်လော—ဟု တင်းမာစွာ ဗြဟ္မဒတ်မင်းကြီးအား ရာဇသံပေးကြကုန်၏။

ဗြဟ္မဒတ်မင်းကြီးလည်း ရာဇသံကိုကြားလျှင် သေဘေးမှကြောက်သဖြင့် နောင်တော်နေသောအရပ်ကို မေးမြန်းတော်မူ၍ သိလေလျှင် "အမတ်တို့.. ငါ့နောင်တော်မလာလျှင် ငါအသက်ချမ်းသာတော့မည်မဟုတ်၊ ငါ့စကားဖြင့် ငါ့နောင်တော် ရှိရာအရပ်သို့သွား၍ ခြေတော်တို့ကို ရှိခိုးလျက် ကန်တော့တောင်းပန်ကာ မရ-ရအောင်ပင့်ဆောင်ချေရမည်"ဟု- စေခိုင်းလေ၏။

**လောင်းတော်စွမ်းပြ ထွက်ပြေးကြ**

တမန်တော်တို့လည်း အမြန်သွားပြီး လျှင်မင်းကြီးစကားဖြင့် နောင်တော်ကို ရှိခိုးကာ လျှောက်ကြားကုန်၏၊ အသဒိသမင်းသားလည်း မိမိခစားနေသော မင်းကြီးကို ပန်ကြားပြီးလျှင် ဗာရာဏသီပြည်သို့ပြန်လာ၍ ညီတော်မင်းကြီးအားမကြောက်လင့်ဟုအားပေးကာ သက်သာရာရစေလျက် [ငါအသဒိသမင်းသားလာပြီ၊ ဤမြှားမှတပါး မြှားတစင်းဖြင့်ပစ်သောအခါမင်းတွေအကုန် သေစေမည်၊ အသက်ချမ်းသာချင်လျှင် အမြန်ပြေးကြကုန်] ဟု မြှားတွင် စာရေး၍ ပစ္စင်ပေါ်၌ရပ်၍ ပစ်လေလျှင် ခုနစ်ဦးသောမင်းတို့ခစားကုန်စဉ် အသီးအသီး ရွှေခွက် အဖုံးပေါ်သို့ မြှားတို့ကို ကျစေ၏၊ မင်းတို့လည်းစာကိုဘတ်၍ သေဘေးမှကြောက်သဖြင့် ပြေးကြကုန်၏။

ဤသို့လျှင် အသဒိသမင်းသားသည် ယင်ငယ်တကောင် သောက်လောက်ရုံမျှ သွေးကိုပင် မဖြစ်စေဘဲ ခုနစ်ပြည် ထောင်မင်းတို့ကို ပြေးစေလျက် ညီတော်မင်းကြီးကို ပန်ကြား၍ ကာမဂုဏ်တို့ကို စွန့်ပယ်ကာ ရသေ့ရဟန်း ပြုပြီးလျှင် အဘိညာဉ်သမာပတ်တို့ကို ဖြစ်စေလျက် အသက်၏ အဆုံး၌ ဗြဟ္မာ့ပြည်သို့လားလေ၏။

သဗ္ဗညုမြတ်စွာဘုရားသည်ဘုရားအဖြစ်သို့ရောက်တော်မူပြီး၍—

"ရဟန်းတို့….ကိုယ်အား,ဉာဏ်အားကြီးမားခြင်း, အဝေးသို့ရောက်အောင် ပစ်နိုင်ခြင်း, မချွတ်မလွဲမှန်အောင်ပစ်နိုင်ခြင်း, အစုအပေါင်းများစွာကို ထုတ်ချင်းထွင်းအောင် ပစ်နိုင်ခြင်းတို့ဖြင့် ဇမ္ဗူဒိပ်ကျွန်းတွင် အတုမရှိ လေးသမားကျော်ဖြစ်သော အသဒိသ မင်းသားသည် တစုံတယောက်သောသူကို မညှဉ်းဆဲဘဲ အလုံးစုံသော ရန်သူမင်းတို့ကို ပြေးစေ၍ ညီတော်မင်းကြီးကို ချမ်းသာအောင် ပြုပြီးလျှင် ရသေ့ရဟန်းပြုလေ၏"—

ဟု ဟောကြားတော်မူ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်-

ရဟန်းတို့….

※ ထိုအခါ ညီတော်မင်းသည်-ယခုအခါအာနန္ဒာ။

※ အသဒိသမင်းသားသည်-ငါဘုရားဖြစ်လာပြီ-

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကာမဂုဏ်ငါး၊ ခွန့်ပယ်ထား၊ မှတ်သားတောထွက်မည်။
(၂) ရဟန်းရသော့၊ ပြုသည့်လော့၊ ရှင်မွေ့တောထွက်မည်။
(၃) သူတော်လော့ထ၊ နေကျမ၊ ဖြည့်ကြပါရမီ။

အသဒိသဇာတ်ပြီး၏။

---

## ၁၈၂-သင်္ဂါမာဝစရဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**ကြင်ယာအောက်မေ့ မပျော်မွေ့**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် မြတ်စွာဘုရား ညီတော် နန္ဒမထေရ်သည် ရဟန်းမပြုမီ နန်းတော်မှ သပိတ်ထမ်းကာ နောင်တော်ဘုရားနောက်သို့ လိုက်ပါ သွားစဉ် ကြင်ယာတော် ဇနပဒကလျာဏီက ''အရှင့်သား တော်....လျင်မြန်စွာပြန်လာခဲ့ပါ''ဟု မှာထားလိုက်သော စကားကိုသာ တရေးရေးကြားကာ သာသနာတော်၌ မပျော်မွေ့ဘဲ ဇနပဒကလျာဏီကိုသာ အောက်မေ့လျက် လူထွက်လိုသောစိတ်ဖြင့်သာနေလေ၏၊ စိတ်ထောင်းတိုင်း ကိုယ်ကြေလျက်အသွေးအသားခန်းခြောက်ပိန်ချုံးလေ၏။

**ဟိမဝန္တာကြွ မျှောက်မပြ**

မြတ်စွာဘုရားသည် ထိုအကြောင်းကို သိတော်မူလျှင် နန္ဒမထေရ် နေသော ပရိဝုဏ်သို့ကြွတော်မူကာ နန္ဒမထေရ် ကိုခေါ်၍ ''ညီတော်နန္ဒ....သာသနာတော်၌ပျော်မွေ့ပါ၏ လော'' ဟု မေး၏၊ ''အရှင်ဘုရား....မပျော်မွေ့ပါ၊ ဇနပဒ

ကလျာဏီကိုသာ အောက်မေ့၍နေပါသည်''ဟု လျှောက်ထားလေ၏၊ ''ညီတော်နန္ဒ....ဟိမဝန္တာသို့လှည့်လည်သွားလာဘူးသလော''ဟု မေး၏၊''အရှင်ဘုရား... မသွားလာဘူးပါ''ဟု ၊လျှောက်ထားလေလျှင် တန်ခိုးတော်ဖြင့် လက်ကိုကိုင်လျက် ခေါ်ဆောင်သွားရာ လမ်းခရီးအကြားတွင် တခုသောမီးလောင်ယာပြင်အလယ်မီးလောင်ငုတ်တိုပေါ်တွင်ထိုင်နေသောနားရွက်,နှာခေါင်း,မီးထူးစုတ်ပြတ်လျက်အမွေးအရေတွင်လည်း မီးလောင်ထားသဖြင့် ကြည့်ရှု၍မတင့်တယ်သည့် မျောက်အိုမကိုမြင်တော်မူလျှင် ''နန္ဒ....မျောက်အိုမကိုမြင်၏လော သေသေချာချာကြည့်ထား'' ဟုမိန့်တော်မူပြီးလျှင် ဟိမဝန္တာတွင်စုံလင်စွာပြသလေ၏။

နောက်တာဝတိံသာ နတ်ပြည်သို့ ခေါ်ဆောင်ကာ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ သီတင်းသုံးတော် မူလေသော် သိကြားမင်းနှင့်တကွ နှစ်ကုဋေငါးသန်း အခြံအရံရှိသော ခိုခြေအဆင်းနှင့်တူသော နတ်သမီး ငါးရာတို့သည် မြတ်စွာဘုရားအား ဖူးမျှော်ရန်လာကြကုန်၏။

**တာဝတိံသာကြနတ်သမီးပြ**

ထိုအခါ မြတ်စွာဘုရားသည် နန္ဒကိုနတ်သမီး ငါးရာတို့ကို ကိလေသာ၏အစွမ်းဖြင့် အဖန်တလဲလဲကြည့်စေပြီးမှ ''နန္ဒ....နတ်သမီးငါးရာတို့ကို မြင်၏လော''ဟုမေး၏၊ ''အရှင်ဘုရား....မြင်ပါသည်''ဟု လျှောက်၏၊ ''နန္ဒ....နတ်သမီး ငါးရာတို့သည် လှပ တင့်တယ်ကြသလော၊ သို့မဟုတ် ဇနပဒကလျာဏီသည်လှပတင့်တယ်သလော''ဟုမေး၏၊ ''အရှင်ဘုရား....ဤနတ်သမီးငါးရာတို့မှာ အလွန်

လှပတင့်တယ်ပါသည်၊ ဤနတ်သမီးငါးရာနှင့် နှိုင်းစာလျှင် ဇနပဒကလျာဏီမှာ ခရီးလမ်းကြားတွင် မြင်ခဲ့သော မျောက်အိုမနှင့်တူပါသည်''ဟုလျှောက်၏၊ ''နန္ဒ‥ယခုအခါ ဘယ်လိုပြုရမည်နည်း''ဟုမေး၏၊''အရှင်ဘုရား‥‥နတ်သမီးတို့ကိုရအောင် ဘယ်ကောင်းမှုကို ပြုရပါသနည်း''ဟု လျှောက်ပြန်၏၊ ''နန္ဒ‥‥ရဟန်းတရားကိုအားထုတ်လျှင် ရနိုင်သည်''ဟုပြော၏၊ ''အရှင်ဘုရား‥‥မုချရမည်ဟုဝန်ခံတော်မူလျှင် ရဟန်းတရားကို အားထုတ်ပါမည်'' ဟု လျှောက်၏၊ ''နန္ဒ‥‥ သင်နတ်သမီးတို့ကို ရဘို့ ငါဘုရား ဝန်ခံတော်မူမည်'' ဟု မိန့်တော်မူကာ နန္ဒမထေရ်နှင့်တကွ ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူ၏။

**နန္ဒမေးကာ ကဲ့ရဲ့ရှာ**

နန္ဒမထေရ်သည် ဇေတဝန် ကျောင်းတော်သို့ ရောက်လျှင် ရဟန်းတရားကို အားထုတ်လေ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရှင်သာရိပုတ္တရာကိုခေါ်တော်မူ၍ ''ချစ်သားသာရိပုတ္တရာ‥‥ ငါ့ညီတော် နန္ဒကား တာဝတိံသာနတ်ပြည် နတ်တို့အလယ်တွင် ရဟန်းတရားကို အားထုတ်လျှင် နတ်သမီးတို့ကိုရပါစေမည် ဝန်ခံခဲ့ရသည်'' ဟု မိန့်တော်မူ၏၊ နောက်ရှင်မောဂ္ဂလာန်, ရှင်မဟာကဿပ, ရှင်အာနန္ဒာစသောအသီတိသာဝကတို့ကိုလည်း မိန့်တော်မူ၏၊တဖြည်းဖြည်းသဃ်ာ့ဘောင်ဝယ် ထိုသတင်းသည် ပျံ့နှံ့လေ၏။

ထိုအခါ ရှင်သာရိပုတ္တရာမထေရ်သည် နန္ဒမထေရ်ထံသွား၍ ''ငါ့ရှင်နန္ဒ‥‥သင်ကား တာဝတိံသာနတ်ပြည် နတ်တို့အလယ်တွင် ရဟန်းတရားကိုအားထုတ်လျှင် နတ်

သမီးတို့ကိုရပါစေမည် မြတ်စွာဘုရားကို ဝန်ခံခိုင်းသည်ဟု ကြားရသည် မှန်သလော၊ သင်နတ်သမီးတို့ကို လိုချင်၍ ရဟန်းတရားကိုအားထုတ်သည်ဖြစ်ခဲ့လျှင်သင်၏မြတ်သော သီတင်းသုံးခြင်းမှာ မိန်းမနှင့်စပ်၍ ကိလေသာ မှိုသည် မဟုတ်ပါလော၊ သင်ကား မိန်းမကိုလိုချင်၍ အခစားပြု လုပ်နေသူနှင့်တူသည်''ဟု ပြောဆိုကာရှက်စေ၏၊ ရှင်သာ ရိပုတ္တရာနည်းတူ အသီတိသာဝကတို့လည်းရှက်စေကုန်၏။

**ကိလေပြစ်မြင် လမ်းမှန်ထင်** နန္ဒမထေရ်လည်း မသင့်သည်ကို ငါပြု လုပ်မိသည်ဟုရှက်ကြောက် ထိတ်လန့် ခြင်းကြောင့် ရဟန်းတရားကို အလွန် အားထုတ်ကာ ဝိပဿနာကိုပွါးစေပြီးလျှင် အရဟတ္တဖိုလ် သို့ရောက်လျက် ရဟန္တာဖြစ်လေ၏၊ ထိုအခါမြတ်စွာဘုရား ထံသို့သွား၍ ''အရှင်ဘုရား··အကျွန်ုပ်သည် အရှင်ဘုရား တို့ ဝန်ခံတော်မူခြင်းကို ဖြေလွှတ်ပါ၏''ဟု လျှောက်လေ၏၊ ''ညီတော်နန္ဒ···· သင်အရဟတ္တဖိုလ် ရောက်သောအခါ၌ လျှင် ငါဘုရားသည်ဝန်ခံခြင်းမှလွတ်၏''ဟု မိန့်တော်မူ၏။

ရဟန်းတို့သည် တရားသဘင်ဝယ် ''ငါ့ရှင်တို့···· နန္ဒ မထေရ်ကား ဆုံးမခြင်းငှါခံ့၏၊ တကြိမ်တည်းသာဆုံးမသ ဖြင့် အရှက်အကြောက်ကို ဖြစ်စေလျက် ရဟန်းတရားကို အားထုတ်ကာ အရဟတ္တဖိုလ်သို့ရောက်စေ၏''ဟု နန္ဒမ ထေရ်အကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ် စွာဘုရား ကြွလာတော်မူပြီးလျှင် ''ရဟန်းတို့···· နန္ဒမ ထေရ်သည် ယခုအခါ၌သာဆုံးမခြင်းငှါ ခံ့သည်မဟုတ်၊ရှေး အခါ၌လည်း ဆုံးမခြင်းငှါခံ့ခဲ့ပြီ''ဟု မိန့်တော်မူကာအောက် ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု။

**တိုင်းပြည်ယူရန် ခိုင်းထားပြန်**

လွန်လေပြီးသောအခါဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ဆင်ဆရာမျိုး၌ဖြစ်၍အရွယ်ရောက်လတ်သော်ဆင်ဆရာတို့အတတ်၌အပြီးတတ်မြောက်ကာ ဗာရာဏသီမင်း၏ ပြည်နီးချင်းဖြစ်သောမင်းတပါးထံ ခစားလေ၏၊ ထိုမင်း၏မင်္ဂလာဆင်တော်ကိုကောင်းစွာတတ်မြောက်အောင် သင်ကြားပေးရ၏။

တနေ့သ၌ထိုမင်းသည် မင်္ဂလာဆင်တော်ကိုစီး၍ ဆင်ဆရာနှင့်တကွ စစ်သည်ဗိုလ်ပါအပေါင်းခြံရံကာ ဗာရာဏသီပြည်ကိုယူရန်သွား၍ မြို့တော်ကို ခိုင်လုံစွာဝန်းရံလျက် တိုင်းပြည်ကိုပေးမည်လော၊ သို့မဟုတ် စစ်ထိုးမည်လောဟု ဗာရာဏသီမင်းထံ ရာဇသံပေးပို့လိုက်၏။

**ချပ်ဝတ်ပြင်ဆင် တိုက်ပွဲဝင်**

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလည်း ရာဇသံကိုကြားလျှင် စစ်ထိုးမည်ဟု တံတိုင်း, ပစ္စင်, ရင်တား, တံခါး, တံခါးမုခ်တို့၌ စစ်သည်ဗိုလ်ပါတို့ကိုတက်စေ၍ စစ်ထိုးလေ၏။

ပြည်နီးချင်းမင်းလည်း မင်္ဂလာဆင်တော်ကို ချပ်ဝတ်တန်ဆာဝတ်ဆင်စေလျက် မိမိကိုယ်တိုင်လည်း ချပ်ဝတ်တန်ဆာဝတ်ဆင်ကာ ဆင်ကျောကုန်းတွင် စီးနင်းလျက် ထက်စွာသော ချွန်းတောင်းကိုကိုင်စွဲကာ မြို့ရိုးကိုဖြိုပြီးလျှင် ရန်သူတို့ကို သတ်ဖြတ်သုတ်သင်၍ ပြည်အလုံးကိုအရယူမည်ဟု မင်္ဂလာဆင်တော်ကို မြို့တော်သို့ ရှေ့ရှုလွှတ်တော်မူ၏။

**ဆင်ကိုဆုံးမ အောင်မြင်ရ**

မင်္ဂလာဆင်တော်လည်း ပွက်ရက်ပူတို့ ကိုဂုင်း,ပစ်လွှတ်ထိုးခုတ်အပ်သော အထူးထူးအပြားပြား များစွာသောလက်နက်တို့ကိုဂုင်း မြင်လျှင်သေဘေးမှကြောက်ရွံ့သဖြင့် ရန်သူတို့ အနားသို့မကပ်ဝံ့ဘဲ အတင်းနောက်သို့ဆုတ်လေ၏၊ ထိုအခါ ဆင်ဆရာသည် မင်္ဂလာဆင်တော်ကိုကပ်၍—

''အို-ဆင်မြတ်····သင်ကား စစ်မြေပြင်ဝယ်နှိမ်နင်း၍ သွားတတ်သောဆင်တည်း၊ ရဲရင့်သောဆင်တည်း၊ ခွန်အားကြီးသောဆင်တည်း၊ ကျော်စောထင်ရှားသောဆင်တည်း၊ တံခါးပေါင်သို့ရောက်မှ အဘယ့်ကြောင့် နောက်သို့ဆုတ်ဘိသနည်း၊ တံခါးကျည်ကို အောက်သို့ချလော့၊ တံခါးတိုင်ကို နုတ်လော့၊ တံခါးပေါင်ကိုနင်း၍ လျင်စွာ မြို့တွင်းသို့ဝင်လော့''—

ဟု အားပေးဆုံးမလေ၏၊ မင်္ဂလာဆင်တော်သည် ထိုစကားကိုကြားလျှင် တကြိမ်တည်းဆုံးမအပ်သောစကားဖြင့် ပြန်လည်၍ တံခါးတိုင်ကို နှာမောင်းဖြင့်ရစ်ကာ မှိုကိုနုတ်သကဲ့သို့နုတ်ပြီးလျှင် တံခါးပေါင်ကိုနင်းလျက် တံခါးကျည်ကိုချ၍ မြို့တံခါးကိုဖေါက်ဝင်ကာ မြို့အလုံးကို သိမ်းကျုံးယူငင်၍ ပေးလေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟာန်းတို့....
※ ထိုအခါ မင်္ဂလာဆင်သည်- ယခုအခါ နန္ဒ။
※ တိုင်းတပါးမင်းသည်- အာနန္ဒာ။
※ ဆင်ဆရာသည်- ငါဘုရားဖြစ်လာပြီ-
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) တကြိမ်တည်းသာ၊ ဆုံးမရာ၊ လိုက်နာသူတော်စင်။
(၂) ဆုံးမလွယ်ရာ၊ မင်္ဂလာ၊ လွန်စွာကျိုးများဖြင့်။

သင်္ဂါမာဝစရဇာတ်ပြီး၏။

---

## ၁၈၃—ဝါလောဒကဇာတ်

ပဥ္စ၊ပဥ္စ၊ ၀ ၉၁၊

တရားတော်နာကြ မင်္ဂိုလ်ရ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိ မြို့တော်ဝယ် သီတင်းသည်ဒါယကာငါးရာတို့သည် အိမ်၌ဖြစ်သော ပလိဗောဓကို သားမယားတို့အား အပ်နှင်းကာ မြတ်စွာဘုရားတရားတော်ကို နာယူကြလျက် တပေါင်းတည်း လှည့်လည်သွားလာကြကုန်၏။

ထိုဒါယကာတို့တွင် အချို့ဒါယကာတို့ကား သောတာပန်,အချို့သကဒါဂါမိ,အချို့အနာဂါမိဖြစ်ကြကုန်၏၊ ပုထုဇဉ်တယောက်မျှမရှိကုန်၊ မြတ်စွာဘုရားကို ဆွမ်းဘိတ်ကြကုန်သော်လည်း ထိုဒါယကာတို့ကိုထည့်သွင်းကာဘိတ်လေ့ရှိကြကုန်၏။

**စားကြွင်းစားများ လွန်ပျော်ပါး**

ထိုဒါယကာတို့၏ အလုပ်အကျွေးငယ် ငါးရာတို့ကား စားကြွင်းစား ဖြစ်ကုန်လျက် ရဟန်းတို့အထံဝယ် နံနက်စာ စားပြီးလျှင် အလိုရှိတိုင်းအိပ်ကုန်၏၊အိပ်ရာကနိုးကုန်လတ်သော် အစိရဝတီမြစ်နားသို့သွားကာ ကြော်ငြာကြကုန်၍ လက်ပမ်း(နပန်း)လုံးထွေးကြကုန်၏၊ ဒါယကာ ငါးရာတို့ကား အသံမရှိ ကြွေးကြော်ခြင်းကင်းကုန်လျက် ဆိတ်ငြိမ်စွာ ဖိုလ်ဝင်စားကာနေကြကုန်၏။

မြတ်စွာဘုရားသည် ထိုစားကြွင်းစားတို့၏ ပြင်းထန်စွာသောအသံကိုကြားတော်မူလျှင် ရှင်အာနန္ဒာကိုခေါ်တော်မူ၍"ချစ်သားအာနန္ဒာ....ဤပြင်းထန်သောအသံကား အဘယ်အသံနည်း"ဟု မေးတော်မူ၏၊ "အရှင်ဘုရား....စားကြွင်းစားတို့ အသံ ဖြစ်ပါသည်"ဟု လျှောက်လေလျှင် "ချစ်သားအာနန္ဒာ....ဤစားကြွင်းစားတို့သည် ယခုအခါ၌သာစားကြွင်းကိုစား၍ ကြော်ငြာသည်မဟုတ်ကုန်၊ ရှေးအခါလည်း စားကြွင်းကိုစား၍ ကြော်ငြာကုန်ဘူးပြီ၊ ဒါယကာတို့လည်း ယခုအခါ၌သာ ငြိမ်သက်စွာ နေကြသည်မဟုတ်ကုန်၊ရှေးအခါ၌လည်းငြိမ်သက်စွာနေကြကုန်ဘူးပြီ" ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**တိုင်းခန်းလှည့်ကြ မောပန်းကြ**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် အမတ်

မျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် မင်းကြီးအား အကျိုးအကြောင်းကိုဆုံးမတတ်သော ပညာရှိအမတ် ဖြစ်လေ၏။

အခါတပါး၌ ပစ္စန္တရာဇ်ဝယ် သူခိုးတို့ဖျက်ဆီးသည်ဟု မင်းကြီးကိုလျှောက်ကြားလာကြလျှင် မင်းကြီးသည် သိန္ဓောအမျိုး၌ ဖြစ်သော မြင်းငါးရာ တို့ကို ပြင်ဆင် စေ၍ အင်္ဂါလေးပါးရှိသောစစ်သည်ဖြင့် ပစ္စန္တရာဇ်သို့သွားကာ သူခိုးရန်ကိုငြိမ်းစေပြီးလျှင် ဗာရာဏသီပြည်သို့ပြန်လာခဲ့၏။

**စားကောင်းစားရ ငြိမ်သက်ကြ**

မြို့တော်သို့ ရောက်လျှင် မင်းကြီးသည် သိန္ဓောမျိုးဖြစ်သော မြင်းငါးရာတို့ကား အလွန်ပင်ပန်းကုန်၏၊ ၎င်းတို့အား စိမ်းစို၍အရသာရှိသော မုဒရက်အဖျော်ရည်တို့ကို တိုက်ကုန်လော့ဟု မြင်းထိန်းတို့ကိုစေခိုင်းလေ၏၊သိန္ဓောမျိုးဖြစ်သော မြင်းတို့သည် အဦးဖြစ်သော မုဒရက် အဖျော်ရည်ကို သောက်ကုန်ပြီးလျှင် မြင်းတင်းကုပ်သို့သွားကာ မိမိတို့နေရာတွင် ဆိတ်ငြိမ်စွာနေကြကုန်၏။

အရည်နည်း၍အဖတ်သာများသော မုဒရက် အဖျော်ရည်တို့သည် ကြွင်းကျန်ကုန်၏၊ ထိုအခါ မြင်းထိန်းတို့သည် မင်းကြီးအား ထိုအကြောင်းကို လျှောက်ကြလျှင် မင်းကြီးသည် ကြွင်းကျန်သော မုဒရက်အဖျော်တို့ကို ရေနှင့်နယ်၍ သင်ပန်းလျှော်ဖြင့်ရက်သော အဝတ်နွမ်းတို့ဖြင့်စစ်၍ မြည်းတို့ကိုတိုက်ကြကုန်ဟု စေခိုင်းပြန်၏။

**ကြွင်းကျန်စားရ ပျော်မြူးကြ**

မြည်းတို့သည် မုဒရက် အဖျော်ဘို့ကို သောက်ရသောကြောင့် မူးယစ် ကုန်သည်ဖြစ်၍ ကျယ်လောင်စွာ မြည်၍

ခုန်လွှားပေါက်ကကုန်လျက် မင်းရင်ပြင်၌သွားကုန်၏၊မင်းကြီးလည်းလေသွန်တံခါးကိုဖွင့်၍ကြည့်သဖြင့်မြင်လတ်သော်ပညာရှိအမတ်ကြီးကိုခေါ်၍-

"အို-အမတ်ကြီး····မြည်းတို့ကား ကြွင်းကျန်သော မုဒရက်ဖတ်မှ စစ်၍ရသော အဖျော်ရည်အနည်းငယ်ကို သောက်ရခြင်းကြောင့် မူးယစ်ကာခုန်ပေါက်မြည်ဟီးကြကုန်၏၊ သိန္ဓောမြင်းတို့ကားအဦးဖြစ်၍ မွန်မြတ်သော မုဒရက် အဖျော်ရည်ကိုသောက်ရပါလျက် မူးယစ်ခြင်းမရှိ၊မမြည်ဟီးကြဘဲငြိမ်သက်စွာနေကြကုန်၏၊ အကြောင်းအဘယ်သို့ရှိသနည်း"-

ဟု မေးတော်မူ၏။

ပညာရှိအမတ်ကြီးသည်မင်းကြီးအား-

"မြတ်သောမင်းကြီး····မြည်းတို့ကားအကြွင်းအကျန် မုဒရက်ဖတ်မှစစ်၍ရသော အဖျော်ရည်အနည်းငယ်ကို သောက်ရသော်လည်း အမျိုးယုတ်သောကြောင့် မူးယစ်ကာ ခုန်ပေါက်မြည်ဟီးကြကုန်၏၊ သိန္ဓောမြင်းတို့ကား အဦးဖြစ်၍ မွန်မြတ်သော မုဒရက် အဖျော်ရည်ကို သောက်ရပါလျက်အမျိုးမြတ်သောကြောင့် မူးယစ်ခြင်းမရှိကြကုန်၊မမြည်ဟီးဘဲ ငြိမ်သက်စွာနေကြကုန်၏"-

ဟု ဖြေဆိုလေ၏၊ မင်းကြီးလည်း ပညာရှိအမတ်ကြီးစကားကိုကြားလျှင် မြည်းတို့ကိုမင်းရင်ပြင်မှ နှင်ထုတ်စေ၏၊ပညာရှိအမတ်ကြီး အဆုံးအမ၌တည်လျက် ဒါန, သီလ

စသောကုသိုလ်ကောင်းမှုတို့ကိုပြုစုအားထုတ်ကာ အသက်၏အဆုံး၌ ကံအားလျော်စွာလားလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်-

အာနန္ဒာ....

※ ထိုအခါ မြည်းငါးရာတို့သည်- ယခုအခါ စားကြွင်းစား ငါးရာ။

※ သိန္ဓောမြင်းငါးရာတို့သည်-ဒါယကာငါးရာ။

※ မင်းကြီးသည်-အာနန္ဒာ။

※ ပညာရှိအမတ်ကြီးသည်-ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မျိုးရိုးဇာတ်ယုတ်၊ အကျင့်ယုတ်၊တုန်လှုပ်လွယ်သည်သာ။
(၂) မျိုးရိုးဇာတ်မြတ်၊ အကျင့်မြတ်၊ လျောက်ပတ်ငြိမ်သက်စွာ။

ဝါလောဒကဇာတ် ပြီး၏။

---

## ၁၈၄-ဂိရိဒတ္တဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**မိတ်ဆွေပေါင်းမှား ပျက်စီးငြား**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ရဟန်းတပါးသည် ဆန့်ကျင်ဘက်ဖြစ်သော အပေါင်းအဘော်ကိုမှီဝဲလေ့ရှိ၏။

ထိုရဟန်းအကြောင်းကိုသိတော်မူလျှင် မြတ်စွာဘုရားသည် "ရဟန်းတို့....ဤရဟန်းကား ယခုအခါ၌သာ ဆန့်ကျင်ဘက်ဖြစ်သောအပေါင်းအဘော်ကို မှီဝဲသည်မဟုတ်၊ ရှေးအခါ၌လည်း ဆန့်ကျင်ဘက်ဖြစ်သော အပေါင်းအဘော်ကိုမှီဝဲဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု။

**ကောင်း၏ထင်ပြား တုနိုးမှား**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် သာမမင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် အမတ်မျိုး၌ဖြစ်၍ အရွယ်ရောက်လတ်သော် မင်းကြီးကိုအကျိုးအကြောင်းပြ၍ ဆုံးမတတ်သော အမတ်ကြီးဖြစ်လေ၏။

ထိုမင်းကြီးအား ပဏ္ဍဝမည်သော မင်္ဂလာမြင်းတော်လည်းရှိ၏၊ ထိုမင်္ဂလာမြင်းတော်ကို ဂိရိဒတ္တမည်သော မြင်းထိန်းသည် ကျွေးမွေးပြုစုရ၏၊ ထိုဂိရိဒတ္တမြင်းထိန်းသည်ခြေခွင်၏။

ဂိရိဒတ္တမြင်းထိန်းသည် နှာရှုပ်ကြိုးကိုကိုင်၍ မင်္ဂလာမြင်းတော်ကို ရှေးမှဆွဲသွားသည်ရှိသော် မင်္ဂလာမြင်းတော်သည် ရှေးမှသွားသော ဂိရိဒတ္တကိုမြင်လျှင် မိမိကိုသင်ပြသည်ဟုမှတ်ထင်ကာ ဂိရိဒတ္တသွားပုံကိုအတုခိုးကာ ခြေခွင်လျက်သွားလေ၏၊ထိုအခါလူတို့မြင်လတ်သော်မင်္ဂလာမြင်းတော် ခြေခွင်သည့်အဖြစ်ကို မင်းကြီးအား ကြားလျှောက်ကုန်၏၊မင်းကြီးလည်း မင်္ဂလာမြင်းတော်ကိုဆေးကုရန် ဆေးသမားတို့ကို စေလွှတ်လေ၏၊ ဆေးသမားတို့

လည်းသွား၍ မြင်းတော်၌ အနာမရှိသည်ကို သိကြလျှင် မင်းကြီးအားတစုံတရာအနာမရှိကြောင်းကို လျှောက်ထား ကြကုန်၏။

**မိမိကောင်းလျက် အပေါင်းဖျက်**

ထိုအခါ မင်းကြီးသည် ပညာရှိအမတ်ကြီးကိုခေါ်စေ၍ "အိုပညာရှိအမတ်ကြီး....မြင်းတော်၌ ခြေခွင်နေသည်ဟု ပြောကြသည် ကြည့်ရှုချေလော့၊ခြေခွင်သည့်အဖြစ်ကိုစုံစမ်း လော့"ဟု စေလွှတ်ပြန်၏၊ ပညာရှိအမတ်ကြီးလည်း မြင်း တော်ထံသွား၍စုံစမ်းရာ ခြေခွင်သောမြင်းထိန်းနှင့်ပေါင်း ဘော်ခြင်းကြောင့် မြင်းတော်ခြေခွင်နေကြောင်းကို သိလျှင် မင်းကြီးအား—

"မြတ်သော မင်းကြီး.... ပဏ္ဍဝမြင်းတော်ကို ဂိရိဒတ္တမြင်းထိန်းဖျက်ဆီးပါ၏၊ မြင်းတော်ကား ဂိရိဒတ္တမြင်းထိန်း ခြေခွင်၍ သွားသည်ကိုမြင်လျှင် အတုခိုး၍ တင့်တယ်သောသွားခြင်းကိုပယ်စွန့်ကာ ခြေခွင်၍သွားနေပါ၏"—

ဟုလျှောက်ထားလေ၏၊ ထိုအခါမင်းကြီးသည် ပညာရှိ အမတ်ကြီးအား"အိုအမတ်ကြီး....ယခုအခါမြင်းတော်ကို အဘယ်သို့ပြုရအံ့နည်းဟု"မေးပြန်၏၊ ပညာရှိအမတ်ကြီး သည် မင်းကြီးအား-

"မြတ်သောမင်းကြီး.... ဆံမုတ်ဆိတ်စသည် ကိုကောင်းစွာပြုပြင်လျက် ကောင်းသော အကျင့် သီလနှင့်ပြည့်စုံသောယောကျ်ားသည် နှာရှုပ်ကြိုးကို ကိုင်၍ မြင်းတော်ကိုရှေးမှဆွဲသွားစေလျှင် အတုခိုး

၍ ခြေခွင်သောသွားခြင်းကိုပယ်စွန့်ကာ တင့်တယ်စွာသွားပါလိမ့်မည်''-

ဟုလျှောက်ထားနည်းပေးလေ၏၊ မင်းကြီးလည်းပညာရှိအမတ်ကြီးနည်းပေးသောအတိုင်း ပြုလုပ်စေသဖြင့် မြင်းတော်ပြကတေ့အတိုင်း ဖြစ်လာလျှင် ပညာရှိအမတ်ကြီးကား တိရစ္ဆာန်တို့အလိုကို စဉ်လျက် သိနိုင်ပေသည်ဟု အားရ နှစ်သက်သောစိတ်ရှိသည်ဖြစ်၍ စည်းစိမ်များစွာ ပေးကာပူဇော်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကိုအနုသန္ဓေဆက်စပ်တော်မူလျက်-

ရဟန်းတို့....

※ ထိုအခါ ဂိရိဒတ္တ မြင်းထိန်းသည်- ယခုအခါ ဒေဝဒတ်။

※ ပဏ္ဍဝမြင်းတော်သည်- ဆန့်ကျင်ဘက်ကိုမှီဝဲသော ရဟန်း။

※ သာမမင်းသည်- အာနန္ဒာ။

※ ပညာရှိအမတ်ကြီးသည်-ငါဘုရားဖြစ်လာပြီ-

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) အကျင့်မှုမျိုး၊အတုခိုး၊ခိုးတိုင်းမကောင်းပါ။

(၂) မြင်းထိန်းခြေခွင်၊အတုသင်၊မြင်းပင်ခြေခွင်လာ။

(၃) တင့်တယ်သွားသူ၊အတုယူ၊မြင်းမူတင့်တယ်လာ။

ဂိရိဒတ္တဇာတ်ပြီး၏။

## ၁၇၅-အနဘိရတိဇာတ်

ပဌမပုဏ္ဏ၀ဂ်

လောဘဒေါသမောဟ
စိတ်နှောက်ကျု

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်ဝယ် ပုဏ္ဏားလုလင်တယောက်သည် ဗေဒင်သုံးပုံ၌ တဘက်ကမ်းရောက် တတ်မြောက်သည်ဖြစ်၍ မင်းသားငယ်တို့ကိုငင်း, ပုဏ္ဏားသားငယ်တို့ကိုငင်း ဗေဒင်ပညာကို သင်ကြားပေးသော ဆရာဖြစ်လေ၏။

နောက်အခါ ထိုပုဏ္ဏားလုလင်သည် အိမ်ရာထောင်ခြင်းကိုပြု၍ စည်းစိမ်ဥစ္စာ သားမယားစသော အိမ်မှုကိစ္စတို့ပြုလုပ်သောအခါ၌ လောဘ, ဒေါသ, မောဟ တရားဆိုးတို့နှိုင်ငံသို့လိုက်ပါလျက် နောက်ကျုသောစိတ်ရှိသဖြင့် ဗေဒင်တို့သည် တဖြည်းဖြည်းမေ့ပျောက်လေ၏။

တနေ့သ၌ ပန်းနံ့သာစသည်ကို လက်စွဲကာ မြတ်စွာဘုရားထံ ဆည်းကပ်သည်ရှိသော် မြတ်စွာဘုရားသည် ပုဏ္ဏားလုလင်အား "လုလင်....သင်သည် ဗေဒင်တို့ကိုသင်ကြားပေးသလော, လေ့ကျက်သလော" ဟု မေးလေ၏၊ "အရှင်ဘုရား....အိမ်ရာမထောင်မီက သင်ကြားပေးနိုင်ပါသည်၊ ကောင်းစွာ လေ့ကျက်နိုင်ပါသည်၊ အိမ်ရာထောင်သည်မှစ၍ စိတ်နှောက်ကျုကာ တဖြည်းဖြည်းမေ့ပျောက်ပါသည်" ဟု လျှောက်ထားလေ၏။

ထိုအခါမြတ်စွာဘုရားသည် ပုဏ္ဏားလုလင်အား "လုလင်.... သင်သည် ယခုအခါ၌သာ စိတ်နှောက်ကျုသော

အခါ ဗေဒင်တို့သည် တဖြည်းဖြည်းမေ့ပျောက်သည်မဟုတ်၊ ရှေးအခါ၌လည်း စိတ်နောက်ကျုသောအခါ ဗေဒင်တို့သည် မေ့ပျောက်ဘူးပြီ''ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု။**

**ဆရာနည်းမှီပြ သင်ကြားမှု**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ပုဏ္ဏားသူကြွယ်မျိုး၌ဖြစ်၍ အရွယ်ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ဗေဒင်သုံးပုံတို့ကိုသင်ကြား၍ တဘက်ကမ်းရောက်တတ်မြောက်သောအခါ ဗာရာဏသီပြည်တွင် ဒိသာပါမောက္ခဆရာကြီး ဖြစ်လေ၏။

ထိုဒိသာပါမောက္ခဆရာကြီးသည် မင်းသားငယ်တို့ကိုငင်း, ပုဏ္ဏားသားငယ်တို့ကိုငင်း ဗေဒင်သုံးပုံကို သင်ကြားပေးရ၏၊ များစွာသော တပည့်အပေါင်းတို့တွင် ပုဏ္ဏားလုလင်တယောက်သည် ဆရာကြီးထံဝယ် ဗေဒင်သုံးပုံကိုသင်ကြားလေ့လာ၏၊ တပုဒ်တဂါထာမျှ မှားယွင်းခြင်းမရှိ၊ ဆရာကြီး၏ လက်ထောက်ဆရာဖြစ်၍ တပည့်တို့အား သင်ကြားပေးရ၏၊

**အိမ်ရာထောင်မှု စိတ်နောက်ကျု**

ထို လက်ထောက်ဆရာ ပုဏ္ဏားသည် နောက်အခါ အိမ်ရာထောင်ခြင်းကိုပြု၍ လူမှုကိစ္စအဝဝတို့ကို ကြံစည်အားထုတ်ရသဖြင့် နောက်ကျုသောစိတ် ရှိသည်ဖြစ်၍ ဗေဒင်တို့ကို

ပြန်လှန်၍ မသရဇ္ဈာယ်နိုင်၊ မလေ့ကျက်နိုင်၊ တဖြည်းဖြည်း မေ့ပျောက်လေ၏။

တနေ့သ၌ ဆရာကြီးထံ ဆည်းကပ်သွားရာတွင် ဆရာကြီးသည် တပည့်လုလင်အား "ချစ်သား.... ဗေဒင်တို့ကို လေ့ကျက်နိုင်သေးသလော"ဟုမေး၏၊ "ဆရာကြီး....အိမ်ရာထောင်သောအခါမှစ၍ စိတ်နောက်ကျုသဖြင့် မလေ့ကျက်နိုင်တော့ပါ၊ တဖြည်းဖြည်း မေ့ပျောက်ပါပြီ" ဟု ပြောကြားလေလျှင် ဒိသာပါမောက္ခဆရာကြီးသည် တပည့်လုလင်အား—

"ချစ်သား.... ရေနောက်ကျုသည်ရှိသော် ရေတွင်း၌ရှိသော ကျောက်စရစ်ခဲ, သဲ, ယောက်သွား, ခရု,ငါးအပေါင်းကို မမြင်နိုင်သကဲ့သို့၊ထို့အတူစိတ်နောက်ကျုသည်ရှိသော် အတတ်ပညာ- မိမိအကျိုးစီးပွါး, သူတပါးအကျိုးစီးပွါးကို မမြင်နိုင်"—

"ချစ်သား.... ရေကြည်လင်သည်ရှိသော် ရေတွင်း၌ရှိသော ကျောက်စရစ်ခဲ, သဲ, ယောက်သွား, ခရု,ငါးအပေါင်းကိုမြင်နိုင်သကဲ့သို့ ထို့အတူ စိတ်ကြည်လင်သည်ရှိသော် ၊ အတတ်ပညာ- မိမိအကျိုးစီးပွါး,သူတပါးအကျိုးစီးပွါးကို မြင်နိုင်၏"—

ဟု ဆုံးမလေ၏။

ဤဒေသနာတော်၏အဆုံး၌ ပုဏ္ဏားလုလင်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ပုဏ္ဏားလုလင်သည်- ယခုအခါ ပုဏ္ဏား
လုလင်။

※ ဒိသာပါမောက္ခဆရာကြီးသည်- ငါဘုရားဖြစ်လာ
ပြီ-

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) စိတ်နောက်ကျုလေ၊ ပညာကွေ့၊ နှစ်ထွေကျိုးမမြင်။
(၂) စိတ်ကြည်လင်ငြား၊ ပညာပွါး၊ နှစ်ပါးအကျိုးမြင်။

အနဘိရတိဇာတ် ပြီး၏။

---

## ၁၇၆-ဒဓိဝါဟနဇာတ်

**ပစ္စုပ္ပန်ဝတ္ထု**

**သူယုတ်ပေါင်းကာ ကိုယ်လည်းပါ**

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းတပါးသည် ဆန့်ကျင်ဘက်ဖြစ်သော အပေါင်းအဘော်ကို မှီဝဲလေ့ရှိ၏။

ထိုအခါ မြတ်စွာ ဘုရားသည် ရဟန်း တို့အား "ရဟန်းတို့.... သူတော်မဟုတ် သူယုတ်မာတို့နှင့် ပေါင်းဘော်ခြင်းမည်သည်ကား-ယုတ်မာ၏၊ အကျိုးမဲ့ကိုပြုတတ်၏၊ အသက်ဝိညာဉ်ရှိသော သူယုတ်မာတို့နှင့် ပေါင်းဘော်ရာဝယ် ယုတ်မာခြင်း, အကျိုးမဲ့ပြုခြင်းကား အဘယ်မှာဆိုဖွယ်ရာရှိအံ့နည်း၊ ရှေးအခါအသက်ဝိညာဉ်မရှိ အရသာ

ခါးသောတမာပင် ခွေးတောက်ပင်တို့နှင့် ပေါင်းဘော်ရာ ဝယ် နတ်သုဓာကဲ့သို့ အရသာချိုမြိန်သောသရက်ပင် စဉ် လျက်လည်း အရသာခါး ဖြစ်လာဘူးပြီ''ဟု မိန့်တော် မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူ သတည်း။

**အတိတ်ဝတ္ထု၊**

**ညီများရှိရာ သိကြားလာ**

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိ သော် ကာသိတိုင်း၌ ပုဏ္ဏားညီနောင် လေးယောက်တို့သည် ရသေ့ရဟန်းပြုကာ ဟိမဝန္တာအရပ် ဝယ် အစဉ်အတိုင်း ကျောင်းဆောက်၍နေကြကုန်၏။

ထိုလေးပါးသော ရသေ့တို့တွင် အစ်ကိုယ်အကြီးဆုံး ရသေ့သည် စုတေ၍ သိကြားမင်းဖြစ်လေ၏၊ သိကြားမင်း သည် ထိုအကြောင်းကိုသိ၍ အကြားအကြား၌ ခုနစ်ရက်, ရှစ်ရက်အလွန်တွင် ညီရသေ့သုံးပါးတို့ထံသွားကာ ဆည်း ကပ်လေ့ရှိ၏။

**ညီများလိုရာ ပေးအပ်ကာ**

တနေ့သ၌ သိကြားမင်းသည် ရသေ့ကြီးထံ သို့ကပ်ပြီးလျှင် ''အရှင်ဘုရား····အဘယ် ဝတ္ထုဖြင့် အလိုရှိသနည်း''ဟုလျှောက်၏၊ ''သိကြားမင်း····ငါ့မှာ ဖျော့တော့သောအနာရှိ၍ မီးဖြင့် အလိုရှိသည်''ဟု ပြော၏၊ သိကြားမင်းသည် ရသေ့ကြီး အား ပဲခွပ်ပုဆိန်ကိုပေး၏၊''အရှင်ဘုရား···· မီးဖြင့်အလိုရှိ သောအခါ ဤပဲခွပ်ပုဆိန်ကိုလက်ဖြင့် ပုတ်ခတ်၍ ဟယ်···· ပဲခွပ်ပုဆိန် ငါ့ဘို့ထင်းတို့ကို ဆောင်၍မီးမွေးလော့ ခိုင်း

လျှင် ထိုပဲခွပ်ပုဆိန်သည် ထင်းတို့ကိုယူဆောင်ကာ မီးမွေး၍ပေးလိမ့်မည်၊ သည်တွင်မကသေး အခြား လိုရာကိစ္စကိုလည်း ခိုင်းနိုင်ပါသည် ဟုမှာထားခဲ့၏။

နောက်တဘန် ရသေ့လတ်ထံသို့ကပ်ပြီးလျှင် ''အရှင်ဘုရား....အဘယ်ဝတ္ထုဖြင့် အလိုရှိသနည်း''ဟု လျှောက်လေ၏၊ ''သိကြားမင်း....ငါမှာ ဆင်တို့သွားရာလမ်းနှင့်နီးနေ၍ ဆင်တွေနှိပ်စက်သဖြင့်ဆင်းရဲလှသည်၊ သို့အတွက်ဆင်တွေကို ပြေးစေချင်သည်''ဟု ပြော၏၊ သိကြားမင်းသည် ရသေ့လတ်အား စည်တလုံးကို ပေး၏၊ ''အရှင်ဘုရား....စည်၏ ဤဘက်မျက်နှာကို တီးလျှင် ရန်သူတို့ပြေးကြလိမ့်မည်၊ ဤဘက်မျက်နှာကိုတီးလျှင် မေတ္တာသက်ဝင်ကြကာ အင်္ဂါလေးပါးရှိသော စစ်သည်တို့လာ၍ ခြံရံကြလိမ့်မည်''ဟု မှာထားခဲ့၏။

**နို့ဓမ်းသုံးကြ စားသောက်ရ**

နောက်တဘန် ရသေ့ငယ်ထံသို့ ကပ်ပြီးလျှင် ''အရှင်ဘုရား.... အဘယ်ဝတ္ထုဖြင့် အလို ရှိသနည်း''ဟု လျှောက် ပြန်၏၊ သိကြားမင်း....ငါ့မှာ ဖျော့တော့နာစွဲကပ်သဖြင့် မာတ်ချောက်ချားသည်ဖြစ်၍ နို့ဓမ်းဖြင့် အလိုရှိသည်''ဟု ပြော၏၊ သိကြားမင်းသည် ရသေ့ငယ်အား နို့ဓမ်းအိုးတလုံးကို ပေး၏၊''အရှင်ဘုရား..အလိုရှိ၍-ဤနို့ဓမ်းအိုးကို သွန်လျှင်ရေအယဉ်စီးကာ မြစ်ကြီးကိုဖြစ်စေလျက် အရှင်ဘုရားတို့အား မင်းအဖြစ်ကိုပင် ယူ၍ပေးနိုင်ပါလိမ့်မည်''ဟု မှာထားခဲ့၍ မိမိနေရာပြန်လေ၏။

ထိုအခါမှစ၍ ရသေ့ကြီးသည် ပဲခွပ်ပုဆိန်ကို စေခိုင်း၍ မီးကိုရ၏၊ ရသေ့လတ်လည်း စည်ကိုတီး၍ ဆင်တို့ကိုပြေး

စေ၏၊ ရသေ့ငယ်လည်း နို့ဓမ်းအိုးမှယူကာ နို့ဓမ်းကိုစား ရ၏။

**သဘော်ပျက်ကာ သမုဒ္ဒရာ**

အခါတပါး၌ ဝက်တကောင်သည် ရွာ တည်ဘူးသော ရွာဆိုးကုန်း တခုဝယ် ကျက်စားသည် ရှိသော် တန်ခိုး အာနု ဘော်နှင့်ပြည့်စုံသော ပတ္တမြားတုံးကို မြင်လေ၏၊ ထိုဝက် သည် ပတ္တမြားတုံးကို နှုတ်သီးဖြင့်ငုံကာပတ္တမြား၏ တန်ခိုး အာနုဘော်ဖြင့် ကောင်းကင်သို့ပျံတက်၍ သမုဒ္ဒရာအလယ် ကျွန်းတခုသို့ ရောက်လေ၏၊ ထိုကျွန်းဝယ်ရေသဖန်းပင် အောက်၌ အမြဲနေကာ တနေ့သ၌ ပတ္တမြားတုံးကိုရှေ့တွင် ချကာ အိပ်ပျော်လေ၏။

ထိုအခါ ကာသိတိုင်းနေ လုလင်တယောက်သည်၊ မိဘ တို့နှင့်ထုတ်သဖြင့် သွားရာ-သဘော်ဆိပ်တခုသို့ရောက်လျှင် လှေသူကြီးတယောက်ထံကပ်၍ အမှုကြီးငယ်ကို ပြုလုပ် လျက် သမုဒ္ဒရာ၌သွားသောလှေဖြင့် လိုက်လေ၏၊ထိုလုလင် သည် သမုဒ္ဒရာအလယ်သို့ရောက်၍ လှေပျက်လတ်သော် ပျဉ်ပြားတချပ်ကိုစီးကာ ထိုဝက်ရှိရာကျွန်းသို့ရောက်လေ၏။

**ဝက်ကိုသတ်စား ရသေ့ထံသွား**

ထမင်းဆာမွတ်လှသဖြင့် သစ်သီးကြီး ငယ်ကိုရှာဖွေသည်ရှိသော် ဝက်၏အနီး သို့ရောက်၍ အိပ်ပျော်နေသည်ကို သိ သဖြင့် အသာအယာသွားလျက် ပတ္တမြားတုံးကို ယူပြီးလျှင် ထိုပတ္တမြားတုံး၏အာနုဘော်ဖြင့် ကောင်းကင်ပျံတက်ကာ ရေသဖန်းပင်ပေါ်၌နေလျက် ဤဝက်ကား ပတ္တမြားတုံး၏ အာနုဘော်ဖြင့် ဤကျွန်းသို့လာ၍ နေဟန်တူသည်၊ ဤဝက်

ကိုသတ်စားပြီးမှသွားမည်ဟု ကြံစည်ကာ ဝက်ခေါင်းပေါ် သို့တုတ်ချောင်းတခုကို ချလေ၏။

ဝက်သည် နိုးလတ်၍ ပတ္တမြားတုံးကိုမမြင်လျှင် ထိတ် လန့်တုန်လှုပ်လျက် ထိုထို၌၌ ပြေးလွှားကာ ရှာဖွေ၏၊ လုလင်သည်ရယ်၏၊ ဝက်သည် ထိုလုလင်ကို မြင်လျှင် အလွန်စိတ်ဆိုးသဖြင့် ရေသဖန်းပင်ကို ဦးခေါင်းဖြင့်တိုက် ၍ သေလေ၏၊လုလင်လည်း ရေသဖန်းပင်ပေါ်မှဆင်းသက် ကာ ဝက်သားကိုမီးကင်၍စားပြီးလျှင် ကောင်းကင်ခရီးဖြင့် သွားရာ၊ ဟိမဝန္တာသို့ရောက်လျှင် ရသေ့ကြီးသင်္ခမ်းကိုမြင် ၍ဆင်းသက်ကာ ရသေ့ကြီးကို နှစ်ရက်သုံးရက်ဝတ်ကြီးဝတ် ငယ်ကိုပြု၍နေ၏၊ ထိုအခါ ပဲခွပ်ပုဆိန်၏ အာနုဘော်ကိုသိ လေ၏။

**ရသေ့များသတ်မှု ပစ္စည်းယူ**

လုလင်သည် ပဲခွပ်ပုဆိန်ကို လိုချင် သဖြင့် မိမိပတ္တမြားတုံး၏ အာနုဘော် ကို ရသေ့ကြီးကိုပြကာ ဂသေ့ကြီးအား "အရှင်ဘုရား..ပတ္တမြားတုံးနှင့်ပဲခွပ်ပုဆိန်ကို လဲပါ"ဟု လျှောက်ထားလေ၏၊ ရသေ့ကြီးလည်း ကောင်းကင်ဖြင့် ပျံလို၍ လဲလိုက်၏၊လုလင်လည်း ပဲခွပ်ပုဆိန်ကိုယူ၍အတန် ငယ်သွားမိလျှင် ပဲခွပ်ပုဆိန်ကိုလက်ဖြင့် ပုတ်ခတ်ကာ ရသေ့ကြီးဦးခေါင်းကိုဖြတ်ပြီး ပတ္တမြားတုံးကို ယူခဲ့ရမည် စေခိုင်း၏၊ ပဲခွပ်ပုဆိန်လည်း စေခိုင်းသည့်အတိုင်း သွား၍ ရသေ့ကြီးဦးခေါင်းကိုဖြတ်ပြီး ပတ္တမြားတုံးကိုယူခဲ့၏။

တဘန် ပဲခွပ်ပုဆိန်ကို တနေရာတွင် ဖွက်ထားကာ ရသေ့လတ်ထံကပ်၍ နှစ်ရက် သုံးရက်နေသောအခါ စည်၏

အာနုဘော်ကိုသိပြန်၍ ရသေ့လက်အား- ပတ္တမြားတုံးနှင့် စည်ကိုလဲရန် ပျောက်ထား၍ လဲလိုက်သဖြင့် စည်ကိုယူကာ အတန်ငယ်သွားမိလျှင် ပဲခွပ်ပုဆိန်ကို ရှေးနည်းအတိုင်းစေလွှတ်၍ ရသေ့လက် ဦးခေါင်းကို ဖြတ်ကာ ပတ္တမြားတုံးကို ယူစေပြီးလျှင် သို့ဖွက်၍ ရသေ့ငယ်ထံကပ်ပြန်၍ နှစ်ရက်သုံးရက်နေသောအခါ နို့ခမ်းအိုး၏အာနုဘော်ကိုသိပြန်၍ ပတ္တမြားတုံးနှင့်နို့ခမ်းအိုးကို လဲလှယ်ပြီး ပဲခွပ်ပုဆိန်ကို ရှေးနည်းအတိုင်း ရသေ့ငယ်ဦးခေါင်းကို ဖြတ်၍ ပတ္တမြားတုံးကို ယူပြီးလျှင်- ပဲခွပ်ပုဆိန်ကိုငင်း, စည်ကိုငင်း,နို့ခမ်းအိုးကိုငင်းယူဆောင်လျက် ကောင်းကင်ခရီးဖြင့် ဗာရာဏသီပြည်သို့သွားလေ၏။

**တိုင်းပြည်ယူပြန် ထီးနန်းစံ**

ရောက်လျှင် မနီးမဝေးသော အရပ်၌နေ၍ ဗာရာဏသီမင်းကြီးထံ- ပြည်ကိုတည်းပေးမည်လော၊ သို့တည်းမဟုတ် စစ်ကိုတည်း ထိုးမည်လော-ဟု အမှာစာကို ရေးသား၍ ယောကျ်ားတယောက်ကိုပို့စေ၏၊ မင်းကြီးကြားလျှင် သူခိုးကို ဖမ်းမည်ဟု စစ်သည်ဗိုလ်ပါနှင့်တကွ မြို့မှထွက်လေ၏၊ ထိုအခါ လုလင်သည် စည်မျက်နှာတဘက်ကိုတီးကာ အင်္ဂါလေးပါးရှိသော စစ်သည်ကို ခြံရံစေ၏၊ ဗာရာဏသီမင်းကြီး၏စစ်သည်များ လွှမ်းမိုးလာသည်ကိုသိလျှင် နို့ခမ်းအိုးကိုသွန်ကာ မြစ်ကြီးကိုဖြစ်စေ၏၊ လူအများ နို့ခမ်းမြစ်၌နစ်မွန်းနေသည်ကို မြင်လျှင် ပဲခွပ်ပုဆိန်ကို စေလွှတ်ကာ မင်းကြီးဦးခေါင်းကိုဖြတ်စေ၏၊ ပဲခွပ်ပုဆိန်လည်း မင်းကြီးဦးခေါင်းကို ဖြတ်ယူကာ၊လုလင်ခြေရင်းတွင် ချထားလေ၏၊ တဦးတယောက်မျှ လက်နက်ကို ကိုင်ခြင်းငှါ မစွမ်းနိုင်၊

ထိုအခါ လုလင်သည် များစွာသော အခြံအရံဖြင့်မြို့တွင်းသို့ ဝင်ကာ အဘိသိက်သွန်းစေ၍ (ဒဓိဝါဟန) မင်းဟူသော အမည်ဖြင့် တရားသဖြင့် မင်းပြုလေ၏။

**သရက်ထူးခြား မှန်မြတ်ထား**

တနေ့သ၌ ဒဓိဝါဟန မင်းကြီးသည် ပိုက်ကွန်ဖြင့် မြစ်၌ရေကစားစဉ် ကဏ္ဏမုဏ္ဍာအိုင်မှ နတ်တို့အသုံးအဆောင်ဖြစ်သော သရက်သီးမှည့်တလုံးမျောလာကာ ကွန်၌ငြိလေ၏၊ လူတို့သည် ကွန်ကိုမ-ချီသောအခါ သရက်သီးကို တွေ့လျှင် မင်းကြီးအားဆက်သကုန်၏၊ သရက်သီးသည် လုံးဝိုင်း၍ အိုးစရည်းပမာဏရှိ၏၊ ရွှေကဲ့သို့ဝါဝင်းသော အဆင်းရှိ၏၊ မင်းကြီးလည်းသရက်သီးကိုရလျှင် မုဆိုးတို့ကို မေး၍ သရက်သီးမှန်းသိသဖြင့် သုံးဆောင်တော်မူ၏၊ နတ်သုဓာကဲ့သို့အရသာရှိ၏၊ သရက်စေ့ကို ဥယျာဉ်တော်၌စိုက်ပျိုးစေ၍ နို့ရေဖြင့်သွန်းလောင်းစေ၏၊ သုံးနှစ် မြောက်သောအခါ အသီးသီးလေ၏၊ ချိုမြိန်သော အရသာရှိ၍ ရွှေအဆင်းကဲ့သို့ပင် ဝါဝင်း၏၊ မင်းနှင့်တကွလူအများတို့သည် သရက်ပင်အား နို့ရည်ဖြင့် အမြဲသွန်းလောင်းလျက် ပန်းနံ့သာဆီမီးတို့ဖြင့် ပူဇော်ကြကုန်၏။

**လက်ဆောင်ပေးလျက် မျိုးစေ့ဖျက်**

မင်းကြီးသည် ထိုသရက် သီးကို တပါးသော မင်းတို့အား လက်ဆောင်ပေးသည်ရှိသော် အစေ့ကို စိုက်ပျိုးထားမည်ကို စိုးရိမ်သဖြင့် အညွန့်ပေါက်ရာ အရပ်ကိုအဆိပ်ရှိသော အရိုးဖြင့်ထိုး၍ မျိုးစေ့ကို ဖျက်ဆီးပြီးမှ ပေးတော်မူလေ့ရှိ၏၊ ထိုမင်းတို့သည် သရက်စေ့ကို စိုက်၍

အပင်မပေါက်သောအခါ မျိုးစေ့ကို ဖျက်ဆီးထားမှန်းသိကြကုန်၏။

ထိုအခါမင်းတပါးသည် မိမိဥယျာဉ်စောင့်ကို ခေါ်စေ၍ "အမောင်….ဒဓိဝါဟနမင်း၏ သရက်သီး အရသာကို ဖျက်ဆီး၍ ခါးလာအောင်ပြုလုပ်နိုင်ပါမည်လော"ဟု မေးလေ၏၊ "အရှင်မင်းကြီး..ပြုလုပ်နိုင်ပါသည်"ဟုလျှောက်ထားလျှင် မင်းကြီးသည် ပြုလုပ်နိုင်လျှင် သွား၍ ပြုလုပ်လောဟု ဥစ္စာတထောင်ပေးကာ စေလွှတ်လိုက်၏။

**ရသာဖျက်ရန် နည်းလမ်းကြံ**

ထိုဥယျာဉ်စောင့်လည်း ဗာရာဏသီပြည်သို့သွား၍ ဒဓိဝါဟနမင်းကြီးထံ ဆည်းကပ်ကာ ဥယျာဉ်စောင့် ဖြစ်ကြောင်း ဥယျာဉ်တော်ကို ကောင်းစွာပြုပြင်လိုကြောင်းကို လျှောက်ထားလေလျှင်မင်းကြီးနှစ်သက်တော်မူသဖြင့်ဥယျာဉ်တော်ကိုပြုပြင်ရန် မိမိဥယျာဉ်စောင့်ထံစေလွှတ်လိုက်၏၊ထိုအခါမှစ၍ ဥယျာဉ်စောင့်နှစ်ယောက်တို့သည် ဥယျာဉ်တော်ကို ပြုပြင်ကြကုန်၏။

ရောက်သစ်စဖြစ်သော ဥယျာဉ်စောင့်သည် ပန်းတို့ကို အခါမဲ့ပွင့်စေ၏၊ သစ်သီးတို့ကို အခါမဲ့သီးစေ၏၊ ဥယျာဉ်တော်ကို မွေ့လျော်ဘွယ်ရှိအောင် ပြုပြင်၏၊ ဒဓိဝါဟန မင်းကြီးလည်း အလွန်နှစ်သက်တော်မူသဖြင့် ဥယျာဉ်စောင့်ဟောင်းကို နှင်ထုတ်ကာ ဥယျာဉ်စောင့်သစ်ကိုသာ ဥယျာဉ်တော်ကို ပြုပြင်ရန်လွှဲအပ်လေ၏။

**ပင်ချင်းရောယှက် အမျိုးဖျက်**

ဥယျာဉ်စောင့်သစ်သည် ဥယျာဉ်တော် တခုလုံး မိမိလက်သို့ ရောက်လာလျှင် အလိုရှိတိုင်း ပြုလုပ်ခွင့်ရသဖြင့် သရက်

ပင်ကို ခြံရံ၍ တမာပင်တို့ကိုငှင်း, ခွေးတောက်ပင်တို့ကိုငှင်း စိုက်ပျိုးလေ၏၊ အစဉ်သဖြင့် တမာပင် ခွေးတောက်ပင်တို့ ကြီးပျင်းလာလျှင် သရက်မြစ်နှင့်တမာမြစ် ခွေးတောက် မြစ်တို့သည်ငှင်း,သရက်ခက်နှင့်တမာခက် ခွေးတောက်ခက် တို့သည်ငှင်း အချင်းချင်းရောနှော ထွေးယှက် ကြကုန်၏၊ ထိုအခါ နတ်သုဓာကဲ့သို့ ချိုမြိန် ကောင်းမြတ်လှသော သရက်သီးတို့သည် တမာရွက် ခွေးတောက်ရွက်တို့ကဲ့သို့ အလွန်ခါး၍လာကုန်၏၊ ဥယျာဉ်စောင့်လည်း သရက်သီး တို့ခါးလာသည်ကိုသိလျှင် ပြေးလေ၏။

**သစ်ပင်ပမာပြ ဆိုဆုံးမ**

ဒဓိဝါဟနမင်းကြီးသည် ဥယျာဉ်တော် သို့သွား၍ သရက်သီးကို သုံးဆောင် သည်ရှိသော် တမာရွက် ခွေးတောက် ရွက်တို့ကဲ့သို့ ခါးနေသဖြင့် မမျိုနိုင်တော့ဘဲ ဟက်၍ထွေး ရ၏၊ထိုအခါ ဘုရားအလောင်းသည် ဒဓိဝါဟနမင်းကြီး အား အကျိုးအကြောင်းပြ၍ ဆုံးမတတ်သော ပညာရှိ အမတ်ကြီးဖြစ်လေ၏၊ မင်းကြီးသည် ပညာရှိအမတ်ကြီးကို ခေါ်စေ၍—

"အိုပညာရှိအမတ်ကြီး.... ဤသရက်ပင်ကား- ရှေးအခါ အဆင်းအနံ့ အရသာနှင့် ပြည့်စုံသော အသီးကိုသီးခဲ့၏၊ ယခုအခါလည်းရှေးအခါ၌ကဲ့သို့ ပူဇော်ချီးမြှောက်ခြင်းကိုရပါလျက် အဘယ့်ကြောင့် ခါးသောအသီးကို သီးဘိသနည်း"—

ဟု မေးတော်မူ၏၊ ပညာရှိအမတ်ကြီးသည် မင်းကြီး အား-

"မြတ်သောမင်းကြီး.... ဤမဂ်လာသရက်ပင်ကား-ယခုအခါ တမာပင် ခွေးတောက်ပင်တို့ဖြင့် ခြံရံလျက်ရှိ၏၊သရက်မြစ်နှင့်တမာမြစ်ခွေးတောက်မြစ်၊ သရက်ခက်နှင့်တမာခက်,ခွေးတောက်ခက်တို့ ရောနှောထွေးယှက် ပေါင်းဘော်ခြင်းကြောင့် ခါးသောအသီးကို သီးဘိ၏"—

ဟု သရက်သီးခါးရခြင်းအကြောင်းကို လျှောက်ထားလေ၏၊ မင်းကြီးလည်း ပညာရှိအမတ်ကြီး၏ စကားကို ကြားလျှင် အမြစ်နှင့်တကွ တမာပင် ခွေးတောက်ပင်တို့ကို ဖြတ်စေပြီးလျှင် လေးမျက်နှာမှ ခါးသော မြေမှုန့်တို့ကို ထုတ်ပယ်စေလျက် နို့ရည်, သကာရည်, နံ့သာရည်တို့ဖြင့် သွန်းလောင်းကာ တဖန်ပြုပြင်စေ၏။

ထိုသရက်ပင်လည်း ချိုမြိန်ကောင်းမြတ်သော ဝတ္ထုနှင့် ပေါင်းဘော်ရပြန်သောကြောင့် ချိုမြိန်ကောင်းမြတ်သော အသီးကို သီးပြန်လေ၏၊ဒဓိဝါဟနမင်းကြီးလည်း ဥယျာဉ်တော်ကို ပြုပြင်ရန် ဥယျာဉ်စောင့်ဟောင်းကိုပင် ခေါ်ယူ အပ်နှင်း၍အသက်၏အဆုံး၌ကံအားလျော်စွာလားလေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ပညာရှိအမတ်သည်- ယခုအခါငါဘုရား ဖြစ်လာပြီ-

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မိုက်သူ,ယုတ်သူ၊ ပေါင်းဘက်မူ၊ ထိုသူမိုက်ယုတ်မည်။
(၂) လိမ်မာသူကောင်း၊ အတူပေါင်း၊ ကောင်း၍လိမ်မာမည်။
(၃) စိတ်ရှိလူထား၊ သစ်ပင်များ၊ ပေါင်းခြား ခတ်ကူးသည်။
(၄) သီးချိုသရက်၊ တမာယှက်၊ခါးလျက် သီးတော့သည်။

ဒဓိဟဝါနဇာတ်ပြီး၏။

---

# ၁၈၇—စတုမဋ္ဌဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**ရဟန်းအိုမေးချက် တရားပွဲပျက်**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အဂ္ဂသာဝက နှစ်ပါးတို့ အချင်းချင်းပြဿနာမေးဖြေနေကြစဉ် ရဟန်းအို တပါးသည်အနီးသို့သွား၍ ''အရှင်ဘုရားတို့····အကျွန်ုပ် သည် အရှင်ဘုရားတို့အား ပြဿနာကိုမေးလိုပါ၏၊ အရှင် ဘုရားတို့လည်း မိမိတို့ယုံမှားခြင်းကို အကျွန်ုပ်အား မေး တော်မူကြပါ''ဟု ပြောဆိုလေ၏၊ ထိုအခါ အဂ္ဂသာဝက နှစ်ပါးတို့သည် ထိုရဟန်းအိုကို ရွံရှာသဖြင့် နေရာမှထ၍ သွားကြကုန်၏။

အဂ္ဂသာဝကနှစ်ပါးတို့ တရားတော်ကို နာကြားရန် နေသော ပရိသတ်တို့အစည်းအဝေးပျက်သောအခါ ရဟန်း တို့သည် မြတ်စွာဘုရားထံသို့ သွား၍ ထိုအကြောင်းကို လျှောက်ထားကြကုန်၏၊ မြတ်စွာဘုရားသည်''ရဟန်းတို့·· ယခု အခါ၌သာလျှင် သာရိပုတ္တရာ, မောဂ္ဂလာန် တို့သည်

ထိုရဟန်းအိုကို ရွံရှာသဖြင့် စကားမဆိုမူ၍ ဖဲသွားကြကုန်သည်မဟုတ်၊ ရှေးအခါ၌လည်း ဖဲသွားကြဘူးပြီ''ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

**သွားလာတည်းဝင် ချစ်ကျွမ်းဝင်**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် တောအရပ်တခုဝယ် ရုက္ခစိုးနတ်ဖြစ်လေ၏။

ထိုအခါ ဟင်္သာငယ်နှစ်ကောင်တို့သည် စိတ္တကုဋ်တောင်မှ ထွက်ကုန်သည်ရှိသော် ရုက္ခစိုးနတ် စောင့်အပ်သောသစ်ပင်၌ ခေတ္တနားနေလျက် ကျက်စားရာအရပ်သို့ အစာရှာဖွေလှည့်လည်ကာ ထိုသစ်ပင်၌ပင် အပန်းဖြေပြီးမှ စိတ္တကုဋ်တောင်သို့ ပြန်သွားလေ့ရှိကြကုန်၏။

ကာလမြင့်ကြာလတ်သော် ဟင်္သာငယ်တို့သည် ရုက္ခစိုးနတ်နှင့်တကွ တွေ့ကြုံဖန်များသဖြင့် ချစ်ကျွမ်းဝင်ကုန်၏၊ သွားသောအခါ၊ လာသောအခါ အချင်းချင်း ဝမ်းမြောက်ဝမ်းသာ တရားစကားကို ပြောဟောလျက် ဖဲသွားကြကုန်၏။

**ချင်းချင်း ပြောလျက် ခွေးနှောင့်ရှက်**

တနေ့သ၌ ဟင်္သာငယ်တို့သည် သစ်ပင်ဖျား၌နားကုန်လျက် ရုက္ခစိုး နတ်နှင့် ပြောဟောကုန်သည်ရှိသော် မြေခွေးတကောင်သည် သစ်ပင်အောက်၌ရပ်လျက်—

"အို-ဟင်္သာငယ်တို့ ··· သင်တို့ကား ပကတိ အား မြင့်မားလှသောသစ်ပင်ဝယ် အလွန်မြင့်သော သစ်ခွကြားသို့တက်၍ ဆိတ်ကွယ်ရာသို့ ကပ်ပြီးလျှင် တိုင်ပင်ပြောဟောကြကုန်၏၊ နိမ့်ရာအရပ်သို့ သက် ဆင်း၍ တိုင်ပင်ပြောဟောလှည့်ကြပါ၊ သားများ သနင်း ငါမင်းမြတ်လည်း နားထောင်ပါမည်"- ဟု ဟင်္သာငယ်တို့နှင့်တကွ တိုင်ပင်စကား ပြောကြား လေ၏။

**ရှုံ့ရှာစက်ဆုပ် မောင်းနှင်ထုတ်**

ထိုအခါ ဟင်္သာငယ်တို့သည် ရှုံ့ရှာ သဖြင့်ထ၍ စိတ္တကူဋ်တောင်သို့ပြန်သွား ကြကုန်၏၊ ဟင်္သာငယ်တို့ ပျံသွားသော အခါ ရုက္ခစိုးနတ်သည် မြေခွေးအား—

"ဟယ်-မြေခွေးယုတ်·· အဆင်းကောင်းသော ဟင်္သာတကောင်သည် အဆင်းကောင်းသောဟင်္သာ တကောင်နှင့်,နတ်ဖြစ်သော ဟင်္သာတကောင်သည် နတ်ဖြစ်သော ဟင်္သာတကောင်နှင့် တိုင်ပင်ပြော ဟောကြရာ၌ ကိုယ်ခန္ဓာ အမျိုးဇာတ်, အသံ, ဂုဏ် ကျေးဇူးဟူသော အင်္ဂါလေးပါးတို့ဖြင့် ယုတ်မာ သော မြေခွေးနှင့် အဘယ်သို့ တိုင်ပင်ဟောပြော ရအံ့နည်း၊ ဟယ်မြေခွေးယုတ်-သင်သည် သင်၏ နေရာတွင်းသို့ဝင်လော"- ဟု ခြိမ်းချောက်နှင်ထုတ်လေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ် တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်-

ရဟန်းတို့....
※ ထိုအခါ မြေခွေးသည်-ယခုအခါ ရဟန်းအို။
※ ဟင်္သာငယ်နှစ်ကောင်သည်- သာရိပုတ္တရာ, မောဂ္ဂလာန်။
※ ရုက္ခစိုးနတ်သည်-ငါဘုရားဖြစ်လာပြီ-
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ဂုဏ်မတူလျှင်၊ အရောဝင်၊ တိုင်ပင်မပြုရာ။
(၂) ဟင်္သာတိုင်ပင်၊ မြေခွေးဝင်၊ ဂုဏ်အင်မမျှပါ။

စတုမဋ္ဌဇာတ် ပြီး၏။

---

## ၁၈၈-သီဟကောဋ္ဌဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

သူများဒုတုလင့် နှိုင်းချိန်သင့် နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းတို့တရားဟောကုန်လတ်သော်ပရိသတ်အလယ်တွင် အသံဖြင့်တရားဟောလိုသောကောကာလိကကိုအကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသည်တည်း။

### အတိတ်ဝတ္ထု

ဘခင်တူလဲ အသံကွဲ လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည်ဟိမဝန္တာအရပ်ဝယ် ခြင်္သေ့မင်းဖြစ်၍ မြေခွေးမတကောင်နှင့် ပေါင်း

ဖော်ခြင်းကိုစွဲ၍ သားတကောင် ရလေ၏၊ ထိုသားသည် လက်ချောင်းခြေချောင်းတို့ဖြင့်၎င်း, လက်သည်း ခြေသည်း တို့ဖြင့်၎င်း, မှင်ဆံမွေးတို့ဖြင့်၎င်း, အဆင်းသဏ္ဌာန်တို့ဖြင့် ၎င်း အဘခြင်္သေ့မင်းနှင့်အလုံးစုံတူ၏၊ အသံဖြင့်ကား အမိ မြေခွေးမနှင့်တူ၏။

**မျိုးရိုးပြောပြ တားမြစ်ရ**

တနေ့သဉ်မိုးရွာ၍စဲသည်ရှိသော် ခြင်္သေ့ တို့သည် ဟောက်ကုန်လျက်မြူးထူးပျော် ပါးကစားကြကုန်၏၊ ထိုအခါမြေခွေး မသားသည်လည်း ခြင်္သေ့စစ်တို့အလယ်၌ ဟောက်လိုသည် ဖြစ်၍ မြေခွေးမြည်သံကိုမြည်လေ၏၊ခြင်္သေ့တို့သည်မြေခွေး မြည်သံကိုကြားကြလျှင် မဟောက်ကြဘဲဆိတ်ဆိတ် နေကြ ကုန်၏။

အဘခြင်္သေ့မင်းနှင့် ဇာတ်တူဖြစ်သော သားခြင်္သေ့စစ် တကောင်သည် ဘခင်ခြင်္သေ့မင်းအား—

> "ဘခင်···· ဤခြင်္သေ့ကား လက်ချောင်း,ခြေ ချောင်း, လက်သည်း, ခြေသည်း, မှင်ဆံအဆင်း သဏ္ဌာန်အားဖြင့် အလုံးစုံကျွန်ုပ်တို့နှင့်တူ၏၊ အသံ ကား မြေခွေးသံနှင့်တူခဲ့၏၊ အဘယ်ခြင်္သေ့မျိုးဖြစ်သ နည်း"—

ဟုမေးလေ၏၊ ခြင်္သေ့မင်းလည်း "ချစ်သား····ဤခြင်္သေ့ ကား သင်၏ညီရင်းတည်း၊ မြေခွေးမ၏သားဖြစ်၍အဆင်း သဏ္ဌာန်အားဖြင့် ငါအဘနှင့်တူသော်လည်းအသံအားဖြင့် အမိမြေခွေးမနှင့်တူနေသည်ဟု ပြောဆိုပြီးသော်မြေခွေးမ သားခြင်္သေ့ကိုခေါ်စေ၍—

"ချစ်သား....သင်မမြည်လင့်၊ ဤတော၌ ဆိတ်
ဆိတ်သာနေလော့၊ သင့်ကိုမြည်သံဖြင့် မြေခွေးဟု
မသိစေလင့်၊ အမှန်အားဖြင့် သင့်အသံမှာ အဘ
ခြင်္သေ့မင်းအသံနှင့်မတူပေ"-

ဟုပြောဆိုဆုံးမလေ၏၊ မြေခွေးမသား ခြင်္သေ့လည်း အဘ၏အဆုံးအမ၌တည်ကာ နောက်တဖန်မမြည်ဝံ့တော့ချေ။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်-

ရဟန်းတို့....

※ ထိုအခါ မြေခွေးမသားသည်-ယခုအခါ ကောကာလိက။

※ ခြင်္သေ့မင်းသားသည်-ရာဟုလာ။

※ ခြင်္သေ့မင်းသည်-ငါဘုရားဖြစ်လာပြီ-

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) နည်းလှကြားမြင်၊လူရာဝင်၊လူတွင်ရှက်ကွဲသည်။

(၂) မြေခွေးသားမောင်၊ခြင်္သေ့ဘောင်၊ဟောင်၍ရှက်ကွဲသည်။

သီဟကောဋ္ဌုဇာတ်ပြီး၏။

## ၁၈၉-သီဟစမ္မဇာတ်

**ပစ္စုပ္ပန်ဝတ္ထု**

**ကိုစွမ်းမချင့်
ဒုက္ခသင့်**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌သီတင်းသုံးတော်မူစဉ် ပရိသတ်အလယ်တွင် အသံဖြင့် တရားဟောလိုသော ကောကာလိကကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု**

**ကုန်သည်ဥာဏ်သုံး
သားရေဖုံး**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် လယ်ယာလုပ်ကိုင်သောအမျိုး၌ဖြစ်၍ အရွယ်ရောက်သောအခါ လယ်ယာလုပ်ကိုင်ခြင်းအမှုဖြင့်အသက်မွေးလေ၏။

ထိုအခါ ကုန်သည်တယောက်သည် မြည်း၌ ဝန်တို့ကိုတင်၍ ကုန်သွယ်ခြင်းအမှုကိုပြုလျက် လှည့်လည်သွားလာ၏၊ ရောက်လေရာရာအရပ်၌ မြည်းကျောပေါ်မှ ကုန်ထုပ်တို့ကိုချ၍ မြည်းကိုယ်ကို ခြင်္သေ့ရေဖြင့်ဖုံးအုပ်ကာ သလေးခင်း, မုယောခင်းတို့၌လွှတ်၏၊ လယ်စောင့်သော သူတို့သည် မြည်းကိုမြင်လျှင် ခြင်္သေ့မှတ်ထင်ကာအနားသို့ မချဉ်းကပ်ဝံ့ကြကုန်။

**သားရဲဖမ်းရန်
ဝိုင်းဝန်းပြန်**

တနေ့သ၌ ကုန်သည်တို့သည် တခုသောရွာတံခါးအနီး၌ ခေတ္တတည်းခိုကြလျက် နံနက်စာ ထမင်းချက်ပြုတ်နေစဉ် မြည်း

ကိုခြသေ့်ရေဖြင့်ဖုံးအုပ်ကာ ထိုအရပ်တွင်ရှိသော မုယော ခင်းတို့၌လွှတ်လေ၏၊ လယ်စောင့်သောသူတို့သည် ခြသေ့် မှတ်ထင်ကာ မြည်း၏အနားသို့မချဉ်းကပ်ဝံ့ကြ၍ အိမ်သို့ သွားကာ လယ်ရှင်တို့ကိုပြောကြားကြကုန်၏၊ ရွာ၌နေကုန် သောသူတို့သည် လက်နက်တို့ကို ကိုင်စွဲကုန်လျက် စည်,ခရု သင်းတို့ကို တီးမှုတ်ကာ လယ်အနီးသို့သွား၍ ဟစ်အော် ကြွေးကြော်ကုန်၏။


**အသံမြည်ချက် အသက်ထွက်** မြည်းသည် သေဘေးမှ ကြောက်သဖြင့် မြည်းမြည်သံကို မြည်လေ၏၊ ထိုအခါ မြည်းအဖြစ်ကို သိလျှင် လယ်သမား ပညာရှိသည်-

"အချင်းတို့..ဤအသံကား-ခြသေ့်အသံမဟုတ်၊ ကျားအသံလည်းမဟုတ်၊ သစ်အသံလည်း မဟုတ်၊ ခြသေ့်ရေဖြင့် ခြုံထားသော ယုတ်မာသည့် မြည်း အသံဖြစ်၏"—

ဟုပြောဆိုလေ၏၊ ထိုအခါရွာ၌နေကုန်သောသူတို့သည် မြည်းအဖြစ်ကိုသိကြလျှင် ဝိုင်းအုံ၍အရိုးကျိုးအောင် ရိုက် နှက်ကာ လည်းစေလျက် ခြသေ့်ရေကိုယူသွားကြကုန်၏။

ထိုနောက်မှ ကုန်သည်တို့သည် လာလတ်၍ပျက်စီးခြင်း သို့ရောက်နေသောမြည်းကိုမြင်လျှင်—

"အချင်းတို့.... ဤမြည်းကား မိမိမြည်းအဖြစ် ကိုမသိစေဘဲ ခြသေ့်ရေကိုခြုံလျက် ကြာမြင့်စွာ



P 184. ခြင်္သေ့ရေခြုံလျက် မုယောခင်း စားနေသောမြည်းကို ခြင်္သေ့မဟုတ်မှန်းသိကြသဖြင့် ဝိုင်းဝန်းပစ်ခတ်နေပုံ။

စိမ်းစိုသောမုယောတို့ကိုစားရလေ၏၊ မြည်သော
အသံဖြင့်သာလျှင်မိမိကိုယ်ကိုဖျက်ဆီးဘိ၏”-

ဟုပြောဆိုနေကြကုန်စဉ်ပင် မြည်းသည် ထိုအရပ်ဝယ် ဝပ်လျက်သေလေ၏၊ ကုန်သည်တို့လည်း မြည်းကိုစွန့်၍ သွားကြကုန်၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါကုန်သည်သည်-ယခုအခါဒေဝဒတ်။

※ မြည်းသည်-ကောကာလိက။

※ လယ်သမားပညာရှိသည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ဆိတ်ဆိတ်နေလျှင်၊ကိုယ်ဟန်မြင်၊အထင်ကြီးလိမ့်ရာ။
(၂) ဇာတိမမှန်၊မူမမှန်၊အသံမပြုရာ။
(၃) ခြသေ့်ရေခြုံ၊ဘေးမျိုးလုံ၊မြည်တုံမြည်းသေရှာ။

သီဟာစမ္မဇာတ်ပြီး၏။

---

## ၁၉၀-သီလာနိသံသဇာတ်

**ပဋုပ္ပန်ဝတ္ထု**

**ဂုဏ်တော်စွမ်းကြောင့် ရေပေါ်လျှောက်**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ဒါယကာတ

ယောက်သည် သဒ္ဓါတရားနှင့်ပြည့်စုံ၏၊ ရတနာသုံးပါး၌ ကြည်ညို၏။

တနေ့သ၌ ထိုဒါယကာသည် မြတ်စွာဘုရားကိုဖူးမျှော်ရန် ဇေတဝန်ကျောင်းတော်သို့သွားရာ ညချမ်းသောအခါ အစိရဝတီမြစ်သို့ရောက်လျှင် လှေကိုမမြင်သဖြင့်ဘုရားဂုဏ်ကို အာရုံပြု၍ဖြစ်သော ပီတိအဟုန်ဖြင့် ကူး၍ မြစ်သို့ ဆင်းသက်လေ၏၊ ခြေတို့သည် ရေမနစ်ကုန်၊ မြေပြင်၌ သွားရသကဲ့သို့ဖြစ်ကုန်၏။

ရေအလယ်သို့ရောက်၍ လှိုင်းတံပိုးကိုမြင်လျှင် ဘုရားဂုဏ်ကို အာရုံပြု၍ဖြစ်သော ပီတိအဟုန်ညှံ့၍ ခြေတို့သည် နစ်မည်ကဲ့သို့ဖြစ်ကုန်၏၊ တဖန်ဘုရားဂုဏ်ကို အာရုံပြုပြန်သဖြင့် ပီတိအဟုန်အားကောင်းလာသောအခါ ထိုပီတိဖြင့်ပင် ရေပြင်၌သွားလျက် ဇေတဝန် ကျောင်းတော်သို့ ရောက်၍မြတ်စွာဘုရားထံဆည်းကပ်မိလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဒါယကာအား "ဒါယကာ....အသို့နည်း၊ မပင်မပန်းလာခဲ့ရ၏လော"ဟု မေးတော်မူ၏၊ "အရှင်ဘုရား.... ဘုရားဂုဏ်ကို အာရုံပြု၍ဖြစ်သောပီတိအဟုန်ဖြင့်လာခဲ့ရာ ရေပြင်၌ ထောက်တည်ရာရ၍ မြေကြီး၌နင်းရသကဲ့သို့ လာရပါ၏"ဟု လျှောက်ထားလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် "ဒါယကာ....သင်သည်သာ ယခုအခါဘုရားဂုဏ်ကျေးဇူးကို အောက်မေ့၍ ရေပြင်၌ ထောက်တည်ရာရသည်မဟုတ်သေး၊ ရှေးအခါ၌လည်း ဒါယကာတို့သည် သမုဒ္ဒရာအလယ်၌ သင်္ဘောပျက်သည်ရှိသော် ဘုရားဂုဏ်ကျေးဇူးတော်ကို အောက်မေ့

၍ ထောက်တည်ရာ ရဘူးကုန်ပြီ'' ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု**

**အကုသိုလ်မှု ရှောင်ကြဉ်ပြ**

လွန်လေပြီးသော အခါ ကဿပမြတ်စွာဘုရားလက်ထက်တော်၌ထိုကဿပမြတ်စွာဘုရား၏ တပည့် ဖြစ်သော သောတာပန်ဒါယကာသည် ဆတ္တာသည် သူကြွယ်တယောက်နှင့်အတူတကွသင်္ဘောစီး၍သွားလေ၏၊ ဆတ္တာသည်မယားသည် သွားခါနီးတွင် သောတာပန် ဒါယကာအား ''အရှင်....ဤသူ၏ချမ်းသာဆင်းရဲသည် အရှင်၏တာဝန်ဖြစ်စေ'' ဟု ယောကျ်ားဆတ္တာသည်ကို အပ်နှင်း၍ ထည့်လိုက်၏။

သင်္ဘောသည် သွား၍ ခုနစ်ရက် မြောက်သောနေ့တွင် သမုဒ္ဒရာအလယ်၌ ပျက်သည်ရှိသော် ထိုသူနှစ်ယောက်တို့သည် ပျဉ်ချပ်တခုတွင်စီးကာ ကျွန်းငယ်တခုသို့ ရောက်ကြကုန်၏၊ ထိုကျွန်းငယ်၌ ဆတ္တာသည်သည် ငှက်တို့ကိုသတ်၍စားသည်ရှိသော် ထိုသောတာပန် ဒါယကာအားလည်း ပေးလေ၏၊ သောတာပန်ဒါယကာသည် ငါ့အားအလိုမရှိဆို၍ မစားဘဲနေ၏။

**သင်္ဘောအလား ဖန်ဆင်းထား**

ထိုအခါ သောတာပန် ဒါယကာသည် ဤအရပ်၌ ရတနာသုံးပါးမှ တပါး ကိုးကွယ်အားထားရာ မရှိဟု ကြံစည်လျက် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကိုသာ အောက်မေ့လေ၏၊ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို အောက်မေ့

နေစဉ်ပင် ထိုကျွန်းငယ်၌နေသော နဂါးမင်းသည် မိမိကိုယ်ကို သင်္ဘောအသွင်ဘန်ဆင်း၏၊ သမုဒ္ဒရာ စောင့်နတ်သည် သင်္ဘောသူကြီးအသွင်ဘန်ဆင်းကာ သင်္ဘော၌ ရတနာခုနစ်ပါးဖြင့်ပြည့်စေ၏၊ *လင်းယဉ်တိုင်(ရွက်တိုင်)သုံးခုတို့သည် ပတ္တမြားညိုဖြင့်ပြီးကုန်၏၊ အဆင်တန်ဆာတို့သည် ရွှေဖြင့်ပြီးကုန်၏၊ ကြိုးတို့သည် ငွေဖြင့်ပြီးကုန်၏၊ ထိုးဝါးတက်မတို့သည်ရွှေဖြင့်ပြီးကုန်၏။

**ကုသိုလ်အဘို့တွေ အမျှဝေ**

သမုဒ္ဒရာ စောင့်နတ်သည် သင်္ဘောဦးတွင်စီးလျက် ဇမ္ဗူဒိပ်ကျွန်းသို့ သွားလိုသူများရှိသလောဟု ကြွေးကြော် လေ၏၊ သောတာပန်ဒါယကာသည် ''အမောင်‥ငါတို့သွားလိုကုန်သည်''ဟုဆိုလျှင် ''လာပါသွားမည် သင်္ဘောသို့တက်ပါလေ''ဟုဆိုလေ၏၊သောတာပန်ဒါယကာသည်သင်္ဘောသို့တက်ပြီးလျှင် ဆေတ္တာသည်ကိုခေါ်၏၊ သမုဒ္ဒရာစောင့်နတ်သည်သင်နှင့်သာထိုက်တန်၏၊ ဆေတ္တာသည်နှင့်မထိုက်တန်''ဟုပြော၏၊''အမောင်····အဘယ်ကြောင့်မထိုက်တန်သနည်း'' ဟု မေး၏၊ ''အရှင်····သီလ အကျင့်အာစာရမရှိသောကြောင့် မထိုက်တန်''ဟုဆို၏၊ ထိုအခါ ဒါယကာသည် သင်ဆိုတိုင်းမှန်သည်ဖြစ်စေ ငါပေးလှူ စောင့်ရှောက်ပွါးများအပ်သော ဒါန, သီလ, ဘာဝနာကုသိုလ်အဘို့ကို ဆေတ္တာသည်အား အမျှပေးဝေပါ၏ဟု ဆို၍အမျှပေးဝေလျှင် ဆေတ္တာသည်လည်း ''အရှင်····ဝမ်းမြောက်ပါ၏''ဟုဆိုကာ သာဓုအနုမောဒနာပြုလေ၏။

---

* လင်းယဉ်တိုင်—ရွက်တိုင်ကိုခေါ်သည်၊ [ရှေးအခါ ရွက်သင်္ဘောတို့ကိုအသုံးပြုကြဟန်တူသည်။]

**သူတော်စွမ်းကြောင့် ပြည်ပြန်ရောက်** ထိုအခါ သမုဒ္ဒရာစောင့်နတ်သည် ယခုအခါ ခေါ်ယူခြင်းငှါ ထိုက်တန်၏ ဟု ဆေတ္တာသည် ကိုလည်း တင်ဆောင်ကာ သမုဒ္ဒရာမှထွက်စေလျက် မြစ်ခရီးဖြင့် ဗာရာဏသီပြည်သို့ ယူဆောင်ပြီးမှ မိမိ၏အာနုဘော်ဖြင့် ထိုသူနှစ်ယောက်တို့၏အိမ်တို့၌ ဥစ္စာရတနာတို့ကို တည်ထားစေပြီးလျှင်—

"အချင်းတို့....သဒ္ဓါ,သီလ,စာဂ၏ အကျိုးကို ရှုကြလော၊ ဤနဂါးသည် သင်္ဘောအသွင်ဘန်ဆင်းကာ ရတနာသုံးပါး၌ သက်ဝင်ယုံကြည်သော ဤဒါယကာကို သမုဒ္ဒရာမှ တင်ဆောင်ပို့ရ၏"။

"အချင်းတို့....ပညာရှိ သူတော်ကောင်းတို့နှင့်သာ ပေါင်းဘော်ရမည်၊ ပညာရှိသူတော်ကောင်းတို့နှင့်သာ ပေါင်းဘော်ခြင်းကို ပြုလုပ်ရမည်၊ စင်စစ်အမှန်အားဖြင့် ဤဆေတ္တာသည်ကား ပညာရှိသူတော်ကောင်းဖြစ်သော သောတာပန်ဒါယကာနှင့် ပေါင်းဖေါ်ခြင်းကြောင့် ချမ်းသာရပေ၏"-

ဟု သမုဒ္ဒရာစောင့်နတ်သည် ကောင်းကင်၌ ရပ်လျက်တရားဟောကြားကာ ဆေတ္တာသည်ကိုဆုံးမပြီးလျှင် နဂါးမင်းကိုယူ၍ မိမိဗိမာန်သို့ပြန်သွားလေ၏။

ဤဒေသနာတော်၏ အဆုံး၌ သီတင်းသည် ဒါယကာသည် သကဒါဂါမိဖိုလ်၌တည်လေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်-

ဒါယကာ

※ ထိုအခါ သောတာပန်ဒါယကာသည်- ပရိနိဗ္ဗာန်ပြုလေပြီ။

※ နဂါးမင်းသည်-သာရိပုတ္တရာ။

※ သမုဒ္ဒရာစောင့်နတ်သည်-ငါဘုရားဖြစ်လာပြီ-ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) သူတော်သူမွန်၊ ပညာဝန်၊ ကောန်ပေါင်းရမည်။

(၂) ပညာဝန်ပေါင်း၊ သူတော်ပေါင်း၊ မနှောင်းချမ်းသာမည်။

(၃) သောတာပန်ဘက်၊ ဆေတ္တာပျက်၊အသက်ချမ်းသာသည်။

သီလာနိသံသဇာတ်ပြီး၏။

---

## ၁၉၁—ရုဟကဇာတ်

**ပစ္စုပ္ပန်ဝတ္ထု**

**မိန်းမကြောင်းပြုပျင်းရိမှု**

နတ်လူတို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် မယားဟောင်းသည် ဖြားယောင်းသွေးဆောင်အပ်သဖြင့် သာသနာတော်၌ ငြီးငွေ့ပျင်းရိကာလူထွက်လိုသောရဟန်းတပါးရှိလေ၏။ [ပစ္စုပ္ပန်ဝတ္ထုသည် အဋ္ဌနိပါတ်ဣန္ဒြိယဇာတ်တွင် ထင်ရှားလတ္တံ့။]

မြတ်စွာဘုရားသည် ထိုရဟန်းအကြောင်းကိုသိတော်မူလျှင် ခေါ်တော်မူ၍“ချစ်သားရဟန်း···· ဤမိန်းမကားသင့်အကျိုးမဲ့ကို ပြုတတ်သော မိန်းမဖြစ်သည် သင့်အား

မင်းနှင့်တကွသော ပရိသတ်အလယ်၌ အရှက်ခွဲ၍ အိမ်မှ နှင်ထုတ်သောအခြင်းအရာကို ပြုစေဘူးပြီ''ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု၊

**မင်းချီးမြှောက်ခြင်း မင်္ဂလာမြင်း**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရား အလောင်းသည် ထိုဗြဟ္မဒတ်၏ မင်းသားတော်ဖြစ်၍ အရွယ်သို့ရောက်သည်ရှိသော် ခမည်းတော် ဗြဟ္မဒတ်မင်းကြီး နတ်ရွာစံသဖြင့် ထီးနန်းစည်းစိမ်ကိုရရှိကာ တရားသဖြင့် မင်းပြုလေ၏။

ထိုမင်းကြီးအား ရုဟကမည်သော ပုရောဟိတ်ပုဏ္ဏားသည်ရှိ၏၊ ထိုပုဏ္ဏားမယားကား ပုရာဏီမည်၏။

တနေ့သ၌ မင်းကြီးသည် ပုရောဟိတ် ပုဏ္ဏားအားကကြိုးတန်ဆာဆင်အပ်သော မြင်းတစီးကို ပေးလိုက်၏၊ ထိုအခါ ပုရောဟိတ်ပုဏ္ဏားသည် မြင်းကိုစီးနင်းလျက် မင်းကြီးထံ အခစားသွားလေ၏၊ လူတို့သည် မြင်းစီးလျက်သွားလာနေသော ပုရောဟိတ်ပုဏ္ဏားကိုမြင်လျှင် မြင်း၏အဆင်းအင်္ဂါလက္ခဏာသည် တင့်တည်ပါပေ၏၊ အံ့ဩဘွယ်ရှိပါပေ၏ ဟု မြင်းကိုသာ ချီးမွမ်းကြကုန်၏။

**ပုဏ္ဏေးမဥာဏ်ပေး ဖေါက်ပြန်ရေး**

ပုရောဟိတ်ပုဏ္ဏားသည် အိမ်သို့ရောက်လျှင် မယားပုဏ္ဏေးမကို ''ရှင်မ·· ငါမြင်းစီး၍ မင်းကြီးထံ အခစားသွားရာမြင်တိုင်း,မြင်တိုင်းသော လူတို့သည် မြင်း၏ အဆင်းအင်္ဂါလက္ခဏာသည် တင့်တယ်ပါပေ၏၊ အံ့ဩဘွယ် ရှိပါပေ၏

ဟု မြင်းကိုသာ ချီးမွမ်းကြသည်”ဟုပြောဆိုလေ၏၊ပုဏ္ဏားမသည် အတန်ငယ် ဖုံးလွှမ်းသောအကျင့်ရှိ၏၊ ယောကျ်ားတပါးနှင့် လွန်ကျူးတတ်သော သဘောရှိ၏၊ ထိုကြောင့် ပုရောဟိတ်ပုဏ္ဏားကို “အရှင်..အရှင်ကား မြင်းမှာ ချီးမွမ်းခံရခြင်းအကြောင်းမသိလေ၊ ဤမြင်းမှာ ဆင်ထားသော ကကြိုးတန်ဆာကိုမှီ၍ အချီးမွမ်းခံရသည်၊ အရှင်လည်း မြင်းကဲ့သို့ အချီးမွမ်းခံလိုလျှင် မြင်းမှာ ဆင်ထားသော ကကြိုးတန်ဆာကို အရှင့်ကိုယ်မှာဆင်ပြီးလျှင် ခရီးလမ်းတွင် မြင်းကဲ့သို့ခြေလေးချောင်းထောက်လျက် မင်းကြီးကို အခစားသွားပါလော့၊ မင်းကြီးသည် အရှင့်ကို မြင်လျှင် ချီးမွမ်းလိမ့်မည်၊ မြင်တိုင်းမြင်တိုင်းသော လူတို့လည်း ချီးမွမ်းကြလိမ့်မည်”ဟု အကြံပေးလေ၏။

**မင်းကြီးမြင်ရာ ကဲ့ရဲ့ကာ**

ရှုးသောပုဏ္ဏားသည်ပုဏ္ဏေးမ၏စကားကိုကြားလျှင် ဤပုဏ္ဏေးမကား မည်သို့သောအကြောင်းကြောင့် ငါ့ကိုပြောဆိုအကြံပေးသည်ဟုမသိဘဲ အဟုတ်အမှန်ကို ပြောဆိုအကြံပေးသည်ဟုမှတ်ထင်ကာ ပုဏ္ဏေးမပြောဆိုအကြံပေးတိုင်းပြုလေ၏၊ မြင်တိုင်း,မြင်တိုင်းသောလူတို့သည် ဆရာပုဏ္ဏားမှာ တင့်တယ်ပါပေ၏၊ အံ့ဩဘွယ်ရှိပါပေ၏-ဟု ပျက်ရယ်ပြုကြကုန်၏။

မင်းကြီးထံ ရောက်၍ မြင်လျှင် ပုရောဟိတ် ပုဏ္ဏားကို “ဆရာပုဏ္ဏား....သင့်မှာ သည်းခြေပျက်နေသလော,သင် ရှုးနေသလော, မိန်းမခိုင်းတိုင်း လုပ်ရသလော စသည်ဖြင့် ပြောဆိုကဲ့ရဲ့ကာ ရှက်စေ၏။

ထိုအခါ ပုဏ္ဏားလည်း "ငါကား…ထင်ရှားသော မင်းဆရာပုဏ္ဏားဖြစ်လျက် မလျောက်ပတ်သောအမှုကို ပြုမိပေပြီ၊ ပုဏ္ဏေးမကား ငါ့ကို မင်းနှင့်တကွသော ပရိသတ်အလယ်မှာ အရှက်ခွဲသည်"ဟု အလွန်အမျက်ထွက်၍ ဤပုဏ္ဏေးမကို ရိုက်နှက်သတ်ပုတ်ပြီးလျှင် အိမ်မှ နှင်ထုတ်မည်ဟု ကြံစည်ကာ အိမ်သို့အမြန်ပြန်သွားလေ၏။

**ပုဏ္ဏေးမမောင်း အသစ်ပေါင်း**

ပုဏ္ဏေးမလည်း လင်ယောကျ်ားအမျက်ထွက်လာသည့် အဖြစ်ကိုသိနှင့်၍ရှေးမဆွကပင် တံခါးငယ်ဖြင့် ထွက်ပြီးလျှင် မင်းကြီးနန်းတော်သို့သွားကာ လေး,ငါးရက်လုံး နေလေ၏၊ မင်းကြီးလည်း ထိုအကြောင်းကိုသိလျှင် ပုရောဟိတ်ပုဏ္ဏားကိုခေါ်စေ၍—

"ဆရာ ရုဟကပုဏ္ဏားကြီး…. အမှန်အားဖြင့် ပြတ်ပြီးသော လေးညှို့ကိုပြန်၍ဆက်ရသကဲ့သို့၊ထို့အတူ ပုရာဏီမည်သော ပုဏ္ဏေးမနှင့် ပြန်၍ဆက်ပါဦးလော၊အမျက်ဒေါသနိုင်ငံသို့ မလိုက်ပါနှင့်"—

ဟု ပုဏ္ဏေးမအား သည်းခံရန် ပြောကြားဆိုးမလေ၏၊ ရုဟကပုဏ္ဏားလည်း မင်းကြီးစကားကိုကြားလျှင်—

"မြတ်သောမင်းကြီး…. နူးညံ့သော လျှော်နှင့် ပြုလုပ်တတ်သူရှိပါမူ လေးညှို့သစ်ကိုပင် ပြုလုပ်စေတော့မည်၊ အကျွန်ုပ်အား လေးညှို့ဟောင်းဖြင့်အလိုမရှိတော့ပြီ"—

ဟု မင်းကြီးကိုလျှောက်ထားပြီးလျှင် မယားပုဏ္ဏေးမကို အိမ်မှနှင်ထုတ်၍ တပါးသောပုဏ္ဏေးမကို ယူဆောင်ကာ ပေါင်းသင်းနေထိုင်လေ၏။

ဤဒေသနာတော်အဆုံး၌ သာသနာတော်မှ ငြီးငွေ့ပျင်းရိကာ လူထွက်လိုသောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ပုရာဏပုဏ္ဏေးမသည်- ယခုအခါ မယားဟောင်း။

※ ရူပကပုဏ္ဏားသည်- လူထွက်လိုသောရဟန်း။

※ ဗာရာဏသီမင်းသည်- ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ချီးမွမ်းလိုလား၊ ဂုဏ်လိုသား၊ လူကြွားလူယုတ်မှတ်။

(၂) မြင်းတန်ဆာများ၊ လူဆင်သွား၊ ပုဏ္ဏားရှက်ကွဲလတ်။

ရူပကဇာတ်ပြီး၏။

---

[မှတ်ချက်။ (၁၉၂) သိရိကာဠကဏ္ဏိဇာတ်သည် မဟာနိပါတ် မဟာဥမင်ဇာတ်ခေါ် မဟောသဓဇာတ်နှင့်တူ၏၊ အလိုရှိသောပုဂ္ဂိုလ်တို့သည် ထိုဇာတ်၌ ကြည့်ရှုကြပါကုန်။]

---

# ၁၉၃-ရူဠပဒုမဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**တဏှာရုပ်စွ ရဟန်းဆုံးမ**

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် တန်ဆာဆင်အပ်သော မိန်းမကိုမြင်သဖြင့် သာသနာတော်၌ ငြီးငွေ့ပျင်းရိကာ လူထွက်လိုသော ရဟန်းတပါးရှိလေ၏။ [ပစ္စုပ္ပန်ဝတ္ထုသည် ဥမ္မာဒန္တီဇာတ်၌ ထင်စွာဖြစ်လတ့ံ။]

မြတ်စွာဘုရားသည် ထိုရဟန်းအကြောင်းကို သိတော်မူလျှင် "ချစ်သားရဟန်း... မိန်းမမည်သည်ကား ကျေးဇူးကိုမသိတတ်၊ အဆွေခင်ပွန်းကိုပြစ်မှားတတ်၏၊ များသောမာယာရှိ၏၊ ရှေးပညာရှိတို့သည် လက်ျာပုဆစ် ဒူးသွေးကိုသောက်စေ၍ ဇီဝိတဒါနကိုပေးကုန်သော်လည်း မိန်းမ၏စိတ်ကို မရဘူးကုန်"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

**မင်းကြီးဖွားမြောက် သားခုနစ်ယောက်**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေနေ၍ မွေးဖွားပြီးလျှင် ထိုသတို့သားအား ပဒုမမင်းသားဟု အမည်မှည့်ကြကုန်၏၊ နောက်အခါ ခြောက်ယောက်သော သားတို့ကို ဖွားမြင်ပြန်၏။

ထိုခုနစ်ယောက်သော မင်းသားညီနောင်တို့သည် အစဉ် အတိုင်းကြီးပျင်း၍ အရွယ်ရောက်လတ်သော် အသီးအသီး အိမ်ရာထောင်ခြင်းကိုပြုကာ နေကြကုန်၏။

**ထီးနန်းဘေးမြင် တိုင်းပြည်နှင်**

အခါတပါး အဘမင်းကြီးသည် မင်းရင်ပြင်ကိုကြည့်ရှုနေစဉ် အခြံအရံများစွာဖြင့် ခမည်းတော်မင်းကြီးကို ခစားရန်လာကြသော သားတော်တို့ကိုမြင်လျှင် ဤသားတော်တို့သည် ငါ့ကိုသတ်၍ မင်းအဖြစ်ကိုယူကြလိမ့်မည်ဟု ရွံ့ရှားတော်မူသဖြင့် သားတော်တို့ကိုခေါ်စေပြီးလျှင် "ချစ်သားတို့.... သင်တို့သည် ဤမြို့မှာမနေကြလင့်၊ နေခွင့်မရကုန်၊ အရပ်တပါးသို့သွားကြကုန်လော၊ ငါသေလွန်သောအခါမှ ထီးနန်းစည်းစိမ်ကို လာ၍ယူကြကုန်လော"ဟု မိန့်တော်မူ၏။

**ကန္တာရအကြား မယားသတ်စား**

ထိုအခါ သားတော် ခုနစ်ယောက်တို့သည် ခမည်းတော် မင်းကြီး၏စကားကို နားထောင်ကာ မျက်ရည်စွတ်စို ငိုယိုကြကုန်လျက် မယားတို့ကိုခေါ်ယူပြီးလျှင် တပါးသောမြို့ရွာ၌ အသက်မွေးကြတော့မည်ဟု မြို့တော်မှထွက်ကြကုန်၏။

အတော်သွားမိ၍ ခရီးအကြားဝယ် ကန္တာရ တခုသို့ ရောက်လျှင် ထမင်းအဖျော်ကို မရကုန်သောကြောင့် မွတ်သိပ်ဆာလောင်ခြင်းကို သည်းမခံနိုင်ကုန်သည်ဖြစ်၍ ငါတို့ အသက်ရှင်ကုန်သည်ရှိသော် မိန်းမတို့ကို ရနိုင်ကြမည်ဟု တိုင်ပင်ညီညွတ်ကာ ညီအငယ်ဆုံးမယားကိုသတ်၍ အသားကို တဆယ့်သုံးပုံ ပုံပြီးလျှင် ဝေဌ၍စားကြကုန်၏၊ ဤသို့

ခြောက်ရက်ပတ်လုံး အစဉ်အတိုင်း မယားခြောက်ယောက်တို့ကိုသတ်၍စားကြကုန်၏၊ပဒုမမင်းသားကား လင်မယားနှစ်ယောက်အတွက် အသားနှစ်စု ရသော်လည်း နေ့တိုင်းတစုသာ လင်မယားနှစ်ယောက်စား၍ တစုကိုချန်ထားခဲ့သဖြင့် ခြောက်ရက်မြောက်သောနေ့၌ အသားခြောက်စုကျန်ရစ်လေ၏။

**မယားမောဟိုက်**
**သွေးဖေါက်တိုက်**

ခုနစ်ရက်မြောက်သောနေ့၌ ပဒုမမင်းသား၏မယားကို သတ်ကြမည်ဟုပြောလတ်သော် ပဒုမမင်းသားသည် မိမိတို့စုဆောင်းထားသော အသားခြောက်စုတို့ကို ညီတော်ခြောက်ယောက်တို့အားပေး၍ ယနေ့၌အစုတို့ကို စားကြဦးလော့၊ နက်ဖြန်မှသိကြလတ္တံ့ဟု ပြောကြားကာ မသတ်ဘဲထားလေ၏။

ပဒုမမင်းသားသည် ညီတော်ခြောက်ယောက်တို့ အိပ်ပျော်နေစဉ် မိမိမယားကိုခေါ်၍ ပြေးလေ၏၊ လမ်းခရီးအတွင်း မယားမသွားနိုင်တော့သဖြင့် ပခုံးပေါ်တွင်ထမ်း၍သွားရာ အရုဏ်တက်သောအခါ ကန္တာရမှထွက်လေ၏၊ နေထွက်သောအခါ မယားရေငတ်ပြန်သဖြင့် လက်ျာဒူးဆစ်မှ သွေးကိုသန်လျက်ဖြင့်ဖေါက်ကာ တိုက်ရပြန်၏၊ မကြာမီမြစ်သို့ရောက်၍ ရေတို့ကိုအလိုရှိတိုင်း ချိုးသောက်ရလျက် သစ်သီးကြီးငယ်ကိုရှာဖွေစားသောက်ကာ မြစ်ကွေ့တခု၌ အရိပ်သင်္ခမ်းဆောက်လုပ်၍ နေကြကုန်၏။

**ဒုက္ခသည်တုံး**
**မယားမုန်း**

တနေ့သ၌ မြစ်ညာမှ မင်းပြစ်သင့်သောသူခိုးကိုလက်,ခြေ,နား,နှာခေါင်းတို့ကိုဖြတ်၍ လှေငယ်ဖြင့်တင်ကာ မြစ်တွင်

မျှော်လိုက်၏၊ ထိုသူခိုးသည် သည်းထန်စွာ ငိုကြွေးညီးညူ လျက် အစဉ်အတိုင်းမျှော်လာရာ ပဒုမမင်းသားနေရာအနီး သို့ရောက်လေ၏။

ပဒုမမင်းသားလည်း ငိုကြွေးညည်းညူသံကို ကြားလျှင် ငါသို့သောယောကျ်ားထင်ရှားရှိစဉ် ဆင်းရဲခြင်းသို့ရောက် လာသော သတ္တဝါတယောက် မပျက်စီးကောင်းပေဟု ကြံစည်ကာ မြစ်နားသို့သွား၍ ဆယ်ယူပြီးလျှင် အရိပ် သင်္ခမ်းတွင်ထားကာ အနာတို့ကို ဆေးဝါးကုသ၍ သစ်သီး ကြီးငယ်ဖြင့် ပြုစုကျွေးမွေးကာ ထားလျှင် အနာပျောက်၍ အသက်ချမ်းသာရလေ၏၊ ပဒုမမင်းသား၏ မယားကား- ခြေ,လက်,နား,နှာ,မရှိ တုံးတိတိနေသော တိုးအား စက်ဆုပ်ရွံရှာသဖြင့် တံတွေးထွေး၍ သွားလေ၏။

**မိးန်မယုတ်မာ လင်ရန်ရှာ**

တိုးအနာ ပျောက်လတ်သော် ပဒုမ မင်းသားသည် တိုးနှင့် မယားကို သင်္ခမ်း၌ထား၍ နေ့စဉ် တောအုပ်သို့ သွားလျက် သစ်သီးကြီးငယ်ရှာဖွေကာ ကျွေးမွေးလေ၏၊ မယားသည် တိုးကို ချစ်ကြိုက်သောစိတ်သည်ဖြစ်၍ ပဒုမ မင်းသားမရှိသောအခါ တိုးနှင့်ယုတ်မာသော အကျင့်ကို ကျင့်လေ၏။

တနေ့သ၌ မယားသည် ဥပါယ်တမျဉ်ဖြင့် ပဒုမမင်း သားကိုသတ်လိုသဖြင့် ပရိယာယ်မာယာပြုလျက်"အရှင်.. အရှင့်ပခုံးတွင်စီး၍ကန္တာရမှထွက်စဉ် တောင်တခုကိုကြည့် ရှုကာ "အရှင်တောင်စောင့်နတ်မင်း....အကျွန်ုပ်တို့ လင် မယားအသက်ချမ်းသာပါမူ အရှင်နတ်မင်းအား ပူဇော်ပ,

သပါမည်''ဟု ဝန်ခံခဲ့ဘူးသည်၊ ထိုတောင်စောင့်နတ်သည် ယခုအခါ အကျွန်ုပ်ကိုချောက်လွှန့်ပါသည်၊ သို့အတွက် ဗလိနတ်စာပြုလိုပါသည်''ဟု ပြောကြားလေ၏၊ ပဒုမမင်းသားလည်း မိန်းမ၏မာယာကို မသိသည်ဖြစ်၍ အကယ်မှတ်ထင်ယုံကြည်ကာ ခွင့်ပြုလေ၏။

**လင်ကိုသတ်ကာ ငတုံးထံလာ**

ပဒုမ မင်းသားသည် ဗလိနတ်စာကို စီရင်ပြီးလျှင် ဗလိနတ်စာ တောင်းကို မယားအားရွက်စေ၍ တောင်ထိပ်သို့ သွားကြ၏၊ တောင်ထိပ်သို့ရောက်လျှင်မယားသည်နတ်အား ပူဇော်ရန်ပြင်ဆင်ကာ "အရှင်...အရှင်ကား မြတ်သော အိမ်ဦးနတ်ဖြစ်သည်၊ အရှင်ကို မြတ်သော ပန်းတို့ဖြင့် ပူဇော်လျက် လက်ျာရစ် လှည့်ပြီးမှ တောင်စောင့်နတ်အား ပူဇော်မည်''ဟု ပြောဆိုပြီးလျှင်- မယားသည် ပဒုမ မင်းသားကိုတောင်ကမ်းပါးပြတ်သို့ ရှေးရှုထား၍ ထောပတ်တို့ဖြင့် ပူဇော်လျက် လက်ျာရစ်လှည့်ပြီးလျှင် ရှိခိုးဟန်ပြုလုပ်ကာ ကျောကုန်းနားသို့ကပ်၍ တအားတွန်း၍ ကမ်းပါးပြတ်သို့ ကျစေပြီးမှ ရန်သူပျက်စီးခြင်းကိုမြင်ရပြီ ဟု ဝမ်းမြောက် ဝမ်းသာတောင်ပေါ်မှဆင်းသက်၍ ငတုံးထံသွားလေ၏။

**မြို့ရွာအနီးသို့ ဖွတ်မင်းပို့**

ပဒုမ မင်းသားလည်း တောင်ကမ်းပါးပြတ်မှကျကာ ရေသဖန်းပင်ထက်တွင် ဖုံးအုပ်မြေးယှက်၍နေသော အဆူးမရှိသည့် ခြုံပေါ်တွင်တင်၍နေသဖြင့် အောက်သို့မဆင်းသက်ဘဲ ရေသဖန်းသီးတို့ကို စား၍နေ၏။

အလွန်ကြီးမားလှသောဖွတ်တကောင်သည် ရေသဖန်းသီးတို့ကိုလာ၍စားရာ မင်းသားကိုမြင်လျှင် ပြေးလေ၏၊ နက်ဖြန်လည်းလာ၍ စားပြန်၏၊ ဤသို့လာဖန် များ၍ အကျွမ်း ဝင်သောအခါ မင်းသားကို ဤအရပ်သို့အဘယ်ကြောင့် ရောက်လာ သနည်းဟု မေးရာ မင်းသားက အကြောင်းခုံကိုပြောကြားလေလျှင် မစိုးရိမ်လင့်ဟု ပြောဆိုပြီးလျှင် မင်းသားကို ကျောပေါ်သို့တင်လျက် သဖန်းပင်ထက်မှဆင်း၍ တောမှထွက်အောင်ဆုကာ လူတို့သွားရာလမ်းခရီးတွင်ချပြီးလျှင် မိမိနေရာသို့ပြန်လေ၏။

**မင်းသားဘုန်းကံ ထီးနန်းစံ**

ပဒုမ မင်းသားလည်း ရွာငယ်တခုသို့ သွား၍နေစဉ် ခမည်းတော် မင်းကြီး နတ်ရွာစံကြောင်း ကြားလျှင် ဗာရာဏသီပြည်သို့သွား၍ ထီးနန်းစည်းစိမ်ကိုယူပြီးလျှင် ပဒုမ မင်းဟု အမည်တွင်ကာ တရားသဖြင့် မင်းပြုလေ၏၊ မြို့တံခါးလေးမျက်နှာ,မြို့လယ်, နန်းတော်တံခါး ဤခြောက်ဌာနတို့၌ အလှူတင်းကုပ်တို့ကိုဆောက်လုပ်စေ၍နေ့တိုင်း,နေ့တိုင်း အသပြာငွေခြောက်သိန်း,ခြောက်သိန်း အကုန်အကျခံကာ အလှူကြီးပေးလေ၏။

**တုံးရွက်သွား တောင်းရမ်းစား**

မိန်းမယုတ်လည်း တုံးကိုကျောပိုးကာ တောမှထွက်၍ လူတို့နေရာသို့ သွားပြီးလျှင် တောင်းရမ်း စားသောက်လျက် အသက်မွေးလေ၏၊ လူတို့သည် ထိုမိန်းမအား ဤတုံးနှင့် ဘယ်လိုစပ်တော်သနည်းဟုမေးကြလျှင်-ဤယောကျ်ားကား အကျွန်ုပ်ဦးရီးသားဖြစ်၍ မိဘတို့ပေးစားသော ယောက်

ဖြစ်ပါသည်၊ မင်းပြစ်သင့်သော်လည်း မစွန့်ဘဲတောင်းရမ်း မွေးမြူခဲ့ပါသည်ဟု ပြောဆိုလေ၏၊ လူတို့သည် ဤမိန်းမကား နတ်ကဲ့သို့ လင်ကို လုပ်ကျွေးသော မိန်းမဖြစ်သည်ဟု ကြင်နာသနားကြလျက် ပေးကမ်းကျွေးမွေးကြကုန်၏။

နောက်အခါ မိန်းမယုတ်သည် ကြိမ်တောင်းတလုံးရ၍ ထိုကြိမ်တောင်း၌ တုံးကိုထည့်ပြီးလျှင် ခေါင်းဖြင့်ရွက်ကာ ပဒုမမင်းကြီး၏ အလှူတင်းကုပ်သို့သွား၍ တောင်းမည်ဟု ဗာရာဏသီမြို့တော်သို့သွားကာ မင်းကြီး လှည့်လည်မည့် လမ်းခရီးတွင် နေလင့်၏။

**မိန်းမမြင်ကာ မင်းမေးရာ**

မင်းကြီးသည် မင်္ဂလာဆင်တော်ကိုစီး၍ အလှူတင်းကုပ်သို့ သွားရာ ခရီးအကြားတွင် မိန်းမယုတ်ကို မြင်လျှင် သိတော်မူလျက် မသိယောင်ပြုကာ ခေါ်စေ၍ တုံးကို တောင်းမှ ထုတ်စေပြီးလျှင် မိန်းမယုတ်အား "ဟယ်-မိန်းမ..ဤတုံးသည် သင်နှင့်ဘယ်လိုတော်သနည်း"ဟုမေးလေ၏၊ "အရှင်မင်းကြီး..ဤသူကား အကျွန်ုပ်၏ဦးရီးသားဖြစ်၍ မိဘတို့ပေးစားသော ယောက်ျား ဖြစ်ပါသည်"ဟု လျှောက်ထားလေ၏၊ [လူတို့ကား အကြောင်းကိုမသိကုန်၍ နတ်ကဲ့သို့လင်ကို လုပ်ကျွေးသော မိန်းမပေတည်း၊ အံ့ဘွယ်သရဲရှိပေစွ၊ ဤသို့အစရှိသည်ဖြင့် မိန်းမယုတ်ကို ချီးမွမ်းကြကုန်၏။]

တဖန်မင်းကြီးသည်–"ဟယ်-မိန်းမ.... ဤတုံးသည် သင့်မိဘပေးစားသော ယောက်ျားဟုတ်သလော" ဟုမေးပြန်၏၊ မိန်းမယုတ်သည် မင်းကြီးကိုမသိသည်ဖြစ်၍"အရှင်မင်းကြီး....ဟုတ်ပါသည်"ဟုရဲတင်းစွာလျှောက်ဆိုပြန်၏။

**အကြောင်းဖြစ်တွေ မင်းပြောလေ**

ထိုအခါ မင်းကြီးသည် ထိုမိန်းမယုတ်ကို ဤငတုံးကား ဗာရာဏသီမင်း၏သားဖြစ်သလော၊ ပဒုမမင်းသား၏မယားဖြစ်သော ဤအမည်ရှိသော မင်းသမီးဖြစ်သော သင်မိန်းမယုတ်သည် ငါ၏ဒူးဆစ်မှသွေးကိုသောက်၍ ဤငတုံးကို ချစ်ကြိုက်သောကြောင့် ငါ့ကိုတောင်ကမ်းပါးပြတ်၌ တွန်းချလိုက်သည်မဟုတ်လော၊ ယခုအခါ၌ သင်သည် နဖူးပြင်၌ သေမင်းကိုယူခဲ့ပြီးလျှင် ငါ့ကိုသေလေပြီမှတ်ထင်၍ ဤအရပ်သို့လာ၏၊ ငါသည် အသက်ရှင်သေးသည်မဟုတ်တုံလော''ဟု အကြောင်းစုံ ဇာတ်လှန်၍ပြောဆိုပြီးလျှင်အမတ်တို့ကိုခေါ်၍– ''အိုအမတ်တို့.... သင်တို့မေးသောအခါ ဤမိန်းမယုတ်သည် ဤလိုပင်ပြောဆိုသလော၊ငါ၏ညီတော်တို့သည် မယားခြောက်ယောက်တို့ကိုသတ်၍ စားကြရ၏၊ ငါမူကား မယား၏အသက်ကိုကယ်ယူ၍ မြစ်ကွေ့တခုတွင် သင်္ဘောဆောက်လုပ်ကာ နေထိုင်ခဲ့၏။

**မင်းမာန်ကိုပြေ နှင်ပစ်လေ**

ထိုစဉ်အခါ ရေတွင် မျောလာသော ဤငတုံးကိုကယ်ဆယ်ကာ မွေးမြူထားခဲ့၏၊ ထိုမိန်းမယုတ်သည် ငတုံးကိုချစ်ကြိုက်သောကြောင့် ငါ့ကိုတောင်ကမ်းပါးပြတ်မှ တွန်းချလိုက်၏၊ ငါသည် မိမိ၏မေတ္တာတန်ခိုးအာနုဘော်ကြောင့် အသက်ကို ရခဲ့၏။

''အို- အမတ်တို့..ငါ့ကိုတောင်ကမ်းပါးပြတ်မှ
တွန်းချသောမိန်းမကား ဤမိန်းမယုတ်ပင်တည်း၊
အခြားမိန်းမ မဟုတ်၊တောင်ကမ်းပါးပြတ်မှ တွန်း

ချခံရသူကား ငါပင်တည်း၊အခြားသူမဟုတ်၊ငါမွေး မြူခဲ့သော လက်,ခြေ,နား,နှာဖြတ်သော တိုးကား ဤသူယုတ်မာပင်တည်း၊အခြားသူမဟုတ်၊ တိုးကို ငယ်လင်ဆိုသောမိန်းမကား ဤငါ့မယားဖြစ်သော မိန်းမယုတ်ပင်တည်း၊ အခြားမိန်းမမဟုတ်၊မိန်းမ မည်သည်ကား သတ်ထိုက်သောအပြစ်ရှိ၏၊ မိန်းမ တို့မှာသစ္စာမရှိ"။

"အို-အမတ်တို့···· ရုန့်ရင်း ကြမ်းကြုတ်သော သူသေကောင်နှင့် တူသော၊ သူတပါးမယားကို မှီ သော ဤသူယုတ်မာတိုးကို ကျည်ပွေ့ဖြင့် စိစိ ညက်ညက်ကြေအောင် ရိုက်နှက်ကာ ဒဏ်ပြုကြ လော့၊ ဤလင်ယုတ်မာကို လုပ်ကျွေးသော သီလ မရှိသောမိန်းမယုတ်ကိုလည်း အသက်ရှင်စဉ် နား, နှာခေါင်းတို့ကို ဖြတ်ကြလော့"-

ဟု မင်းကြီးသည်အမျက်ကိုသည်းမခံနိုင်တော့သဖြင့် ဤ သို့လျှင် ထိုယုတ်မာသောသူတို့အား အပြစ်ဒဏ်ကို အမိန့် ပေးပြီး၍လည်း အမိန့်ပေးတိုင်း မပြုလုပ်စေဘဲ အမျက်ကို ဖြေတော်မူကာ မိန်းမယုတ်ကို ဦးခေါင်းပေါ်မှ တောင်းကို ချမရအောင် ပြုလုပ်စေ၍ တိုးကို တောင်း၌ ထည့်စေပြီး လျှင် မိမိနိုင်ငံမှ နှင်ထုတ်စေတော်မူ၏။

ဤဒေသနာတော် အဆုံး၌ သာသနာတော်၌ ငြီးငွေ့ ကာ လူထွက်လိုသော ရဟန်းသည် သောတာပတ္တိဖိုလ် တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်-

ရဟန်းတို့….

※ ထိုအခါ ညီတော် ခြောက်ယောက်တို့သည်- ယခု အခါ မထင်ရှားသော မထေရ်ခြောက်ပါး။

※ မယားယုတ်သည်-စိဉ္စမာနဝိကာ။

※ ငတုံးသည်-ဒေဝဒတ်။

※ ဖွတ်မင်းသည်-အာနန္ဒာ။

※ ရှဥ့်ပဒုမမင်းသည်-ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မာယာကများ၊ဆိုမှသား၊ ဆိုးရွားမိန်းမတွေ။

(၂) ငတုံးချစ်လှ၊ ပဒုမ၊တောင်မှတွန်းချလေ။

ရှဥ့်ပဒုမဇာတ်ပြီး၏။

---

## ၁၉၄—မဏိစောရဇာတ်

ပစ္စုပ္ပန်ဝတ္ထု၊

ဒေဝဒတ်ကြံစည် မအောင်မြင်

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်း သုံးတော်မူစဉ် ဒေဝဒတ်သည် မြတ်စွာဘုရားကိုသတ်ရန် လုံ့လပြုကာနေလေ့ရှိ၏။

ထိုအကြောင်းကို မြတ်စွာဘုရား ကြားတော်မူလျှင် ‘‘ရဟန်းတို့….ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ငါ

ဘုရားကို သတ်ရန်လုံ့လပြုသည်မဟုတ်၊ ရှေးအခါ၌လည်း လုံ့လပြုဘူးပြီ၊ လုံ့လပြုသော်လည်း သတ်ရန်မစွမ်းနိုင်”ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**ပေါင်းသင်းညီညာ ချစ်ခင်စွာ**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ဗာရာဏသီမြို့တော်နှင့်မနီးမဝေးသောရွာငယ်တခုဝယ် သူကြွယ်အမျိုး၌ဖြစ်၍ အရွယ်ရောက်လတ်သော် ဗာရာဏသီမြို့တွင်းရှိ အမျိုးသမီးတယောက်နှင့် ထိမ်းမြားလက်ထပ်လေ၏။

ထိုအမျိုးသမီးကား အမည်အားဖြင့်သုဇာတာမည်၏၊ ရွှေအဆင်းကဲ့သို့ ဝါဝင်းသောအဆင်းရှိ၏၊ နတ်သမီး ကဲ့သို့ရင်း,ယစ်သောကိန္နရီမကဲ့သို့ရင်း လှပတင့်တယ်ရှုချင်ဘွယ်ရှိ၏၊ အကျင့်သီလရှိ၏၊ လင်ဝတ်,ယောက္ခမဝတ်တို့ကို အမြဲမပြတ်ပြုစု၏၊ လင်ကို နတ်ကဲ့သို့ ရိုသေစွာ လုပ်ကျွေး၏၊ သူကြွယ်လုလင်သည် မိမိမယားကို အလွန် ချစ်မြတ်နိုး၏၊ လင်မယားနှစ်ယောက်တို့သည် ဝမ်းမြောက်ဝမ်းသာအညီအညွတ်နေကြကုန်၏။

**မိဘ ဌာန သွားလည်ကြ**

တနေ့သ၌ သုဇာတာသည် မြို့တွင်းရှိမိဘတို့ကို ဖူးမြင်လိုသဖြင့် လင်ယောကျ်ားအားပြောကြားတိုင်ပင်၏၊လင်ယောကျ်ားလည်း ကောင်းပြီ သွားမည်ဟုဆိုကာ အထူးထူးသော စားနပ်ရိက္ခာခဲဘွယ်ဘောဇဉ်တို့ကို စီရင်ပြီးလျှင် လှည်းဖြင့်သွားကြလေ၏။

မြို့အနီးသို့ရောက်လျှင်လှည်းကိုချွတ်၍ခေတ္တနားနေကာ ရေချိုးပြီးလျှင် နံနက်စာထမင်းကို စားကြ၏၊ စားပြီးလျှင် ယောကျ်ားသည် လှည်းကိုတပ်၍ မောင်းနှင် လတ်သော် မကြာမီ မြို့တွင်းသို့ ဝင်မိလေ၏၊ သုဇာတာလည်း မြို့တွင်း သို့ရောက်လျှင် လှည်းပေါ်မှဆင်းကာ လှည်းနောက်က ခြေလျင်လိုက်လေ၏။

**အမျိုးသမီးမင်းမြင် တပ်စွန်းလျှင်**

ထိုအခါ ဗာရာဏသီ မင်းကြီးလည်း မင်္ဂလာဆင်တော်ကိုစီးကာ မြို့တော် လက်ျာရစ် လှည့်သည်နှင့် ကြုံကြိုက် သဖြင့် လှည်းနောက်မှလိုက်သော သုဇာတာ ကိုမြင်လျှင် ကိလေသာဖြင့် တပ်စွန်းတိမ်းညွတ်သော စိတ်ရှိသည်ဖြစ်၍ အမတ်တယောက်ကိုခေါ်စေပြီးလျှင် လှည်းနောက်မှလိုက် သော အမျိုးသမီးမှာ လင်ယောကျ်ား ရှိ, မရှိ စုံစမ်းရန် စေလွှတ်လိုက်၏။

အမတ်သည်သွား၍စုံစမ်းလေလျှင် လင်ရှိသည်အဖြစ်ကို သိ၍ မင်းကြီးကို "အရှင်မင်းကြီး....လင်ရှိပါသည် လှည်း မောင်းနေသူကား ထိုအမျိုးသမီး၏ လင်ဖြစ်ပါသည်"ဟု လျှောက်ထားလေ၏။

**လင်ကိုသတ်ရန် ပရိယာယ်ကြံ**

ထိုအခါမင်းကြီးသည် တပ်စွန်းတိမ်းညွတ် နေသောစိတ်ကို မဖြေဖျောက်နိုင် ရကား တခုသောဥပါယ်တမျဉ်ဖြင့် လင်ယောကျ်ား ကို သတ်စေ၍ အမျိုးသမီးကို ယူမည်ဟု ကြံစည်ပြီးလျှင် မင်းချင်းတယောက်ကိုခေါ်၍ "အမောင်....သွားချေ၊ ဤ

*ပတ္တမြား ဥသျှောင်ကျင်ကိုယူပြီးလျှင် အနီး၌သွားဟန်ပြုကာ၊ လှည်းတွင်ထား၍ လာခဲ့လော့''ဟု မှာထားပြီးလျှင် ပတ္တမြားဥသျှောင်ကျင်ကိုပေး၍ လွှတ်လိုက်၏၊ မင်းချင်းလည်း ပတ္တမြား ဥသျှောင်ကျင်ကို အသာဝှက်၍ယူကာ လှည်းတွင်ထားခဲ့၍ ''အရှင်မင်းကြီး....ထားပြီးပါပြီ''ဟု လျှောက်ထားလေ၏။

**မယားလိုလတ်**
**သူ့လင်သတ်**

ကိလေသာနိုင်ငံသို့လိုက်ကာ ယုတ်မာ၍ တရားမစောင့်သောမင်းသည် ''ငါ၏ ပတ္တမြားဥသျှောင်ကျင်ပျောက်၏'' ဟု လူတို့ကိုတပြိုင်နက် အုတ်အုတ်ကျက်ကျက် ဖြစ်စေလျက် မြို့တံခါးအလုံးစုံတို့ကိုပိတ်၍ သူခိုးဖမ်းကြလောဟု အမိန့်ပေးလေ၏၊မြို့အလုံးသည် ကြောက်ရွံ့ထိတ်လန့်ကာ တပြိုင်နက် ချောက်ချားလေ၏။

မင်းချင်းတို့သည် သူခိုးကိုဖမ်းဆီးရန် ဟိုဟိုသည်သည် ရှာဖွေစုံစမ်းကြကုန်၏၊ အတွင်းသိမင်းချင်းတယောက်ကား လူအများကို ခေါ်ယူကာ သူကြွယ်လုလင်၏လှည်းကို ဝိုင်းဝန်းပြီးလျှင် ''ဟေ့လှည်းသမား.... လှည်းကိုရပ်လိုက်၊ မင်းကြီးပတ္တမြားဥသျှောင်ကျင်ပျောက်၍ မင်းလှည်းကို ရှာဖွေမည်''ဟုဆို၍ မိမိဝှက်ထားခဲ့သောနေရာမှ ယူပြီးလျှင် သူခိုး-သူခိုးဟု ကြွေးကြော်ကာ သူကြွယ်လုလင်ကို ပုတ်ခတ်ရိုက်နှက်လျက် ဖမ်းဆီး ချုပ်နှောင်၍မင်းကြီးထံပို့ကြ၏၊

---

* ပတ္တမြားဥသျှောင်ကျင်— မင်းမြောက်တန်ဆာငါးပါး အဝင်အပါ မကိုဋ်သင်းကျစ်ကို ဦးခေါင်း၌မြဲအောင် ထိုးချိတ်ထားရသည့် ပတ္တမြားစီခြယ်သော ဆံထိုးတမျိုး။

မင်းကြီးလည်း ဦးခေါင်းကိုဖြတ်၍သတ်စေဟု အမိန့်ပေးလေ၏။

**သောကပွေ့လျက် လင့်အတွက်**

မင်းချင်းတို့လည်း သူကြွယ် လုလင်ကို လမ်းခရီးလေးဆုံတိုင်း၌ အဆူးရှိသော ကြိမ်တို့ဖြင့် ရိုက်နှက်ကာ သူသတ်စည်ကိုတီးလျက် မြို့တော်တောင်တံခါးဖြင့် ထွက်ကုန်၏၊ သုဇာတာလည်း လှည်းကိုစွန့်ပစ်၍ မိမိအတွက် လင်ယောကျ်ား၌ တွေ့ကြုံခံစားရသောဒုက္ခကို မမြင်ဝံ့မကြားဝံ့၊ အသည်းအူ ပြောင်းပြန်လန်တော့မတတ်ဖြစ်လျက် လက်နှစ်ဘက်တို့ကိုမြှောက်၍ စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းကာ လင်ယောကျ်ား နောက်မှ တကောက်ကောက် လိုက်လေ၏၊ မင်းချင်းတို့လည်း သတ်ရန်သူကြွယ်လုလင်ကို စဉ်းတီးတုံး၌ ပက်လက်အိပ်စေကုန်၏။

**လောကပါလ တိုင်ကြားကြ**

ထိုအခါသုဇာတာသည်မိမိလင်ယောကျ်ား၏အခြင်းအရာကို မြင်လျှင် ယခုအခါ ဤကဲ့သို့ မတရားပြုလုပ်ခြင်းကို ခံနေရသောငါတို့မှာ မိမိတို့သီလ ဂုဏ်ကျေးဇူးကိုဆင်ခြင်လျက် သမာဒေဝ နတ်ကောင်းနတ်မြတ်များကို တိုင်ကြားခြင်းမှ တပါး ပြုလုပ်စရာမရှိတော့ပြီဟု ကြံစည်ကာ-

"လောက၌သီလရှိသူတို့ကို ကြည့်ရှုစောင့်ရှောက်သောနတ်တို့မရှိကြကုန်ယောင်တကား- ဤကဲ့သို့ မတရားမှုဖြစ်ပေါ်လာသောအခါ သီလရှိသူတို့ကို ကြည့်ရှုစောင့်ရှောက်သောနတ်တို့ဤအရပ်တွင် မရှိကြကုန်ယောင်တကား-လောကကို ကြည့်ရှုစောင့်

ရှောက်သောရဟန်းပုဏ္ဏားတို့ မရှိကြကုန်ယောင်
တကား—အဆောတလျှင်မဆင်ခြင်ဘဲ ကြမ်းကြုတ်
ရက်စက်စွာ ပြုလုပ်သူတို့ကို တားမြစ်ပိတ်ပင်နိုင်
သောနတ်တို့ မရှိကုန်ယောင်တကား”—

ဟု သမာဒေဝနတ်ကောင်းနတ်မြတ်တို့ကိုငှင်း, ရဟန်း
ပုဏ္ဏားတို့ကိုငှင်း တိုင်ကြားကာငိုကြွေးလေ၏။

**သီလတန်ခိုး ပြည်ကိုစိုး**

ထိုအခါ သုဇာတာ၏သီလတန်ခိုး အာနုဘော်ကြောင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာသည် တင်းမာပူလောင်သောအခြင်းအရာကိုပြလေ၏၊ သိကြားမင်းသည် အကြောင်းကို ဆင်ခြင်လတ်သော် ဗာရာဏသီ မင်းယုတ်သည် တရားမဟုတ် ရက်စက်ကြမ်းကြုတ်သော အမှုကို ပြုစေသဖြင့် သီလရှိသောသုဇာတာအမျိုးသမီးကို ပင်ပန်းစေသည်၊ ငါယခုသွားမှတော်မည်ဟု ကြံစည်ကာ လူ့ပြည်သို့ဆင်းသက်၍ မိမိ၏တန်ခိုး အာနုဘော်ဖြင့် ဆင်ပေါ်မှ မင်းယုတ်ကိုချ၍ စဉ်းတီးတုံး၌ပက်လက်အိပ်စေလျက် စဉ်းတီးတုံး၌ရှိသောသူကြွယ်လုလင်ကို မင်းအသွင်ဖြင့်တန်ဆာဆင်ကာ ဆင်ပေါ်၌ထားလေ၏။

မင်းချင်းတို့လည်း သန်လျက်ဖြင့် ဦးခေါင်းကိုဖြတ်သည်ရှိသော် ဗာရာဏသီမင်းယုတ်၏ ဦးခေါင်းကိုဖြတ်မိလေ၏၊ ဖြတ်ပြီးမှမင်းဖြစ်နေသည်ကိုသိကြကုန်၏၊ ထိုအခါသိကြားမင်းသည် ကိုယ်ကိုထင်ရှားပြကာ သူကြွယ်လုလင်ကို အဘိသိက်သွန်း၍ မင်းမြှောက်လျက် သုဇာတာကို မိဖုရားကြီးအရာ၌ထားလေ၏။

သိကြားစောင်မ တရားပြ

မှူးမတ်ပုဏ္ဏားတို့သည် သိကြားမင်းကို မြင်ကြလျှင် ယခုအခါ၌ ဤမှာသိကြား မင်းပေးသော တရားစောင့်သည့်မင်း ကောင်း မင်းမြတ်ကို ရပေပြီဟု ဝမ်းမြောက်ကြကုန်၏၊ သိကြားမင်းသည် ကောင်းကင်မှာရပ်လျက်—

"အချင်းတို့··တရားမစောင့်သော မင်းတို့နိုင်ငံ ဝယ် မိုးရွာသော်လည်း မရွာသင့်သောအခါ၌ရွာ ၏၊ ရွာသင့်သောအခါ၌မရွာလေ၊ တရားမစောင့် သောမင်းသည် နတ်ပြည်ဝယ် မင်းအဖြစ်ကို ရစေ ကာမူနတ်ပြည်မှရွေ့လျောရ၏၊တရားမစောင့်သော မင်းသည် ဤမျှလောက်သင်တို့ကို ညှဉ်းဆဲခဲ့ပြီ မ ဟုတ်လော"-

ဤသို့လျှင် လူတို့ကို အဆုံးအမပေးကာ မိမိနေရာ နတ် ရွာသို့သွားလေ၏၊ သူကြွယ်လုလင်ဖြစ်သောမင်းမြတ်လည်း အဂတိလေးပါး မလိုက်စားဘဲ တရားနှင့်အညီ မင်းပြုသ ဖြင့် နတ်ပြည်ကိုပြည့်စေ၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ် တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်-

ရဟန်းတို့····

※ ထိုအခါတရားမစောင့်သောမင်းသည်- ယခုအခါ ဒေဝဒတ်။

※ သိကြားမင်းသည်-အနုရုဒ္ဓါ။

※ သုဇာတာသည်-ရာဟုလာမယ်တော်။
※ သိကြားပေးသောမင်းသည်-ငါဘုရားဖြစ်လာပြီ-
ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) မတရားမင်း၊နိုင်ငံညှဉ်း၊ကင်း၏နတ်ပြည်မှာ။
(၂) မရွာချိန်ကျ၊မိုးရွာချ၊ချိန်ကျမိုးမရွာ။
(၃) မတရားမင်း၊နိုင်ငံတွင်း၊ဆိုက်ခြင်းကပ်သုံးဖြာ။
(၄) သီလကျေးဇူး၊ဂုဏ်အထူး၊နတ်မှူးမခနေသာ။

မဏိစောရဇာတ်ပြီး၏။

---

## ၁၉၅—ပဗ္ဗတပဏ္ဏရဇာတ်

**ပစ္စုပ္ပန်ဝတ္ထု**

**နန်းတွင်းသူပြစ်မှား မင်းလျှောက်ထား**

နတ်လူတို့ ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကောသလမင်းကြီး အမတ်တယောက်သည် နန်းတွင်းသူတယောက်နှင့် မှားယွင်းလေ၏။

ကောသလမင်းကြီးသည် ထိုအမတ်ကို စုံစမ်းစေသည် ရှိသော် ဟုတ်မှန်သောအကြောင်းကိုသိ၍ မြတ်စွာဘုရားအား လျှောက်ထားမည်ဟု ဇေတဝန် ကျောင်းတော်သို့ သွားပြီးလျှင် မြတ်စွာဘုရားကိုရှိခိုး၍ "အရှင်ဘုရား.... အမတ်တယောက်သည် နန်းတွင်းသူတယောက်နှင့် မှားယွင်းပါသည်၊ ထိုအမတ်ကို အဘယ်သို့ ပြုရပါမည်နည်း" ဟု လျှောက်ထား၏၊ "မင်းကြီး.... ထိုအမတ်သည် သင့်

အား ကျေးဇူးများသောအမတ်လော၊ နန်းတွင်းသူလည်း သင်ချစ်အပ်သော နန်းတွင်းသူလော''ဟု မေးလေ၏၊ ''အရှင်ဘုရား.... အမတ်သည် အကျွန်ုပ်အား ကျေးဇူးများသောအမတ်ဖြစ်ပါသည်၊ နန်းတွင်းသူလည်း အကျွန်ုပ်ချစ်အပ်သော နန်းတွင်းသူဖြစ်ပါသည်''ဟု လျှောက်၏၊''မင်းကြီး.... ထိုသို့ဖြစ်လျှင် နှစ်ဦးလုံး၌ မဖျက်ဆီးကောင်းပေ၊ ရှေးအခါ၌လည်း မင်းတို့သည် ပညာရှိတို့စကားကို ကြားကုန်လတ်သော် လျစ်လျူရှုကြကုန်ဘူးပြီ''ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**အပြစ်ပေးသင့်နှုင်းချိန်ချင့်**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် အမတ်မျိုး၌ဖြစ်၍ အရွယ်ရောက်လတ်သော် မင်းကြီးကို အကျိုးအကြောင်းပြကာ ဆုံးမတတ်သော ပညာရှိအမတ် ဖြစ်လေ၏။

ထိုအခါ ဗြဟ္မဒတ်မင်းကြီး အမတ်တယောက်သည် နန်းတွင်းသူတယောက်နှင့် မှားယွင်းလေ၏၊ မင်းကြီးသည် ထိုအမတ်ကို စုံစမ်းစေသည်ရှိသော် ဟုတ်မှန်နေကြောင်းကိုသိ၍ ဤအမတ်သည် ငါ့အား ကျေးဇူးများသောအမတ်ဖြစ်သည်၊ နန်းတွင်းသူလည်း ငါချစ်အပ်သော မိန်းမဖြစ်သည်၊ သို့အတွက် နှစ်ဦးလုံးကိုပင် မဖျက်ဆီးကောင်းပေ၊ ငါသည် ပညာရှိအမတ်ကိုပြဿနာမေး၍ သည်းခံသင့်လျှင် သည်းခံမည်၊ ဖျက်ဆီးသင့်လျှင် ဖျက်ဆီးမည်ဟု ကြံစည်လျက် ပညာရှိအမတ်ကိုခေါ်စေ၍—

**ပညာရှိမေးကာ ပြဿနာ**

"ပညာရှိအမတ်‥သင့်ကိုပြဿနာမေးမည်"ဟု ပြောသောအခါ"အရှင်မင်းကြီး‥မေးတော်မူပါ၊ ဖြေဆိုပါမည်" ဟု လျှောက်ထားလျှင်မင်းကြီးသည်—

"ပညာရှိအမတ်‥‥ မွှေလျော်ဘွယ်ရှိသော ဟိမဝန္တာတောင်ခြေရင်းရှိ မြေပြင်ဝယ် ချမ်းအေးချိုမြိန်သောရေရှိ၍ ကြာတို့ဖြင့် ဖုံးလွှမ်းအပ်သော ရေကန်ကို ခြသေ့မင်း စောင့်ရှောက်မှန်းသိလျက် မြေခွေးသောက်ကောင်းသလော"-

ဟု မေးလေ၏။

**ထိုသူနှစ်ဝ ခေါ်ဆုံးမ**

ထိုအခါ ပညာရှိအမတ်သည် အမတ်တယောက်သည် နန်းတွင်းသူတယောက်နှင့် မှားယွင်းသည်ဖြစ်လိမ့်မည်ကိုသိ၍-

"မြတ်သောမင်းကြီး‥‥ကြာတို့ဖြင့်ဖုံးလွှမ်းအပ်သောရေကန်ကို ငှက်, ခွေး, ယုန်, ကြောင်, သမင်စသော သားမျိုးတို့သောက်ကောင်းပါ၏၊ ထိုသားမျိုးတို့ သောက်ခြင်းကြောင့်လည်း ရေကန်ပင်ဖြစ်ပါတော့၏၊ ထိုနန်းတွင်းသူကို အရှင်မင်းကြီးသည် အကယ်၍ချစ်မြတ်နိုးပါမူ သည်းခံတော်မူပါ"-

ဟု ဖြေကြားလျှောက်ထားကာ မင်းကြီးအား အဆုံးအမပေးလေ၏၊ မင်းကြီးလည်း ပညာရှိအမတ်၏အဆုံးအမ၌တည်၍ မှားယွင်းသူနှစ်ဦးတို့အား ဤသို့သဘောရှိသော ယုတ်မာသောအမှုကိုမပြုကြကုန်လင့်"ဟု တားမြစ်ပြီးလျှင် သည်းခံတော်မူ၏၊ ထိုအခါမှစ၍ ထိုသူယုတ်နှစ်ဦးတို့သည်

ရှောင်ကြဉ်ကြကုန်၏၊ မင်းကြီးလည်း ကုသိုလ်ကောင်းမှုကို ပြု၍ အသက်၏အဆုံး၌ နတ်ပြည်ကိုပြည့်စေ၏။

ဤဒေသနာတော်ကို ကြားနာရ၍ ကောသလမင်းကြီးလည်း မှားယွင်းသူနှစ်ဦးတို့အား သည်းခံကာ လျှစ်လျူရှုတော်မူ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်-

မင်းကြီး....

※ ထိုအခါမင်းကြီးသည်-ယခုအခါအာနန္ဒာ။

※ ပညာရှိအမတ်သည်- ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) သူ၏မယား၊ မပြစ်မှား၊ ရှောင်ရှားအပ်သည်သာ၊

(၂) ပြစ်မှားသူလည်း၊ ကျေးဇူးသည်း၊ သည်းညည်းခံကြရာ။

ပဗ္ဗတပတ္ထရဇာတ်ပြီး၏။

---

## ၁၉၆—ဝလာဟကဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ငါးဝအာရုံ လှည့်စားပုံ

နတ်လူတို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာသနာတော်၌ ငြီးငွေ့ပျင်းရိကာ လူထွက်လိုသော ရဟန်းတပါးရှိလေ၏။

ထိုရဟန်းအကြောင်းကို မြတ်စွာဘုရား သိတော်မူလျှင် ထိုရဟန်းအား ''ချစ်သားရဟန်း.... မိန်းမတို့ မည်သည် ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံဟူသော အာရုံ ငါးပါးဖြင့်၎င်း၊ တင့်တယ်စမ္ပယ်ခြင်းဖြင့်၎င်း၊ အမူအရာ ဟန်ပန်ဖြင့်၎င်း၊ ယောကျ်ားတို့ကို ဖြားယောင်းသွေးဆောင် ကုန်လျက် မိမိတို့အလိုသို့ပါသည်ကိုသိလျှင် သီလပျက်စီး ခြင်းသို့၎င်း, စီးပွါးဥစ္စာ ပျက်စီးခြင်းသို့၎င်း ရောက်စေ တတ်သောကြောင့် ဘီလူးမနှင့်တူကုန်၏၊ ဘီလူးမတို့သည် ရှေးအခါ၌ ကုန်သည်တို့ကို ဖြားယောင်းသွေးဆောင်ကုန် လျက် မိမိတို့အလိုသို့ပါအောင် ပြုလုပ်ကြ၍ အသက်ကုန် ခြင်းသို့ ရောက်စေလျက် မေးစွေ့, ပါးစောင်နှစ်ဘက်တို့မှ သွေးတို့ကို ယိုစီးစေပြီးလျှင် ကြွပ်ကြွပ်မြည်အောင် ဝါးစား ဘူးကုန်ပြီ''ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**လူယောင်ဖန်ဆင်း ဘီလူးသင်း**

လွန်လေပြီးသောအခါ သီဟိုဠ်ကျွန်း ဝယ် သိရိဝတ္ထု မည်သော ဘီလူးတို့ မြို့သည် တည်ရှိလေ၏၊ ထိုမြို့၌ ဘီလူး မတို့သည် နေကြကုန်၏၊ ဘီလူးမတို့သည် သမုဒ္ဒရာဝယ် သင်္ဘောပျက်သော ကုန်သည်တို့ ရောက်လာကြလျှင် တန် ဆာဆင်ကြကုန်လျက် ခဲဘွယ်ဘောဇဉ်တို့ကို ယူစေပြီးလျှင် ကျွန်မအပေါင်းခြံရံကာ ကလေးတို့ကို ရင်ခွင်ပိုက်ကုန် လျက် ကုန်သည်တို့ထံကပ်ကြ၍ ယာဂုသောက်ပါ, ထမင်း စားပါ, ခဲဘွယ်ဘောဇဉ်စားပါ စသည်ဖြင့် ပေးကမ်း၍ လောကွတ်ပျူ၄ါ ပြုလေ့ရှိကြကုန်၏။

**လိမ်လည်လှည့်ဖြား ဘီလူးများ**

ကုန်သည်တို့သည် ဘီလူးမတို့မှန်းမသိကြသဖြင့် ယာဂု, ထမင်း,ခဲဘွယ်ဘောဇဉ်တို့ကို ယူငင်ကာ သောက်ကြ,စားကြကုန်၏၊ ကုန်သည်တို့ အမောအပန်း ပြေသောအခါ ဘီလူးမတို့သည်-"အမောင်တို့.... ဘယ်အရပ်မှာ နေကြသနည်း၊ ဘယ်အရပ်မှလာကြသနည်း၊ ဘယ်အရပ်သို့သွားကြမည်နည်း၊ ဤအရပ်သို့ ဘယ်ကိစ္စဖြင့် လာကြသနည်း စသည်ဖြင့်မေးမြန်းကုန်လျက် ပျူငှါလောကွတ်ပြုလေ့ရှိကြကုန်၏၊ထိုအခါကုန်သည်တို့သည် သင်္ဘောပျက်၍ ဤအရပ်သို့ရောက်လာကြကြောင်းကိုပြောဆိုကြလျှင်"အမောင်တို့..ကျွန်ုပ်တို့ လင်ယောကျာ်းများလည်း သင်္ဘောဖြင့်သွားကြသည်မှာ သုံးနှစ်ကျော်မျှရှိကုန်ပြီ၊ သေကြသည်ဖြစ်လိမ့်မည်၊ သို့အတွက်သင်တို့ထံခြေရင်း အလုပ်အကျွေးပြုလိုပါသည်" ဟု ဖြားယောင်း ပြောဆိုကြပြီးလျှင် ဘီလူးတို့မြို့သို့ ခေါ်ဆောင်သွားလေ့ရှိကြကုန်၏။

**နောက်လာလှည့်စား ရှေ့လူစား**

ရှေးဦးစွာရောက်သောသူတို့ကို နတ်တို့သံခြေချင်းတို့ဖြင့် ခတ်ပြီးလျှင် နှောင်အိမ်သို့ သွင်းထားလေ့ ရှိကြကုန်၏၊ နောက်လူများ ရောက်လာလျှင် သံခြေချင်း ခတ်ထားသူတို့ကို စားလေ့ရှိကြကုန်၏။

တနေ့သ၌ ကုန်သည်ငါးရာတို့သည် ဘီလူးမြို့အနီးသို့ ရောက်လာကြ ကုန်၏၊ ထိုအခါ ဘီလူးမ ငါးရာတို့သည် ကုန်သည်ငါးရာတို့ထံသွားကြ၍၊ ဖြားယောင်း သွေးဆောင်ကာ ဘီလူးမြို့သို့ခေါ်ဆောင်သွားကြပြီးလျှင် ဘီလူးမကြီး

သည် ကုန်သည်ကြီးကို,ဘီလူးမငယ်တို့သည် ကုန်သည်ငယ်တို့ကို လင်ပြုကြကုန်၏။

**ဘီလူးတို့ဘေး သိ၍ပြေး**

ညဉ့်အခါကုန်သည်တို့ အိပ်ပျော်ကြစဉ် ဘီလူးမတို့သည် နှောင်အိမ်သို့ သွားလျက် လူသားကိုစားပြီးလျှင် ပြန်လာကြကုန်၏၊ ကုန်သည်ကြီးသည် နိုး၍ စုံစမ်း လတ်သော် ဘီလူးမကြီးကို ဘီလူးမမှန်းသိလျှင် ကြွင်းသော မိန်းမတို့လည်း ဘီလူးမတို့သာဖြစ်ကြလိမ့်မည်၊ ငါတို့ပြေးရန်သင့်၏ဟု ကြံစည်လျက် မိုးသောက်သောအခါ စောစောထ၍ မျက်နှာ သစ်ပြီးလျှင် ကုန်သည်တို့ကို "အချင်းတို့....ဤမိန်းမတို့ကား လူသားမဟုတ်ကုန်၊ ဘီလူးမတို့ဖြစ်ကုန်၏၊ တပါးသော ကုန်သည်တို့ရောက်လာသောအခါ လင်ပြုကြပြန်၍၊ ငါတို့ကိုစားကြလိမ့်မည်၊ ဤအရပ်မှပြေးရန်သင့်သည်ဟု ပြောဆိုလေ၏။

ထိုအခါ ကုန်သည် နှစ်ရာငါးကျိပ်တို့သည် ကုန်သည်ကြီးစကားကို ယုံကြကုန်၏၊နှစ်ရာငါးကျိပ်တို့ကားမယုံကြည်ကြသဖြင့် အချင်းတို့သာသွားကြကုန်၊ကျွန်ုပ်တို့ကား မိန်းမတို့ကိုစွန့်၍မလိုက်နိုင်ကုန်ဟုပြောဆိုကာ ကျန်ရစ်ခဲ့ကြကုန်၏၊ ကုန်သည်ကြီးကား မိမိစကားကိုယုံကြည်သောသူတို့ကို ယူဆောင်ကာ ဘီလူးဘေးမှကြောက်သဖြင့် ပြေးလေ၏။

**လောင်းတော်မြင်းပျံ ကယ်မရန်**

ထိုကာလ၌ ဘုရား အလောင်းသည် ဝလာဟက မြင်းမျိုး၌ဖြစ်၍ ကိုယ်လုံးဆွတ်ဆွတ်ဖြူ၏၊ ညိုသောဦးခေါင်းရှိ၏၊ ဖြူဆံမြက်နှင့်တူသော လည်ဆံမွေးရှိ၏၊ တန်ခိုးဣဒ္ဓိပါဒ်နှင့်

ပြည့်စုံ၏၊ ကောင်းကင်သို့ ပျံသွားနိုင်၏၊ ထိုဝလာဟက မြင်းသည် ဟိမဝန္တာမှ ကောင်းကင်ခရီးဖြင့်ပျံ၍ သီဟိုဠ်ကျွန်းသို့သွားကာ အိုင်ငယ်တို့၌ အလိုလိုပေါက်သော သလေးစပါးကို စားလေ့ရှိ၏။

သီဟိုဠ်ကျွန်းမှအပြန်တွင် ဇမ္ဗူဒိပ်ကျွန်းသို့ လိုက်လိုသူများရှိသလောဟုသုံးကြိမ်အော်ဟစ်၍မေးလေ၏၊ကုန်သည်တို့ကြားလျှင် အနားသို့ချဉ်းကပ်၍ "အရှင်....အကျွန်ုပ်တို့လိုက်လိုကြပါသည်"ဟုတောင်းပန်လျှင် "ကောင်းပြီလိုက်ခဲ့ကြ၊ ငါ့ကျောပေါ်တက်ကြ"ဟုပြောလေ၏၊ ကုန်သည်တို့သည် အချို့ကျောပေါ်တက်ကြကုန်၏၊ အချို့အမြီးကိုဆွဲကြကုန်၏၊ အချို့လက်အုပ်ချီကာရပ်ကြကုန်၏။

ဝလာဟကမြင်းသည် အယုတ်ဆုံး လက်အုပ်ချီနေသူမှစ၍ နှစ်ရာငါးကျိပ်သော ကုန်သည်တို့ကို မိမိတန်ခိုး အာနုဘော်ဖြင့် ဇမ္ဗူဒိပ်ကျွန်းသို့ ဆောင်ယူကာ အသီးအသီး အိမ်အရောက်ပို့ပြီးလျှင် မိမိနေရာသို့သွားလေ၏။

**မယုံသူများ ဘီလူးစား**

ထိုဘီလူးမတို့လည်း တပါးသော ကုန်သည်တို့ရောက်လာသောအခါ ကျန်ရစ်သောကုန်သည် နှစ်ရာငါးကျိပ် တို့ကို စားကြကုန်၏။

မြတ်စွာဘုရားသည်ရဟန်းတို့ကိုခေါ်တော်မူ၍—

"ရဟန်းတို့....ငါဘုရား အဆုံးအမကို မလိုက်နာသောသူတို့သည်ဘီလူးမတို့စကားကိုနားထောင်ကာ ဘီလူးမတို့စား၍ ပျက်စီးသောကုန်သည်တို့ကဲ့သို့ ပျက်စီးကြကုန်လတ့်၊ငါဘုရား အဆုံးအမကို

လိုက်နာသော သူတို့သည် ဝလာဟက မြင်းမြတ် စကားကို နားထောင်ကာ ဝလာဟက မြင်းမြတ် အာနုဘော်ဖြင့် အိမ်သို့ရောက်၍ ချမ်းသာသော ကုန်သည်တို့ကဲ့သို့ နိဗ္ဗာန်သို့ရောက်၍ ချမ်းသာကြ ကုန်လတ့်''-

ဟုမိန့်တော်မူ၏။

ဤဒေသနာတော်၏အဆုံး၌ လူထွက်လိုသော ရဟန်း သည် သောတာပတ္တိဖိုလ်၌တည်လေ၏၊ တပါးသောများ စွာသောရဟန်းတို့သည်လည်း သောတာပတ္တိဖိုလ်,သကဒါ ဂါမိဖိုလ်,အနာဂါမိဖိုလ်,အရဟတ္တဖိုလ်၌တည်ကြကုန်၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ် တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်-

ရဟန်းတို့....

※ ထိုအခါ ဝလာဟကမြင်းစကားကိုလိုက်နာသော ကုန်သည်နှစ်ရာ့ငါးကျိပ်သည်- ယခုအခါ ဘုရား ပရိသတ်။

※ ဝလာဟကမြင်းသည်-ငါဘုရားဖြစ်လာပြီ-

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ငါးအာရုံဖြင့်၊မူရာဖြင့်၊တင့်တယ်မိန်းမများ။
(၂) အလိုလိုက်လျက်၊သီလပျက်၊ပျက်၏ဥစ္စာများ။
(၃) ဘီလူးမသွင်၊သူ့လိုအင်၊ဆွဲငင်သွေးဆောင်ငြား။

ဝလာဟကဇာတ်ပြီး၏။

## ၁၉၇—မိတ္တာမိတ္တဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

ဆရာတပည့်ပြု
သတ်ပုတ်မှု

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် မထင်ရှားသော ရဟန်းတပါးသည် ငါယူလျှင် ဥပဇ္ဈာယ်ဆရာ အမျက်ထွက်လိမ့်မည်မဟုတ်ဟု နှလုံးသွင်းကာ ဥပဇ္ဈာယ်ဆရာထားသော အဝတ်လွှာပိုင်းတခုကို အကျွမ်းဝင်သဖြင့် ယူ၍ဘိနပ် အိတ်ချုပ်ပြီးမှ ဥပဇ္ဈာယ်ဆရာအား ပန်ကြားလေ၏။


ထိုအခါ ဥပဇ္ဈာယ်ဆရာသည်တပည့်အား "ရဟန်း…. ငါ့အဝတ်လွှာပိုင်းကို အဘယ်ကြောင့်ယူသနည်း"ဟု မေးလေ၏၊ "အရှင်ဘုရား…. အရှင်အမျက်ထွက်လိမ့်မည် မဟုတ်ဟု နှလုံးသွင်းကာ အကျွမ်းဝင်သဖြင့် ယူမိပါသည်" ဟု ပြောလေ၏၊ "ရဟန်း….ငါနှင့်သင်ဘယ်မှာအကျွမ်းဝင်ဘူးသနည်း"ဟု ပြောဆိုပြီးလျှင် ထ၍သတ်ပုတ်လေ၏။

ထိုဆရာတပည့်တို့အကြောင်းကိုမြတ်စွာဘုရား သိတော်မူလျှင် "ရဟန်းတို့….ထိုရဟန်းသည် ယခုအခါ၌သာ မိမိအတူနေတပည့်နှင့် အကျွမ်းမဝင်သည်မဟုတ်၊ ရှေးအခါ၌လည်း အကျွမ်းမဝင်သည်သာတည်း"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

လိုက်နာမဆင်ခြင်
သေပွဲဝင်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ကာသိ



P201. ပဒုမမင်းကြီးသည် မိမိအား တောင်စောင်းမှတွန်းချ၍ တေုံးကိုရွက်လာသည့် မိန်းမယုတ်အား မေးမြန်းနေပုံ။

တိုင်းဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် ရသေ့ရဟန်းပြုကာ အဘိညာဉ် သမာပတ်ကို ဖြစ်စေ၍ ရသေ့အပေါင်းတို့ဆရာဖြစ်လျက် ဟိမဝန္တာ အရပ်တွင် နေလေ၏။

ထို တပည့်အပေါင်းတို့တွင် တပည့်ရသေ့ တယောက်သည် ဆရာရသေ့စကားကိုနားမထောင်ဘဲ အမိသေသော ဆင်ငယ်တစီးကို မွေးမြူလေ၏၊ ထိုဆင်ငယ်ကြီးလတ်သော် ရသေ့ကိုသတ်၍ တောသို့ဝင်လေ၏။

**တပည့်အများ ဆုံးမခြင်း**

ထိုရသေ့အလောင်းကိုသင်္ဂြိုဟ်ပြီးသော် ရသေ့အပေါင်းသည် ဆရာရသေ့ကိုခြံရံ ကုန်လျက် "အရှင်ဘုရား.... အဆွေခင်ပွန်းဖြစ်သည်ကိုဎင်း, ရန်သူဖြစ်သည်ကိုဎင်း ဘယ်အကြောင်းဖြင့် သိရပါမည်နည်း"ဟုမေးလျှောက်ကြသည်ရှိသော်ဆရာရသေ့သည် တပည့်တို့အား—

"တပည့်တို့.... ရန်သူသည် ရန်ဘက်ကိုမြင်လျှင် ပြုံးရွှင်ခြင်းမရှိ, ရန်ဘက်စကားကိုကြားလျှင် နှစ်သက်ခြင်းမရှိ,ရန်ဘက်နှင့် မျက်နှာချင်းဆိုင်၍ကြည့်ရှုခြင်းမရှိ, ရန်ဘက်၏ဆန့်ကျင်ဘက်ကိုပြု၏"။

"ပညာရှိသည် ထိုအကြောင်းလေးပါးကိုမြင်၍ဎင်း,ကြား၍ဎင်း ဤသူကား ငါ့ရန်သူဖြစ်သည်ဟုသိရာ၏၊ ထိုအကြောင်းလေးပါးတို့သည် ရန်သူ၌တည်ရှိကုန်၏"—

ဟု ရန်သူဖြစ်သည်ကိုဎင်း,အဆွေခင်ပွန်းဖြစ်သည်ကိုဎင်း သိနိုင်ရန်အကြောင်းလေးပါးကို ပြောကြားဖြေဆိုလေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ဆင်ငယ်ကိုမွေးမြူသောရသေ့သည်- ယခု အခါ အတူနေတပည့်။

※ ဆင်ငယ်သည်- ဥပဏ္ဏာယ်ဆရာ။

※ ရသေ့အပေါင်းသည်- ငါဘုရားပရိသတ်။

※ ဆရာရသေ့သည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) မပြုံးမရွှင်၊ ရန်ဘက်မြင်၊ ကြားလျှင်မနှစ်လို။

(၂) မျက်နှာမဆိုင်ချင်၊ ပြုဆန့်ကျင်၊ လေးအင်ရန်သူဆို။

(၃) အကြောင်းလေးပါး၊ မရှိငြား၊ မှတ်သားမိတ်ဆွေကို။

မိတ္တာမိတ္တဇာတ်ပြီး၏။

---

## ၁၉၈—ရာဓဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**မိန်းမကြောင့်ပြုံးမှု** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် တန်ဆာဆင်ထားသောမိန်းမကို မြင်သဖြင့် သာသနာတော်မှ ငြီးငွေ့ပျင်းရိကာ လူထွက်လိုသော ရဟန်းတပါးရှိလေ၏။

ထိုရဟန်းအကြောင်းကို မြတ်စွာဘုရား သိတော်မူလျှင် "ချစ်သားရဟန်း....မိန်းမတို့မည်သည် မစောင့်ရှောက်နိုင်၊ ရှေးအခါ၌လည်း အိမ်ရှင်ယောကျ်ားသည် တံခါးစောင့်ကိုထားခဲ့၍ စောင့်ရှောက်ပါသော်လည်း မတတ်နိုင်၊ သင်သည် လျှပ်ပေါ်လော်လည်သော မိန်းမတို့ကို အဘယ်သို့စောင့်ရှောက်နိုင်မည်နည်း"ဟုမိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

**ကျေးသားမှာကြား ကုန်သွယ်သွား**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည်ကျေးငှက်မျိုး၌ဖြစ်၍ အမည်အားဖြင့် ရာဓဟု မှည့်ခေါ်ကြကုန်၏၊ ညီငယ်ကို ပေါဋ္ဌပါဒဟု မှည့်ခေါ်ကြကုန်၏။

ထိုကျေးညီနောင်တို့ကို မုဆိုးတယောက်သည် ငယ်စဉ်ကပင်ဖမ်းယူခဲ့၍ ဗာရာဏသီပြည်တွင် မထင်ရှားသော ပုဏ္ဏားတယောက်အားပေးလေ၏၊ ပုဏ္ဏားသည် ကျေးညီနောင်တို့ကို သားသမီးအရာ၌ထား၍ မွေးမြူလေ၏၊ ပုဏ္ဏား၏မယား ပုဏ္ဏေးမကား စောင့်ရှောက်ခြင်းမရှိ၊ အကျင့်သီလမရှိလေ။

ပုဏ္ဏားသည် ကုန်သွယ်သွားသည်ရှိသော် ကျေးညီနောင်တို့ကိုခေါ်၍ "အမောင်တို့....ငါကုန်သွယ်သွားမည်၊ အခါကာလ၌ဖြစ်စေ၊ အခါကာလမဟုတ်သည်၌ဖြစ်စေ မိခင်ပုဏ္ဏေးမ ပြုလုပ်သော အမှုကို ကြည့်ရှုရစ် ကြလော၊ ယောကျ်ားတပါး ရောက်လာသည်ကိုဖြစ်စေ, မရောက်လာ

သည်ကိုရင်း သိအောင် ပြုရစ်ကြကုန်လော''ဟု မှာထားကာ ပုဏ္ဏေးမကိုစောင့်ရှောက်ရန် ကျေးညီနောင် တို့အား အပ်နှင်းခဲ့၍ သွားလေ၏။

**ညီငယ်ပြောကြား တားမြစ်ခြား**

ပုဏ္ဏေးမသည် ပုဏ္ဏားသွားသောအခါ မှစ၍ ယုတ်မာသော အကျင့်ကို ကျင့်လေ၏၊ နေ့၌ရင်း, ညဉ့်၌ရင်း လာကြသောယောကျ်ားတို့သည် အပိုင်းအခြားမရှိကုန်၊ ပေါဋ္ဌပါဒသည် မိခင်ပုဏ္ဏေးမပြုလုပ်သော အခြင်းအရာကို မြင်လျှင် နောင်တော်ရာဓအား''နောင်တော်....ဘခင်ပုဏ္ဏားသည် ပုဏ္ဏေးမကို ငါတို့အားအပ်နှင်း၍သွားသည်၊ပုဏ္ဏေးမလည်း ယုတ်မာသော အကျင့်ကိုကျင့်၏၊ ပုဏ္ဏေးမကို ပြောဆိုမည်''ဟုပန်ကြားလေ၏၊ရာဓသည် ပေါဋ္ဌပါဒအား ညီငယ်မပြောဆိုလင့်ဟု တားမြစ်လေ၏။

**ညီငယ်တားမရ သေဆုံးရ**

ပေါဋ္ဌပါဒသည် နောင်တော် တားမြစ်သောစကားကို မနာယူဘဲ ပုဏ္ဏေးမအား ''မိခင်.... သင်သည် အဘယ့်ကြောင့်ယုတ်မာသောအကျင့်ကို ပြုကျင့်သနည်း''ဟု ပြောဆိုလေ၏၊ ထိုအခါ ပုဏ္ဏေးမသည် ပေါဋ္ဌပါဒကို သတ်လိုသည်ဖြစ်၍ ''ချစ်သားပေါဋ္ဌပါဒ.... သင်သည် ငါ့သားဖြစ်လျက် ငါ့ကိုဆုံးမပေသည်၊ ငါသည် ဤနေ့မှစ၍ မပြုကျင့်တော့ပါ''ဟု ဆိုပြီးလျှင်တဖန် ''ချစ်သားပေါဋ္ဌပါဒ.. မိခင်ထံလာပါဦးလော့''ဟုချစ်ယောင်ပြုကာခေါ်ယူ၍ လာသောအခါ ''သင်သည်ငါ့ကို ပြောဆိုရာသလော၊ မိမိ၏ ပမာဏကိုမသိ''ဟု လည်ပင်းကိုလိမ်၍ သတ်ပြီးလျှင် ခုံလှောက်ကြားတွင်ထားလေ၏။

**ဘခင်ပြောကြား တောသို့သွား**

ပုဏ္ဏားလည်းပြန်ရောက်လာ၍ အပန်းဖြေပြီးလျှင် ရာဓအား—

"ချစ်သားရာဓ.... ငါအရပ်တပါးမှ ယခုပြန်ရောက်လာသည်မှာ မကြာမြင့်သေး၊ သင်တို့ မိခင်သည်ငါမရှိခိုက်ယောကျ်ားတပါးနှင့်ယုတ်မာသော အကျင့်ကို ကျင့်သလော၊ မကျင့်ဘဲရှောင်ကြဉ် သလော"-

ဟုမေးမြန်းလေ၏၊ထိုအခါရာဓသည်ဘခင်ပုဏ္ဏားအား-

"ဘခင်....ပညာရှိတို့မည်သည်ကား- ဟုတ်မှန်သောစကားပင် ဖြစ်သော်လည်း နား၌ကြား၍ မချမ်းသာသည်ဖြစ်ပါမူ မပြောဆိုကြကုန်၊ ပြောဆိုမိသော ပေါဋ္ဌပါဒမှာ မီးနှင့်ရောသော ပြာပူမှာ သေရသကဲ့သို့ ထို့အတူ ပြောဆိုမိသောသူမှာ သေရမည်"—

ဟု တရားဟော၍ အကျွန်ုပ်သည် ဤအရပ်၌ နေရန် မသင့်ပြီဟု ဘခင်ပုဏ္ဏားကို ပန်ကြားပြီးလျှင် တောသို့ဝင်လေ၏။

ဤဒေသနာတော်ကို ဟောတော်မူပြီးလျှင် သစ္စာကို ပြတော်မူသည့်အဆုံး၌ သာသနာတော်မှ ငြီးငွေ့ ပျင်းရိ၍ လူထွက်လိုသောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....
※ ထိုအခါ ပေါဠပါဒ ကျေးသားသည်- ယခုအခါ အာနန္ဒာ။
※ ရာဓကျေးသားသည်-ငါဘုရားဖြစ်လာပြီ။
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

၁။ လေ်လည်လျပ်ပေ ၊မိပျက်ချော်၊စောင့်သော်မရပါ။
၂။ နားမချမ်းပြား၊မှန်စကား၊ရှောင်ရှားပညာ၀ါ။
၃။ ပေါဠပါကျေး၊ပြောမိရေး၊သေဘေးရောက်ရရှာ။

ရာဓဇာတ်ပြီး၏။

---

## ၁၉၉။ ဂဟပတိဇာတ်

ပဌ၊ပဥ်၀ဌ၊

လူထွက်လိုလှ ဆိုဆုံးမ

နတ်လူတို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတ၀န် ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သာသနာတော်၌ ငြီးငွေ့ပျင်းရိကာ လူ့အဖြစ်ကိုသာ လည်တမော့မော့ မျှော်နေသော ရဟန်းတပါးရှိလေ၏။

ထိုရဟန်းအကြောင်းကိုမြတ်စွာဘုရား သိတော်မူလျှင်- “ချစ်သားရဟန်း.... မိန်းမတို့မည်သည်ကား မစောင့်ရှောက်နိုင်၊ယုတ်မာသောအမှုကိုပြု၍ ဥပါယ်တမျဉ်ဖြင့်လင်ယောကျ်ားကိုလှည့်စားတတ်သည်သာတည်း”ဟုမိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု။

**သူကြွယ်မယား ကျင့်ဖေါက်ပြား**

လွန်လေပြီးသောအခါ ဗာရာဏသီပြည် ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ကာသိတိုင်းဝယ် သူကြွယ်မျိုး၌ ဖြစ်၍ အရွယ်ရောက်လတ်သော် အိမ်ယာ ထောင်ခြင်းကို ပြုလေ၏၊ သူကြွယ်မယားကား သီလမရှိ၊ ယုတ်မာသော အကျင့်ရှိ၏၊ ရွာသူကြီးနှင့်တကွ ယုတ်မာ သောအကျင့်ကိုကျင့်လေ၏၊သူကြွယ်လည်း ထိုအကြောင်း ကို သိသဖြင့် စုံစမ်းလျက်နေ၏။

**သူကြီးထံသွား ချေးငှါးစား**

မိုးတွင်းအခါ ပဲမျိုးတို့ကြဲပြီးလတ်သော် လူတို့သည် ဝေမွှတ်ခေါင်းပါးကုန်၏၊ စပါးတို့လည်း ဖုံးလုံးခိုက် ဖြစ်ကုန်၏၊ နောက်နှစ်လလောက်ကြာမှ စပါးတို့ကို သိမ်းဆည်းရကုန် လတ့်၊ထိုအခါလူတို့သည် သူကြီးထံသွားကာ နောက်နှစ်လ ရှိ၍ စပါးပေါ်မှပေးမည်ဟု အကြွေးခံလျက် နွားအိုတ ကောင်ကိုယူ၍ သတ်ပြီးလျှင် အသားကိုစားကြကုန်၏။

ရွာသူကြီးသည် အခွင့်အခါကောင်းကို ကြည့်၍နေခဲ့ရာ တနေ့သ၌ သူကြွယ်ရွာပြင်သို့ သွားသည်ကိုမြင်လျှင် အိမ် တွင်းသို့ဝင်လေ၏၊ သူကြွယ်မယားနှင့် ဆုံမိကြသောအခါ သူကြွယ်လည်း ရွာတံခါးသို့ဝင်လျက် အိမ်ဘက်သို့ရှေ့ရှု လာနေ၏၊ သူကြွယ်မယားသည် တံခါးခုံမှရပ်၍ ကြည့်ခိုက် သူကြွယ်ကိုမြင်သဖြင့် ရွာသူကြီးအား ပြောကြားလေလျှင် ရွာသူကြီးသည် မပြေးသာတော့ဘဲ ကြောက်လန့်တုန်လှုပ် ကာနေလေ၏။

မိန်းမပရိယာယ်
လိမ်ဥာဏ်ဆယ်

ထိုအခါသူကြွယ်မယားသည် ရွာသူကြီးအားမကြောက်လင့်၊ တခုသောဥပါယ်ရှိသည်၊ ငါတို့သည်သင့်ထံမှ နွားသားကိုယူ၍အကြွေးစားဘူးသည်၊သင်ကနွားသားဘိုး တောင်းဟန်ပြုလေ၊ ကျွန်ုပ်က ကျီထည်းဆင်းကာ စပါးမရှိပြောမည်ဟု အကြံဉာဏ်ပေးကာ ကျီထည်းသို့ဆင်းလေ၏။

သူကြွယ်ပြန်လာ၍အိမ်ရောက်လျှင်မိမိတိုင်ပင်ထားသောအတိုင်း ရွာသူကြီးသည် အိမ်လယ်မှာရပ်ကာ ငါ့အမဲဘိုးကိုပေးပါဟုတောင်းလေ၏၊ သူကြွယ်မယားသည် ကျီတံခါးတွင်ရပ်လျက် ယခုစပါးမရှိတော့ပါ၊နောက်စပါးသိမ်းပြီးမှပေးပါမည်၊ ယခုသွားပါဦး ဟုပြောလေ၏။

သူကြီးရိုက်ပုတ်
အိမ်မှထုတ်

သူကြွယ်လည်း ထိုသူနှစ်ယောက်တို့အမူအရာကိုမြင်လျှင် ဤအမူကား မိန်းမယုတ် ပြုလုပ်သော ဥပါယ်တမျဉ်ဖြစ်မည်ဟု သိလေလျှင် ရွာသူကြီးအား—

"ရွာသူကြီး··သင်တို့နှစ်ယောက်ပြုလုပ်ကြသောအမူအရာကို ငါမနှစ်သက်၊ အကြောင်းကိုငါပြောဦးမည်၊ငါတို့တော်မွတ်ခေါင်းပါး၍ သင့်နွားအိုသားကို ယူစားစဉ်က နှစ်လရှိသောအခါ စပါးပေါ်မှပေးမည်ဟု အကြွေးခံခဲ့ကြသည်၊ ယခုသင်ကားလခွဲမလွန်မီလာ၍ တောင်းခြင်းကို ငါမနှစ်သက်၊ ယုတ်မာသော အကျင့်ကိုကျင့်သော ဤမိန်းမယုတ်ကျီထည်းမှာစပါးမရှိသည်ကိုသိပါလျက် ကျီထည်းဆင်းကာ စပါးမရှိဟုပြောဆိုခြင်းကိုလည်းငါမနှစ်

သက် သို့အတွက် သင်တို့နှစ်ယောက်လုံးအမူအရာ
ကို ငါမနှစ်သက်”—

ဟု ပြောဆိုပြီးလျှင် ရွာသူကြီးကို ဥဿျောင်၌ ကိုင်ကာ ဆွဲငင်၍ ရိုက်ပုတ်ပြီးလျှင် ငါ့ရွာသူကြီးတကားဟု သူတပါး သိမ်းဆည်းသော ဥစ္စာကို ပြစ်မှားကောင်းသလော ဟု ကြိမ်းမောင်းဆဲရေးကာ လည်ပင်းကိုကိုင်၍အိမ်မှနှင်ထုတ် လေ၏။

**မိန်းမကြိမ်းမောင်း အကျင့်ပြောင်း**

မိန်းမကိုလည်း ကျီထည်းမှဆံထုံးကို ဆွဲ၍ ထုတ်ပြီးလျှင် ရိုက်ပုတ်ကာ နင်နောင် အခါ ဤလိုအမူမျိုး ပြုလုပ်ခဲ့လျှင် အ ကြောင်း သိရလိမ့်မည်ဟု မောင်းမဲခြိမ်းချောက်လေ၏။

ထိုအခါမှစ၍ ရွာသူကြီးလည်း ကြောက်ရွံ့ ထိတ်လန့် ကာ သူကြွယ်အိမ်ကို လှည့်၍ပင် မကြည့်ဝံ့ တော့ပေ၊ သူကြွယ် မယားလည်း နောက်တဘန် စိတ်ဖြင့်သော်မျှ လည်း ယုတ်မာသောအကျင့်ကို မကျူးလွန်ဝံ့တော့ချေ။

ဤဒေသနာတော်ကို ဟောတော်မူပြီးလျှင် သစ္စာကို ပြ တော်မူသည့် အဆုံး၌လူ့ အဖြစ်ကို လည်းတမေ့မေ့မျှော် ၍နေသော ရဟန်းသည် သောတာပတ္တိဖိုလ်၌တည်လေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည်-အတိတ်,ပစ္စုပ္ပန်နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ရွာသူကြီးသည်-ယခုအခါ ဒေဝဒတ်။

※ အိမ်ရှင်သူကြွယ်သည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ဥပါယ်ပြုငြား၊ လင်လှည့်စား၊ ဘောက်ပြားမိန်းမဉာဏ်။
(၂) ကြွေးတောင်းစေကာ၊ စပါးရှာ၊ ကျီမှာဆင်းနေဟန်။
(၃) လင်ကြီးက-ပါး၊နှစ်ယောက်သား၊ ရိုက်ငြားသေလုပြန်။

ဂဟပတိဇာတ်ပြီး၏။

---

## ၂၀၀။ သာဓုသီလဇာတ်

ဗန္ဓုပုန်၀ ၉၀၁။

**သမီးများကြောင်းပြ လျှောက်ထားမှု** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် မထင်ရှားသော ပုဏ္ဏား တယောက်အား သမီးလေးယောက်တို့ရှိကုန်၏။

ထိုသမီး လေးယောက်တို့ကို လူလေးယောက်တို့သည် တောင်းဆိုကြကုန်၏၊ တောင်းဆိုသူ ၄လေးယောက်တို့တွင် တယောက်ကား အဆင်းလှ၏၊ တယောက်ကား အရွယ်ကြီး၏၊ တယောက်ကား အမျိုးမြတ်၏၊ တယောက်ကား သီလရှိ၏။

ထိုအခါ ပုဏ္ဏားသည် မည်သူ့အားပေးရမည်ကို မသိမကြံတတ်၍ မြတ်စွာဘုရားထံသွားကာ ထိုအကြောင်းကို လျှောက်ထားလေ၏၊ မြတ်စွာဘုရားသည် ပုဏ္ဏားအား "ဒါယကာပုဏ္ဏား.... ရှေးအခါ၌လည်း ပညာရှိတို့သည် ဤပြဿနာကို ဖြေဆိုဘူးကုန်ပြီ၊ သင်ကား ဘဝတပါး ဖုံးလွှမ်း သောကြောင့် မမှတ်နိုင်" ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု။

**လုလင်လေးယောက်**
**သွိုးတောင်းရောက်**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်ရောက်သောအခါ တက္ကသိုလ်ပြည်၌ ပညာသင်ကြား တတ်မြောက်၍ ပြန်လာရာ ဗာရာဏသီပြည်တွင် ဒိသာပါမောက္ခဆရာကြီးဖြစ်လေ၏။

ထိုအခါ ပုဏ္ဏားတယောက်အား သမီးလေးယောက်တို့သည် ရှိကုန်၏၊ ထိုသမီးလေးယောက်တို့ကို လူလေးယောက်တို့သည် လာ၍တောင်းဆိုကြကုန်၏၊ တောင်းဆိုသူလေးယောက်တို့တွင် တယောက်ကား အဆင်းလှ၏၊ တယောက်ကား အရွယ်ကြီး၏၊ တယောက်ကား အမျိုးမြတ်၏၊ တယောက်ကား သီလရှိ၏။

**စဉ်းစားဆင်ခြင်**
**ဆရာတိုင်ပင်**

ပုဏ္ဏားသည် တောင်းဆိုလာသူလေးယောက်တို့တွင် ဘယ်သူ့အားပေးသင့်သည်ကို မသိသဖြင့် မကြံတတ်တော့ဘဲ ဒိသာပါမောက္ခ ဆရာကြီးထံသွား၍ မေးပြီးလျှင် သင့်လျော်သူအားပေးမည်ဟုနှလုံးသွင်းကာ ဒိသာပါမောက္ခဆရာကြီးထံသွားလေ၏၊ ရောက်လျှင် ဆရာကြီးအား—

''ဆရာကြီး····အကျွန်ုပ်၏ သမီးလေးယောက်တို့ကို လူလေးယောက်တို့လာ၍ တောင်းကြပါ၏၊ ထိုတောင်းသူလေးယောက်တို့တွင် တယောက်ကား အဆင်းလှပါ၏၊ တယောက်ကား အရွယ်ကြီးပါ၏၊ တယောက်ကား အမျိုးမြတ်ပါ၏၊ တယောက်

ကား သီလရှိပါ၏၊ ထိုလေးယောက်တို့တွင် ဘယ်သူအား ပေးရမည်ကိုမသိ၍ ဆရာကြီးထံ လာ၍ မေးပါ၏၊ ဘယ်သူအားပေးရပါမည်နည်း''—

ဟု မေးမြန်းလေ၏။

**သီလရှိသူသာ သမီးပေးရာ**

ထိုအခါ ဒိသာပါမောက္ခ ဆရာကြီးသည် ပုဏ္ဏားစကားကို ကြားလျှင်—

''ပုဏ္ဏား....တောင်းသူ လေးယောက်တို့တွင်- အဆင်းလှသူလည်း အကျိုးစီးပွားရှိပေ၏၊ အရွယ်ကြီးသူလည်း အကျိုးစီးပွားရှိပေ၏၊ အမျိုးမြတ်သူလည်း အကျိုးစီးပွားရှိပေ၏၊ သို့သော်လည်း ငါတို့သဘောကား သီလရှိသူကိုသာ နှစ်သက်ပေ၏''—

ဟု ပြောကြား ဆုံးမလေ၏၊ ပုဏ္ဏားသည် ဒိသာပါမောက္ခဆရာကြီး စကားကိုကြားလျှင် သီလရှိသောသူအားသာ မိမိသမီးတို့ကို ပေးလေ၏။

ဤဒေသနာတော်ကို ဟောတော်မူပြီး၍ သစ္စာကို ပြတော်မူသည့်အဆုံး၌ မယင်ရှားသောပုဏ္ဏားသည် သောတာပတ္တိဖိုလ်၌တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ပုဏ္ဏားသည်-ယခုအခါပုဏ္ဏား။

※ ဒိသာပါမောက္ခ ဆရာကြီးသည်- ငါဘုရားဖြစ်
လာပြီ—

ဟုဇာတ်ကို ပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) အဆင်း,အရွယ်၊မျိုးအနွယ်၊တင့်တယ်စီးပွားရှိ။
(၂) သီလရှိလတ်၊ ထွတ်အမြတ်၊ ဆုံးမြတ်ပညာရှိ။
(၃) သီလရှိသူ၊ သမီးယူ၊ ကြည်ဖြူပေးလေဘိ။

သာဓုသီလဇာတ်ပြီး၏။

---

## ၂၀၁။ ဗန္ဓနာဂါရဇာတ်

**ပဋုပ္ပန်ဝတ္ထု**

**ခိုးသားနှောင်မြင်ကျှောက်ထားတင်** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကောသလမင်းကြီးသည် ဖမ်းဆီး ယူဆောင်လာသော သူခိုးတို့အား ထောင်ဟူသော အနှောင် အဖွဲ့, သံခြေကျဉ်းဟူသောအနှောင်အဖွဲ့တို့ဖြင့် နှောင်ဖွဲ့စေကုန်၏။

ထိုအခါ ဇနပုဒ်သားရဟန်းတို့သည် ဇေတဝန်ကျောင်းတော်သို့ မြတ်စွာဘုရားကို အဖူးအမျှော် လာကြကုန်ရာ နက်ဖြန်နေ့၌ ဆွမ်းခံသွားကုန်သည်ရှိသော် နှောင်အိမ်သို့ ရောက်ကြသဖြင့် နှောင်ဖွဲ့ထားသော သူခိုးတို့ကို မြင်ခဲ့ကြကုန်၏။

ညချမ်းသောအခါ မြတ်စွာဘုရား အထံတော်သို့ဆည်းကပ်ပြီးလျှင် "အရှင်ဘုရား.... ယနေ့နံနက်အခါ ဆွမ်းခံ

သွားသည်ရှိသော် နှောင်ဖွဲ့ထားသောသူခိုးတို့ကို မြင်ခဲ့ကြရပါကုန်၏၊ ထိုသူခိုးတို့သည် အနှောင်အဖွဲ့ကိုဖြတ်၍ မပြေးနိုင်ကြကုန်၊ ထိုအနှောင်အဖွဲ့ထက် သာလွန်သောအနှောင်အဖွဲ့တို့သည်ရှိပါကုန်သေးသလော”ဟု လျှောက်ထားကြကုန်၏။

**နှောင်ဖွဲ့အဆ-ရာ လောဘသာ**

မြတ်စွာ ဘုရားသည် ရဟန်းတို့အား “ရဟန်းတို့…ထောင်,သံခြေကျဉ်း စသော အနှောင်အဖွဲ့တို့မှာ အဘယ်မှာ အနှောင်အဖွဲ့မည်ကုန်အံ့နည်း၊ ဥစ္စာ, စပါး, သားမယားစသည်တို့၌ စွဲလမ်းတပ်မက်သော တဏှာကိလေသာ အနှောင်အဖွဲ့သာလျှင် ထိုထောင်,သံခြေကျဉ်းစသော အနှောင်အဖွဲ့တို့ထက် အဆရာထောင်အားဖြင့် သာလွန်မြဲမြံသော အနှောင်အဖွဲ့ဖြစ်သည်၊ ရှေးအခါ ပညာရှိတို့သည် ထိုအနှောင်အဖွဲ့ကို ဖြတ်ကုန်၍ ဟိမဝန္တာတောသို့ဝင်ကာ ရသေ့ရဟန်းပြုကြကုန်ဘူးပြီ”ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု**

**ရဟန်းပြုလို မယားပြောဆို**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည်သူဆင်းရဲမျိုး၌ဖြစ်၍ အရွယ်ရောက်လတ်သော်အဘကွယ်လွန်သောအခါ အမိကိုအခစားလုပ်၍ ကျွေးမွေးကာ နေလေ၏၊ အမိသည် သားအလိုမရှိဘဲ အမျိုးသမီးငယ် တယောက်နှင့် လက်ထပ်ပေးစား၍ နောင်အဘို့၌ အမိလည်းကွယ်လွန်လေ၏၊ မယား၌လည်းပဋိသန္ဓေ ကိုယ်ဝန်တည်လေ၏။

သူဆင်းရဲသည် မယား၌ ပဋိသန္ဓေကိုယ်ဝန် တည်နေသည်ကို မသိသည်ဖြစ်၍ မယားအား- "နှမ....သင်သည် အခစားလုပ်၍ အသက်မွေးရစ်လော့၊ ငါကားရသော့ရဟန်းပြုမည်" ဟု ပြောဆိုလေ၏၊ မယားလည်း လင်အား "အရှင်....အကျွန်ုပ်မှာ ကိုယ်ဝန်တည်ရှိနေပြီ၊ ဆိုင်းပါဦး၊ သားဘွားပြီးသော် သားကိုကြည့်ရှု၍ ရသော့ ရဟန်း ပြုလတံ့"ဟုပြောဆိုတားမြစ်လေ၏၊သူဆင်းရဲလည်းကောင်းပြီဟု ဝန်ခံကာဆိုင်းငံ့လျက်နေ၏။

**တဏှာလွတ်ရေး တောထွက်ပြေး**

ချမ်းသာစွာ သားဘွားပြီးသော အခါ "နှမ....သင်ကား ချမ်းသာစွာ သားဘွားပြီးလေပြီ၊ ယခုအခါ ငါရသော့ရဟန်းပြုတော့မည်ဟုပြောဆိုပြန်၏၊မယားလည်း"အရှင် သားငယ်နို့ခွါသည်တိုင်အောင် ဆိုင်းငံ့ပါဦးဟု တားမြစ်သဖြင့် ဆိုင်းငံ့လျက်နေပြန်ရာ တဘန် ပဋိသန္ဓေကိုယ်ဝန်ရှိပြန်၏။

ထိုအခါ သူဆင်းရဲသည် ငါကား၍မိန်းမကိုခွင့်တောင်းနေလျှင်ဘယ်တော့မှသွားရတော့မည်မဟုတ်၊ခွင့်မတောင်းဘဲ ထွက်ပြေးကာ ရဟန်းပြုမည်ဟု ကြံစည်ပြီးလျှင်မယားကို အကြောင်းမကြားတော့ဘဲ မယားအိပ်ပျော်နေခိုက်ညဉ့်အခါထ၍ပြေးလေ၏။

မြို့စောင့်တို့ဖမ်းဆီးကြလေသော် "အရှင်တို့.... ကျွန်ုပ်ကားအမိကိုလုပ်ကျွေးသောသူဖြစ်၍လွှတ်ကြပါ"ဟုတောင်းပန်၍ လွှတ်စေပြီးလျှင် မြို့မှထွက်၍ ဟိမဝန္တာတောသို့ဝင်လျက် ရသော့ရဟန်းပြု၍ အဘိညာဉ်သမာပတ်တို့ကို ဖြစ်စေလျက် ဈာန်ယာဉ်ဖြင့်ပျော်မွေ့ကာနေလေ၏။

ရသေ့သည် ဟိမဝန္တာ၌နေစဉ် "သံဖြင့်ပြုအပ်သော သံခြေကျဉ်းအနှောင်အဖွဲ့, သစ်သားဖြင့်ပြုအပ်သော ထောင်အနှောင်အဖွဲ့, ဖြူဆံမြက်စသည်ဖြင့် ပြုအပ်သော ကြိုးအနှောင်အဖွဲ့, ဤအနှောင်အဖွဲ့တို့ကို ပညာရှိတို့သည် မြဲသော အနှောင်အဖွဲ့ဟုမဆိုကြကုန် တန်ဆာဆင်အပ်သောသားမယားပစ္စည်းဥစ္စာစသည်တို့၌ သာယာနှစ်သက် တပ်မက်စွဲလမ်းခြင်း တဏှာကိလေသာ အနှောင်အဖွဲ့ကိုသာ မြဲသောအနှောင်အဖွဲ့ဟု ဆိုကြကုန်၏။

အပါယ်လေးဘုံသို့ ဆောင်တတ်သော လျော့သော်လည်း အဖြေရခက်သော ထိုတဏှာ ကိလေသာအနှောင်အဖွဲ့ကို စဉ်လျက်လည်း ပညာရှိတို့သည်ဖြတ်တောက်ကာ ကာမဂုဏ်ချမ်းသာကို မငဲ့ကွက်ဘဲ ပယ်စွန့်၍ ရသေ့ရဟန်းပြုနိုင်ကြကုန်၏"—

ဟု ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးလေ၏။

ဤဒေသနာတော်ကို ဟောတော်မူပြီး၍ သစ္စာကို ပြတော်မူသည့်အဆုံး၌ အချို့ရဟန်းတို့သည် သောတာပန်, အချို့သကဒါဂါမ်, အချို့အနာဂါမ်, အချို့ရဟန္တာအဖြစ်သို့ ရောက်ကြကုန်၏။

## ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါအမိသည်- ယခုအခါ မဟာမာယာ။

※ အဘသည်- သုဒ္ဓေါဒနမင်းကြီး။

※ မယားသည်- ရာဟုလာမယ်တော်။
※ သားသည်- ရာဟုလာ။
※ မယားကိုစွန့်၍ ရဟန်းပြုသော ယောက်ျားသည်-
ငါဘုရားဖြစ်လာပြီ-
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ခြေကျဉ်း,ထောင်,ကြိုး၊ နှောင်ဖွဲ့မျိုး၊ မြဲရိုးမရှိပေ။
(၂) သား,မယား,ဥစ္စာ၊ ခင်တဏှာ၊ လျော့စွာမြဲဖွဲ့လေ။
(၃) မြဲဖွဲ့တဏှာ၊ ပယ်စွန့်ခွါ၊ တောမှာပျော်ကာဝေ။

ဗန္ဓနာဂါရဇာတ်ပြီး၏။

---

## ၂၀၂။ ကေဠိသီလဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**သေးငယ်ပုက္ကလကုဏ္ဍက**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် လကုဏ္ဍကဘဒ္ဒိယထေရ်သည် သာသနာတော်၌ ထင်ရှားကျော်စော၏၊ သာယာစွာသောအသံဖြင့် တရားဟောတတ်၏၊ ပဋိသမ္ဘိဒါလေးပါးကိုရ၏၊ ရဟန္တာမထေရ်ကြီးဖြစ်၏၊ အသီတိမဟာသာဝကကြီးရှစ်ကျိပ်တို့တွင် တပါးအပါအဝင်ဖြစ်၏၊ အရပ်တော်ပမာဏကား သေးငယ်ပုက္ကု၏၊ ကစားရန်သွားလာသော သာမဏေငယ်ကဲ့သို့ဖြစ်၏။

တနေ့သ၌ ထိုလကုဏ္ဍကဘဒ္ဒိယထေရ်သည် မြတ်စွာဘုရားကိုရှိခိုးသွားရာ ဇေတဝန်ကျောင်းတော် တံခါးမုခ်၌ နေစဉ်ဇနပုဒ်မှလာသောရဟန်းသုံးကျိပ်တို့လည်း မြတ်စွာဘုရားကို ရှိခိုးမည်ဟုဇေတဝန်ကျောင်းတော်သို့ ဝင်သည်ရှိသော် ထိုလကုဏ္ဍကဘဒ္ဒိယထေရ်ကိုမြင်လျှင် သာမဏေကလေးဟုထင်မှတ်ကြလျက် သင်္ကန်းစွန်ကိုဆွဲ၍ ဦးခေါင်းကိုလက်ဖြင့်ကိုင်ကာ နှာခေါင်းကိုဆွဲပြီးလျှင် နားရွက်ကိုလှုပ်၍ လက်ဆော့ကစားကုန်လျက် သွားကြကုန်၏။

**ပုဏ္ဏကြောင်းစုံ လျှောက်ထားပုံ**

ထို ရဟန်းတို့သည် မြတ်စွာဘုရားထံ ဆည်းကပ်ခါ ပဋိသန္ထာရ ပြုပြီးလျှင် "အရှင်ဘုရား....သာသနာတော်၌ထင်ရှားကျော်စော၍ တရားဟောကောင်းသော လကုဏ္ဍကဘဒ္ဒိယမထေရ် ဘယ်အရပ်မှာနေပါသနည်း" ဟုလျှောက်ကြ၏၊ "ရဟန်းတို့....သင်တို့ဖူးမြင်လိုကြသလော" ဟု မေးတော်မူလျှင် "အရှင်ဘုရား.... ဖူး မြင် လို ကြ ပါသည်" ဟုလျှောက်ပြန်၏၊ "ရဟန်းတို့.... လကုဏ္ဍကဘဒ္ဒိယထေရ်ကား တံခါးမုခ်မှာ သင်တို့လက်ဆော့၍ ကစားခဲ့ကြသော မထေရ်ပင်ဖြစ်သည်"ဟု မိန့်တော်မူ၏၊ "အရှင်ဘုရား.... ဆုတောင်းပတ္တနာရှိ၍ ကုသိုလ်ကံနှင့်ပြည့်စုံသော မဟာသာဝကကြီးဖြစ်ပါလျက် အဘယ့်ကြောင့် ဘုန်းတန်ခိုးနည်းရပါသနည်း"ဟုလျှောက်ထားကြ၏၊ထိုအခါမြတ်စွာဘုရားသည် "ရဟန်းတို့....မိမိတို့ပြုအပ်သော မကောင်းမှုကံကိုမှီ၍ ဘုန်းတန်ခိုးနည်းရသည်"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု။

လူအိုကျီစား အပါယ်လား

လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် သိကြားမင်းဖြစ်လေ၏။

ထိုအခါဗြဟ္မဒတ်မင်းသည်အိုမင်းဟောင်းနွမ်းသောလူ, ဆင်,မြင်း,နွားလှည်းစသည်တို့ကိုတွေ့မြင်လျှင် ကစားတတ်သောအလေ့ရှိ၏၊ ဆင်အို,မြင်းအိုကိုမြင်လျှင် လိုက်စေ၏၊ လှည်းအိုကိုမြင်လျှင်ဖျက်စေ၏၊ မိန်းမအိုကိုမြင်လျှင် ခေါ်စေ၍ ဝမ်းပိုက်၌တွန်းထိုးကာလဲစေ၏၊ တဘန်ထစေပြီးလျှင် ထိတ်လန့်စေ၏၊ယောကျာ်းအိုကိုမြင်လျှင်ကျွမ်းသမားကဲ့သို့ မြေပေါ်မှာကျွမ်းထိုးခိုင်း၏၊ မမြင်ပြန်လျှင်လည်း လူအိုရှိသည်ဟုကြားသောအိမ်သို့ သွားစေ၍အခေါ်ခိုင်းကား ကစားပြန်၏။

လူတို့သည် ရှက်ကြောက်ကုန်သည်ဖြစ်၍ မိမိတို့မိအို,ဘအိုတို့ကို တိုင်းပြည်တပါးသို့ ပို့ထားကြရကုန်၏၊ မိဘကိုလုပ်ကျွေးသောတရားသည် ကွယ်ပျောက်လေ၏၊ မင်းခစားတို့လည်း မင်းကြီးကိုအတုယူကာ ကစားလေ့ရှိကြကုန်၊ သေတိုင်း,သေတိုင်းသောသူတို့သည်အပါယ်ဘုံသို့သွားကြသဖြင့် နတ်ပရိသတ်တို့သည် ဆုတ်ယုတ်ကုန်၏။

လူအိုဟန်ပြ သိကြားမ

သိကြားမင်းသည် ဖြစ်လာသော နတ်သစ်တို့ကို မမြင်သည်ဖြစ်၍ ဆင်ခြင်လတ်သော် ထိုအကြောင်းကို သိလျှင် ဗြဟ္မဒတ်မင်းကိုဆုံးမမည်ဟု လူအိုဟန်ဘန်ဆင်း၍ ဟောင်း

နွမ်းသောအဝတ်ကိုဝတ်ဆင်ကာ လှည်းအိုး၌ ရက်တက်ရည်အိုးနှလုံးကိုတင်လျက် နွားအိုနှစ်ကောင်ကို လှည်း၌တပ်၍ မောင်းနှင်သွားလေရာ ဗြဟ္မဒတ်မင်းကြီးလည်း ပွဲသဘင်နေ့ဖြစ်၍ တန်ဆာဆင်အပ်သော မင်္ဂလာဆင်တော်ကိုစီးပြီးလျှင် မြို့ကိုလှည့်လည်နိုက်နှင့် ပက်ပင်းပါတွေ့လေ၏။

ဗြဟ္မဒတ်မင်းကြီးလည်း လှည်းအိုကိုမြင်လျှင် မင်းချင်းတို့အား ရှေ့မှလာသောလှည်းအိုကို ဖယ်ရှားကြလောဟု ပြောဆိုလေ၏၊ မင်းချင်းတို့လည်း "အရှင်မင်းကြီး.... အဘယ်မှာနည်း အကျွန်ုပ်တို့မမြင်ကြကုန်"ဟု လျှောက်ထားကြကုန်၏"၊ သိကြားမင်းလည်းမိမိအာနုဘော်ဖြင့် မင်းကိုသာပြလေ၏။

**လက်နက်ပြလျက် ခြိမ်းခြောက်ချက်**

သိကြားမင်းသည် မင်းကြီးနှင့် နီးကပ်လာသောအခါ လှည်းအိုကို မင်းကြီးအပေါ်ကောင်းကင်တွင် မောင်းနှင်ကာ ဦးခေါင်းပေါ်တွင် ရက်တက်ရည်အိုး တလုံးကို ခွဲလျက်သွားပြီးလျှင် တဘန်ပြန်လှည့်လာကာ ရက်တက်ရည်အိုးတလုံးကို ခွဲပြန်၏၊ မင်းကြီး၏ဦးခေါင်းနှင့်တကွ တကိုယ်လုံးမှ ရက်တက်ရည်တို့သည် ယိုစီး၍ကျဆင်းကုန်၏၊ထိုအခါမင်းကြီးသည် တကိုယ်လုံးရက်တက်ရည်ပေကျံသနေဖြင့် အလွန်ငြီးငွေ့ စက်ဆုပ်ရွံရှာ၏၊ ရှက်လည်းရှက်၏။

သိကြားမင်းသည် မင်းကြီးဆင်းရဲပင်ပန်း နေသည်ကိုသိလျှင် လှည်းပျောက်ကွယ်စေ၍ သိကြားအသွင်ဖြင့်ဝရဇိန်လက်နက်ကိုကိုင်စွဲကာ ကောင်းကင်ထက်၌ရပ်လျက် မင်းကြီးအား—

"ဟယ်-တရားမစောင့်သောမင်းယုတ်....သင် မအိုတော့ဘူးလော၊ သင့်ကိုယ်မှာ အိုခြင်းတရား မညှဉ်းဆဲတော့ဘူးလော၊ သင်သည် သူအိုတို့ကို ကစားကျီစား၍ နှိပ်စက်ညှဉ်းဆဲဘိ၏၊ သင့်ကိုအ တုယူကာ မင်းခစားတို့လည်း နှိပ်စက်ညှဉ်းဆဲကြ ကုန်၏၊သေတိုင်း,သေတိုင်းသောသူတို့သည်အပါယ် ဘုံသို့ ရောက်ကြကုန်၏၊ မိဘကိုလုပ်ကျွေးရန်အခွင့် မရကြကုန်၊ သင်ဤအမှုကိုမရှောင်ကြဉ်လျှင် ဤ ဝရဇိန်လက်နက်ဖြင့် သင့်ဦးခေါင်းကိုခွဲပစ်မည်၊ဤ နေ့မှစ၍ ဤအမှုကို မပြုလင့်"–

ဟုတင်းကျပ်စွာခြိမ်းခြောက်ပြီးလျှင်မိဘတို့ဂုဏ်ကျေးဇူး ကို ဟောပြောလျက် ကြီးသောသူတို့ကို အရိုအသေပြုရ သော ကောင်းမှု၏အကျိုးကို ဖေါ်ပြကာ ဆုံးမပြီးလျှင် မိမိနေရာ တာဝတိံသာနတ်ရွာသို့ ပြန်သွားလေ၏၊မင်းကြီး လည်း ထိုအခါမှစ၍ ထိုအမှုမျိုးကိုပြုလုပ်ရန် စိတ်မကူးဝံ့ တော့ချေ။

**တရားပြသ ဆိုဆုံးမ**

မြတ်စွာဘုရားသည် ဤသို့ အတိတ်ဇာတ်ကိုဆောင်တော်မူပြီး၍ ရဟန်းတို့ အား-"ရဟန်းတို့....ခန္ဓာကိုယ်ဖြင့်အ ကြီးအငယ်နှိုင်းယှဉ်ဘွယ် မရှိသောကြောင့် ဟံသာ, ဥဒေါင်း, ဆင်, သား သမင်, ချေ-အလုံးစုံသော သတ္တဝါတို့သည် ခြင်္သေ့မင်းကိုကြောက်ရကုန်သကဲ့ သို့ ထို့အတူလူတို့တွင် ငယ်သော်လည်း ပညာရှိ သူသာ အကြီးအကဲဖြစ်၏၊ ပညာမရှိသူမှာ ခန္ဓာ ကိုယ်ကြီးသော်လည်း အကြီးအကဲမဖြစ်နိုင်၊ ထို့

ကြောင့် သင်တို့သည် လကုဏ္ဍကဘဒ္ဒိယထေရ်ကို ခန္ဓာကိုယ်အားဖြင့်သေးငယ်သော်လည်းပညာအား ဖြင့် သေးငယ်သည်ဟု မမှတ်ထင်ကြကုန်လင့်”ဟု အဆုံးအမ ပေးတော်မူ၏။

ဤဒေသနာတော်ကိုဟောတော်မူပြီး၍သစ္စာကိုပြတော် မူသည့်အဆုံး၌ အချို့သောရဟန်းတို့သည် သောတာပန်, အချို့သကဒါဂါမ်,အချို့အနာဂါမ်, အချို့ရဟန္တာအဖြစ်သို့ ရောက်ကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....
※ ထိုအခါမြဟ္မဒတ်မင်းသည်-ယခုအခါ လကုဏ္ဍက ဘဒ္ဒိယ။
※ သိကြားမင်းသည်-ငါဘုရားဖြစ်လာပြီ—
ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကြီးငယ်ဆိုရာ၊ကိုယ်ခန္ဓာ၊နှိုင်းကာမမှတ်လင့်။
(၂) ပညာဖြင့်သာ၊ကြီး,ငယ်မှာ၊နှိုင်းကာထားလေသင့်။
(၃) ပညာမကြွယ်၊လူတွင်ငယ်၊ကြွယ်သူကြီးလေမင့်။

ကေဠိသီလဇာတ်ပြီး၏။

# ၂၀၃။ ခန္တီဇာတ်

**ပစ္စုပ္ပန်ဝတ္ထု**

**မြွေဘေးအတွက် ညွန်ကြားချက်**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌သီတင်းသုံးတော်မူစဉ် ※ဇရုံးအိမ်တံခါးတွင် ထင်းခွဲနေသောရဟန်းကို မြွေတကောင်သည် သစ်ဆွေးကြားမှထွက်လာကာ ခြေချောင်းတွင် ကိုက်ခဲလေ၏၊ ရဟန်းလည်း မြွေခဲရာအရပ်မှာပင် ပျံလွန်လေ၏။

ရဟန်းတို့သည် ထိုရဟန်း၏အကြောင်းကိုတရားသဘင်ဝယ် စကားစပ်မိ၍ ပြောဆိုနေကြစဉ် မြတ်စွာဘုရား ကြွလာတော်မူသဖြင့် ထိုအကြောင်းကို လျှောက်ထားကြရာ မြတ်စွာဘုရားသည် "ရဟန်းတို့....ထိုရဟန်းသည် လေးပါးသောမြွေမျိုးတို့ကို အာရုံပြု၍ အကယ်၍မေတ္တာပွားပါမူ မြွေသည် မကိုက်ခဲလေရာ အမှန်အားဖြင့် ရှေးပညာရှိတို့သည် လေးပါးသောမြွေမျိုးတို့၌ မေတ္တာကိုပွားစေသောကြောင့် ထိုမြွေမျိုးတို့ကိုမှီ၍ဖြစ်သော ဘေးမှလွတ်ဘူးကုန်ပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု**

**မြွေဘေးကြုံတွေ့ရှင်ရသေ့**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည်ကာသိက

---

* ဇရုံးအိမ်...ဆွေးအောင်းသောအိမ်—အဆောက်အဦ။

တိုင်းဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ် ရောက်လတ်သော် ကာမဂုဏ်တို့ကိုစွန့်ပယ်ကာ ရသေ့ ရဟန်းပြုလျက် အဘိ-ညာဉ်သမာပတ်တို့ကို ဖြစ်စေ၍ ဟိမဝန္တာအရပ်ဝယ် ဂင်္ဂါ မြစ်ကွေ့တခု၌ ကျောင်း သင်္ခမ်းဆောက်လုပ်လျက် ရသေ့ အပေါင်းခြံရံကာ နေလေ၏။

ဂင်္ဂါမြစ်နား၌ အထူးထူး အပြားပြား များစွာကုန်သော ကျောရှည်မျိုးတိရစ္ဆာန်တို့သည် ရသေ့တို့အားဘေး ရန်ကိုပြုကြကုန်သဖြင့် ရသေ့များစွာတို့သည်သေကြေပျက် စီးခြင်းသို့ရောက်ကုန်၏၊ရသေ့တို့သည် ဆရာရသေ့ကြီးအား ထိုအကြောင်းကို ပြောကြားကြကုန်၏။

**မြွေဆိုးတို့ဘေး ကာကွယ်ရေး**

ထိုအခါ ဆရာရသေ့ကြီးသည် အလုံးစုံသော ရသေ့တို့ကို စည်းဝေးစေ၍ "ရသေ့တို့.... သင်တို့သည် လေးပါးသောမြွေမျိုးတို့ကို အကယ်၍မေတ္တာပွားကြပါမူ သင်တို့ကို မြွေတို့သည် မကိုက်ခဲကုန်ရာ ထို့ကြောင့် ဤနေ့မှစ၍ သင်တို့သည်–

(၁) ဝိရူပက္ခ နဂါးမင်းမျိုးတို့နှင့်တကွ ငါ၏ချစ်ခြင်း ဖြစ်ပါစေ။

(၂) ဧရာပထ နဂါးမင်းမျိုးတို့နှင့်တကွ ငါ၏ချစ်ခြင်း ဖြစ်ပါစေ။

(၃) ဆဗျာပုတ္တနဂါးမင်းမျိုးတို့နှင့်တကွ ငါ၏ချစ်ခြင်း ဖြစ်ပါစေ။

(၄) ကဏှာဂေါတမက နဂါးမင်းမျိုးတို့နှင့်တကွ ငါ၏ချစ်ခြင်းဖြစ်ပါစေ။

ဤသို့မေတ္တာကို ပွားများကြရမည်။

(၁) အခြေမရှိသောသတ္တဝါတို့နှင့်တကွ ငါ၏ချစ်ခြင်း ဖြစ်ပါစေ။

(၂) အခြေနှစ်ချောင်းရှိသော သတ္တဝါတို့နှင့် တကွ ငါ၏ချစ်ခြင်း ဖြစ်ပါစေ။

(၃) အခြေလေးချောင်းရှိသော သတ္တဝါတို့နှင့်တကွ ငါ၏ချစ်ခြင်း ဖြစ်ပါစေ။

(၄) အခြေများသော သတ္တဝါတို့နှင့်တကွ ငါ၏ချစ် ခြင်းဖြစ်ပါစေ။

ဤသို့လည်း မေတ္တာကိုပွားများကြရမည်။

(၁) ငါ့ကို အခြေမရှိသောသတ္တဝါသည် မညှဉ်းဆဲ ပါစေသတည်း။

(၂) ငါ့ကို အခြေနှစ်ချောင်းရှိသော သတ္တဝါသည် မညှဉ်းဆဲပါစေသတည်း။

(၃) ငါ့ကို အခြေလေးချောင်းရှိသော သတ္တဝါသည် မညှဉ်းဆဲပါစေသတည်း။

(၄) ငါ့ကို အခြေများသောသတ္တဝါသည် မညှဉ်းဆဲ ပါစေသတည်း။

ဤသို့လျှင် မေတ္တာကိုပွားများကြရမည်။

ခပ်သိမ်းသော ခန္ဓာငါးပါး၌ ငြိစွန်းသော သတ္တဝါ, ခပ်သိမ်းသော ထွက်သက်ဝင်သက်ရှိသော သတ္တဝါ, ခပ်သိမ်းသော ဖြစ်ပြီးဖြစ်ဆဲဖြစ်သော သတ္တဝါ, အကြွင်းအကျန်မရှိ ခပ်သိမ်းသော သတ္တဝါတို့သည် ကောင်းသောအာရုံတို့ကို တွေ့မြင်ပါ

စေကုန်သတည်း၊ တစုံတရာ ယုတ်မာဆင်းရဲခြင်းသို့ မရောက်ပါစေကုန်သတည်း။

ဤသို့လည်း မေတ္တာကိုပွားများကြရမည်။

မြတ်စွာဘုရားဂုဏ်ကျေးဇူးတော်သည် အတိုင်းအရှည်မရှိ၊

တရားဂုဏ်ကျေးဇူးတော်သည် အတိုင်းအရှည်မရှိ။

သံဃာဂုဏ်ကျေးဇူးတော်သည် အတိုင်းအရှည်မရှိ၊

ဤသို့ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတော်တို့ကို အောက်မေ့ကြရမည်။

မြွေ, ကင်းမြီးကောက်, ကင်းခြေများ, ပင့်ကူ, တက်တူ, ကြွက်, ဤသို့ကိုယ်ဖြင့်သွားသော သတ္တဝါတို့သည် အတိုင်းအရှည်ရှိကုန်၏၊ အတိုင်းအရှည်မရှိသောရတနာသုံးပါးတို့၏ အာနုဘော်ဖြင့် နေ့ညဉ့်ပတ်လုံး အစောင့်အရှောက်ကို ပြုစေကုန်သတည်း။

ဤသို့တောင့်တကြရမည်။

ငါသည် ရတနာသုံးပါး၏ဂုဏ်ကျေးဇူးတော်ကို အောက်မေ့သဖြင့် အစောင့်အရှောက်ကို ပြုအပ်ပေပြီ, အရံအတားကိုပြုအပ်ပေပြီ၊ ငါ့အကျိုးမဲ့ကို အလိုရှိကုန်သော သတ္တဝါတို့သည် ဖဲသွားကြစေကုန်သတည်း။

ဤသို့လည်း တောင့်တကြရမည်။

ငါသည် ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံသော မြတ်စွာဘုရားအား ရှိခိုးပါ၏။

ငါသည် ခုနစ်ဆူကုန်သော မြတ်စွာဘုရားတို့အား ရှိခိုးပါ၏။

ဤသို့ရှိခိုးခြင်းကို ပြုကြရမည်၊ ဤသို့ရသေ့အပေါင်းအား ပရိတ်ဂါထာကိုဖွဲ့၍ ပေးလေ၏။

**ပရိတ်မေတ္တာ အကျိုးဖြာ**

ထိုအခါမှစ၍ ရသေ့ အပေါင်းသည် ဆရာ ရသေ့ကြီး၏ အဆုံးအမ၌တည်၍ မေတ္တာကိုပွားစေကြကုန်၏၊ မြတ်စွာဘုရား၏ဂုဏ်ကျေးဇူးတော်တို့ကို အောက်မေ့ကြကုန်၏၊ ထိုရသေ့တို့သည် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်တို့ကို အောက်မေ့ကြကုန်သည်ရှိသော် အလုံးစုံသော မြွေမျိုးတို့သည် ဘဲသွားကြကုန်၏၊ ရသေ့ကြီးသည်လည်း ဗြဟ္မဝိဟာရတရားကိုပွားများကာ ဗြဟ္မာပြည်သို့လားလေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါရသေ့အပေါင်းသည်- ယခုအခါ ဘုရားပရိသတ်။

※ ဆရာရသေ့ကြီးသည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မေတ္တာကိုပွား၊ နေသူအား၊ မြွေများမကိုက်နိုင်။
(၂) ရတနာသုံးပါး၊ ဂုဏ်ကိုပွား၊ ဘေးများမဝင်နိုင်။

ခန္ဓဇာတ်ပြီး၏။

## ၂၀၄။ ဝီရကဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ဘုရားတုပ ပျက်စီးရ

နတ်လူတို့ဆရာဖြစ်တော်မူသောမြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဒေဝဒတ်သည် မြတ်စွာဘုရားကို အတုပြု၍ ဂယာသီသတွင် နေလေ၏။

ထိုဒေဝဒတ်အကြောင်းကို ဂယာသီသမှ ပြန်လာသော ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်တို့လျှောက်ထားကြသဖြင့် သိတော်မူလျှင်မြတ်စွာဘုရားသည်"သာရိပုတ္တရာ..ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ငါဘုရား၏အတုကိုပြု၍ ပျက်စီးခြင်းသို့ ရောက်သည်မဟုတ် ရှေးအခါ၌လည်း ပျက်စီးခြင်းသို့ရောက်ဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

တင်ကျီးကိုခ ကျီးမို့,မ

လွန်လေ ပြီးသော အခါ ဗာရာဏသီ ပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် ဟိမဝန္တာ အရပ်ဝယ် တင်ကျီးမျိုး၌ဖြစ်၍ ရေအိုင်တခုကို အမှီပြုကာ နေလေ၏၊ အမည်အားဖြင့် ဝီရကအမည်ရှိ၏။

ထိုအခါ ကာသိတိုင်းဝယ် ဝေါ်မွတ်ခေါင်းပါးအစာရှား သည်ဖြစ်၍ လူတို့သည် ကျီးငှက်စသော တိရစ္ဆာန်တို့အား ကျွေးမွေးရန်ငှင်း၊ နတ်, ဘီလူး, နဂါး စသည်တို့အား ပူဇော်ပသရန်ငှင်း၊ မစွမ်းနိုင်ကြကုန်၊ အများအားဖြင့် ကျီးတို့သည် တောသို့ဝင်ကြကုန်၏၊ ဗာရာဏသီ မြို့တော်၌ နေသော သဝိဋ္ဌကမည်သော ကျီးတကောင်လည်း ကျီးမကို ခေါ်၍တောသို့လာရာ ဝီရကတင်ကျီးနေရာအရပ်သို့ရောက် လျှင် ရေအိုင်အနီး လျောက်ပတ်သော နေရာ တခုတွင် နေ၏။

တနေ့သ၌ သဝိဋ္ဌကကျီးသည် ရေအိုင်၌ကျက်စားလတ် သော် ငါးတို့ကိုစားပြီးလျှင် ရေအိုင်မှတက်၍ ကိုယ်ကိုနေ လှမ်းနေသော ဝီရကတင်ကျီးကိုမြင်လျှင် ဤတင်ကျီးကိုမှီ၍ ငါးတို့ကိုရရန် တင်ကျီးကို ခစားမည်ဟု နှလုံးသွင်ကာ တင်ကျီးထံသို့ကပ်လေလျှင် တင်ကျီးသည်"အဆွေ....ဘယ် အတွက် ကျွန်ုပ်ထံလာသနည်း"ဟု မေး၏၊"အရှင်.... အ ကျွန်ုပ်သည်အရှင်တို့ကိုခစားလို၍လာပါသည်၊"ဟုပြော၏၊ "အဆွေ....ကောင်းပြီ၊ ခစားလော့"-ဟု ဆို၍အခွင့်ပြု သဖြင့် ခစားရလေ၏။

**အစာဝလျှင် မာနဝင်**

ထိုအခါမှစ၍ ဝီရကတင်ကျီးသည် ရေ အိုင်သို့ ဆင်းသက်ကာ မိမိမျှလောက်ရုံ သာစား၍ ငါးတို့ကို ဆယ်ယူကာ သဝိဋ္ဌကကျီးအားပေး၏၊သဝိဋ္ဌကကျီးလည်း မိမိမျှလောက် ရုံသာစား၍ ကြွင်းကျန်သောငါးတို့ကို ကျီးမအားပေး၏၊ ဤနည်းဖြင့် ထိုနေ့မှစ၍ ကျီးလင်မယားတို့သည် တင်ကျီး ကို အမှီပြုကာ အသက်မွေးကြကုန်၏။

နောက်အဘို့တွင် သဝိဠ္ဌကကျီးသည် ငါနှင့်တင်ကျီးမှာ အဆင်းအရောင် အားဖြင့်၎င်း၊ မျက်စိ,နှုတ်သီး,ခြေသည်း အားဖြင့်၎င်း အထူးအခြားမရှိ၊ တူမျှကြသည်၊ ဤနေ့မှစ၍ တင်ကျီးဖမ်းပေးသော ငါးတို့ကို မစားလိုတော့ပြီ၊ ငါ ကိုယ်တိုင်ဖမ်း၍စားမည်ဟု ကြံစည်းလျက် တင်ကျီးကို အတုပြုကာ မာန်မာနတက်လာသဖြင့် တင်ကျီးသို့ကပ်ပြီးလျှင် "အဆွေ····ဤနေ့မှစ၍ အဆွေဖမ်းပေးသော ငါးတို့ကို မစားလို၊ ကိုယ်တိုင်ဖမ်း၍စားတော့မည်"ဟု ပြောလေ၏၊ ထိုအခါတင်ကျီးသည် ကျီးအား"အဆွေ···· သင်ကား ရေ တွင်ကျင်လည်သော အမျိုး၌မဖြစ်ချေ၊ မပျက်စီးစေလင့်" ဟု တားမြစ်လေ၏။

**တင်ကျီးတုလေ ကျီးမိုက်သေ**

သဝိဠ္ဌကကျီးလည်း မနာယူဘဲ ဝီရက တင်ကျီးကိုအတုပြုကာရေအိုင်သို့ ဆင်း သက်၍ ရေတွင်ငုပ်သည်ရှိသော် မှော် အောက်သို့ရောက်လျက် မှော်ကိုဘောက်၍မထွက်နိုင်တော့ဘဲ မှော်ဖြင့်ငြိကာ နှုတ်သီးဖျားမျှသာပေါ်၍ အသက်မရှူ နိုင်တော့ဘဲ ရေထဲတွင်သေရှာလေ၏၊

ထိုအခါ သဝိဠ္ဌကကျီး၏မယားသည် သဝိဠ္ဌကလာသည် ကို မမြင်လျှင် အကြောင်းကိုသိရန် ဝီရက တင်ကျီးထံသို့ သွား၍—

"အရှင်ဝီရက···· အသံသာယာ၍ ဥဒေါင်း လည်ရေး အဆင်းနှင့်တူသော ကျွန်ုပ် လင်သည် သဝိဠ္ဌကကျီးကို တွေ့မြင်ပါသလော"—

ဟု မေးလေ၏၊ ဝီရကတင်ကျီးသည် ကျီးမစကားကို ကြားလျှင် ကျီးမအား—

"အဆွေကျီးမ····ရေ, ကုန်း နှစ်ပါးတွင် ကျက်စားနိုင်သောငှက်သည် အမြဲဆယ်၍ ကျွေးသောငါးစိမ်းကို စားသော သဝိဋ္ဌကကျီးသည် ရေကြည်းနှစ်ပါးတွင် ကျက်စားနိုင်သော ငှက်ကိုအတုပြုကာ ရေအိုင်တွင်ဆင်း၍ ကျက်စားသဖြင့် မှော်ဖုံး၍သေရရှာပြီ"—

ဟု အကြောင်းစုံပြောကြားလေ၏၊ ကျီးမလည်း ငိုကြွေးမြည်တမ်းကာ မိမိနေရာ ဗာရာဏသီ မြို့တော်သို့ ပြန်လေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

သာရိပုတ္တရာ····

※ ထိုအခါ သဝိဋ္ဌကကျီးသည်-ယခုအခါ ဒေဝဒတ်။

※ ဝီရကတင်ကျီးသည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

၁။ အားစွမ်းမတူ၊ ထိုသူ့၊ တုမူမပြိုင်ရာ။

၂။ တင်ကျီးအလား၊ ရေကျက်စား၊ မှော်ကြားကျီးသေရှာ။

ဝီရကဇာတ် ပြီး၏။

# ၂၀၅။ ဂဂ်ေယျဇာတ်

ပဉ္စုပ္ပန်ဝတ္ထု

**အလှပြိုင်ကြေး ရဟန်းနှစ်ပါး**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်သားဖြစ်သော ရဟန်းငယ်နှစ်ပါးတို့သည် ရဟန်းပြုပြီးသောအခါမှစ၍အသုဘ ဘာဝနာကိုအား မထုတ်ကြဘဲ ကိုယ်အဆင်းကိုသာ ချီးမွမ်းကြကုန်လျက် လှပတင့်တယ်ရန်ကိုသာ ပြုပြင်အားထုတ်ကာ နေကြကုန်၏။

တနေ့သ၌ ထိုရဟန်းငယ်နှစ်ပါးတို့သည် သင်အဆင်းမလှ၊ ငါအဆင်းလှသည်ဟု အဆင်းကိုအမှီပြုကာ တဦးနှင့်တဦး အငြင်းအခုံ ဖြစ်လတ်သော် အနီးတွင်ရှိသော မထေရ်အိုတပါးကိုမြင်လျှင် "အရှင်ဘုရား.... အကျွန်ုပ်တို့နှစ်ယောက်တွင်ဘယ်သူလှသနည်း"ဟု မေးလျှောက်ကြကုန်၏၊ ရဟန်းအိုသည်"ငါ့ရှင်တို့.... သင်တို့ထက် ငါသာလျှင် သာလွန်၍ အဆင်းလှသည်"ဟု ဖြေဆိုလေ၏။

**သတိရအောင် အတိတ်ဆောင်**

ထိုအခါ ရဟန်းငယ်တို့သည် ဤရဟန်းအိုကား ငါတို့မေးအပ်သည်ကို မဖြေဆို၊ မမေးအပ်သည်ကို ဖြေဆိုသည် ဟုမကျေမနပ်ဖြစ်ကာ ဆဲရေးကြကုန်၏၊ ထိုသတင်းသည် သံဃာဘောင်တွင် ထင်ရှားလေ၏။

ရဟန်းတို့သည် တရားသဘင်ဝယ်"ငါ့ရှင်တို့..ဤမည်သောရဟန်းအိုသည် အဆင်းလှ ပြိုင်သော ရဟန်းငယ်

နှစ်ပါးကို ရှက်စေသည်''ဟုစကားစပ်မိ၍ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ ထိုအကြောင်းကို သိတော်မူလျှင် ''ရဟန်းတို့···ဤရဟန်းငယ်နှစ်ပါးကား ယခုအခါ၌သာလျှင် အဆင်းကိုမှီ၍ ချီးမွမ်းကြသည်မဟုတ်၊ ရှေးအခါ၌လည်း ချီးမွမ်းကြဘူး ကုန်ပြီ''ဟု မိန့်တော် မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**ငါးနှစ်ကောင်ပြိုင် လိပ်ကနိုင်**

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ဂင်္ဂါမြစ်နားတွင် ရုက္ခစိုးနတ်ဖြစ်လေ၏။

ထိုအခါဂင်္ဂါမြစ်နှင့် ယမုနာမြစ်တို့ ဆုံရာအရပ်၌ ဂင်္ဂါငါးနှင့် ယမုနာငါးနှစ်ကောင်တို့သည် သင်အဆင်းမလှ၊ ငါအဆင်းလှသည်ဟု အဆင်းကိုအမှီပြုကာ အငြင်းအခုံဖြစ်ကြသည်ရှိသော် ဂင်္ဂါမြစ်နား၌နေသော လိပ်ကိုမြင်ကြလျှင် ဤလိပ်သည် ငါတို့အဆင်းမလှသည်အဖြစ်ကို သိလိမ့်မည်ဟု ကြံစည်ကာ လိပ်ထံသို့ကပ်ကြ၍ ''အဆွေ····ငါတို့နှစ်ကောင်တွင် ဂင်္ဂါငါးသည် အဆင်းလှသလော၊ သို့တည်းမဟုတ် ယမုနာငါးသည် အဆင်းလှသလော''ဟု မေးကြကုန်၏၊ ထိုအခါ လိပ်သည်-ငါးနှစ်ကောင်တို့အား—

''အိုငါးတို့····ဂင်္ဂါငါးလည်း အဆင်းလှပေ၏၊ ထို့ပြင် ယမုနာငါးလည်း အဆင်းလှပေ၏၊ သို့ရာတွင် အခြေလေးချောင်းရှိ၍ ပညောင်ပင်ကဲ့သို့ ဝန်းဝိုင်းသော ကိုယ်ရှိသော ရထားသံကဲ့သို့ရှည်

သော လည်ပင်းရှိသော ယောကျ်ားမြတ်ဖြစ်သော ငါလိပ်သည်သာ သင်တို့ထက် သာလွန်၍ အဆင်း လှပေ၏”—

ဟု ဖြေဆိုလေ၏၊ ထိုငါးနှစ်ကောင်တို့သည် လိပ်၏ စကားကိုကြားလျှင် လိပ်အား—

“ဟယ်-လိပ်ယုတ်မာ…သင်ကား ငါတို့မေးအပ် သည်ကို မဖြေဆို၊ မမေးအပ်သည်ကို ဖြေဆိုဘိ၏၊ မိမိကိုယ်ကို ချီးမွမ်းသော ဤယောကျ်ားယုတ်ကို ငါတို့မနှစ်သက်ကုန်”—

ဟု ကဲ့ရဲ့ပြစ်တင်ကာ ပြောဆို၍ လိပ်၏အပေါ်သို့ ရေ ဖြင့်ပက်ပြီးလျှင် မိမိတို့နေရာသို့သွားကြကုန်၏။

## ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည်-အတိတ်,ပစ္စုပ္ပန်နှစ်တန် သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….

※ ထိုအခါ ငါးနှစ်ကောင်တို့သည်-ယခုအခါ ရဟန်း ငယ်နှစ်ပါး။

※ လိပ်သည်-ရဟန်းအို။

※ ရုက္ခစိုးနတ်သည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကို ပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) မိမိကိုယ်ပင်၊ သုဘာမြင်၊ အထင်မကြီးရာ။

(၂) ငါးနှစ်ကောင်ဆိုင်၊ အလှပြိုင်၊ အနိုင်လိပ်ယူပါ။

ဂဂ်ေယျဇာတ်ပြီး၏။

## ၂၀၆။ ကုရုင်္ဂမိဂဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**ဘုရားသတ်ရန်**
**ဒေဝဒတ်ကြံ**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌သီတင်းသုံးတော်မူစဉ် ဒေဝဒတ်သည် မြတ်စွာဘုရားကို သတ်ရန်လုံ့လပြု၍ နေလေ၏။

ထိုအကြောင်းကို မြတ်စွာဘုရားသိတော်မူလျှင်"ရဟန်းတို့....ဒေဝဒတ်သည် ယခုအခါ၌သာလျှင်ငါဘုရားကိုသတ်ရန် လုံ့လပြုသည်မဟုတ်၊ ရှေးအခါ၌လည်း ပြုဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

**သုံးဦးတိရစ္ဆာန်**
**မိတ်ဖွဲ့ပြန်**

လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော်ဘုရားအလောင်းသည်ကုရုင်္ဂမည်သောသမင်ဖြစ်၍ တောဝ၌ရေအိုင်တခု အနီးဖြစ်သော ချုံတခုဝယ်နေလေ၏၊ ထိုအိုင်အနီးသစ်ပင်တခုဝယ် ခေါက်ရှာငှက်သည်နေ၏၊ အိုင်၌လိပ်သည်နေ၏၊ ဤသို့တိရစ္ဆာန်သုံးကောင်တို့သည် အချင်းချင်းအဆွေခင်ပွန်း ဖြစ်ကြောင်း၊ ချစ်ခင်ကြင်နာစွာ ပေါင်းသင်းဆက်ဆံကြကုန်၏။

တနေ့သ၌ မုဆိုးတယောက်သည် တောဝ၌လှည့်လည်သည်ရှိသော် ရေအိုင်ဆိပ်၌ ကုရုင်္ဂသမင်ခြေရာကိုမြင်လျှင် တောင့်မာခိုင်ခံ့သောသားရေကျော့ကွင်းကိုထောင်၍ထား


လေ၏၊ ညဉ့်ဦးယာမ်တွင် ရေသောက်လာသော ကုရင်သမင်ကိုမိသဖြင့် မိသောအသံကို မြည်လေ၏၊ ကုရင်သမင်၏အသံကိုကြားလျှင် ခေါက်ရှာငှက်သည်၎င်း၊ လိပ်သည်၎င်း၊ လာလတ်ကုန်၍ လွတ်မြောက်ရန် အဘယ်သို့ပြုကြမည်နည်းဟု တိုင်ပင်ကုန်၏၊ ထိုအခါခေါက်ရှာငှက်သည် လိပ်ကိုခေါ်၍—

"အဆွေလိပ်.... သင့်မှာသွားရှိ၏၊ သင်သည် သားရေကျော့ကွင်းကို သွားတို့ဖြင့်ဖြတ်ပါ၊ငါကား မုဆိုးရုတ်တရက် မလာနိုင်အောင်လုပ်မည်"—

၍သို့ ငါတို့နှစ်ယောက် လုံ့လကြောင့် အဆွေခင်ပွန်းဖြစ်သော သမင်မှာ အသက်ချမ်းသာလိမ့်မည်ဟု ပြောဆိုတိုက်တွန်းလေ၏။

အံ့ဩစဘွယ် ငှက်ဥပါယ် လိပ်သည် ခေါက်ရှာငှက် စကားကိုကြားလျှင် ကောင်းပြီဟုဝန်ခံကာ သားရေကျော့ကွင်းကို သွားတို့ဖြင့်ကိုက်ဖြတ်လေ၏၊ ခေါက်ရှာငှက်လည်း မုဆိုးနေရာရွာသို့ ပျံသွားကာ အနီးဖြစ်သော သစ်ပင်တွင်စောင့်၍နေလင့်၏၊ မုဆိုးလည်း မိုးသောက်ထအခါ လှံကိုကိုင်၍ ရွာအရှေ့တံခါးဖြင့် ထွက်လေ၏၊ခေါက်ရှာငှက်လည်း မုဆိုးထွက်လာသည်ကိုသိလျှင် မြည်လျက် အတောင်နှစ်ဘက်ကိုခါပြီးလျှင် မျက်နှာကိုဆီး၍ပုတ်၏၊ မုဆိုးလည်း "ငှက်ယုတ်မာလာ၍ပုတ်ခတ်သည်"ဟု နှလုံးမသာဖြစ်ကာ အိမ်သို့ပြန်၍ အတန်ငယ်အိပ်ပြန်၏။

ခေါက်ရှာငှက်လည်း မုဆိုးသည် ရှေးဦးစွာ အရှေ့ တံခါးဖြင့် ထွက်လတ်၏၊ ယခုအခါ အနောက်တံခါးဖြင့် ထွက်



P၂၅၆.လိပ်သည်ကျော့ကွင်းမိနေသောသမင်လွတ်မြောက်ရန် ကြိုးကိုကိုက်ဖြတ်၍ ခေါက်ရှာငှက်သည်မှဆိုးအလာကိုကြည့်နေပုံ။

လိမ့်မည်ဟုသိ၍ အနောက်တံခါးအနီးတွင် နေလင့်ပြန်၏၊ မုဆိုးလည်း တဘန်အိပ်ရာမှထကာ ငါသည် လက်ဦး တခါ အရှေ့တံခါးမှထွက်ရာ ငှက်ယုတ်မာနှင့်တွေ့ရသည်၊ယခု အခါ အနောက်တံခါးဖြင့်ထွက်မည် ဟု ကြံစည်ကာ အနောက်တံခါးဖြင့် ထွက်ပြန်၏၊ ခေါက်ရှာငှက်လည်း မြည်လျက်ပြေးလာ၍ မျက်နှာကို ပုတ်ခတ်ပြန်၏၊ မုဆိုးလည်း ဤငှက်ယုတ်မာသည် ထွက်ခွင့်ရမည်မဟုတ်ဟု ပြန်၍ မိုးလင်းသည့်တိုင်အောင် အိပ်ပြန်၏၊ မိုးလင်းသော အခါ လှံကိုကိုင်၍ ထွက်ပြန်၏။

**သမင်လွတ်လျက်**
**လိပ်ကြောင့်ခက်**

ထိုအခါ ခေါက်ရှာငှက်လည်း လျင်မြန်စွာပျံ၍ မုဆိုးလာပြီဟု သမင်အားပြောဆိုလေ၏၊ လိပ်လည်း သားရေကျော့ကွင်းကိုကိုက်ဖြတ်ရာ တလွန်းမျှသာ ကျန်တော့၏၊ သွားတို့လည်း ကြွေလုမတတ် နာကျင်၏၊ ခံတွင်း၌လည်း သွေးအလိမ်းအလိမ်းကပ်လျက် ရှိလေ၏။

ကုရုင်္ဂသမင်လည်း လှံကိုကိုင်ကာ မိုးကြိုး ကျသကဲ့သို့ လျင်မြန်သောအဟုန်ဖြင့်လာသော မုဆိုးကိုမြင်လျှင် သားရေကျော့ကွင်းကိုဖြတ်ကာ တောသို့ဝင်လေ၏၊ ခေါက်ရှာငှက်လည်း သစ်ပင်ဖျားမှ ကြည့်ရှုလျက်နေ၏၊ လိပ်မူကား ပင်ပန်းအားနည်းလှသဖြင့် မပြေးနိုင်ဘဲ ထိုအရပ်တွင်ဝပ်၏၊မုဆိုးသည် သမင်လွတ်သွားသဖြင့် တွေ့မြင်ရာလိပ်ကိုပင် ကောက်၍ အိတ်၌ထည့်လျက် သစ်ငုတ်တခုတွင် ချိတ်၍ထား၏။

သမင်လည်း မနီးမဝေးမှပြန်၍ကြည့်လတ်သော် လိပ်ကို ကောက်ယူထားသည်ကို သိလျှင် ငါ့ကျေးဇူးရှင်ဖြစ်သော အဆွေလိပ်အား အသက်ကို ကယ်ဆယ်မည်ဟု ကြံစည်ကာ အားနည်းဟန်ပြု၍မုဆိုးအား ကိုယ်ယောင်ပြ၏၊ မုဆိုးလည်း သမင်အားနည်းနေသည် ဖြစ်လိမ့်မည်၊ သမင်ကို သတ်မည်ဟု လှံကိုယူကာ လိုက်လေ၏၊ သမင်လည်း မနီး မဝေးမှ မုဆိုးကို သွေးဆောင်ခေါ်ယူသွားလျက် အတော် ဝေးလာသည်ကိုသိလျှင် ခြေရာဖျောက်ကာ အခြားလမ်း ဖြင့် လျင်မြန်စွာပြေး၍ လွယ်အိတ်ကို ချိုဖြင့်ချိတ်ယူကာ မြေသို့ချ၍ လိပ်ကိုထွက်စေ၏၊ ခေါက်ရှာငှက်လည်း သစ်ပင် မှဆင်းသက်လာပြန်၏။

**ကျေးဇူးသိတတ် သမင်မြတ်**

ထိုအခါ သမင်သည် ခေါက်ရှာငှက်နှင့် လိပ်တို့အား အဆုံး အမ ပေးလျက် "အဆွေတို့....သင်တို့ကိုမှီ၍ ငါ့မှာ အသက်ကိုရပေသည်၊ သင်တို့ကား ငါ့အသက်ကိုပေးပေသော ကျေးဇူးရှင်များဖြစ်ကြသည်၊ ယခုအခါ မုဆိုးလာ၍ သင် တို့ကို ဖမ်းလိမ့်မည်၊ သို့အတွက်အဆွေခေါက်ရှာငှက်သည် မိမိသားငယ်တို့ကိုယူ၍အခြားသစ်ပင်သို့ပြောင်းလေလော့၊ အဆွေလိပ်လည်း ရေထဲသို့ ဆင်းလေလော့"ဟု ပြောဆို လေ၏၊ ခေါက်ရှာငှက်နှင့် လိပ်တို့လည်း သမင်ပြောဆို သောအတိုင်း ပြုကြကုန်၏။

သဗ္ဗညု မြတ်စွာဘုရားသည် ဘုရားဖြစ်တော် မူပြီး၍- "ရဟန်းတို့....ထိုအခါငါအဆုံးအမပေးအပ်သည်ရှိသော် လိပ်သည် ရေထဲသို့ဆင်း၏၊ သမင်ကား တောသို့ဝင်၏၊

ခေါက်ရှာ၄က်ကား ဝေးသော အခြားသစ်ပင်သို့ သားငယ်
တို့ကိုယူ၍ ပြောင်းရွှေ့လေ၏''—
ဟု ဟောတော်မူ၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်
သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်-
ရဟန်းတို့....
※ ထိုအခါ မှုဆိုးသည်-ယခုအခါ ဒေဝဒတ်။
※ ခေါက်ရှာ၄က်သည်-သာရိပုတ္တရာ။
※ လိပ်သည်-မောဂ္ဂလာန်။
※ ကုရင်္ဂသမင်သည်-ငါဘုရားဖြစ်လာပြီ-
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ခင်ပွန်းကောင်းရှိ၊ ဘေးမထိ၊ အေးဘိလွန်ချမ်းသာ။
(၂) ခေါက်ရှာ,သမင်၊ လိပ်သုံးအင်၊ ချစ်ခင်ဆွေဖွဲ့ရှာ။

ကုရင်္ဂမိဂဇာတ် ပြီး၏။

## ၂၀၇-အသကဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**လူထွက်လိုခြင်း ရဟန်းတပါး** နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရဟန်းတပါးသည် မယားဟောင်း ဖြားယောင်းသွေးဆောင်အပ်သည်ဖြစ်၍ သာသနာတော်၌ ငြီးငွေ့ပျင်းရိကာလူထွက်လို၏။

ထိုရဟန်းအကြောင်းကို မြတ်စွာဘုရား သိတော်မူလျှင် "ရဟန်း····သင့်အပေါ်၌ ဤမိန်းမသည် ချစ်ခင်ကြင်နာခြင်းမရှိ၊ ရှေးအခါ၌လည်း ထိုမိန်းမကိုမှီ၍ သင်သည် ဆင်းရဲကြီးစွာရောက်ဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**မိဖုရားအတွက် ပူဆွေးချက်**

လွန်လေပြီးသောအခါ ကာသိကတိုင်း ပါဋလိမြို့တော်ဝယ် အဿကမည်သော မင်းသည် မင်းပြုသည်ရှိသော် ထိုအဿကမင်း၏မိဖုရားကြီးကား ဥပရိအမည်ရှိ၏၊ မင်းကြီးသည် အလွန်ချစ်မြတ်နိုး၏၊ အလွန်အဆင်းလှ၏၊ ရှုစချင်ဘွယ် ကြည်ညိုဘွယ်ရှိ၏၊ လူမိန်းမတို့အဆင်းကိုလွန်၍ နတ်မိန်းမတို့၏ အဆင်းကို မှီလုမတတ်ဖြစ်၏။

တနေ့သ၌ ထိုဥပရိမိဖုရားကြီးသည် သေလွန်လေ၏၊ မင်းကြီးသည် ဥပရိမိဖုရားကြီးသေလွန်သဖြင့် စိုးရိမ် ပူဆွေးခြင်းနှိပ်စက်သည်ဖြစ်၍ အလွန်ဆင်းရဲပင်ပန်း၏၊စိတ်နှလုံးမကြည်မသာဖြစ်၏၊ ဥပရိမိဖုရားကြီးအလောင်းကို တလား၌လျှောင်းအိပ်စေပြီးလျှင် ဆီစိမ်ကာ အိပ်ရာညောင်စောင်းအောက်၌ ထားစေ၏၊ မစားနိုင်, မသောက်နိုင် မျက်ရည်ယိုစီးကာ ငိုကြွေးမြည်တမ်းလျက်သာနေ၏။

မယ်တော်, ခမည်းတော်, မှူးမတ်, ပုဏ္ဏား, သူကြွယ် စသော သူတို့သည် "မြတ်သောမင်းကြီး···· စိုးရိမ်ပူဆွေး မြည်တမ်းတော်မမူပါလင့်၊သင်္ခါရတရားတို့သည် အနိစ္စသာဖြစ်ကုန်၏"စသည်ဖြင့် တရားပြသ လျှောက်ထားကြသော်

လည်း သတိရဘို့မတတ်နိုင်ကြကုန်၊ထိုသို့ငိုကြွေးမြည်တမ်း စဉ်ပင်လျှင် သေလွန်သည်မှာ ခုနစ်ရက်လွန်ခဲ့လေ၏။

**တောမှကြွလာ မြတ်ဆရာ**

ထိုအခါ ဘုရား အလောင်း သည် ဟိမဝန္တာအရပ်ဝယ် အဘိညာဉ် သမာပတ်နှင့်ပြည့်စုံသော ရသေ့ဖြစ်၍ ဒိဗ္ဗ-စက္ခုအဘိညာဉ်ဖြင့် ဇမ္ဗူဒိပ်ကျွန်းအပြင်ကို ကြည့်ရှုဆင်ခြင်လတ်သော် အဿကမင်း ငိုကြွေးမြည်တမ်းနေသည်ကို မြင်လျှင် ငါကား အဿကမင်း၏ ကိုးကွယ်ရာဖြစ်ရန်သင့်သည်ဟု နှလုံးသွင်းလျက် ကောင်းကင်ခရီးဖြင့် ပျံသန်းကာ မင်းဥယျာဉ်တော်သို့ဆင်းသက်၍ မင်္ဂလာကျောက်ဖျာတွင် ရွှေဆင်းတုကဲ့သို့ နေလေ၏။

ပါဋလိမြို့သား ပုဏ္ဏားလုလင်တယောက်သည် ဥယျာဉ်တော်သို့သွားရာ ရသေ့ကိုမြင်လျှင် ချဉ်းကပ်ကာရှိခိုးလျက် နေ၏၊ ရသေ့သည် ပုဏ္ဏားလုလင်နှင့်နှုတ်ခွန်းဆက်စကား ပြောကြားပြီးလျှင်"လုလင်....မင်းကြီးသည် တရားစောင့်ပါ၏လော"ဟု မေးလေ၏၊ "အရှင်ဘုရား....တရားစောင့်ပါ၏၊ သို့သော်လည်း မိဖုရားကြီးသေလွန်သဖြင့် ငိုကြွေးမြည်တမ်းလျက်ဆင်းရဲဒုက္ခရောက်နေသည်မှာ ခုနစ်ရက်ရှိပါပြီ၊ ဤသို့သောဆင်းရဲကို အဘယ်ကြောင့် အရှင်ဘုရားတို့ မလွှတ်စေပါသနည်း၊ အရှင်ဘုရားတို့ကဲ့သို့ပညာရှိ သူတော်ကောင်းတွေရှိပါလျက် မင်းကြီးအား ဤသို့သော ဆင်းရဲကို ခံစားနေရသည်မှာ မသင့်လျော်ပါ"ဟု လျှောက်လေ၏၊ "လုလင်....စင်စစ် ငါမင်းကြီးကိုမသိ၊ သို့မသိသော်လည်း မင်းကြီးလာပြီး အကယ်၍မေးလျှင် "ငါသည် ထိုဥပရိ

မိဖုရားကြီး၏ ဖြစ်ရာဘဝကိုပြောကြားပြီးလျှင် မင်းကြီးထံ၌ မိဖုရားကြီးကို စကားပြောစေမည်''ဟု ပြောသောအခါ ''အရှင်ဘုရား.... သည်လိုဖြစ်လျှင် အကျွန်ုပ်မင်းကြီးကို သွားခေါ်ပါမည်၊ မင်းကြီးမရောက်မခြင်း ဤနေရာတွင် ဆိုင်းငံတော်မူပါ''ဟု လျှောက်ထား၍ ဝန်ခံစေပြီးလျှင် မင်းကြီးထံသွားလေ၏။

**မင်းကြီးသွားရောက် ရသေ့လျှောက်**

ပုဏ္ဏား လုလင်လည်း မင်းကြီးထံ ရောက်လျှင် ရသေ့ အမိန့် ရှိသော အကြောင်းကို လျှောက် ထားပြီးလျှင် ဤကဲ့သို့ ဒိဗ္ဗစက္ခုနှင့်ပြည့်စုံသော ရသေ့ထံသွားရန် သင့်ကြောင်း လျှောက်ထားလေ၏၊ မင်းကြီးလည်း မိဖုရားကြီးကိုမြင်ရမည်ဆိုသဖြင့် အလွန်နှစ်သက်ကာ ရထားစီးလျက် ဥယျာဉ်တော်သို့လုလင်နှင့်အတူလိုက်လျက် ရသေ့ထံ ချဉ်းကပ်၍ ရှိခိုးကာ– ''အရှင်ဘုရားတို့သည်.... ဥပရိ မိဖုရားကြီးဖြစ်ရာဘဝကို သိတော်မူသည်ကြားရာ မှန်ပါ သလော''ဟု လျှောက်ထား၏၊ ''မြတ်သောမင်းကြီး.... မှန်ပါသည်''ဟု ပြောသောအခါ ''အရှင်ဘုရား....ဘယ် ဘဝ၌ဖြစ်ပါသနည်း''ဟု လျှောက်ပြန်၏၊ ''မင်းကြီး.... အဆင်း၌မာန်ယစ်ကာ ကုသိုလ်ကောင်းမှုကို မပြုမိသည့် အတွက် ဤဥယျာဉ်တော်မှာပင် နွားချေးပိုးမဖြစ်ပါသည်'' ဟု ပြောလေ၏၊ ''အရှင်ဘုရား.... မယုံကြည်နိုင်ပါ'' ဟု လျှောက်ရာ၊ ''မင်းကြီး မယုံကြည်လျှင် နွားချေးပိုးမကို မင်းကြီးအားပြမည်၊ စကားလည်း ပြောစေမည်''ဟု မိန့်ဆိုလေ၏၊ ထိုနောက် မိမိ၏တန်ခိုး အာနုဘော်ဖြင့် နှစ်ကောင်သော နွားချေးပိုးမနှင့် ပိုးဖိုလင်မယားတို့သည်

မင်းကြီးထံလာ၍ စကားပြောစေကုန်သတည်းဟု မိဋ္ဌာန်တော်မူ၏။

**မင်းကြီးထက်ခင် ပိုးဖိုလင်**

ထိုအခါ ရသေ့၏ အမိဋ္ဌာန် အတိုင်း ပိုးမနှင့်ပိုးဖိုတို့သည် မင်းကြီးထံ ရောက်လာကြကုန်၏၊ ရသေ့သည် မင်းကြီးအား ဤပိုးဖိုနောက်ကလိုက်နေသော ဤပိုးမကား သင်၏ ဥပရိမိဖုရားကြီး ဖြစ်သည်ဟု ပြလေ၏၊ မင်းကြီးသည် "အရှင်ဘုရား‥ဥပရိမိဖုရားကြီးစင်လျက် န္တွားချေးပိုးမဖြစ်ရသည်ဆိုရာ အနည်းငယ်မျှမယုံကြည်နိုင်ပါ"ဟုလျှောက်၏၊ "မင်းကြီး‥‥ကောင်းပြီ၊ စကားပြောစေမည်"ဟု မိန့်ဆိုကာ ပိုးမကိုဥပရိဟု ခေါ်လေ၏၊ပိုးမသည် လူတို့ဘာသာဖြင့်–"အရှင်ဘုရား‥‥ ဘယ်အတွက် ခေါ်ပါသနည်း" ဟု မေးလျှောက်၏၊ "ပိုးမ‥‥လွန်ခဲ့သောဘဝတွင် ဘာဖြစ်၍ သင့်အမည် ဘယ်လိုခေါ်ပါသနည်း"ဟု မေးလေ၏၊ "အရှင်ဘုရား‥‥အသကမင်းကြီး၏မိဖုရားကြီးဖြစ်၍ဥပရိခေါ်ပါသည်"ဟု လျှောက်လေ၏၊ "ယခုအခါ အသကမင်းကြီးကိုချစ်သလော၊သို့တည်းမဟုတ်ပိုးဖိုကိုချစ်သလော" ဟု မေးတော်မူ၏၊ ပိုးမသည် ရသေ့အား–

"အရှင်ဘုရား‥‥ ဤဥယျာဉ်တော်ကား ရှေးဘဝတွင်ချစ်ခင်ကြင်နာလှစွာလင်ဖြစ်သောအသကမင်းကြီးနှင့်အတူတကွ လှည့်လည်ပျော်ပါး သွားလာဘူးသောအရပ်ဖြစ်ပါ၏၊ အရှင်ဘုရား‥‥ယခုဘဝတွင်ကား- အသစ်ဖြစ်သော ချမ်းသာဆင်းရဲဖြင့် အဟောင်းဖြစ်သော ချမ်းသာ ဆင်းရဲကို

ဖုံးလွှမ်းထားသောကြောင့် ထိုအဿကမင်းကြီး
ထက် နွားချေးပိုးမိုကိုသာလျှင် ပိုလွန်၍ချစ်ပါ၏''—
ဟု ပရိသတ်အလယ်တွင် ပြောကြားလေ၏။

**မင်းကြီးအမျက်ထွန့်ပစ်လျက်**

အဿကမင်းကြီးသည် နွားချေးပိုးမ၏စကားကို ကြားလျှင် နှလုံးမသာသည်ဖြစ်၍ ဥယျာဉ်တော်မှာနေလျက်ပင် နန်းတော်တွင် တလားဖြင့် ထားသော မိဖုရားကြီး အလောင်းကောင်ပုပ်ကို ပယ်ထုတ်စေ၍ ဦးခေါင်းဆေးလျှော်ပြီးလျှင် ရသေ့ကိုရှိခိုး၍ မြို့တော်သို့ဝင်ကာ အခြားမိန်းမတယောက်ကို မိဖုရားကြီးအရာ၌ထား၍ တရားသဖြင့် မင်းပြုလေ၏။

ရသေ့လည်း မင်းကြီးအား အဆုံးအမပေး၍ စိုးရိမ်သောကမရှိသည်ကို ပြုပြီးလျှင် မိမိနေရာ ဟိမဝန္တာသို့သွားလေ၏။

ဤဒေသနာတော်ကို ဟောတော်မူပြီးလျှင် သစ္စာကို ပြတော်မူသည့်အဆုံး၌ သာသနာတော်၌ ငြီးငွေ့ပျင်းရိကာ လူထွက်လိုသော ရဟန်းသည် သောတာပတ္တိဖိုလ်၌တည်လေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည်-အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ဥပရိမိဖုရားသည်- ယခုအခါ မယားဟောင်း။

※ အသဃကမင်းသည်- သာသနာတော်၌ပြီးငွေ့သော ရဟန်း။
※ ပုဏ္ဏားလုလင်သည်-သာရိပုတ္တရာ။
※ ရသေ့သည်-ငါဘုရားဖြစ်လာပြီ—
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ဆင်းရဲ,ချမ်းသာ၊ အသစ်လာ၊ ဟောင်းမှာပျောက်မြပင်။
(၂) မိန်းမစရိုက်၊ အလွန်မိုက်၊ လင်၌မချစ်ခင်။
(၃) ဥပရိပိုးမ၊ အသဃက၊ မြွက်ဟာသက်သေထင်။

အသဃက ဇာတ်ပြီး၏။

---

## ၂၀၈။ သံသုမာရဇာတ်

**ပစ္စုပ္ပန်ဝတ္ထု**

**ဘုရားသတ်မှု ဒေဝဒတ်ပြု**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာ ဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဒေဝဒတ်သည် မြတ်စွာဘုရားကို သတ်ရန်လုံ့လပြု၍နေ၏။

ထိုအကြောင်းကို မြတ်စွာဘုရား ကြားတော်မူလျှင် "ရဟန်းတို့… ဒေဝဒတ်သည် ယခုအခါ၌သာ သတ်ရန် လုံ့လပြုသည်မဟုတ်၊ ရှေးအခါ၌လည်း လုံ့လပြုဘူးပြီ၊ လုံ့လပြုသော်လည်း ထိတ်လန့်အောင်ပင်မတတ်နိုင်လေ" ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင် တော်မူသတည်း။

အတိတ်ဝတ္ထု။

မျှော့က်နှလုံးစားရန်
ပရိယာယ်ကြံ

လွန်လေပြီးသောအခါဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည်ဟိမဝန္တာအရပ်ဝယ် မျောက်မျိုး၌ဖြစ်၍ အရွယ်ရောက်လတ်သော် ဆင်ပြောင်အားကို ဆောင်နိုင်သည့်အစွမ်းနှင့် ပြည့်စုံသောကိုယ်ရှိ၏၊ အလွန်လှပတင့်တယ်၏၊ ဂင်္ဂါမြစ်ကွေ့ဖြစ်သောတောတခုတွင်နေ၏။

ထိုဂင်္ဂါမြစ်၌ မိကျောင်းသည်နေ၏၊ ထိုမိကျောင်း၏မယားသည် မျောက်မင်းကိုမြင်လျှင် နှလုံးသားကိုစားလိုသောချင်ခြင်းဖြစ်၍ မိကျောင်းဖိုကို "အရှင်.... အကျွန်ုပ်သည် မျောက်မင်းနှလုံးသားကို စားလိုသည်"ဟု ပြော၏၊ "ရှင်မ.... ငါတို့ကား ရေ၌ကျက်စားကြကုန်၏၊ မျောက်မင်းကား ကုန်း၌ကျက်စား၏၊ သို့ကြောင့်ဘယ်လိုဖမ်းနိုင်မည်နည်း"ဟု ပြန်ပြော၏၊ "အရှင်.... တစုံတခုသောဥပါယ်တမျဉ်ဖြင့်ဖမ်းပါ၊အကယ်၍မရလျှင် သေရမည်"ဟု ပြော၏၊ "ရှင်မ.... မစိုးရိမ်လင့် တခုသောဥပါယ်တမျဉ်ရှိသည် နှလုံးသားကိုစားစေမည်ဟု နှစ်သိမ့်ကျေနပ်စေ၏။

ထို့နောက် မျောက်မင်း မြစ်သို့ရေသောက်အလာတွင် မိကျောင်းသည် မျောက်မင်းအား "မျောက်မင်း.... ဤအရပ်မှာ အဘယ့်ကြောင့် ကျက်စားဘိသနည်းဟု ပြော၏၊ ငှက်ပျောသီးသာရှိသည်၊ ဂင်္ဂါတဘက်ကမ်းမှာ သရက်, ပိန္နဲစသော ချိုသော အသီးတွေရှိသည် မဟုတ်ပါလော"

ဟုပြော၏၊"မိကျောင်းမင်း…မှန်ပါ၏၊သို့သော်လည်းဂင်္ဂါမြစ်သည် ရေများလှ၏၊ ကျယ်ဝန်းလှ၏၊အဘယ်သို့ တဘက်ကမ်းသွားနိုင်မည်နည်း"ဟုမေး၏၊"မျောက်မင်း…အကယ်၍သင်သွားလိုပါမူ ကျွန်ုပ်ကျောပေါ်၌တင်၍ပို့ပါမည်"ဟုပြောလေ၏၊ မျောက်မင်းလည်း သဘောရိုး ထင်မှတ်ကာယုံကြည်သဖြင့် ကောင်းပြီဟုဝန်ခံလေ၏။

**မျောက်ဥပါယ်သုံး မိချောင်းရှုံး**

ထိုအခါမိကျောင်းသည် မျောက်မင်းကို ကျောပေါ်သို့တက်စေပြီးလျှင် သွားကြရာ အတန်ငယ်သွားမိလျှင် ရေတွင်နှစ်လေ၏၊ မျောက်မင်းသည် "အဆွေ… ငါ့ကိုအဘယ်ကြောင့်ရေတွင်နှစ်သနည်း အကြောင်းကိုပြောပါ"ဟု မေးလေ၏၊ "မျောက်မင်း….ငါသည် သင့်ကိုသဘောရိုးဖြင့်ယူဆောင်လာသည်မဟုတ်၊ စင်စစ်ကား ငါ့မယားသည် သင့်နှလုံးသားကိုစားလို၏၊ သို့အတွက် ငါ့မယားစားရန် သင့်ကိုယူဆောင်လာသည်"ဟု ပြော၏၊ "အဆွေ….သင်ကားငါတို့အကြောင်းကိုကောင်းစွာမသိလေ၊ ငါတို့မှာရင်တွင်း၌ နှလုံးသားကိုမထားပါ၊အကယ်၍ထားပါမူ သစ်ပင်ဖျားတို့၌ ခုန်လွှားပြေးကူးသည်ရှိသော် မှုန့်မှုန့်ညက်ညက် ကြေမွကုန်ပေမည်"ဟု ပြောလေ၏၊"မျောက်မင်း‥သင်တို့နှလုံးသားကို အဘယ်မှာထားသနည်း"ဟု မေးလေ၏၊ မျောက်မင်းသည် အနီး၌မြင်သော အသီးအပွင့်နှင့်ပြည့်စုံသော ရေသဖန်းပင်တပင်ကိုလက်ညှိုးညွှန်ကာ "အဆွေ….ဟောဟိုမှာကြည့်ပါလော့ ရေသဖန်းပင်၌ ဆွဲ၍ထားသည်"ဟု ပြော၏၊ "မျောက်မင်း…. ကောင်းပြီ ငါ့အားနှလုံးသား

ကိုပေးပါမူ သင့်ကိုငါမသတ်ပါ'' ဟု ပြော၏၊ ''အဆွေ မသတ်လျှင် ငါ့ကိုထိုအရပ်ရောက်အောင်ပို့ပါ ရောက်သော အခါ နှလုံးသားကိုပေးပါမည်''ဟု လှည့်စားကာ ပြော လေ၏။

**မျောက်အကြံမိုင် မိကျောင်းမှိုင်**

မိကျောင်းသည် ယုံကြည်သဖြင့် ရေသဖန်းပင်သို့ပို့လေ၏၊ မျောက်မင်းလည်း မိကျောင်းကျောပေါ်မှ ရေသဖန်းပင် သို့ခုန်တက်ကာ ထိုင်ပြီးလျှင်—

''ဟယ်-မိကျောင်းမိုက်··ဂင်္ဂါမြစ်ကမ်းတဘက် ၌ သင်မြင်အပ်သော သရက်,ပိန္နဲ, သပြေစသော ချို မြိန်သောအသီးတို့ဖြင့် ငါ့အားအလိုမရှိ၊ရေသဖန်း သီးသည်သာ မွန်မြတ်လှ၏။

ဟယ်-မိကျောင်းမိုက်····သင့်မှာ စင်စစ် ခန္ဓာ ကိုယ်ကားကြီးပေ၏၊ ခန္ဓာကိုယ်နှင့် လိုက်လျော သောပညာကားမရှိပေ၊ သင်ကား သစ်ပင်ဖျား၌ နှလုံးသားကို ထားသည်ဟု ငါလှည့်စားသည်ကို သင်ကားအဟုတ်မှတ်ထင်ဘိ၏၊မိုက်စွတကား ယခု အခါ သင်ချမ်းသာရာ သွားလေတော့''ဟု ပြောဆို လေ၏။

မျောက်မင်းစကားကိုကြားလျှင် မိကျောင်းသည် ဥစ္စာ တထောင်မှရှုံးသောသူကဲ့သို့ ယူကျုံးမရဖြစ်ကာ ဆင်းရဲ ပင်ပန်းလျက်နှလုံးမသာသဖြင့်မှိုင်လျက်လျှင်ပင် မိမိနေရာ သို့သွားလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါမိကျောင်းသည်- ယခုအခါဒေဝဒတ်။

※ မိကျောင်းမသည်- စိဉ္စမာနဝိကာ။

※ မျောက်မင်းသည်- ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကိုယ်ပင်ကြီးခဲ့၊ ပညာမဲ့၊ တကဲ့စက်ဆုပ်ရေး။

(၂) မျောက်နှလုံးသား၊ သစ်ပင်ထား၊ ယုံပြားမိကျောင်းမှာ။

သံသုမာရဇာတ်ပြီး၏။

---

## ၂၀၉။ ကုက္ကုဋ္ဌဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**ကိုယ်ကိုစောင့်ကြပ် ရဟန်းမြတ်**

နတ်လူတို့ဆရာဖြစ်တော်မူသောမြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌သီတင်းသုံးတော်မူစဉ် ရှင်သာရိပုတ္တရာ၏အတူနေတပည့်ဖြစ်သော ပဉ္စင်းငယ်သည် မိမိကိုယ်ကို စောင့်ရှောက်ရာ၌ လိမ်မာ၏။

ထိုပဉ္စင်းငယ်သည် မိမိကိုယ်ကို မချမ်းသာမည်စိုးရိမ်၍ အလွန် အေးသောအစာ, အလွန် ပူသောအစာကို မစားလေ၊ နေပူလျှင် ပင်ပန်းမည်ကိုစိုးရိမ်၍ ပြင်ပသို့မထွက်၊

အစာမကြေမည်ကိုစိုးရိမ်၍ အလွန်ပြေ့သောဆွမ်း,မနပ်သောဆွမ်းတို့ကိုမစားလေ၊ ထိုပဉ္စင်းငယ်၏ကိုယ်ကို စောင့်ရှောက်ခြင်း၌ လိမ်မာသောအဖြစ်သည် သံဃာဘောင်တွင် ထင်ရှားလေ၏။

ရဟန်းတို့သည် တရားသဘင်ဝယ် ထိုပဉ္စင်းငယ် အကြောင်းစကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားသည်ကြွလာတော်မူ၍ ''ရဟန်းတို့..ဤပဉ္စင်းငယ်သည်ယခုအခါ၌သာ ကိုယ်ကိုစောင့်ရှောက်ရာ၌ လိမ်မာသည်မဟုတ်၊ ရှေးအခါ၌လည်းလိမ်မာဘူးပြီ''ဟုမိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**ဘေးရန်သိမြင်**
**ကြက်တိန်ညင်**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော်ဘုရားအလောင်းသည် တောတခု၌ သစ်ပင်စောင့်ရုက္ခစိုးနတ်ဖြစ်လေ၏။

ထိုအခါ ငှက်မုဆိုး တယောက်သည် တိန်ညင် [တယ်ကြက်] တကောင်ကိုယူ၍ သားမြီးဖြင့် ကျစ်ထားသော ကျော့ကွင်းနှင့် ကျော့ကွင်းတံတို့ကိုယူဆောင်ကာ တောသို့သွား၍ ကြက်တို့ကိုထောင်လေ၏၊ တောထည်းသို့ ပြေးဝင်သောကြက်ဟောင်းတကောင်းသည် သားမြီးကျော့ကွင်း၌လိမ်မာသောကြောင့် မိမိကိုယ်ကိုမမိစိမ့်သောငှါ ပုံ၍ပုံ၍နားလေ၏၊မုဆိုးလည်းကိုယ်ကို သစ်ခက်သစ်ရွက်တို့ဖြင့် ဖုံးလွှမ်းကာ ကျော့ကွင်းကို အဘန်ဘန်ထောင်၏၊ကြက်သည် မုဆိုးကို အရှက်ကွဲစေလိုသောကြောင့်—

"အိုသစ်ပင် .... ဤတော၌ ငါမြင်ဘူးသော အင်ကြင်း,သစ်ဆိမ့်စသောအပင်တို့ကား သင်သစ်ပင်လို ဟိုဟိုသည်သည် ရွေ့ရှားသွားလာခြင်း မရှိကြကုန်"—

ဟု လူတို့ဘာသာစကားဖြင့် ပြောဆိုပြီးလျှင် ပြေး၍ တပါးသောအရပ်သို့သွားလေ၏၊ ထိုကြက်ပြေးသွားသော အခါ မုဆိုးသည်—

"လှောင်အိမ်ကို ဖျက်ဘောက်၍သွားသော ဤကြက်ဟောင်းကား သားမြီးကျော့ကွင်းတို့၌လိမ်မာသည်ဖြစ်၍ မိမိကိုယ်ကို မမိစေဘဲ ကျော့ကွင်းမှ ရှောင်လည်းရှောင်၏၊ စကားလည်းဆိုခဲ့၏၊စကားဆိုပြီး၍လည်းပြေးလေ၏"—

ဟု ပြောဆိုပြီးလျှင် တော၌လှည့်ပတ်လျက် ရရသမျှကိုသာယူ၍ အိမ်သို့ပြန်ခဲ့ရ၏။

## ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ကြက်ဟောင်းသည်-ယခုအခါ ကိုယ်ကိုစောင့်ရှောက်ရာ၌ လိမ်မာသောပဉ္စင်းငယ်။

※ မုဆိုးသည်—ဒေဝဒတ်။

※ ရုက္ခစိုးနတ်သည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

၁။ အပူ,အအေး၊ မြော်ချင့်တွေး၊ နေရေးစားသောက်မှု။
၂။ လျောက်ပတ်ရုံသာ၊နေ,စားရာ၊ကျန်းမာစေဝင့်ရှောက်ပြု။
ကုဏ္ဍုဠဇာတ်ပြီး၏။

## ၂၁၀။ ကလန္ဒကဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ဘုရားအတု၊ ပျက်စီးမှု

နတ်လူတို့ဆရာဖြစ်တော်မူသောမြတ်စွာဘုရားသည် ဝေဠုဝန် ကျောင်းတော်၌ သီတင်း သုံးတော်မူစဉ် ဒေဝဒတ်သည် မြတ်စွာဘုရားကို အတုပြု၍နေ၏။

မြတ်စွာဘုရားကြားတော်မူလျှင် ရဟန်းတို့…ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ငါဘုရားကိုအတုပြုခြင်းကြောင့် ပျက်စီးခြင်းသို့ရောက်သည်မဟုတ်၊ ရှေးအခါ၌လည်း ပျက်စီးခြင်းသို့ရောက်ဘူးပြီ'' ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

လက်ပံနှင့်ရှား သစ်တောက်များ

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော်ဘုရားအလောင်းသည်ဟိမဝန္တာ အရပ်ဝယ် သစ်တောက်လောက်ငှက်မျိုး၌ဖြစ်၍ ခဒိရဝနိယ ဟူသောအမည်ဖြင့် ထင်ရှားလျက် ရှားတော၌ ကျက်စား လေ့ရှိ၏၊ အဆွေခင်ပွန်းဖြစ်သော သစ်တောက်လောက် ငှက်ကား ကလန္ဒကအမည်ဖြင့် ထင်ရှားလျက် လက်ပံ တော,ကသစ်တော၌ ကျက်စားလေ့ရှိ၏။

တနေ့သ၌ ကလန္ဒုကသည် အဆွေခင်ပွန်း ဖြစ်သော ခဒိရဝနိယထံသို့လာ၏၊ ထိုအခါ ခဒိရဝနိယသည် ငါ၏အဆွေခင်ပွန်းလာသည် ဝမ်းမြောက်ဝမ်းသာဖြစ်၍ ကလန္ဒုကကို ခေါ်ပြီးလျှင် ရှားတောသို့ဝင်၍ ရှားပင်တုံးကိုနှုတ်သီးဖြင့်ပေါက်ကာ ပိုးတို့ကိုထုတ်၍ ကလန္ဒုကအား ပေး၏၊ ကလန္ဒုကလည်း ပေးတိုင်း,ပေးတိုင်းသော ပိုးတို့ကို ချိုစွာသောမုံ့အလား မြိန်မြိန်ရှက်ရှက် ဖြတ်တောက်ကာစားလေ၏။

**လက်ပံသစ်တောက် ရှားတုံးပေါက်**

ထိုအခါကလန္ဒုကအား ပိုးတို့ကို စားစဉ်ပင် "ဤခဒိရဝနိယ လည်း သစ်တောက်လောက်ငှက်တည်း၊ ငါလည်း သစ်တောက်လောက်ငှက်တည်း၊ ငါအား ခဒိရဝနိယပေးသောအစာဖြင့် ဘယ်အကျိုးရှိအံ့နည်း၊ မိမိကိုယ်တိုင်ရှားတော၌ အစာကိုရှာ၍စားတော့မည်"ဟု မာန်မာနဖြစ်၍ "အဆွေ…သင်သည် ငါစားဘို့အတွက် အပင်ပန်းမခံလင့် ငါကိုယ်တိုင် ဤရှားတော၌ အစာကို ရှာ၍ စားမည်" ဟု ပြောလေ၏၊ ထိုအခါ ခဒိရဝနိယသည် "အဆွေ… သင်သည်အနှစ်မရှိသောလက်ပံတော,ကသစ်တော၌ကျက်စားသော အမျိုးဖြစ်သည်၊ ရှားပင်တို့မည်သည်ကား ဇာတ်အားဖြင့် အနှစ်ရှိကုန်၏၊ခြင်ခြင်မြည်အောင်မာကုန်၏၊သင်ကိုယ်တိုင်အစာရှာ၍စားခြင်းကိုမနှစ်သက်လင့်၊ ပြောလေ၏၊ "အဆွေ….ငါလည်း သစ်တောက်လောက်မျိုး၌ဖြစ်သော ငှက်မဟုတ်ပါလော"ဟု ပြောဆို၍ ခဒိရဝနိယစကားကို မနာယူဘဲ လျင်မြန်စွာပျံ၍ ခဒိရဝနိယကို အတုပြုကာ ရှားပင်တုံးကို နှုတ်သီးဖြင့် တအားပေါက်လေ၏။

ဦးခေါင်းကွဲကာ သေရရှာ

ခဏခြင်းလျှင် နှုတ်သီးသည် ပြတ်လေ၏၊ မျက်လုံးလည်း ပြူး၍ထွက်လေ၏၊ ဦးခေါင်းလည်း ကွဲလေ၏၊ ပင်စည်၌ မနားနိုင်တော့ဘဲ မြေသို့ကျ၍—

"အဆွေခဒိရဝနိယ···· ငါသည် နှုတ်သီးဖြင့် တချက်တည်းသာ ပေါက်မိရုံဖြင့် ဦးခေါင်းကွဲခဲ့၏၊ အဆူးရှိ၍ သေးငယ်သော အရွက်ရှိသော ဤသစ်ပင်ကားအဘယ်မည်သော သစ်ပင်ဖြစ်သနည်း"—

ဟု ဖမ်းလေ၏၊ ခဒိရဝနိယသည် ကလန္ဒက၏စကားကို ကြားလျှင်—

"အဆွေကလန္ဒက····ငှက်မြတ်ဖြစ်သော သင်သည် အနှစ်မရှိသော လက်ပံတော, ကသစ်တော တို့၌ ထွင်းဖေါက်၍ကျက်စားခဲ့ဘူးပြီ၊ နောက်အခါ ဇာတ်အားဖြင့် အနှစ်ရှိသောရှားတောသို့ ရောက်၍ ကျက်စားရာ ဦးခေါင်းကွဲခဲ့ပြီ၊ ထိုသစ်ပင်ကား အနှစ်ရှိသော ရှားပင်ဖြစ်၏"—

ဟုပြောကြားလေ၏၊ ကလန္ဒကလည်း ထိုအရပ်၌ပင် အသက်ကုန်ခြင်းသို့ ရောက်လေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန်နှစ်တန်သော၀တ္ထုတို့ကို သနန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ ကလန္ဒကသည်-ယခုအခါဒေ၀ဒတ်။

※ ခဒိရဝနိယသည်-ငါဘုရားဖြစ်လာပြီ-
ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) အားစွမ်းမတူ၊ထိုသသူ၊တုမူမပြိုင်ရာ။
(၂) ကလန္ဒက ၊ စံခတောက်၊ ရှားပင်ပေါက်၊ ဦးနှောက်ကွဲသေရှာ။

ကလန္ဒကဇာတ်ပြီး၏။

---

## ၂၁၁။ သောမဒတ္တဇာတ်

ပဍ္စုပ္ပန်ဝတ္ထု

**ရှက်ကြောက်ရွံ့ရှား ရဟန်းတပါး**

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ်ကာဠုဒါယီမထေရ်သည် လူနှစ်ယောက်တို့ထံတွင် စကားတခွန်းကိုမျှ ပြည့်စုံအောင် ပြောဆိုခြင်းငှါမစွမ်းနိုင်၊ရှက်ကြောက်ရွံ့ရှားခြင်းများသည်ဖြစ်၍ တမျိုးကိုဆိုမည်ဟု နှလုံးသွင်းထားသော်လည်း တမျိုးကိုသာဆိုမိလေ၏။

ရဟန်းတို့သည် ထိုလာဠုဒါယီမထေရ် အကြောင်းကို တရားသဘင်ဝယ် စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ "ရဟန်းတို့.... လာဠုဒါယီကား ယခုအခါ၌သာ ရှက်ကြောက်ရွံ့ရှားခြင်းများသည်မဟုတ်၊ ရှေးအခါ၌လည်း ရှက်ကြောက်ရွံ့ရှားခြင်းများဘူးပြီ" ဟု မိန့်တော်မူကာအောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

မျိုးဇာတ်မြင့်တင် မြတ်လုလင်

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ကာသိတိုင်းဝယ် တခုသော ပုဏ္ဏားမျိုး၌ဖြစ်၍ အမည်အားဖြင့် သောမဒတ္တဟု ခေါ်တွင်လေ၏၊ ထိုသောမဒတ်သည် အရွယ်ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အတတ်ပညာကို သင်ကြားတတ်မြောက်ပြီးလျှင် တဘန် အိမ်သို့ပြန်လာ၍ မိဘတို့ဆင်းရဲနေသည်ကို သိလျှင် ယုတ်မာသော အမျိုးမှ မြတ်သောအမျိုးဖြစ်စေမည်ဟု နှလုံးသွင်းကာ မိဘတို့ကို ပန်ကြားပြီးလျှင် ဗာရာဏသီပြည်သို့သွား၍ မင်းကြီးထံ ခစားလေ၏၊ ထိုသောမဒတ်လုလင်အား မင်းကြီးသည် အလွန်ချစ်မြတ်နိုး၏။

ထိုသောမဒတ်၏အဘသည် နွားနှစ်ကောင်ဖြင့် လယ်ထွန်၍အသက်မွေးခဲ့ရာ နွားတကောင်သည် သေခဲ့၏၊ ထိုအခါ သားထံသို့သွား၍ "ချစ်သားသောမဒတ်…. ငါ့မှာ နွားတကောင်သေခဲ့ပြီ၊ တကောင်သာကျန်သဖြင့် လယ်ထွန်၍ မဖြစ်နိုင်၊ သို့အတွက် မင်းကြီးထံသွား၍ နွားတကောင်တောင်းပေးပါ"ဟုပြောလေ၏၊ "ဘခင်….မင်းကြီးကိုခစားရသည်မှာ မကြာမြင့်သေး၊ကျွန်ုပ်တောင်းမပေးဝံ့ပါ ဘခင်ကိုယ်တိုင်သွား၍ တောင်းပါ"ဟုပြောလေရာ၊ "ချစ်သားငါသည် ရှက်ကြောက်ရွံ့ရှားခြင်းများသည်ကို သင်သိသည်မဟုတ်လော" လူနှစ်ယောက်သုံးယောက် အထံတွင် စကားတခွန်းမျှကိုပင် ပြည့်စုံအောင်မပြောနိုင်၊ အကယ်၍ ငါကိုယ်တိုင်သွား၍တောင်းသည်ဖြစ်အံ့၊ငါ့မှာကျန်ရှိသော

နွားတကောင်ကိုပင် ပေးခဲ့မိ၍ပြန်လာရမည်ဟု ပြော၏၊ "ဘခင်....ဖြစ်လိုရာဖြစ်စေတော့၊အကျွန်ုပ်ကိုယ်တိုင်တော့ တောင်း၍မပေးဝံ့ပါ၊ စင်စစ်အားဖြင့် နွားတောင်းနည်း အတတ် ပညာကိုသင်ကြားပေးပါမည်" ဟု ပြောလေ၏၊ "ချစ်သားကောင်းပြီသင်ကြားပေးပါ"ဟုပြောလေ၏။

**နွား ရရှိရေး တောင်းနည်းပေး**

ထိုအခါသောမဒတ်သည် အဘကိုခေါ်ပြီးလျှင် ဗိရဏတ္ထမ္ဘက မည်သော သုသာန်သို့သွား၍ ထိုထိုအရပ်၌မြက်တို့ကိုထားကာ ဤမြက်စည်းကား မင်းကြီး၊ ဤမြက်စည်းကား အိမ်ရှေ့မင်း၊ ဤမြက်စည်းကားစစ်သူကြီး၊ ဤသို့ အသီးအသီး အမည်ပေး၍ အဘကိုပြလျက် သေချာစွာ မှတ်သားစေပြီးလျှင်"ဘခင်....သင်သည် မင်းကြီးထံသွား၍ "အရှင်မင်းကြီး.... အရှင်မင်းကြီးသည် အောင်စေသတည်း"ဟုဆိုပြီးလျှင်—

"အရှင်မင်းကြီး....အကျွန်ုပ်မှာ နွားနှစ်ကောင်
ဖြင့်လယ်ထွန်၍ အသက်မွေးခဲ့ရာ နွားတကောင်
သေ၍ တကောင်သာ ကျန်ရစ်ခဲ့၏၊ သို့အတွက်
အကျွန်ုပ်အား နွားတကောင် ပေးတော်မူပါ"-

ဟုဂါထာကိုသီကုံး၍ပေးကာ တနှစ်ပတ်လုံး လေ့လာစေပြီးလျှင် နွားတောင်းနည်းကို လက်တွေ့သင်ပြလေ၏။

**စကားတိန်းမှု ဖြက်ရယ်ပြု**

အဘ ပုဏ္ဏားသည် သောမဒတ်အား "ချစ်သား.... ဂါထာကို လေ့လာ၍ နှုတ်တက်ရပြီ၊ ယခုအခါ ငါသည်ဘယ်သူ့ထံမှာမဆို ကောင်းမွန်စွာဆိုနိုင်ပြီ၊ နွားတောင်းရန်

ငါ့ကိုမင်းကြီးထံပို့ပါ-ဟုပြောလေ၏၊ သောမဒတ်လည်း လျှောက်ပတ်သော လက်ဆောင်ပဏ္ဏာကိုယူစေ၍ ဘခင်ကိုမင်းကြီးထံပို့လေ၏၊ ပုဏ္ဏားလည်း မင်းကြီးထံရောက်လျှင်"အရှင်မင်းကြီးသည် အောင်စေသတည်း"ဟုဆိုကာ လက်ဆောင်ပဏ္ဏာကို ဆက်သလေ၏၊ မင်းကြီးလည်း "သောမဒတ်....ဤပုဏ္ဏားကား သင်နှင့်ဘယ်သို့ တော်စပ်သနည်း"ဟုမေး၏၊"အရှင်မင်းကြီး....အကျွန်ုပ်ဘခင်ဖြစ်ပါသည်"ဟု လျှောက်လေရာ၊ "အဘယ်အတွက် လာသနည်း"ဟုမေးလျှင် ပုဏ္ဏားသည်နွားတောင်းလိုသဖြင့်–

"အရှင်မင်းကြီး..အကျွန်ုပ်မှာ နွားနှစ်ကောင်ဖြင့် လယ်ထွန်၍ အသက်မွေးခဲ့ရာ နွားတကောင်သေ၍ တကောင်သာ ကျန်ရစ်ခဲ့သည်၊ သို့အတွက် နွားတကောင်ကို ယူတော်မူပါ"–

ဟု ဂါထာကို ရွတ်ဆိုတောင်းလေ၏၊ မင်းကြီးသည် ပုဏ္ဏားချွတ်ယွင်းသည်ကိုသိ၍ ရယ်ရွှင်ကာ "သောမဒတ်.. သင်တို့အိမ်၌ နွားတို့သည် များယောင်တကား"ဟု ဆိုသည်ရှိသော်၊ "အရှင်မင်းကြီး....နွားတို့ကို အရှင်မင်းကြီး ပေးတော် မူအပ်သည် ဖြစ်ကုန်လတံ့"ဟု လျှောက်ထားလေ၏။

သားကျေညီချက်
စည်းစိမ်တက်

မင်းကြီးသည် သောမဒတ်အား နှစ်သက်တော်မူလှ၍ နွားတဆယ့်ခြောက်ကောင်နှင့် ပုဏ္ဏားနေသောရွာကို ရွာစားပေးတော်မူ၍ များစွာသော အခြံအရံဖြင့် လွှတ်လိုက်၏၊ပုဏ္ဏားသည် သိန္ဓောမြင်းဖြူတို့ဖြင့်ကသော ရထားကို

စီးနင်းကာ များစွာသောအခြံအရံဖြင့် ရွာသို့သွားလေ၏၊ သောမဒတ်သည် အဘနှင့်အတူ ရထားစီး၍ သွားသည် ရှိသော်—

"ဘခင်··အကျွန်ုပ်သည် သင်တို့ကို အမြဲမပြတ် မမေ့မလျော့ တနှစ်ပတ်လုံး ဗိရဏတ္ထမ္ဘကမည်သောသုသာန်၌ လေ့လာစေပြီးလျှင် နွားတောင်းနည်းကို လက်တွေ့သင်ပြထားပါလျက် ပရိသတ်ထည်းရောက်၍ အလွဲကိုဆိုဘိသည်၊ ပညာနည်းသူကို အမြဲလေ့ကျက်ခြင်းသည် မစောင့်ရှောက်နိုင်"—

ဟု အပြစ်တင်စကား ပြောကြားပြန်၏၊ အဘပုဏ္ဏားသည် သား၏စကားကိုကြားလျှင်—

"ချစ်သားသောမဒတ်···· သူတပါးထံ၌စွာကို တောင်းသောသူမှာ ရခြင်း,မရခြင်း နှစ်မျိုးဖြစ်ရာသည်၊ အမှန်အားဖြင့် တောင်းခြင်းမှာ ဤလိုဖြစ်ခြင်းသဘောရှိ၏"—

ဟု ပြောဆိုပြန်၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ မင်းကြီးသည်-ယခုအခါ အာနန္ဒာ။

※ သောမဒတ်အဘသည်—လာဠုဒါယီ။

※ သောမဒတ်သည်-ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ရှက်ကြောက်သူကား၊ သူ့ထံပါး၊ စကားမပြောင့်လေ။

(၂) ပညာကနဲ၊ လေ့ကျက်လဲ၊ အမြဲမစောင့်ပေ။

(၃) နွားကိုပေးပါ၊ ပြောဘို့ရာ၊ ယူပါပြောမိလေ။

သောမဒတ္တဇာတ် ပြီး၏။

## ၂၁၂-ဥစ္ဆိဋ္ဌဘတ္တဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**မိန်းမပြစ်ပြ ဆိုဆုံးမ**

နတ်လူတို့ဆရာဖြစ်တော်မူသောမြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် မယားဟောင်းသည် ဖြားယောင်းသွေးဆောင်အပ်သည်ဖြစ်၍ သာသနာတော်၌ ငြီးငွေ့ပျင်းရိသော ရဟန်းတပါး ရှိလေ၏။

ထိုရဟန်းအကြောင်းကို မြတ်စွာဘုရားသိတော်မူလျှင် ''ချစ်သားရဟန်း····ဤမိန်းမသည် သင့်အကျိုး စီးပွားမဲ့ကိုသာ ပြုတတ်သည်၊ ရှေးအခါ၌လည်း သင့်ကို သယောက်လင် စားကြွင်းထမင်းကို ကျွေးဘူးပြီ''ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

**လင်ငယ်ကျန်ကျွေး လင်ကြီးမေး**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် ထမင်းကို လှည့်လည်ကာ တောင်းရမ်းစားသောက်၍ အသက်မွေးရသော နဋမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် အလွန်ဆင်းရဲ၏၊ မကောင်းသောအဆင်းနှင့်ပြည့်စုံ၏၊ ထမင်းကို လှည့်လည်တောင်းရမ်းကာစားသောက်အသက်မွေးရ၏။

ထိုအခါ ကာသိတိုင်း ရွာငယ်တခုဝယ် ပုဏ္ဏားတယောက်၏ပုဏ္ဏေးမသည် သီလမရှိ၊ ယုတ်မာသော အကျင့်ရှိ၏၊ ထိုပုဏ္ဏေးမသည် သယောက်လင်နှင့် ယုတ်မာသော အကျင့်ကို ကျင့်ပြီး၍ သယောက်လင်အား "အရှင်.... ခဏနေပါဦး ထမင်းဦးကိုစားရမည်''ဟု ဆိုပြီးလျှင် ထမင်းကိုခူး၍ အမဲဟင်းလျာနှင့် စားစေ၏၊ မိမိကား လင်ပုဏ္ဏားလာခြင်းကို မျှော်ကာ အိမ်တံခါးတွင် ရပ်လျက်စောင့်၏၊ နဝှမျိုး၌ဖြစ်သောလုလင်လည်း သယောက်လင်ထမင်းစားရာအရပ်၌ ထမင်းတောင်းကာ ရပ်လျက်နေ၏။

ထိုခဏ၌ ပုဏ္ဏားသည် အိမ်သို့ရှေးရှုပြန်လာ၏၊ပုဏ္ဏေးမမြင်လျှင် အိမ်တွင်းသို့လျင်မြန်စွာဝင်၍ သယောက်လင်အား"အရှင်ထလော့၊ ပုဏ္ဏားလာပြီ''ဟု ပြောဆိုကာ ကျီတွင်းသို့ သွင်း၍ထားလေ၏၊လင်ပုဏ္ဏား ရောက်လာလျှင် လက်ဆေးရည်ကိုပေးကာ သယောက်လင် စားကြွင်း ဖြစ်သော ထမင်းအေးပေါ်တွင် ထမင်းပူကိုထပ်၍ ထည့်ကာ စားစေပြန်၏၊ ပုဏ္ဏားလည်း ထမင်းပွဲ၌ လက်နှိုက်မိ၍ အပေါ်ရှိကထမင်းပူ, အောက်ကထမင်းအေးကို တွေ့မြင်လျှင် ဤထမင်းအေးကား သူတပါးစားကြွင်း ဖြစ်ရာသည်ဟု ကြံစည်၍ ပုဏ္ဏေးမအား—

> "ပုဏ္ဏေးမ....ထမင်းပွဲမှာ အထက်က ထမင်းမှာပူ၏၊ အောက်က ထမင်းမှာအေး၏၊ အဘယ်ကြောင့် ထမင်းတပွဲတည်းမှာ သည်လို အမျိုးမျိုးဖြစ်နေရသနည်း''

ဟု မေးလေ၏။

လင်ကြီးဆုံးမ
ရှောင်ကြဉ်ကြ

ပုဏ္ဏေးမသည် မိမိပြုအပ်သော အမှုထင်ရှား လာမည်ကို ကြောက်သောကြောင့် ပုဏ္ဏားက အဘန်ဘန် မေးသော်လည်း တစုံတရာစကားမဆိုဘဲ ဆိတ်ဆိတ်သာနေလေ၏၊ထိုခဏ၌နငှက်မျိုးဖြစ်သောလုလင်သည်''ကျီထည်း၌နေစေသောသူကား သယောက်လင်ဖြစ်ရာသည်၊ ဤပုဏ္ဏားကား အိမ်ရှင်လင်ကြီးဖြစ်ရာသည်၊ ငါသိသမျှ အကြောင်းစုံကို ပုဏ္ဏားအားပြောကြားမည်''ဟုကြံစည်က—

''အို-ပုဏ္ဏားကြီး····အကျွန်ုပ်ကား နငှက်မျိုးဖြစ်၍ ထမင်းတောင်းစားရန် ဤအရပ်သို့ ရောက်လာပါ၏၊အရှင်ပုဏ္ဏားကြီးသည် ဤထမင်းကား ဘယ်သူ့စားကြွင်းဖြစ်သည်ကို စုံစမ်းရှာဖွေ နေဘိ၏၊ ဤထမင်းကိုစားသော ပုဏ္ဏေးမ၏သယောက်လင်ကား အရှင်ကိုကြောက်သဖြင့် ကျီထည်းမှာ ဝင်နေပါ၏''—

ဟု အကြောင်းစုံပြောကြားလေ၏၊ ပုဏ္ဏားသည်နငှက်မျိုး၏စကားကိုကြားလျှင် အလွန်အမျက်ထွက်ကာ သယောက်လင်၏ ဥသျှောင်ကို ဆွဲပြီးလျှင် ကျီထည်းမှထုတ်၍နှောင်တဘန် ဤလိုယုတ်မာသောအကျင့်ကို မကျင့်လင့်ဟူ ဆဲရေးခြိမ်းချောက်လျက်နှစ်ယောက်လုံး သတ်ပုတ်ရိုက်နှက်လတ်သော် နှစ်ယောက်လုံးပင် နှောင်တဘန် ယုတ်မာသော အမှုကို မပြုဝံ့ကြကုန်၊ ရှောင်ကြဉ်ကြကုန်၏။

ဤဒေသနာတော်ကို ဟောတော်မူပြီးလျှင် သစ္စာကိုပြသည့်အဆုံး၌ သာသနာတော်၌ ငြီးငွေ့ပျင်းရိသောရဟန်းသည် သောတာပတ္တိဖိုလ်၌တည်လေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ပုဏ္ဏားမသည်-ယခုအခါမယားဟောင်း။

※ ပုဏ္ဏားသည်-ငြီးငွေ့သော ရဟန်း။

※ နဂုမျိုးလုလင်သည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

၁။ လင်ကြီးလည်းလစ်၊မိန်းမညစ်၊ ကောက်ကျစ်လင်စောင်မွေး။

၂။ လင်စောင်စားကြွင်း၊ကျန်ထမင်း၊ချက်ချင်းလင်ကြီးကျွေး။

ဥစ္ဆင်္ဂဇာတ်ပြီး၏။

---

## ၂၁၃။ ကုရုင်္ဂဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**လာဘ်ယူမှုတွက်**
**ဆုံးမချက်**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာ ဘုရား သည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဒါယကာတို့သည် မြတ်စွာဘုရားနှင့် ရဟန်းသံဃာတော်တို့အား ဆည်းကပ်ကိုးကွယ်ကြကုန်၏၊ ကြည်ညိုမြတ်နိုးကြကုန်၏၊ ရိုသေလေးမြတ်ကြကုန်၏၊ ပစ္စည်းလေးပါးတို့ကို လှူဒါန်းပူဇော်ကြကုန်၏၊ မြတ်စွာဘုရားနှင့် ရဟန်းသံဃာတော်တို့အားသာ လာဘ်လာဘ အခြံအရံအကျော်အစောကို ရကုန်၏၊ တိတ္ထိတို့အား ဆည်းကပ်ကိုးကွယ်သူ နည်းပါးကုန်၏၊

ကြည်ညိုမြတ်နိုးသူနည်းပါးကုန်၏၊ ရိုသေလေးမြတ်သူနည်းပါးကုန်၏၊ ပစ္စည်းလေးပါးတို့ကို လှူဒါန်း ပူဇော်သူနည်းပါးကုန်၏၊ လာဘ်လာဘ အခြံအရံ အကျော်အစောကို မရကြကုန်။

ထိုအခါ တိတ္တိတို့သည် "ငါရှင်တို့.... ရဟန်းဂေါတမ ဖြစ်ထွန်းလာသောအခါမှစ၍ ငါတို့မှာလာဘ်လာဘ အခြံအရံ အကျော်အစောကိုမရကြကုန်၊ ရဟန်းဂေါတမမှာသာ လာဘ်လာဘ အခြံအရံ အကျော်အစောကို ရသည်၊ ထိုရခြင်းအကြောင်းမှာလည်း အခြားမဟုတ်၊ ဇမ္ဗူဒိပ်ကျွန်းတွင် အထွတ်အမြတ်ဆုံးဖြစ်သော နေရာ၌ နေရခြင်းကြောင့်ဖြစ်သည်၊ ငါတို့သည် ကောသလမင်းထံ တံစိုးလက်ဆောင်ပေးကာ သဘောတူညီချက်ကိုယူမည်"ဟု တိုင်ပင်ညီညွတ်လျက် မိမိတို့ကြည်ညိုရာ ဒါယကာများထံ အလှူခံ၍မင်းကြီးထံသွားကာ"အရှင်မင်းကြီး...ဇေတဝန်ကျောင်းတော်အပြင်မှာ တိတ္ထိတို့အရံကိုပြုလိုသည်၊ မင်းကြီးထံလာ၍ အကြောင်းကြားတားမြစ်လျှင် လက်မခံပါလင့်"ဟု ပြောကြားကာ အသပြာတသိန်းပေးကုန်၏၊မင်းကြီးလည်း တံစိုးလက်ဆောင်၌တပ်မက်မောသဖြင့် ကောင်းပြီဟု ဝန်ခံလိုက်၏။

**လာဘ်ကိုယူမိ ဆန္ဒာဂတိ**

တိတ္ထိတို့သည် မင်းကြီး၏ သဘောတူညီချက်ကိုယူ၍ အမှုလုပ်တို့ကို ခေါ်ကာ ဇေတဝန်ကျောင်းတော်မြေအပြင်ဝယ် တိတ္ထိတို့ အရံပြုလုပ်ရန်ရှင်းလင်းသုတ်သင်စေကုန်၏၊ကျယ်လောင်သောအသံဖြစ်လေ၏၊ ထိုအခါမြတ်စွာဘုရားကြားတော်မူ၍ အရှင်အာနန္ဒာကိုမေးတော်မူရာ ထိုအကြောင်း

ကို လျှောက်ထားလေလျှင် ''အာနန္ဒာ....တိတ္ထိတို့သည် ကျယ်သောအသံရှိကုန်၏၊ ဤအရံနှင့်မလျှောက်ပတ်ကုန်၊ တိတ္ထိတို့နှင့်အတူနေခြင်းငှါ မတတ်ကောင်း''ဟု မိန့်တော်မူပြီးလျှင် ရဟန်းတို့ကို စည်းဝေးစေ၍တားမြစ်ကြရန် မိန့်တော်မူ၏။

ရဟန်းတို့သည် ဤနေရာ၌အရံမပြုရန်တားမြစ်ကြသော်လည်း မရသဖြင့် မင်းကြီးထံသွားကုန်၏၊ မင်းကြီးလည်း တံစိုးလက်ဆောင်စားထားသဖြင့် ''ရဟန်းတို့ကိုအတွေ့မခံဘဲ မင်းကြီးမရှိဟုလျှောက်စေ၏၊ ရဟန်းတို့သည် မြတ်စွာဘုရားကို လျှောက်ကြပြန်၏၊ မြတ်စွာဘုရားလည်း တံစိုးလက်ဆောင် စားထားကြောင်းသိတော်မူလျှင် အဂ္ဂသာဝကနှစ်ပါးကိုလွှတ်တော်မူပြန်၏၊မင်းကြီးလည်း ''အတွေ့မခံဘဲ မင်းကြီးမရှိ''ဟုလျှောက်စေပြန်၏။

**ဘုရားကြွလာ ဆုံးမရာ**

မြတ်စွာဘုရားသည် နောက်နေ့နံနက်အခါ ရဟန်းငါးရာအခြံအရံဖြင့် မင်းကြီးထံ ကြွတော်မူ၏၊ မင်းကြီးလည်း ဘုရားအမှူးရှိသောသံဃာအား ယာဂုခဲဘွယ်တို့ကို ကပ်လှူပြီးလျှင် သင့်တင့်ရာ အရပ်၌နေ၏၊ မြတ်စွာဘုရားသည် မင်းကြီးအားတရားဟောတော်မူပြီးလျှင်''မြတ်သော မင်းကြီး....ရှေးအခါမင်းတို့သည် တံစိုးလက်ဆောင်ကို ယူ၍ သီလရှိသောသူတို့အား အငြင်းအခုံကို ပြုစေသောကြောင့် မိမိတို့နိုင်ငံကို အစိုးမရကြ၍ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ဘူးပြီ'' ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

**မြို့ရွာကပ်ငြား ရသေ့များ**

လွန်လေပြီးသောအခါ ကုရုတိုင်းဝယ် ကုရုမင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် အဘိညာဉ်သမာပတ်တို့ကိုဖြစ်စေလျက်ရသေ့အပေါင်းတို့၏ ဆရာဖြစ်ကာဟိမဝန္တာအရပ်တွင် ကြာမြင့်စွာနေလေ၏။

တနေ့သ၌ ချဉ်ဆားမှီဝဲရန်အလို့ငှါ ရသေ့အပေါင်းခြံရံလျက် ဟိမဝန္တာမှ ဆင်းသက်၍ အစဉ်အတိုင်း ကြွသွားလေရာ ကုရုတိုင်းသို့ရောက်၍ ကုရုမြို့တော်တွင်း၌ ဆွမ်းခံပြီးလျှင် မြောက်ဘက်တံခါး အနီးဝယ် အခက်အရွက်နှင့် ပြည့်စုံသော ပညောင်ပင်ကြီးဝယ် ဆွမ်းဘုဉ်းပေးလျက် ထိုပညောင်ပင်အောက်မှာပင် နေလေ၏။

လခွဲလွန်သောအခါ ရသေ့ငါးရာ အခြံအရံ ရှိသော ရသေ့တပါးသည် ရောက်လာပြန်သဖြင့် ထိုကုရုမြို့တော်မှာပင် ဆွမ်းဂေါစရဂါမ်ပြုကာ မြို့တော်၏ တောင်ဘက်တံခါး အနီးဝယ် အခက်အရွက်နှင့် ပြည့်စုံသော ပညောင်ပင်ကြီးမှာပင် နေလေ၏၊ ထိုရသေ့နှစ်ပါးတို့သည် မိမိတို့ အခြံအရံနှင့်တကွ ကုရုမြို့တော်မှာပင် မွေ့လျော် ပျော်ပိုက်သမျှနေပြီးလျှင် မိမိတို့နေရာ ဟိမဝန္တာသို့ပြန်သွားကြကုန်၏၊ ထိုရသေ့တို့ သွားကြသောအခါ တောင်တံခါးအနီးရှိ ပညောင်ပင်ကြီးသည် ညှိုးခြောက်လေ၏။

**နေရာအတွက် ငြင်းခုံချက်**

နောက်တကြိမ်တွင် တောင်တံခါးအနီးရှိ ပညောင်ပင်ကြီး၌ နေသောရသေ့တို့သည် ရှေးဦးစွာ လာလတ်ကုန်၍ မိမိ

နေသောပဒေါင်ပင်ကြီး ညှိုးခြောက်နေသည်ကိုမြင်လျှင် မြို့တံခါးမြောက်ဘက်တွင်ရှိသော ပဒေါင်ပင်ကြီးသို့သွား၍နေကြကုန်၏၊ တပါးသောရသေ့တို့သည် နောက်မှလာလတ်ကုန်၍ မိမိတို့နေဘူးသော မြောက်တံခါးအနီးရှိ ပဒေါင်ပင်ကြီးသို့ပင်လာ၍ နေကြပြန်ကုန်၏၊ ထိုအခါ နှစ်ဦးသောရသေ့တို့သည် "ငါတို့သစ်ပင်ဖြစ်သည် သင်တို့သစ်ပင်မဟုတ်ဟု သစ်ပင်ကိုမှီ၍အချင်းချင်း အငြင်းအခုံဖြစ်ကြကုန်၏။

ရသေ့တို့သည် တဖြည်းဖြည်း ခိုက်ရန်ကြီးလတ်သော် မင်းကြီးထံသွား၍ အကြောင်းကြားကြကုန်၏၊ မင်းကြီးသည် ရှေးဦးစွာနေဘူးသောရသေ့တို့ကို အနိုင်ပေးလေ၏၊ ထိုအခါ နောက်မှလာနေသောရသေ့တို့သည် ငါတို့အရှုံးမပေးနိုင်ဟု ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုလတ်သော် စကြဝတေးမင်းတပါး၏အသုံးအဆောင်ဖြစ်သောရထားချိုင့်ကို မြင်၍ယူဆောင်ကာ "ငါတို့ကိုအနိုင်ပေးပါဟု မင်းကြီးအားတံစိုးလက်ဆောင်ပေးကြကုန်၏၊ မင်းကြီးသည် "နှစ်ဦးလုံးကိုပင်အနိုင်ပေးကာ နှစ်ဦးလုံးပင်နေကြကုန်"ဟု ဆုံးဖြတ်ပြန်၏။

**မင်းကျင့်ပျက်ကတော့သို့ကြွ**

တဘန် ရှေးဦးစွာ နေဘူးသောရသေ့တို့သည် ဒိဗ္ဗစက္ခုဖြင့်ကြည့်ရှု၍ ရထားလှည်းဘီးတို့ကိုယူဆောင်ကာ "ငါတို့ကိုအနိုင်ပေးပါ"ဟုတံစိုးလက်ဆောင်ပေးကြပြန်၏၊ မင်းကြီးသည်ထိုရသေ့တို့အား အနိုင်ပေးပြန်၏။

နောက်အခါ ရသေ့တို့သည် "ငါတို့ကား ဝတ္ထုကာမ, ကိလေသာကာမတို့ကို စွန့်လွှတ်ကာ ရသေ့ ရဟန်း ပြုသူများဖြစ်ကြပါလျက် သစ်ပင်ကိုအမှီပြု၍ ငြင်းခုံခိုက်ရန်ဖြစ်လျက် မင်းကြီးကို တံစိုးလက်ဆောင် ပေးကြခြင်းအမှုမှာ မသင့်"ဟု နှလုံးမသွင်းကြသဖြင့် လျင်မြန်စွာ သွားပြီးလျှင် ဟိမဝန္တာသို့ပြန်ကြကုန်၏။

**မင်းအကျင့်ပျက် တိုင်းပြည်ဖျက်**

ကုရုတိုင်းတွင်းရှိနတ်တို့သည်တပေါင်းတည်းဖြစ်ကုန်လျက် သီလရှိသောရသေ့တို့အား ငြင်းခုံခြင်းကိုဖြစ်စေသဖြင့်မင်းကြီးသည် အလွန်မသင့်လျော်သောအမှုကို ပြုသည်ဟု အမျက်ထွက်ကုန်လျက် ယူဇနာသုံးရာ ကျယ်ဝန်းသော ကုရုတိုင်းကြီးကို သမုဒ္ဒရာတွင်းသို့ ရောက်စေလျက် တိုင်းပြည်နိုင်ငံမဟုတ်သည်ကို ပြုကြကုန်၏၊ ဤသို့လျှင် တယောက်သောကုရုမင်းကိုမှီ၍ တိုင်းပြည်အလုံး၌နေကုန်သောသူတို့သည် ပျက်စီးခြင်းသို့ ရောက်ရကုန်၏။

**တရားညွှန်ပြ ဆိုဆုံးမ**

ဤသို့လျှင် မြတ်စွာဘုရားသည်လွန်လေပြီးသောအကြောင်းကို ဆောင်တော်မူ၍ ဘုရားဖြစ်တော်မူပြီးလျှင်—

"မြတ်သောမင်းကြီး....ရှေးအခါ ကုရုမင်းဟု
ငါဘုရား ကြားဘူး၏၊ ထိုမင်းကား ရသေ့တို့အား
ရန်တိုက်ခြင်းကိုပြု၍ တိုင်းနိုင်ငံသားနှင့်တကွ အ
မြစ်အရင်းပါပြတ်၍ပျက်စီးခြင်းသို့ရောက်ဘူးပြီ"—

ထို့ကြောင့် ဆန္ဒာဂတိ စသည်သို့ လိုက်ခြင်းကို ပညာရှိတို့မချီးမွမ်းကုန်၊ ကိလေသာတို့ဖြင့်

မဖျက်ဆီးအပ်သော စိတ်ရှိသည်ဖြစ်၍ အမှန်နှင့်
စပ်သောစကားကိုသာ ပြောဆိုရာ၏”

ဟုမိန့်တော်မူပြီးလျှင် “မြတ်သောမင်းကြီး..ဆန္ဒာဂတိ စသည်သို့မလိုက်ရာ၊ နှစ်ဦးသောရဟန်းတို့ကို ငြင်းခုံခိုက်ရန်ဖြစ်အောင်မပြုသင့်”ဟုမိန့်တော်မူ၏။

ကောသလမင်းကြီးသည် မြတ်စွာဘုရားဒေသနာတော်ကိုကြားနာရလျှင် သတိသံဝေဂဖြစ်ကာ လူတို့ကိုစေလွှတ်စေ၍ တိတ္ထိအရံကိုဖျက်ဆီးစေ၏၊ ထိုအခါ တိတ္ထိတို့လည်း ထောက်တည်ရာမရကြကုန်။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

မင်းမြတ်....

※ ထိုအခါရသေ့ကြီးသည်- ယခုအခါ ငါဘုရားဖြစ်
　　လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) အဂတိလိုက်စား၊တံစိုးစား၊မိုက်မှားမင်းယုတ်ပေ။
(၂) တံစိုးယူထား၊ရသေ့များ၊တိုက်ငြားခိုက်ရန်တွေ့။
(၃) ကုရုတိုင်းလုံး၊ပင်လယ်ဖုံး၊ကုန်ဆုံးပျက်စီးလေ။

ကုရုဇာတ်ပြီး၏။

# ၂၁၄။ ပုဏ္ဏနဒီဇာတ်

ပစ္စုပ္ပန်ဝတ္ထု။

ပညာဂုဏ်တော် ချီးကျူးပေ

နတ်လူတို့ဆရာ ဖြစ်တော်မူသောမြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းတို့သည် တရားသဘင်ဝယ်"ငါ့ရှင်တို့..မြတ်စွာဘုရားသည်ကျယ်ပြန့်သော ပညာရှိတော်မူ၏၊ ကြီးမားသော ပညာရှိတော်မူ၏၊ ရွှင်သောပညာရှိတော်မူ၏၊လျင်မြန်သောပညာရှိတော်မူ၏၊ ထက်မြက်သောပညာရှိတော်မူ၏၊နက်နဲသောပညာရှိတော်မူ၏၊ ဤသို့စသည်ဖြင့် မြတ်စွာဘုရား၏ ပညာတော်ကို ချီးကျူးအံ့ဩ၍နေကြကုန်၏။

ထိုအခိုက်မြတ်စွာဘုရားကြွလာတော်မူ၍"ရဟန်းတို့.. ငါဘုရားသည် ယခုအခါ၌သာ ပညာရှိသည် အကြောင်း၌ လိမ္မာသည် မဟုတ်၊ ရှေးအခါ၌လည်း 'ပညာရှိသည် အကြောင်း၌လိမ္မာသည်သာတည်း" ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

မင်းမျက်တော်ရှ ရှောင်ထွက်ရ

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော်ဘုရားအလောင်းသည်ပုရောဟိတ်ပုဏ္ဏားမျိုး၌ဖြစ်၍ အဘလွန်သဖြင့် ပုရောဟိတ်ရာထူးကိုရ၍ ဗာရာဏသီမင်းကြီးအား အကျိုးအကြောင်းကို ပြလျက်ဆုံးမတတ်သော အမတ်ဖြစ်လေ၏။

နောက်အဘို၌ မင်းကြီးသည် ကုန်းချောတတ်သော သူတို့စကားကို ယုံကြည်လျက် ပုရောဟိတ်ပုဏ္ဏားအား အထင်လွဲကာ အမျက်ထွက်၍ ငါ့ထံမှာ မနေလင့်ဟု ဗာရာဏသီပြည်မှ နှင်ထုတ်လေ၏၊ ပုရောဟိတ်ပုဏ္ဏားသည် သားမယားတို့ကိုခေါ်ယူ၍ လယ်ထွန်သမားတို့နေရာ ရွာငယ်တခု၌ နေလေ၏။

**စကားထာ၄က်ကာ ပြန်ခေါ်ရာ**

တနေ့သ၌ မင်းကြီးသည် ပုရောဟိတ်ပုဏ္ဏား၏ကျေးဇူးကိုအောက်မေ့၍ တစုံတယောက်သောသူကိုစေလွှတ်ကာဆရာပုဏ္ဏားကိုခေါ်ရန်မသင့်၊ စင်စစ်သော်ကား စကား၄က်ဂါထာတခုကိုဖွဲ့စီ၍ ထန်းရွက်တွင်ရေးကာ ကျီးသားကို ချက်စေပြီးလျှင် ပုဝါဖြူဖြင့်ထုပ်၍ မင်းတံဆိပ်တော် ခတ်နှိပ်လျက်စာခွေနှင့်အတူပို့စေမည်၊ဆရာပုဏ္ဏားသည် အကယ်၍ ပညာရှိပါမူ စာကိုဘတ်၍ ကျီးသားအဖြစ်ကိုသိလျှင် မုချလာလိမ့်မည်၊ ပညာမရှိသည်ဖြစ်ပါမူ လာမည်မဟုတ်ဟု ကြံစည်လျက်—

"ပုရောဟိတ်ပုဏ္ဏား····အကြင်၄က်ကြောင့်ရေပြည့်နေသောမြစ်ကို ကမ်းနား၌ရပ်၍ သောက်နိုင်သောရေရှိသော မြစ်ဟူ၍၎င်း၊ ပေါက်ရောက်သော မုယောစသော စပါးပင်နုကို ဖုံးလွှမ်းနိုင်သောစပါးဟူ၍၎င်း၊ ရပ်ဝေးသွား အဆွေခင်ပွန်းကို ရောက်အံ့ဟု ဆိုကြရကုန်၏၊ ထို၄က်ကို သင့်ထံသို့ပို့စေသည်၊ထို၄က်သားကိုယူ၍ စားပါလော့"—

ဟု ထန်းရွက်တွင် စကား၄က်ဂါထာကိုရေး၍ ထန်းရွက်လိပ်ကာ၊ ကျီးသားကို ချက်ပြီးလျှင် ပုဝါဖြူဖြင့်ထုပ်၍

မင်း၏တံဆိပ်ခတ်နှိပ်လျက် ထန်းရွက်စာခွေနှင့်အတူ ပုရောဟိတ်ထံ ပို့စေ၏။

**ပညာအတွက် စည်းစိမ်တက်** ပုရောဟိတ်ပုဏ္ဏားလည်း မင်းကြီးထံမှ ပို့စေသော စာခွေနှင့် အထုပ်တခု ရောက်လာလျှင် စာခွေကို ဖြေ၍ ဘတ်ပြီးသောအခါ–

"မင်းကြီးသည် မိမိထံဆက်သလာသော ကျီးသားကိုစင်လျက်လည်း ပို့စေရန် ငါ့ကို သတိရဘိ၏၊ ဟင်္သာသား, ကြိုးကြာသား, ဥဒေါင်းသား တို့ကို ဆက်သလာလျှင် ပို့စေရန် အဘယ်မှာသတိမရဘဲရှိနိုင်အံ့နည်း၊ လောက၌ သတိမရခြင်းမှာ ယုတ်မာလှ၏၊ သတိရခြင်းကား မွန်မြတ်လှ၏"–

ဟု စကားဝှက်ဂါထာ၏ အဓိပ္ပါယ်အရ ပို့စေသော အသားကား ကျီးသားဖြစ်ကြောင်းကို မိမိဉာဏ်ပညာဖြင့် သိလေ၏။

နောက်တဘန် မင်းကြီးသည် ငါ့ကိုအောက်မေ့ သတိရတော်မူသည်၊ ငါပြန်လာခြင်းကို တောင့်တတော်မူသည်၊ ထို့ကြောင့် ငါယခုပင်သွားမည်ဟု ပြောဆိုကာ လှည်းကို ကစေပြီးလျှင် လှည်းဖြင့်သွား၍ မင်းကြီးကို ဖူးမြင်လေ၏၊ မင်းကြီးလည်း အလွန်နှစ်သက်တော်မူသဖြင့် ပုရောဟိတ်အရာကိုပြန်၍ ပေးသနားတော်မူ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည်-အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့....

※ ထိုအခါ ဗာရာဏသီ မင်းသည်- ယခုအခါ အာနန္ဒာ။

※ ပုရောဟိတ်ပုဏ္ဏားသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ပညာဟူက၊ ချီးကျူးရ၊ အမျှော်းထိပ်ခေါင်တင်။

(၂) စကားဂုဏ်ဘိ၊ပညာရှိ၊ သိ၏ပြက်ပြက်ထင်။

ပုဏ္ဏနဒီဇာတ်ပြီး၏။

---

## ၂၁၅။ ကစ္စပဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**နှုတ်ကြောင့်သေရ ကောကာလိက**

နတ် လူ တို့ဆရာ ဖြစ်တော် မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း တော်၌ သီတင်းသုံးတော်မူစဉ်၊ ရဟန်း တို့သည်တရားသဘင်၌ကောကာလိကအကြောင်းကိုစကား စပ်မိပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍၊ ရဟန်းတို့··ကောကာလိကသည်ယခုအခါ၌သာမိမိစကား ဖြင့် မိမိကိုသတ်သည်မဟုတ်၊ ရှေးအခါ၌လည်း မိမိစကား ဖြင့် မိမိကိုသတ်ဘူးပြီဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

**စကားများလတ် ဖြဟ္မဒတ်**

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိ သော် ဘုရားအလောင်းသည် အမတ်

မျိုး၌ဖြစ်၍ အစွယ်သို့ ရောက်သည်ရှိသော် မင်းကြီးအား အကြောင်း အကျိုးကိုပြ၍ ဆုံးမတတ်သော ပညာရှိအမတ် ဖြစ်လေ၏။

ထိုဗြဟ္မဒတ်မင်းကြီးကား စကားများ၏၊ စကားပြော ဆိုလတ်သော် သူတပါးတို့စကားပြောဆိုခွင့်မရှိ၊ ပညာရှိ အမတ်သည် မင်းကြီးစကားများစွာပြောဆိုခြင်းကို တား မြစ်လို၍ တခုသောအကြောင်းဥပါယ်ကိုစုံစမ်းလျက်နေ၏။

**လိပ်နှင့်ဟင်္သာ မိတ်ဖွဲ့ရာ**

ထိုအခါ ဟိမဝန္တာအရပ်ဝယ် အိုင်တခု၌ လိပ်သည် နေ၏၊ ဟင်္သာ ငယ်နှစ်ကောင်တို့သည် အစာရှာအံ့သော ငှါသွားလတ်သော် ထိုလိပ်နှင့်အကျွမ်းတဝင် နေကြကုန်၏၊ တွေ့ဘန်များသော် အလွန်အကျွမ်းဝင်ခြင်းသို့ ရောက်ကြ ကုန်၏။

တနေ့သ၌ ဟင်္သာတို့သည် လိပ်အား "အဆွေလိပ်.... ငါတို့နေရာဖြစ်သော ဟိမဝန္တာ စိတ္တကူဋ်တောင်ပေါ်တွင် ဘည်ရှိသော ရွှေဂူသည် အလွန်မွေ့လျော်ဘွယ်ရှိသည်၊ငါတို့ နှင့်အတူလိုက်ခဲ့ပါ"ဟုပြော၏၊ "အဆွေတို့.... ငါသည် အဘယ်မှာသွားနိုင်မည်နည်း"ဟုပြော၏၊"အဆွေလိပ်.... သင်သည် နှုတ်စောင့်လျက် တစုံတယောက်သောသူနှင့် စကားမပြောဘဲနေနိုင်ပါမူ ငါတို့ဆောင်ယူသွားပါမည်" ဟု ပြောသောအခါ "အဆွေတို့....ငါသည် ဘယ်သူနှင့်မျှ စကားမပြောပါ၊နှုတ်ကိုစောင့်ပါမည် ဆောင်ယူသွားကြ ပါ"ဟု ပြောကြားလေ၏။

ဟင်္သာငယ်တို့လည်း"အဆွေလိပ်....ကောင်းပြီဆောင် ယူသွားမည်"ဟု ဝန်ခံကာ တုတ်တံတချောင်းအလယ်တွင်

လိပ်ကိုပါးစပ်ဖြင့် မြဲမြဲကိုက်စေလျက် မိမိတို့မှုကား တုတ်တံအစွန်းနှစ်ဘက်တွင် တဘက်တကောင်စီ ကိုက်ချီကာ လိပ်ကိုဆောင်ယူ၍ ကောင်းကင်ဖြင့်ပျံကြကုန်၏။

**လူတွေကိုဆဲ လိပ်ခွံကွဲ**

ရွာသူသားငယ်တို့သည် ထိုသို့သောအချင်းအရာကိုမြင်ကုန်လတ်သော် ဟင်္သာငယ်နှစ်ကောင်တို့သည် လိပ်ကိုတုတ်တံဖြင့် ဆောင်ယူသွားကြသည်ဟု ဟစ်အော်ပြောဆိုကြကုန်၏၊ လိပ်လည်း သူငယ်တို့ပြောဆိုသံကိုကြားလျှင် နှုတ်ကိုမစောင့်နိုင်တော့ဘဲ "ဟယ်သူငယ်ပျက်တို့.... ငါ့ကို အဆွေခင်ပွန်းဖြစ်သော ဟင်္သာငယ်တို့ဆောင်ယူသွားရာဝယ် သင်တို့အား ဘာပြုလုပ်သနည်း"ဟု ပြောဆိုလိုသည့်အတွက် ပါးစပ်ဖြင့်ကိုက်လာသောတုတ်တံကို အမှတ်မဲ့ လွှတ်လိုက်မိရာ မင်းကြီးနန်းတော်ထက် ကောင်းကင်မှကျသဖြင့် ကိုယ်နှစ်ချမ်းကွဲ၍သေလေ၏၊ ထိုအခါ အနီးရှိလူတို့သည်တပြိုင်နက် အုတ်အုတ်ကျက်ကျက် ဖြစ်ကုန်၏။

**လိပ်ကိုပုံပြ ဆိုဆုံးမ**

မင်းကြီးသည် ပညာရှိအမတ်နှင့်တကွ အမတ်အပေါင်းခြံရံကာ ထိုအရပ်သို့သွား၍ လိပ်ကိုမြင်လျှင် "အိုပညာရှိအမတ်.... ဤလိပ်သည် အဘယ်သို့ပြု၍ကျလာသနည်း"ဟု မေးတော်မူ၏၊ ပညာရှိအမတ်သည်စကားများစွာပြောသော မင်းကြီးကိုဆုံးမရန် အကြောင်းဥပါယ်ကို ရှာဖွေနေခိုက် လိပ်ကိုတွေ့ရသောအခါ "အကြောင်းဥပါယ်ကိုရပေပြီ"ဟု နှလုံးသွင်းကာ "မြတ်သောမင်းကြီး.... ဤ လိပ် သည် ဟင်္သာတို့နှင့် ချစ်ကျွမ်းဝင်သည်ဖြစ်လိမ့်မည်၊ ဟင်္သာတို့သည်

လိပ်ကိုတုတ်တံမှာကိုက်စေ၍ ကောင်းကင်ဖြင့် ဟိမဝန္တာသို့ဆောင်ယူသည်ဖြစ်လိမ့်မည်၊ ဤလိပ်သည် တစုံတယောက်သောသူစကားကိုကြား၍ နှုတ်မစောင့်ဘဲ တစုံတရာစကားကိုဆိုလိုသဖြင့်ကိုက်လာသောတုတ်တံကို လွှတ်လိုက်မိသည်ဖြစ်လိမ့်မည်၊ လွှတ်လိုက်သောအခါ ကောင်းကင်မှကျ၍သေဆုံးသည်ဖြစ်လိမ့်မည်ဟု" မင်းကြီးအားမိမိဉာဏ်ပညာဖြင့်ဆင်ခြင်စဉ်းစားကာ လျှောက်ထားလေ၏။

ပညာရှိအမတ်သည် မင်းကြီးအား လိပ်ကိုသက်သေပြုကာ ဆုံးမလိုသဖြင့်—

"မြတ်သောမင်းကြီး....ဤလိပ်ကား တုတ်တံ၌မြဲမြံစွာ ကိုက်ချီထားပါလျက် စကားများခြင်းကြောင့် သေဆုံးရ၏တကား၊ မိမိစကားဖြင့်ပင် မိမိကိုယ်ကို သတ်ပေ၏တကား"။

"မြတ်သောမင်းကြီး.... ပညာရှိသောသူသည် ထိုအကြောင်းကိုမြင်၍ အပြစ်မရှိသော စကားကိုပြောဆိုရာ၏၊ အပြစ်မရှိသောစကားပင်ဖြစ်သော်လည်း တာရှည်လေးမြင့်မပြောဆိုရာ စကားများစွာဆိုခြင်းကြောင့် ပျက်စီးခြင်းသို့ရောက်သောလိပ်ကို ရှုတော်မူပါ"—

ဟု လျှောက်ထားပြန်၏။

**မင်းသတိပြုဆင်ခြင်မှု**

မင်းကြီးသည် ငါ့ကိုရည်၍ဆိုသည်ဟုသိသဖြင့် "ပညာရှိအမတ်.... သင်သည် ငါ့ကိုရည်၍ ဆိုသည်မဟုတ်လော" ဟု

မေး၏၊ "အရှင်မင်းကြီး····အရှင်မင်းကြီးမူလည်းဖြစ်စေ, တပါးသောသူမူလည်းဖြစ်စေ, အမှတ်မရှိသောသူသည် အတိုင်းအရှည်ပမာဏကိုလွန်၍ စကားကိုပြောဆိုလတ်သော် ပျက်စီးခြင်းသို့ ရောက်သည်သာတည်း"ဟု ထပ်မံလျှောက်ထားပြန်၏၊ မင်းကြီးသည် ပညာရှိအမတ်စကားကိုကြားလျှင် ထိုအခါမှစ၍ စကားများများပြောခြင်းကို ရှောင်ကြဉ်လျက် စကားနည်းလေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါလိပ်သည်- ယခုအခါ ကောကာလိက။

※ ဟင်္သာငယ်နှစ်ကောင်တို့သည်-သာရိပုတ္တရာ,မောဂ္ဂလာန်။

※ မင်းကြီးသည်- အာနန္ဒာ။

※ ပညာရှိအမတ်သည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

၁။ တိုင်းရှည်လွန်ငြား၊ စကားများ၊ မမှားပျက်စီးလေ။

၂။ ဟင်္သာယူသွား၊ လိပ်ပျက်ကား၊ စကားကြောင့်ပင်သေ။

ကစ္ဆပဇာတ်ပြီး၏။

## ၂၁၆။ မစ္ဆဇာတ်

**ပစ္စုပ္ပန်ဝတ္ထု**

**ရဟန်းငြီးငွေ့မပျော်မွေ့**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်း သုံးတော်မူစဉ် မယား ဟောင်းသည် ဖြားယောင်းသွေးဆောင်အပ်သည်ဖြစ်၍ သာသနာတော်၌ ငြီးငွေ့ပျင်းရိသော ရဟန်းတပါးကိုအကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု**

**ငါးမအတွက်ငါးဖိုခက်**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ ပုရောဟိတ်ပုဏ္ဏားဖြစ်လေ၏။

တနေ့သ၌ တံငါတို့သည် ကွန်၌မိသောငါးကြီးကိုဆယ်ယူပြီးလျှင် ပူသောသဲသောင်ပြင်၌ထားကြလျက် ငါးကြီးကို မီးကျီးတို့၌ ဖုတ်ကင်ကာစားကြမည်ဟု တံစို့တို့ကို ချွန်ကြကုန်၏၊ ထိုအခါငါးကြီးသည် ငါးမကိုအာရုံပြုကာ—

"အိုတံငါတို့....ဤမီးကျီးသည် ငါ့ကိုမပူစေပါ၊ ဆက်စွာချွန်ထားသော ဤတံစို့သည်လည်း ငါ့ကိုမပူစေပါ၊ ငါ့လင်ငါးဖိုသည် ကာမဂုဏ်ငါးပါးဖြင့်ပျော်မွေ့လျက် အခြားငါးမနောက်သို့ လိုက်လေပြီဟု ငါ့မယားငါးမသည် အထင်လွဲကာအောက်မေ့ခြင်းသည်သာ ငါ့ကိုပူစေ၏။

ငါးမ၌ တပ်စွန်းခြင်းရာဂမီးသည်သာ ငါ့ကိုပူစေ၏၊ ရာဂနှင့်ယှဉ်သောငါ့စိတ်သည်သာ ငါ့ကိုပူစေ၏၊ ကာမဂုဏ်တို့ကို တောင့်တနေသော သတ္တဝါကို ဘယ်အခါမှမသတ်အပ်ပါ၊ အိုတံငါတို့....ငါ့ကို လွှတ်ကြပါကုန်လော့''–

ဟု ငိုကြွေးလေ၏၊ ထိုခဏ၌ပုရောဟိတ်သည် မြစ်ကမ်းနားသို့ရောက်၍ ထိုငါးဖို ငိုကြွေးသောအသံကိုကြားလျှင် တံငါတို့ထံသို့ချဉ်းကပ်ကာ ထိုငါးဖိုကိုလွှတ်စေ၏။

ဤဒေသနာတော်၏အဆုံး၌ သာသနာတော်၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့....

※ ထိုအခါ ငါးမသည်–ယခုအခါ မယားဟောင်း။
※ ငါးဖိုသည်–ငြီးငွေ့သောရဟန်း။
※ ပုရောဟိတ် ပုဏ္ဏားသည်– ငါဘုရား ဖြစ်လာပြီ– ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကာမဂုဏ်ငါး၊ အလိုက်မှား၊ ဆုံးပါးပျက်စီးမည်။
(၂) လူသော,ရှင်သော၊ ရဟန်းသော၊ ဂုဏ်လျော့ပျက်စီးမည်။

မဏိဇာတ်ပြီး၏။

# ၂၁၇။ သေဂ္ဂုဇာတ်

### ပဉ္စုပ္ပန်ဝတ္ထု

**အမြဲပြုံးလျက် ကျင့်မပျက်**

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဟင်းရွက်သည် တယောက်အား အမြဲပြုံးရွှင်သော သေဂ္ဂုမည်သော သမီး တယောက်ရှိလေ၏၊ ထိုဟင်းရွက်သည်သည် သမီး၌ အကျင့်သီလ ရှိသည်,မရှိသည်ကိုစုံစမ်းရာ အကျင့်သီလရှိသည် ကို သိသဖြင့် အမျိုးသားတယောက်နှင့် ထိမ်းမြား လက်ထပ်လေ၏။

ထိုဟင်းရွက်သည်သည် သမီးကို ထိမ်းမြားလက်ထပ်ခြင်းကိစ္စပြီးလတ်သော် မြတ်စွာဘုရားထံ ဆည်းကပ် ခစားရန်သွားလေ၏၊ ထိုအခါမြတ်စွာဘုရားသည်"ဒါယကာ···· သင်သည် ငါဘုရားထံကြာမြင့်မှလာသလော"ဟုမေးတော်မူလျှင် ဒါယကာသည် "အရှင်ဘုရား···· တပည့်တော်အား အမြဲပြုံးရွှင်သောသမီးတယောက်ရှိရာ အကျင့်သီလရှိသည် မရှိသည်ကို စုံစမ်း၍ အမျိုးသားတယောက်နှင့် ထိမ်းမြား လက်ထပ်ခြင်းကိစ္စကို ပြုလုပ်နေရသည့်အတွက် ဆည်းကပ် ခစားခွင့်မရပါ"ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် "ဒါယကာ···· ထိုသတို့သမီးကား ယခုအခါ၌သာ သီလရှိသည်မဟုတ်၊ ရှေးအခါ၌လည်း သီလရှိသည်သာတည်း၊ သင်သည်လည်း ယခုအခါ၌သာ ထိုသတို့သမီးကို စုံစမ်းသည်မဟုတ်၊ရှေးအခါ၌လည်းစုံစမ်း

သည်သာတည်း''ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု။**

**စုံစမ်းပြီးမှ အိမ်ထောင်ချ**

လွန်လေပြီးသောအခါဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ရုက္ခစိုးနတ် ဖြစ်လေ၏။

ထိုအခါ ဟင်းရွက်သည်သည် သမီးကို စုံစမ်းမည်ဟု တောသို့ခေါ်ဆောင်ပြီးလျှင် ကိလေသာ၏အစွမ်းဖြင့်အလိုရှိသကဲ့သို့ပြု၍ သမီးလက်ကို ကိုင်လေ၏၊ ထိုအခါ သမီးသည် ငိုလတ်သော် ဘခင်သည် သမီးအား—

''သမီးသေဂ္ဂု…သတ္တဝါအလုံးစုံသည် ကာမဂုဏ်မှိဝဲခြင်း၌ ဝမ်းမြောက်ဝမ်းသာ ရှိကြ၏၊ သင်ကား ရွာသူတို့အကျင့်ဖြစ်သော ကာမဂုဏ်မှု၌ အဘယ့်ကြောင့် မလိမ်မာဘိသနည်း၊ ငါသည် တောအရပ်၌ ပေါင်းဘော်လိုသဖြင့် လက်ကို ကိုင်လတ်သော် ငိုခြင်းကား အဘယ်သဘောနည်း၊သင်ကား သူငယ်မ မဟုတ်ပါလော''—

ဟု ပြောဆိုလေ၏၊ သူငယ်မသည် ဘခင်၏ စကားကိုကြားလျှင် ''ဘခင်…အကျွန်ုပ်ကာ သူငယ်မမှန်ပါသည် သို့သော်လည်း မေထုန်အကျင့်မည်သည်ကို မသိပါ''ဟု ဆို၍ငိုယိုလျက်-

''ဘခင်…ဘခင်မည်သည်ကား သမီး၌ဆင်းရဲတွေ့သည်ရှိသော် စောင့်ရှောက်ရာသည် မဟုတ်ပါလော၊ သို့ပါလျက် တောအရပ်ဝယ် မိမိမွေးသော

သမီးကို ပြစ်မှား ကျူးလွန်ရမည်ဟု မှတ်ထင်ဘိ၏၊
တောအလယ်ဝယ် အဘယ်သူ အစောင့်အရှောက်
ကို ယူရအံ့သောငှါ ငိုရမည်နည်း၊ စောင့်ရှောက်
ထိုက်သော ဘခင်သည်ပင် ရန့်ရင်းသော အမှုကို
ပြုဘိ၏”–

ဟု ထပ်မံပြောဆိုပြန်၏၊ ထိုအခါ ဘခင်သည် သမီးကို စုံစမ်းလို၍ ဤလိုပြုလုပ်မိကြောင်းကို ပြောဆိုကာ နှစ်သိမ့်စေ၍ အိမ်သို့ဆောင်ယူပြီးလျှင် အမျိုးသားတယောက်နှင့် ထိမ်းမြားလက်ထပ်လေ၏။

ဤဒေသနာတော်ကိုဟောတော်မူပြီး၍သစ္စာကိုပြသည့် အဆုံး၌ ဟင်းရွက်သည် ဒါယကာသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်-

ဒါယကာ…

※ ထိုအခါ သမီးသည်ပင်-ယခုအခါသမီး။

※ အဘသည်ပင်-အဘ။

※ ရုက္ခစိုးနတ်သည်-ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) မျက်နှာရှင်လည်း၊ အကျင့်သည်း၊ စောင့်စည်းမိန်းမမြတ်။

(၂) ဘခင်စုံစမ်း၊ ငိုမြည်တမ်း၊ ခ–ရမ်းတောင်းပန်လတ်။

သေဂ္ဂုဇာတ်ပြီး၏။

# ၂၁၈။ ကုက္ကုဝါလကိဇာတ်

ပဋ္ဌမပြန်ဝဂ်၊

ကုန်သည်စဉ်းလဲ အချိန်ဆွဲ

နတ် လူ တို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်ဝယ် ကုန်သည် စဉ်းလဲတယောက်နှင့် ကုန်သည်ပညာရှိ တယောက်ဟူ၍ ကုန်သည်နှစ်ယောက်တို့သည်ရှိကုန်၏။

ထိုကုန်သည်နှစ်ယောက်တို့သည် အချင်းချင်း မိတ်ဆွေဖွဲ့ကြပြီးလျှင် လှည်းငါးရာတို့ဖြင့် ဘဏ္ဍာတို့ကို တင်ဆောင်ကာ အရှေ့ဘက်စွန်းမှ အနောက်ဘက် စွန်းသို့ ကုန်သွယ်သွားကြရာ အမြတ်အစွန်းများစွာ ရခဲ့ကြသဖြင့် သာဝတ္ထိပြည်သို့ပြန်လာကြကုန်၏။

ထိုအခါ ကုန်သည်ပညာရှိသည် ကုန်သည်စဉ်းလဲကို "အဆွေ····ဥစ္စာတို့ကို ခွဲဝေကြမည်"ဟုပြောလေ၏၊ ကုန်သည်စဉ်းလဲကား "ဤသူသည် ကုန်သွယ်သွားရာဝယ် ကြာဖြင့်စွာ ငြိုငြင်သဖြင့် အိပ်ရခြင်း,မကောင်းသောအစာအာဟာရကို စားခြင်းတို့ဖြင့် အလွန်ပင်ပန်းဆင်းရဲခဲ့ရ၏၊ ယခုအခါ မိမိတို့အိမ်ဝယ် မွန်မြတ်သော အစာအာဟာရကိုစားရသဖြင့် အစာမကြေခြင်းကြောင့် သေဆုံးလိမ့်မည်၊ ထိုသို့သေဆုံးလတ်သော် အလုံးစုံသော ဥစ္စာတို့ကိုမခွဲဝေရတော့ဘဲ ငါ့အဘို့သာဖြစ်လိမ့်မည် ဟု နှလုံးသွင်းကာ ယနေ့ နက္ခတ် မကောင်းသေး၊ နက်ဖြန်မှ သိရမည်၊ သံဘက်မှသိရမည်-စသည်ဖြင့် နေ့ရွှေ့ကာ အချိန်ဆွဲ၍ နေလေ၏။

**ဘုရားလျှောက်ထား ဟောမိန့်ကြား**

ကုန်သည် ပညာရှိသည် ကုန်သည်စဉ်းလဲကို အတင်းနှိပ်စက်ကာ ခွဲဝေစေပြီးလျှင် ပန်းနံ့သာကို လက်စွဲ လျက်မြတ်စွာဘုရားထံ ဆည်းကပ်ရန် သွားလေ၏၊ မြတ်စွာဘုရားသည် ကုန်သည်ပညာရှိအား "ဒါယကာ....ဘယ်အခါရောက်လာသနည်း"ဟု မေးတော်မူရာ ကုန်သည်ပညာရှိသည်"ရောက်လာသည်မှာ လခွဲရှိပြီးဖြစ်ကြောင်း၊ ကုန်သည်စဉ်းလဲသည် အချိန်ဆွဲနေ၍ ဥစ္စာခွဲဝေရသဖြင့်ကြာမြင့်မှ ဆည်းကပ် လာရကြောင်းကို"လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ကုန်သည် ပညာရှိကို "ဒါယကာ....ထိုကုန်သည်ကား ယခုအခါ၌သာ စဉ်းလဲကောက်ကျစ် သည်မဟုတ်၊ ရှေးအခါ၌လည်း စဉ်းလဲကောက်ကျစ် ဘူးပြီ"ဟု မိန့်တော် မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု၊

**ကုန်သည်လိမ်ငြား သံကြွက်စား**

လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် အမတ်မျိုး၌ဖြစ်၍ အရွယ်ရောက် လတ်သော် ဗြဟ္မဒတ်မင်း၏တရားဆုံးဖြတ်သော အမတ်ဖြစ်လေ၏။

ထိုအခါ ရွာနေကုန်သည်တယောက်နှင့်မြို့နေကုန်သည်တယောက်ဟူ၍ ကုန်သည်နှစ်ယောက်တို့ရှိကြရာ ရွာနေကုန်သည်ကား ပညာရှိ၏၊ မြို့နေကုန်သည်ကား ကောက်

ကျစ်စဉ်းလဲ၏၊ ထိုကုန်သည်နှစ်ယောက်တို့သည် အဆွေခင်ပွန်းဖြစ်ကြကုန်၏။

တနေ့သ၌ ရွာနေကုန်သည်သည် မြို့နေကုန်သည်ထံ သံထွန်သွား ငါးရာတို့ကိုအပ်နှံ၍ထား၏၊ ထိုအခါ မြို့နေကုန်သည်သည် သံထွန်သွားတို့ကို ရောင်းချသုံးစွဲပြီးလျှင် သံထွန်သွားတို့ထားရာအရပ်၌ ကြွက်ချေးတို့ကို ကြဲဖြန့်၍ထားလေ၏၊ နောက်အဘို့တွင် ရွာနေကုန်သည်သည် လာလတ်၍ "အဆွေ.... အကျွန်ုပ်အပ်နှံထားသော သံထွန်သွားတို့ကို ပေးပါ"ဟု တောင်းလေ၏၊ မြို့နေကုန်သည်သည် "အဆွေ.... သင့်သံထွန်သွားတို့ကို ကြွက်တွေစားကုန်ပြီ"ဆို၍ ကြွက်ချေးတို့ကို ပြလေ၏။

ပညာရှိထုံး
ဥပါယ်သုံး

"အဆွေ.... ကြွက်တွေ စားကုန်လျှင်လည်း စားကြပါစေတော့၊ ကြွက်တွေစားကုန်သည်ကို အဘယ်မှာ တတ်နိုင်မည်နည်း"ဟု ပြောဆိုပြီးလျှင် မြစ်ဆိပ်သို့ရေချိုးရန် မြို့နေကုန်သည် သားငယ်ကိုခေါ်၍ သွားကာ အဆွေ့ ခင်ပွန်းတယောက်အိမ်တွင် "ဤသူငယ်ကို ဘယ်မှမသွားပါစေလင့်"ဟု မှာထားအပ်နှံပြီး တိုက်တွင်း၌ ချုပ်နှောင်ထားခဲ့၍ ရေချိုးပြီးလျှင် အိမ်သို့ပြန်လေ၏။

မြို့နေကုန်သည်သည် သားငယ်ကိုမမြင်လျှင် "အဆွေ.. အကျွန်ုပ်သားငယ်ဘယ်မှာနည်း"ဟုမေးလေ၏၊ "အဆွေ သင့်သားငယ်ကို မြစ်ကမ်းနားမှာထား၍ အကျွန်ုပ် ရေငုပ်နေသောအခါ စွန်တကောင်လာပြီးချီသွားရာ ဟစ်အော်ကာ လက်ခုတ်တီး၍ ချောက်လှန့်သော်လည်း မချခဲ့ဘဲ ပျံသွားသည်"ဟု ပြောလေ၏၊ "အဆွေ....သင်ကားမဟုတ်

မမှန်သောစကားကို ပြောဆိုဘိသည်၊သူငယ်ကိုချီ၍ ပျံသွား နိုင်သောစွန်မည်သည်မရှိ''ဟု ပြော၏၊ ''အဆွေ··ရှိသည် ဖြစ်စေ၊မရှိသည်ဖြစ်စေ၊ သင့်သားကား စွန်ချီသွားသည်ကို ငါအဘယ်မှာ တတ်နိုင်မည်နည်း''ဟု ပြောဆို လတ်သော် အချင်းချင်း အမျက်ထွက်ကြ၍''ဟယ်···· ထွန်သွားသူခိုး ဟယ်····သူငယ်သူခိုးစသည်ဖြင့် ငြင်းခုံကာတရားဆုံးဖြတ်ရာ သို့ရောက်ကြကုန်၏။

**နှစ်ဦးကြေအောင်ဆုံးဖြတ်ပေး** မြို့နေကုန်သည်သည် ရှေးဦးစွာ စတင်၍ တရားသူကြီးအား''အရှင်····ဤရွာနေကုန်သည်ကား ကျွန်ုပ်သားငယ်ကို မြစ်ဆိပ်ရေချိုးရာသို့ ခေါ်သွားပါသည်၊ အိမ်ပြန်လာ၍ မေးသောအခါ သားငယ်ကိုစွန်ချီသွားပါသည်ဟု ပြောပါသည်၊ စွန်ချီနိုင်မချီနိုင်ကို အဆုံးအဖြတ်ပေးတော်မူပါ'' ဟု လျှောက်ထားလေ၏၊ ထိုအခါ တရားသူကြီးသည် ရွာနေကုန်သည်ကို—

မေး။ ''အချင်း···· သားငယ်ကို စွန်ချီသွားသည်မှာ ဟုတ်မှန်သလော''။

ဖြေ။ ''အရှင်····ဟုတ်မှန်ပါသည်''။

မေး။ ''အချင်း····လောက၌ သားငယ်ကို ချီသွားနိုင်သောစွန်မည်သည်မရှိ။

ဖြေ။ ''အရှင်···· ခွင့်ပြုပါ၊ အကျွန်ုပ် မေးပါရစေ၊ စွန်တို့သည် သူငယ်ကိုချီ၍ ကောင်းကင်၌ မပျံနိုင်ကုန်၊ ကြွက်တို့မူကား သံထွန်သွားတို့ကို စားနိုင်ကုန်သလော''။

မေး။ "အချင်း…. သင်သည် ဘယ်စကားကို ပြောသနည်း၊ ဤအမှုနှင့်သက်ဆိုင်ပါသလော"။

ဖြေ။ အရှင်….သက်ဆိုင်ပါသည်၊ အကျွန်ုပ်သည် ထိုသူ့အိမ်တွင် သံထွန်သွားငါးရာကို အပ်နှံ၍ထားပါသည်၊ တောင်းသောအခါ သံထွန်သွားတို့ကို ကြွက်တွေစားကုန်ပြီဟု ပြောဆိုကာ ကြွက်ချေးတို့ကိုပြပါသည်၊ အရှင်….ကြွက်တို့သည် သံထွန်သွားတို့ကို အကယ်၍ စားနိုင်ကုန်အံ့၊ စွန်တို့လည်း သူငယ်တို့ကို ချီသွားနိုင်ကုန်လတံ့၊ ကြွက်တို့သည် သံထွန်သွားတို့ကို အကယ်၍ မစားနိုင်ကုန်အံ့၊စွန်တို့လည်းသူငယ်တို့ကိုမချီနိုင်ကုန်လတံ့၊ ဤသူကား သံထွန်သွားတို့ကို ကြွက်တို့စားကြသည်ဟုဆိုပါသည်၊ ကြွက်စားနိုင် မစားနိုင်ကို အဆုံးအဖြတ် ပေးတော်မူပါ"-

ဟု လျှောက်ထားပြန်လေ၏၊ ထိုအခါတရားသူကြီးသည် ရှုံနေကုန်သည်အား—

"အချင်း….သင်သည် ကောက်ကျစ်သူကိုအတုလိုက်၍ ကောက်ကျစ်ခြင်း၊ စဉ်းလဲသူကိုအတုလိုက်၍ စဉ်းလဲခြင်းကိုပြုသည်မှာ အကြံကောင်းလှ၏၊ သံထွန်သွားတို့ကို ကြွက်တွေ အကယ်၍ စားနိုင်လျှင် သူငယ်တို့ကို စွန်တွေအဘယ်ကြောင့် မချီနိုင်ဘဲရှိကုန်အံ့နည်း၊မုချချီနိုင်ကြရမည်။

လောက၌ ကောက်ကျစ်သူတို့ အတုလိုက်၍ ကောက်ကျစ်သူများ၊ စဉ်းလဲသူကို အတုလိုက်၍

စဉ်းလဲသူများရှိကြမြဲဖြစ်၏၊ သို့အတွက်သားပျောက်သူသည် ထွန်သွားပျောက်သူအား ထွန်သွားကို ပေးစေ၊ ထွန်သွားပျောက်သူလည်း သားပျောက်သူအား သားကိုပေးစေ”

ဟုတရားဆုံးဖြတ်လေ၏။

**သံကြွက်မစား သားစွန်မချီ**

ထိုအခါသားပျောက်သူသည်“အရှင်-- အကျွန်ုပ်၏သားကို အကယ်၍ ပေးအံ့ ထွန်သွားကိုပေးပါမည်”ဟု ဆိုလေ၏၊ ထွန်သွားပျောက်သူလည်း “အရှင်--အကျွန်ုပ်၏ထွန်သွားကိုအကယ်၍ပေးအံ့ သားကိုပေးပါမည်”ဟုဆိုပြန်၏၊ဤသို့ပြောဆိုကာ အချင်းချင်းပေးကြသဖြင့် သားပျောက်သူလည်းသားကိုရ၍ ထွန်သွားပျောက်သူလည်း ထွန်သွားကို ရကြလေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော၀တ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ဒါယကာ....

※ ထိုအခါ မြို့နေကုန်သည်စဉ်းလဲသည်- ယခုအခါ ကုန်သည်စဉ်းလဲ။

※ ရွာနေကုန်သည်ပညာရှိသည်-ကုန်သည်ပညာရှိ။

※ တရားဆုံးဖြတ်သော အမတ်သည်- ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကောက်ကျစ်သောမှု၊ကောက်ကျစ်ပြု၊တုကြံကြံဖိုင်စွာ။
(၂) စဉ်းလဲသူလည်း၊စဉ်းလဲချည်း၊တုနည်းလောကမှာ။
(၃) ထွန်သွားပျောက်မှု၊သားပျောက်တု၊နယုပဒေသာ။

ကူဋဝါဏိဇဇာတ်ပြီး၏။

---

## ၂၁၉။ ဂရဟိတဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**ကိလေသယုတ်မာ ကဲ့ရဲ့ရာ** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာ ဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာသနာတော်၌ ငြီးငွေ့ပျင်းရိသော ရဟန်းတပါးရှိလေ၏။

ရဟန်းတို့သည် ထိုရဟန်းကို မြတ်စွာဘုရားထံတော်သို့ ဆောင်ယူလာကြရာမြတ်စွာဘုရားသည်"ချစ်သားရဟန်း…အဘယ့်ကြောင့် သာသနာတော်၌ ငြီးငွေ့သနည်း"ဟု မေးတော်မူလျှင် "အရှင်ဘုရား….ကိလေသာအစွမ်းဖြင့် ငြီးငွေ့ပါသည်"ဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် "ချစ်သားရဟန်း….ကိလေသာမည်သည်ကို ရှေးအခါ၌ တိရစ္ဆာန်တို့စင်လျက် ကဲ့ရဲ့ကြဘူးသည်၊ သင်သည် သာသနာတော်၌ ရဟန်းပြုပါလျက် အဘယ့်ကြောင့် တိရစ္ဆာန်တို့ပင် ကဲ့ရဲ့အပ်သော ကိလေသာအစွမ်းဖြင့်ငြီးငွေ့ဘိသနည်း"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု။

**ဝတ်ပြည့်စုံက လွတ်မြောက်ရ**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည်မျောက်မျိုး၌ဖြစ်၍ မျောက်အပေါင်းခြံရံကာ ဟိမဝန္တာအရပ်၌နေလေ၏။

ထိုအခါ မုဆိုးတယောက်သည် မျောက်မင်းကို ဘမ်း၍ ဆောင်ယူကာ မင်းကြီးအား ဆက်သလေ၏၊ မျောက်မင်းသည် ကြာမြင့်စွာ မင်းအိမ်၌နေသည်ရှိသော် ဝတ်နှင့်ပြည့်စုံ၏၊ လူတို့၏ အမူအရာကိုသိ၏။

မင်းကြီးသည် မျောက်မင်းအား ဝတ်နှင့်ပြည့်စုံသဖြင့် ကြည်ညို၍ မုဆိုးကိုခေါ်ကာ "အချင်းမုဆိုး....ဤမျောက်ကို ဘမ်းယူခဲ့ရာအရပ်တွင်လွှတ်လော့"ဟု စေခိုင်းလိုက်၏၊ မုဆိုးလည်း မျောက်ကိုယူဆောင်ကာ ဖမ်းယူခဲ့ရာအရပ်သို့ ရောက်လျှင် လွှတ်လိုက်၏။

**မျောက်မင်းပြောပြ လူ့ဒဿန**

မျောက် အပေါင်းသည် မျောက်မင်း ပြန်လာသည်ကိုသိလျှင် မျောက်မင်းကို ဖူးမြင်ကြရန်ကြီးစွာသောကျောက်ဖျာပေါ်၌ အစည်းအဝေးပြုကာ ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက်သကြပြီးလျှင် မျောက်မင်းအား "အရှင်....ဤမျှလောက် ကာလပတ်လုံး ဘယ်အရပ်မှာ နေသနည်း"ဟု မေးကြကုန်၏၊ "အချင်းတို့....ငါသည် ဗာရာဏသီ မင်းကြီးအိမ်၌ နေခဲ့၏"ဟု ပြော၏၊ "အရှင်....အဘယ့်ကြောင့် လွှတ်သနည်း"ဟုမေးပြန်၏၊ "အချင်းတို့...ဝတ်နှင့်ပြည့်စုံသဖြင့် ကြည်ညိုသောကြောင့် လွှတ်သည်"ဟု ပြောလေ၏၊

"အရှင်··လူတို့အမှုအရာကိုသိခဲ့ပါသလော၊အကျွန်ုပ်တို့ကို ပြောကြားပါ နားထောင်လိုပါသည်"ဟု တောင်းပန်ကြကုန်၏၊ "အချင်းတို့····သင်တို့သည် ငါ့အား လူတို့အမှု အရာကို မမေးကြကုန်လင့်"ဟု ပြောလေရာ၊"အရှင်ပြောဆိုပါဦး နားထောင်လိုပါသည်''ဟုတောင်းပန်ကြပြန်ကုန်၏။

ထိုအခါ မျောက်မင်းသည် မျောက်တို့အား-

"အချင်းတို့····ပညာမရှိ အရိယာတို့ တရားကို မသိမမြင်ကုန်သောလူတို့ နေ့ညဥ့်ပတ်လုံး ပြောဆိုနေသော စကားတို့မှာ-ငါ့ရွှေဟောင်း၊ငါ့ရွှေသစ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ တို့ဖြစ်၏။

အိမ်မှာ နှစ်ယောက်,နှစ်ယောက်သောအိမ်ရှင်တို့ ရှိကြ၏၊ ထို နှစ်ယောက်သော အိမ်ရှင်တို့တွင် တယောက်ကား-မုတ်ဆိတ်ကြင်စွယ်မရှိ၊သားမြတ်ရှည်၏၊ အထူးထူးအပြားပြား ထုံးထားသော ဆံထုံးရှိ၏၊ထို့ပြင် နားပေါက်ရှိ၏၊များစွာသောဥစ္စာတို့ကို မိဘတို့အားပေး၍ ဆောင်ယူ အပ်သော အိမ်ရှင်ကား ကျွန်အမှုလုပ်စသောသူတို့ကို "ဟယ် ကျွန်ပျက်···· နင်အမှုကိစ္စကို မပြုလုပ် ကောင်းလော"ဟုနှုတ်လှံ့ထိုးတတ်၏"-

ဟု လူတို့အမှုအရာကို ပြောပြလေ၏။

**မျောက်တို့အံ့ဩလှူ့သဘော**

မျောက်အပေါင်းသည် မျောက်မင်း၏ စကားကိုကြားရလျှင် ငါတို့မှာ မသင့်လျော်သောစကားကို ကြားရသည်ဟု လက်နှစ်ဘက်တို့ဖြင့် နားတို့ကို ကြပ်ကြပ်ပိတ်ကုန်၏၊ ဤအရပ်ကား ငါတို့မှာ မသင့်လျော်သောစကားကိုကြားရသော

အရပ်ဟု အရပ်ကို ကွဲရှဲကြကုန်လျက် အရပ်တပါးသို့ ပျောင်းရွှေ့သွားကြကုန်၏၊ ကျောက်ဖျာကြီးလည်း ကွဲရှဲရာ ကျောက်ဖျာကြီးဟု တွင်၍ ကျန်ရစ်လေ၏။

ဤသို့လျှင် ဒေသနာတော်ကို ဟောတော်မူပြီး၍ သစ္စာကို ပြတော်မူသည့်အဆုံး၌ ငြီးငွေ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်။

ရဟန်းတို့....

※ ထိုအခါ မျောက်အပေါင်းသည်-ယခုအခါ ဘုရားပရိသတ်။

※ မျောက်မင်းသည်–ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ကိလေသာမျိုး၊ စရိုက်ဆိုး၊ အကျိုးယုတ်လှသည်။

(၂) တိရစ္ဆာန်ပင်၊ မကြားချင်၊ ပြစ်တင်ကွဲရှဲသည်။

ဂရဟိတဇာတ်ပြီး၏။

---

## ၂၂၀။ ဓမ္မဓဇဇာတ်

**ပစ္စုပ္ပန်ဝတ္ထု**

**ဘုရားသတ်ရန် ဒေဝဒတ်ကြံ**

နတ်လူဘို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည်ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဒေဝဒတ်သည် မြတ်စွာဘုရားကိုသတ်ရန် လုံ့လပြုကာနေလေ၏။

မြတ်စွာဘုရားသည် ထိုအကြောင်းကို သိတော်မူလျှင် "ရဟန်းတို့.. ဒေဝဒတ်သည် ယခုအခါ၌သာ ငါဘုရားကို သတ်ရန် လုံ့လပြုသည်မဟုတ်၊ ရှေးအခါ၌လည်း လုံ့လ ပြုဘူးပြီ၊ လုံ့လပြုသော်လည်း ထိတ်လန့်ခြင်း ဖြစ်အောင် ပင် မပြုလုပ်နိုင်ဟု မိန့်တော်မူကာ အောက်ပါ အတိတ် ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

**တံစိုးလာဘ်စား မင်းပုဏ္ဏား**

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ယသပါဏိမည်သော မင်း မင်းပြုသည်ရှိသော် ထိုမင်း၏စစ်သူကြီး ကား ကာလကမည်၏၊ ပုရောဟိတ်ပုဏ္ဏားကား ဓမ္မဓဇမည် ၏၊ ဆတ္တပါဏိမည်၏။

မင်းကြီးသည် တရားသဖြင့်မင်းပြု၏၊ ကာလက စစ်သူ ကြီးကား တရားဆုံးဖြတ်သည်ရှိသော် သူတပါးတို့ ကျေ သားကိုခွါ၍စားသည့်အလား တံစိုးလက်ဆောင်စားလျက် အဂတိလိုက်စားကာ ဥစ္စာရှင်မဟုတ်သူတို့ကိုဥစ္စာရှင်ပြုလုပ် လေ့ရှိ၏။

တနေ့သ၌တရားရှုံးသူ တယောက်သည် လက်နှစ်ဘက် တို့ကိုမြှောက်လျက်ငိုကြွေးကာ တရားဆုံးဖြတ်ရာမှ ထွက် လာသည်ရှိသော် မင်းကြီးထံ အခစားသွားသော ပုရော ဟိတ်ပုဏ္ဏားကိုမြင်၍ခြေရင်း၌ဝပ်လျက်"အရှင်....မင်းကြီး အား အကျိုးအကြောင်းကိုပြ၍ ဆုံးမတတ်သော အရှင် ကဲ့သို့သော ပညာရှိကြီးထင်ရှားရှိပါလျက် ကာလက စစ် သူကြီးသည် တံစိုးလက်ဆောင်ယူကာ ဥစ္စာရှင်တို့ကို ဥစ္စာ

ရှင်မဟုတ်အောင် ပြုလုပ်နေပါသည်''ဟု ပြောဆို၍ မိမိ ရှုံးသောအဖြစ်ကို တိုင်ကြားလေ၏။

တရားမျှတ
ချီးမွမ်းကြ

ပုရောဟိတ်ပုဏ္ဏားသည် ထိုအကြောင်းကိုကြားလျှင် သနားကရုဏာဖြစ်သဖြင့် ''အချင်း····လာလှည့် သွားမည်၊သင်တို့တရားကိုငါဆုံးဖြတ်မည်''ဟုပြောဆိုခေါ်ငင်ကာ တရားဆုံးဖြတ်ရာသို့သွားလေ၏၊လူအများစည်းဝေးသည်ရှိသော် ပုရောဟိတ်သည် စစ်ဆေးမေးမြန်းကာ ဥစ္စာရှင်ဟုတ်သူကို ဥစ္စာရှင်ပြုလုပ်၍ တရားကိုဟုတ်မှန်သည့်အတိုင်း ဆုံးဖြတ်လေ၏၊ လူအများသည် တခဲနက်ကောင်းချီးပေးလေ၏၊

ထိုကောင်းချီးပေးသော အသံသည် သည်းထန်လှသဖြင့် မင်းကြီး ကြား၍ မေးတော်မူရာ ကာလက စစ်သူကြီး မကောင်းသဖြင့် ဆုံးဖြတ်ထားသောတရားကို ပုရောဟိတ် ဓမ္မဇပညာရှိ ကောင်းစွာဆုံးဖြတ်အပ်သဖြင့်တရားဆုံးဖြတ်ရာအရပ်မှ ကောင်းချီးပေးကြသော အသံဖြစ်ကြောင်းကို လျှောက်ထားကြ၏၊ မင်းကြီးသည်အလွန်အားရ နှစ်သက်တော်မူသဖြင့် ဓမ္မဇ ပညာရှိကိုခေါ်စေ၍ အကျိုး အကြောင်းကိုမေးမြန်းပြီးလျှင် ''ပညာရှိ····ဤနေ့မှစ၍ သင်တို့သည် တရားဆုံးဖြတ်ပါကုန်၊ ငါမင်းမြတ်လည်းနားချမ်းသာပေမည်၊ တိုင်းသူ ပြည်သားတို့လည်း အကျိုးစီးပွားများကြပေမည်''ဟု ပြောဆိုကာ အလိုမရှိသော ဓမ္မဇပညာရှိကိုပင် သတ္တဝါတို့ကို သနားသဖြင့် တရားဆုံးဖြတ်ရန်အပ်နှင်းလေ၏၊ဓမ္မဇပညာရှိလည်း ထိုနေ့မှစ၍ ဟုတ်မှန်သော အတိုင်းတရားဆုံးဖြတ်လေ၏။

**ဓမ္မဓဇသတ်ရန် ကာလကကြံ**

ကာလက စစ်သူကြီးသည် ထိုနေ့မှစ၍ တံစိုး လက်ဆောင်မရတော့ဘဲ လာဘ်လာဘဆုတ်ယုတ်သဖြင့် ဓမ္မဓဇပညာရှိကို ရန်ငြိုးဖွဲ့လျက် မင်းကြီးထံ ကပ်ပြီးလျှင် "အရှင်မင်းကြီး....ဓမ္မဓဇသည် မင်းအဖြစ်ကို အလိုရှိသည်" ဟု ကုန်းတိုက်လေ၏၊ မင်းကြီးသည် မယုံကြည်သဖြင့်မပြောဆိုရန် တားမြစ်တော်မူ၏၊ နောက်တဘန်ကာလကစစ်သူကြီးသည် "အရှင်မင်းကြီး....အကျွန်ုပ် စကားကို အကယ်၍ မယုံကြည်လျှင် ဓမ္မဓဇလာသောအခါ လေသာ တံခါးကို ဖွင့်၍ ကြည့်တော်မူပါ၊ တမြို့လုံးဓမ္မဓဇလက်သို့ ရောက်နေသည်ကို တွေ့မြင်ရပါလိမ့်မည်"ဟုလျှောက်ထားပြန်၏။

မင်းကြီးလည်း ဓမ္မဓဇပညာရှိလာသောအခါ လေသာ တံခါးဖြင့်ကြည့်လတ်သော် ဓမ္မဓဇထံဝယ်စုဝေးကာ တရား တွေ့နေသော ပရိသတ်ကိုမြင်လျှင် ဓမ္မဓဇ ပရိသတ်ဟု အထင်လွဲကာ ကာလကစစ်သူကြီးစကားကို ယုံကြည်လျက် ဓမ္မဓဇအပေါ်တွင် အချစ်ပျက်လေ၏။

ထိုအခါမင်းကြီးသည် ကာလကစစ်သူကြီးအား "စစ်သူကြီး....အသို့ပြုရအံ့နည်း"ဟုမေး၏၊ "မင်းမြတ်....ဓမ္မဓဇကိုသတ်ရန်သင့်ပါသည်"ဟုလျှောက်၏၊ "စစ်သူကြီး....ရှုန့်ရင်းသောအပြစ်ကိုမပြနိုင်ဘဲ အသို့သတ်အံ့နည်း" ဟု မေး၏၊ "မင်းမြတ်.... တခုသော ဥပါယ်တမျဉ်ရှိပါသည် ဓမ္မဓဇမပြုလုပ်နိုင်သော အမှုကိစ္စကိုအပြုလုပ်ခိုင်းကာ မပြုလုပ်နိုင်သောအခါ ၎င်းကိုပင် အပြစ်ပြု၍ သတ်ရမည်"ဟု လျှောက်၏၊"မင်းမြတ်..ဥယျာဉ်မည်သည်မြေကောင်းတွင်

စိုက်ပျိုးပြုပြင်ပါမှ သုံးနှစ်လေးနှစ်၌ အသီးအပွင့်ကိုပေးနိုင်ပါသည်၊ ဓမ္မဓဇကိုခေါ်၍ နက်ဖြန်ဥယျာဉ်ကစားလိုသည်၊ ဥယျာဉ်ဘန်ဆင်းလော့ဟု စေခိုင်းတော်မူပါ၊ စွမ်းနိုင်မည်မဟုတ်ပါ၊ မစွမ်းနိုင်သောအခါ ထိုအပြစ်ဖြင့်သတ်ရမည်'' ဟုလျှောက်ထားလေ၏။

**သိကြားဘန်ဆင်းကူညီခြင်း** မင်းကြီးလည်းစစ်သူကြီးနည်းပေးသောအတိုင်း ဓမ္မဓဇကိုခေါ်၍ ''ပညာရှိ···· ငါတို့ ဥယျာဉ်ဟောင်း၌ မကစားလို၊ ဥယျာဉ်သစ်၌ကစားလိုသည်၊ နက်ဖြန်ကစားမည်ဘန်ဆင်းပေးပါ၊မဘန်ဆင်းနိုင်လျှင်သင့်ကိုသတ်မည်''ဟုအမိန့်ပေးလေ၏၊ဓမ္မဓဇသည် ကာလက တံစိုးလက်ဆောင် မရခြင်းကြောင့် မင်းကြီး၌ကုန်းတိုက်၍အချစ်ပျက်စေသည် ဖြစ်လိမ့်မည်ဟုသိ၍ ''မင်းမြတ်····ဘန်ဆင်းနိုင်ပါမူသိရလတ္တံ့''ဟု လျှောက်ထားကာ အိမ်သို့သွား၍ ကောင်းသောဘောဇဉ်ကို စားလျက် ကြံစည်လျက် အိပ်လေ၏။

ဓမ္မဓဇ၏ဘုန်းတန်ခိုးကြောင့် သိကြားမင်းနေရာသည် ပူသော အခြင်းအရာကိုပြသဖြင့် သိကြားမင်းသိလေလျှင် လူ့ပြည်သို့ဆင်းသက်ကာ ဓမ္မဓဇအိပ်ရာ ကြက်သရေခန်းသို့ဝင်၍ ကောင်းကင်မှရပ်လျက် ဓမ္မဓဇပညာရှိနှင့်ပဋိသန္ထာရစကားပြောဆိုသောအခါ အကြောင်းစုံကိုသိရလျှင်ပညာရှိ ညွှန်ပြရာအရပ်တွင် နန္ဒဝန်ဥယျာဉ်,စိတ္တလတာဥယျာဉ်နှင့်တူသော ဥယျာဉ်ကိုဘန်ဆင်း၍ပေးပြီးလျှင် နတ်ရွာသို့ပြန်လေ၏။

ဓမ္မဓဇလည်း နက်ဖြန်ဥယျာဉ်ကိုမြင်လျှင် မင်းကြီးထံသွား၍ ''မင်းမြတ်···ဥယျာဉ်ကိုဘန်ဆင်း၍ပြီးပါပြီ၊ကစား

တော်မူပါ''ဟုလျှောက်ထားလေ၏၊မင်းကြီးလည်းဥယျာဉ်ကစားရာ တံတိုင်း,တံခါး,ပစ်စင်နှင့်တကွ အသီးအပွင့်နှင့်ပြည့်စုံသောဥယျာဉ်ကိုမြင်ရလျှင် ''စစ်သူကြီး…ဥယျာဉ်ကိုဘန်ဆင်းပေးပေပြီ၊ယခုအခါအသို့ပြုရမည်နည်း''ဟု မေး၏၊''မင်းမြတ်….တည့်တည်းဖြင့် ဥယျာဉ်ဘန်ဆင်းနိုင်သူကား အဘယ်မှာ မင်းအဖြစ်ကိုမယူနိုင်ဘဲရှိပါအံ့နည်း''ဟု ထပ်မံချောက်လှန့်ကာ ''မင်းမြတ်….ရတနာ ခုနစ်ပါးနှင့်ပြည့်စုံသော ရေကန်ကို အဘန်ဆင်းခိုင်းပါ''ဟု လျှောက်ထားပြန်၏။

**နောက်ထပ်သတ်ရန် ကြံစည်ပြန်**

မင်းကြီးလည်းဓမ္မဓဇကိုခေါ်ကာ ရတနာခုနစ်ပါးနှင့် ပြည့်စုံသောရေကန်ကို အဘန်ဆင်းခိုင်းပြန်ရာ ဓမ္မဓဇပညာရှိသည် သိကြားမင်းအကူအညီဖြင့် ရေဆိပ်ပေါင်းတရာ အကောက်ပေါင်းတထောင်ရှိ၍ ကြာမျိုးငါးပါးဖြင့်တင့်တယ်လျက် ရတနာခုနစ်ပါးဖြင့် ခြယ်လှယ်အပ်သောရေကန်ကို တည့်တည်းဖြင့်ဘန်ဆင်းပေးပြန်၏၊ တဘန် စစ်သူကြီးကို မေးပြန်ရာ ၎င်း၏အကြံပေးချက်ဖြင့် ဆင်စွယ်ဖြင့် ပြီးသောနန်းတော်ကို အဘန်ဆင်းခိုင်းပြန်ရာ သိကြားမင်းအကူအညီဖြင့်ပင် ဘန်ဆင်း၍ပေးပြန်၏၊ တဘန် အရောင်အလင်းကိုပေးနိုင်သော ပတ္တမြားကိုအဘန်ဆင်းခိုင်းပြန်ရာ ဘန်ဆင်း၍ပေးပြန်၏။

ထိုအခါမင်းကြီးသည် ''စစ်သူကြီး….ငါတို့အဘန်ဆင်းခိုင်းတိုင်း ဘန်ဆင်းပေးနိုင်သည် သတ်ခွင့်မရပေ၊ယခုအခါဘယ်လိုကြံဦးမည်နည်း''ဟု မေး၏၊ ''မင်းမြတ်‥ဓမ္မဓဇမှာ အလိုရှိတိုင်းပေးတတ်သော နတ်ရှိပေလိမ့်မည်၊ သည်

တခါ နတ်လည်းဘန်ဆင်းမပေးနိုင်အောင် စီမံမည်၊ "မင်းမြတ်.... အင်္ဂါလေးပါးရှိသော ဥယျာဉ်စောင့်ကို အဘန်ဆင်းခိုင်းတော်မူပါ၊ ဘယ်နည်းနှင့်မျှ ဘန်ဆင်းနိုင်မည်မဟုတ်ပါ၊သည်တခါသတ်ခွင့်ရတော့မည်"ဟု လျှောက်ထားလေ၏၊ မင်းကြီးလည်း စစ်သူကြီးနည်းကို သဘောကျကာ ဓမ္မဓဇကိုခေါ်ပြန်၍ "ပညာရှိ.... သင်ကား ငါတို့ကို ဥယျာဉ်, ရေကန်, ဆင်စွယ် နန်းတော်, ပတ္တမြားတို့ကို ဘန်ဆင်းပေး၍ ပြည့်စုံပေပြီ၊ ဥယျာဉ်၌စောင့်ရှောက်ရန် အင်္ဂါလေးပါးရှိသော ဥယျာဉ်စောင့်ကို ဘန်ဆင်းလော့၊ မဘန်ဆင်းနိုင်လျှင်သတ်မည်"ဟု အမိန့်ပေးပြန်၏။

**အားထားရာမမြင် တောသို့ဝင်**

ဓမ္မဓဇပညာရှိလည်း မင်းကြီး၏စကားကိုကြားလျှင် အိမ်သို့သွားကာ ကောင်းသောဘောဇဉ်ကို စားပြီးလျှင် အိပ်၍ နံနက်မိုးသောက် ထသောအခါ– "သိကြားမင်းလည်း တတ်နိုင်သမျှ ဘန်ဆင်းပေးကာ ကူညီပေပြီ၊ သည်တခါ ကူညီနိုင်မည်မဟုတ်၊ သူတပါးတို့လက်၌ သေရခြင်းထက် တောထဲမှာ ကိုးကွယ်ရာမဲ့ဖြစ်၍ သေရခြင်းသည် မွန်မြတ်လှ၏"ဟုကြံစည်နှလုံးသွင်းလျက် မည်သူကိုမျှမပြောကြားဘဲ အိမ်မှထွက်ကာ တောထဲသို့ဝင်၍ သစ်ပင်ရင်းတခု၌ ထိုင်လျက် လောကဓံတရားနှင့် တွေ့ကြုံသောအခါ မတုန်လှုပ်သော သူတော်ကောင်းတို့သဘောကို ဆင်ခြင်ကာနေလေ၏။

ထိုအခါ သိကြားမင်းသည် ထိုအကြောင်းကို သိ၍ တောသွားမုဆိုးဟန်ပြုကာ အနီးသို့လာပြီးလျှင်–

"ပုဏ္ဏားကြီး....သင်ကား ချမ်းချမ်းသာသာ အသက်မွေးသော လူကုံထံတယောက်နှင့် တူ၏၊ လူစည်ကားသောမြို့ရွာမှ လူမရှိသောတောထည်းသို့လာပြီး သစ်ပင်ရင်း၌နေထိုင်လျက်၊အထီးကျန်သောသူပမာဘယ်အရာကိုကြံစည်နေဘိသနည်း"-

ဟု မေးလေ၏၊ ဓမ္မဓဇလည်း သိကြားမင်း စကားကို ကြားလျှင်—

"အဆွေ....အကျွန်ုပ်ကား ချမ်းချမ်း သာသာ အသက်မွေးသော လူကုံထံတယောက် မှန်ပါ၏၊ လူစည်ကားသောမြို့ရွာမှ လူမရှိသော တောထဲသို့ လာပြီး သစ်ပင်ရင်း၌ထိုင်လျက်၊အထီးကျန်သော သူပမာ လောကဓံတရားနှင့် တွေ့ကြုံသောအခါ မဘုန်လှုပ်သော သူတော်ကောင်းတို့ သဘောကို ကြံစည်ဆင်ခြင်၍ နေပါ၏"—

ဟု ပြောကြားလေ၏။

**အပြစ်လွတ်ရေး နည်းလမ်းပေး**

ထိုအခါ သိကြားမင်းသည် ဆက်လက်၍ "ပုဏ္ဏားကြီး....သူတော်ကောင်းတို့ သဘောကို ဆင်ခြင်ပါလျှင် အဘယ်ကြောင့် ဤအရပ်၌ လာနေပါသနည်း"ဟု မေးလေ၏၊ "အဆွေ..မင်းကြီးသည် အင်္ဂါလေးပါးရှိသော ဥယျာဉ်စောင့်ကို ဘန်ဆင်းပေးရမည်၊ မဘန်ဆင်းနိုင်လျှင် သတ်မည်အမိန့်ပေးထားရာ မဘန်ဆင်းနိုင်သဖြင့် သူတပါးတို့လက်၌ သေရခြင်းထက် တောထဲ၌ ကိုးကွယ်ရာမဲ့ဖြစ်၍ သေရခြင်းသည် မွန်မြတ်လှ၏ဟု ကြံစည်ကာ ဤအရပ်၌ လာနေပါသည်"ဟု ပြောကြားလေ၏။

သိကြားမင်းသည် "ပုဏ္ဏားကြီး.... ငါကား သိကြားမင်းဖြစ်သည်၊ သင့်အတွက် ဥယျာဉ်စသည်တို့ကို ငါပင်ဘန်ဆင်း၍ ပေးခဲ့ပြီ၊ အင်္ဂါလေးပါးရှိသော ဥယျာဉ်စောင့်တို့ကား ငါလည်းဘန်ဆင်း၍မပေးနိုင်၊ သင်တို့မင်းကြီး၏ဆေတ္တာသည်ဖြစ်သော ဆတ္တပါဏိသည် အင်္ဂါလေးပါးနှင့်ပြည့်စုံသူဖြစ်သည်၊ ထိုသူကိုပင် ဥယျာဉ်စောင့်ခန့်ရန်လျှောက်ထားပါလော့၊ မကြောက်ပါလင့်"ဟု ပြောဆိုဆုံးမပြီးလျှင် နတ်ရွာသို့ပြန်လေ၏။

ဓမ္မဓဇလည်း အိမ်သို့ပြန်လာ၍ နံနက်စာစားပြီးလျှင် မင်းအိမ်သို့အခစားသွားရာ တံခါးတွင် ဆတ္တပါဏိကိုမြင်၍ လက်ကိုကိုင်ဆွဲကာ "အဆွေဆတ္တပါဏိ....သင့်မှာ အင်္ဂါလေးပါးနှင့် ပြည့်စုံသည်ဆိုရာ'မှန်ပါသလော"ဟု မေး၏၊ "အကျွန်ုပ်မှာ အင်္ဂါလေးပါးပြည့်စုံသည်ကို ဘယ်သူပြောပါသနည်း"ဟုမေးလေလျှင်၊"သိကြားမင်းပြောပါသည်" ဟုပြော၏၊"အင်္ဂါလေးပါးနှင့်ပြည့်စုံသည်မှာမှန်ပါသည်" ဟုပြောလေလျှင် ဆတ္တပါဏိကို မင်းကြီးထံ ခေါ်ဆောင်၍ "မင်းမြတ်.... အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဥယျာဉ်စောင့်ကို အလိုရှိပါလျှင်ဤဆတ္တပါဏိကိုပင်ဥယျာဉ်စောင့်ခန့်ထား တော်မူပါ၊ဤဆတ္တပါဏိကား အင်္ဂါလေးပါးနှင့်ပြည့်စုံသူ ဖြစ်ပါသည်"ဟု လျှောက်ထားလေ၏။

**အင်္ဂါလေးပါး မေးမြန်းခြား**

မင်းကြီးလည်း ထိုအခါ ဆတ္တပါဏိကို"အချင်းဆတ္တပါဏိ.. သင့်မှာအင်္ဂါလေးပါးနှင့်ပြည့်စုံသလော" ဟုမေး၏၊ "မင်းမြတ်.... ပြည့်စုံပါသည်"ဟု ပြောလေ၏၊ဘယ်အင်္ဂါ

များနှင့် ပြည့်စုံပါသနည်း” ဟုမေးပြန်၏၊“မင်းမြတ်….
အကျွန်ုပ်သည်—

(၁) ငြူစူခြင်းမရှိပါ။
(၂) ယစ်မျိုးသောက်စားခြင်းမရှိပါ။
(၃) ချစ်ခြင်းမရှိပါ။
(၄) အမျက်ထွက်ခြင်းမရှိပါ။

ဤအင်္ဂါလေးပါးနှင့်ပြည့်စုံပါသည်”ဟု လျှောက်ထားလေ၏၊ မင်းကြီးသည် “အချင်းဆတ္တပါဏိ…. သင့်မှာ အင်္ဂါလေးပါးနှင့်ပြည့်စုံလာပုံ အဖြစ်အပျက် အကြောင်းအရာကို စုံလင်စွာလျှောက်ထားပါ”ဟုတောင်းပန်လေ၏။

ထိုအခါ ဆတ္တပါဏိသည် “မင်းမြတ်…. နာတော်မူပါ၊ အကြောင်းအရာစုံလင်စွာ လျှောက်ထားပါမည်၊ ရှေးဦးစွာငြူစူခြင်းမရှိသော အကြောင်းကို လျှောက်ထားပါမည်။

## ငြူစူခြင်းမရှိသောအင်္ဂါ

ငြူစူကင်းရန်
အမိန့်ခံ

“မင်းမြတ်….အကျွန်ုပ်သည်ရှေးအခါ ဤဗာရာဏသီပြည်၌ပင် မင်းဖြစ်စဉ် မိဖုရားယုတ်သည် ခြေရင်း အလုပ်အကျွေး ခြောက်ကျိပ် လေးယောက်သော အမတ်တို့နှင့် ယုတ်မာသောအကျင့်ကိုကျင့်ပြီးလျှင် ပုရောဟိတ်ပုဏ္ဏားနှင့် ကျင့်ရန် သွေးဆောင် ဖြားယောင်း၍ မရသည့်အတွက် ပုရောဟိတ်ပုဏ္ဏားသည် မိမိ၌ပြစ်မှားလေဟန်ဖြင့် မဟုတ်မမှန် ကုန်းတိုက်ပါသည်၊ ထိုအခါ မဆင်ခြင်မစဉ်းစားဘဲ မိန်းမ၌ငြူစူခြင်းကြောင့် အကျိုးစီးပွား၌ ညွန်ကြားဆုံးမ

သော ပုရောဟိတ်ပုဏ္ဏားကို နှောင်ဖွဲ့မိပါသည်၊ ထိုအခါ ပုရောဟိတ်ပုဏ္ဏားက အကြောင်းစုံ လျှောက်ထားသော အခါမှ မဟုတ်မမှန်ကြောင်းသိရသဖြင့် ငါယခုပုရောဟိတ် ပုဏ္ဏားကို နှောင်ဖွဲ့မိသည်မှာ မိန်းမဒ္ဒြုံ စူခြင်းကြောင့်ဖြစ် ရသည် ပြုံ စူခြင်းမရှိပါမူ ဤသို့အလွဲလွဲအမှားမှားနှောင် ဖွဲ့မိမည်မဟုတ်ဟု သတိသံဝေဂရကာ ပြုံ စူခြင်းအပြစ်ကို မြင်၍"ငါသည်ယနေ့မှစ၍ အရဟတ္တဖိုလ်ကို မရသေးသမျှ ကာလပတ်လုံး မိန်းမကိုမှီ၍ ပြုံ စူခြင်းမဖြစ်ရပါလို" ဟု အဓိဋ္ဌာန်ပြုခဲ့ပါသည်၊ သို့အတွက်အကျွန်ုပ်မှာ ထိုအခါမှ စ၍ပြုံ စူခြင်းမရှိပါ"ဟုပြုံ စူခြင်းမရှိသော အကြောင်းအင်္ဂါ ကို လျှောက်ထားလေ၏။

## ယစ်မျိုးသောက်စားခြင်းမရှိသောအင်္ဂါ

**ယစ်မျိုးကင်းရန် အဓိဋ္ဌာန်**

"မင်းမြတ်.... အကျွန်ုပ်သည် ရှေးအခါ ဤဗာရာဏသီပြည်မှာပင် မင်းဖြစ်စဉ် ယစ်မျိုးကိုမသောက်စားဘဲ မနေနိုင်ပါ၊အမဲသားနှင့်ကင်း၍ပွဲတော်မတည်နိုင်ပါ၊တနေ့သ၌ ဥပုသ်နေ့ကြုံ၍ အမဲသားမရသဖြင့်စားတော်ချက်သည်အမဲ သားမပါဘဲ ပွဲတော်အုပ်ကိုဆက်သလာရာ အမဲသားကို မမြင်၍ မေးသောအခါ မရကြောင်း လျှောက်ထားလျှင် သေရည်မူးယစ်ခိုက်ဖြစ်သဖြင့် သတိမရဘဲ ပေါင်ပေါ်တွင် တင်ထားသော သားငယ်ကို လည်ပင်းလိမ်ချိုးကာ သတ် ပြီးလျှင် စားတော်ချက်ကိုအချက်ခိုင်းကာ စားသောက်မိ ပါသည်၊ နံနက်မိုးလင်းသောအခါမှ သေရည်အမူးပြေ၍ သားတော်ကို မေးမြန်းပြန်ရာ သတ်စားကြောင်းလျှောက်

ထားကြမှ မျက်ရည်ယိုစီးကာငိုကြွေးလျက် အလွန်ပူဆွေး
ဒုက္ခရောက်ရပါသည်၊ ထိုအခါ ငါသည် ယခုပူဆွေးဒုက္ခ
ရောက်ရခြင်းမှာ သေရည်ကို သောက်ခြင်းကြောင့် ဖြစ်ရ
သည်၊သေရည်ကိုမသောက်ပါမူ ဤလိုအလွဲလွဲအမှားမှား
ဖြစ်ကာ ပူဆွေးဒုက္ခရောက်ရမည်မဟုတ်ဟု သတိသံဝေဂ
ရကာ သေရည်၏အပြစ်ကိုမြင်၍"ငါသည်ယနေ့မှစ၍အရ-
ဟတ္တဖိုလ်ကို မရသေးသမျှကာလပတ်လုံး ယစ်မျိုးကိုမ
သောက်စားတော့ပါ"ဟုအဓိဋ္ဌာန်ပြုခဲ့ပါသည်၊သို့အတွက်
အကျွန်ုပ်မှာထိုအခါမှစ၍ယစ်မျိုးသောက်စားခြင်းမရှိပါ"
ဟု ယစ်မျိုးသောက်စားခြင်းမရှိသော အကြောင်းအင်္ဂါကို
လျှောက်ထားပြန်လေ၏။

## ချစ်ခြင်းမရှိသောအင်္ဂါ

**ချစ်ခြင်းကင်းရန် အဓိဋ္ဌာန်**

"မင်းမြတ်....အကျွန်ုပ်သည်ရှေးအခါ
ဤဗာရာဏသီပြည်မှာပင် ကိတဝါသ
မည်သောမင်းဖြစ်စဉ် အကျွန်ုပ်သား
တော်သည်ရှင်ပစ္စေကဗုဒ္ဓါသပိတ်တော်ကိုခွဲမိသောကြောင့်
သေလွန်ခဲ့ပါ သည်၊ ထိုအခါသားတော်၌အလွန်ချစ်ခင်သ
ဖြင့်ပြင်းထန်လှသောပူဆွေးစိုးရိမ်ခြင်းဖြင့် နှိပ်စက်ခြင်းကို
ခံရပါသည်၊ ထိုအခါ ငါသည် ယခုလိုစိုးရိမ်ခြင်းဖြင့်အနှိပ်
အစက် ခံရသည်မှာ သားတော်၌ ချစ်ခင်ခြင်းကြောင့်သာ
ဖြစ်ရသည်၊ ချစ်ခင်ခြင်းမရှိပါမူ ဤလိုစိုးရိမ်ခြင်းဖြင့်အနှိပ်
အစက်ခံရမည်မဟုတ်ဟု သတိသံဝေဂရကာ ချစ်ခင်ခြင်း၌
အပြစ်ကိုမြင်၍ "ငါသည် ယနေ့မှစ၍ အရဟတ္တဖိုလ်ကို
မရသေးသမျှကာလပတ်လုံး သက်ရှိသက်မဲ့ဝတ္ထုတို့၌ ချစ်

ခင်ခြင်းမဖြစ်ရလိုပါ''ဟုအဓိဋ္ဌာန်ပြုခဲ့ပါသည်၊ သို့အတွက် အကျွန်ုပ်မှာ ထိုအခါမှစ၍ ချစ်ခင်ခြင်းမရှိပါ''ဟု ချစ်ခင်ခြင်းမရှိသောအကြောင်းအင်္ဂါကို လျှောက်ထားပြန်လေ၏။

## အမျက်ထွက်ခြင်းမရှိသောအင်္ဂါ

**အမျက်ကင်းရန် အဓိဋ္ဌာန်**

''မင်းမြတ်.... အကျွန်ုပ်သည် ရှေးအခါ အရကမည်သော ရသေ့ဖြစ်၍ ခုနစ်နှစ်တို့ပတ်လုံး မေတ္တာဘာဝနာနှင့်ယှဉ်သောစိတ်ကို ပွားများ အားထုတ်ခဲ့ဘူးသောကြောင့် ခုနစ်ပါးသော သံဝဋ္ဋ, ဝိဝဋ္ဋကပ်တို့ပတ်လုံး ဗြဟ္မာပြည်၌ဖြစ်ခဲ့ဘူးပါသည်သို့အတွက်အကျွန်ုပ်မှာ အမျက်ထွက်ခြင်းမရှိပါ''ဟု အမျက်ထွက်ခြင်းမရှိသော အကြောင်းအင်္ဂါကို လျှောက်ထားပြန်လေ၏။

**သူတပါးကိုဖျက် ကိုယ်ကျိုးပျက်**

ဤသို့ ဆတ္တပါဏိသည် မိမိမှာ အင်္ဂါလေးပါးနှင့်ပြည့်စုံကြောင်းကို အတ္တု-ပ္ပတ်နှင့်တကွလျှောက်ထားသည်ရှိသော် မင်းကြီးသည် စည်းဝေးရောက်လာသောပရိသတ်အား မျက်စိမှိတ်ခြင်း,လည်ညိတ်ခြင်းစသော အမှတ်သညာကိုပေးလေ၏၊ ထိုခဏ၌ပင်လျှင် အမတ်, ပုဏ္ဏား, သူဌေး, သူကြွယ်စသောသူတို့သည် တပြိုင်နက်ထကြွကုန်လျက် ကာလကစစ်သူကြီးအား ''ဟယ်-တံစိုးလက်ဆောင်စားသော သူခိုးပျက်.... နင်သည် တံစိုးလက်ဆောင်ကို မရသောကြောင့် ဓမ္မဓဇပညာရှိကို မဟုတ်မမှန်လုပ်ကြံစွပ်စွဲကာ သတ်စေလိုဘိ၏''ဟု ဆဲဆိုကြိမ်းမောင်းကာ လက်ခြေတို့ကိုကိုင်ပြီးလျှင် မင်းအိမ်မှအတင်းဆွဲချ၍ကိုင်မိတိုင်း,ကိုင်မိတိုင်းသော

ကျော့ကံခဲ့, ဆောက်ပုတ်စသောလက်နက်တို့ဖြင့် ဦးခေါင်းကိုထုခွဲရိုက်နှက်လျက် အသက်ကုန်ခြင်းသို့ ရောက်စေပြီးလျှင် ခြေတို့ကို ကိုင်ဆွဲငင်ထုတ်ကာ တံမြက်ချေးစွန့်ရာ အရပ်၌ စွန့်ပစ်ကြကုန်၏။

ထိုအခါမှစ၍ မင်းကြီးလည်း တရားသဖြင့်မင်းပြုလေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော၀တ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ကာလကစစ်သူကြီးသည်- ယခုအခါ ဒေ၀ဒတ်။

※ ဆတ္တပါဏိသည်- သာရိပုတ္တရာ။

※ သိကြားမင်းသည်- အနုရုဒ္ဓါ။

※ ဓမ္မဓဇပညာရှိသည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) မင်းပင်ကောင်းလျက်၊ မင်းမျှောင်ဖျက်၊ ပြည်ပျက်ကျိုး ယုတ်စွာ။

(၂) ကာလကယုတ်၊ ရာမဟုတ်၊ ပြုလုပ်သတ်စေပါ။

(၃) ငြိုးစူလွှတ်ကင်း၊ ယစ်မျိုးကင်း၊ ချစ်ခြင်းမရှိပါ။

(၄) အမျက်မထွက်၊ အင်လေးချက်၊ စုံလျက်ဆတ္တပါ။

ဓမ္မဓဇဇာတ်ပြီး၏။

## ၂၂၁။ ကာသာဝဇာတ်

ပဉ္စုပ္ပန်ဝတ္ထု

ဒေဝဒတ်ကြောင်းပြကဲ့ရဲ့မှု

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌ သီတင်း သုံးနေတော်မူစဉ်ရှင်သာရိပုတ္တရာသည် တပည့်ငါးရာနှင့်တကွ ဝေဠုဝန်ကျောင်းတော်၌နေ၏၊ ဒေဝဒတ်လည်း မိမိနှင့်လျော်သော သီလမရှိသောပရိသတ်ဖြင့်ခြံရံလျက် ဂယာသီသ၌နေ၏။

ထိုအခါ ရာဇဂြိုဟ်ပြည်သားတို့သည် တပေါင်းတည်း ညီညွတ်ကာ ကုသိုလ်ကောင်းမှုပြုရန် အလှူဝတ္ထုကိုစီမံကြကုန်၏၊ ကုန်သည်တယောက်သည် ကုန်ကူးလာရာကြုံကြိုက်သဖြင့် မွေးကြိုင်သောသက်န်းလျာပုဆိုးကို အလှူထည့်ဝင်ခဲ့၏၊ အဘိုးများစွာထိုက်တန်၏၊ အခြားသက်န်းလျာပုဆိုးတို့ထက် ကဲလွန်၏။

လူတို့သည် စည်းဝေးကုန်၍ ထိုမွေးကြိုင်သော သက်န်းလျာပုဆိုးကို အဘယ်မထေရ်အား လှူရအံ့နည်းဟု ဆွေးနွေးတိုင်ပင်ကြသောအခါ "အချို့က ရှင်သာရိပုတ္တရာအား လှူမည်၊ အချို့က ရှင်ဒေဝဒတ်အားလှူမည်"ဟု အချင်းချင်း ငြင်းခုံကြရာ ရှင်ဒေဝဒတ်အား လှူလိုသူကများနေသဖြင့် ရှင်ဒေဝဒတ်အားလှူကြကုန်၏၊ ရှင်ဒေဝဒတ်သည် သက်န်းလျာပုဆိုးကို ချုပ်ဆိုးကာ ဝတ်ရုံလေ၏။

ထိုအခါ ရဟန်းသုံးကျိပ်တို့သည် ရာဇဂြိုဟ်ပြည်မှထွက်ကာ မြတ်စွာဘုရားကိုဖူးမျှော်ရန် သာဝတ္ထိပြည်သို့သွားကြ၍ မြတ်စွာဘုရားထံတော်သို့ရောက်လျှင် ထိုအကြောင်းကို

လျှောက်ထားကြရာ မြတ်စွာဘုရားသည် "ရဟန်းတို့…. ဒေဝဒတ်သည် ယခုအခါ၌သာ မိမိအား မလျှောက်ပတ်သောရဟန္တာတို့၏ တံခွန်သင်္ကန်းဖြစ်သောသင်္ကန်းကို ဝတ်ရုံသည်မဟုတ် ရှေးအခါ၌လည်း ဝတ်ရုံဘူးပြီဟုမိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု**

**သူတော်ဆောင်ငြား ဆင်သတ်စား** လွန်လေပြီးသောအခါဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ဆင်မျိုး၌ဖြစ်၍ ဟိမဝန္တာ တောနက်ရာအရပ်၌ ဆင်အပေါင်းခြံရံကာ နေလေ၏။

ထိုအခါ ဗာရာဏသီ ပြည်၌နေသော သူဆင်းရဲ တယောက်သည် ဆင်စွယ်ပွတ်သမားတို့ထံသွား၍ "အချင်းတို့··ဆင်စွယ် ယူကြမည်လော"ဟုမေးရာ"အမောင်ယူကြမည်"ဟု ဆိုကုန်၏၊ သူဆင်းရဲသည် လက်နက်ကို ယူ၍ ဖန်ရည်စွန်းသောအဝတ်ကိုဝတ်ဆင်ကာ ပစ္စေကဗုဒ္ဓါ အသွင်ကိုယူပြီးလျှင် ဦးခေါင်းကိုခြုံ၍ဆင်တို့သွားလာရာလမ်း၌နေလျက် ဆင်တို့သွားလာသောအခါနောက်ဆုံးဖြစ်သော ဆင်ကိုသတ်၍ အစွယ်ကိုယူပြီးလျှင် ရောင်းချကာ အသက်မွေးလေ၏။

ဆင်တို့သည် နေ့တိုင်းနေ့တိုင်း လျော့ကုန်သည်ရှိသော် ဘယ်အကြောင်းကြောင့် ဆင်တို့ လျော့ကုန်ဘိသနည်းဟု ဆင်မင်းအားပြောကြားကြကုန်၏၊ ဆင်မင်းလည်း စုံစမ်းသည်ရှိသော် ဆင်တို့သွားလာရာလမ်း၌ပစ္စေကဗုဒ္ဓါအသွင်

ကိုယူ၍နေသော ယောက်ျား တယောက် ရှိသည်၊ ထို ယောက်ျားသည်ပင် သတ်လေသလော၊ သိရအောင်စုံစမ်း မည်ဟု ကြံစည်ကာ တနေ့သ၌ အခြံအရံဖြစ်သောဆင်တို့ ကို ရှေ့ကထားလျက် မိမိမူကား သတိထားကာ နောက်ဆုံး မှလိုက်လေ၏။

**အကြောင်းကိုပြ ဆိုဆုံးမ**

ထိုသူဆင်းရဲယောက်ျားသည် ဆင်မင်း ကိုမြင်လျှင် လက်နက်ကိုကိုင်ကာ ပြေး လာ၏၊ ဆင်မင်းလည်းနောက်သို့လှည့် ၍ ကြည့်ရာ မြင်သဖြင့် "ထိုယောက်ျားကို မြေကြီးတွင် ရိုက် ပုတ်ကာ သတ်မည်"ဟု နှာမောင်းကိုဆန့်ပြီးမှ တဘန် ဝတ်ထားသော သင်္ကန်းကို မြင်၍ "ရဟန္တာတို့ တံခွန် အောင်လံဖြစ်သော သင်္ကန်းတော်ကို ငါသည် အလေးအ မြတ်ပြုခြင်းငှါ သင့်၏"ဟု နှလုံးသွင်းကာ နှာမောင်းကို ယုတ်သိမ်းပြီးလျှင်-

"အို-ယောက်ျား····ကိလေသာကို မနှင်ထုတ်ရ ရသေးသော ဇာနေ့ကိုဆုံးမခြင်းဟူသောဒမ္မ၊နိဗ္ဗာန် ဟူသော ပရမတ္ထသစ္စာမှ ကင်းဝေးသော သင် ယောက်ျားကား ဖန်ရည်စွန်းသောအဝတ်ကို ဝတ် ရုံရန်မထိုက်တန်ပေ။

ကိလေသာကိုပျို့အန်နှင်ထုတ်ပြီးသောဇာနေ့ကို ဆုံးမခြင်းဟူသော ဒမ္မ၊ နိဗ္ဗာန်ဟူသော ပရမတ္ထ သစ္စာနှင့်ပြည့်စုံသော မဂ်ဖိုလ်သီလ၌ တည်သော သူသည်သာ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ရုံ ရန် ထိုက်တန်ပေ၏"—

ဟု အကြောင်းကိုပြ၍ ပြောဆိုဆုံးမပြီးလျှင် "ဤနေ့မှ စ၍ ဤအရပ်သို့ မလာလေနှင့်၊ အကယ်၍ သင်လာလျှင် အသက်သေရမည်"ဟု ခြိမ်းချောက်၍ပြေးစေ၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန် သော ၀တ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့....

※ ထိုအခါ ဆင်သတ် ယောကျ်ားသည်– ယခုအခါ ဒေ၀ဒတ်။

※ ဆင်မင်းသည်–ငါဘုရားဖြစ်လာပြီ–

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကိလေသာပွမ်း၊ သစ္စာကန်း၊ ဆိုးသွမ်းဇာန္ဓြေ။
(၂) ရဟန္တာတံခွန်၊ သက်န်းမွန်၊ မတန်မထိုက်ပေ။
(၃) ကိလေသာစင်၊ သစ္စာမြင်၊ သွန်သင်ဇာန္ဓြေ။
(၄) ရဟန္တာတံခွန်၊ သက်န်းမွန်၊ အလွန်ထိုက်တန်ပေ။

ကာသာဝဇာတ်ပြီး၏။

---

## ၂၂၂။ ရုဇ္ဇနန္ဒိယဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**ကြမ်းတမ်းရှန့်ရင်း ကရုဏာကင်း** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် တနေ့သ၌ ရဟန်းတို့သည် တရားသဘင်ဝယ် ငါ့ရှင်တို့ဒေဝဒတ်သည်

ရုန့်ရင်း ကြမ်းတန်း၏၊ နိုင်ထက်ကလူပြုမှုတတ်၏၊ လေး သမားတို့ကိုလွှတ်၍ မြတ်စွာဘုရားကိုသတ်စေ၏၊ ကိုယ်တိုင် ကျောက်ဖျာကို လှိမ့်၍ချ၏၊ နာဠာဂိရိဆင်ကို လွှတ်၍သတ် စေ၏၊ မြတ်စွာဘုရား၌ အနည်းငယ်မျှသော ခန္တီ,မေတ္တာ, ကရုဏာမရှိ ဤသို့စသည်ဖြင့် စကားကိုဖြစ်စေကြကုန်၏၊

မြတ်စွာဘုရား ကြွလာတော်မူ၍ ထိုအကြောင်းကိုသိ တော်မူလျှင်"ရဟန်းတို့....ဒေဝဒတ်ကား ယခုအခါ၌သာ ရုန့်ရင်းကြမ်းတန်းခြင်းသနားကရုဏာ မရှိခြင်း ဖြစ်သည် မဟုတ်၊ ရှေးအခါ၌လည်း ရုန့်ရင်းကြမ်းတန်းခြင်း သနား ကရုဏာမရှိခြင်း ဖြစ်ဘူးသည်သာတည်း"ဟု မိန့်တော်မူ ကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**ပေးလျက်မရ မျောက်အိုမ**

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိ သော်ဘုရားအလောင်းသည်မျောက်မျိုး ၌ဖြစ်၍ မဟာနန္ဒိယမည်၏၊ညီတော်ကား စူဠနန္ဒိယမည်၏၊ ထိုမျောက်ညီနောင်တို့သည် မျောက်ရှစ်သောင်း ခြံရံကာ ဟိမဝန္တာအရပ်ဝယ် အမိမျက်မမြင် မျောက်အိုမကို လုပ် ကျွေးမွေးမြူလျက်နေကြကုန်၏။

ထိုမျောက်ညီနောင်တို့သည် အမိကိုနေရာ ခြုံတခုတွင် ထား၍ တောသို့ဝင်လျက် သစ်သီးကြီးငယ်တို့ကိုရှာဖွေကာ ချိုမြိန်ကောင်းမြတ်သော သစ်သီးကြီးငယ်တို့ကို အမိထံပို့ စေကုန်၏၊ အပို့သွားသော မျောက်တို့သည် အမိအား မပေးကြကုန်၊ အမိမျက်မမြင်မျောက်မသည် ငတ်မွတ်ခြင်း

ဖြင့် နှိပ်စက်သည်ဖြစ်၍ အရိုးအရေမျှကြွင်းကျန်ကာ ညှိုးနွမ်းပိန်ချုံး၍နေလေ၏။

**ကျေးဇူးရှက်ဆောင် မျောက်ညီနောင်**

ထိုအခါ မဟာနန္ဒိယသည် "မိခင်…. သင်တို့ဘို ချိုမြိန် ကောင်းမြတ်သော သစ်သီးကြီးငယ်တို့ကို ကျွန်ုပ်တို့ပို့စေပါကုန်၏၊ မိခင်သည်အဘယ့်ကြောင့် ညှိုးနွမ်းပိန်ချုံး၍နေဘိသနည်း"ဟုမေးလတ်သော်"ချစ်သား….ငါသည် မရပေ" ဟု ပြောလေ၏၊ထိုအခါမဟာနန္ဒိယသည်"ငါသည်မျောက်အပေါင်းကို ဆောင်ရွက် နေသည်ရှိသော် ငါ့အမိမျက်မမြင်သည် သေဆုံးပျက်စီးရလိမ့်မည်၊ သို့အတွက်မျောက်အပေါင်းကို စွန့်လွှတ်ကာ အမိမျက်မမြင်ကိုသာ လုပ်ကျွေးတော့မည်" ဟုကြံစည်ကာ ညီစူဠနန္ဒိယကို ခေါ်၍ "ညီထွေး….သင်သည် မျောက်အပေါင်းကို ဆောင်ရွက်လော့၊ ငါသည် အမိမျက်မမြင်ကို လုပ်ကျွေးတော့မည် ဟု" ပြောလေ၏၊ "အစ်ကိုယ်….အကျွန်ုပ်အားမျောက်အပေါင်းကိုဆောင်ရွက်ရန် အလိုမရှိပါ၊အကျွန်ုပ်လည်း အမိမျက်မမြင်ကိုသာ လုပ်ကျွေးပါမည်" ဟုပြောဆိုလေ၏၊ ထိုမျောက်ညီနောင်တို့သည်တူမျှသော အလိုဆန္ဒရှိကုန်လျက် မျောက်အပေါင်းကို စွန့်လွှတ်ခဲ့ပြီးလျှင် အမိမျက်မမြင်ကို ဆောင်ယူခဲ့၍ ဟိမဝန္တာမှ သက်ဆင်းကာ အရပ်စွန်ဖြစ်သော ပညောင်ပင် တခုမှာနေ၍ အမိမျက်မမြင်ကိုသာ လုပ်ကျွေး၍နေကြကုန်၏။

**တပည့်နေရေး သတိပေး**

ထိုအခါ ဗာရာဏသီပြည်ဝယ် ပုဏ္ဏားလုလင်တယောက်သည် တက္ကသိုလ်ပြည်ဒိသာ ပါမောက္ခ ဆရာကြီး ထံဝယ်

အတတ်ပညာ အလုံးစုံကိုသင်ယူပြီးလျှင် ပြန်တော့မည်ဟု ဆရာကြီးကို ပန်ကြားလေ၏၊ ဆရာကြီးသည် * အင်္ဂဝိဇ္ဇာ အာနုဘော်ဖြင့်ပုဏ္ဏားလုလင်၏ ရန့်ရင်းကြမ်းတန်းသည့်အဖြစ်,နိုင်ထက်ကလူပြုမှုတတ်သည့်အဖြစ်ကိုသိ၍ "လုလင်·· သင်သည် ရန့်ရင်းကြမ်းတန်း၏၊ နိုင်ထက်ကလူ ပြုမှုတတ်၏၊ ဤလိုသဘောရှိသောသူသည် အခါခပ်သိမ်း တတန်းတည်းတူမျှစွာ မပြည့်စုံတတ်၊ ကြီးစွာသောပျက်စီး ဆင်းရဲခြင်းသို့ရောက်ရလတ္တံ့၊ သင်သည် မရန့်ရင်း မကြမ်းတန်းလင့် နောင်တ-တဖန် ပူပန်စေတတ်သော အမှုကိုမပြုလင့်"ဟု မှာကြားဆုံးမ၍ လွှတ်လိုက်၏။

ပုဏ္ဏားလုလင်သည် ဆရာကြီးကိုရှိခိုးပြီးလျှင် ဗာရာဏသီပြည်သို့ပြန်ခဲ့၍ အိမ်ရာထောင်လျက်တပါးသော အတတ်ပညာဖြင့် အသက်မမွေးနိုင်ဘဲ လေးအတတ် ပညာဖြင့် မုဆိုးတို့အမှုကိုပြု၍ အသက်မွေးလျက် ဗာရာဏသီပြည်မှ ထွက်ကာ အရပ်စွန်ဖြစ်သောရွာငယ်တခု၌နေလေ၏။

တနေ့သ၌ ထိုပုဏ္ဏားသည် တောင့်ကိုလွယ်၍ လေးကိုကိုင်လျက်သားကောင်တို့ကို ရှာဖွေရန်တောသို့ လှည့်လည်သွားလာရာ တစုံတခုသော သားကောင်ကို မရသဖြင့် လာလတ်သော် အရပ်စွန်ရှိ ပညောင်ပင်ကိုမြင်၍ ထိုပညောင်ပင်၌ သားကောင် တစုံတရာရှိငြားအံ့လည်းမသိဟု ဆင်ခြင်ကာ ပညောင်ပင်သို့ ရှေ့ရှုသွားလေ၏။

---

* အင်္ဂဝိဇ္ဇာ— (ပါဠိ) အင်္ဂ- အစိတ်အပိုင်း၊ ဝိဇ္ဇာ -အတတ်ပညာ၊ ရုပ်-လက္ခဏာအစိတ်အပိုင်းကိုမှတ်၍ အကျိုးအပြစ်သိစွမ်းနိုင်သော ဗေဒင်ပညာတမျိုး။

**မိခင်လွတ်ရေး အသက်ပေး**

ထိုခဏ၌ မျောက် ညီနောင်တို့သည် အမိမျက်မမြင်ကို သစ်သီး ကြီးငယ်ဖြင့် လုပ်ကျွေးပြီးလျှင် ရှေမှထားကာ သစ်ခွကြား၌နေကြစဉ် မုဆိုးလာသည်ကိုမြင်လျှင်“ အမိ မျက်မမြင်ကို တစုံတရာပြုလုပ်လိမ့်မည်မဟုတ်”ဟု နှလုံးသွင်းကာ သစ်ခက်ကြား၌ ပုန်းအောင်း၍ နေကြကုန်၏။

နိုင်တက်ကလူပြုမူတတ်သော မုဆိုးသည် ပညောင်ပင်ရင်းသို့ လာလတ်၍ မျက်မမြင် မျောက်အိုမကို မြင်လျှင် “ငါ့အား လက်ချည်း အချည်းနှီးသွားသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ဤမျောက်အိုမကိုပစ်ပြီးလျှင် ယူ၍သွားမည်”ဟု ကြံစည်ကာ လေးကိုပြင်လေ၏၊မဟာနန္ဒိယသည် ထိုအခြင်းအရာကိုမြင်လျှင် “ညီထွေး....ဤမုဆိုးသည် ငါတို့အမိအိုကို ပစ်လိုသည်၊ ငါသည် အမိအိုအား အသက်ကိုလှူမည်၊ ငါသေလွန်သွားလျှင် သင်လုပ်ကျွေးရစ်လော့”ဟု မှာထားကာ သစ်ခက်ကြားမှထွက်၍ အမိအိုရှေတွင် နေ၍“အို-မုဆိုး....ငါ့အမိကို မပစ်ပါလင့်၊ အမိမှာ မျက်စိမမြင် အို၍အားနည်းလှသည်၊ ငါသည် အမိအိုအား အသက်ကိုလှူမည်၊ အမိအိုကို ချမ်းသာပေး၍ ငါ့ကိုသတ်ပါ”ဟု မုဆိုးကိုဝန်ခံစေ၍ မြွားအနီးတွင် နေလေ၏။

**မကောင်းကျိုးပြ မိုးကြိုးကျ**

မုဆိုးသည် မဟာနန္ဒိယကိုပစ်၍ ကျစေပြီးလျှင် အမိအိုကိုပစ်ရန် လေးကို တင်ပြန်၏၊ စူဠနန္ဒိယသည် ထိုအခြင်းအရာကို မြင်ပြန်လျှင်“ဤမုဆိုးကား အစ်ကိုကြီးကိုသတ်ပြီးလျှင် ငါ့အမိအိုကို သတ်လိုပြန်၏၊ အမိအိုသည် တနေ့မျှသော်

လည်း အသက်ရှည်လတ်သော် အသက်ကို ရသည်မည်၏၊ အမိအိုအား အသက်ကိုလှူမည်''ဟု နှလုံးသွင်းကာ သစ်ခက်ကြားမှထွက်ပြီးလျှင် ''အိုမုဆိုး....အမိအိုကို မပစ်ပါလင့်၊ ငါ့ကိုပစ်ပြီးလျှင် ငါတို့ညီနောင်ကိုယူ၍ အမိအို အသက်ကို ချမ်းသာပေးပါ''ဟု မုဆိုးအား ဝန်ခံစေ၍ မြှားအနီးတွင်နေပြန်၏၊ မုဆိုးသည် စူဠနန္ဒိယကို ပစ်ပြန်၍ ကျစေပြီးလျှင်''ဤမျောက်အိုမလည်း အိမ်၌ သူငယ်တို့အစာဖြစ်လိမ့်မည်''ဟု ကြံစည်ကာ ပစ်ပြန်၍ ကျစေပြီးလျှင် မျောက်သုံးကောင်ကို ထမ်းပိုးဖြင့်ထမ်းကာ ဝမ်းမြောက်ဝမ်းသာ အိမ်သို့ရှေးရှုသွားလေ၏။

ထိုအခါ ယုတ်မာသောမုဆိုးအိမ်ကိုမိုးကြိုးကျ၍မယားနှင့် သားနှစ်ယောက်တို့သည် အိမ်နှင့်တကွ မီးလောင်လျက်သေဆုံးကြကုန်၏၊ အိမ်လည်း ခေါင်အုပ် ဝါးဘွဲ့ရာတိုင်မျှသာ ကြွင်းကျန်တော့၏၊ ယောကျ်ားတယောက်သည် ရွာတံခါးသို့ ရောက်လာသောမုဆိုးကိုမြင်လျှင် အိမ်၌ ဖြစ်ပုံအကြောင်းစုံကို ပြောကြားလေ၏။

**ဒုက္ခရောက်မှု သံဝေဂရ**

မုဆိုးသည် ထိုအကြောင်းကို ကြားလျှင် သား,မယားကို စွဲ၍ဖြစ်သော စိုးရိမ်ခြင်းသည် ပြင်းစွာ နှိပ်စက်အပ်သည်ဖြစ်၍ ထောက်တည်ရာမရတော့ဘဲ ထိုအရပ်မှာပင် အမဲနှင့်တကွ ထမ်းပိုးကိုရင်း, လေးကိုရင်း စွန့်ပစ်ပြီးလျှင် ကိုယ်တွင်ဝတ်ထားသော ပုဆိုးကို ချွတ်ကာ အချည်းနှီး လက်မောင်း နှစ်ဘက်တို့ကို မြှောက်လျက် ငိုကြွေးမြည်တမ်းကာ အိမ်သို့သွား၍ အတွင်းဝင်လေ၏၊ ထိုအခါမုဆိုး



P 334· မုဆိုးယုတ်သည် အမိအိုကြီးအား ကာကွယ်ပေးနေသည့် မျောက်ညီနောင်တို့ကို ပစ်ခတ်နေပုံ။

ခေါင်းပေါ်သို့ ခေါင်တိုင်လဲ၍ ကျသဖြင့် ခေါင်းကွဲလေ၏၊ မြေကြီးလည်း အက်ကွဲ၍ ဟင်းလင်းပွင့်ကာ အဝီစိမီး လျှံတက်လျက် မြေမျိုလတ်သော်—

"လုလင်····သင်သည် မကောင်းမှုကို မပြုလင့်၊ ပြုအပ်ပြီးသောမကောင်းမှုသည် နောက်အခါ သင့်ကိုသာ ပူလောင်စေရာ၏"ဟု ရှေး ဆရာကြီးတို့ ဆိုးမဘူးသော စကားရှိပေ၏။

တစုံတရာ အမှုကိစ္စကို ပြုလုပ်သောသူသည် ထို အမှုကိစ္စအကျိုးကို ခံစားရသောအခါ ကိုယ်တိုင် တွေ့မြင်ရလေ၏၊ လောကမှာ စိုက်ပျိုးသော မျိုးစေ့နှင့်တူသော အသီးကို ဆောင်သည့်အလား ကောင်းမှုကုသိုလ်ကိုပြုသူသည် ကောင်းကျိုးကို ခံစားရ၏၊ မကောင်းမှု အကုသိုလ်ကို ပြုသူသည် မကောင်းကျိုးကို ခံစားရ၏"—

ဟု ဆရာကြီး၏အဆုံးအမကို အောက်မေ့ကာ ငါ့ဆရာ ကြီးသည် စင်စစ် ဤအကြောင်းကိုမြင်၍ဆိုးမလိုက်ပေသည် ဟု ငိုကြွေးမြည်တမ်းလျက် မြေကြီးထဲသို့ ဝင်ပြီးလျှင် အဝီစိ ငရဲ၌ခံရလေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ ရုန့်ရင်း ကြမ်းတန်းသော ယောက်ျား သည်-ယခုအခါ ဒေဝဒတ်။

※ ဒိသာပါမောက္ခဆရာသည်-သာရိပုတ္တရာ။
※ စူဠနန္ဒိယသည်-အာနန္ဒာ။
※ အမိမျောက်မသည်- မဟာပဇာပတိဂေါတမီ။
※ မဟာနန္ဒိယသည်-ငါဘုရား ဖြစ်လာပြီ–
ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

၁။ မကောင်းမှုမှာ၊ ပြုသူသာ၊ နောင်ခါပူလောင်မြဲ။
၂။ ပြုလုပ်မှုမှန်၊ ကျိုးရပြန်၊ ကောန်တွေ့မြင်မြဲ။
၃။ ကောင်းမှုပြုလေ့၊ ကောင်းကျိုးတွေ့၊ချမ်းမြေ့ခံစားမြဲ။
၄။ မကောင်းပြုက၊ မကောင်းရ၊ ဒုက္ခခံစားမြဲ။

စူဠနန္ဒိယဇာတ်ပြီး၏။

---

## ၂၂၃။ ပုဋဘတ္တဇာတ်

**ပဉ္စုပ္ပန်ဝတ္ထု**

**မြို့ရှင်လင်မယား ကြွေးတောင်းသွား** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်၌နေသော သူကြွယ်တယောက်သည် ဇနပုဒ်နေ သူကြွယ်တယောက်အား ကုန်ကိုအကြွေးရောင်း၍ထားလေ၏။

တနေ့သ၌သာဝတ္ထိပြည်နေ သူကြွယ်သည်မိမိမယားကိုခေါ်၍ ဇနပုဒ်နေ သူကြွယ်ထံသွားကာ အကြွေးကိုတောင်းလေ၏၊ မြို့စားသူကြွယ်သည် မပေးနိုင်သေးဆိုကာ တစုံတခုကိုမျှမပေးလေ၊ ထိုအခါ မြို့ရှင်သူကြွယ်သည် အမျက်ထွက်သဖြင့် ထမင်းမစားဘဲရွာမှထွက်၍သွားရာ ခရီး အကြားသို့ရောက်လျှင် ထမင်းအလွန်ဆာမွတ်လေ၏။

ဘုရားရှေ့မှောက် မယားလျှောက်

ခရီးသွားတို့ တွေ့မြင်လျှင် ထိုသူကြွယ်အား''အဆွေ····မယားကိုလည်းပေး၍စားပါဟု''ပြောဆိုကာ ထမင်းထုပ်ကိုပေးကြကုန်၏၊ ထိုသူကြွယ်သည် ထမင်းထုပ်ကို ယူပြီးလျှင် မယားအားမပေးလိုသဖြင့်''နှမ····ဤအရပ်ကား သူခိုးတို့နေရာဖြစ်သည်၊ ရှေ့မှသွားနှင့်''ဟု လွှတ်လိုက်ပြီးလျှင် ထမင်းအကုန်စားပြီးသောအခါ ဘာမျှ မကျန်တော့သော ထမင်းထုပ်ကိုပြ၍''နှမ····မကောင်းသော ထမင်းကို ပေးကြသည်''ဟုပြောလေ၏။

မယားလည်း မိမိကိုမပေးဘဲစားသည်ကို သိလျှင်နှလုံးမသာဖြစ်လေ၏၊ ထိုလင်မယား နှစ်ယောက်တို့ ဇေတဝန်ကျောင်းတော်အနီးသို့ ရောက်ရာ ရေသောက်လို သဖြင့် ကျောင်းတွင်းသို့ ဝင်ကြကုန်၏၊ မြတ်စွာဘုရားသည် ထိုလင်မယားနှစ်ယောက်တို့လာသည်ကိုသိတော်မူလျှင် သမင်ဖမ်းသော မုဆိုးကဲ့သို့ ဂန္ဓကုဋိအရိပ်၌ ရပ်တော်မူ၏၊ ထိုလင်မယားနှစ်ယောက်တို့မြင်လျှင် မြတ်စွာ ဘုရားထံဆည်းကပ်ခစားကြကုန်၏။

မြတ်စွာဘုရားသည် ထိုလင်မယား နှစ်ယောက်တို့ကို နှုတ်ခွန်းဆက်စကားစွေစပ်ပြောကြားပြီးလျှင်''ဒါယိကာမ သင့်လင်သည် သင့်အကျိုးစီးပွားကို အလိုရှိသလော၊ မရှိသလော''ဟု မေးတော်မူလျှင်''အရှင်ဘုရား···· အကျွန်ုပ်သည် ဤယောကျ်ားကို အလွန် ချစ်မြတ်နိုးပါသည်၊ ဤယောကျ်ားကား အကျွန်ုပ်ကို ချစ်မြတ်နိုးခြင်း မရှိပါ၊ တပါးသောနေ့တို့ကို ထားဘိဦး၊ ယနေ့ ခရီး အကြား၌

ထမင်းထုပ်ကိုရလျှင် အကျွန်ုပ်အား မပေးဘဲ မိမိချည်း တယောက်တည်း စားရက်ပါသည်'' ဟု လျှောက်လေ၏၊ မြတ်စွာဘုရားသည် ''ဒါယိကာမ…. သင်ကား အခါ ခပ်သိမ်း ဤယောကျ်ားကိုချစ်မြတ်နိုးသည် အကျိုးစီးပွားကို အလိုရှိသည်၊ ဤယောကျ်ားကား သင့်အားချစ်မြတ်နိုးခြင်း မရှိ၊ ရှေးအခါ ပညာရှိတို့ကိုမှီ၍ သင့်ကျေးဇူးကိုသိကာ သင့်အား စည်းစိမ်ချမ်းသာအလုံးစုံ၌ အစိုးရသည့်အဖြစ်ကိုပေးဘူးပြီ''ဟုမိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

**မယားကိုပင် မချစ်ခင်** လွန်လေပြီးသောအခါဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် အမတ်မျိုး၌ဖြစ်၍ အရွယ်ရောက်လတ်သော် ဗြဟ္မဒတ်မင်းကို အကျိုးအကြောင်းပြ၍ ဆုံးမတတ်သော ပညာရှိအမတ်ဖြစ်လေ၏။

ထိုအခါမင်းကြီးသည် သားတော်ကို ထီးနန်းစည်းစိမ်ကို လုယူမည်စိုးရိမ်သဖြင့် နှင်ထုတ်လိုက်၏၊ မင်းသားလည်း မိမိမယားကိုခေါ်ယူပြီးလျှင် မြို့တော်မှထွက်ကာ လယ်သမားတို့နေရာ ရွာငယ်တခုတွင်နေလေ၏၊ နောက်အခါ အဘမင်းကြီး သေလွန်သည်ဟုကြားလျှင် ထီးနန်းစည်းစိမ်ကိုယူရန် ဗာရာဏသီပြည်သို့ပြန်လေ၏။

ခရီးအကြားသို့ရောက်၍ ခရီးသွားတို့မြင်လျှင် မင်းသားအား ''အမောင်…. မယားကိုလည်း ပေး၍စားပါ'' ဟု ပြောဆိုကာ ထမင်းထုပ်ကိုပေးကုန်၏၊ ထမင်းထုပ်ကိုရလျှင်

မယားအားမပေးဘဲ မိမိချည်းသာစားလေ၏၊ မယားသည် "ဤယောကျ်ားကား မိမိမယား၌ သနားကြင်နာခြင်းမရှိ၊ ရှန့်ရင်းကြမ်းတန်းလှ၏"ဟု နှလုံးမသာဖြစ်လေ၏။

**ပညာရှိဥာဏ်ပေး မိဖုရားအရေး**

မင်းသားသည် မြို့တော်သို့ ရောက်လျှင် မင်းအဖြစ်ကိုရ၍ မယားကို မိဖုရားကြီး အရာ၌ထားပြီးလျှင် "ဤမိန်းမကား၏ မျှလောက်ဖြင့်ပင် သင့်တော်ပြီ"ဟု တပါးသော လာဘ သက္ကာရကို ပေးတော်မမူ မြတ်နိုးတနာကိုလည်း ပြုတော် မမူ၊ ဘယ်မျှရသနည်းဟူ၍ပင် မေးတော်မမူ။

ထိုအကြောင်းကိုပညာရှိအမတ်သိလေလျှင် ဤမိဖုရား ကား မင်းကြီးအားအလွန်ချစ်မြတ်နိုး၏၊ ကျေးဇူးများ၏၊ မင်းကြီးမူကား မိဖုရားကိုအနည်းငယ်မျှမအောက်မေ့၊ ငါ သည် မိဖုရားအား ပူဇော်သက္ကာရကိုင်၊ မြတ်နိုးတနာကို ၄င်း ရအောင်ပြုလုပ်ပေးမည်ဟု ကြံစည်ကာ မိဖုရားထံ သို့ကပ်၍ ခစားလေ၏၊ ထိုအခါမိဖုရားသည် "ပညာရှိ···· အကြောင်းအသို့ရှိသနည်း"ဟု မေးလျှင် ပညာရှိအမတ် သည်စကားစပ်ဖြစ်စိမ့်သောငှါ"အရှင်မိဖုရား·· အကျွန်ုပ် တို့သည် အရှင်မိဖုရားတို့ကိုခစားပါကုန်၏၊သက်ကြီးမိဘတို့ အား အဝတ်အထည်ပိုင်းမျှကိုငင်း, ထမင်းရိက္ခာမျှကိုငင်း ချီးမြှောက်သင့်သည်မဟုတ်ပါလော"ဟုမေးလေ၏၊"ပညာ ရှိ····အကျွန်ုပ်တို့အား မင်းကြီးထံမှ တစုံတခုကိုမျှမရပါ၊ ရသောအခါ ပေးရမည်မဟုတ်ပါလော၊ ယခုမူကား မင်း ကြီးသည် တစုံတခုကိုမျှမပေးသေးပါ၊ တစုံတခုပေးခြင်းကို ထားဘိဦး၊ ထီးနန်းစည်းစိမ်ကို ယူရန်လာစဉ် ခရီးအကြား

ဝယ်ထမင်းထုပ်ရရာ အနည်းငယ်မျှမပေးပါ၊ မိမိချည်းသာ အကုန်စားပါသည်”ဟု ပြောဆိုလေ၏။

**မင်းကြီးထံမှောက် ကြောင်းစုံလျှောက်**

ထိုအခါ ပညာရှိအမတ်သည် “အရှင်မိဖုရား…. မင်းကြီးထံမှာ ယခုပြောသောအတိုင်း ပြောဝံ့ပါသလော” ဟု မေးလျှင်၊“ပညာရှိ….ပြောဝံ့ပါသည်”ဟု ပြော၏၊“အရှင်မိဖုရား…. ထိုသို့ပြောဝံ့လျှင် ယနေ့ပင်လျှင်မင်းကြီးထံသွား၍ ရှေ့တော်တွင် အကျွန်ုပ်ကမေးမည်၊ အရှင်မိဖုရားက ပြောပါ၊အရှင်မိဖုရားတို့ကျေးဇူးကိုသိစေမည်”ဟု မှာထားကာ မင်းကြီးထံရှေးဦးစွာသွား၍ နေနှင့်၏။

နောက်မကြာမီ မိဖုရားရောက်လာလျှင် “အရှင်မိဖုရား….အရှင်တို့သည်အလွန်ရက်ရောကုန်၏၊ သက်ကြီးမိဘတို့အား အဝတ်အထည်ပိုင်းမျှကိုဎင်း, ထမင်းရိက္ခာမျှကိုဎင်း ချီးမြှောက်သင့်သည် မဟုတ်ပါလော” ဟု မေး၏၊ “ပညာရှိ… အကျွန်ုပ်တို့အားမင်းကြီးထံမှတစုံတခုကိုမျှမရပါ၊ အဘယ်ဝတ္ထုကို ပေးနိုင်ပါမည်နည်း”ဟု ပြော၏၊ “အရှင်မိဖုရား…. အရှင်သည် မိဖုရားကြီးရာထူးကိုရသည် မဟုတ်ပါလော”ဟု မေး၏၊ “ပညာရှိ…. တစုံတခုသော ပူဇော်သက္ကာရကို မရလတ်သော်မိဖုရားကြီးရာထူးဖြင့်ဘာလုပ်ရမည်နည်း၊ ယခုအခါ သင်တို့မင်းကြီးသည် အကျွန်ုပ်အား ဘယ်ဝတ္ထုကိုပေးမည်နည်း၊ ထိနန်းစည်းစိမ်ကိုယူရန်လာစဉ်ခရီးအကြားဝယ် ထမင်းထုပ်ကိုရရာအနည်းငယ်မျှမပေးပါ၊ မိမိချည်းသာ အကုန်စားပါသည်”ဟု အကြောင်းစုံပြောကြားလေ၏။

ချစ်သူကိုသာ တုံ့ပြန်ရာ

ထိုအခါ ပညာရှိသည် မင်းကြီးအား ''အရှင်မင်းကြီး.... မိဖုရားကြီး ပြောသည့်အတိုင်းမှန်ပါသလော''ဟု မေးလျှောက်ရာ မင်းကြီးသည် ဆိတ်ဆိတ်သာသည်းခံ၍ နေလေ၏၊ ပညာရှိလည်း မင်းကြီးသည်းခံနေသည်ကိုသိလျှင်—

''အရှင်မိဖုရား.... မိမိသို့ ညွတ်သူအားသာ ညွတ်ရာ၏၊ မိမိသို့ဆည်းကပ်သူအားသာဆည်းကပ်ရာ၏၊ မိမိအမှုကိစ္စကိုဆောင်ရွက်သူအားသာ အမှုကိစ္စကိုဆောင်ရွက်ရာ၏၊ မိမိအကျိုးစီးပွားကိုအလိုရှိသူအားသာ အကျိုးစီးပွားကိုအလိုရှိရာ၏၊ မိမိသို့မဆည်းကပ်သူအား မဆည်းကပ်ရာ၊ မိမိကိုစွန့်ပစ်သူအား စွန့်ပစ်ရာ၏၊ တပ်စွန်းငြိတွယ်ခြင်းကို မပြုရာ၊ မိမိကို ချစ်ခင်မြတ်နိုးခြင်း မရှိသောသူနှင့် မပေါင်းဘော်ရာ၊ ငှက်သည် သစ်ပင်၌ အသီးကုန်သည်ကိုသိလျှင် အသီးရှိသော အခြားသစ်ပင်ကို ရှာသကဲ့သို့ တပါးသောအရပ်ကိုရှာရာ၏၊ စင်စစ်ကား ကမ္ဘာလောကကြီးသည် ကျယ်ဝန်းလှ၏''—

ဟုပြောကြားဆုံးမပြီးလျှင် ''အရှင်မိဖုရားတို့မှာမိမိကို အလွန်ချစ်မြတ်နိုးသော လင်ယောကျ်ားတယောက်ကို ရနိုင်ပါသေးသည်''ဟု ပြောကြားပြန်၏၊ ပညာရှိ၏စကားကို မင်းကြီးကြားလတ်သော် မိဖုရားကြီးအား အလုံးစုံသော စည်းစိမ်ချမ်းသာကို ပေးတော်မူ၏၊ ထိုအခါမှစ၍ မင်း မိဖုရားတို့သည် အညီအညွတ်ဝမ်းမြောက်ဝမ်းသာနေကြကုန်၏။

မြတ်စွာဘုရားသည် ဒေသနာတော်၏အဆုံး၌ သစ္စာကိုပြတော်မူလျှင်လင်မယားနှစ်ယောက်တို့သည်သောတာပတ္တိဖိုလ်၌တည်ကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါမင်းမိဖုရားတို့သည်-ယခုအခါ လင်မယားနှစ်ယောက်။

※ ပညာရှိအမတ်သည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကိုယ့်သို့ညွတ်သူ၊ညွတ်တုံ့မူ၊ကပ်သူကပ်ကြရာ။
(၂) ကိုယ့်ကိုစွပြု၊တုံ့ပြန်ပြု၊လိုမှုကျိုးလိုရာ။
(၃) ကိုယ့်ကိုစွန့်သူ၊စွန့်ကြဟူ၊ချစ်သူချစ်ကြရာ။
(၄) အသီးကုန်ငြား၊သစ်ပင်များ၊စွန့်သွားငှက်ပမာ။

ပုဋဘတ္တဇာတ်ပြီး၏။

---

## ၂၄။ ကုမ္ဘိလဇာတ်

ပဋ္ဌုပ္ပန်ဝတ္ထု

ရန်အောင်နိုင်မှု ကြောင်းလေးခု

နတ်လူတို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌သီတင်းသုံးတော်မူစဉ် ဒေဝဒတ်ကိုအကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

ရန်အောင်ကြောင်းလေးပါး

(၁) မှန်ကန်ခြင်းသစ္စာ,
(၂) အသိဉာဏ်ပညာ,
(၃) လုံ့လဝီရိယ,
(၄) အသက်ကိုစွန့်ခြင်း,

ဤလေးပါးသောတရားတို့နှင့် ပြည့်စုံသူတို့မှာ ရန်သူကို အောင်ကုန်၏၊ မပြည့်စုံသောသူတို့ကား ရန်သူကိုမအောင်ကုန်။

[ကေကနိပါတ်ကုမ္ဘိလဇာတ်နှင့် ပစ္စုပ္ပန်ဝတ္ထု, အတိတ်ဝတ္ထုဇာတ်ပေါင်းအလုံးစုံတူပြီ။]

ဆောင်ပုဒ်

(၁) သစ္စာ,ဓမ္မ၊ဝီရိယ၊စာဂဤလေးဖြာ။
(၂)လေးပါးစုံရှိ၊ရန်အောင်၏၊မရှိမအောင်ရာ။

ကုမ္ဘိလဇာတ်ပြီး၏။

---

## ၂၂၅။ ခန္တိ၀ဏ္ဏဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**ကျေးဇူးထောက်ဆ သည်းခံကြ**

နတ် လူ တို့ဆရာ ဖြစ်တော် မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်း သုံးတော် မူစဉ် ကောသလ မင်းကြီး၏ နန်းတော်တွင်းဝယ် ကျေးဇူးများသောအမတ်တယောက်သည် နန်းတွင်းသူ တယောက်နှင့် မှားယွင်းလေ၏။

မင်းကြီးလည်း ဤအမတ်ကား ငါ့အား ကျေးဇူးများသောအမတ်ဖြစ်သည်ဟုသိ၍ သည်းခံတော်မူပြီး မြတ်စွာဘုရားထံလျှောက်ထားလေ၏၊ မြတ်စွာဘုရားလည်း မင်းကြီးအား''မြတ်သောမင်းကြီး.... ရှေးမင်းတို့ သည်လည်း ဤကဲ့သို့ သည်းခံသည်သာလျှင်တည်း''ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

**သည်းခံနိုင်ဘိ အကျိုးရှိ**

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် မင်းကြီးအား ကျေးဇူးများသောအမတ်တယောက်သည် နန်းတွင်းသူ တယောက်နှင့် မှားယွင်းလေ၏။ ထိုအမတ်အား ခစားသော ယောကျ်ား တယောက်သည်လည်း ထိုအမတ်၏ မယားနှင့် မှားယွင်းလေ၏။

ထိုအမတ်သည် ထိုယောကျ်ားအဖြစ်ကို သည်းမခံနိုင်သည်ဖြစ်၍ မင်းကြီးထံသို့သွားပြီးလျှင်—

> ''မြတ်သောမင်းကြီး....အကျွန်ုပ်အား အမှုကိစ္စအလုံးစုံကို ပြုလုပ်အားထုတ်သော ယောကျ်ား တယောက်၌ အိမ်ရာပြစ်မှားသော အပြစ်ရှိပါ၏၊ ထိုအပြစ်အတွက် ထိုယောကျ်ားအား အဘယ်သို့ ပြုလုပ်ရမည်ကို အရှင်မင်းကြီး နှလုံးသွင်းတော်မူပါ''—

ဟု လျှောက်ထားလေ၏၊ ထိုအခါ မင်းကြီးသည် ထိုအမတ်၏စကားကိုကြားလျှင်—

"အို-အမတ်..ငါ့အားလည်း သင့်လိုပင် အိမ်ရာပြစ်မှားသော ယောကျ်ား တယောက်သည် ဤအရပ်မှာပင် ရှိ၏၊ ကျေးဇူး ပြုတတ် သော ယောကျ်ားကို အလွန်ရခဲသောကြောင့် သည်းခံခြင်း ကိုသာ ငါတို့နှစ်သက်၏"–

ဟု ပြောကြားလေ၏။

အမတ်သည် မိမိကိုရည်မှန်း၍ မင်းကြီးပြောကြားသည် ကိုသိလျှင် ထိုအခါမှစ၍ နန်းတွင်း၌မပြစ်မှားဝံ့တော့ချေ၊ အမတ်ကို ခစားသော ယောကျ်ားလည်း မင်းကြီးအား လျှောက်ကြားသည်အဖြစ်ကိုသိလျှင် ထိုအခါမှစ၍ ပြစ်မှား ခြင်းအမှုကိုမပြုဝံ့တော့ချေ။

ယခုအခါ ကောသလမင်းကြီး၏ အမတ်သည်လည်း မြတ်စွာဘုရားအား လျှောက်ထားသည့် အဖြစ်ကို သိလျှင် ထိုအခါမှစ၍ မှားယွင်းသောအမှုကို မပြုဝံ့တော့ချေ။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

မင်းမြတ်....

※ ထိုအခါ ဗာရာဏသီမင်းသည်-ယခုအခါ ငါဘုရား ဖြစ်လာပြီ–

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) သူ၏မယား၊ မပြစ်မှား၊ ရှောင်ရှားအပ်သည်သာ။

(၂) ပြစ်မှားသူလည်း၊ ကျေးဇူး[illegible]ည်း၊ သည်းညည်းခံကြရာ။

ခန္တိဝဏ္ဏဇာတ်ပြီး၏။

## ၂၂၆။ ကောသိယဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**အခါမဲ့လျှင်း စစ်ထွက်ခြင်း**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်း သုံးတော်မူစဉ် ကောသလမင်းသည် ပစ္စန္တရာဇ်ကို ငြိမ်းစေရန် အခါမဟုတ်သည်၌ စစ်ထွက်ခြင်းကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

**ခင်ပုပ်ပမာ ပျက်စီးရာ**

လွန်လေပြီးသောအခါဗာရာဏသီမင်းသည် အခါမဟုတ်သည်၌ မြို့တော်မှထွက်၍ ဥယျာဉ်တော်ဝယ် သစ်ခက်တဲနန်းတွင်နေလေ၏၊ ထိုအခါ ခင်ပုပ်ငှက်တကောင်သည် ဝါးရုံခြုံတွင်းသို့ဝင်၍ ပုန်းအောင်းကာနေ၏၊ ကျီးတို့သည် လာလတ်ကုန်၍ ထွက်လာသောခင်ပုပ်ငှက်ကိုဖမ်းရန် ခြံရံကြကုန်၏၊ ထိုခင်ပုပ်ငှက်သည် နေဝင်ခြင်းကို မကြည့်ရှုဘဲ အခါမဲ့၌သာလျှင်ထွက်၍ ပြေးအံ့သောငှါ အားထုတ်၏၊ ကျီးတို့သည် ခင်ပုပ်ငှက်ကို ဝိုင်းဝန်းကုန်လျက် နှုတ်သီးတို့ဖြင့် ထိုးဆိတ်ကာ အောက်သို့ကျစေကုန်၏။

မင်းကြီးသည် ခင်ပုပ်ငှက်ကျသည်ကိုမြင်လျှင် ပညာရှိအမတ်ကိုခေါ်၍ ''ပညာရှိ....ကျီးတို့သည် ခင်ပုပ်ငှက်ကို အဘယ့်ကြောင့် ကျစေကုန်သနည်း''ဟု မေးလေလျှင် ပညာရှိအမတ်သည် မင်းကြီးအား—

"မြတ်သော မင်းကြီး.... အခါ ဟုတ်သည်၌ ထွက်ရန်အားထုတ်ခြင်းသည် ကောင်း၏၊ အခါ မဟုတ်သည်၌ ထွက်ရန်အားထုတ်ခြင်းသည် မကောင်း၊ အခါမဟုတ်သည်၌ ထွက်သောသူသည် တစုံတခုသောအကျိုးကို မပြီးစေနိုင်၊ စင်စစ်သော်ကား တယောက်ထည်းသောသူကို ရန်သူများစွာ ဝိုင်းဝန်းနှိပ်စက်သဖြင့် ကြီးစွာသောပျက်စီးခြင်းသို့ ရောက်ရတတ်၏၊ အခါမဟုတ်သည်၌ ထွက်သော ခင်ပုပ်ငှက်ကို ကျီးအပေါင်းတို့သည် နှုတ်သီးတို့ဖြင့် ထိုးဆိတ်ကုန်သကဲ့သို့ မှတ်ရမည်။

အခါဟုတ်သည်၌ထွက်သော ခင်ပုပ်ငှက် လိမ္မာသည် ချမ်းသာခြင်းနှင့် ပြည့်စုံရာသကဲ့သို့ ရှေးထုံးအစီအရင်ကို သိနားလည်၍ သူတပါးတို့ လစ်ဟင်းခြင်းကို သိလွယ်ရှိသော ပညာရှိသည် အလုံးစုံသော ရန်သူတို့ကို မိမိအလိုသို့ လိုက်စေသည်ကိုပြု၍ ချမ်းသာခြင်းနှင့် ပြည့်စုံရာ၏"-

ဟု လျှောက်ထားလေ၏၊မင်းကြီးလည်း ပညာရှိအမတ်၏စကားကိုကြားလျှင် မြို့တွင်းသို့ပြန်၍ဝင်လေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

မင်းမြတ်....

※ ထိုအခါဗာရာဏသီမင်းသည်-ယခုအခါအာနန္ဒာ။

※ ပညာရှိအမတ်သည်—ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ခါမဟုတ်ထွက်၊ ရန်သူလက်၊ ပျက်စီးတဘ်ချေသည်။
(၂) ခါဟုတ်ထွက်ရာ၊ ပညာဝါ၊ များစွာကျိုးရှိသည်။
(၃) ခါမဟုတ်ထွက်၊ ခင်ပုပ်ငှက်၊ ကြီးလက်ပျက်စီးသည်။
ကောသိယဇာတ်ပြီး၏။

---

## ၂၂၇။ ဂူထပါဏဇာတ်

ယော ပုဗ္ဗေ ဝရုဏ၊

ပြဿနာမေး ကြောက်၍ပြေး

နတ်လူတို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်း သုံးတော်မူစဉ် ထိုဇေတဝန်ကျောင်းတော်မှ သုံးဂါဝုတ်ယူဇနာခွဲခန့် ကွာဝေးသော အရပ်တွင် နိဂုံးရွာတခုသည် တည်ရှိလေ၏၊ ထိုရွာ၌ စာရေးတံချ၍လှူသော ဆွမ်း,လဆန်းပက္ခ လဆုတ်ပက္ခ၌ လှူသော ဆွမ်းတို့သည် အလွန်ပေါများကုန်၏၊ ပြဿနာမေးတတ်သော တိုးလည်းနေ၏။

ထိုတိုးသည် ဆွမ်းအလို့ငှါလာကုန်သော ပဉ္စင်းငယ်, သာမဏေတို့ကို အချို့စားကုန်စဉ်, အချို့သောက်ကုန်စဉ် ပြဿနာမေးလေ့ရှိ၏၊ မဖြေနိုင်သည်ရှိသော် အရှက်ခွဲလေ့ရှိ၏၊ ထို့ကြောင့် ပဉ္စင်းငယ်, သာမဏေတို့သည် ပြဿနာမေးမည်ကို ကြောက်သဖြင့် ထိုနိဂုံးရွာသို့ မသွားဝံ့ကြကုန်၊ ထိုအခါ ရဟန်းတပါးသည် တိုးအကြောင်းကို သိလျှင် ''အရှင်ဘုရားတို့....ထိုရွာ၌ ဆွမ်းလှည့်ကို အကျွန်ုပ်အား ပေးကြပါ၊ အကျွန်ုပ်သည် တိုးကိုဆုံးမ၍ မာနမရှိအောင်

ပြုပြီးလျှင် အရှင်ဘုရားတို့ကိုမြင်လျှင် ပြေးအောင် ပြုလုပ်ခဲ့ပါမည်''ဟု ဆိုလေ၏။

**ငတုံးနိုင်ရေး မစင်ကျွေး**

ထိုရဟန်းသည် တနေ့သ၌ ဆွမ်းလှည့်ကျသဖြင့် ထိုနိဂုံးရွာသို့သွား၍ ရွာတံခါး၌ သက်နှးရုံကာနေ၏၊ ငတုံးမြင်လျှင် ဇွဲလိုသော ဆိတ်ကြမ်းကဲ့သို့ လျင်မြန်စွာ ကပ်လာတည့်၍ ''အိုရဟန်း····အကျွန်ုပ်ပြဿနာကိုဖြေဆိုပါ''ဟုလျှောက်ထား၏၊ ''ဒါယကာ··· အခါမဟုတ်သေး၊ ဆွမ်းခံပြီး ဆွမ်းစရပ်သို့ ယာဂုယူလာသောအခါမှမေးပါ''ဟု ပြောကြားလေ၏၊ ''ယာဂု ယူလာသောအခါ မေးမည်''ဟု လျှောက်ထားပြန်ရာ ယာဂုသောက်ပြီးမှမေးပါ၊ နောက်ဆွမ်းစားစရပ်ကို တံမြက်လှည်းပြီးမှမေးပါ၊ နောက် စာရေးတံ ဆွမ်းယူပြီးမှမေးပါ–ဟု တောင်းပန်၍ လာခဲ့ရာ ပြဿနာမမေးဖြစ်ဘဲ နောက်ဆုံးတွင် ငတုံးကို သပိတ်ထမ်းခေါ်၍-ရွာမှထွက်လေ၏၊ တံခါးပြင်ပသို့ရောက်လျှင် ငတုံးလက်မှသပိတ်ကိုယူကာ ရပ်လေ၏။

ထိုအခါငတုံးသည် ရဟန်းအား''အို-ရဟန်း····အကျွန်ုပ်ပြဿနာကိုဖြေဆိုပါ''ဟုလျှောက်ထားပြန်၏၊ရဟန်းသည်''ကောင်းပြီသင့်ပြဿနာကိုဖြေဆိုမည်''ဟုပြောဆိုပြီးလျှင်ငတုံးကိုတချက်ထည်းဖြင့်လဲစေ၍အရိုးတို့ကိုကြေစေဘိသကဲ့သို့ ရိုက်ပုတ်ပြီးမှခံတွင်း၌မစင်တို့ကိုထည့်လျက် ဤနေ့မှစ၍ ဤရွာသို့လာသောရဟန်းတို့ကို နောက်ပြဿနာမေးလျှင် သိစေမည်ဟု ခြိမ်းချောက်၍သွားလေ၏၊ ငတုံးသည် ထိုနေ့မှစ၍ ရဟန်းတို့ကိုမြင်လျှင် ပြေးလေ၏၊ ထိုရဟန်း၏ အမှုအရာသည် သံဃာ့ဘောင်၌ထင်ရှားလေ၏။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်ဝယ် ထိုရဟန်း အကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ "ရဟန်းတို့....ထိုရဟန်းသည် ယခုအခါ၌သာတုံးကို မစင်စားစေသည်မဟုတ်၊ ရှေးအခါ၌လည်း စားစေဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

ဆင်ကိုစစ်ထိုး မစင်ပိုး

လွန်လေပြီးသောအခါ အင်္ဂတိုင်း,မဂဓတိုင်း၌နေကုန်သော သူတို့သည် တိုင်းတတိုင်းမှတတိုင်းသို့ လှည်းတို့ဖြင့် သွားကုန်လတ်သော် တနေ့သ၌ တိုင်းနှစ်ခုတို့အပိုင်းအခြားဝယ် ရေအိုင်တခုကိုအမှီပြုကာ သုရာကိုသောက်ကြ ကုန်လျက် ငါးအမဲတို့ကိုစားပြီးလျှင် နံနက်စောစောကလျှင် လှည်းတို့ကိုတပ်ကုန်လျက် သွားကြကုန်၏။

ထိုသူတို့သွားသောအခါ မစင်ပိုးတကောင်သည် မစင်အနံ့နံသောကြောင့် ထိုအရပ်သို့လာပြီးလျှင် စွန့်ပစ်ထားသော သုရာကိုမြင်လတ်သော် အလွန် သောက်လိုသော ချင်ခြင်းဖြစ်သဖြင့် သုရာကိုသောက်၍ မူးယစ်လျက် မစင်ပုံသို့တက်လေ၏၊ ထိုပိုးတက်လတ်သော် မစင်သည် ပြေ့သဖြင့် အောက်သို့ အတန်ငယ်ညွတ်လေ၏၊ မစင်ပိုးသည် ငါကဲ့သို့သောသူကို ခံခြင်းငှါမတတ်နိုင်ဟု မာန်တက်ကာ ကြုံးဝါးလေ၏။

ထိုခဏ၌ အမုန်ယစ်သော ဆင်ပြောင်ကြီး တစီးသည် အနီးသို့လာလတ်၍ မစင်နံ့နံခြင်းကြောင့် စက်ဆုပ်ရွံရှာ

သဖြင့်ဖဲ သွားလေ၏၊ မစင်ပိုးသည် ဆင်ပြောင်ကြီးဖဲသွားသည်ကိုမြင်လျှင် ဤဆင်ပြောင်ကြီးကား ငါ့ကိုကြောက်သောကြောင့် ထွက်ပြေးသည်ဟု ထင်မှတ်ကာ ဆင်ပြောင်ကြီးနှင့် စစ်ထိုးရန်သင့်သည်ဟု နှလုံးသွင်းပြီးလျှင်—

"အို-ဆင်ပြောင်ကြီး····ရဲရင့်သော သင်ဆင်ပြောင်ကြီးကား- လုံ့လဝီရိယရှိလျက် စစ်ထိုးရန်စွမ်းနိုင်၍ ရဲရင့်သောငါနှင့် ပြိုင်ဆိုင်မကြပါလျက် အဘယ့်ကြောင့် စစ်မထိုးဘဲ ပြေးဘိ သနည်း၊ တကြိမ်လောက်သော်လည်း စစ်ထိုးရမည်မဟုတ်ပါလော၊ အို-ဆင်ပြောင်ကြီး····လာပါ၊ ပြန်ခဲ့ပါဦး၊ ငါ့ကိုကြောက်၍ ပြေးသလော၊ ငါ၏လုံ့လဝီရိယနှင့် သင်၏လုံ့လဝီရိယကို အင်္ဂတိုင်းသားနှင့် မဂဓတိုင်းသားတို့မြင်ကြပါကုန်စေ"—

ဟုပြောဆိုကာ လှမ်း၍ခေါ်၏။

**မစင်ယိုချ ပိုးသေရ**

ဆင်ပြောင်ကြီးလည်း မစင်ပိုးစကားကိုကြားလျှင် မစင်ပိုးထံသို့သွားကာ—

"ဟယ်-မစင်ပိုး····နင့်ကိုခြေတို့ဖြင့် ငါမသတ်၊ အစွယ်တို့ဖြင့်လည်း ငါမသတ်၊ နှာမောင်းဖြင့် ငါမသတ်၊ နင့်ကိုမစင်ဖြင့်သာ သတ်လိုက်မည်၊မစင်ပိုးသည် မစင်ဖြင့်သေစေတော့"—

ဟု ဆိုပြီးလျှင် မစင်ပိုးထိပ်ပေါ်မှာ ကြီးစွာသောမစင်တုံးကို စွန့်ချလျက် ကျင်ငယ်ကိုလည်း စွန့်ကာထိုအရပ်မှာပင် အသက်ကုန်ခြင်းသို့ ရောက်စေလျက် ကြိုးကြာသံမြည်ပြီးလျှင် တောသို့ဝင်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည်-အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ မစင်ပိုးသည်-ယခုအခါ ငတုံး။

※ ဆင်ပြောင်ကြီးသည်-ငတုံးကိုဆုံးမသောရဟန်း။

※ ထိုအကြောင်းကိုသိသော ရုက္ခစိုးနတ်သည် - ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မစင်ပိုးညစ်၊သုရာယစ်၊စစ်ပြိုင်ဆင်ပြောင်ကို။

(၂) မစင်စွန့်လတ်၊ ဆင်ကသတ်၊ သက်ပြတ်ခန္ဓာကိုယ်။

ဂူထပါဏဇာတ်ပြီး၏။

---

## ၂၂၈။ ကာမနီတဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကာမနီတမည်သော ပုဏ္ဏားကိုအကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

**လောဘလွန်ကဲ မရောင့်ရဲ**

လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဗြဟ္မဒတ် မင်းအား သားနှစ်ယောက်ရှိလေ၏။

ထိုသားနှစ်ယောက်တို့တွင် မင်းသားကြီးသည် ဗာရာဏသီပြည်သို့လာလတ်၍ မင်းဖြစ်လေ၏၊ မင်းသားငယ်ကား အိမ်ရှေ့မင်းဖြစ်လေ၏၊ထိုမင်းကြီးကား ဝတ္ထုကာမ, ကိလေသာကာမတို့၌ မရောင့်ရဲဘဲ ဥစ္စာ၌တပ်မက်သော လောဘရှိ၏။

ထိုအခါ ဘုရားအလောင်းသည်သိကြားမင်းဖြစ်၍ ဇမ္ဗူဒိပ်ကျွန်းကို ကြည့်လတ်သော် ထိုမင်းကြီး၏ ဝတ္ထုကာမ, ကိလေသာကာမတို့၌မရောင့်ရဲသည့်အဖြစ်ကိုသိလျှင်မင်းကို နှိပ်စက်၍ ရှက်စေမည်ဟု နှလုံးသွင်းကာ ပုဏ္ဏားလုလင်အသွင်ဖြင့် မင်းကြီးထံသွား၍ ဖူးမြင်လေ၏၊ ထိုအခါ မင်းကြီးသည် လုလင်အား—

"လုလင်····ဘယ်ကိစ္စအတွက်လာသနည်း"ဟု မေး၏၊ "အရှင်မင်းကြီး····ဘေးရန်ကင်းလျက် ဝပြောသာယာ၍ စစ်သည်ဗိုလ်ပါ ရတနာရွှေငွေ များစွာတို့နှင့် ပြည့်စုံလုံလောက်သော ပြည်ကြီးသုံးပြည်ထောင်တို့ကို မြင်ခဲ့ပါသည်၊ ထိုသုံးပြည်ထောင်တို့ကိုအရှင်မင်းကြီးအား အနည်းငယ်မျှသော စစ်သည်ဗိုလ်ပါဖြင့် ယူ၍ဆက်သရန် လာခဲ့ပါသည်"ဟုလျှောက်၏၊ "လုလင်ဘယ်အခါ သွားမည်နည်း"ဟု မေးလျှင် "နက်ဖြန်သွားပါမည်"ဟု ပြော၏၊ "ကောင်းပြီသွားပါ၊ နံနက်စောစော ပြန်လာပါဦး"ဟု ပြောလေလျှင်၊ "ကောင်းပြီလာပါမည်"ဟု ဝန်ခံပြီးလျှင် မိမိနေရာ နတ်ရွာသို့သွားလေ၏။

**လောဘရမ္မက်နှလုံးသွေးပျက်**

မင်းကြီးသည် နက်ဖြန်နေ့၌ စည်ကိုလည်စေ၍ စစ်သည်ဗိုလ်ပါတို့ကိုစီရင်စေပြီးလျှင် အမတ်အပေါင်းကို ခေါ်

စေ၍ "အမတ်တို့....မနေ့ကငါ့ထံသို့ ပုဏ္ဏားလုလင် တယောက်လာ၍ဥတ္တရပဥ္စာလမြို့,ဇုန္နပတ္တမြို့,ကေကကမြို့,ဤသုံးမြို့တို့ကို အနည်းငယ်မျှသောစစ်သည်ဗိုလ်ပါဖြင့်ယူပေးမည်ဆိုသောကြောင့် ထိုလုလင်နှင့်တကွ သုံးပြည်ထောင်ကိုအရယူမည်၊ ထိုလုလင်ကို လျင်မြန်စွာ ခေါ်ကြကုန်လော့"ဟု အမိန့်ပေးလေ၏၊ ထိုအခါ အမတ်တို့သည် "အရှင်မင်းကြီး....ထိုလုလင်အား နေရာကိုအဘယ်အရပ်မှာပေးထားသနည်း"ဟုလျှောက်၏၊ "အမတ်တို့....ဘယ်အရပ်မှမပေးထားမိပါ"ဟုပြောလေ၏၊ "အရှင်မင်းကြီး..အဝတ်တန်ဆာ ရိက္ခာကိုလည်း ပေးထားပါသလော"ဟု လျှောက်ပြန်လေရာ၊ အမတ်တို့.... မပေးထားမိပါ"ဟု ပြော၏၊ "အရှင်မင်းကြီး....ထိုသို့မပေးထားလျှင်ထိုလုလင်ကို အဘယ်မှာ တွေ့မြင်ရမည်နည်း"ဟု လျှောက်ပြန်၏၊ "အမတ်တို့.... မြို့လမ်းတို့၌ ကြည့်ရှုကြကုန်လော့"ဟုပြော၏၊ "အရှင်မင်းကြီး.... မမြင်ပါကုန်"ဟု လျှောက်ကြကုန်၏။

ထိုအခါမှစ၍ လုလင်ကို မမြင်ရသော မင်းကြီးအား ငါ့မှာ ကြီးစွာသော စည်းစိမ်ချမ်းသာအစိုးရခြင်းမှ ဆုတ်ယုတ်ခဲ့ပြီတကား- ဟု ပြင်းထန်သော စိုးရိမ်ပူဆွေးခြင်းသည်ဖြစ်ခဲ့၏၊ စိုးရိမ်ပူဆွေးခြင်းကြောင့် ဟဒယဝတ္ထုရုပ်သည်ပူလောင်ခဲ့၏၊ ဟဒယဝတ္ထုရုပ် ပူလောင်ခြင်းကြောင့် နှလုံးသွေးသည် ပျက်ခဲ့၏၊ နှလုံးသွေးပျက်ခြင်းကြောင့် ဝမ်းသွေးသွန်သောရောဂါသည် ဖြစ်ခဲ့၏၊ ဆေးသမားတို့သည် မင်းကြီးရောဂါကို ဆေးမကုနိုင်ကြကုန်။

သိကြားကြွလာ
ဆေးကုရာ

သုံးလေးရက် လွန်သောအခါ သိကြားမင်းသည် ဆင်ခြင်လတ်သော် မင်းကြီးမှာ ဝမ်းသွေးသွန်သောရောဂါ ဖြစ်နေသည်ကိုသိလျှင် ဆေးကုရန်ပုဏ္ဏားအသွင်ဖြင့် မင်းအိမ်တံခါးသို့လာ၍ အကြောင်းကြားစေပြီးလျှင် မင်းကြီးထံဝင်၍"အောင်စေသတည်း" ဟု ဆုတောင်းပြီး လျှောက်ပတ်သော အရပ်၌နေ၏၊ မင်းကြီးသည် ပုဏ္ဏားအား "ပုဏ္ဏား....သင်သည်ငါ့ကိုဆေးကုမည်လော"ဟုမေး၏၊ "အရှင်မင်းကြီး....ကုပါမည်" ဟုပြော၏၊ "ပုဏ္ဏား....ဆေးကုမည်ဖြစ်လျှင် ကုပါ"ဟုပြော၏၊ အရှင်မင်းကြီး....ကောင်းပြီကုပါမည်၊ရောဂါ၏လက္ခဏာကို မိန့်တော်မူပါ၊ အဘယ်အကြောင်းကြောင့် ဖြစ်ပါသနည်း၊ ခဲဘွယ်, စားဘွယ်,သောက်ဘွယ်ကိုမှီ၍ ဖြစ်ပါသလော၊သို့တည်းမဟုတ် မြင်ခြင်း,ကြားခြင်းကိုမှီ၍ ဖြစ်ပါသလော"ဟု လျှောက်၏၊ "ပုဏ္ဏား....ငါ၏အနာကားသောကနှိပ်စက်၍ ဖြစ်သည်" ဟုပြော၏၊ "အရှင်မင်းကြီး.... အဘယ်ကိုမိန့်ကြားပါသနည်း"ဟု မေး၏၊ "ပုဏ္ဏား.... လုလင်တယောက်လာပြီးလျှင် ငါ့ကိုပြည်ကြီးသုံးပြည်ထောင်ကိုယူ၍ဆက်သမည်"ဟု လျှောက်ထားသည်၊ နက်ဖြန်နေ့ဝယ် ထိုလုလင်ကို ရှာ၍မတွေ့-စသည်ဖြင့် ရောဂါဖြစ်ပုံ အကြောင်းစုံကိုမိန့်ကြားပြီးလျှင်—

"အို-ပုဏ္ဏား....တောင်ကြီးသဘွယ် ဖြစ်သော မြို့ကြီးသုံးမြို့ကိုဖင်း၊ ဥတ္တရပဉ္စာလတိုင်း,ကုရုတိုင်း, ကေကကတိုင်း ဤတိုင်းကြီး သုံးတိုင်းတို့ကိုဖင်း၊ ငါလိုချင်၏၊ ပုဏ္ဏား.... ထိုဗာရာဏသီ မင်းအဖြစ်

ထက်သာလွန်သော သုံးပြည်ထောင်ကိုလည်း ငါ လိုချင်၏၊ ဝတ္ထုကာမ, ကိလေသာကာမ နှိပ်စက် ၍ဖြစ်သောငါ့ရောဂါကို အကယ်၍ ဆေးကုနိုင်မူ ကုသပါ''ဟု ပြောဆိုလေ၏။

**အပါယ်နှင့်ချောက် ရောဂါပျောက်**

ထိုအခါမင်းကြီးကို ပုဏ္ဏားသည် ''အ ရှင်မင်းကြီး…သင်မင်းကြီး ရောဂါကို သစ်ဥ,သစ်မြစ် စသောဆေးတို့ဖြင့် မကု စားကောင်းပါ၊ဉာဏ်ဖြင့်သာကုစားကောင်းပါသည်'' ဟု လျှောက်ထားပြီးလျှင်—

''မြတ်သောမင်းကြီး…. အချို့ပညာရှိ တို့သည် မည်းနက်သော မြွေကိုက်သူအား ဆေးကုကြကုန် ၏၊ အချို့ပညာရှိတို့သည် ဘီလူး ဖမ်းစားသူအား ဆေးကုကြကုန်၏၊ အချို့ပညာရှိတို့သည် ကာမနှိပ် စက်သူအား ဆေးမကုကုန်၊ အဘယ့်ကြောင့်နည်း ဟူမူ-အကုသိုလ်တရား နှိပ်စက်နေသူအား ဆေး ဝါးမန္တရားစသည်တို့ဖြင့် မကုစားနိုင်သောကြောင့် ဖြစ်၏''—

ဟုလျှောက်ထားလေ၏၊ ထိုနောက်ပုဏ္ဏားသည် မင်း ကြီးအား—

''မြတ်သောမင်းကြီး….သင်မင်းကြီးသည် သုံး ပြည်ထောင်တို့ကို အကယ်၍ရသဖြင့် မြို့ကြီးလေးမြို့ တို့၌ မင်းပြုရသည်ရှိသော် တပြိုင်နက်ခြင်း ပုဆိုး လေးထည်တို့ကိုဝတ်ဆင်မည်လော၊ ရွှေခွက် လေး ခွက်တို့၌ စားမည်လော၊ အိပ်ရာလေးခုတို့၌ အိပ် မည်လော၊ မြတ်သောမင်းကြီး….တဏှာ၏ အလို

သို့မလိုက်သင့်ပါ၊ တဏှာမည်သည်ပျက်စီးခြင်း အ ကြောင်းဖြစ်သည်၊ တဏှာပွားသည်ရှိသော် စိုးရိမ် ခြင်းကိုပွားစေ၏၊တဏှာ၏တည်ရာဖြစ်သောပုဂ္ဂိုလ် ကို အပါယ်ဆင်းရဲတို့၌ ပစ်ချတတ်၏''ဟု အပါယ် ဘေး, ငရဲဘေးတို့ဖြင့် ခြိမ်းချောက်ကာ တရား ဟောလေ၏။

မင်းကြီးသည် ပုဏ္ဏားပ၏တရားတော်ကို ကြားနာရလျှင် စိုးရိမ်ခြင်းကင်းပျောက်လျက် ခဏခြင်းပင် ဝမ်းသွေးသွန် သောရောဂါ ကင်းပျောက်လေ၏၊ သိကြားမင်းလည်းမင်း ကြီးအား အဆုံးအမပေးကာ သီလတို့၌တည်စေ၍ပုဏ္ဏား အသွင်ကိုပယ်ဖျောက်လျက် မိမိနေရာနတ်ရွာသို့ သွားလေ ၏၊မင်းကြီးသည် ထိုအခါမှစ၍ ဒါန,သီလစသောကုသိုလ် ကောင်းမှုတို့ကိုပြုစုအားထုတ်လေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….

※ ထိုအခါ မင်းကြီးသည်- ယခုအခါ ကာမနီတ ပုဏ္ဏား။

※ သိကြားမင်းသည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) တဏှာဖြစ်ပွား၊ရောဂါများ၊လားလိမ့်အပါယ်ဘုံ။

(၂) တဏှာပွားပြန်၊သောကလွန်၊သွေးသွန်မင်းကြီးပုံ။

ကာမနီတဇာတ်ပြီး၏။

## ၂၂၉။ ပလာယိတဇာတ်

ပဋ္ဌုပ္ပန်ဝတ္ထု၊

ကြီးဝါးခြိမ်းချောက်
ပရိဗိုဇ်တယောက်

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ပရိဗိုဇ်တယောက်သည် မိမိနှင့်အယူဝါဒကို ပြိုင်ဆိုင်ပြောဆိုနိုင်သူကို ဇမ္ဗူဒိပ်ကျွန်းအလုံးကို လှည့်လည်ရှာဖွေရာ တစုံတယောက်သောသူကိုမတွေ့ရသဖြင့် အစဉ်အတိုင်းလာခဲ့ပြန်ရာ သာဝတ္ထိပြည်သို့ရောက်လေ၏။

ထိုအခါ ပရိဗိုဇ်သည် လူတို့ကို "အမောင်တို့····ငါနှင့်အယူဝါဒကို ပြိုင်ဆိုင်ပြောဆိုနိုင်သူရှိသလော"ဟု မေးလျှင် "အရှင်···· ခပ်သိမ်းသောတရားကိုသိ၍ သူတပါးတို့အယူဝါဒကို ဖျက်ဆီးနိုင်သော မဟာဂေါတမမည်သော မြတ်စွာဘုရားသည် ရှိတော်မူ၏၊ ထိုမြတ်စွာဘုရားကို ဇမ္ဗူဒိပ်ကျွန်းအလုံး၌ နေသောသူတို့သည် အယူဝါဒဖြင့် ပြိုင်ဆိုင်ပြောဆိုလွှမ်းမိုးနိုင်သူမရှိပါ၊ လှိုင်းတံပိုးတို့သည် ကမ်းနားသို့ရောက်လျှင် ပျောက်ကွယ်၍သွားကုန်ဘိသကဲ့သို့ ခပ်သိမ်းသောအယူဝါဒတို့သည်လည်း ထိုမြတ်စွာဘုရား ခြေတော်ရင်းသို့ရောက်လျှင် ပျောက်ကွယ်ကြရပါသည်"ဟု ပြော၏၊ "အမောင်တို့···· ဘယ်အရပ်မှာနေသနည်း"ဟု မေးပြန်လျှင် "အရှင်····ဇေတဝန်ကျောင်းတော်၌နေပါသည်"ဟု ပြောဆို၍ ထိုပရိဗိုဇ်ကို ဇေတဝန်ကျောင်းတော်သို့ ခေါ်ယူသွားကြလေ၏။

**တံခါးမုခ်ရောက်**
**လွန့်ရှုံကြောက်**

ပရိဗိုဇ်သည် ဇေတဝန်ကျောင်းတော်တံခါးမုခ်ကိုမြင်လျှင် "ဇေတဝန်ကျောင်းတော်လော"ဟုမေးရာ မဟုတ်သေးပါ တံခါးမုခ်သာဖြစ်သည်ဟု ပြောကြားကြလျှင် ပရိဗိုဇ်သည် "အမောင်တို့….တံခါးမုခ်သည်ပင်ဤမျှလောက်ကြီးကျယ်သေး၏၊ ကျောင်းတော်မှာ ဆိုဖွယ်ရာရှိမည်မဟုတ်၊ သို့စဉ်ကြီးကျယ်သောဘုရားနှင့် အယှဉ်ဝါဒကို အဘယ်သူပြိုင်ဆိုင်ပြောဆိုနိုင်မည်နည်း"ဟုဆိုပြီးလျှင် ထိုအရပ်မှပြေးလေ၏။

လူတို့သည် မြတ်စွာဘုရားထံ ဆည်းကပ်ကြ၍ ထိုပရိဗိုဇ်အကြောင်းကို လျှောက်ထားကြရာ "ဒါယကာတို့…. ဤပရိဗိုဇ်သည် ယခုအခါ၌သာ ငါဘုရားနေရာအရပ်၏ တံခါးမုခ်ကိုမြင်၍ ပြေးသည်မဟုတ်၊ ရှေးအခါ၌လည်း ငါနေရာအရပ်၏ တံခါးမုခ်ကိုမြင်၍ ပြေးဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**ဗြဟ္မဒတ်မင်း**
**ကြီးဝါးခြင်း**

လွန်လေ ပြီးသောအခါ ဂန္ဓာရတိုင်းတက္ကသိုလ်ပြည်ဝယ် ဘုရားအလောင်းသည်မင်းပြုလေ၏၊ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်းသည် မင်းပြုလေ၏။

ထိုအခါ ဗြဟ္မဒတ်မင်းသည် တက္ကသိုလ်ပြည်ကိုယူမည်ဟု များစွာသောစစ်သည်ဗိုလ်ပါဖြင့် ခြီရံကာသွားပြီးလျှင် တက္ကသိုလ်ပြည်မှ မနီးမဝေးသောအရပ်သို့ရောက်လျှင်—

မူခိုက်ကြိုသဖြင့် လပြည့်ဝန်းကဲ့သို့ တင့်တယ်သောမျက်နှာတော်ကိုလည်းကောင်း, ရွှေပြားနှင့်တူသော နဖူးတော်ကိုလည်းကောင်း မြင်လေလျှင် "ဤသို့သဘောရှိသော ယောကျ်ားမြတ်ကို ပြိုင်ဆိုင်ပြောဆိုသော်လည်း အောင်နိုင်ခြင်းငှါ အဘယ်သူ တတ်နိုင်မည်နည်း"ဟု ပြောဆိုကာ ပရိသတ် အတွင်းသို့ မဝင်ဝံ့တော့ဘဲ ပြေးလေ၏။

ထိုအခါ လူတို့သည် ထိုပရိဗိုဇ်၏အကြောင်းကိုလျှောက်ထားကြရာ မြတ်စွာဘုရားသည် "ဒါယကာတို့…ထိုပရိဗိုဇ်သည် ယခုအခါ၌သာ ငါဘုရား၏ မျက်နှာတော်ကို မြင်၍ပြေးသည်မဟုတ်၊ ရှေးအခါ၌လည်း ပြေးခဲ့ဘူးပြီ" ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

**ဗိုလ်ပါပေါများ မာန်ထောင်လွှား**

လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဘုရားအလောင်းသည် မင်းပြုလေ၏၊ တက္ကသိုလ်ပြည်ဝယ် ဂန္ဓာရမင်းသည် မင်းပြုလေ၏။

ထိုအခါ ဂန္ဓာရမင်းသည် ဗာရာဏသီပြည်ကိုယူမည်ဟု အင်္ဂါလေးပါးရှိသော စစ်သည်ဖြင့် ခရီးကာလာလတ်၍ မြို့ကို ဝန်းရံကာ မြို့တံခါး၏ အနီး၌တည်လျက် မိမိ၏ စစ်သည်ဗိုလ်ပါကို ကြည့်ရှုကာ—

"အချင်းတို့…ဒေါင်းတောင် စိုက်ထားသော
တံခွန်ဖျားသည်ပင် မနှိုင်းယှဉ်နိုင်အောင် များလှ
၏၊ ဆင်၌မှု, မြင်း၌မှု ဟုမရေတွက်နိုင်၊ မဆုံး

သောကမ်းရှိသော သမုဒ္ဒရာကို ကျီးတို့သည် မလွှမ်းမိုးနိုင်သကဲ့သို့ ငါ၏စစ်သည်ဗိုလ်ပါကို ရန်သူမင်းတို့သည် မလွှမ်းမိုးနိုင်ကုန်၊ လေသည် ကျောက်တောင်ကို မတုန်လှုပ်စေနိုင်သကဲ့သို့ ငါ၏စစ်သည်ဗိုလ်ပါကို တပါးသော စစ်သည် ဗိုလ်ပါတို့သည် မတုန်လှုပ်စေနိုင်၊ ဤကဲ့သို့စစ်သည်ဗိုလ်ပါအပေါင်းနှင့်ပြည့်စုံသောငါ့ကို ယခုအခါ ထိုကဲ့သို့သော စစ်သည်ဗိုလ်ပါအပေါင်းသည် မလွှမ်းမိုးနိုင်”–

ဟု မိမိ၏ စစ်သည်ဗိုလ်ပါ အပေါင်းကို ချီးမွမ်းကာနေလေ၏။

**လောင်းတော်ခြိမ်းချောက်မာနပျောက်**

ထိုအခါ ဗာရာဏသီမင်းသည် ဂန္ဓာရ မင်း အားလပြည့်ဝန်းကဲ့သို့ အသရေရှိသောမျက်နှာကိုပြ၍–

“ဟယ်-ငမိုက်.... သင်သည် မိမိမိုက်သည်၏အဖြစ်ကို မမြည်တမ်းလင့်၊ အမှန်ကား သင်၏စစ်သည်ဗိုလ်ပါ အပေါင်းသည် သင်ကြံစည်တိုင်းဖြစ်မည်မဟုတ်၊ သင့်ကို ရာဂ, ဒေါသ စသည်တို့သည် ပူလောင်စေအပ်၏၊ သင်သည် ငါကဲ့သို့တားမြစ်သောသူကိုမရရှာ၊ ငါ့အနားချဉ်းခဲ့ပါ၊ တစီးထည်းသွားလေ့ရှိသော ဆင်ပြောင်ကြီးသည် ကျူတောကို ခြေတို့ဖြင့်နင်းသကဲ့သို့ ငါမင်းသည် သင့်ကို နင်းနှိပ်လတ့်”–

ဟု ခြိမ်းချောက်လေ၏၊ ဂန္ဓာရမင်းသည် ဤသို့ခြိမ်းချောက်သော စကားကို ကြား၍ ကြည့်မျှော် လတ်သော်

ရွှေပြားနှင့်တူသော မြတ်သောနဖူးကို မြင်လျှင် မိမိကို ဖမ်းအံ့သည်မှကြောက်ရွံ့ထိတ်လန့်ရကား—ထိုအရပ်မှပြေး၍ မိမိနေရာ တက္ကသိုလ်ပြည်သို့ သွားလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည်အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ဒါယကာတို့····

※ ထိုအခါ ဂန္ဓာရမင်းသည်- ယခုအခါ ပြေးသော ပရိဗိုဇ်။

※ ဗာရာဏသီမင်းသည်-ငါဘုရားဖြစ်ဘူးပြီ–

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) စစ်သည်ကိုချီး၊ အထင်ကြီး၊ ချည်းနှိုးကြုံးဝါးပေ။

(၂) ဗာရဒ္ဒမျက်နှာ၊ မြင်သောခါ၊ ဂန္ဓာပြေးဘူးလေ။

ဒုတိယပလာယိတဇာတ် ပြီး၏။

---

## ၂၃၁။ ဥပါဟနဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**ဆရာအန္တ ပျက်စီးမှု**

နတ် လူ တို့ဆရာ ဖြစ်တော် မူသော မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်း သုံးတော်မူစဉ် ရဟန်းတို့သည် တရားသဘင်ဝယ်''ငါ့ရှင်တို့··· ဒေဝဒတ်သည်ဆရာဖြစ်သော မြတ်စွာဘုရားကို စွန့်ပယ်ပြီးလျှင် မြတ်စွာဘုရား၏ဆန့်ကျင်ဘက် ရန်သူဖြစ်၍ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ရသည်''ဟု စကားစပ်မိ၍ ပြောဆိုကာ နေကြကုန်၏။

ထိုအခါ မြတ်စွာဘုရားကြွလာတော်မူ၍ထိုအကြောင်းကိုသိတော်မူလျှင် "ရဟန်းတို့....ယခုအခါ၌သာ ဒေဝဒတ်သည် ဆရာဖြစ်သော ငါဘုရားကို စွန့်ပယ်ပြီးလျှင် ဆန့်ကျင်ဘက်ရန်သူဖြစ်၍ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်သည်မဟုတ်၊ ရှေးအခါ၌လည်း ကြီးစွာသော ပျက်စီးခြင်းသို့ရောက်ဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**မြှုစင်စိတ်ခေတ် ဆရာမြတ်**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည်ဆင်ဆရာမျိုး၌ဖြစ်၍ အရွယ်ရောက်လတ်သော်၊ ဆင်အတတ်ဝယ် အပြီးတိုင်အောင် တတ်မြောက်လေ၏။

ထိုအခါ ကာသိကရွာငယ်တွင်နေသော လုလင်ငယ်တယောက်သည်လာလတ်၍ ဆင်ဆရာထံ၌ အတတ်ပညာကိုသင်ယူလေ၏၊ အလောင်းတော်တို့ မည်သည်ကား အတတ်ပညာကို သင်ကြား ပေးသည်ရှိသော် ဆရာစားအကြွင်း ချန်ထားလေ့ မရှိကုန်၊ မိမိတို့တတ်သမျှသော အတတ်ပညာအလုံးစုံကို အကုန်အစင် သင်ကြားပေးလေ့ရှိကုန်၏၊ ထို့ကြောင့် ထိုလုလင်ငယ်သည် ဆင်ဆရာ တတ်သမျှအတတ်ပညာကို အကုန်အစင်တတ်မြောက်လေ၏။

**ဆရာ့ဂုဏ်ကို တုပလို**

လုလင်ငယ်သည် ဆင်ဆရာအား— "ဆရာ.... အကျွန်ုပ်သည် မင်းကြီးထံ ခစားလိုပါသည်" ဟု ပြောလျှင်

"အမောင်ကောင်းပြီ"ဟု ဝန်ခံကာမင်းကြီးထံသွားပြီးလျှင် "အရှင်မင်းကြီး....အကျွန်ုပ်၏တပည့်သည် အရှင်မင်းကြီးတို့ထံ၌ခစားလိုပါသတဲ့"ဟု လျှောက်၏၊"ဆရာ..ကောင်းပြီ ခစားစေလော"ဟုပြော၏၊ "အရှင်မင်းကြီး.... ထိုလုလင်အားလခရိက္ခာကိုသိတော်မူပါ"ဟုမေးလျှောက်၏၊"ဆရာ ထိုလုလင်ကား သင်၏တပည့်ဖြစ်သည်၊ သင်နှင့်တူမျှသော လခရိက္ခာကိုရမည်မဟုတ်၊သင်တရာရလျှင် သင့်တပည့်ငါးဆယ်သာရလတံ့၊ သင်နှစ်ခုရလျှင် သင့်တပည့်တခုသာ ရလတံ့"ဟု ပြောလေ၏။

ဆရာသည် အိမ်သို့ပြန်ပြီးလျှင် ထိုအကြောင်းကို တပည့်လုလင်အား ပြောကြားလေ၏၊ တပည့်လုလင်သည်.... "ဆရာ.... အကျွန်ုပ်သည် ဆရာတို့နှင့်အတူအမျှ အတတ်ပညာကိုတတ်ပါ၏၊ တူမျှသောလခရိက္ခာကို အကယ်၍ရပါမူ ခစားပါအံ့၊ မရပါမူ မခစားလိုပါ"ဟု ပြောကြားလေ၏။

**ဆရာ့ဥပါယ် နည်းယူဘွယ်**

ဆရာသည်မင်းကြီးအား ထိုအကြောင်းကိုကြားလျှောက်ပြန်၏၊ မင်းကြီးသည် "ဆရာ.... သင်တို့နှင့်တူမျှသော လခရိက္ခာကိုယူလိုလျှင် သင်တို့နှင့်တူမျှသော အတတ်ပညာကိုပြခြင်းငှါ အကယ်၍စွမ်းနိုင်ပါမူ တူမျှသောလခရိက္ခာကို ရမည်"ဟုပြန်ကြားလိုက်၏၊ ဆရာသည်မင်းကြီးပြောလိုက်သောအကြောင်းကို တပည့်အားပြောကြားပြန်လျှင် တပည့်လည်း အတတ်ပညာကို ပြမည်ဟု မင်းကြီးအားလျှောက်ထားစေ၏၊ မင်းကြီးလည်း "ကောင်းပြီ နက်ဖြန်ပြကြလော"ဟု အမိန့်ပေးကာ စည်လည်စေ၏။

ထိုအခါဆရာသည် "ငါ၏တပည့်ကား ငါ့ဥပါယ်တမျဉ်၌ နားလည်သည်ကိုမသိလေ"ဟု နှလုံးသွင်းကာ ဆင်တစီးကိုယူပြီးလျှင် တည့်ချင်းလျှင် ဘောက်ပြန်သောအတတ်ပညာကို သင်ကြားလေ၏။

နက်ဖြန်နေ့ဝယ် လူတို့သည် ဆရာတပည့်နှစ်ယောက်အတတ်ပညာပြသည်ကိုကြည့်ရှုရန် မင်းရင်ပြင်၌ စည်းဝေးကြကုန်၏၊ ဆရာသည် မိမိသင်ပြထားသော ဆင်ကိုစီးကာ မင်းရင်ပြင်သို့သွား၏၊ တပည့်လည်း နှစ်သက်ဘွယ်သော ဆင်ကိုစီးကာ မင်းရင်ပြင်သို့သွား၏၊ ထိုအခါဆရာတပည့်နှစ်ယောက်တို့သည် အတတ်ပညာကိုပြကြကုန်၏၊ ဆရာသည် မိမိဆင်ကိုတပည့်အားပေး၍ ပြစေ၏။

**ဆရာတုလေ တပည့်သေ**

ထိုဆင်သည်သွားလော့ဆိုသည်ရှိသော် နောက်သို့ဆုတ်၏၊နောက်သို့ဆုတ်လော့ဆိုသည်ရှိသော် ရှေ့သို့ပြေး၏၊ ရပ်လော့ဆိုသည်ရှိသော်ဝပ်၏၊ ဝပ်လော့ဆိုသည်ရှိသော် ရပ်၏၊ ယူလော့ဆိုသည်ရှိသော် ချလိုက်၏၊ ချလော့ဆိုသည်ရှိသော် ယူ၏။

ထိုအခါလူတို့သည် တပည့်အား"ဟယ်-ပြစ်မှားသောတပည့်ယုတ်.... သင်သည်ဆရာနှင့်အတတ်ပညာကိုပြိုင်ခြင်းကို ပြုဘိ၏၊ မိမိ၏ပမာဏကိုမသိ၊ ဆရာနှင့်အတတ်ပညာတူသည်မှတ်ထင်သလော"ဟု ငေါက်ငမ်းဆဲဆိုရေရွတ်ကာ ခဲတုတ် လှံတံစသည်တို့ဖြင့် ပစ်ခတ်ရိုက်ပုတ်ကြသောကြောင့် ပွဲအလယ်မှာပင် အသက်ကုန်ခြင်းသို့ ရောက်လေ၏။

**ဆရာဂုဏ်တက်** ဆရာသည် ဆင်ပေါ်မှ ဆင်းသက်ပြီး **ချီးမြှောက်ချက်** လျှင် မင်းကြီးထံသို့ကပ်၍—

"မြတ်သောမင်းကြီး.... မကောင်းသဖြင့်ချုပ် လုပ်အပ်သောဘိနပ်သည် ခြေမပူဘဲ ချမ်းသာရန် ဝယ်၍စီးအပ်သော်လည်း ဝယ်၍စီးသူခြေတောက် ကိုခဲစားကာ ဆင်းရဲကိုပွားစေသကဲ့သို့ မကောင်း သဖြင့် သင်ကြားအပ်သောအတတ်ပညာသည် သင် ကြားထားသူ လူယုတ်ကို ခဲစားကာဆင်းရဲကိုပွား စေ၏"—

ဟု ဥပမာ, ဥပမေယျဖြင့် အကြောင်းပြကာလျှောက် ထားလေ၏၊ မင်းကြီးလည်း အလွန်နှစ်သက်တော်မူသဖြင့် ဆင်ဆရာအား များစွာသောစည်းစိမ်ကိုပေး၍ ချီးမြှောက် လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ် တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါတပည့်သည်- ယခုအခါဒေဝဒတ်။

※ ဆင်ဆရာသည်- ငါဘုရားဖြစ်လာပြီ--

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ယုတ်မာသူလျှင်၊ ပညာသင်၊ ချင်းပင်ဆင်းရဲပွား။

(၂) သူတော်ကောင်းလျှင်၊ ပညာသင်၊ ချင်းပင်ချမ်းသာပွား။

(၃) မကောင်းချုပ်မှု၊ ဘိနပ်ဟူ၊ စီးသူခြေကိုစား။

ဥပါဟနဇာတ်ပြီး၏။

# ၂၃၂။ ဝိဏာဂုဏာဇာတ်

ပဉ္စုပြန်ဝဏ္ဏ၊

ပညာနည်းပါး မိန်းမများ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်ဝယ် သူဌေးသမီးတယောက်သည် နွားမင်းဥသဘအား ချီးမြှောက်သည်ကိုမြင်လျှင် မိခင်ကို "မိခင်…. ဤနွားကား အဘယ်ကြောင့် ချီးမြှောက်ခြင်းကိုရသနည်း"ဟု မေးလျှင်၊ "ချစ်သမီး…. နွားမင်းဥသဘဖြစ်၍ ရပေသည်"ဟု ပြောလေ၏။

ထိုသူဌေးသမီးသည် တနေ့သ၌ နေရာပြာသာဒ်ပေါ်မှ လမ်းခရီးကိုကြည့်လတ်သော် ကုန်းတယောက်ကိုမြင်လျှင် နွားမင်းဥသဘမှာ ကျောကုန်းတွင်လဘို့ရှိသည်၊ ဤသူလည်း ကျောကုန်း၌လဘို့ရှိသည်၊ လူတို့တွင် ယောကျ်ားဥသဘဖြစ်ရာသည် ၎င်း၏ခြေရင်း၌ အလုပ်အကျွေး မယားပြုရလျှင် ကောင်းလိမ့်မည်ဟုကြံစည်ကာ ဥစ္စာကိုယူလျက် မထင်ရှားသောအသွင်ဖြင့်ပြာသာဒ်မှဆင်းသက်၍ကုန်းနှင့်တကွပြေးလေ၏၊ ထိုအကြောင်းသည် လူ့ဘောင်တွင်၎င်း, ရဟန်းဘောင်တွင်၎င်း တနေ့တခြား ထင်ရှားလာလေ၏။

ရဟန်းတို့သည် တရားသဘင်ဝယ် ထိုအကြောင်းကိုစကားစပ်မိ၍ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍သိတော်မူလျှင် "ရဟန်းတို့….ဤသူဌေးသမီးသည်ယခုအခါ၌သာကုန်းကိုတပ်စွန်းသည်မဟုတ်၊ရှေးအခါ၌လည်း

တပ်စွန်းဘူးပြီ''ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

ကျွန်းကိုပင် ဥသဘထင်

လွန်လေပြီးသောအခါဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် နိဂုံးရွာတခုဝယ် သူဌေးမျိုး၌ဖြစ်၍ အရွယ်ရောက်လတ်သော် အိမ်ရာတည်ထောင်ကာ သားသမီးများပေါက်ပွားလျက်ရှိလေ၏။

တနေ့သ၌ အရွယ်ရောက်သောသားအတွက် သူဌေးသမီးတယောက်နှင့် ထိမ်းမြားလက်ထပ်ရန် နေ့ရက်ချိန်းချက်ထားလေ၏၊ ထိုသူဌေးသမီးသည် မိမိတို့အိမ်ဝယ် နွားမင်းဥသဘအား ကောင်းစွာချီးမြှောက်ခြင်း, မြတ်နိုးခြင်းပြုသည်ကို မြင်လတ်သော် အဘယ်ကြောင့် ဤသို့ပြုသနည်း'' ဟု စုံစမ်းမေးမြန်းရာ နွားမင်းဥသဘဖြစ်၍ ပြုကြောင်းသိလေ၏။

ထိုအခါ ခရီးလမ်းအလယ်ဖြင့် သွားနေသော ကျွန်းတယောက်ကိုမြင်လျှင် ငါတို့အိမ်ကနွားမင်း ဥသဘတွင် လဘို့ရှိသည်၊ ဤသူလည်း ကျောကုန်းတွင် လဘို့ရှိ၍ ယောကျ်ားဥသဘဖြစ်ပေလိမ့်မည်ဟု ကြံစည်ကာ ဥစ္စာကိုယူ၍ မထင်ရှားသောအသွင်ဖြင့် ကျွန်းနှင့်တကွပြေးလေ၏၊ သားရင်ဖြစ်သော နိဂုံးသူဌေးသည် သူဌေးသမီးကိုဆောင်ယူမည်ဟုအခြံအရံများစွာဖြင့် ဗာရာဏသီပြည်သို့သွားသည်ရှိသော်ကျွန်းနှင့်ထိုသူဌေးသမီးတို့ ပြေးရာလမ်းဖြင့်ပင် သွားမိလေ၏။

**ကျိုးကြောင်းပြောပြ ပြန်ခေါ်ရ**

ကျေးနှင့် သူဌေးသမီးတို့သည် တည့်တည့်လုံးသွားကြကုန်၏၊ ကျေးသည် ခရီးပန်းကာ လေနာထ၍ သည်းထန်စွာသော ဆင်းရဲဝေဒနာသို့ရောက်လျက် အညှို့ပြတ်ပြီးသော စောင်းကဲ့သို့ ကွေးလျက်အိပ်၏၊ သူဌေးသမီးလည်းကျေး၏ခြေရင်း၌နေလေ၏။

နိဂုံးသူဌေးသည် တဖြည်းဖြည်းလာ၍ ငှင်းနှစ်ယောက်တို့နှင့်ဆုံမိရာ ကျေးခြေရင်း၌နေသော သူဌေးသမီးကိုမြင်လျှင် အနီးသို့ကပ်ကာ—

"ချစ်သမီး…. ဤကျေးနှင့် လိုက်လာသော အမှုကား သင်တယောက်ထည်းသာ ကြံစည်အပ်သောအမှုဖြစ်လိမ့်မည်၊ ဤမိုက်သော ကျေးကား ယောကျ်ားဥသဘ မဟုတ်၊ ချစ်သမီး….သင်ကား ပုက္ကသောကျေးနှင့် ပေါင်းဘော်နေခြင်းငှါ မသင့်လျော်မထိုက်တန်ပေ"-

ဟုသူဌေးသမီးကိုပြောလေ၏၊ သူဌေးသမီးလည်း နိဂုံးသူဌေးစကားကိုကြားလျှင်—

"အရှင်‥အကျွန်ုပ်တို့အိမ်မှာ နွားတို့၏အကြီးအမှူးဖြစ်သော နွားမင်းဥသဘမှာကျောကုန်းတွင် လဘ့်ရှိ၏၊ ဤသူလည်း ကျောကုန်းတွင် လဘ့်ရှိသဖြင့် လူတို့၏အကြီးအမှူး ယောကျ်ားဥသဘဖြစ်ပေလိမ့်မည်ဟုမှတ်ထင်ကာတပ်စွန်းမိပါ၏၊ ထိုကျေးကားယခုအခါ အညှို့ပြတ်ပြီးသော စောင်းကဲ့သို့ ခွေလျက်အိပ်ပါ၏"-

ဟုပြန်၍ပြောလေ၏၊ထိုအခါနိဂုံးသူဌေးသည် ဤသူဌေး သမီးကား မသိမလိမ်မာသည်၏ အဖြစ်ကြောင့် အိမ်မှ ထွက်ကာ ကျောင်းနှင့်လိုက်လာသည်၏အဖြစ်ကိုသိလေလျှင် သူဌေးသမီးကို ရေချိုးစေပြီးလျှင် တန်ဆာဆင်အပ်သော ရထား၌တင်ကာ အိမ်သို့သွားလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန်နှစ် တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့····

※ ထိုအခါသူဌေးသမီးသည်-ယခုအခါ သူဌေးသမီး။

※ ဗာရာဏသီနိဂုံးသူဌေးသည်-ငါဘုရားဖြစ်လာပြီ– ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မိန်းမမွေတာ၊မလိမ်မာ၊ပညာနဲလှအင်။

(၂) နွားဥသဘန္ဒ်း၊ကျောဖုလုံး၊ကျောင်းအမြတ်ထင်။

ဝိဏောဂဏာဇာတ်ပြီး၏။

---

## ၂၃၃။ ဝိကဏ္ဏကဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**ကာမရှုံးဝင် မြားအသွင်**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ကာမဂုဏ် ကြောင့်သာသနာတော်မှ ငြီးငွေ့ပျင်းရိသောရဟန်းတပါး ရှိလေ၏။

ထိုရဟန်းကို ရဟန်းတို့သည် မြတ်စွာဘုရားထံဆောင်ယူ၍သွားကာ ထိုအကြောင်းကို လျှောက်ထားကြသဖြင့် သိတော်မူလျှင် "ချစ်သားရဟန်း.... ကာမဂုဏ်မည်သည်ကား အရွက်မရှိသောမြှားနှင့်တူသည်၊ တကြိမ်စိတ်နှလုံး၌တည်ရာရသည်ရှိသော်အရွက်မရှိသောမြှားကဲ့သို့စူးဝင်တတ်သည်၊ အရွက်မရှိသောမြှားသည် မိကျောင်းကိုစူး၍ သေစေဘူးပြီ"ဟုမိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**စည်သံနှစ်မြို့က် ငါးတသိုက်**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဘုရားအလောင်းသည်တရားသဖြင့် မင်းပြုသည်ရှိသော် တနေ့သ၌ ဥယျာဉ်တော်သို့ထွက်၍ကစားရာ ရေကန်နားသို့ ရောက်လေ၏၊ကချေသည်,သီချင်းသည်တို့သည် ကကုန်,သီဆိုကုန်လတ်သော် ရေကန်၌ရှိသော ငါးလိပ်တို့သည် သီချင်းသံ၌တပ်စွန်းကြသောကြောင့် ရုံးစုကာမင်းကြီးနှင့် အတူတကွလိုက်ကြကုန်၏။

မင်းကြီးသည်ငါးတို့ကိုမြင်လျှင်"ငါးတို့သည်ငါနှင့်အတူတကွ ဘယ့်ကြောင့် လိုက်ကြသနည်း" ဟု အမတ်တို့ကိုမေးလျှင်အမတ်တို့သည်"အရှင်မင်းကြီးကိုခစားကြသည်" ဟု လျှောက်ထားကုန်၏၊ မင်းကြီးသည် နှစ်သက်၍ ငါးတို့အားထမင်းဝတ်ကိုတည်စေ၏၊နေ့တိုင်း,နေ့တိုင်းတအမ္ဗဏ*မျှသောဆန်ကိုချက်၍ကျွေးကြရကုန်၏။

---

* တအမ္ဗဏ—တဆယ့်တစိတ်ဝင်သော၊ အမ္ဗဏဟုခေါ်သော ဇလားတခု။

ထမင်းကျွေးသောအခါ အချိုငါးတို့သည် လာကုန်၏၊ အချိုငါးတို့သည် မလာကုန်၊ သို့အတွက် ထမင်းသည်ပျက်စီးလေ၏၊ ထိုအကြောင်းကို မင်းကြီးအားလျှောက်ထားလေလျှင် မင်းကြီးသည် ထမင်းကျွေးသောသူတို့အား ထမင်းကျွေးသောအခါ စည်ကိုတီးကြရမည်၊ စည်သံအမှတ်ဖြင့် ငါးတို့ စည်းဝေးသောအခါ ကျွေးကြရမည် ဟုအမိန့်ပေးလေ၏၊ မင်းချင်းတို့လည်း မင်းကြီး အမိန့်အတိုင်း ပြု၍ကျွေးကြရကုန်၏။

**ငါးကိုခံမင်**
**မြွေးရုးဝင်**

စည်သံဖြင့် ငါးတို့စည်းဝေး၍ စားကုန်လတ်သော် မိကျောင်းတကောင်သည် လာလတ်၍ ငါးတို့ကိုစားလေ၏၊ မင်းချင်းတို့လည်း ငါးတို့ကို မိကျောင်းတကောင် လာ၍စားကြောင်းကို လျှောက်ထားကြပြန်လျှင် မင်းကြီးသည် မင်းချင်းတို့အား-"အမောင်တို့.... မိကျောင်းလာသောအခါ အရွက်မတပ်သောမြွှားဖြင့် ပစ်၍ဖမ်းကြကုန်"ဟု အမိန့်ပေးလေ၏။

မင်းချင်းတို့လည်းလှေ၌စီး၍ မိကျောင်းလာသောအခါ အရွက်မတပ်သောမြွှားဖြင့် ပစ်ကြ၏၊မြွှားသည် မိကျောင်းကိုမှန်၍ ကျောတွင်စူးဝင်လေ၏၊ မိကျောင်းလည်း ပြင်းထန်သောဝေဒနာသို့ရောက်၍ မြွှားတန်းလန်းနှင့်ပြေးလေ၏၊ မင်းချင်းတို့သည် မိကျောင်းကို မြွှားစူးသည်ကိုသိလျှင် မိကျောင်းကိုခေါ်၍—

"ဟယ်—မိကျောင်း.... သင်ကား စင်စစ်သဖြင့်
ပြေးလိုရာသို့ ပြေးနိုင်၏၊ ဤအရပ်၌ ငါ၏အရွက်

မတပ်သော မြားသည် သင်၏ကျောတွင် စူးဝင်လေ၏၊ သင်ကား လျှပ်ပေါ်လော်လည်ကာ ထမင်းစားလာသော ငါးတို့ကိုလိုက်၍ စားသောကြောင့် ကောင်းစွာတီးမှုတ်၍ကျွေးအပ်သော ထမင်းသည် သင့်ကိုသတ်ဘိ၏''—

ဟု ပြောဆိုကြကုန်၏၊ မိကျောင်းလည်း မိမိနေရာသို့ သွားကာ အသက်ကုန်ခြင်းသို့ရောက်လေ၏။

ဥပမာပြတရား။ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူသောအခါ အတိတ် ဖြစ်သော ဤသို့သော အကြောင်းကိုပြတော်မူပြီး၍—

''ရဟန်းတို့.... ငါးတို့ကို လိုက်၍စားသော မိကျောင်းသည် ပျက်စီးခြင်းသို့ ရောက်သကဲ့သို့ ထို့အတူ ကာမဂုဏ်ငါးပါး၌ ကျရောက်၍ ကိလေသာ၏အစွမ်းဖြင့် စိတ်အလိုသို့ လိုက်သောသူကား ဆွေမျိုး အပေါင်းတို့ အလယ်တွင် ပင်ပန်းဆင်းရဲရ၏''—

ဟုဟောတော်မူ၏။

ဤဒေသနာတော်ကိုဟောတော်မူပြီး၍သစ္စာကိုပြသည်၏အဆုံး၌ငြီးငွေ့ပျင်းရိသောရဟန်းသည်သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည်အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....
※ ထိုအခါ မိကျောင်းသည်-ယခုအခါ ဒေဝဒတ်။
※ ငါးအပေါင်းသည်-ဘုရားပရိသတ်။
※ ဗာရာဏသီမင်းသည်-ငါဘုရားဖြစ်လာပြီ—
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကာမဂုဏ်တွဲ၊ ဆင်းရဲခွဲ၊ ရွက်မဲ့မြားပမာ။
(၂) ရွက်မဲ့မြားထူး၊ မိကျောင်းစူး၊ သေဘူးနိပါတ်လာ။
ဝိကဏ္ဏကဇာတ်ပြီး၏။

---

## ၂၃၄။ အသိတာဘူဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**ကိုယ်ကျိုးရှာသူ အသိတာဘူ**

နတ် လူ တို့ဆရာ ဖြစ်တော် မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်ဝယ် အဂ္ဂသာဝကနှစ်ပါးတို့ အလုပ်အကျွေးအိမ်၌သတို့သမီးတယောက်သည် အလွန်အဆင်းလှ၏၊ တင့်တယ်စမ့်ယ်ခြင်းသို့ရောက်၏။

ထိုသတို့သမီးသည် အရွယ်ရောက်သောအခါ ထိမ်းမြားလက်ထပ်၍ လင်အိမ်သို့ ရောက်သည်ရှိသော်— လင်ယောကျ်ားသည် သတို့သမီးကို အနည်းငယ်မျှ ချစ်ခင်မြတ်နိုးခြင်းမရှိ၊ တပါးသောမိန်းမကို ချစ်ခင်မြတ်နိုးလျက်စိတ်အလိုသို့လိုက်၍သာနေ၏။

သတို့သမီးသည် မိမိအပေါ်မှာ မရှိမသေကျင့်သော လင်ယောကျ်ားကိုမရေတွက်ဘဲ အဂ္ဂသာဝကနှစ်ပါးတို့ကို ပင့်ဘိတ်ကာ အလှူပေး၍တရားနာသည်ရှိသော် သောတာပတ္တိဖိုလ်၌တည်လေ၏၊ ထိုအခါမှစ၍ မဂ်ဖိုလ်ချမ်းသာဖြင့်သာ အချိန်ကို ကုန်လွန်စေ၏၊ တနေ့သ၌ မိဘတို့ကို ခွင့်ပန်ကာ ရဟန်းပြု၍မကြာမီ အရဟတ္တဖိုလ်သို့ ရောက်လေ၏၊ ထိုသတို့သမီး၏အကြောင်းသည် သံဃာ့ဘောင်၌ ထင်ရှားလေ၏။

ထိုအခါ တနေ့သ၌ ရဟန်းတို့သည် တရားသဘင်ဝယ် "ငါ့ရှင်တို့....ဤအမည်ရှိသော သတို့သမီးသည် လင်အလိုမရှိသည်ကို ဂရုမစိုက်ဘဲ မိမိအကျိုးစီးပွားကို ရှာမှီးတတ်သည်"ဟု စကားစပ်မိ၍ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူသောအခါ ထိုအကြောင်းကို သိတော်မူလျှင် "ရဟန်းတို့....ဤသတို့သမီးကား ယခုအခါ၌သာလျှင် မိမိအကျိုးစီးပွားကို ရှာမှီးတတ်သည်မဟုတ်၊ ရှေးအခါ၌လည်း ရှာမှီးတတ်သည်သာတည်း"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**တဏှာနောက်လိုက် မင်းသားမိုက်**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် အရွယ်ရောက်လတ်သော် ရသေ့ရဟန်းပြုကာ အဘိညာဉ်,သမာပတ်တို့ကိုဖြစ်စေလျက် ဟိမဝန္တာအရပ်တွင် နေလေ၏။

ထိုအခါ ဗာရာဏသီ မင်းကြီးသည် မိမိ၏သားတော် ဗြဟ္မဒတ်မင်းသားကို အခြံအရံနှင့် ပြည့်စုံသည်ကိုမြင်လျှင် ထီးနန်းစည်းစိမ်ကို လုယူလိမ့်မည် ဟု ယုံမှားသံသယရှိသဖြင့် တိုင်းနိုင်ငံမှ နှင်ထုတ်လိုက်၏၊ ဗြဟ္မဒတ်မင်းသားသည် အသိတာဘူမည်သော မိမိမယား မင်းသမီးကို ယူဆောင်၍ ဟိမဝန္တာသို့ဝင်ပြီးလျှင် ငါး, အမဲ, သစ်သီးကြီးငယ်စသည်တို့ကို စားသောက်၍အသက်မွေးကာသစ်ရွက်မိုးစရပ်ဆောက်လုပ်လျက်နေလေ၏။

မင်းသားသည် ကိန္နရီမတကောင်ကိုမြင်လျှင် တပ်စွန်းသောစိတ်ရှိသည်ဖြစ်၍ မယားပြုမည် ဟု အသိတာဘူမင်းသမီးကို အနည်းငယ်မရေတွက်တော့ဘဲ ခြေရာခံကာ ကိန္နရီမ၏နောက်သို့လိုက်လေ၏။

အသိတာဘူမင်းသမီးမြင်လျှင် ဤမင်းသားကား ငါ့ကို မရေတွက်တော့ဘဲ ကိန္နရီမနောက်သို့လိုက်၏၊ ဤမင်းသားဖြင့်ငါ့အား ဘယ်အကျိုးရှိအံ့နည်း ဟု တပ်စွန်းခြင်းကင်းသောစိတ်ရှိသည်ဖြစ်၍ ရသေ့ထံကပ်၍ ကသိုဏ်းပရိကံပွားများနည်းကို ယူပြီးလျှင် ပွားများ အားထုတ်ကာ အဘိညာဉ်,သမာပတ်ကို ဖြစ်စေလျက် ရသေ့ကိုရှိခိုး၍ ပြန်လာကာ မိမိစရပ်တွင်နေလေ၏။

**ကိလေစ္ဆဲလှ ပူဆွေးရ**

ဗြဟ္မဒတ် မင်းသားလည်း တဖြည်းဖြည်း ပျောက်ကွယ်ကာ မလိုက်တတ်တော့ဘဲ ကိန္နရီမ၌ အာသာဖြတ်ကာ မိမိစရပ်သို့ရှေးရှုပြန်လာ၏၊အသိတာဘူမင်းသမီးမြင်လျှင် ကောင်းကင်သို့ပျံတက်၍ရပ်လျက်—



P 378. မင်းသားသည် မိမိကြင်ယာတော် မိဖုယားကို စွန့်ပစ်ခဲ့၍ ကိန္နရီမ နောက်သို့ လိုက်နေပုံ။

"အရှင့်သား.... သင်သည်ပင်လျှင် ငါ၏ရှာနံ ချမ်းသာကိုပြုလုပ်ပေးပေ၏၊သင့်အပေါ်၌တပ်စွန်း သော ငါ၏ကာမသည် ကင်းပျောက်လေပြီ၊ လွှဖြင့် ဖြတ်ထားသော ဆင်စွယ်ကဲ့သို့ သင့်အပေါ်၌ တပ် စွန်းကာ တဘန်စေ့စပ်ခြင်းမရှိတော့ပြီ"—

ဟုတရားဟောလေ၏၊ ဤသို့တရားဟောပြီးလျှင် မင်း သားမြင်စဉ်လျှင် ပုံ၍အရပ်တပါးသို့သွားလေ၏၊ဗြဟ္မဒတ် မင်းသားသည် အသိတာဘူမင်းသမီး သွားသောကာလ၌ ငိုကြွေးလျက်—

"ငါသည် အသိတာဘူမင်းသမီးမှ ဆုတ်ယုတ် သကဲ့သို့ ထိုထိုအာရုံသို့လိုက်ကာ အလွန်အလိုကြီး သောသူသည် တပ်စွန်းသောလောဘကြောင့်၎င်း, ထောင်လွှားသော မာနကြောင့်၎င်း မိမိအကျိုးစီး ပွားမှ ဆုတ်ယုတ်ရ၏"—

ဟု ငိုကြွေးမြည်တမ်း၍ တယောက်ထည်းတည်းသာ တော၌နေပြီးလျှင် အဘမင်းကြီးသေလွန်သောအခါ မင်း အဖြစ်ကိုရလေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ မင်းသားမင်းသမီးတို့သည်- ယခုအခါ လင်မယား။

※ ရသေ့သည်-ငါဘုရားဖြစ်လာပြီ—
ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ကာမဂုဏ်ဆိုး၊လိုက်သူမျိုး၊ကိုယ်ကျိုးဆုတ်ယုတ်ရာ။
(၂) မလိုက်သူမျိုး၊ကိုယ့်အကျိုး၊ရရိုးကေန်သာ။

အသိတာဘူဇာတ်ပြီး၏။

---

## ၂၃၅။ ဝစ္ဆနခဇာတ်

**ပဉ္စ၊ပြန်ဝဏ္ဏ၊**

**မိတ်ဆွေကျင့်ဝတ် မယွင်းချွတ်** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရောဇမလ္လာမင်းသည် ရှင်အာနန္ဒာလူဖြစ်စဉ်က အဆွေခင်ပွန်း ဖြစ်လေ၏။

တနေ့သ၌ ရောဇမလ္လာမင်းသည် ရှင်အာနန္ဒာကြွလာစိမ့်သောငှါ သတင်းစကား မှာကြားကာပင့်လျှောက်လိုက်၏၊ ရှင်အာနန္ဒာလည်း မြတ်စွာဘုရားထံပန်ကြား၍ သွားလေ၏၊ ရောဇမလ္လာမင်းသည် ရှင်အာနန္ဒာ ကြွလာလျှင် အထူးထူးသော ဘောဇဉ်ခဲဘွယ်တို့ကို လှူဒါန်းလျက်ဆွမ်းဘုဉ်းပေးစေပြီးလျှင် လောကွတ်ပျူငှါစကား ပြောကြား၍ ရှင်အာနန္ဒာအား“အရှင်ဘုရား····အကျွန်ုပ်မှာ သက်ရှိသက်မဲ့ ဥစ္စာရတနာများစွာရှိပါသည်၊ ထက်ဝက်ခွဲ၍ပေးပါမည်၊ လူထွက်ခဲ့ပါ၊ အိမ်၌ပျော်ပျော်ပါးပါး ကာမ

ဂုဏ်ခံစားကာနေကြမည်'' ဟု လူတို့၏စည်းစိမ်ဖြင့်၎င်း, ကာမဂုဏ်ငါးပါးဖြင့်၎င်း ဘိတ်လေ၏၊ ရှင်အာနန္ဒာလည်း ကာမဂုဏ်၏အပြစ်ကိုဟောပြီး လျှင်ကျောင်းသို့ပြန်လေ၏။

မြတ်စွာဘုရားသည် အာနန္ဒာအား ရောဇမလ္လာမင်း၏ အကြောင်းကို မေးတော်မူလျှင် ရှင်အာနန္ဒာသည်''အရှင်ဘုရား···· ရောဇမလ္လာမင်းသည် အိမ်ရာထောင်ခြင်းဖြင့် ဘိတ်မန်သည့်အတွက် ၎င်းအားအိမ်ရာထောင်ခြင်း၌၎င်း, ကာမဂုဏ်၌၎င်း အပြစ်ကိုဟောခဲ့ရကြောင်း'' လျှောက်ထားလေ၏၊ ထိုအခါမြတ်စွာဘုရားသည် ''အာနန္ဒာ···· ရောဇမလ္လာမင်းသည် ယခုအခါ၌သာ ရဟန်းတို့ကို အိမ်ရာထောင်ခြင်းဖြင့်ဘိတ်မန်သည်မဟုတ်ရှေးအခါ၌လည်းဘိတ်မန်ခဲ့ဘူးပြီ''ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု၊

**ကာမဂုဏ်တွက်ဘိတ်မန်ချက်**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် နိဂုံးရွာတခုတွင် ပုဏ္ဏားမျိုး၌ဖြစ်၍အမည်အားဖြင့် ဝဍ္ဎနခမည်၏၊ အရွယ်သို့ရောက်လတ်သော် ရသေ့ရဟန်းပြု၍ ဟိမဝန္တာအရပ်၌ ကြာမြင့်စွာနေလေ၏။

တနေ့သ၌ ချဉ်ဆားမှီဝဲရန် ဟိမဝန္တာအရပ်မှ သွားသည်ရှိသော် ဗာရာဏသီပြည်သို့ရောက်၍ မင်းဥယျာဉ်၌နေလျက် နက်ဖြန်မြို့တွင်းသို့ ဆွမ်းခံဝင်လေ၏၊ ထိုအခါ ဗာရာဏသီသူဌေးသည် ရသေ့၏ငြိမ်သက်သော ဣရိယာ

ပုဃ်ကိုမြင်၍ကြည်ညိုသဖြင့် အိမ်သို့ပင့်ကာ ဆွမ်းလုပ်ကျွေးပြီးလျှင် နေ့စဉ်အိမ်သို့ကြွကာ ဆွမ်းဘုဉ်းပေး၍ ဥယျာဉ်တော်၌သာနေရန် လျှောက်ထားလေ၏၊ ထိုအခါမှစ၍ ရသေ့နှင့် သူဌေးတို့သည် အချင်းချင်း ချစ်ကျွမ်းဝင်ကြကုန်၏။

တနေ့သ၌သူဌေးသည် ရသေ့ကြွလာသောအခါ အလွန်ချစ်ကျွမ်းဝင်သဖြင့် "ရဟန်းအဖြစ်မည်သည်ကား အလွန်ဆင်းရဲပြီပြင်၏၊ ငါ့အဆွေ ဝစ္ဆနခရသေ့အား လူထွက်စေ၍ စည်းစိမ်ဥစ္စာအလုံးစုံကို ထက်ဝက်ခွဲပေးပြီးလျှင် ငါတို့နှစ်ယောက်စည်းစိမ်ခံစားလျက် အညီအညွတ် အတူတကွနေမည်"ဟု ကြံစည်၍ နှလုံးသွင်းကာ ရသေ့ဆွမ်းဘုဉ်းပေးပြီးသောအခါ အနည်းငယ် လောကွတ်ပျူငှါစကားပြောဆို၍ ရသေ့အား—

"အရှင်ဝစ္ဆနခ.... ရဟန်းဘောင်က လူထွက်ပြီးလျှင် ရတနာ ၇ နစ်ပါး, စားဘွယ်သောက်ဘွယ်တို့နှင့် ပြည့်စုံသောအိမ်မှာ လို့ လမပြုဘဲစားကာ, သောက်ကာနေလှည့်ပါလော့၊ရတနာ ၇ နစ်ပါးစားဘွယ်သောက်ဘွယ်နှင့် ပြည့်စုံသောအိမ်မှာ နေရခြင်းကား အလွန်ချမ်းသာလှ၏"—

ဟု အိမ်ရာထောင်ခြင်းဖြင့် ဘိတ်မန်လေ၏။

**အိမ်ထောင်ပြစ်မြ ဆိုဆုံးမ**

ရသေ့သည် ဗာရာဏသီသူဌေး၏စကားကိုကြားလျှင် "သူဌေးကြီး....သင်ကား မသိ၍ ကာမဂုဏ်၌ မက်မောသည့်အဖြစ်ကြောင့် အိမ်၌နေရခြင်း ကျေးဇူးကိုပြောဆိုဘိသည်၊

သင့်အားငါသည် အိမ်၌နေရခြင်း၏ကျေးဇူးမဲ့ကို ပြောဆိုမည် နားထောင်လော့”ဟု တိုက်တွန်းကာ—

“သူဌေးကြီး.... အမှုကိစ္စတို့၌ အမြဲမပြတ်လုံ့လမပြုသူ၏အိမ်ကား မတည်တံ့နိုင်၊ ပစ္စည်းဥစ္စာအတွက်မုသားမဆိုသောသူ၏အိမ်ကား မတည်တံ့နိုင်၊ သူတပါးတို့အား နှိပ်စက်ညှဉ်းဆဲခြင်းကို မပြုသူ၏အိမ်ကား မတည်တံ့နိုင်၊ ဤသို့အပေါက်ရှိ၍ ဖြစ်နိုင်ခဲသော သဘောရှိသောအိမ်ကို အဘယ်သူအုပ်စိုး၍ နေလိုမည်နည်း”—

ဟု သူဌေးကြီးအား အိမ်၌နေရခြင်း၏ ကျေးဇူးမဲ့ကို ပြောဆိုပြီးလျှင် ဥယျာဉ်သို့သွားလေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ဗာရာဏသီသူဌေးသည် - ရောဇမည်သောမလ္လာမင်း။

※ ဝဍ္ဍနခရသေ့သည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) လုံ့လမဲ့စွာ၊ ပျင်းသူမှာ၊ အိမ်ရာမတည်နိုင်။

(၂) မုသားကိုကြည်၊ သစ္စာယှဉ်၊ အိမ်ပင်မတည်နိုင်။

(၃) နှိပ်,ညှဉ်းမမူ၊ ပျော့နေသူ၊ အိမ်မူမတည်နိုင်။

ဝဍ္ဍနခဇာတ်ပြီး၏။

## ၂၃၆။ ဗကဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

အံ့ဘွယ်ပြုခြား ရဟန်းတပါး

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းတပါးသည် အံ့ဘွယ်သရဲကို ပြုလုပ်ကာနေလေ၏။

ရဟန်းတို့သည် ထိုရဟန်းကို မြတ်စွာဘုရားထံသို့ဆောင်ယူ၍လာကြရာ ထိုအကြောင်းကို မြတ်စွာဘုရားသိတော်မူလျှင် "ရဟန်းတို့.... ဤရဟန်းသည် ယခုအခါ၌သာ အံ့ဘွယ်သရဲကို ပြုလုပ်တတ်သည်မဟုတ်၊ ရှေးအခါ၌လည်းအံ့ဘွယ်သရဲကို ပြုလုပ်ခဲ့သည်သာတည်း"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

သူတော်ကောင်းယောင် ဗျိုင်းဟန်ဆောင်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ဟိမဝန္တာအရပ် အိုင်ကြီးတခုဝယ် ငါးမင်းဖြစ်၍များစွာသော အခြံအရံဖြင့်နေ၏။

ထိုအခါ ဗျိုင်းတကောင်သည် ငါးတို့ကိုစားမည်ဟု ကြံစည်လျက် အိုင်ကြီး၏ကမ်းစပ်၌ ဦးခေါင်းကိုငုံ့ကာ အတောင်တို့ကိုဖြန့်၍ အလွန်နူးညံ့သိမ်မွေ့သည့် အဟန်ကို ဆောင်လျက်ငါးတို့ကိုကြည့်ရှုပြီးလျှင် ငါးတို့အမေ့ကိုစောင့်ဆိုင်းကာနေလေ၏။

**ငါးမင်းပြောမှ ရိပ်မိကြ**

ငါးမင်းသည် ငါးအပေါင်း ခြံရံကာ လှည့်လည်လျက် အစာ ရှာဖွေကျက်စားလတ်သော် ထိုဗျိုင်းနေရာအရပ်သို့ ရောက်လေ၏၊ ငါးတို့သည် ဗျိုင်းကိုမြင်လျှင်—

"အချင်းတို့.... ကြာဖြူအဆင်းနှင့် တူသော အတောင်ရှိသော ဤငှက်ကား ငြိမ်းချမ်းသော အတောင်တို့ဖြင့် ကောင်းလေစွတကား၊ နူးညံ့သိမ်မွေ့သောအဟန်ဖြင့် မှိုင်လျက်နေဘိ၏"—

ဟု ချီးကျူးကြကုန်၏၊ထိုအခါ ငါးမင်းသည် ဗျိုင်းကို ကြည့်ရှုပြီးလျှင်—

"အချင်းတို့....သင်တို့ကား ထိုဗျိုင်း၏ အကျင့် သီလကိုမသိကုန်ဘဲလျက် ချီးမွမ်းကြ၏၊ ထိုဗျိုင်းကား ငါတို့ကို စောင့်ရှောက်နေသည် မဟုတ်၊ ထို့ကြောင့် ငြိမ်ငြိမ်သက်သက်နေဘိ၏"—

ဟု ဆိုသည်ရှိသော် ငါးအပေါင်းတို့သည် ရေကိုချောက်ချားစေပြီးလျှင် ပြေးကြကုန်၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ဗျိုင်းသည်-ယခုအခါ အံ့ဘွယ်သရဲကိုပြုလုပ်သောရဟန်း။

※ ငါးမင်းသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကောက်ကျစ်စဉ်းလဲ၊ လိမ်ဘို့နဲ၊ အမြဲအံ့ဘွယ်ပြု။
(၂) ငါးတွေကိုချိန်၊ ဥဗျိုင်းလိမ်၊ ငြိမ်ဟန်စောင့်ဟန်ပြု။

ဗကဇာတ်ပြီး၏။

---

## ၂၃၇။ သာကေတဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**ပေါင်းသင်နေရေး အချစ်ဆေး** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် သာကေတ ပုဏ္ဏားကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

[ဤဇာတ်၌ ပစ္စုပ္ပန်ဝတ္ထုံ၊ အတိတ်ဝတ္ထုတို့ကို ဧကကနိပါတ်၌ ပြဆိုခဲ့ပြီ။]

အတိတ်ဝတ္ထု

**ချစ်ကြည်ညိုရေး အကြောင်းမေး** အထူးအားဖြင့် မြတ်စွာ ဘုရားသည် ဘုရားဖြစ်တော်မူ၍ ကျောင်းဦးသို့ ကြွတော်မူသောအခါ ရဟန်း တို့သည် မြတ်စွာဘုရားကို—

"အရှင်ဘုရား····လောကမှာ အချို့ပုဂ္ဂိုလ်တို့ ၌မြင်ကာမျှဖြင့်သာလျှင် စိတ်နှလုံးသည် အလွန် ငြိမ်းချမ်း၏၊ အလွန်ကြည်ညို၏၊ ထိုသို့ဖြစ်ရခြင်း မှာ အကြောင်းအဘယ်သို့ရှိပါသနည်း"—

ဟု ချစ်ခင် ကြည်ညိုခြင်း၏ အကြောင်းကို မေးမြန်း လျှောက်ထားကြကုန်၏။

ကြောင်းနှစ်ခုပေ ဘုရားဖြေ

ထိုအခါ မြတ်စွာဘုရားသည် ရဟန်း တို့အား—

"ရဟန်းတို့....ကြာပန်းသည်ငှင်း, အခြားပန်း သည်ငှင်း,ရေထဲ၌ဖြစ်လတ်သော် ရေ,ညွန်ဟူသော နှစ်ပါးသောအကြောင်းကိုမှီ၍ ဖြစ်ရသကဲ့သို့ ထို့ အတူ ချစ်ခြင်းဖြစ်သည်ရှိသော် ရှေးဘဝ၌ အတူ တကွနေဘူးခြင်း,ယခုဘဝ၌ အကျိုးစီးပွားဆောင် ရွက်ခြင်း၊ ဤအကြောင်း နှစ်ပါးကိုမှီ၍ ချစ်ခင် ကြည်ညိုခြင်းဖြစ်ရ၏"—

ဟု ချစ်ခင် ကြည်ညိုခြင်း၏ အကြောင်း နှစ်ပါးကို ဖြေကြားတော်မူ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ပုဏ္ဏား, ပုဏ္ဏေးမတို့သည်- ယခုအခါ ပုဏ္ဏား,ပုဏ္ဏေးမ။

※ သားသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ရှေးရှေးဘဝ၊ နေဘူးက၊ မုချချစ်ကြည်မြဲ၊
(၂) ယခုဘဝ၊ ကျိုးဆောင်က၊ မုချချစ်ကြည်မြဲ။
(၃) ချစ်ကြည်ညိုရာ၊ ကြောင်းနှစ်ဖြာ၊ မှတ်ပါနှလုံးစွဲ။

သာကေတဇာတ်ပြီး၏။

# ၂၃၈။ ကောပဒဇာတ်

## ပန္နရပ်ပနိ၀ဋ္ဌ၊

စီးပွားကိုမေး သူငယ်ကလေး

နတ်လူတို့ ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်ဝယ် သူကြွယ်တယောက်ရှိလေ၏။

ထိုသူကြွယ်အား တနေ့သ၌ရင်ခွင်၌နေသော သားငယ်သည် အကျိုးစီးပွား ဖြစ်ခြင်းအကြောင်းတရားကိုမှီသော ပြဿနာကိုမေးလေ၏၊ မေးသောပြဿနာကားဘုရားတို့အရာသာဖြစ်သည်၊တပါးသောသူဖြေဆိုခြင်းငှါမစွမ်းနိုင်လတံ့ဟုနှလုံးသွင်းကာ သားငယ်ကိုခေါ်၍ ဇေတဝန် ကျောင်းတော်သို့သွားလျက် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် "အရှင်ဘုရား.... ဤသူငယ်သည် အကျွန်ုပ်၏ ရင်ခွင်၌နေလျက် အကျိုးစီးပွား ဖြစ်ခြင်းအကြောင်းကို မှီသော ပြဿနာကို မေးပါ၏၊ ထိုပြဿနာကိုမသိ၍ အရှင်ဘုရားထံလာပါ၏၊ ဖြေတော်မူပါ" ဟုလျှောက်ထားလေ၏။

မြတ်စွာဘုရားသည် "ဒါယကာ....ဤသူငယ်ကားယခုအခါ၌သာလျှင်အကျိုးစီးပွားကိုရှာသည်မဟုတ်၊ရှေးအခါ၌လည်း အကျိုးစီးပွားကိုရှာသည်ဖြစ်၍ပညာရှိတို့ကိုမေးဘူး၏၊ ပညာရှိတို့သည် ထိုသူငယ်အား ဖြေဆိုဘူးကုန်၏၊ သို့သော်လည်း ဘဝဖုံးလွှမ်းအပ်သည်၏အဖြစ်ကြောင့် မမှတ်မိလေ" ဟုမိန့်တော်မူပြီးလျှင် အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

စီးပွားရေးအခြေ
လုံ့လပေ

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် သူဌေးမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် အဘလွန်သဖြင့် သူဌေးအရာကိုရလေ၏။

ထိုအခါ သူဌေးအား နှမျိုသောသားငယ်သည် ရင်ခွင်၌နေ၍—

"ဘခင်.... အကျွန်ုပ်တို့သည် အကျိုးစီးပွား များကြောင်းဖြစ်သောပုဒ်တခုဖြင့် (စကားတလုံးဖြင့်)အကျိုးစီးပွားများအောင်ပြုပါကုန်အံ့၊ သို့အတွက် အကျိုးစီးပွားများကြောင်းဖြစ်၍ အကျိုးစီးပွားအလုံးစုံကို သိမ်းကျုံးမိသော ပုဒ်တခုကား (စကားတလုံးကား)အဘယ်နည်း-ဖြေကြားပါ"-

ဟုမေးလေ၏၊ထိုအခါသူငယ်၏အဘသည်—

"ချစ်သား.... အကျိုးစီးပွား များကြောင်းဖြစ်၍ အကျိုးစီးပွားအလုံးစုံကို သိမ်းကျုံးမိသော ပုဒ်တခုကား(စကားတလုံးကား)ဝီရိယဖြစ်၏၊အကျိုးစီးပွားများစေခြင်း၌ လိမ်မာသောသူ၏ ထိုဝီရိယကား- အကျင့်သီလနှင့်ရင်း, သည်းခံခြင်းနှင့်ရင်း ပြည့်စုံလတ်သော် အဆွေခင်ပွန်းတို့ကို ချမ်းသာစေရန်ရင်း, ရန်သူတို့ကိုဆင်းရဲစေရန်ရင်း-စွမ်းနိုင်ပေ၏"—

ဟုဖြေကြားလေ၏၊ သူငယ်သည်လည်း အဘသူဌေး ဖြေကြားအပ်သော နည်းဖြင့်သာလျှင် မိမိအကျိုးစီးပွား

ကိုပြီးစေလျက်အသက်၏အဆုံး၌ ကံအားလျော်စွာ လား လေ၏။

ဤဒေသနာတော်ကိုဟောတော်မူပြီး၍ သစ္စာကိုပြသည့် အဆုံး၌ သူကြွယ်သားအဘနှစ်ယောက်တို့သည် သောတာပတ္တိဖိုလ်၌တည်ကုန်၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ဒါယကာ....

※ ထိုအခါသားငယ်သည်-ယခုအခါသားငယ်။

※ ဗာရာဏသီသူဌေးသည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ပုဒ်တခုမှာ၊ ကျိုးများစွာ သိမ်းပါဝိရိယ။

(၂) ပညာနှင့်ယှဉ်၊ သည်းခံယှဉ်၊ ယှဉ်ပါကျင့်သီလ၊

(၃) မိတ်ဆွေချမ်းသာ၊ ရန်သူမှာ၊ ပြုရာဆင်းရဲပ။

ကေပဒဇာတ်ပြီး၏။

---

## ၂၃၉။ ဟရိတမဏ္ဍူကဇာတ်

**ပစ္စုပ္ပန်ဝတ္ထု**

**သမီးတွက်တာ ပေးသည့်ရွာ** နတ် လူတို့ဆရာ ဖြစ်တော် မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်း သုံးတော်မူစဉ် ကောသလ မင်း၏ အဘဖြစ်သော မဟာကောသလမင်းသည် ဝေဒေဟီ

မည်သော သမီးတော်ကို ဗိမ္ဗိသာရမင်းကြီးအားပေးအပ် သည်ရှိသော် ကသယ်မှုန့်ဘိုးအလို့ငှါ ကာသိကရွာငယ်ကို ပေးလိုက်၏။

ထိုဝေဒေဟီမိဖုရားသည် နောက်အခါ၌ အဇာတသတ် မင်းသည် အဘကိုသတ်သည်ရှိသော် မင်းကြီး၌ချစ်ခင်ခြင်း ကြောင့် စိုးရိမ်ပူဆွေးကာ မကြာမြင့်မီပင် သေလွန်လေ၏၊ ထိုအခါ အဇာတသတ်မင်းသည် အမိအား ပေးလိုက် သော ကာသိကရွာငယ်ကို စားမြဲစားကာ အုပ်ချုပ်၍ နေ၏။

**နိုင်မြို့-ရှုံးမှိုင် စိတ်မနိုင်**

ကောသလမင်းကြီးသည် "အဘကို သတ်သော သူခိုးမင်းအား ငါ၏ဥစ္စာ ဖြစ်သော ကာသိကရွာငယ်ကို မပေး တော့အံ့"ဟု အဇာတသတ်မင်းနှင့်တကွ စစ်ထိုးလေ၏၊ ထိုသို့တူဝရီးတို့စစ်ထိုးကြရာ ရံခါ ကောသလမင်းက နိုင်၏၊ ရံခါ အဇာတသတ်မင်းကနိုင်၏၊ အဇာတသတ်မင်းသည် နိုင်သောအခါ ရထားကို တံခွန်စိုက်၍ အခြံအရံများစွာ ဖြင့် မြို့သို့ဝင်၏၊ ရှုံးသောအခါ နှလုံးမသာသည်ဖြစ်၍ တစုံတယောက်ကိုမျှမသိစေဘဲ မြို့သို့ဝင်၏။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ အဇာတသတ်မင်းကား ဦးရီးနှင့်စစ်ထိုးကြရာ နိုင်သော အခါ နှစ်သက်ဝမ်းသာ၍ ရှုံးသောအခါ နှလုံးမသာဖြစ် သည်၊ စကားစပ်မိ၍ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွ လာတော်မူ၍ ထိုအကြောင်းကိုသိတော်မူလျှင်"ရဟန်းတို့ ဤအဇာတသတ်မင်းကား-ယခုအခါ၌သာလျှင် နိုင်၍နှစ် သက်ဝမ်းသာခြင်း, ရှုံး၍ နှလုံးမသာခြင်းဖြစ်သည်မဟုတ်၊

ရှေးအခါ၌လည်း ဖြစ်ခဲ့သည်သာ”ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**ဝိုင်နက်ကျူးမြွေ ကိုက်ခဲလေ**

လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ဖါးညိုမျိုး၌ဖြစ်လေ၏၊ထိုအခါလူတို့သည် ငါးဖမ်းအံ့သောငှါ မြစ်ချောင်းစသည်တို့၌ မြုံးတို့ကို ထောင်ကုန်၏၊ မြုံးတခုတွင် ငါးတို့သည် ဝင်ကြကုန်၏။

ရေမြွေတကောင်သည် ငါးတို့ကိုစားလိုသဖြင့် ငါးတို့ဝင်သော မြုံးသို့ဝင်လေ၏၊ ငါးတို့သည် တပေါင်းတည်း ညီညွတ်ကြကုန်လျက် ရေမြွေကို ဝိုင်းအုံကာ တကိုယ်လုံး သွေးခြင်းခြင်းနီအောင်ကိုက်ခဲကြကုန်၏၊ ထိုအခါ ရေမြွေသည် ကိုးကွယ်ရာမမြင်သဖြင့် သေဘေးမှ ကြောက်ရွံ့သည့်အတွက် မြုံးပေါက်မှထွက်၍ ကြီးစွာသော ဆင်းရဲဝေဒနာသို့ရောက်ကာ ရေစပ်၌အိပ်လေ၏။

**မြွေကိုဖါးက ဆိုဆုံးမ**

ထိုခဏ၌ ဘားညိုသည် ခုန်၍မြုံးထိပ်သို့ တက်ကာဝပ်၏၊ ရေမြွေလည်း အဆုံးအဖြတ်ပေးမည့်သူကို မရဘဲ ရှိနေရာ မြုံးထိပ်၌ဝပ်သောဘားညိုကိုမြင်လျှင်---

“အဆွေဘားညို....မြုံးဝသို့ဝင်သော ငါရေမြွေအား ငါးအပေါင်းတို့ဝိုင်း၍ ကိုက်ခဲကြခြင်းကို အသင်နှစ်သက်ပါသလော”—

ဟု မိမိ၏ အဖြစ်အပျက်ကို ပြောဆိုကာ မေးမြန်းလေ၏၊ ထိုအခါ ဘားညိုသည် ရေမြွေကို “အချင်းရေမြွေ....

ငါနှစ်သက်သည်၊ အဘယ့်ကြောင့်နည်း၊ သင်သည် သင့်နေရာလာသော ငါးတို့ကိုစားသည်၊ ငါးတို့လည်း သူတို့နေရာလာသော သင့်ကိုကိုက်ခဲကြသည်၊ မိမိနေရာအရပ်၌ အားမရှိသောသူမည်သည်မရှိ၊ထို့ကြောင့် ငါနှစ်သက်သည် ဟု အဆုံးအဖြတ်ပေးပြီးလျှင် တဖန် အကြောင်းပြ၍ ဆုံးဖြတ်လိုသဖြင့်—

"အချင်းရေမြွေ····ဓလောက၌ တစုံတယောက်သောသူသည် မိမိအစိုးရသောအခါ အစိုးရနေသမျှကာလပတ်လုံး သူတပါးတို့ကို လုယက်ဖျက်ဆီးမြဲဖြစ်၏၊ တဖန် သူတပါးတို့ အစိုးရပြန်သောအခါလည်း အစိုးရနေသမျှ ကာလပတ်လုံး ထိုသူကို လုယက်ဖျက်ဆီးကြမြဲဖြစ်၏၊သို့အတွက်ဖျက်ဆီးတတ်သူမှာတဖန်ပျက်စီးခြင်းသို့ရောက်ရမြဲဖြစ်၏"-

ဟုအဆုံးအဖြတ်ပေးသည်ရှိသော်"ရေမြွေ၏အားနည်းသည်၏အဖြစ်ကို သိကြကုန်သောကြောင့် ရန်သူကို ဖမ်းကြမည်"ဟု ငါးတို့သည် မြှုံးမှထွက်ကြလျက် ဝိုင်းအုံ၍ ကိုက်ခဲကြပြန်ရာ ရေမြွေသည် ထိုအရပ်မှာပင် အသက်ကုန်ခြင်းသို့ရောက်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါရေမြွေသည်-ယခုအခါအဇာတသတ်မင်း။

※ ဘားညိုသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကိုယ်ကအုပ်စိုး၊သူ့ဖျက်မျိုး၊သူစိုးကိုယ့်ဖျက်မည်။
(၂) သူ့ကိုကိုယ်ဖျက်၊ ကိုယ်လည်းပျက်၊ လက်ငင်းတွေ့တတ်သည်။
(၃) မိမိနေရာ၊အရပ်မှာ၊လွန်စွာအားရှိသည်။

ဟရိတမဏ္ဍူကဇာတ်ပြီး၏။

---

## ၂၄၀။ မဟာပိင်္ဂလဇာတ်

ပစ္စုပ္ပန်ဝတ္ထု၊

ရန်သူသေပျက်
ဝမ်းမြောက်ချက်

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဒေဝဒတ်သည် မြတ်စွာဘုရားကို ရန်ငြိုးဖွဲ့ကာ ကိုးလလွန်သဖြင့်ဇေတဝန်ကျောင်းတော်တံခါးမုခ်ဦး၌မြေမျိုလေ၏။

ထိုအခါ ဇေတဝန်ကျောင်းတော်၌ နေကုန်သောသူတို့သည်၎င်း, တိုင်းပြည်အလုံး၌ နေကုန်သောသူတို့သည်၎င်း, မြတ်စွာဘုရား၏ ရန်ဆူးရန်ငြောင့် ဖြစ်သော ဒေဝဒတ်မြေမျို၍ ယခုအခါမြတ်စွာဘုရားအား ရန်ဆူးရန်ငြောင့်မရှိတော့ပြီ''ဟု နှစ်သက်ဝမ်းမြောက်ကြကုန်၏၊ လူတို့ထံမှ သတင်းစကား အဆင့်ဆင့်ကြားကုန်သော ဇမ္ဗူဒိပ်ကျွန်း၌ နေကုန်သော နတ်တို့သည်လည်း နှစ်သက်ဝမ်းမြောက်ကြကုန်၏။

တနေ့သ၌ ရဟန်းတို့သည်တရားသဘင်၌ ဒေဝဒတ်သေ၍ လူအပေါင်းနှစ်သက် ဝမ်းမြောက်ကြောင်းကို စကား

စပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ ထိုအကြောင်းကို သိတော်မူလျှင် ''ရဟန်းတို့....ယခုအခါ ၌သာ ဒေဝဒတ်သေသည်ရှိသော် လူအများ နှစ်သက်ဝမ်း မြောက်ကြသည်မဟုတ်၊ ရှေးအခါ၌လည်း နှစ်သက်ဝမ်း မြောက်ကြဘူးပြီ''ဟု မိန့်တော်မူကာ အောက်ပါအတိတ် ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**မင်းဆိုးလက်ထက် လွန်နှိပ်စက်**

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် မဟာပိင်္ဂလမည်သော မင်း သည် မင်းပြုလေ၏၊ ထိုမင်းသည် မင်းကျင့်တရားဆယ်ပါးနှင့် မညီညွတ်လေ၊ ဆန္ဒာဂတိ စသော အဂတိလေးပါးသို့ လိုက်စားလေ့ရှိ၏၊ မတရား သဖြင့် အပြစ်ဒဏ်ပေးခြင်း, မတရားသဖြင့် အခွန်အတုတ် ကို ကောက်ခံခြင်း စသည်တို့ကိုပြုကာ မန္တရားစက်ဖြင့် ကြံကိုညှစ်သကဲ့သို့ လူတို့ကို နှိပ်စက်ညှဉ်းပန်း၏၊ ရုန့်ရင်း ကြမ်းကြုတ်၏၊ နိုင်ထက်ကလူပြုမူတတ်၏၊ အနည်းငယ်မျှ ကြင်နာသနားခြင်းမရှိ။

အိမ်၌နေသော မယား, သား, သမီး, ကျေးကျွန်အမှု လုပ်တို့သည်၎င်း၊ တိုင်းပြည်၌နေကုန်သော သူဌေး, သူ ကြွယ်,အမတ်,ပုဏ္ဏားစသော သူတို့သည်၎င်း မချစ်မနှစ် သက်ကြကုန်၊ မျက်စိထဲသို့ဝင်သော မြူအမှိုက်ကဲ့သို့ ၎င်း, ထမင်းတွင်ပါသော ကျောက်စရစ်ခဲကဲ့သို့၎င်း,ခြေဖနောင့် တွင် စူးဝင်သော ဆူးငြောင့်ကဲ့သို့၎င်း ထိုမင်းကြီးအပေါ် ၌ မှတ်ထင်အောက်မေ့ကြကုန်၏၊ ဘုရားအလောင်းသည် ထိုမင်း၏သားတော်ဖြစ်လေ၏။

**မင်းဆိုးသေပြန် အောင်ပွဲခံ**

ထိုမဟာပိင်္ဂလ မင်းသည် အခါလေးမြင့် မင်းပြုပြီးသော် သေလွန်ခဲ့၏၊ ထိုအခါ ဗာရာဏသီပြည်၌ နေကုန်သော သူတို့သည် အလွန်နှစ်သက် ဝမ်းမြောက်ကြကုန်သည် ဖြစ်၍ သည်းထန်စွာရယ်မောကုန်၏၊ ထိုမဟာပိင်္ဂလမင်း၏ အလောင်းကို လှည်းအစီးတထောင်တိုက်မျှသော ထင်းတို့ဖြင့် မီးသင်္ဂြိုဟ်ပြီးလျှင် ရေအိုးတထောင်မျှတို့ဖြင့် သင်းချိုင်းမီးကိုငြိမ်းသတ်ကြကုန်၏။

သင်္ဂြိုဟ်ခြင်းကိစ္စပြီးလျှင် သားတော်ကို အဘိသိက်သွန်းကာ မင်းမြှောက်ကြကုန်၏၊ "ငါတို့မှာ တရားစောင့်သော မင်းကောင်း မင်းမြတ်ကိုရပေပြီ" ဟု နှစ်သက်ရွှင်လန်းကုန်သည်ဖြစ်၍တမြို့လုံးစည်လည်စေပြီးလျှင် မြို့ကိုတန်ဆာဆင်ကာ အောင်ပွဲခံစေကုန်၏၊တံခါးတိုင်း,တံခါးတိုင်းတို့၌ မဏ္ဍပ်ဆောက်လုပ်ကာ တံခွန်ကုက္ကားတို့ကို စိုက်ထောင်ကြကုန်လျက် ပန်းပေါက်ပေါက်တို့ကို ကြဲကုန်၏၊ထမင်း, အဖျော်,မုံ့ ခဲဘွယ်တို့ကို ကျွေးမွေးစားသောက် ကြကုန်၏။

မင်းကြီးလည်း တနန်းတော်လုံး တန်ဆာဆင်လျက်ထီးဖြူဖြန့်မိုးအပ်သော မြတ်သောရာဇပလ္လင်ပေါ်တွင် နေလျက် မင်းစည်းစိမ်ကိုခံစားကာနေ၏၊ အမတ်,ပုဏ္ဏား, သူဌေး, သူကြွယ်, မင်းချင်းယောကျာ်း, တံခါးစောင့်မှစ၍ တိုင်းသူပြည်သားတို့လည်း မင်းကြီးကိုခြံရံကာတည်နေကြကုန်၏။

**ပြန်လာမည်ကြောက် တံခါးစောင့်**

ထိုအခါ မင်းကြီး၏ မနီးမဝေးတွင် တည်ရှိသော တံခါးစောင့် တယောက်သည် သက်ပြင်းချကာ ငိုကြွေးလေ၏၊ မင်းကြီးသည်ထိုတံခါးစောင့်ငိုသံကိုကြားလျှင်ခေါ်စေ၍—

"အို-တံခါးစောင့်....ပိင်္ဂလမင်းကား အလုံးစုံ သောလူတို့ကို နှိပ်စက်ညှဉ်းဆဲအပ်၏၊ ပိင်္ဂလမင်း သေလွန်သည်ရှိသော် အလုံးစုံသောလူတို့သည် နှစ် သက် ဝမ်းမြောက်ခြင်း အရသာကို ခံစားကြရ၏၊ သင်ကား ပိင်္ဂလမင်းကို ချစ်ခင်သလော အဘယ့် ကြောင့်ငိုကြွေးဘိသနည်း"—

ဟု မေးလေ၏၊ တံခါးစောင့်သည် မင်းကြီး၏စကား ကိုကြားလျှင်—

"အရှင်မင်းကြီး.... အကျွန်ုပ်သည် ပိင်္ဂလမင်း ကိုချစ်ခင်၍ ငိုကြွေးသည်မဟုတ်ပါ၊ ထိုပိင်္ဂလမင်း ကား ပြာသာဒ်မှဆင်းတိုင်း,တက်တိုင်း အကျွန်ုပ်၏ ဦးခေါင်းကို ရှစ်ချက်,ရှစ်ချက် ရိုက်နှက်၍သွားလေ့ရှိ ပါ၏၊ယခုအခါအကျွန်ုပ်၏ဦးခေါင်းချမ်းသာပေပြီ၊ စင်စစ်သော်ကား တမလွန်ဘဝဝယ် ငရဲထိန်းတို့ ကို သတ်ပုတ်ညှဉ်းဆဲသည်ရှိသော် ငရဲထိန်းတို့က ဤအရပ်သို့ပြန်ပို့သဖြင့် တဖန်ပြန်ရောက်လာမည် ကို ကြောက်ရွံ့သဖြင့် ငိုကြွေးပါ၏"—

ဟု လျှောက်ထားလေ၏။

**မင်းကြီးပြောပြ သက်သာရ**

ထိုအခါ မင်းကြီးသည် တံခါးစောင့် အား—

"အို-တံခါးစောင့်....ပိင်္ဂလမင်းကို လှည်းအ စီးတထောင်မျှလောက်သောထင်းဖြင့်မီးတိုက်အပ် ပြီ၊မီးကို ရေအိုးတရာမျှလောက်ဖြင့် ငြိမ်းသတ်အပ် ပြီ၊ သင်းချိုင်းမြေကိုလည်း တူးဆွအပ်ပြီ၊ သင်မ

ကြောက်လင့်၊ ပိင်္ဂလမင်းမလာနိုင်တော့ပေ၊ ပက
တိအားဖြင့်လည်း သေသောသူသည် ပြန်လာရိုး
မရှိ’’—

ဟု ပြောဆိုကာ တံခါးစောင့်ကို သက်သာရာရစေ၏၊ မင်းကြီးလည်းတရားသဖြင့်မင်းပြုလျက်ဒါန,သီလ,ဘာဝ-နာစသော ကုသိုလ်ကောင်းမှုတို့ကို ပြုစုအားထုတ်ကာ သေလွန်သည်၏အခြားမဲ့၌ ကံအားလျော်စွာလားလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကိုအနုသန္ဓေ ဆက်စပ်တော်မူလျက်-

ရဟန်းတို့....

※ ထိုအခါ ပိင်္ဂလမင်းသည်- ယခုအခါဒေဝဒတ်။
※ ပိင်္ဂလမင်း၏သားသည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) တရားလွှတ်ကင်း၊ ယုတ်သည့်မင်း၊ ညှဉ်းပန်းလူတွေ။
(၂) မင်းယုတ်သေရာ၊ လူများစွာ၊ ဝမ်းသာနှစ်သက်လေ။
(၃) ပြန်လာလိမ့်နိုး၊ တံခါးစိုး၊ နွမ်းညှိုးငိုကြွေးပေ။

မဟာပိင်္ဂလဇာတ်ပြီး၏။

---

## ၂၄၁။ သဗ္ဗဒါဌိဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ဘုရားရန်ပြုလာဘ်ကွယ်မှု

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဒေဝဒတ်သည် အ

ဇာတသတ်မင်းကိုကြည်ညိုစေ၍ ဖြစ်စေအပ်သော လာဘ သက္ကာရကိုကြာမြင့်စွာ မတည်တံ့စေနိုင်၊ နာဠာဂိရိဆင် ကိုလွှတ်၍ ဘုရားကိုသတ်စေရာ၌ မြတ်စွာဘုရား၏ တန်ခိုး ပြာဋိဟာကိုမြင်သောအခါမှစ၍ ဒေဝဒတ်အား လာဘ သက္ကာရသည်ကွယ်ပျောက်လေ၏။

တနေ့သ၌ရဟန်းတို့သည် တရားသဘင်ဝယ် ဒေဝဒတ်၏ လာဘသက္ကာရ ကွယ်ပျောက်သောအကြောင်းကို စကား စပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ ထိုအကြောင်းကိုသိတော်မူလျှင် ''ရဟန်းတို့.... ဒေဝဒတ် သည် ယခုအခါ၌သာလျှင် မိမိ၏ဖြစ်လာသော လာဘ သက္ကာရကို ကွယ်ပျောက်စေသည်မဟုတ်၊ ရှေးအခါ၌ လည်းကွယ်ပျောက်စေခဲ့ဘူးပြီ''ဟုမိန့်တော်မူကာ အောက် ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု၊

**မန္တန်တတ်မြောက် ပုဏ္ဏားတယောက်**

လွန်လေပြီးသောအခါဗာရာဏသီပြည် ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည်ထိုဗြဟ္မဒတ်မင်း ၏ပုရောဟိတ်ပုဏ္ဏားဖြစ်၍ဗေဒင်သုံးပုံတို့၌၎င်း,တဆယ့်ရှစ် ပါးသော အတတ်တို့၌၎င်း တဘက်ကမ်းရောက် တတ် မြောက်လေ၏၊ အထူးအားဖြင့် *ပထဝီဇယ မန္တရားကို တတ်မြောက်လေ၏။

---

* ပထဝီဇယမန္တရား– ရွတ်ဆိုကာမျှဖြင့် မြေအပြင်၌ ရန်အ ပေါင်းကို အောင်မြင်စေနိုင်သော မန္တရားဖြစ်သည်။

တနေ့သ၌ ပုရောဟိတ်သည် ထိုပထဝီဇယမန္တရားကို သရဇ္ဈာယ်ရန် ဆိတ်ငြိမ်ရာ အရပ်တခုသို့ သွားကာ ကျောက်ဖျာတခုတွင်နေ၍ သရဇ္ဈာယ်လေ၏၊ [ထိုမန္တရားကို ဆိတ်ငြိမ်ရာအရပ်၌ သရဇ္ဈာယ်ရခြင်းမှာ စိတ်တည်ကြည်ခြင်းမရှိသူတို့ မကြားကောင်းသောကြောင့်ဖြစ်သည်။]

**မန္တန်ရွတ်စဉ် မြေခွေးသင်**

ပုရောဟိတ် သရဇ္ဈာယ်နေစဉ် မြေခွေးတကောင်သည် တွင်းတခုတွင်ဝပ်လျက် နားထောင်ကာသင်ယူလေ၏။ [ထိုမြေခွေးသည် အခြားမဲ့လွန်ခဲ့သောဘဝ၌ ပထဝီဇယမန္တရားကို တတ်မြောက် လေ့လာသော ပုဏ္ဏားဖြစ်ခဲ့ဘူးသတတ်။] ပုရောဟိတ်လည်း သရဇ္ဈာယ်၍ပြီးလျှင်ထ၍ "ငါ့အား၌ မန္တရားနှုတ်တက်ရပေသေးသည်"ဟုဆိုလေ၏။

မြေခွေးသည်တွင်းမှထွက်၍"အို-ပုဏ္ဏား…ဤမန္တရားကို သင်သာလျှင် နှုတ်တက်ရသည်မဟုတ်၊ ငါလည်းနှုတ်တက်ရသည်"ဟု ပြောဆိုကာ ပြေးလေ၏၊ ပုရောဟိတ်လည်း ဤမြေခွေးကား များစွာသောအကုသိုလ်ကို ပြုလုပ်လတံ့၊ ဖမ်းလော့, ဖမ်းလော့ဟု ဆိုကာ အတန်ငယ် လိုက်၏၊ မြေခွေးလည်း တောသို့ဝင်လေ၏။

**မန္တန်တတ်မြောက် မင်းကိုချောက်**

ထိုမြေခွေးသည် ပထဝီဇယမန္တရားကို မန်းမှုတ်၍ တောတွင် နေထိုင်ကြသော ဆင်,မြင်း, ခြင်္သေ့, သစ်, ကျား, ဝက်, သမင်စသောအခြေလေးချောင်းရှိသတ္တဝါတို့ကို ခြံရံခစားစေပြီးလျှင် သဗ္ဗဒါဠိဟူသော အမည်ဖြင့် မင်းဖြစ်ကာ မြေခွေးမတကောင်ကို ဆောင်ယူစေပြီးလျှင် မိဖုရားကြီးပြု

စေ၏၊ ထိုသဗ္ဗဒါဌ မြေခွေးမင်းသည် ဆင်နှစ်စီးတို့ကျော ပေါ်တွင် ခြင်္သေ့ကိုစီးစေ၍ ခြင်္သေ့ကျောပေါ်တွင် မြေခွေးမ နှင့်တကွ စီးနင်းကာ သွားလာလေ့ရှိ၏၊များသောအခြံအရံ ရှိ၏၊ သဗ္ဗဒါဌမြေခွေးမင်းသည် အခြံအရံများသည်ကိုအမှီ ပြု၍ မာန်မာနဖြစ်ကာ ဗာရာဏသီပြည်ကိုစစ်ထိုး၍ယူမည် ဟု အလုံးစုံသော အခြေလေးချောင်းရှိ သတ္တဝါတို့ကို ခြံရံ စေလျက် မြို့၏အနီးသို့သွားလေ၏၊ နောက်လိုက်ပရိသတ် ကား တဆယ့်နှစ်ယူဇနာရှိ၏၊ထိုသဗ္ဗဒါဌမြေခွေးမင်းသည် “မင်း၏အဖြစ်ကိုတည်း ပေးမည်လော၊ စစ်ကိုတည်း ထိုး မည်လော”ဟု ဗာရာဏသီ မင်းကြီးထံ ရာဇသံပေးပို့ လိုက်၏။

**ပုရောဟိတ်ပရိယာယ်**
**ချီးကျူးဘွယ်**

ဗာရာဏသီပြည်သူပြည်သားတို့သည် ထို အကြောင်းကို သိလျှင် အလွန် ကြောက်ရွံ့ ထိတ်လန့် ကြသဖြင့် မြို့ တံခါးတို့ကို လုံခြုံစွာပိတ်၍နေကြကုန်၏၊ ပုရောဟိတ်လည်း မင်းကြီးထံသွားပြီးလျှင် သဗ္ဗဒါဌမြေခွေးမင်းနှင့်စစ်ထိုးနိုင် သူမိမိမှတပါးမရှိကြောင်း၊စစ်ထိုးရန်လည်း မိမိ၏တာဝန် သာဖြစ်ကြောင်း လျှောက်ထားကာ မင်းကြီးနှင့် ပြည်သူ ပြည်သားတို့ကို နှစ်သိမ့်အားရစေ၏။

ပုရောဟိတ်လည်း “မင်းကြီးကို လျှောက်ထားပြီးလျှင် စုံစမ်းမည်”ဟုကြံစည်ကာ မြို့တံခါးပစ်စင်ပေါ်သို့တက်ပြီး လျှင် သဗ္ဗဒါဌ မြေခွေးမင်းအား “အချင်း-သဗ္ဗဒါဌ.... ဤတိုင်းပြည်ကို ဘယ်လိုယူမည်နည်း” ဟုမေးလေ၏၊“အ ချင်း-ပုရောဟိတ်....ခြင်္သေ့တို့ကိုဟောက်စေ၍လူတို့ကိုထိတ် လန့်စေပြီးလျှင် ယူမည်”ဟု ဆိုလေလျှင် ပုရောဟိတ်သည်

အကြောင်းစုံကိုသိ၍ ပစ်စင်ပေါ်မှဆင်းသက်ကာ တဆယ့်နှစ်ယူဇနာကျယ်ဝန်းသော ဗာရာဏသီမြို့တွင်း၌ နေကုန်သော သူတို့ကိုမည်သည့် အသံမျှမကြားရအောင် ပဲကြီးမှုံ့ညက်တို့ဖြင့် နားပေါက်တို့ကို ပိတ်ဆို့ကြရမည်'' ဟုစည်လည်စေ၏၊ လူတို့လည်း စည်သံကိုကြားလျှင် အယုတ်ဆုံးကြောင်,ခွေးမှအစပြု၍ မိမိတို့နားပေါက်တို့ကို မည်သည့်အသံကိုမျှမကြားရအောင် ပဲကြီးမှုံ့ညက်တို့ဖြင့် လုံခြုံစွာပိတ်ဆို့၍ထားကြကုန်၏။

**ပရိယာယ်သုံး မြေခွေးရှုံး**

ပုရောဟိတ်လည်း တဖန်ပစ်စင်ပေါ်သို့ တက်ပြီးလျှင် ''အချင်း- သဗ္ဗဒါဌ်….ဤတိုင်းပြည်ကိုဘယ်လို ယူမည်နည်း'' ဟုမေးလေ၏၊''အချင်း-ပုရောဟိတ်‥ခြင်္သေ့တို့ကို ဟောက်စေ၍ လူတို့ကို သေကြေပျက်စီးစေပြီးလျှင်ယူမည်''ဟုပြောလေ၏၊အချင်း-သဗ္ဗဒါဌ်….ခြင်္သေ့တို့ကို အဟောက်ခိုင်းလို့ရပါမည်လော၊ မြတ်သော အမျိုးနှင့် ပြည့်စုံသည့်ကေသရာဇာခြင်္သေ့မင်းတို့ကားသင်ကဲ့သို့သောမြေခွေးအို၏အာဏာအတိုင်း ပြုလုပ်ကြမည်မဟုတ်''ဟုမခံချင်အောင်ပြောလေလျှင် မြေခွေးသည်မာနတက်ကာ''အချင်း-ပုရောဟိတ်….အခြားခြင်္သေ့တို့ကိုထားဘိဦး၊ ငါစီးသောခြင်္သေ့ကို အဟောက်ခိုင်းမည်'''ဟု ပြောဆိုကာ မိမိစီးနင်းသောခြင်္သေ့ကို ခြေဖြင့်အမှတ်ပေး၍ အဟောက်ခိုင်းလေ၏။

ခြင်္သေ့မင်းလည်း မျက်နှာကိုမော်၍ကြည့်ကာ သုံးကြိမ်တိုင်တိုင် တားမြစ် ပါသော်လည်း မရသဖြင့် ခြင်္သေ့သံကိုဟောက်လေ၏၊ ခြင်္သေ့သံကိုကြား၍ ဆင်တို့သည် ကြောက်

ရှုံ့ထိတ်လန့်ကာပြေးလေလျှင် သဗ္ဗဒါဋ္ဌ မြေခွေးမင်းသည် ဆင်ပေါ်မှကျ၍ ဆင်နင်းမိသဖြင့် ထိုနေရာမှာပင် ပွဲချင်းပြီး သေဆုံးလေ၏၊ ဆင်တို့ကိုအစပြု၍ပြေးကြသောအခါ ခြင်္သေ့တို့ကိုထား၍ အလုံးစုံသောအခြေလေးချောင်းရှိ သတ္တဝါတို့သည် အချင်းချင်းတကောင်နှင့်တကောင် တိုက်မိ,နင်းမိကြသဖြင့် သေကြေပျက်စီးကြကုန်၏၊ ဆယ့်နှစ်ယူဇနာရှိအရပ်တခုလုံးသည် သားကောင်သေတို့ဖြင့် ပြည့်နှက်၍နေလေ၏၊ ခြင်္သေ့တို့လည်းတောသို့ဝင်ကြကုန်၏။

**ပုရောဟိတ်ဥာဏ်အောင်ပွဲခံ**

ထိုအခါ ပုရောဟိတ်သည် ပစ်စင်မှ ဆင်းသက်ကာ နားတွင် ဆို့ပိတ်ထားသော ပဲကြီးမုံ့ညက်တို့ကို ပယ်စေပြီးလျှင် မြို့တံခါးကိုဖွင့်ကာ ဆယ့်နှစ်ယူဇနာရှိ အရပ်အလုံး ပြည့်နှက်နေသော သားသေကောင်တို့မှ လိုရာ လိုရာ အသားတို့ကိုယူစေကုန်၏၊ ပြည်သူပြည်သားတို့လည်း မြို့မှ ထွက်ကာ လိုရာလိုရာ မွန်မြတ်သောအသားကိုယူကြကုန်၏၊ များပြားလှသဖြင့် မကုန်နိုင်၍ ကြွင်းကျန်သောအသားတို့ကို နေ့ရှည်လများစားနိုင်ရန် အသားတို့ကို ညှင်း၍ အခြောက်လှန်းကြကုန်၏၊ [အမဲညှင်းပြု၍ အခြောက်လှန်းခြင်းအလေ့ကား- ထိုအခါမှစ၍ ဖြစ်ပေါ်လာသည်ဟု ဆိုစမှတ်ပြုကြကုန်၏။]

မြတ်စွာဘုရားသည် အတိတ်ဖြစ်သော ဒေသနာတော်ကိုဆောင်တော်မူပြီး၍ ဘုရားဖြစ်တော်မူလျှင်—

"ရဟန်းတို့....သဗ္ဗဒါဋ္ဌ မြေခွေးသည် မြတ်သောမင်းဖြစ်၍ များစွာသောစည်းစိမ် အခြံအရံကို

ရရှိထားပါလျက် မာနတရားဖြင့် ထောင်လွှားကာ ရရှိပြီးသော စည်းစိမ် အခြံအရံထက် ပိုလွန်၍ လိုချင်သည့်အတွက် ပျက်စီးရ၏''။

''ရဟန်းတို့····သဗ္ဗဒါဌ်မြေခွေးသည်မြတ်သော မင်းဖြစ်သကဲ့သို့ ထို့အတူ လူတို့တွင်လည်း မြတ်သောမင်းဖြစ်၍ များစွာသော စည်းစိမ်အခြံအရံ ကိုရရှိထားပါလျက် နောက်အခါ သဗ္ဗဒါဌ်မြေခွေး ကဲ့သို့ မေ့လျော့ကာ ရရှိပြီးသောစည်းစိမ်အခြံအရံ ကိုအမှီပြု၍ ပျက်စီးတတ်၏''—

ဟု ရဟန်းတို့အား ဟောကြားဆုံးမတော်မူ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည်အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ သဗ္ဗဒါဌ် မြေခွေးသည်- ယခုအခါ ဒေဝဒတ်။

※ ဗာရာဏသီမင်းသည်-သာရိပုတ္တရာ။

※ ပုရောဟိတ်သည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) စည်းစိမ်ခြံရံ၊ ရရှိပြန်၊ စောင့်ရန်ခဲယဉ်းသည်။

(၂) ခြံရံမှီကာ၊ မာန်တက်လာ၊ လျင်စွာပျက်စီးမည်။

(၃) ပထဝီဇယခေါ်၊ မန္တန်ကျော်၊ မြေပေါ်ရန်အောင်သည်။

သဗ္ဗဒါဌ်ဇာတ်ပြီး၏။

# ၂၄၂။ သုနခဇာတ်

ပဉ္စုပ္ပန်ဝတ္ထု၊

**လွတ်မြောက်ဖွဲ့နှောင် ခွေးကြီးဆောင်**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် နေရာစရပ်တခု ဝယ် ရေခပ်သောသူတို့သည် မွေးပြီးစ ခွေးငယ်တကောင်ကိုယူကာ အစာကျွေး၍မွေးမြူထားကြကုန်၏၊ ထိုခွေးသည် နောက်အဘို့၌ ဆူဖြိုးသောကိုယ်ရှိ၏။

တနေ့သ၌ ရွာနေယောကျ်ားတို့သည် ထိုစရပ်သို့လာ၍ ခွေးကိုမြင်လျှင် လိုချင်ကြသဖြင့် ရေခပ်သောသူတို့အား အပေါ်ရုံပုဆိုးနှင့်အသပြာတို့ကိုပေးပြီးလျှင်ကြိုးဖြင့်ချည်ကာ တောက်ဖွဲ့၍ယူသွားကြကုန်၏၊ ထိုခွေးသည်ယူဆောင်သွားသောအခါ မြည်တွန်ခြင်းကိုမပြုဘဲပေးသမျှအစာကိုစား၍ နောက်မှလိုက်၏။

ယောကျ်ားတို့သည် ဤခွေးကား ယခုအခါ ငါတို့နှင့် အကျွမ်းဝင်လေပြီဟု မှတ်ထင်ကာ တောက်ကိုဖြေကြ၏၊ ခွေးသည် တောက်ကိုဖြေ၍ လွှတ်သည်နှင့်တပြိုင်နက် တဟုန်တည်းပြေးလွှားကာ မိမိနေမြဲတိုင်းစရပ်သို့ပြန်လာ၏၊ ရဟန်းတို့သည် ပြန်လာသော ခွေးကိုမြင်လျှင် ထိုခွေးပြုလုပ်ပုံအခြင်းအရာကိုသိ၍ ညချမ်းသောအခါ တရားသဘင်ဝယ် စကားစပ်မိ၍ ပြောဆိုနေကြစဉ် မြတ်စွာဘုရား ကြွလာတော်မူ၍သိတော်မူလျှင် "ရဟန်းတို့.... ဤခွေးသည် ယခုအခါ၌သာလျှင် အနှောင်အဖွဲ့မှ လွှတ်စေခြင်း၌ လိမ္မာသည်မဟုတ်၊ ရှေးအခါ၌လည်း လိမ္မာဘူးပြီ"ဟု မိန့်

တော်မူကာအောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု။**

**ခွေးလိမ်မာမှု ဝယ်၍ယူ**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ကာသိတိုင်းဝယ် စည်းစိမ်ဥစ္စာနှင့်ကြွယ်ဝသော အမျိုးတဦး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် အိမ်ရာထောင်ကာနေလေ၏။

ထိုအခါ ဗာရာဏသီပြည်ဝယ်လူတယောက်အား ဆူဖြိုးသောခွေးတကောင်သည် ရှိလေ၏၊ ရွာသားတယောက်သည် ဗာရာဏသီပြည်သို့လာ၍ ထိုခွေးကိုမြင်လျှင် လိုချင်သဖြင့် ခွေးရှင်ယောက်ျားအား အပေါ်ရုံပုဆိုးနှင့် အသပြာကိုပေး၍ခွေးကိုယူကာ သားရေလွန်ဖြင့်ချည်၍လွန်စွန်းကိုကိုင်ကာသွားလေ၏၊ တောအဝင်ဝစရပ်တခုသို့ ရောက်လျှင်ခွေးကိုချည်၍အိပ်ပျော်လေ၏။

**အလောင်းတော် ဥာဏ်ပေး လွတ်မြောက်ရေး**

ထိုအခါ ဘုရားအလောင်းသည် တစုံတခုသော ပြုဘွယ်ကိစ္စဖြင့် တောအဝင်ဝသို့ရောက်၍ ချည်ထားသော ခွေးကိုမြင်လျှင်—

"ဟယ်-ခွေး····ချည်ထားသောသားရေလွန်ကို မစားဘဲနေသည်မှာ မိုက်လေစွတကား၊ သားရေလွန်ကို ဝအောင်စားကာ အနှောင်အဖွဲ့မှလွတ်၍ မိမိနေရာအရပ်သို့ပြေးလေလော့"—

ဟုခွေးကိုပြောလေ၏၊ ထိုစကားကိုကြားလျှင်ခွေးသည်

"အရှင်.... အရှင်ပြောသော စကားအတိုင်း အကျွန်ုပ်စိတ်မှာဆောက်တည်ထားပါ၏၊ သို့သော် လည်းလူအလုံးစုံတို့အိပ်ပါစေဦး၊ အိပ်သောအခါ သားရေလွန်စား၍ပြေးသွားမည်ဟုဆိုင်းငံ့နေပါ၏" ဟု အကြောင်းကိုပြောကြားလေ၏၊ ခွေးသည် ထိုသို့ ပြောကြားပြီးလျှင် လူအများအိပ်ပျော်သည်ရှိသော် သား ရေလွန်ကိုစား၍ဝသောအခါခြေး၍ မိမိအရှင်အိမ်သို့သွား လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည်အတိတ်,ပစ္စုပ္ပန်နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါခွေးသည်-ယခုအခါခွေး။

※ ပညာရှိယောက်ျားသည်-ငါဘုရားဖြစ်လာပြီ--

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) နှောင်ဖွဲ့တွေ့ဘိ၊ပညာရှိ၊ခါသိကြိုးစားလေ။

(၂) အခါသိက၊ချမ်းသာရ၊မုချလွတ်မြဲပေ။

သုနခဇာတ်ပြီး၏။

---

## ၂၄၃။ ဂုတ္တိလဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ဘုရားပစ်ပယ် ပျက်စီးဘွယ်

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းတို့သည်

ဒေဝဒတ်ကို "ငါ့ရှင်ဒေဝဒတ်....မြတ်စွာဘုရားကား သင်၏ ဆရာဖြစ်သည်၊ သင်သည်မြတ်စွာဘုရားကိုမှီ၍ ပိဋကတ်သုံးပုံကို သင်ကြားရသည်၊ဈာန်လေးပါးကိုဖြစ်စေသည်၊ ဆရာဘုရားကိုရန်ပြုခြင်းငှါမသင့်"ဟုဆိုကြကုန်၏။

ထိုအခါ ဒေဝဒတ်သည် "ငါ့ရှင်တို့....ရဟန်းဂေါတမသည် အဘယ်မှာငါ၏ဆရာဟုတ်မည်နည်း၊ ငါသည်မိမိအစွမ်းဖြင့် ပိဋကတ်သုံးပုံကိုရင်း,ဈာန်လေးပါးကိုရင်း ဖြစ်စေသည်"ဟုပြောဆိုပြီးလျှင် ဆရာဘုရားကိုစွန့်ပယ်လေ၏။

ရဟန်းတို့သည် တရားသဘင်ဝယ် စကားစပ်မိ၍ဒေဝဒတ်၏အကြောင်းကို ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ သိတော်မူလျှင် "ရဟန်းတို့.... ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ဆရာဖြစ်သောငါဘုရားကို စွန့်ပယ်လျက် ငါဘုရား၏ရန်သူဖြစ်၍ ကြီးစွာသော ပျက်စီးခြင်းသို့ရောက်သည်မဟုတ်၊ ရှေးအခါ၌လည်း ရောက်ဘူးပြီ"ဟုမိန့်တော်မူကာအောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**ပညာတူလျက် ခြားနားချက်** လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် စောင်းသမားမျိုး၌ဖြစ်၍ အမည်အားဖြင့် ဂုတ္တိလဟုခေါ်ကြ၏၊ ထိုဂုတ္တိလသည် အရွယ်သို့ ရောက်သည်ရှိသော် စောင်းအတတ်၌ အပြီးသို့ရောက်၍ ဇမ္ဗူဒိပ်ကျွန်းတခုလုံးတွင် မြတ်သောစောင်းသမားဖြစ်လေ၏၊ သားမယားကို မမွေးမြူဘဲ မိဘမျက်မမြင်တို့ကိုသာမွေးမြူ၍နေ၏။

ထိုအခါ ဗာရာဏသီပြည်သားတို့သည် ကုန်သွယ်အံ့သောငှါ ဥဇ္ဇေနီပြည်သို့ သွားကြသည်ရှိသော် ပွဲသဘင်ခံသည်နှင့်ကြုံကြိုက်သဖြင့် တိုင်ပင် ညီညွတ်ကာ ပန်းနံ့သာ စားဘွယ် သောက်ဘွယ်တို့ကိုယူ၍ ပွဲသဘင်ကစားရာသို့ သွားကြကုန်ပြီးလျှင် မုသိလမည်သော စောင်းသမားကို အခဖြင့်ငှါးရမ်းကာ တီးစေကုန်၏။

မုသိလစောင်းသမားသည် မိမိအစွမ်းရှိသမျှ အမျိုးမျိုးတီးပါသော်လည်း ဂုတ္တိလစောင်းသမား၏ စောင်းသံကို ကြားဘူးကုန်သော ကုန်သည်တို့အား ဝါးခြမ်းစိတ်ကိုတီးသကဲ့သို့ဖြစ်ကာ တစုံတယောက်သောသူမျှ နှစ်သက်ရွှင်လန်းသောအမူအရာကို မပြကြကုန်။

**ဆရာကောင်းထံ နည်းနာခံ**

ထိုအခါ မုသိလ စောင်းသမားသည် ကုန်သည်တို့အား ''အို-ကုန်သည်တို့·· အကျွန်ုပ်သည်မိမိအစွမ်းရှိသမျှစောင်းကို အမျိုးမျိုးတီးပါလျက် အဘယ့်ကြောင့် မနှစ်သက်မရွှင်လန်းကြသနည်း''ဟုမေးလေ၏၊ ''အို-စောင်းသမား···သင်သည် စောင်းကိုတီးပါသလော၊ငါတို့ကား သင်စောင်းတီး၏ဟူသောအမှတ်ကို မပြုကြပါ''ဟု ပြောလေ၏၊''အို-ကုန်သည်တို့···· သင်တို့သည် ငါ့ထက်လွန်မြတ်သောစောင်းသမားကို သိကြကုန်သလော၊ သို့တည်းမဟုတ် သင်တို့မသိမလိမ်မာ၍ပင် မနှစ်သက် မရွှင်လန်းကြကုန်သလော''ဟု မေး၏၊''အို-စောင်းသမား··ငါတို့ဗာရာဏသီပြည် ဂုတ္တိလစောင်းသမား၏ စောင်းသံကို ကြားဘူးကုန်သော ငါတို့အား သင်တီးသောစောင်းသံမှာ မိန်းမတို့သည် သူငယ်တို့အား နှစ်သိမ့်စေသောအသံကဲ့သို့ ထင်ကြပါသည်''ဟု

ပြော၏၊ ''အို-ကုန်သည်တို့···· သင်တို့ငါ့အားအဘိုးအခမ ပေးကြပါလင့်၊ သင်တို့ ဗာရာဏသီပြည်သို့သွားသောအခါ အကျွန်ုပ်ကိုခေါ်ကြပါ''ဟု ပြောလေ၏၊ ကုန်သည်တို့လည်း ကောင်းပြီဟု ဝန်ခံကြကုန်၏။

ပညာရလို မျှော်ဝင်ဆို

ကုန်သည်တို့သည် မိမိတို့ပြုဘွယ်ကိစ္စပြီးလျှင် မုသိလ စောင်းသမားကိုခေါ်၍ သွားကြကုန်၏၊ မုသိလ စောင်းသမားလည်း ဗာရာဏသီပြည်သို့ရောက်လျှင် ဂုတ္တိလ စောင်းသမား၏အိမ်သို့သွား၍ အိမ်တွင်ဆွဲ၍ထားအပ်သော စောင်းကိုမြင်လျှင် ယူ၍တီးလေ၏၊ ဂုတ္တိလ၏မိဘတို့သည် မျက်စိမမြင်ကြသဖြင့် စောင်းကိုကြွက်တွေကိုက်သည်ဟုထင်မှတ်ကာ ''ရှူးရှူး''ဟုဆို၍ ချောက်လှန့်ကြကုန်၏။

မုသိလလည်း ဂုတ္တိလစောင်းဆရာ၏ မျက်မမြင်မိဘတို့ကို ရှိခိုးပြီးလျှင် ''မိခင်ဘခင်တို့···· စောင်းကိုတီးသည်မှာ အကျွန်ုပ်ဖြစ်ပါသည်၊ အကျွန်ုပ်သည် ဂုတ္တိလစောင်းဆရာထံမှာ ပညာသင်ကြားလိုသဖြင့် ဥဇ္ဇေနီပြည်မှ လာခဲ့ပါသည်''ဟု တောင်းပန်ပြောဆိုလေ၏၊ ဂုတ္တိလ၏မိဘတို့လည်း အကြောင်းကိုသိလျှင် ''အမောင်···· ကောင်းပြီ မင်းတို့ဆရာ တခြားကိုသွားသည်၊ ယခုဘဲပြန်လာလိမ့်မည်၊ ခဏစောင့်ဆိုင်း၍နေပါ''ဟု ခွင့်ပြုကြကုန်၏။

ဂုတ္တိလစောင်းဆရာပြန်လာလျှင်မုသိလသည် အနီးသို့ကပ်ကာ ''ဆရာ့···· ဆရာထံမှာ အတတ်ပညာသင်ကြားလိုပါသည်''ဟု တောင်းပန်လေ၏၊ ဂုတ္တိလစောင်းဆရာလည်း အင်္ဂဝိဇ္ဇာတတ်သူဖြစ်သဖြင့် မြင်ကတည်းကလျှင် သူ

တော်မဟုတ် သူယုတ်မာမှန်းသိ၍ ''ညီထွေး… သွားပါဦး၊ သင့်ကိုသင်ကြားပေးဘို့ အတတ်ပညာမရှိ''ဟုမြစ်ပယ်လေ၏။

**ပညာစုံက ဖက်ပြိုင်ကြ**

မုသိလလည်း ဆရာ့ထံခွင့်တောင်း၍ မရလျှင် မိဘမျက်မမြင်တို့ကို ခြေဆုပ်ခြင်း, လက်နယ်ခြင်းစသော ဝတ်ကြီးဝတ်ငယ်ကိုပြုကာ အဖန်ဖန်ခယတောင်းပန်သဖြင့် သားကိုပြောဆိုကြရာ ဂုတ္တိလစောင်းဆရာလည်း မိဘတို့စကားကို မလွန်ဆန်နိုင်သဖြင့် အလိုမတူဘဲ သင်ကြားပေးရလေ၏၊ သင်ကြားသောအခါလည်း အလောင်းတော်တို့သဘောအတိုင်း အတတ်ပညာကို အကြွင်းအကျန်ဆရာစားမထားဘဲ သင်ကြားပေးလေ၏၊ အလုံးစုံတတ်မြောက်လျှင် တပည့်အား ''ညီထွေး…. အတတ်ပညာစုံပေပြီ၊ အလိုရှိရာသွားပေတော့''ဟု ခွင့်ပြု၏။

ထိုအခါမုသိလသည် ''ငါကား…. အတတ်ပညာကို ကောင်းစွာတတ်မြောက်ပေပြီ၊ ဆရာလည်းအိုမင်းပြီ၊ ဤဗာရာဏသီမြို့လည်း ဇမ္ဗူဒိပ်ကျွန်းအလုံးတွင် မြို့မြတ်ဖြစ်သည်၊ ဤမြို့မှာပင် ငါနေတော့မည်''ဟု ကြံစည်ပြီးလျှင် ''ဆရာ….အကျွန်ုပ်မသွားလိုပါ၊ မင်းကိုခစားလိုပါသည်'' ဟုပြောလေ၏၊ ဆရာလည်းမင်းကြီးထံသွား၍ မိမိတပည့်ခစားလိုကြောင်း လျှောက်ထားလေလျှင် မင်းကြီးလည်း ဆရာတို့ကိုပေးသော လခရိက္ခာမှ ထက်ဝက်သာပေးနိုင်မည်ဟု ပြောလေ၏။

ဆရာလည်းအိမ်သို့ပြန်၍ တပည့်အားပြောလျှင် တပည့်သည် ဆရာတတ်သမျှ အတတ်ပညာအလုံးစုံကို တတ်

မြောက်သဖြင့် ဆရာနှင့်တန်းတူရမှ ခစားနိုင်မည်ဟုပြော ပြန်သဖြင့် မင်းကြီးထံလျှောက်ထားပြန်ရာ မင်းကြီးက ကောင်းပြီ၊ ဆရာနှင့်တူမျှသောလခရိက္ခာကိုလိုလျှင် ဆရာ နှင့်အတတ်ပညာတူမျှသည် မတူမျှသည်ကိုသိရအောင် ဤ နေ့မှ ခုနစ်ရက်မြောက်သောနေ့၌ မင်းရင်ပြင်တွင် ဆရာ တပည့်နှစ်ယောက် အတတ်ပညာကိုပြိုင်ကြရမည်ဟု မိန့်ဆို သဖြင့် မုသိလအားပြောရာ နှစ်သက်သဖြင့် ဆရာနှင့်အ တတ်ပညာပြိုင်ရန် ချိန်းဆိုလေ၏၊ မင်းကြီးလည်း "ဆရာ ဂုတ္တိလနှင့် တပည့်မုသိလတို့သည် ခုနစ်ရက်မြောက်သော နေ့၌ မင်းရင်ပြင်ဝယ် အတတ်ပညာပြိုင်ကြလိမ့်မည်" ဟု တမြို့လုံးစည်လည်စေ၏။

**သူတော်မှန်က နတ်စောင်မ**

ထိုအခါဆရာဂုတ္တိလသည် "ငါ၏တ ပည့် မုသိလကား ငယ်ရွယ် နုပျိုသေး သည်၊ ငါကားအိုမင်းကြီးရင့်ချေပြီ၊အား အစွမ်းလည်းလျော့ပါးချေပြီ၊ အိုမင်းကြီးရင့်သူတို့ အမှုအ ရာမည်သည်ကား မပြည့်စုံနိုင်၊ တပည့်ဖြစ်သူမှာရှုံးသော် လည်းအရေးမကြီး၊ ဆရာဖြစ်သူကားရှုံးလျှင် အရှက်ရ တော့မည်၊ သို့အတွက် ငါမပြိုင်လိုတော့ပြီ၊ တောသို့ဝင် ကာ ကိုးကွယ်ရာမဲ့ဖြစ်၍ သေတော့မည်"ဟု ကြံစည်ကာ တောသို့ဝင်လေ၏၊ တောသို့ရောက်လျှင် မသေဝံ့သဖြင့် ပြန် ၍လာပြန်၏၊ ဤသို့ သွားချီပြန်ချီပြုနေခိုက် ခြောက်ရက် မြောက်ဖြစ်လေ၏။

ထိုခဏဝယ် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာကျောက် ဖျာသည် တင်းမာပူလောင်သဖြင့်ဆင်ခြင်ရာ သိကြားမင်း

သိလေလျှင် ငါသည် ဂုတ္တိလစောင်း ဆရာ၏ကိုးကွယ်အား ထားရာဖြစ်မည်”ဟု ကြံစည်ပြီးလျှင်- လျင်စွာလာလတ်၍ ဂုတ္တိလ၏ရှေ့၌ ရပ်လျက်– “ဆရာ···· အဘယ့်ကြောင့် တောသို့ဝင်သနည်း”၊ အသင်အဘယ်သူနည်း’ဟုမေးလေလျှင် “အကျွန်ုပ်သိကြားမင်းဖြစ်သည်”ဟုပြော၏၊ထိုအခါ ဂုတ္တိလစောင်းဆရာသည် –

> “သိကြားမင်း···· အကျွန်ုပ်သည် မုသိလမည်သောတပည့်အား ညှို့ခုနစ်ချောင်းရှိသော စောင်းကို ကောင်းမွန်စွာတီးတတ်အောင် ဆရာစားမချန် သင်ကြားပေးမိပါ၏၊ ထိုမုသိလက- ယခုအခါ ပွဲသဘင်အလယ်တွင် အတတ်ပညာပြိုင်ဘို့ခေါ်နေပါ၏၊ သိကြားမင်း····သင်သည် ကျွန်ုပ်၏ကိုးကွယ် အားထားရာဖြစ်ပါလော့”–

ဟု အကျိုး အကြောင်းပြောကာ တောင်းပန်လေ၏၊ သိကြားမင်းလည်း ဂုတ္တိလ၏စကားကိုကြားလျှင်–

> “ဆရာ···· သင်မကြောက်လင့်၊ အကျွန်ုပ်သည် သင်၏ကိုးကွယ် အားထားရာ ဖြစ်လျက် သင့်ကို ကယ်တင်မည်၊ သင့်ကိုပူဇော်မည်၊ သင့်ကိုတပည့် မုသိလကမနိုင်စေရပါ၊ သင်ကနိုင်ရမည်”–

ဟု ပြောဆိုအားပေးပြီးလျှင်-“ဆရာ····အကျွန်ုပ်နည်းပေးမည်၊ သင်စောင်းတီးသည်ရှိသော် ညှို့တချောင်းကို ဖြတ်၍ ခြောက်ချောင်းတို့ကိုတီးပါ၊ ပကတိအသံပင်ဖြစ်ပါလိမ့်မည်၊ ထိုအခါ မုသိလလည်း ညှို့တချောင်းကိုဖြတ်၍ တီးလိမ့်မည်၊ ပကတိအသံဖြစ်နိုင်မည်မဟုတ်၊ ထိုခဏ၌ ရှုံး

လိမ့်မည်၊ နောက်ရှုံးမှန်း သိလျှင်- ညှို့နှစ်ချောင်း, သုံးချောင်း,လေးချောင်း,ငါးချောင်း, ခြောက်ချောင်း, ခုနစ်ချောင်းလုံးဖြတ်၍ စောင်းရိုးသက်သက်ကိုတီးပါ၊ ပကတိအသံပင်ဖြစ်ပါလိမ့်မည်၊ဖြတ်ထားသောညှို့တို့မှအသံထွက်ကာ တဆယ့်နှစ်ယူဇနာရှိသော ဗာရာဏသီတမြို့လုံးကိုလွှမ်းမိုးသွားလိမ့်မည်။

ထိုသို့တမြို့လုံး စောင်းသံ လွှမ်းမိုး သွားသောအခါ စောင်းတလက်ကိုကောင်းကင်သို့ပစ်လိုက်လျှင်သင့်ရှေ့တွင် နတ်သမီးသုံးရာလာ၍ ကကြလိမ့်မည်၊ နောက်စောင်းတလက်ပစ်ပြန်လျှင် သင့်စောင်းဦးတွင် အခြားနတ်သမီးသုံးရာလာ၍ကကြလိမ့်မည်၊နောက်တလက် ပစ်ပြန်လျှင် ပွဲသဘင်အလယ်တွင်အခြားနတ်သမီးသုံးရာလာ၍ ကကြလိမ့်မည်၊အကျွန်ုပ်လည်း ပွဲသဘင်အကြည့်လာမည် မကြောက်လင့်''ဟု အသေအချာ မှာထား၍ စောင်းလက်သုံးခုကိုပေးပြီးလျှင် တာဝတိံသာသို့ သွားလေ၏။

**တပည့်ဆရာ ပြိုင်သောခါ**

ခုနစ်ရက်မြောက်သောနေ့ နံနက်အခါတွင် မင်းရင်ပြင်၌ များစွာသောလူတို့စည်းဝေး ရောက်လာပြီးလျှင် ညောင်စောင်းအဆင့်ဆင့်,လှည်းအဆင့်ဆင့် ဝန်းရံနေထိုင်ကြကုန်၏၊ မင်းကြီးလည်းမဏ္ဍပ်အလယ်တွင် ခင်းထားအပ်သောပလ္လင်၌ တန်ဆာဆင်အပ်သော တသောင်းနှစ်ထောင်သော မိန်းမများ၊ အမတ်, ပုဏ္ဏား,သူကြွယ်များ ခြံရံကာနေလင့်၏၊ဂုတ္တိလစောင်းဆရာလည်းလာလတ်၍မိမိအတွက်ပြင်ဆင်ထားသော နေရာတွင်နေ၏၊ သိကြားမင်းလည်း

မထင်ရှားသောကိုယ်ဖြင့် ကောင်းကင်တွင် ရပ်တည်လာ၏၊ ထိုသိကြားမင်းကို ဂုတ္တိလစောင်းဆရာတယောက်သာ မြင်ရ၏၊ တပည့်မုသိလလည်း လာလတ်၍ မိမိအတွက်စီမံထားသော နေရာတွင်နေ၏။

အချိန်ရောက်သောအခါ ဆရာတပည့်နှစ်ယောက်တို့သည် ပွဲဦးအစဝယ် ထပ်တူထပ်မျှစောင်းကို တီးကြကုန်၏၊ လူအပေါင်းတို့သည် ဆရာတပည့်နှစ်ယောက် အပြိုင်အဆိုင်တီးနေကြသောစောင်းသံကို အလွန်နှစ်သက်ဝမ်းမြောက်ကြလျက် တခဲနက်ကြွေးကြော်ကုန်၏၊ သိကြားမင်းလည်း ကောင်းကင်မှနေ၍ အမြဲစီမံစောင့်ရှောက်၏။

ဆရာဂုတ္တိလသည် သိကြားမင်းနည်းပေးသောအတိုင်း စောင်းညှို့တချောင်းကို ဖြတ်၍တီး၏၊ ဖြတ်သောနေရာမှ အသံထွက်ကာ နတ်စောင်းသံကဲ့သို့ ဖြစ်လေ၏၊ တပည့်မုသိလလည်း ဆရာနည်းတူ စောင်းညှို့တချောင်းကိုဖြတ်၍ တီး၏၊ ဖြတ်သောနေရာမှအသံမထွက်လေ၊ နောက်ဂုတ္တိလသည် နှစ်ချောင်း, သုံးချောင်း, လေးချောင်း, ငါးချောင်း, ခြောက်ချောင်း, ခုနစ်ချောင်းတိုင်အောင်ဖြတ်၍ စောင်းရိုးကိုတီးပြန်၏၊ ဖြတ်ရာဖြတ်ရာ စောင်းညှို့မှ အသံထွက်ကာ အလွန်သာယာ၏၊ နတ်စောင်းသံကဲ့သို့ဖြစ်လေ၏၊ မုသိလမှုကား ဖြတ်တိုင်းဖြတ်တိုင်းသော စောင်းညှို့မှအသံမထွက်တော့ဘဲ အသံလုံးလုံးမရှိအောင်ဖြစ်လေ၏။

**တပည့်ကရှုံး သက်ပါဆုံး**

ထိုအခါ ဆရာဂုတ္တိလ၏စောင်းသံသည် ဗာရာဏသီတမြို့လုံးလွှမ်း၍တည်၏၊ လူတို့သည် အလွန်နှစ်သက်သဖြင့် ပုဆိုးဦး

ရစ်စသည်တို့ကို ပစ်ကြကုန်၏၊ နောက် စောင်းတလက်ကို ကောင်းကင်သို့ပစ်၏၊ နတ်သမီး သုံးရာလာ၍ ကကြ၏၊ နောက်တလက်ကိုပစ်ပြန်၏၊ နောက် နတ်သမီးသုံးရာလာ၍ ကကြပြန်၏၊ နောက်တလက်ပစ်ပြန်၏၊ နောက်နတ်သမီး သုံးရာလာ၍ ကကြပြန်၏၊ လူအပေါင်းတို့သည် ဂုတ္တိလ အတီးနှင့်နတ်သမီးတွေအကကို ကြည့်ရှု၍ မငြီးနိုင်အောင် ရှိကြကုန်၏။

ထိုခဏ၌ မင်းကြီးသည် လူတို့အား မျက်စိမှိတ်ကာ, လည်ညိတ်ကာ အမှတ်သညာပေးလေ၏၊ လူတို့သည် တပြိုင်နက်ထကာ သင်ကား-တူမျှသော လခရိက္ခာကိုလို၍ ဆရာနှင့်ဆန့်ကျင်ဘက်ပြုကာ အတတ်ပညာပြိုင်ဘိသည်၊ ပမာဏကိုမသိဟု ခြိမ်းချောက်ဆဲရေးကာ မုသိလကို ကိုင်မိတိုင်းသော တုတ်,လှံတံ,ကျောက်ခဲတို့ဖြင့် ရိုက်ပုတ်ပစ်ခတ်ကာ မှုန့်မှုန့်ညက်ညက် ကြေစေလျက် အသက် ကုန်ခြင်းသို့ ရောက်စေပြီးလျှင် ခြေတို့ကို ကိုင်၍ဆွဲငင်ကာ တံမြက်ချေးစွန့်ရာအမှိုက်ပုံတွင်စွန့်ပစ်ကြကုန်၏။

ဆရာကနိုင်
နတ်ပြည်တိုင်

ထိုအခါ မင်းကြီးသည် ဆရာဂုတ္တိလအား အလွန်နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ တခဲနက်သော မိုးကြီးကို ရွာသွန်းစေဘိသကဲ့သို့ များစွာသော စည်းစိမ်ဥစ္စာတို့ကို ပေးလေ၏၊ လူတို့သည်လည်း များစွာသောဥစ္စာကို ပေးကြကုန်၏၊ သိကြားမင်းလည်း ဂုတ္တိလအား "နတ်ပြည်သို့ ရောက်လျှင် အာဇာနည်မြင်းတထောင် ကသောရထားဖြင့် မာတလိနတ်သားကို လွှတ်လိုက်မည်၊ နတ်ပြည်သို့လိုက်ခဲ့ပါ" ဟု မှာထားကာနတ်ပြည်သို့သွားလေ၏။



P 416. မုသိလစောင်းသမားသည် မိမိဆရာရင်းဂုတ္တိလကို အန်တု၍ စောင်းအတတ်ပြိုင်ရာ ရှုံးသဖြင့်လူအများ ဝိုင်းဝန်းရိုက်နှက်နေပုံ။

သိကြားမင်းနတ်ပြည်သို့ ပြန်ရောက်လျှင် နတ်သမီးတို့သည် ခြိုရံကာဘယ်အရပ်သို့ သွားနေကြောင်း မေးကြလျှင် အကြောင်းအရာ အလုံးစုံနှင့်တကွ ဂုတ္တိလစောင်းဆရာကြီး၏ အကျင့်သီလ ဂုဏ်ကျေးဇူးကို ပြောပြရာ နတ်သမီးတို့က "ဂုတ္တိလစောင်းဆရာကြီးကို ဖူးမြင်လိုပါသည်" ဟု တောင်းပန်ကြပြန်ရာ မာတလိ နတ်သားကို သိန္ဓောမြင်း တထောင်ကသော ဝေဇယန္တာ ရထားဖြင့် သွား၍ခေါ်စေသဖြင့် ဂုတ္တိလစောင်းဆရာကြီးသည် နတ်ပြည်သို့ရောက်လာလေ၏။

ဂုတ္တိလစောင်းဆရာကြီး ရောက်လာလျှင် သိကြားမင်းသည် လောကွတ်ပျူငှါစကား ပြောဟောပြီးလျှင် "ဆရာကြီး....ဆရာကြီး၏စောင်းသံကိုနတ်သမီးတို့နားထောင်လိုကြပါသည်"ဟုပြော၏၊"မြတ်သောသိကြားမင်း..အကျွန်ုပ်တို့စောင်းသမားမည်သည် အတတ်ပညာကိုမှီ၍ အသက်မွေးရပါသည် အဘိုးအခရလျှင် တီးပါမည်"ဟု ပြော၏၊ "ဆရာကြီး.... တီးသာတီးပါ၊အဘိုးအခရပါစေမည်"ဟု ပြော၏၊ "သိကြားမင်း.... အခြားဖြစ်သော အဘိုးအခကိုမလိုပါ၊နတ်သမီးတို့လူ့ပြည်တွင် ပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်ကို အကျွန်ုပ်ကိုပြောစေပါ၊ နာလိုပါသည်" ဟု ပြော၏၊ "ဆရာကြီး....ပြောစေပါမည်" ဟု ဝန်ခံသဖြင့် ဂုတ္တိလစောင်းဆရာသည် ခုနစ်ရက်ပတ်လုံး စောင်းကိုတီးလေ၏၊ စောင်းသံသည် နတ်တို့၏စောင်းသံကို သာလွန်လွှမ်းမိုးလျက်တည်လေ၏။

**သတင်းကျော်ကြား ကောင်းမှုပွား** ခုနစ်ရက်မြောက်သောနေ့ဝယ် ဂုတ္တိလ စောင်းဆရာသည် ဝန်ခံထားသော အတိုင်း နတ်သမီးတို့ ပြုလုပ်ခဲ့ကြသော ကုသိုလ်ကောင်းမှုတို့ကို အစမှ အဆုံးတိုင်အောင် မေးလေ၏၊ နတ်သမီးတို့လည်း မိမိတို့ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုကို အသီးအသီး ပြောကြားကြကုန်၏၊ ဂုတ္တိလ စောင်းဆရာလည်း မှတ်သားနာယူလေ၏။

[ဂုတ္တိလ စောင်းဆရာကြီး မေးသော အခြင်းအရာနှင့် သုံးကျိပ် ခုနစ်ယောက်သော နတ်သမီးတို့ ဖြေဆိုကြသော အခြင်းအရာတို့ကား ဂုတ္တိလဝိမာနဝတ္ထုတွင်အကျယ်ရှိသည်၊ အလိုရှိသူတို့ရင်းကိုကြည့်ရှုမှတ်သားကြပါကုန်။]

သိကြားမင်းလည်း ခုနစ်ရက်လွန်သောအခါ ဂုတ္တိလ စောင်းဆရာကြီးကို ဝေဇယန္တာရထားဖြင့်ပင် မာတလိ နတ်သားအား ဗာရာဏသီပြည်သို့ ပြန်ပို့စေ၏၊ ဂုတ္တိလ စောင်းဆရာလည်း ဗာရာဏသီပြည်သို့ ရောက်လျှင် မိမိ ကိုယ်တိုင်လည်း များစွာသော ကုသိုလ်ကောင်းမှုတို့ကို ပြုစုအားထုတ်လေ၏၊ အခြားလူတို့ကိုလည်း မိမိတွေ့မြင်ကြား သိခဲ့ရသော နတ်သမီးတို့ အကြောင်းအရာကို ပြောဟော ကာ ကုသိုလ်ကောင်းမှုတို့ကို ပြုစုအားထုတ်စေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ် တန်သောဝတ္ထုတို့ကိုအနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….

※ ထိုအခါမှသိလသည်-ယခုအခါဒေဝဒတ်။

※ သိကြားမင်းသည်-အနုရုဒ္ဓါ။

※ မင်းသည်-အာနန္ဒာ။
※ ဂုတ္တိလသည်-ငါဘုရားဖြစ်လာပြီ-
ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ဆရာစွန့်လျှင်၊ရန်ပြုလျှင်၊အလျင်ပျက်စီးလေ။
(၂) အတတ်ပေးသင်၊ကျေးဇူးရှင်၊ ပြိုင်လျှင်ပျက်စီးလေ၊
(၃) မုသိလပျက်၊ဆရာဘက်၊ခွေးဝက်နည်းတူသေ။

ဂုတ္တိလဇာတ်ပြီး၏။

---

# ၂၄၄။ ဝိဂတိစ္ဆဇာတ်

ပဉ္စုပ္ပန်ဝတ္ထု

**စဉ်းစားနိုင်းချိန်သုခမိန်**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ပရိဗိုဇ်တယောက်သည် ဇမ္ဗူဒိပ်ကျွန်းအလုံး၌ ပြောဆိုဆွေးနွေးနိုင်သောပညာရှိကို လိုက်လံရှာဖွေရာ မရသဖြင့် သာဝတ္ထိပြည်သို့ရောက်လျှင်“လူအများအား ငါနှင့်တကွ ပြောဆိုဆွေးနွေးနိုင်သူ ရှိပါသလော”ဟု မေးမြန်းရာ လူတို့သည် ဂေါတမမြတ်စွာဘုရားရှိကြောင်းပြောကြသဖြင့် လူအများနှင့်တကွ မြတ်စွာဘုရားထံသွားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ပရိသတ်လေးပါး အလယ်တွင် တရားဟောလျက်နေတော်မူ၏၊ ပရိဗိုဇ်လည်း ရောက်လျှင် မြတ်စွာဘုရားအား ပြဿနာကိုမေး၏၊ မြတ်စွာဘုရားလည်း ဖြေဆိုတော်မူ၏၊တဘန်မြတ်စွာဘုရားသည်

ထိုပရိဗိုဇ်အား "တခုမည်သည်ကား အဘယ်နည်း" ဟု ပြဿနာကို မေးတော်မူ၏၊ ပရိဗိုဇ်သည် မဖြေဆိုနိုင်သော ကြောင့်ထ၍ပြေးလေ၏

စည်းဝေးကုန်သော ပရိသတ်တို့သည် မြတ်စွာဘုရားကို တပုဒ်တည်းသောပြဿနာဖြင့်ပရိဗိုဇ်ကိုနှိမ်မိ၏ဟုလျှောက် ကြလေလျှင် မြတ်စွာဘုရားသည် "ဒါယကာတို့…ငါဘုရား သည် ယခုအခါ၌သာလျှင် ထိုပရိဗိုဇ်ကို တပုဒ်တည်းသော ပြဿနာဖြင့် နှိမ်မိသည်မဟုတ်၊ ရှေးအခါ၌လည်း နှိမ်မိ ဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု**

**ဥာဏ်မနိုင်က ထပြေးရ**

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိ သော် ဘုရားအလောင်းသည် ကာသိ ကတိုင်းဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍အရွယ်သို့ ရောက်လတ်သော် ဝတ္ထုကာမ,ကိလေသာကာမတို့ကို ပယ်စွန့်ကာ ရသေ့, ရဟန်းပြုပြီးလျှင် ကာလရှည်ကြာစွာ ဟိမဝန္တာ အရပ်၌ နေပြီးမှ ဟိမဝန္တာမှသက်ဆင်းလတ်၍ နိဂုံးရွာတခုကိုအမှီ ပြုကာ မြစ်ကွေ့တခုတွင် သစ်ရွက်မိုးကျောင်း ဆောက်လုပ် လျက်နေလေ၏။

ထိုအခါ ပရိဗိုဇ်တယောက်သည် ဇမ္ဗူဒိပ်ကျွန်းအလုံး တွင် ပြောဆိုဆွေးနွေးဘက်ကို လိုက်လံရှာဖွေရာ မရသဖြင့် ထိုနိဂုံးရွာသို့ရောက်လျှင် လူတို့အား "ငါနှင့်စကားပြော ဆိုဆွေးနွေးနိုင်သူရှိသလော"ဟု မေးမြန်းရာ လူတို့သည်

ပညာရှိရသေ့တပါးရှိကြောင်း ပြောဆို၍ ပရိဗိုဇ်ကိုရသေ့ထံခေါ်သွားကြလေ၏။

ရသေ့ထံသို့ ရောက်လျှင် ရသေ့နှင့်ပရိဗိုဇ် နှစ်ဦးတို့သည် အစေ့အစပ်ပဋိသန္ဓာရစကားပြောဆိုပြီးလျှင် ရသေ့သည် ပရိဗိုဇ်အား "အဆင်းအနံ့တို့နှင့်ပြည့်စုံ၍ ပန်းတို့ဖြင့် ထုံအပ်သော ဂင်္ဂါရေကိုသောက်မည်လော"ဟု မေးလေ၏၊ ထိုအခါ ပရိဗိုဇ်သည် ဝါဒဖြင့်လွှမ်းမိုးလို၍ ရသေ့အား "ဂင်္ဂါ၏သဲကား အဘယ်နည်း၊ ဂင်္ဂါ၏ ဤမှာဘက်ကမ်းသည်ကား အဘယ်နည်း၊ ဂင်္ဂါ၏ ထိုမှာဘက်ကမ်းသည်ကား အဘယ်နည်း"ဟု ပြန်၍မေးလေ၏၊ ရသေ့သည် ထိုပရိဗိုဇ်အား "ရေကိုဎင်း,သဲကိုဎင်း,ဤမှာဘက်ကမ်းကိုဎင်း,ထိုမှာဘက်ကမ်းကိုဎင်းထား၍ ဂင်္ဂါကို အဘယ်မှာရမည်နည်း"ဟု မေးပြန်၏၊ ထိုအခါ ပရိဗိုဇ်သည် ဆိုဘွယ်မဲ့လျှင်း ပညာကင်းရကား ထ၍ပြေးလေ၏။

**ကြောင်းကျိုးခွဲပြဆိုဆုံးမ**

ထိုပရိဗိုဇ်ပြေးသည်ရှိသော် ရသေ့သည် စည်းဝေး ရောက်လာသော ပရိသတ်တို့အား—

"အချင်းတို့....ဤပရိဗိုဇ်ကား မျက်စိဖြင့်မြင်ရသော ရေစသောဝတ္ထုကို ဂင်္ဂါဟု မယူလို၊ မျက်စိဖြင့်မမြင်ရသော ရေစသော ဝတ္ထုမှ တပါးသောဝတ္ထုကို ဂင်္ဂါဟု ယူလိုသတတ်၊ ဤသို့သဘောရှိသော ဂင်္ဂါကို ရှာလျက် ကြာမြင့်စွာသွားရလိမ့်မည်"—

ဟု ထင်မိ၏၊ ကြာမြင့်စွာသွားသော်လည်း ယူလိုသောဂင်္ဂါကို ရရှိလိမ့်မည်မဟုတ်။

"အချင်းတို့…. ရရှိသော ရေစသောဝတ္ထုဖြင့် မနှစ်သက်သောသူသည် တောင့်တ၍ရသော စည်းစိမ်ဖြင့်လည်း အကျိုးမရှိဟု မထေမဲ့မြင် အောက်မေ့ဘိ၏၊ တဏှာသည် အဆုံးအစမရှိသောအာရုံ၌ဖြစ်သောကြောင့် တဏှာ ကင်းသော ဘုရား, ပစ္စေကဗုဒ္ဓါ,သာဝကတို့အားငါတို့ရှိခိုးပါကုန်၏"— ဟု တရားဟောလေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင်မြတ်စွာဘုရားသည်-အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ဒါယကာတို့….

※ ထိုအခါ ပရိဗိုဇ်သည်-ယခုအခါ ပရိဗိုဇ်။

※ ရသေ့သည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) သဲ,ရေ,ကမ်းမူ၊ ဂင်္ဂါဟူ၊ မယူကျယ်ကတ်ကတ်။
(၂) သဲ,ရေ,ကမ်းပင်၊ ခြားမမြင်၊ ခေါ်တွင်ဂင်္ဂါမှတ်။
(၃) ပရိဗာဇကာ၊ ဖြေမရ၊ ထ၍ပြေးသတတ်။

ဝိဂတိစ္ဆဇာတ်ပြီး၏။

## ၂၄၅။ မူလပရိယာယဇာတ်

**ပစ္စုပ္ပန်ဝတ္ထု**

စာပေတတ်လျှင် စိတ်ကြီးဝင်

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဥက္ကဋ္ဌတိုင်းကို အမှီပြု၍ မွေ့လျော်ဘွယ်ကို ဖြစ်စေ တတ်သော

တော်၌ သီတင်းသုံးတော်မူစဉ်- ဟောတော် မူအပ်သော မူလပရိယာယသုတ္တန်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအခါ ဗေဒင်သုံးပုံဝယ် ကမ်းတဘက်ရောက် တတ်မြောက်သော ပုဏ္ဏားတို့သည် သာသနာတော်၌ ရဟန်းပြု၍ ပိဋကတ်သုံးပုံကိုသင်ယူပြီးလျှင် မာနတက်ကုန်လျက် "မြတ်စွာဘုရားလည်း ပိဋကတ်သုံးပုံကို တတ်တော်မူ၏၊ ငါတို့လည်း ပိဋကတ်သုံးပုံကို တတ်ကုန်၏၊ သို့အတွက် မြတ်စွာဘုရားသည် ငါတို့နှင့် ထူးခြားခြင်းမရှိ" ဟု မြတ်စွာဘုရားအား ခစားဆည်းကပ်ခြင်းကိုမပြုကြဘဲ ဆန့်ကျင်ဘက်ပြု၍ နေကြကုန်၏။

**ဘုရားဆုံးမ ကိုယ်နှိမ့်ချ**

တနေ့သ၌မြတ်စွာဘုရားသည်ထိုရဟန်းတို့အထံတော်သို့ လာကြသော အခါ ရှစ်ပါးသော ဘူမိတို့ဖြင့် တန်ဆာဆင်၍ မူလပရိယာယသုတ္တန်ကို ဟောတော်မူလျှင် ထိုရဟန်းတို့သည် စိုးစဉ်းမျှမမှတ်နိုင်ကုန်သောကြောင့် "ငါတို့ကား ငါတို့နှင့်တူသောပညာရှိမည်သည်မရှိကုန်ဟု မာနတက်မိကြကုန်၏၊ ယခုအခါ တစုံတခုကိုမျှ ငါတို့မသိကြပါတကား၊ မြတ်စွာဘုရားနှင့်တူသော ပညာရှိမည်သည်မရှိပေ၊ ဂုဏ်ကျေးဇူးတော်တို့သည် အံ့ဘွယ်သာရဲရှိကုန်၏" ဟု ကြီးစည်အောက်မေ့ကာ အစွယ်ကိုနုတ်ပြီးသော မြွေကဲ့သို့ မာန်မာနထောင်လွှားခြင်းကင်းကြကုန်၏။

ထိုနောက် မြတ်စွာဘုရားသည် ဝေသာလီ ပြည်သို့ ကြွတော်မူပြီးလျှင် ဂေါတမကနတ်၏ နေရာကျောင်းတော်၌ လောကဓာတ်တသောင်းကို တုန်လှုပ်စေလျက် ဂေါတမက မည်သောသုတ္တန်ကို ဟောတော်မူ၏၊ တဘန် မူလပရိ

ယာယသုတ္တန်ကိုဟောရာဝယ် ထိုရဟန်းတို့သည် ရဟန္တာအဖြစ်သို့ရောက်ကုန်၏။

ထိုအခါ ရဟန်းတို့သည် တရားသဘင်ဝယ် ထိုမာန်မာနတက်သော ရဟန်းတို့အကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ၊ မြတ်စွာဘုရားကြွလာတော်မူ၍ သိတော်မူလျှင် "ရဟန်းတို့…. ငါဘုရားသည် ယခုအခါ၌သာ ထိုရဟန်းတို့သည် မာန်မာန မရှိသည်ကို ပြုသည်မဟုတ်၊ ရှေးအခါ၌လည်း ပြုခဲ့ဘူးပြီ"ဟု မိန့်တော်မူကာအောက်ပါ အတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**ဗေဒင်တတ်မြောက်မာနရောက်**

လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော်ဘုရားအလောင်းသည်ပုဏ္ဏားမျိုး၌ ဖြစ်၍အရွယ်သို့ရောက်လတ်သော်ဗေဒင်သုံးပုံဝယ် တဘက်ကမ်းရောက် တတ်မြောက်သည်ဖြစ်၍ ဒိသာပါမောက္ခ ဆရာကြီးဖြစ်လျက် လုလင်ငါးရာတို့ကို ဗေဒင်သင်စေ၏။

လုလင် ငါးရာတို့သည် အတတ်ပညာ ပြီးဆုံးခြင်းသို့ ရောက်လတ်သော် အတတ်ပညာ၌ မေးမြန်း စိစစ်ပြီးလျှင် ဆရာလည်း ငါတို့တတ်သလောက်သာတတ်သိသည်၊ ငါတို့နှင့်ဆရာကား အထူးအခြားမရှိ"ဟုမှတ်ထင်ကာ မာန်မာနကိုဖြစ်စေလျက် ဆရာထံသို့ **အခစားမသွား**ကြကုန်၊ဆရာ၏ ဝတ်ကြီးဝတ်ငယ်ကိုလည်း မပြုကြကုန်။

တနေ့သ၌ ဆရာသည် ဆီးပင်ရင်း၌ နေသည် ရှိသော် လုလင်ငါးရာတို့သည် ဆရာကိုကဲ့ရဲ့လိုသည်ဖြစ်၍ ဆီးပင်ကို

လက်သည်းဖြင့်ခေါက်ကုန်လျက် ''ဤသစ်ပင်ကား အနှစ်မရှိ''ဟု ပြောဆိုကြကုန်၏၊ ဆရာသည် မိမိအား ကဲ့ရဲ့သည့်အဖြစ်ကိုသိလျှင် ''တပည့်တို့···· သင်တို့အား ငါတခုသော ပြဿနာကိုမေးမည်'' ဟုပြောလေ၏၊ တပည့်တို့လည်း နှစ်သက်ရွှင်လန်းကုန်သည်ဖြစ်၍''ဆရာမေးပါ၊ဖြေဆိုပါမည်''ဟု ပြောကြကုန်၏။

**လျှို့ဝှက်ပြဿနာမေးသောခါ**

ထိုအခါ ဆရာသည် တပည့်တို့အား ပြဿနာမေးလို၍—

> ''တပည့်တို့····အခါ ကာလသည် မိမိနှင့်တကွ သတ္တဝါအလုံးစုံကိုစားမျို၏၊ အကြင်သတ္တဝါကား အခါကာလကိုစားမျို၏၊သတ္တဝါတို့ကိုလောင်ကျွမ်းစေသော တဏှာမီးကိုဉာဏ်မီးဖြင့်လောင်ကျွမ်းစေ၏၊ထိုသတ္တဝါကား အဘယ်သတ္တဝါနည်း''—

ဟုမေးလေ၏၊ဆရာပြဿနာကိုကြားလျှင်တပည့်လုလင်တို့တွင် တယောက်သောလုလင်မျှ သိစွမ်းနိုင်သော သူမည်သည်မရှိ၊ ထိုအခါဆရာသည် လုလင်တို့ကို ''လုလင်တို့···· သင်တို့သည် ဗေဒင်သုံးပုံတို့၌ရှိသည်ဟူသော အမှတ်ကိုမပြုကြလင့်၊ သင်တို့ကားဆရာတတ်သိသမျှ အလုံးစုံကို ငါတို့တတ်သိသည်ဟု မှတ်ထင်အောက်မေ့ကုန်လျက် ငါ့ကို ဆီးပင်နှင့်တူသည်ကို ပြုကြကုန်၏၊ သင်တို့ထက် ငါတယောက်၏ များသောအနက်ကို တတ်သိသည်၏အဖြစ်ကို သင်တို့သိကြရမည် သွားကြကုန်၊ခုနစ်ရက်၌ပြဿနာကိုကြံကြကုန်'' ဟုအချိန်ကိုပေးလေ၏။

မဖြေနိုင်မှ မာနကျ

လုလင်တို့လည်း ဆရာကို ရှိခိုးပြီးလျှင် မိမိတို့နေရာသို့သွားကာ ခုနစ်ရက်ပတ်လုံး ပြဿနာကို ကြံစည် စဉ်းစားကြသော်လည်း ပြဿနာ၏အဆုံးအစကို မမြင်ကြ ကုန်သည်သာတည်း၊ ခုနစ်ရက်မြောက်သောနေ့ဝယ် ဆရာထံသို့လာကြ၍ ရှိခိုးလျက်နေကြကုန်၏၊ ဆရာသည် ''တပည့်တို့….သင်တို့သည် ပြဿနာကို သိကြကုန်၏လော''၊ဟု မေး၏၊ ''ဆရာ….မသိနိုင်ကြပါ''ဟု ပြန်ကြားကြကုန်၏၊ ထိုအခါ ဆရာသည်တပည့်တို့အား–

''တပည့်တို့….လည်ပင်းတို့၌ စွပ်တပ်အပ်ကုန်လျက်၊ အမွေးအမှင်တို့ ထူထပ်ပွားများ ကုန်သော လူအများတို့၏ ဦးခေါင်းအများတို့သည် ထင်ရှားရှိကုန်၏၊ ထိုဦးခေါင်းအများတို့တွင် ဦးခေါင်းတခုတည်းသာ သိတတ်သောနားရှိ၏''–

ဟု-ကဲ့ရဲ့ပြောဆိုလေ၏၊ လုလင်တို့သည် ထိုစကားကို ကြားကုန်လျှင်''ဆရာဟူသည် အံ့ဘွယ်ရှိပေစွတကား၊ မွန်မြတ်ပေစွတကား''ဟု ကန်တော့ ဝန်ချကုန်၍ မာန်မာနကင်းကုန်လျက် ဆရာကိုလုပ်ကျွေးကြကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့….

※ ထိုအခါ လုလင်ငါးရာတို့သည်–ယခုအခါ ရဟန်းငါးရာ။

※ ဆရာပုဏ္ဏားသည်-ငါဘုရားဖြစ်လာပြီ။
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ပညာပေးသင်၊ ဆရာပင်၊ အထင်မသေးရာ။
(၂) ဦးခေါင်းအချား၊ ထင်သော်ငြား၊ နားရှိတခုသာ။

မူလပရိယာယဇာတ်ပြီး၏။

---

# ၂၄၆။ ဗာလောဝါဒဇာတ်

## ပဉ္စုပ္ပန်ဝတ္ထု

**ဘုရားကိုရှုတ်ချ နိဂဏ္ဌ**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေသာလီပြည်ဝယ် စုလစ်မွန်းချွန်တပ်သောစရပ်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သီဟမည်သော စစ်သူကြီးသည် မြတ်စွာဘုရားထံဆည်းကပ်၍ ဥပါသကာအဖြစ်ဘိတ်ကြား ပြီးလျှင် နက်ဖြန်နေ့ဝယ် အိမ်သို့ပင့်ဘိတ်ကာ ဘုရားအမှူး ရှိသောသံဃာအား သားပြွမ်းဆွမ်းကိုလှူဒါန်းလေ၏။

နိဂဏ္ဌသည် ဆွမ်းလှူကြောင်းကိုသိလျှင် အမျက်ထွက်ကာ နှလုံးမသာသဖြင့် မြတ်စွာဘုရားကို ညှဉ်းဆဲလိုသည် ဖြစ်၍ ရဟန်းဂေါတမကားသိလျက် ရည်မှန်း၍သတ်သော အသားကိုစားသည်ဟုကဲ့ရဲ့၏၊ ထိုနိဂဏ္ဌ ကဲ့ရဲ့ရှုတ်ချသော စကား သံဃာ့ဘောင်၌ထင်ရှားလေ၏။

မြတ်စွာဘုရားကြားတော်မူလျှင် "ရဟန်းတို့....နိဂဏ္ဌ သည် ယခုအခါ၌သာ ရည်မှန်း၍ သတ်သောအသားကို

စားသည်ဟု ကဲ့ရဲ့သည်မဟုတ်၊ ရှေးအခါ၌လည်း ကဲ့ရဲ့ဘူးပြီ''ဟုမိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**ရသေ့ကိုညှဉ်း၊ သူကြွယ်ဖျင်း**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော်ဘုရားအလောင်းသည်ပုဏ္ဏားမျိုး၌ဖြစ်၍အရွယ်ရောက်လတ်သော်ရသေ့ရဟန်းပြုကာ ဟိမဝန္တာ၌နေ၍ တနေ့သ၌ ချဉ်ဆားမှီဝဲရန် ဗာရာဏသီပြည်သို့သွား၍နက်ဖြန်နေ့၌ မြို့တွင်းသို့ဆွမ်းခံဝင်လေ၏။

ထိုအခါ သူကြွယ်တယောက်သည် ရသေ့ကို ညှဉ်းဆဲမည်ဟု အိမ်တွင်းသို့ပင့်လျက် အမဲသားဟင်းဖြင့် ဆွမ်းလုပ်ကျွေး၏၊ ဆွမ်းဘုဉ်းပေးပြီးလျှင် ''အရှင်ရသေ့····သင့်ကိုရည်မှန်း၍ သတ်အပ်သောအမဲသားမှန်းသိလျက်သင်စားဘိသည်၊ ဤအကုသိုလ်သည် ငါတို့အားသာ မဖြစ်စေလင့်၊ သင့်အားလည်းဖြစ်စေသတည်း''ဟု ပြောဆိုပြီးလျှင်—

> ''အရှင်ရသေ့····သီလမရှိသောသူသည် သတ္တဝါတို့ကို ညှဉ်းဆဲပုတ်ခတ်သတ်ဖြတ်၍ အလှူကိုပေးလှူဘိ၏၊ ဤသို့သော သဘောရှိသောဆွမ်းကို စားသောရဟန်းသည်လည်း မကောင်းမှုဖြင့် လိမ်းကျံ၏''—

ဟု-စွပ်စွဲပြောဆိုပြန်၏၊ ရသေ့သည် သူကြွယ်၏စကားကို ကြားလျှင် သူကြွယ်အား—

"ဒါယကာ....သီလမရှိသူသည်သားမယားကို
သတ်၍ အလှူကိုလှူစေကာမူ ပညာရှိသည် ထိုဆွမ်း
ကိုစားသော်လည်း မကောင်းမှုဖြင့်မလိမ်းကျံနိုင်"
ဟု တရားဟောပြီးလျှင် နေရာမှထ၍ ဖဲသွားလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်
သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–
ရဟန်းတို့....
※ ထိုအခါသူကြွယ်သည်-ယခုအခါ နိဂဏ္ဌ။
※ ရသေ့သည်- ငါဘုရားဖြစ်လာပြီ–
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) သတ်၍လှူမှု၊ လှူခံစု၊ အကုလိမ်းကျံလား။
(၂) သားကိုသတ်လှူ၊ အကုမြူ၊ ခံသူမလိမ်းသား။
ဗာလောဝါဒဇာတ်ပြီး၏။

## ၂၄၇။ ပါဒဉ္စလိဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**ဝန်တိုမိန္တာ လာဥ္စ၂ဒါ** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် တနေ့သ၌ အဂ္ဂသာဝကနှစ်ပါးတို့သည် အမေးပြဿနာတို့ကို ဖြေဆိုဆုံးဖြတ်ကြကုန်၏၊ ရဟန်းတို့သည် ပြဿနာအဆုံးအဖြတ်ကို နာကြား ရကုန်သည်ရှိသော် မထေရ်တို့ကို ချီးမွမ်းကြကုန်၏။

လာဠုဒါယီမထေရ်သည် ပရိသတ်အလယ်၌နေလျက် "သာရိပုတ္တရာ,မောဂ္ဂလာန်တို့သည် ငါတို့နှင့် အမျှတတ်ကုန်သလော"ဟု နှုတ်ခမ်းကိုကိုက်လေ၏၊ မထေရ်တို့သည် လာဠုဒါယီကိုမြင်ကုန်၍ ဖဲသွားကြကုန်၏၊ ထိုအခါပရိသတ်သည်ပျက်လေ၏။

ရဟန်းတို့သည် တရားသဘင်၌ "ငါ့ရှင်တို့.... လာဠု-ဒါယီသည် အဂ္ဂသာဝကနှစ်ပါးတို့ကိုကဲ့ရဲ့၍ နှုတ်ခမ်းကိုကိုက်၏"ဟု စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ သိတော်မူလျှင် "ရဟန်းတို့.... လာဠုဒါယီသည် ယခုအခါ၌သာ နှုတ်ခမ်းကိုကိုက်ခြင်းမှ တပါးသောအမှုကိစ္စကို မသိသည်မဟုတ်၊ ရှေးအခါ၌လည်းမသိသည်သာတည်း"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု**

**ပညာရှိအမတ်စုံစမ်းလတ်**

လွန်လေပြီးသောအခါဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည်ထိုဗြဟ္မဒတ်မင်းအား အကျိုးအကြောင်းကိုပြ၍ ဆုံးမတတ်သော ပညာရှိအမတ်ဖြစ်လေ၏၊ ထိုမင်းကြီးအား ပါဒဥ္စလိမည်သောသားတော်တယောက်ရှိ၏၊ ထိုမင်းသားသည် လျှပ်ပေါ်လော်လည်၏၊ ဝီရိယလုံ့လည့်ဖျင်း၏။

နောက်အဘို့၌ဗြဟ္မဒတ်မင်းသည် သေလွန်ခဲ့၏၊ အမတ်တို့သည် သဂြိုဟ်ခြင်းကိစ္စကိုပြုပြီးလျှင်"အဘယ်သူကို အဘိသိက်သွန်း၍ မင်းမြှောက်ကြကုန်အံ့နည်း" ဟု တိုင်ပင်ကြသည်ရှိသော် "အချို့က ပါဒဥ္စလိမင်းသားကို အဘိသိက်

သွန်း၍ မင်းမြှောက်ကြမည်”ဟု ပြောဆိုကြကုန်၏၊ ထို အခါပညာရှိအမတ်သည် ဤမင်းသားကားလျှပ်ပေါ်လော် လည်း၏၊ ဝီရိယလုံ့လည့်ဖျင်း၏၊ထိုမင်းသားကိုမင်းမြှောက် သင့်သည်, မမြှောက်သင့်သည်ကို စုံစမ်းဦးမည်”ဟု ပြော ဆိုလေ၏။

အမတ်တို့သည် မင်းသားအနီး၌ နေစေ၍ တရားဆုံး ဖြတ်ကုန်သည်ရှိသော် ကောင်းစွာမဆုံးဖြတ်ကြကုန်၊အရှင် မဟုတ်သူတို့ကို အရှင်ပြု၍ ဆုံးဖြတ်ကြပြီးလျှင် မင်းသားကို “အရှင်မင်းသား.... အဘယ်သို့နည်း၊ အကျွန်ုပ်တို့အဆုံး အဖြတ်သည်ကောင်းပါ၏လော၊သို့တည်းမဟုတ်မကောင်း သလော”ဟု မေးလျှောက်ကုန်၏၊ ပါဒဉ္စလိ မင်းသား သည် တစုံတရာစကားကို မပြောဆိုဘဲ နှုတ်ခမ်းကိုသာ ကိုက်၍နေလေ၏။

**ပညာရှိမှ မင်းမြှောက်ကြ**

ထိုအခါ ပညာရှိအမတ်သည် ဤမင်း သားကား ပညာရှိယောင်တကား၊ အ မတ်တို့ ကောင်းစွာ မဆုံးဖြတ်သည်ကို သိလိမ့်မည်ဟုအောက်မေ့သည်ဖြစ်၍—

> “အချင်းတို့....ပါဒဉ္စလိမင်းသားကား စင်စစ် ပညာဖြင့် ခပ်သိမ်းသောသူတို့ထက်လွန်၍ ထွန်း ပ၏၊ ထို့ကြောင့် နှုတ်ခမ်းကိုကိုက်ဘိ၏၊လွန်သော အကြောင်းကိုမြင်ယောင်တကား”—

ဟု ပြောဆိုချီးကျူးလေ၏၊ အမတ်တို့သည်တပါးသော နေ့၌တရားဆုံးဖြတ်ကုန်သည်ရှိသော်ကောင်းစွာဆုံးဖြတ်ကြ ပြီးလျှင်“အရှင်မင်းသား...အသို့နည်း၊ အကျွန်ုပ်တို့အဆုံး အဖြတ်သည်ကောင်းပါ၏လော၊သို့တည်းမဟုတ် မကောင်း

သလော''ဟု မေးလျှောက်ကြပြန်၏၊ ထိုပါဒဥ္စလိမင်းသား
သည် ရှေးနည်းအတူ နှတ်ခမ်းကိုသာကိုက်၍နေပြန်၏။

ပညာရှိအမတ်သည် ပါဒဥ္စလိမင်းသား၏အလွန်မိုက်
သောအဖြစ်ကိုသိလျှင်–

"အချင်းတို့.... ဤပါဒဥ္စလိ မင်းသား ကား
အကြောင်းဟုတ်သည်, မဟုတ်သည်၊ အကျိုး ရှိ
သည်,မရှိသည်ကို မသိလေ နှုတ်ခမ်းကိုကိုက်ခြင်းမှ
တပါးသော အမှုကိစ္စကိုမသိလေ''–

ဟု ပြောဆို ရှုတ်ချလေ၏၊ ထိုအခါ အမတ်တို့သည်
ပါဒဥ္စလိမင်းသား၏ အလွန်မိုက်သော အဖြစ်ကိုသိကြလျှင်
အဘိသိက်သွန်း၍ မင်းမမြှောက်ကြဘဲ ပညာရှိအမတ်ကို
သာလျှင် အဘိသိက်သွန်း၍ မင်းမြှောက်ကြကုန်၏။

**ဇာတ်ပေါင်း**

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်
သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့....

※ ထိုအခါပါဒဥ္စလိမင်းသားသည်-ယခုအခါလာဠု
ဒါယီ။

※ ပညာရှိအမတ်သည်-ငါဘုရားဖြစ်လာပြီ–

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ကျိုးကြောင်းနှစ်တန်၊မသိပြန်၊ကေန်မိုက်တော့လေ။
(၂) နှုတ်ခမ်းကိုက်ငြားမှုကိုထား၊တပါးမသိလေ။

ပါဒဥ္စလိဇာတ်ပြီး၏။

# ၂၄၈။ ကိံသုကောပမဇာတ်

## ပဉ္စုပ္ပန်ဝတ္ထု

**အကြောင်းကွဲလျက် ကျိုးတူချက်** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌သီတင်းသုံးတော်မူစဉ်လေးပါးသော ရဟန်းတို့သည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းကိုယူပြီးလျှင် အသီးအသီး ပွားများအားထုတ်ကြကုန်၏။

ထိုလေးပါးသော ရဟန်းတို့တွင် တပါးသော ရဟန်းသည် ခြောက်ပါးသော ဖဿာယတနတို့ကို သိမ်းဆည်း၍ ရဟန္တာအဖြစ်သို့ရောက်၏၊ တပါးသောရဟန်းသည် ငါးပါးသောခန္ဓာတို့ကို, တပါးသော ရဟန်းသည် လေးပါးသောမဟာဘုတ်တို့ကို, တပါးသောရဟန်းသည် တဆယ့်ရှစ်ပါးသောဓာတ်တို့ကို သိမ်းဆည်း၍ ရဟန္တာအဖြစ်သို့ရောက်ကြကုန်၏၊ ထိုရဟန်းတို့သည် မိမိတို့ရအပ်သော တရားထူးကို မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။

ထိုအခါ တပါးသော ရဟန်းအား ''ဤရဟန်းတို့၏ ကမ္မဋ္ဌာန်းတို့သည် ထူးကြကုန်၏၊နိဗ္ဗာန်ကား တူမျှကြကုန်၏၊အဘယ့်ကြောင့်ခပ်သိမ်းသောရဟန်းတို့သည်အရဟတ္တဖိုလ်ကိုရကုန်သနည်း''ဟု အကြံဖြစ်၍ မြတ်စွာဘုရားအား ထိုဖြစ်သောအကြံကို လျှောက်ထားလေ၏၊ မြတ်စွာဘုရားသည်''ရဟန်း····သင်အား ပေါက်ပင်ကို မြင်ဘူးသော မင်းသားညီနောင် လေးယောက်တို့နှင့် ထူးခြားသော အဖြစ် အဘယ်မှာ ရှိအံ့နည်း''ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

အမြင်ကွဲပြား မင်းသားများ

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ထိုဗြဟ္မဒတ်မင်းအား သားလေးယောက်တို့သည် ရှိကုန်၏။

တနေ့သ၌ ထိုမင်းသားတို့သည် ရထားထိန်းကိုခေါ်၍ "အချင်း—ရထားထိန်း····ငါတို့သည် ပေါက်ပင်ကို မြင်လိုကြကုန်၏၊ ငါတို့အား ပေါက်ပင်ကိုပြပါလော"ဟု ပြောဆိုကြကုန်၏။

ရထားထိန်းသည် မင်းသား လေးယောက် တို့ကို တပေါင်းတည်းမပြဘဲ မင်းသားကြီးကို ရှေးဦးစွာရထားဖြင့်ဆောင်ယူပြီးလျှင် "အရှင်မင်းသား···· ဤသစ်ပင်ကား ပေါက်ပင်ဖြစ်သည်ဟု အရွက်မရှိ မီးလောင်ငုတ်ကဲ့သို့နေသောအခါ၌ပြလေ၏၊ ထိုနောက်နှစ်ယောက်မြောက်မင်းသားအား ထူသော အရွက်ရှိသောအခါ၌ ပြလေ၏၊ သုံးယောက်မြောက် မင်းသားအားပွင့်သောအခါ၌ပြလေ၏၊ လေးယောက်မြောက် မင်းသားအား သီးသောအခါ၌ပြလေ၏။

နောက်အဘို့၌ မင်းသား လေးယောက် တို့သည် တပေါင်းတည်းဆုံမိကြသောအခါ "ပေါက်ပင်ကား ဘယ်လိုနေသနည်း"ဟု အချင်းချင်းမေးမြန်းကြကုန်၏၊ ထိုအခါ "မင်းသားကြီးသည် မီးလောင်ငုတ်ကဲ့သို့ရှိ၏၊ နှစ်ယောက်မြောက်မင်းသားသည် ပညောင်ပင်ကဲ့သို့ရှိ၏၊သုံးယောက်မြောက်မင်းသားသည် သားတစ်ကဲ့သို့ရှိ၏၊ လေးယောက်

မြောက်မင်းသားသည် ကုက္ကိုပင်ကဲ့သို့ရှိ၏''ဟု မိမိတို့မြင်ခဲ့ကြသောအတိုင်း အသီးအသီးပြောဆိုကြကုန်၏။

**ခမည်းတော်ပြောပြသဘောတူကြ**

ထိုမင်းသားတို့သည် အချင်းချင်းပြောဆိုကြသော စကားကို မနှစ်သက်နိုင်ကြသဖြင့် ဘခမည်းတော်ထံသို့သွားကြ၍ ''ခမည်းတော်မင်းမြတ်.... ပေါက်ပင်ကား ဘယ်လိုနေသနည်း''ဟု မေးလျှောက်ကြလျှင် ''သင်တို့အဘယ်လိုပြောဆိုကြသနည်း''ဟု မေးပြန်ရာ မိမိတို့ပြောဆိုကြသောအမှတ်ဖြင့် အသီးအသီးလျှောက်ထားကြကုန်၏၊ ''မင်းကြီးသည် သားတော်တို့စကားကိုကြားလျှင် သားတော် လေးယောက်လုံးပင် ပေါက်ပင်ကိုမြင်ဘူးကြသည်မှန်၏၊ စင်စစ်ကား ပေါက်ပင်ကို ပြသောအခါ ပေါက်ပင်မှာ ဘယ်အခါ ဘယ်လိုရှိသည်ဟု ခွဲခြား၍ မမေးမိကြသည့်အတွက် ယုံမှားရှိကြသည်''ဟု သိတော်မူလျှင်—

''ချစ်သားတို့....သင်တို့အလုံးစုံပင် ပေါက်ပင်ကိုမြင်ဘူးကြသည်မှန်၏၊ ဤပေါက်ပင်၌ အဘယ့်ကြောင့် သင်တို့ယုံမှား ဖြစ်သနည်းဟူမူ— သင်တို့ကား ပေါက်ပင်မှာ ဘယ်အခါ ဘယ်လိုရှိသည်ဟု အလုံးစုံသော ဌာနတို့၌ ရထားထိန်းကို မမေးမိကြသောကြောင့် ယုံမှားရှိကြကုန်၏''—

ဟု သားတော်လေးယောက်တို့အား ပြောဆိုလေ၏။

**ကြောင်းကျိုးမသိယုံမှားဘိ**

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူ၍ ''ရဟန်းတို့....မင်းသား ညီနောင်လေးယောက်တို့သည် ခွဲခြမ်းဝေဘန်၍

မမေးအပ်သည်၏ အဖြစ်ကြောင့် ပေါက်ပင်၌ ယုံမှား ရှိသကဲ့သို့ ထို့အတူ သင်သည်လည်း ဤတရား၌ ယုံမှား ရှိကြောင်းသိတော်မူလျှင်—

"ရဟန်းတို့.... မင်းသား ညီနောင် လေး ယောက်တို့သည် ပေါက်ပင်၌ ယုံမှား ရှိသကဲ့သို့ ထို့အတူ အလုံးစုံသော ဝိပဿနာဉာဏ်ဖြင့် ဖဿ အာယတနအစရှိသော တရားတို့ကို မသိကုန်သော သူတို့သည် စင်စစ် ဖဿာယတနစသော တရားတို့၌ ယုံမှားဖြစ်ကြကုန်၏"—

ဟု မိန့်တော်မူ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ် တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ဗာရာဏသီ မင်းသည်— ယခုအခါ ငါ ဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) ပေါက်ပင်ပြလစ်၊ ခါမစစ်၊ ဖြစ်လိမ့်ယုံမှားသာ။

(၂) ဖဿစရှိ၊ ယုံမှား၏၊ မသိဉာဏ်ဖြင့်သာ။

ကိံသုကောပမဇာတ်ပြီး၏။

# ၂၄၉။ သလာကဇာတ်

### ပန္နရသပဏ္ဏာသ၊

**ညှဉ်းပန်းနှိပ်စက် အချစ်ပျက်** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် မထင်ရှားသော မထေရ်ကြီးတပါးသည် သူငယ်တယောက်ကိုရှင်သာမဏေ ပြုစေပြီးလျှင် နှိပ်စက်ညှဉ်းဆဲကာ ဇေတဝန်ကျောင်းတော်၌ နေလေ၏။

ရှင်သာမဏေသည် နှိပ်စက်ညှဉ်းဆဲခြင်းကို သည်းမခံနိုင်သဖြင့် လူထွက်လေ၏၊ ထိုမထေရ်ကြီးသည် ထိုသူငယ်ထံသို့သွားကာ သက်နှးသပိတ်ဖြင့် ဖြားယောင်းလျက် ရှင်သာမဏေပြုရန် အဘန်ဘန်တိုက်တွန်းပြန်၏၊သူငယ်လည်း အဘန်ဘန် ငြင်းပယ်၏၊ နောက်အခါ ဖြားယောင်းဘန်များသဖြင့် ရှင်သာမဏေပြုပြန်၏၊ မထေရ်ကြီးသည် တဘန် နှိပ်စက်ညှဉ်းဆဲပြန်၏၊ ရှင်သာမဏေလည်း တဘန် လူထွက်ပြန်၏၊ ထိုအခါမှစ၍ မထေရ်ကြီး ဖြားယောင်း၍ မရတော့ချေ။

ရဟန်းတို့သည် တရားသဘင်၌“ငါ့ရှင်တို့….စင်စစ်လိမ်မာသောစိတ်ရှိသောသူငယ်သည် မထေရ်ကြီးအကြောင်းကို သိ၍ ရှင်သာမဏေမပြုဘဲနေသည်ဟု စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ ထိုအကြောင်းကို သိတော်မူလျှင်“ရဟန်းတို့….ဤသူငယ်သည် ယခုအခါ၌သာ လိမ်မာသောစိတ်ရှိသည်မဟုတ်၊ ရှေးအခါ၌လည်း လိမ်မာသောစိတ်ရှိသည်ဖြစ်၍ တကြိမ် ထိုသူ၏ အပြစ်ကို

မြင်လျှင် တဘန်ပြန်၍မပေါင်းဘော်ပြီ''ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**အပြစ်မမြင်ခင် ချစ်ကျွမ်းဝင်**

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် သူကြွယ်မျိုး၌ဖြစ်၍ အရွယ်သို့ရောက်သည်ရှိသော် စပါးရောင်းခြင်းဖြင့် အသက်မွေးလေ၏။

ထိုအခါ အလမ္ပာယ်သမားတယောက်သည် မျောက်တကောင်ကို သင်ပြကာ ဆေးကိုကိုင်စေပြီးလျှင် မြွေကို ကစားစေ၍ အလမ္ပာယ်ပြုလျက် အသက်မွေးလေ၏၊ ထို အလမ္ပာယ် သမားသည် ဗာရာဏသီပြည်ဝယ် ပွဲသဘင်ကြွေးကြော်လတ်သော် ပွဲသဘင်၌ ကစားလိုသည်ဖြစ်၍ ဤမျောက်ကိုစောင့်ရှောက်ပါဟု မှာထားခဲ့၍စပါးကုန်သည်လက်၌ အပ်နှံခဲ့လျက် ပွဲသဘင်ကစား၍ နှစ်ရက်မြောက်သောနေ့၌ စပါးကုန်သည်အထံသို့သွားပြီးလျှင် မျောက်ဘယ်မှာနည်းဟု မေးလေ၏၊ မျောက်လည်း သခင်၏အသံကိုကြားလျှင် စပါးစည့်ကြားမှ လျင်မြန်စွာထွက်လာ၏။

အလမ္ပာယ်သမားသည် မျောက်၏ကျောကို ဝါးခြမ်းစိတ်ဖြင့်ရိုက်လျက်ယူပြီးလျှင် ဥယျာဉ်သို့သွား၍ တနေရာတွင်ချည်၍အိပ်လေ၏၊မျောက်သည်အလမ္ပာယ်သမားအိပ်ပျော်သည်ကို သိလေလျှင် ချည်ထားသောကြိုးကိုဖြေ၍ သရက်ပင်ပေါ်သို့ တက်ပြီးလျှင် သရက်သီးတို့ကိုစား၍ သရက်စေ့တို့ကို အလမ္ပာယ်သမားပေါ်သို့ချလေ၏။

**အပြစ်မြင်က ခွဲခွါကြ**

အလမ္ဗာယသမားသည် အိပ်ရာမှ နိုး၍ ကြည့်လတ်လျှင် မျောက်ကိုမြင်၍ သနားချိုသာသောစကားဖြင့် လှည့်ပတ်ဖြား ယောင်းကာ သစ်ပင်မှဆင်းသောအခါ ဖမ်းမည်ဟုကြံ၍—

"ချစ်သားသလာက…. သင်ကား ငါတို့အိမ်မှာ တယောက်တည်းသောသားဖြစ်မည်၊ များစွာသော စည်းစိမ်ချမ်းသာတို့ကို အုပ်စိုးသိမ်းပိုက်ရသည်ဖြစ်မည်၊ သရက်ပင်မှဆင်းခဲ့ပါ ယခုအိမ်သို့ပြန်ကြမည်"—

ဟု ပြောဆိုကာ ဖြားယောင်းချော့မော့လေ၏၊ မျောက်သည် အလမ္ဗာယသမားစကားကိုကြားလျှင်—

"အို-အလမ္ဗာယသမား….သင်သည် ငါ့ကိုလိမ္မာသောစိတ်ရှိသည်ဟု အောက်မေ့မှတ်ထင်သည် မဟုတ်ကုန်လော၊ သင်ငါ့ကို ဝါးခြမ်းပြားဖြင့်ရိုက်သောကြောင့် ငါသည် သရက်သီးမှည့်သောတောမှာပင် နေတော့မည်၊ သင့်အလိုအတိုင်း အိမ်သို့ပြန်ပါ"—

ဟု ပြောဆိုပြီးလျှင် တောသို့ဝင်လေ၏၊ 'အလမ္ဗာယသမားလည်းမျောက်၏စကားကိုကြားလျှင်မိမိဖြားယောင်းသွေးဆောင်၍ မရတော့သည့်အတွက် နှလုံးမသာဖြစ်ကာ အိမ်သို့ပြန်ရလေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါမျောက်သည်- ယခုအခါရှင်သာမထေရ။

※ အလမ္ဗာယ်သမားသည်-မထင်ရှားသော မထေရ်ကြီး။

※ စပါးကုန်သည်သည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) နို့ပ်စက်ဘန်များ၊ ရှင်ထွက်သွား၊ တပါးမထေရ်ဝယ်။

(၂) ရိုက်ပုတ်သောအား၊မျောက်ထွက်သွား၊မိုက်မှားအလမ္ဗာယ်။

သလာကဇာတ်ပြီး၏။

---

## ၂၅၀။ ကပိဇာတ်

**ပဉ္စပုဏ္ဏ်ဝဂ္ဂ၊**

**လာဘ်ရလိုမှု အံ့ဘွယ်ပြု** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းတပါးသည် အံ့ဘွယ်သရဲကိုပြုလုပ်လေ့ရှိ၏၊ ထိုရဟန်း၏ အံ့ဘွယ်သရဲပြုလုပ်ခြင်းသည် သံဃာ့ဘောင်တွင် ထင်ရှားလေ၏။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်ဝယ် "ငါ့ရှင်တို့····ဤမည်သောရဟန်းသည် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရာဖြစ်သော သာသနာတော်၌ ရဟန်းပြုပါလျက် အံ့ဘွယ်သရဲကိုပြုလုပ်လေ့ရှိ၏"ဟု စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ သိတော်မူလျှင် "ရဟန်းတို့···· ဤရဟန်းသည် ယခုအခါ၌သာ အံ့ဘွယ်သရဲကိုပြုလုပ်သည်မဟုတ်၊ ရှေးအခါ၌လည်း မီးလှုံလို၍

အုံဘွယ်သရဲကိုပြုလုပ်ခဲ့ဘူးပြီ''ဟု မိန့်တော်မူကာအောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**မိုးစွေလေတိုက်**
**မျောက်တုန်ခိုက်**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ကာသိကတိုင်းဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် အိမ်ထောင်ပြုကာ သားတယောက် မွေးဖွား၍ သားငယ်မတ်တတ်ပြေးနိုင်သောအခါ မယားပုဏ္ဏေးမသည် သေလွန်လေ၏။

ထိုအခါပုဏ္ဏားသည် သားငယ်ကိုယူ၍ သားအဘနှစ်ယောက်လုံး ရသေ့ရဟန်းပြုကာ တောအရပ်၌သစ်ရွက်မိုးကျောင်းဆောက်လုပ်၍ နေကြ၏၊ မိုးလအခါ မိုးစွေသည်ရှိသော် ကျောင်းသင်္ခမ်းအနီးတွင်နေသော မျောက်တကောင်သည် အချမ်းဖြင့်နှိပ်စက်သည်ဖြစ်၍ မေးခေါက်ကာ တုန်လှုပ်လျက်သွားလေ၏။

ရသေ့ကြီးသည် ထင်းတုံးကြီးတို့ကို ယူဆောင်၍ မီးမွေးပြီးလျှင် ညောင်စောင်းတခုတွင် လျောင်းစက်ကာနေ၏၊ သားရသေ့ငယ်လည်း အဘရသေ့ကြီး၏ခြေတို့ကို ဆုပ်နယ်လျက်နေလေ၏။

**မီးလှုံရအောင်**
**ရသေ့ယောင်ဆောင်**

ထိုအခိုက်အချမ်းနှိပ်စက်သောမျောက်သည် သေလွန်ပြီးသော ရသေ့တပါး၏ လျှော်တေ သင်္ကန်းတို့ကို ကောက်ယူ၍ ဝတ်ရုံလျက် သစ်နက်ရေကို ပခုံးတွင်တင်ကာ ထမ်းပိုး

ကောက် ကရားတို့ကိုယူပြီးလျှင် ရသေ့အသွင်ဖြင့်လာလတ်၍ အံ့ဘွယ်သရဲကိုပြုလုပ်ကာ မီးလှုံလိုသဖြင့် ကျောင်းသခ်မ်းတံခါးဝ၌ရပ်လေ၏၊ ရသေ့ငယ်သည် ထိုမျောက်ကို မြင်လျှင်ရသေ့မှတ်ထင်သဖြင့်–

"ဘခင်.... ကိလေသာငြိမ်းရန် စောင့်ရှောက်ခြင်း၌ မွေ့လျော်သော ဤရသေ့ကား မိုးရွာသဖြင့် ချမ်းအေးခြင်းဘေး နှိပ်စက်၍ ကျောင်းတံခါးဝမှာ ရပ်လာသည်၊ ဤရသေ့ကိုယခုအခါ ကျောင်းတွင်းသို့ဝင်ပါစေ၊ ချမ်းအေးခြင်းဆင်းရဲအလုံးစုံကို ပယ်ဖျောက်ပါစေ"–

ဟုရသေ့ကြီးအား တောင်းပန်ပြောဆို၏။

**ယုတ်မာသည့်မျောက် မီးနှင့်ချောက်** ရသေ့ကြီးလည်း ရသေ့ငယ် စကားကိုကြား၍ကြည့်ရှုလတ်သော်ရသေ့မဟုတ် မျောက်၏အဖြစ်ကိုသိ၍–

"ချစ်သား.... ဤသတ္တဝါကား– ကိလေသာငြိမ်းရန် စောင့်ရှောက်ခြင်း၌မွေ့လျော်သောရသေ့မဟုတ်၊ သစ်ပင် သစ်ခက်တို့၌ ကျက်စားသော မျောက်တည်း၊ ဖျက်လည်းဖျက်ဆီးတတ်၏၊ ချုပ်ချယ်လည်း ချုပ်ချယ်တတ်၏၊ ယုတ်မာလည်းယုတ်မာတတ်၏၊ ဤကျောင်းတွင်းသို့ဝင်စေငြားအံ့ ဖျက်ဆီးလိမ့်မည်"-

ဟုပြောဆိုပြီးလျှင် ထိုမျောက်ပြေးအောင် မီးစကိုကိုင်၍ချောက်၏၊ မျောက်လည်း ခုန်လွှားကာပြေး၍ တောသို့ဝင်လေ၏၊ နောက်အခါ ရသေ့သားအဘ နှစ်ယောက်တို့

သည့် ဈာန်,အဘိညာဉ်ကိုဖြစ်စေလျက် မဆုတ်ယုတ်သော ဈာန်ရှိသည်ဖြစ်၍ သေလွန်သောအခါ ဗြဟ္မာ့ပြည်သို့လား ကြကုန်၏။

ဤဒေသနာတော်၏အဆုံး၌ အချို့သောရဟန်းတို့သည် သောတာပန်, အချို့သကဒါဂါမ်, အချို့ အနာဂါမ်, အချို့ ရဟန္တာဖြစ်ကုန်၏။

## ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါမျောက်သည်- ယခုအခါ အံ့ဘွယ်သရဲကို ပြုလုပ်သောရဟန်း။

※ သားရသေ့သည်-ရာဟုလာ။

※ အဘရသေ့ကြီးသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) အံ့ဘွယ်သရဲ,ပြုသည့်နဲ,စဉ်းလဲကောက်ကျစ်သည်။

(၂) လျှော်တေဝတ်ဆင်, ရသေ့သွင်, ပြုပြင် မျောက်လော်လည်။

ကပိဇာတ်ပြီး၏။

ဒုကနိပါတ်တော် စကားပြေပြီး၏။

တတိယတွဲပြီးပြီ။